
www.burmeseclassic.com

ဝှက်ဆန်းကြယ်စာရေးဆရာကြီး

# ရာကလီ

ရွှေရွက်လှ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**
စာမူခွင့်ပြုချက်အမှတ် - ၇၅၅/၂၀၀၄ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃၉၁/၂၀၀၄ (၁၂)

**အတွင်းကွန်ပျူတာ**
'စံ'ကွန်ပျူတာ၊ (၃၄)လမ်း၊ ရန်ကုန်။

**အတွင်းပုံနှိပ်ခြင်း**
ဒေါ်အေးစန္ဒာညို (မြဲ-၀၄၉၆၇)၊ မြတ်သိဒ္ဓိပုံနှိပ်တိုက်၊
အမှတ်(၅)၊အင်ကြင်းမြိုင်လမ်းသွယ်(၂)၊စုပေါင်းရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်ခြင်း**
ဦးမောင်မောင်လွင်(မြဲ-၀၂၃၅၀)၊ ကဝိရတနာ့ပုံနှိပ်တိုက်၊
အမှတ်(၂၀၄)၊လမ်း(၃၀)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးခင်မောင်သိန်းဆွေ (သလ္လာဝတီစာပေ၊)
၂၄၀၊ အခန်း(၃)၊(၂၅)ရပ်ကွက်၊ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး - ၅၀ ကျပ်၊ အုပ်ရေ - ၅၀၀

# ရာဇဝတီ

# ရွှေရွက်လှ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဦးမြဖူးနှင့် တွေ့ဆုံခြင်း

တစ်နေ့သ၌ ကျွန်ုပ်သည် ပျဉ်းမျဉ်းရှိသည်နှင့် ဝက်ဘာလမ်းအတွင်းရှိ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးအိမ်သို့ အလည်အပတ်ရောက်ရှိသွား၏။

မိတ်ဆွေကြီးမှာ ရှေးခေတ် အင်္ဂလိပ်တော်ရမင်းလက်ထက်က သစ်တောအရေးပိုင်ကြီးတစ်ဦးဖြစ်ခဲ့ဖူးသည့် ဦးမြဖူးဟူသော ပုဂ္ဂိုလ်ကြီးဖြစ်၍ ထိုပုဂ္ဂိုလ်မှာ တောဘက်ဆိုင်ရာ ဗဟုသုတများကို ပြည့်စုံရုံမျှမက၊ ၎င်း တာဝန်ထမ်းဆောင်ခဲ့သော သစ်တောအရေးပိုင်ဘဝဖြင့် နယ်အနှံ့ရောက်ဖူး၍ ဗဟုသုတလည်း အတော်ဝင် ပြည့်စုံသည်ဟု ဆိုရမည့် ပုဂ္ဂိုလ်မျိုးဖြစ်၏။

ကျွန်ုပ်နှင့် အသိအကျွမ်းဖြစ်ရပုံမှာလည်း ထူးခြားခြင်းရှိပေ၏။

ကျွန်ုပ်သည် ထူးဆန်းသော ဂမ္ဘီရပညာရပ်များကို ဝါသနာ

www.burmeseclassic.com



ရှိသည့်အတိုင်း ရှာဖွေစူးစမ်းလိုက်စားခြင်းဖြင့် ရရှိသော အတွေ့အကြုံ အရပ်ရပ်အား ဝတ္ထုစီကုံး ဖွဲ့နွဲ့ရေးသားလေ့ရှိရာ ကျွန်ုပ်ထံသို့ ကျွန်ုပ်နှင့် မိတ်ဆွေဖြစ်လာမည့် ဦးမြမှုးထံမှ တစ်နေ့သောအခါ၌ စာတစ်စောင်ရရှိလေသည်။

ထိုစာမှာ အောက်ပါအတိုင်းဖြစ်သည်။

မိတ်ဆွေကြီး ရာဇဝတီ ...

ကျွန်ုပ် စာအားဖြင့် ရေးအပ်လိုက်တယ်။

ဂန္ထဝင်ပညာရပ်တွေနဲ့ ပက်သက်ပြီး ရေးတယ်လို့ ကျုပ်မိတ်ဆွေအပေါင်းအသင်းများက ပြောပြလို့ ခင်ဗျားစာအုပ်တစ်အုပ်ကို မကိုင်ချင် ကိုင်ချင်၊ မဖတ်ချင် ဖတ်ချင်နဲ့ ကောက်ပြီး ကိုင်ဖတ်လိုက်တယ်။

ကျုပ်ဖတ်လိုက်တဲ့ စာအုပ်တစ်အုပ်ဆိုတာ မောင်ဖျိုင်းရဲ့ သားခိုးတောင်ကြား မောင်ဖျိုင်းဆိုတဲ့ စာအုပ်ပဲ။

အဲဒီအထဲမှာ တောတွင်းသား ရွှေရှက်လှထောင်သွားတဲ့ ရွာကြီးတစ်ရွာရယ်လို့ ပါရှိပေတယ်။

လူသူအရောက်အပေါက်နည်းလှတဲ့ ကျွန်းတစ်ကျွန်းအလယ်မှာ ပြုစေတထီးရဲ့ အဆက်အနွယ်တွေ ပုဂံပြည်က ပြေးလာပြီး ရှေးနှောင်းခေတ်လူသားတွေလို နေထိုင်ပြီး ရှေးက တောတွင်းသား ရွှေရှက်လှတည်ထောင်သွားတဲ့ ရွာကြီးမှာ ဆက်ပြီးနေကြတယ်လို့ ဆိုတယ်။

အဲဒါ ကျုပ်က သိပ်စိတ်ဝင်စားသွားတယ်။

တောတွင်းသားရွှေရှက်လှဆိုတာ ကျုပ်နဲ့အတော်ပဲ ရင်းနှီးတဲ့ မိတ်ဆွေကြီးတစ်ယောက်ဖြစ်နေတာကိုး။



တောတွင်းသား ရွှေရှက်လှကို ခင်ဗျားက ခြေရာကောက်နေတယ်ဆိုတော့ ကျုပ်က တယ်ရယ်ချင်သကိုး။

ခင်ဗျားက ပျောက်ဆုံးနေတဲ့လူတစ်ယောက်ကို ဆွေမတော်၊ သားမစပ် ဒုက္ခခံပြီး ရှာဖွေနေချင်တဲ့လူပဲလို့ ကျုပ်က သတ်မှတ်လိုက်တယ်။

နောက်ပြီး တောတွင်းသား ရွှေရှက်လှဆိုတာ ဘယ်လိုလည်း ဆိုတာကို မသိသေးဘဲနဲ့ ခြေရာခံနေတယ်ဆိုတော့ ကျုပ်က သနားသွားတယ်။

ခင်ဗျားတို့ စာရေးဆရာဆိုတာက အတော်ခက်တယ်။ အနံ့ကလေးတစ်ချက်ရရင် တယ်ဖော်ပြချင်ကြတာပဲ။

အဲဒီအတွက် ကျုပ်က သနားတာပါ။

ကျုပ်နဲ့ အတော်ရင်းနှီးတဲ့ တောတွင်းသား ရွှေရှက်လှကို ခင်ဗျားက ခြေရာခံ နောက်လိုက်နေတယ်ဆိုတော့ ကျုပ်က သူ့ကိုမေးတယ်။

'အဲဒီစာရေးဆရာက ဘယ်လိုလဲ ကိုယ့်လူ၊ ခင်ဗျားကို ခြေရာခံနိုင်ပါ့မလား၊ နောက်က လိုက်လို့ရပါ့မလား ...'

လို့မေးတော့ သူက မပြောဘူးဗျ၊ ပြုံးရုံသာ ပြုံးတယ်။

သူ့အပြုံးက ကျုပ်စိတ်ကို နှိုးဆွလိုက်တယ်။

သူ့အပြုံးက အကြောင်းရှိရမယ်လို့ ကျုပ်က ယူဆပြီး ခင်ဗျားဆီကို စာရေးချင်စိတ် ပျင်းပြလာတယ်ဗျ။ ဒါနဲ့ ကောက်ရေးလိုက်တာပဲ။

နောက်ပြီး ခင်ဗျားကိုလည်း တွေ့ချင်တယ်ဗျ။

ခင်ဗျားဟာ ဂန္ထဝင်ပညာမှာ ဘယ်လောက်အဆင့်ရှိတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာကိုလည်း စမ်းသပ်ချင်တဲ့သဘော၊ နောက်ဘယ်လောက်အထိ စွန့်စားရဲတယ်ဆိုတဲ့သဘောလည်း ကျုပ်က စစ်ဆေးချင်စိတ်ရှိလာတယ်။

ကျုပ်ရဲ့မိတ်ဆွေကြီး တောတွင်းသား ရွှေရွက်လှက ခင်ဗျားရဲ့ ဓာတ်လိုက်ကြီး လှသူတော်သျှောင်တစောင်းနဲ့လည်း တချို့နေရာတွေမှာ သိသလိုလို ဘာလိုလိုနဲ့ ရေးထားလေတော့ ကျုပ်က သိပ်ဘဝင်မကျလှပေဘူးဗျ။

တောတွင်းသား ရွှေရွက်လှကို သိတာက ကျုပ်တစ်ယောက်တည်းရှိတာပဲ။ ကျုပ်သိတာကလည်း ကျုပ်ကိုယ်တိုင်က တောထဲမှာ နှစ်ပေါင်းလေးဆယ်လောက် အမှုထမ်းလုပ်ခဲ့တဲ့လူဆိုတော့ ကျုပ်က သိပ်မခံချင်လှဘူးဗျ။

ဒါကြောင့် ခင်ဗျားနဲ့ ကျုပ်တွေ့ဆုံပြီး ဆွေးနွေးချင်တယ်။

ကျုပ်က ခင်ဗျားအိမ်ကိုတော့ မလာနိုင်ဘူးဗျ။ ခင်ဗျားအိမ်က လူရှုပ်တယ်လို့ ကျုပ်သတင်းကြားထားရတယ်။

ခင်ဗျားက ဗေဒင်တွေ၊ ဟူးရားတွေနဲ့ အဟောအပြောလုပ်ပြီး ဗေဒပညာနဲ့လည်း အသက်မွေးဝမ်းကြောင်းပြုသလိုလို သတင်းကြားရတော့ ကျုပ်က သာပြီး မလာချင်သေး။

ဘာဖြစ်လို့လဲဆိုတော့ ဗေဒင်မေးတဲ့ ပရိသတ်တွေထဲမှာ မိန်းမတွေက ရှေ့ဆုံးကဆိုတော့ ကျုပ်က မိန်းမများများ သွားလာလှုပ်ရှားတဲ့နေရာကို မလာလိုဘူးဗျ။

အဲဒါကြောင့် ကျုပ်ဆီကိုပဲ ခင်ဗျားလာခဲ့စမ်းပါ။ ကျုပ်အိမ်မှာက ကျုပ်တစ်ယောက်တည်းပါ။

ဇကာတစ်မတ်ရှိတဲ့ ကျုပ်ခြံထဲမှာ သစ်ပင်မျိုးစုံရှိတယ်။ ကျုပ်



က သစ်တောဘက်က ထွက်လာတဲ့လူဆိုတော့ သစ်ပင်ဝါသနာပါတယ်။

ခင်ဗျားရေးတဲ့ 'ဝါးနက်ပြန်'တို့၊ 'ဝါးပြန်'တို့၊ 'ဝါရှင် ပွင်းထိုး'တို့၊ 'သစ်နွယ်ခြောက်သူယောင်'တို့၊ 'သူယောင်သီး'တို့၊ 'ကြက် ဂမုန်း'တို့ ဓဝတဲ့အရာတွေက ကျုပ်တိုက်ရဲ့နောက်ဖေးဘက်မှာတင် ကျုပ်စိုက်ထားတာ အများကြီးပဲ။

အဲဒါတွေကို ကျုပ်လွယ်လွယ်ကူကူနဲ့ ရလာတာဗျ။

ခင်ဗျားတို့လို ဝိဇ္ဇာ၊ ဇော်ဂျီ တပသီလုပ်ပြီး ပျင်းစရာကောင်းလှတဲ့ တောထဲမှာ တစ်ယောက်တည်း ကျောက်ဖျာပေါ်ထိုင်ပြီး ရေတံခွန်ကိုသာ တစ်နေ့လုံးကြည့်နေရမဲ့အလုပ်ကို ဝါသနာပါတဲ့လူတွေ အလွန်တန်ဖိုးထားတဲ့ ဆေးပင်ဝါးပင်တွေက ကျုပ်ဆီမှာ အလွန်ပေါတာပဲ။

ဒါပေမဲ့ ကျုပ်က ဒါတွေတစ်ခုမှ မလုပ်ဘူး။ ကျုပ်က သစ်ပင်ဝါသနာပါတာပဲရှိတာမို့ သစ်ပင်ဆိုရင်တော့ ရအောင် စုဆောင်းတတ်တယ်။

ခင်ဗျား ကျုပ်ဆီရောက်ရင်တော့ ကျုပ်က ကျုပ်ရဲ့ပစ္စည်းတွေကို ပြသင့်တာ ပြမယ်လို့ စိတ်ကူးထားပါတယ်။

ကျုပ်ကတော့ ခင်ဗျားကို တွေ့ချင်တယ်၊ ခင်ဗျားကတော့ ကျုပ်ကို တွေ့ချင်မလား၊ မတွေ့ချင်ဘူးလားတော့ မဆိုနိုင်ဘူး။ လာခဲ့ပါလို့ ကျုပ်က ဖိတ်ခေါ်ပါတယ်။

လာခဲ့ပါ ဆိုတာမှလည်း လာချင်တဲ့အချိန်ကို လာပါ။

ကျုပ်မှာ နာရီမရှိဘူး။ အချိန်မရှိဘူး။ ကန့်သတ်ချက်မရှိဘူး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟဲ့ ... ဟဲ ... အဲဒါလည်း ပညာတစ်ခုပေါ့ ကိုယ့်လူရယ်။ ဒါပါပဲ။

ဦးမြဖူး

(...)ဝက်တာလမ်း၊

ရန်ကုန်။

ကျွန်ုပ်သည် ဤသို့ဖြင့် ကျွန်ုပ်မသိဖူးသော၊ ကျွန်ုပ်ဝတ္ထုများအား ဖတ်ရှုဖူးသော ဦးမြဖူးဟူသော ပုဂ္ဂိုလ်တစ်ဦးထံမှ စာကိုရလျှင် အနည်းငယ်အံ့အားသင့်၍သွားပြီးလျှင် အခြားအကြောင်းအရာများထက် ကျွန်ုပ်သိလို၍ ဝတ္ထုရေးရန် အကြောင်းရှာနေသည့် တောတွင်းသား မြွေရွက်လုဟူသော တောတွင်းသားကြီးတစ်ဦးနှင့် မိတ်ဆွေဖြစ်ခြင်းနှင့် ၎င်း၏ပေးစာနောက်ဆုံးအပိုဒ်ဖြစ်သည့် 'ဟဲဟဲ' ဟူသော နေရာတစ်ပိုက်ကို အထူးစိတ်ဝင်စားသွားပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် အားလပ်သည့် တနင်္ဂနွေရက်အတွင်း၌ သွားရောက်လည်ပတ်၍ ကျွန်ုပ်နှင့် မိတ်ဆွေဖြစ်ခဲ့ကြလေသည်။

၎င်း၏ အိမ်သို့ရောက်လျှင် ကျွန်ုပ်အား ထူးခြားသော အသံတစ်သံက ဆီးကြိုခြင်းပြုလေသည်။

ကျွန်ုပ်သည် ၎င်းတိုက်၏ အပေါ်ထပ်သို့ ဘေးဘက်လှေကားကြီးမှ တက်လိုက်လျှင်ပင် ထိုတိုက်ကြီး၏ အတွင်းဘက်၌ လှုခေါ်ခေါင်းလောင်းခေါ် ဘဲ(လ်)သံကြီးသည် ကျွန်ုပ်မနှိပ်ရပါဘဲလျက်မြည်လာလေသည်။

အိမ်ကြီးတစ်ခုလုံးရှိ ခေါင်းလောင်းအားလုံးမြည်သကဲ့သို့



ပင် အိမ်၏ နေရာအနှံ့အပြားမှာ ဘဲ(လ်)သံများ မြည်၍သွားလေရာ ကျွန်ုပ်သည် အတော်အတန် လန့်ထိတ်၍သွားရလေသည်။

အိမ်ကြီးမှာ ရှေးဟောင်းအိမ်အိုကြီးဖြစ်၍ နှစ်ထပ်ဆောင်ဖြစ်ပြီး အုတ်ကျွတ်မိုးဖြစ်၏။

လှေကားနှင့် အိမ်ထည်အပေါ်ပိုင်းအားလုံးမှာ ရေနံချေးများသုတ်၍ လှေကားလက်ရန်းများနှင့်ဝရန်တာကိုမူ သဘော်ဆေးများ သုတ်ထားလေသည်။

လှေကားလက်ရန်း၏ဆေးများမှာ နှစ်ပေါင်းများစွာပြန်လည်၍ သုတ်ခြင်းမရှိသည့်အတွက် ဆေးများကွက်ကြားကွက်လျက်ရှိပြီး မူလစိမ်းဖန့်ဖန့်အရောင်နှမှာ အဖြူရောင်ဖျော့ဖျော့တော့အသွင်သို့ ကူးပြောင်းလျက် ရှိပေသည်။

ကျွန်ုပ်သည် တံခါးပေါက်ရှေ့တွင် ရပ်၍ တံခါးခေါက်လိုက်သောအခါ၌မူကား ထိုအိမ်ကြီး၌ မြည်လျက်ရှိသော ဘဲ(လ်)သံများသည် တိတ်ဆိတ်၍ သွားသဖြင့် ကျွန်ုပ်သည် ပြုံးလိုက်မိပေသည်။

"ဝင်ခဲ့လေဗျာ ..."

ဟူ၍ အထဲမှ အသက်ကြီးကြီး အဘိုးကြီးတစ်ဦး၏အသံကို ကြားရလေရာ ကျွန်ုပ်သည်တံခါးကိုတွန်းဖွင့်၍ ဝင်ရောက်သွားလေ၏။

အိမ်၏ဧည့်ခန်းထောင့်ရှိ လွန်စွာဟောင်းနွမ်းသော ပက်သက်ကုလားထိုင်တစ်လုံးပေါ်တွင် အသက်ကြီးရင့်ပြီဖြစ်သော အဘိုးကြီးတစ်ဦးသည် ထိုင်လျက် လွန်စွာဟောင်းနွမ်းသော စာအုပ်ထူကြီးတစ်အုပ်ကို ဖတ်လျက်ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



အထဲရှိ ပစ္စည်းများမှာလည်း နေသားတကျ မရှိလှဘဲ ဖရိုဖရဲဖြစ်လျက်ရှိသည်ကို တွေ့ရလေသည်။

ထို့ပြင် ပရိဘောဂပစ္စည်းများမှာ နှစ်ပေါင်းများစွာ ကာလက သုံးစွဲခဲ့သော ပစ္စည်းများဖြစ်ကြောင်းကို တွေ့ရပေ၏။

ကျွန်ုပ်တွေ့ရသော အဘိုးကြီးကား အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်အတွင်းဖြစ်ပြီး မျက်ရစ်များ၊ ပါးရှိအရေပြားများသည် ဝိုင်ညောင်လျက်ရှိ၏။

မုတ်ဆိတ်မွေးများမှာ ဖြူဖွေးလျက် မေးစေ့တစ်ဝိုက်နှင့် ပါးပြင်တစ်ဝိုက်၌ ပေါက်လျက်ရှိပေ၏။

ဆံပင်မှာ နီကြောင်ကြောင်ရှိပြီးလျှင် မျက်စိမှာလည်း အတန်ပင် မှိုဟန်ရှိပြီး မျက်လုံးများမှာ ခွဲစိတ်ထားပုံရပေ၏။

အကြောင်းမှာ ၎င်းတပ်ဆင်ထားသည့် ပါဝါမျက်မှန်ကြီးမှာ သာမန်မျက်မှန်မျိုးတွင် မဟုတ်ဘဲ၊ ခွဲစိတ်၍ထားသော မျက်လုံးပိုင်ရှင်များအား ဆရာဝန်များက ညွှန်ကြားထားသော မျက်မှန်မျိုးဖြစ်သည်ကို တွေ့ရပေ၏။

"ထိုင်ဗျာ ... ကျုပ်ကတော့ ကုလားထိုင်ယူပြီး မပေးနိုင်ဘူး ... ကိုယ့်သဘာပဲ ကိုယ်ဆွဲပြီး ထိုင်ပေရော့ ... "

ကျွန်ုပ်သည် ထိုအဘိုးကြီးအား လေ့လာအကဲခတ်ပြီးလျှင် ညှို့ခန်းတွင်း၌ ပြန့်ကျဲနေသော ကုလားထိုင်များအနက်မှ ခေါက်ကုလားထိုင်တစ်လုံးကို ယူလျက် ၎င်းနှင့် မနီးမဝေးနေရာတစ်ခုတွင် ခပ်စောင်းစောင်းနေရာယူကာ ထိုင်လိုက်ပြီးလျှင် ကျွန်ုပ်၏ ထုံးစံအတိုင်း အိတ်တွင်းမှ ဆေးပြင်းလိပ်တစ်လိပ်အား ထုတ်ယူပြီး



လျှင် မီးညှိခြင်း ပြုလိုက်သည်။

"ဆေးပြင်းလိပ် ကြိုက်တတ်လား ... "

"အင်း ... အရသာသိပ်ခံလှတယ်လို့တော့ မဟုတ်ပါဘူး ဗျာတာ သက်သက်လောက်ပါ ... "

"ကောင်းပါတယ် ... လောကကြီးမှာ ကိုယ်ကြိုက်တာ ကိုယ်လုပ်နေရတာ စိတ်အချမ်းသာဆုံးပါပဲ ... "

"အင်း ... ကောင်းတယ်လို့ပဲ ဆိုရမှာပေါ့ဗျာ ... "

"ကောင်းပြီလားဗျာ ... အကောင်းဆုံးပေါ့ ... ကျုပ်လည်း ကျုပ်ကြိုက်တာ ကျုပ်လုပ်နေတာပဲ ... "

ကျွန်ုပ်သည် သူ၏မျက်နှာကို သေချာစွာ လေ့လာကြည့်ရှုရာ ပြင်ပနှင့် ဆက်သွယ်မှုအားဖြင့် အတန်ကင်းသော ရုပ်လက္ခဏာမျိုးကို တွေ့ရပေ၏။

"ခင်ဗျား ကျုပ်ရေးတဲ့စာအရ လာလည်တာလား ... "

"အင်း ... ဟုတ်ပါရဲ့ ... အခု ကျွန်တော်လိုက်ရှာနေတဲ့ 'တောတွင်းသား ရွှေရွက်လှ'ဆိုတဲ့ တောတွင်းသားလူစွမ်းကောင်းကြီးနဲ့ပတ်သက်တဲ့ သဲလွန်စလေးများ ရမယ်ထင်တဲ့ အကြောင်းက တစ်ခု၊ နောက်တစ်ခုက စာထဲမှာ ဦးမြဖူးက ကျွန်တော်နဲ့တွေ့ချင်တယ်ဆိုတဲ့ အချက်ကလည်း တစ်ခုပေါ့ ... "

ကျွန်ုပ်သည် ဆေးပြင်းလိပ်အား တစ်ချက်နှစ်ချက်မျှ ဖွာရှိုက်လိုက်ပြီး လက်ကြားထဲတွင် ညှပ်၍ထားလိုက်သည်။ ထို့နောက် ထိုအဘိုးကြီး၏ ဘေးဘီကို အကဲခတ်လိုက်သည်။

ပက်လက်ကုလားထိုင်ဘေးတွင် စာအုပ်ပုံကြီးများကို

www.burmeseclassic.com

www.burmeseclassic.com



အထပ်လိုက်တွေ့ရ၏။

စာအုပ်များမှာ ပုံစံမျိုးစုံဖြစ်သော်လည်း ကျမ်းကြီး၊ ကျမ်းငယ်များဖြစ်၍ အင်္ဂလိပ်ဘာသာရပ်ဖြင့် ရေးသားထားသော ဘာသာရပ်စာအုပ်တော်တော်များများကိုလည်း တွေ့ရပေ၏။

ထို့ပြင် တိုက်နံရံပတ်ပတ်လည်၌လည်း လူတစ်ရပ်စီရှိကြီးများမှာ ခန်းလုံးပြည့်နီးပါးရှိလေရာ ကျွန်ုပ်သည် အတော်အတန်သဘောတွေ့လျက်သွားပေသည်။

ထို့အပြင် အခန်းကြီး၏ဘေး၌ရှိသော စားပွဲအတိုတစ်ခုပေါ်၌လည်း စုတ်တံအမျိုးမျိုးနှင့် ဆေးဘူးခေါးခွက်များကို တွေ့ရ၏။ ပန်းချီကားကြီးအချို့ကိုလည်း တွေ့ရပေသေးရာ ပန်းချီပညာ၌လည်း ဝါသနာထုံပုံရသည်ဟု ခန့်မှန်းရပေသည်။

အဘိုးကြီးသည် သူ၏လက်တွင်းမှ ထုထဲသော စာအုပ်ကြီးကို စားပွဲပေါ်သို့ ပစ်ချလိုက်ပြီး ...

"ခင်ဗျားကို ကျူပ်ပညာစမ်းရဦးမယ်ဗျ ... ခင်ဗျားက ဂန္ထဝင်ရပညာကို လိုက်စားလေ့လာတယ်ဆိုတော့ ... "

ဟူ၍ ပြောဆိုပြီးလျှင် သူ၏ဟောင်းနွမ်းညစ်ပေနေသော ကုတ်အင်္ကျီအတွင်းမှ ဓာတ်ပုံတစ်ပုံကို ထုတ်ယူလိုက်လေသည်။

ကျွန်ုပ်အား ထိုဓာတ်ပုံကို လှမ်း၍ပေးလိုက်ရာ ကျွန်ုပ်သည် ဓာတ်ပုံအား ဆွဲယူ၍ ကြည့်ရှုလိုက်လေ၏။

"အဲဒါ ဘာဝါးလဲဗျ၊ ဘယ်လိုအသုံးဝင်လဲ ... "

ကျွန်ုပ်သည် ခေတ္တမျှ ရှုစိုက်ကြည့်လိုက်ပြီးလျှင် မဆိုင်းမတွပင် ဖြေကြားခြင်းပြုလိုက်သည်။



"ဝါးနွယ်ရှင်လို့ခေါ်တယ် ... အမဇတဝါးလို့လည်း ခေါ်တယ်ဗျ ... "

"အဲဒါ ဘယ်မှာပေါက်သလဲဗျ ... "

"အဲဒါတော့ ကျွန်တော်မသိဘူး ... ဝါးလုံးအခေါင်းထဲမှာနေတဲ့ ဝါးနွယ်ရှင်ဆိုတာပဲ သိတယ် ... "

ဟူ၍ ဖြေကြားလိုက်သည်။

"ဘာအသုံးဝင်သလဲ ... "

ထိုအဘိုးကြီးသည် ကျွန်ုပ်အား အလုပ်ခန့်ရန်အတွက် အင်တာဗျူးမေးနေသော အဘိုးကြီးတစ်ဦး၏ပုံစံမျိုးဖြင့် ဇွမ်းလျက်ရှိရာ ကျွန်ုပ်သည် စိတ်ကသိကအောက်ဖြစ်၍ သွားလေသည်။

သို့သော် ကျွန်ုပ်လိုချင်သိချင်သော အကြောင်းအရာတစ်ခုခန်းတစ်စကို ၎င်းထံမှ ရလိုရငြား စောင့်ဆိုင်းသည်းခံရမည်ဖြစ်လေရာ အချင်းများရန် မသင့်လျော်လှဟု ဆုံးဖြတ်မိသည်ကြောင့် ကျွန်ုပ်တတ်သိသလောက်၊ မှတ်သားမိသလို ဖြေကြားရန်သာလျှင် စဉ်းစားထားခြင်း ပြုလိုက်ရလေသည်။

"အသုံးကတော့ ဗီယသျှိုးနဲ့ တချို့ဆရာတွေက ကာယအစွမ်းမှာ အသုံးတည့်တယ်လို့တော့ ဆိုကြတာပဲ ... ဘာသုံးတယ်ဆိုတော့ တိတိကျကျ စမ်းသပ်မှုမပြုရသေးပါဘူး ... ကျွန်တော်လည်း တစ်ကြိမ်လောက်သာ မြင်ဖူးတာပါ ... "

ဟူ၍ ဖြေကြားလိုက်သည်။

"ဘာမှမစွမ်းဘူးဗျ ... ဝါးထဲမှာ နွယ်မျိုးစေ့ဝင်သွားလို့ ခေါင်းထဲမှာ နွယ်ပင်ပေါက်လာတာ၊ အပင်ပေါက်ပုံအရတော့ ထူးခြားပါတယ် ... ဝါးဟာ အဆစ်ပိတ်ပဲ၊ ဘာကြောင့် ဝါးလုံးအဆစ်

www.burmeseclassic.com



ဝိတ်ထဲမှာ နွယ်ယှက်နေရတာလဲ၊ အဲဒီအဆစ်တွေအားလုံးကို အဲဒီ နွယ်ဟာ အထဲတစ်လျှောက်လုံး ထိုးဖောက်ပြီး ပေါက်နေတာဟာ လည်း ထူးခြားတဲ့ပုံသဏ္ဌာန်ဖြစ်တဲ့အတွက် သစ်မြစ်၊ သစ်ဖု၊ သစ်ဉ တွေဟာ ထူးခြားတဲ့အာနိသင်ရတွေ ခိုအောင်းနေတယ်လို့ ဂန္ဓာရီ ပညာရှင်ကြီးတွေနဲ့ (မြန်မာ့)ဆေးပညာရှင်ကြီးတွေက ညွှန်းကြတာ ပဲ ...”

“သာမန်ဝါးရိုးရိုးနဲ့တော့ ဘယ်တူပါ့မလဲ ...”

ကျွန်ုပ်သည် ခပ်ချဉ်ချဉ်ဖြင့် ပြောလိုက်သည်။

“ဟား ... ဟား ... ဟား ... ကြိုက်ပြီဗျို့ ... ကြိုက်ပြီ ကျုပ်ပညာစမ်းလိုက်တာ တယ်မှန်တယ် ... ခင်ဗျားဟာ ကိုယ်ယုံ ကြည်ထားတဲ့ကိစ္စ၊ လေ့လာထားတဲ့ ကိစ္စကို ထိပါးပုတ်ခတ်ရင် မခံ တတ်တဲ့ လူစားမျိုးပဲ ... ကျုပ်က ခင်ဗျားလေ့လာထားတဲ့ အရည် အချင်းကို စမ်းလိုက်တာ မဟုတ်ဘူး ... ခင်ဗျားရဲ့စိတ်ဓာတ်ကို စမ်းလိုက်တာ၊ သဘောကျသွားပြီဗျို့ ...”

အဘိုးကြီးသည် ကျွန်ုပ်၏ရှေ့၌ ကျယ်လောင်စွာ စကား ပြောပြီးလျှင် ကျယ်လောင်စွာပင် ရယ်မောခြင်းပြုလိုက်သည်။

“ပြည်တစ်ဖက်ကမ်း ဖိုးဦးတောင်အရှေ့ဘက် ဝါးတောထဲ က ကျုပ်ရခဲ့တာ ... ကျုပ်က သစ်ပင်ဝါသနာပါတော့ သစ်ပင် ထူးထူးဆန်းဆန်းတွေဆိုရင် ဓာတ်ပုံနဲ့ မှတ်တမ်းပြုထားတတ်သဗျ၊ ကျုပ်ဂန္ဓာရီပညာတွေ ဘာတွေဝါသနာမပါဘူးဗျ ... ဂန္ဓာရီပညာရှင် လည်း မဖြစ်ချင်ဘူးဗျ ... ကျုပ်က ဟိုဟာဒီဟာ လိုက်စူးစမ်းတာကို ဝါသနာပါတာ တစ်ခုပဲ ...”



အဘိုးကြီးသည် ကျွန်ုပ်အားပေးထားသော ဓာတ်ပုံကို ပြန် ယူလိုက်၏။ ထို့နောက် အိတ်တွင်းသို့ သေချာကျနစွာ ထည့်လိုက် လေသည်။

ကျွန်ုပ်သည်လည်း ထိုအဘိုးကြီးအား သေချာစွာ စူးစမ်း ခြင်းပြုမိလေသည်။

“ခင်ဗျားကို ကျုပ်တစ်ခုမေးစရာရှိသေးတယ် ...”

အဘိုးကြီးသည် ကျွန်ုပ်အား သူ၏မှန်ဘီလူးမျက်မှန်ကြီး ဖြစ်သော မျက်မှန်ဝိုင်းကြီးထဲမှကြည့်ကာ ပြောလိုက်သည်။

“ခင်ဗျား ကျုပ်ကို ဘယ်လိုထင်လဲ ...”

ထိုအဘိုးကြီးသည် ပထမမေးခွန်းအပြင် ဒုတိယမေးခွန်း ကိုပါ ဆက်၍ မေးမြန်းလျက်ရှိနေသဖြင့် ကျွန်ုပ်လည်း ထိုအဘိုးကြီး အား ခပ်တည်တည်ကြည့်လိုက်ပြီး ...

“စိတ္တဇရောဂါအနည်းငယ် စွဲကပ်နေတယ်ထင်တယ်”

ဟူ၍ ပြောချလိုက်လေသည်။

ကျွန်ုပ် ဤသို့ပြောရခြင်းမှာလည်း ကျွန်ုပ်လေ့လာသည့် အနေအထားအရ ထိုသူ၏ အိမ်အခြေအနေ၊ ပတ်ဝန်းကျင်အား ကြည့်ရှုလျက်နှင့် လူအတန်ကင်းဝေးလျက်ရှိသော ပုံရိပ်ပုံပန်းကို ...်းလျက် ကျွန်ုပ်၏ဉာဏ်အတိုင်းပင် မကွယ်မဝှက် တဲ့တိုးပြောချ လိုက်ခြင်းပင်ဖြစ်သည်။

“ဟား ... ဟား ... ဟား ... သဘောကျပြီ ခင်ဗျားနဲ့ ကျုပ် မိတ်ဆွေဖြစ်သွားပြီ၊ ကျုပ်က အဲဒီလိုစိတ်ထဲရှိတာကို တဲ့တိုး ပြောတဲ့လူမျိုးကိုမှ သိပ်ပြီးသဘောကျတာဗျို့ ... ဟန်ဆောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုတဲ့ လူတွေကို ကျုပ်က မဆက်ဆံဘူး ... အဲဒါကြောင့် ကျုပ်က လူအတော်များများနဲ့ မဆက်ဆံဘဲ အိမ်ထဲမှာပဲ ကုပ်ပြီး ကျုပ် လေ့လာချင်တာတွေ လေ့လာနေတာပဲ ..."

ထို့နောက် ဆက်လက်၍ ပြောဆိုပြန်လေသည်။

"ခင်ဗျား ကျုပ်အိမ်ကို အချိန်မရွေး ဝင်နိုင်ထွက်နိုင်ပြီ ... ကျုပ် ခင်ဗျားကို တကယ်ရင်းနှီးတဲ့ မိတ်ဆွေကြီးတစ်ဦးအဖြစ် သတ်မှတ်လိုက်ပြီ ..."

"ကောင်းပါတယ်။ ကျွန်တော်ကလည်း မိတ်ဆွေဖြစ်ချင်နေပါတယ်၊ စိတ်ရောဂါရှိတဲ့လူ၊ စိတ်ထင်ရာလုပ်တတ်တဲ့လူ၊ နောက်ရှိ ကြောက်တွန့်ခြင်းမရှိတဲ့လူဆိုရင် ကျွန်တော်ကလည်း မိတ်ဆွေခင်ပွန်းဖွဲ့ချင်ပါတယ် ..."

ဟူ၍ ထပ်မံအတည်ပြု ပြောဆိုလိုက်သောအခါ ထိုအဘိုးကြီးသည် ကျွန်ုပ်အား လက်ကမ်းပေးသဖြင့် ကျွန်ုပ်ကလည်း ၎င်းနှင့် လက်ဆွဲနှုတ်ဆက်ခြင်း ပြုလိုက်လေသည်။

ဤသို့အားဖြင့် ထိုဦးမြဖူးဟူသော အငြိမ်းစားသစ်တော အရေးပိုင်ကြီးနှင့် ကျွန်ုပ်သည် ထိုအချိန်မှအစပြုလျက် မိတ်ဆွေဖြစ်သွားကြရာ တစ်ခါတစ်ရံ၌ ကျွန်ုပ်သည် ပျင်းပျင်းရှိလျှင် ၎င်းထံသွားရောက် လည်ပတ်ခြင်းပြုလေသည်။

ထိုသို့ သွားရောက်လည်ပတ်သည့်အခါတိုင်းတွင် ကျွန်ုပ် အိမ်ပေါ်သို့ တက်လိုက်တိုင်း တစ်ဝင်းလုံး တစ်ခြံလုံးရှိ ဘဲ(လ်)များသည် ကျယ်လောင်စွာ မြည်ဟည်းတတ်ပြီးလျှင် ထိုအဘိုးကြီးအား သူ၏ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်မြဲထိုင်လျက် လွန်စွာထူထဲ



သော စာအုပ်ထူကြီးများကို ဖတ်ရှုလျက်နေသည်ကို တွေ့ရမြဲပင် ဖြစ်လေသည်။

ထို့နောက် သူ၏ထူးဆန်းသော အတွေ့အကြုံများကို ကျွန်ုပ်အား ပြောပြတတ်သည်။

ကျွန်ုပ်သည် နားထောင်ခြင်း၊ ပြန်လည်မေးမြန်းခြင်း၊ စပ် ခြင်း၊ မှတ်တမ်းတင်ခြင်း အလေ့အထများကို ပြုလေ့ရှိသည့်အတိုင်း ပြုလုပ်လေသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ထုံးစံအတိုင်းပင် စပ်စုမေးမြန်းရာ၌ ကျွမ်းစွာ မေးမြန်းခြင်း၊ လေ့လာခြင်းပြုလေ့ရှိရာ တစ်ခါတစ်ရံ၌ ဦးမြဖူးနှင့် ကျွန်ုပ်သည် ဘောက်ကျခဲ့ရသည်များလည်း ရှိ၏။

ဘောက်ကျရသည့်အကြောင်းမှာ ကျွန်ုပ်အား မြုပ်ကွက် သည့်၍ စကားပြောခြင်း၊ ဖြေရှင်းခြင်းကြောင့် ဖြစ်လေသည်။

ကျွန်ုပ်မှုကား တောတွင်းသား ရှေ့ရှက်လှနှင့် တွေ့ဆုံပေး မည်ဟု ဝန်ခံကတိပြုပြီး ကျွန်ုပ်အား နောက်ထပ် ထိုတောတွင်းသား ရှေ့ရှက်လှအကြောင်းနှင့် စပ်လျဉ်း၍ စဉ်းစဉ်းငယ်မျှ ပြောကြားခြင်း ပြုဘဲ တောတွင်းရှိ သစ်ပင်၊ ဆေးပင်၊ သစ်၊ ဝါးအကြောင်းနှင့် ထူး ဆန်းသော နွယ်ပင်အကြောင်း၊ ကျောက်ဂမုန်း၊ ဂမုန်းနက်၊ ဂမုန်းနီ၊ ဆိတ်ဂူ၊ လိုဏ်နက်စသည့် ပုံပြင်ယုံစမ်းစကားများတွင် ထည့်သွင်း ထားပြလေ့ရှိသည့် အကြောင်းများကိုသာလျှင် အားရှိပါးရှိ ပြောကြား ချက် ရှိခြင်းကြောင့် ကျွန်ုပ်သည် စိတ်မရှည်ခြင်းဖြစ်ရလေသည်။

ထိုအကြောင်းများကို ကျွန်ုပ်သည် စာအုပ်စာတမ်းများဖြင့် လည်းကောင်း၊ ကိုယ်တွေ့ဗဟုသုတရှိသောသူများနှင့် လာတွေ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်စား လေ့လာခြင်းရှိသူများနှင့်လည်းကောင်း ကာလကြာမြင့်စွာကပင် ခွေးနွေးမေးမြန်း၊ အတွေ့အကြုံရှိခဲ့ပြီးဖြစ်၍ များစွာစိတ်ပါဝင်စားခြင်း မရှိလှပေ။

ထို့ကြောင့် ကျွန်ုပ်သည် ဦးမြဖူးအား ပြောဆိုခြင်းပြုလိုက်သည်။

ကျွန်ုပ်။ ။ ကျုပ်သိချင်တဲ့ 'တောတွင်းသား ရွှေရွက်လှ' နဲ့ ကျုပ်နဲ့ဆက်သွယ်ပေးနိုင်ရင်လည်းပေးဗျာ။
ဒါမှမဟုတ်ရင်လည်း သူနဲ့ပတ်သက်တဲ့ ပေစာ၊ ပုရပိုက်စာ၊ မှတ်တမ်းစာတစ်ခုခုပေးမှ ကျုပ် ကျေနပ်နိုင်မယ်။

ဦးမြဖူး။ ။ ဖြည်းဖြည်းပေါ့ဗျာ၊ ခက်တဲ့လူပဲ။
ကျုပ်ဇိမ်ပျက်တယ်။ ကျုပ်က ကျုပ်ပြောချင်တာ နားထောင့်မဲ့လူ ရှာနေတာ၊ ခုမှတွေ့နေလို့ ပီတိဖြစ်နေတာ။
"ဟဲ ... ဟဲ ... "

ကျွန်ုပ်သည် စိတ်တိုလျက်။

ကျွန်ုပ်။ ။ ဒီလိုဆိုရင် ကျုပ်နောက်ကို မလာတော့ဘူး၊ ခင်ဗျားပြောတဲ့ ဆေးပင်၊ ဝါးပင်၊ တောသစ်ပင်တွေ၊ ချုံပင်၊ ချုံကြားတွေ နားထောင်နေရတာ ငြီးငွေ့တယ်။ ဒါတွေက ကျုပ်မှာရှိပြီးသား၊ ကြားဖူးပြီးသား။



ဦးမြဖူး။ ။ ဟုတ်ပါဘူးလေ၊ ကျုပ်စကားဆုံးအောင် နားထောင်စမ်းပါဦး၊ ကျုပ်လုပ်ရမဲ့ လုပ်ငန်းက လွယ်တယ်မှတ်လို့လား၊ မလွယ်ဘူးကိုယ့်လူ။ ကျုပ်က တောတွင်းသားရွှေရွက်လှအကြောင်း ပြောရမှာ၊ သူနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေ ပေးရမှာ၊ အခန့်သင့်ရင် သူနဲ့ ခင်ဗျားနဲ့တွေ့ဆုံဖို့ ကျုပ်က ဆောင်ကြဉ်းပေးရမှာ၊ ဒီတော့ အဖိုးအနဂ္ဃထိုက်တန်တဲ့ ရွှေတွင်းကို လက်ညှိုးညွှန်ရတာမျိုး၊ ကျုပ်ဘက်ကနေပြီး ခင်ဗျားစဉ်းစားကြည့်လေ။

ကျွန်ုပ်။ ။ ကြက်တူရွေးထက် မယ်တော်ကကဲဆိုသလို များလားဗျာ။

ဦးမြဖူး။ ။ ဒါပေါ့ ကိုယ့်လူရဲ့၊ ကျုပ့်ဘက်က စဉ်းစားကြည့်ပါလား၊ ခင်ဗျားက ဒီအကြောင်းစာအုပ်ရေးမဲ့လူ၊ ခင်ဗျားစိတ်ကြိုက် စာအုပ်ရေးလို့ရအောင် ဆောင်ရွက်ပေးရမယ်ဆိုတော့ ... စာအုပ်အတွက် ကျုပ်ကြိုက်သလို အဖိုးအခရအောင် ခင်ဗျားဘက်ကလည်း ကျုပ်စိတ်ကြိုက် ကျုပ်ပြောတာကို ဇိမ်နဲ့နားထောင်တဲ့အလုပ်ကိုတော့ လုပ်ပေးရမယ်ဗျ ... "

ကျွန်ုပ်သည် သူ့အားပြန်ပြောရန် နောက်ထပ်ကောင်းမွန်ည့် စကားလုံးများကို ရှာဖွေလျက်ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြဖူးသည် လူထူးလူဆန်းတစ်ဦးဖြစ်ကြောင်း ကျွန်ုပ်ရိပ်မိသည်။ ထို့ကြောင့် မည်သို့မည်ပုံ ထူးဆန်းသောလူဖြစ်သည်ကိုလည်း ကျွန်ုပ်၏တွက်ဆတတ်သောပေတံဖြင့် တွက်ဆပြီးဖြစ်သည်။

ထိုအချက်ကို သဘောပေါက်သည့်အလျောက် ကျွန်ုပ်သည် အနည်းငယ်မျှ သည်းခံစိတ်မွေးမြူ၍ထားရပေဦးမည်ဟုလည်း ယူဆသည့်အလျောက် ၎င်းဘေး၌ ချထားသော ရေနွေးခရားဟောင်းနွမ်းနွမ်းညစ်ပေပေကြီးထဲမှလွန်စွာခါးသောမျောက်ခြောက်တရုတ်လက်ဖက်ခြောက်ထည့်ထားသည့် ရေနွေးကြမ်းကို ချေးညှော်တက်နေသည့် အကြမ်းပန်းကန်လုံးထဲသို့ လောင်းထည့်လိုက်ပြီး တစ်ကျိုက်ထည်း သောက်လိုက်၏။

ကျွန်ုပ် တစ်ကျိုက်တည်းသောက်လိုက်ရခြင်းမှာ ထိုရေနွေးကြမ်းသည် လွန်စွာအေးစက်လျက်ရှိနေသောကြောင့် ဖြစ်လေသည်။

"ဟဲ ... ဟဲ ... ဒီလိုမှပေါ့ ကိုယ့်လူရ ... ဓာတ်တူနံ့တူဆေးဘက်ယူ၊ နံ့တူလည်းချ အသေးချ၊ နံ့ဓာတ်တိုင်ထူ ပင့်သက်ရှူ၊ နံ့တူကိန်းကွဲ၊ အလိုဆွဲ၊ နံ့တူသက်ရောက်၊ တံခါးပေါက်၊ နံ့သင့်နံ့ရာ ရွေးထူကာ၊ နံ့သက်နံ့လက် ရွှေဆိုင်ဘက်၊ နံ့ထက် ဓာတ်ဖောက်၊ ရောဂါရောက်၊ ဖောက်သည့်ရောဂါ၊ နံ့ချေကာ၊ ဓာတ်သက်ပင့်မှု နံ့သူပွင့်၊ ပွင့်လျှင်အခြေ စားသောက်ပေ၊ ဆိုကာလိုပေါ့ဗျာ ... ဟင်း ... ဟင်း ..."

ဦးမြဖူးသည် ကျွန်ုပ် သူ၏ရေနွေးကြမ်းအေးစက်စက်ကြီးကို သောက်လိုက်သည်၌ သဘောကျ၍သွားကာ ပြောဆိုလိုက်သည်



ကိုမူ ကျွန်ုပ်စိတ်ထဲမှ ကျေနပ်ခြင်းမရှိပေ။

ယခင်က ကျွန်ုပ်သည် သူ၏အိမ်၌ မည်သည့်အာဟာရအသုံးအဆောင်မျှ သုံးဆောင်ခြင်းမပြုဘဲနေရုံမက ၎င်း၏ပစ္စည်းပစ္စယများအား ကိုင်တွယ်ခြင်းပင် မပြုပေ။

အကြောင်းမူ ဦးမြဖူး၏ အနေအထိုင်အားလုံးသည် ညစ်ပတ်သည်ဟု အထင်ရောက်ခြင်းကြောင့်ဖြစ်၏။

"အင်းပေါ့ဗျာ ... အသွင်ချင်းတူမှလည်း အဆင်တူဖြစ်တာ၊ အဆင်တူမှလည်း ဝတ်လို့ကောင်းတယ် ... လိုက်ဖက်ညီတယ်ပေါ့ဗျာ။ အဲဒါမှလည်း အသွေးညီမယ်ဗျ။ အသွေးညီမှလည်း အရောင်တောက်မယ်၊ အရောင်တောက်မှလည်း အလင်းဖြစ်မယ်ကိုးအလင်းနဲ့တွေ့မှလည်း ရောင်ပြောက်တွေ ပြေးတော့တာ ... ဒါကြောင့် ကျုပ်က ခင်ဗျားကို အချိန်ယူပြီး ဟောပြောပေးနေတာ"

ဦးမြဖူးသည် စကားကိုရပ်၍ မထားဘဲ ဆက်ပြောနေလေ၏။

ကျွန်ုပ်ကမူ စိတ်ပါခြင်းမရှိပေ။

ထိုသည့်အလျောက် ထုံးစံအတိုင်း သူ၏မျက်နှာအားကြည့်၍ နားထောင်ခြင်းမပြုဘဲ ၎င်းအိမ်ရှိ ခေါင်နံရံမှ မျက်နှာကြက်၊ ထိုမှခန်းဆီးအထိ ယှက်သန်းတွယ်ချိတ်နေကြကုန်သော မိုင်းကျပ်မိုးနှင့် ပင့်ကူမျှင်များကို လိုက်၍ကြည့်ရှုမိ၏။

တစ်အိမ်လုံးတွင် ပင့်ကူမျှင်အိမ်ပေါင်း တစ်ရာလောက်ရှိမည်ဟု ခန့်မှန်းမိ၏။

၎င်း၏စကားဆုံးသွားမှသာလျှင် ကျွန်ုပ်သည် ၎င်း၏မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာအား ကြည့်ရှုခြင်းပြုလိုက်သည်။

သာမန်ပုဂ္ဂိုလ်ရိုးရိုး စိတ်ထားမှန်သူဖြစ်လျှင် ကျွန်ုပ်၏ အမူအရာမှာ ၎င်း၏စကားရပ်၌ စိတ်ဝင်စားခြင်းမရှိသော အမူအရာ ဖြစ်လေရာ ၎င်းအနေနှင့် ညှို့သည်နှင့် လိုက်လျောညီထွေပြုကာ ဆောင်ရွက်ပေးရမည်ဖြစ်၏။

သို့ရာတွင် ဦးမြဖူးကား ထိုသို့မဟုတ်ပေ။ ကျွန်ုပ်၏မျက်နှာ အားကြည့်၍ ၎င်းပြောလိုရာကိုသာလျှင် ဆက်လက်ပြောဆို၍နေ၏။

ကျွန်ုပ်၏အမူအရာမှာလည်း ရိုင်းပြခြင်းဖြစ်၍နေ၏။ ၎င်း၏ အမူအရာ အပြောအဆိုမှာလည်း ညှို့သည်အား အလေးမမူ ထင်ရာစွတ်တင်သော အမူအရာရှိလေရာ ကျွန်ုပ်နှင့် ဦးမြဖူးမှာ ဟန်မကျ အစေးမကပ်ဘဲရှိလေသည်။

သို့ရှိသည့်အတိုင်း ကျွန်ုပ်က ...

'တောတွင်းသား ရွှေရွက်လှအကြောင်းရှိနေတော့ ပြောပြမှ ဖြစ်မယ်ဗျ ဦးမြဖူးရဲ့ ... ကျုပ် သိပ်စိတ်မရှည်တော့ဘူး ... ”

ဟူ၍ ထပ်တွန့်၍ ပြောဆိုလိုက်သည်။

ထိုသို့ ပြောဆိုလိုက်စဉ် ကျွန်ုပ်အား ထူးထူးခြားခြား ကြောက်ရွံ့တုန်လှုပ်သွားစေသည့် အချက်တစ်ချက်ပေါ်၍ လာလေ၏။

ထိုအချက်မှာ ကျွန်ုပ်ထိုင်လျက်ရှိသော ကုလားထိုင် ဟောင်းကြီးသည် တသိမ့်သိမ့်တုန်အောင် လှုပ်ယမ်းလျက်ရှိသော ကြောင့်ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်သည်ပင် ...



“ဟ ... ဘယ်လိုတုန်း ... ဟ ... ”

ဟူ၍ ဟာနစ်လုံးပါသည့် အာမေဍိတ်ဝါကျတစ်ခုကို နှုတ်မှ ယောင်ယမ်း၍ ထွက်သွားလေသည်။

ကျွန်ုပ်သည် ခုံယမ်းသွားသည်ထင်၍ ခုံ၏ကျောက်ချောင်း၍ နေသော ကုလားထိုင်လက်ရမ်းနှစ်ခုကို အားပြု၍ကိုင်ထားရာ ကျွန်ုပ်ခုံသာမက အိမ်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်၍ ငြိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်၍သွားသည့်ကိုပါ သတိထားမိလိုက်ပါလေ၏။

အခန်းဆီး၌ တပ်ထားသော ပန်းချီကားနှင့် ဓာတ်ပုံအချို့ လည်း လှုပ်၍သွား၏။

ကျွန်ုပ်ငုံ့ယူလိုက်သော ရေနွေးခရား၊ ဒန်ခရားချိုင့်ချိုင့် ပိန် ပိန်သည်ပင် ခွေးခြေပေါ်မှ လှုပ်၍သွားကာ အောက်သို့ လွင့်စဉ်ကျ သွားမတတ်ရှိသည်ကို တွေ့လိုက်ရသည်။

ဤတွင်မှ ကျွန်ုပ်သည် ငလျင်လှုပ်သွားသည်ဟု ကောက် ချက်ချ၍ ရှူးခနဲ လေကိုမှုတ်ထုတ်လိုက်ခြင်း ပြုရလေ၏။

“အဲဒါကြောင့် ပြောတာပေါ့ဗျာ ... အလျှင်မလိုပါနဲ့လို့ ကျုပ်စကားကို ခင်ဗျားက မယုံဘူး ... ”

ဦးမြဖူးသည် ကျွန်ုပ်အား ပြုံးစိစိဖြင့်ကြည့်ကာ သူ၏မျက် မှန်ဝိုင်းဝိုင်းထူထူ မှန်ဘီလူးမျက်မှန်ကြီးအား ချွတ်လျက် စားပွဲခုံပေါ် သို့ တင်လိုက်ပြီးလျှင် သူ၏ဟောင်းရိနွမ်းစုတ်လျက်ရှိသော ဘင်ဂေါ အကုတ်အင်္ကျီအတွင်းမှ ဆေးတံကောက်ကြီးကို ထုတ်ယူလိုက်ပါလေ သည်။

“ဘာဆိုင်လို့တုန်းဗျ ... ”

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဆိုင်သော်ကောဗျ၊ ခုနကပဲ အိမ်ကြီးတစ်ခုလုံး လှုပ်သွားတာ ခင်ဗျားတောင် ပြုတ်ကျမသွားအောင် ခုံတိုင်ကို ဆွဲထားလိုက်ရတယ် မဟုတ်လား ... "

ကျွန်ုပ်သည် ရယ်ချင်စိတ်ကို မနည်းပင် မျိုသိပ်၍ထားလိုက်ရသည်။

ဦးမြဖူးမှာမူ ကျွန်ုပ်အား မရယ်မပြုံး ခပ်တည်တည်ကြီး ကြည့်လျက် သူ၏ဆေးတံအိုးကို ဆေးဖြည့်တည့်၍နေလေသည်။

ကျွန်ုပ်မှာ ထုံးစံအတိုင်း ပါးစောင်တွင် ဆေးပြင်းလိပ်တစ်လိပ်ကို ခဲလျက်သားရှိ၏။

"လျှော်လှုပ်တာ ဘာဖြစ်လဲဗျ ... ခင်ဗျားက တော်တော်ခွကျတာပဲ ... ငလျှင်လှုပ်တာများ အဆန်းလိုက်လို့ အောက်ခြေက မြေကြီးတွေပွတ်တိုက်ပြီး အပူလှိုင်းကြွလို့ လျှော်လှုပ်တာပဲ"

ဦးမြဖူးသည် ဆေးတံကို တစ်ချက်နှစ်ချက် ဖွာထုတ်လိုက်ပြီး ...

"ခင်ဗျားက ပံသုခာတ်အကြောင်း ဘယ်လောက်နားလည်လို့လဲ၊ ကျုပ်က ငလျှင်လှုပ်တာလို့ မပြောပါဘူး၊ ခင်ဗျားမေးတဲ့ မေးခွန်းနဲ့ ပတ်သက်နေလို့ပြောတာ ... "

ဟူ၍ စိတ်တိုဟန်ဖြင့် ကျွန်ုပ်အား ခပ်စိမ်းစိမ်းကြည့်ရင်း ပြောဆိုလေ၏။

"အင်း ... ခက်ရောပဲ၊ စိတ်မနှံ့တဲ့လူနဲ့တွေ့နေပြီ ... "

ဟူ၍ ကျွန်ုပ်သည် မှတ်ချက်ချပြီး ပြန်မှတော်ရော့မည်။ ပေါက်ကရလေးဆယ်၊ ကြက်ချေးယုက်သန်း၊ ဘာရှူးဘာနန်းဖြစ်ပြီဟု



ဆုံးဖြတ်လိုက်သည်။

သို့ရာတွင် ကျွန်ုပ်သည် စိတ်မနှံ့သူနှင့် ပေါင်းသင်းတတ်သည်ဟူ၍ စကားပဏ္ဍာမဆင်ကာ စကားထူးတစ်ခု ၎င်းအားပြောခဲ့ဖူးရာ ကျွန်ုပ်သည် ၎င်းအား ရူးသည်ဟူ၍ စွပ်စွဲရန်မဖြစ်နိုင်တော့ချေ။

ထို့ကြောင့် ကျွန်ုပ်သည် ...

"ကျုပ်က ရိုးရိုးသားသားမေးတာပါဗျ၊ အခြားအကြောင်းအရာတွေ ဘာမှမပါပါဘူး၊ ငလျှင်လှုပ်တာကို ခင်ဗျားအယူအဆနဲ့ ခင်ဗျားယူဆနေတော့လည်း ခက်တာပဲ၊ ပံသုပထဝီအကြောင်း ကျုပ်က ပြောရအောင် ... ကျုပ်က ပထဝီသင်တဲ့ဆရာမှမဟုတ်ဘဲ အဲဒါထက် သိချင်ရင် ဘူမိဗေဒဌာနက ပို့ပြီး ပြည့်စုံလိမ့်မပေါ့"

ဟူ၍ ၎င်းအား ကျွန်ုပ်၏ ဉာဉ်ဆိုးလေးအတိုင်းပင် အနည်းငယ်မျှတော့ ဘုတောသမှု ပြုလိုက်လေသည်။

"ခင်ဗျား ကျုပ်ပြောတာကို ယုံချင်ယုံ မယုံချင်နေ၊ ကျုပ်ကတော့ ပြောရမှာပဲ၊ ခင်ဗျားက နားထောင်နေတာကိုး၊ ကျုပ်က ဒါကြောင့် လူတွေနဲ့ မတွေ့ချင်တာ၊ ကျုပ်ဟာ ခင်ဗျားတစ်ဦးတည်းကိုပဲ ရွေးချယ်စိစစ်ပြီး ခေါ်ယူတွေ့ဆုံခွင့်ပေးတယ်ဆိုတာကို မှတ်ထားပါ ... ခင်ဗျားကို ကျုပ်က ဂမ္ဘီရပညာ လေ့လာစူးစမ်းထားမှု၊ လိုက်စားထားမှုတွေမှာ ပြည့်စုံသင့်သလောက် ပြည့်စုံတယ်ဆိုပြီး ကျုပ်နဲ့တွေ့ဆုံခွင့်ပေးတာ ... "

၎င်းသည် ကျွန်ုပ်အား အလွန်အရေးပါ အရာရောက်လှသော ပုဂ္ဂိုလ်ကြီးတစ်ဦးက အပင်ပန်းခံ၍ တွေ့ဆုံခွင့်ပြုသည့်အလား

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား ဆက်ဆံခြင်း၊ အမူအရာများကို ပြုလေ့ရှိသည့်ကြောင့် များစွာပင် စိတ်ပျက်ရလေသည်။

လွန်စွာ စိတ်မရှည်စရာကောင်းသော လူတစ်ယောက်ဖြစ်သည်ဟူ၍ ကျွန်ုပ်သတ်မှတ်မိ၏။

စကားပြောရာ၌ အမြောက်အပင့်၊ အထိုးအကော်ပါသည့် အမြင်သူပြောသောစကားကိုသည်းခံ၍နားထောင်ရသည်မှာလည်း တစ်ခါတစ်ရံ ငြီးငွေ့စရာကောင်းနေ၏။

သို့ရာတွင် ရှုးတဲ့လူကိုပင် ကျွန်ုပ်သည် တည့်အောင်ပေါင်း၍ ရသည်ဟူ၍ တွေ့စကပင် ကိုယ့်ကိုယ်ကို အမွှန်းတင်လျက် ပြောခဲ့ပေရာ ကိုယ့်စကားနှင့်ကိုယ် ရှုးလျက်ရှိတော့သည်။

ထို့ကြောင့် ကျွန်ုပ်သည် ခေါင်းညိတ်ရုံမှတစ်ပါးအခြားနည်းလမ်းမရှိသဖြင့် အောင့်အည်းလျက် ခပ်ငူငူထိုင်လိုက်မိလေ၏။

၎င်းဘေးရှိ ရေနွေးကြမ်းအေးအေးကြီးကို ထပ်၍သောက်ရန်လည်း ရွံ့နေမိသောကြောင့် ဆေးပြင်းလိပ်ကိုသာ မီးညှိကာ ခပ်တွင်တွင် ဖွာရှိုက်ခြင်းပြုရလေ၏။

"ခင်ဗျား ကျုပ်ပြောတာ မယုံသေးလျှင် ထပ်ပြီး စမ်းနိုင်ပါသေးတယ်ဗျ ... ကျုပ်က ရှုးကြောင်ကြောင်နဲ့ ထင်ရာပြောတယ်လို့များ မှတ်လို့လား ... "

ဟူ၍ ကျွန်ုပ်ငြိမ်ချက်သားကောင်းလျက်ရှိသည်ကို ဦးမြဖူးက ထပ်ကွန့်မြန်လေသည်။

"ကျုပ်က ဘာထပ်ပြီး စမ်းသပ်ရမှာလဲ ... "

ဟူ၍ ကျွန်ုပ်သည် ဆေးပြင်းလိပ်ကို ပါးစောင်တွင်လျှပ်



ကာ ပြောလိုက်၏။

"တောတွင်းသား ရွှေရွက်လှရဲ့အကြောင်းနဲ့ တောတွင်းသား ရွှေရွက်လှကို တွေ့ချင်တယ်လို့ ခင်ဗျားအနေနဲ့ ဒုတိယမ္ဘိ ထပ်ပြောကြည့်လေ ... "

ကျွန်ုပ်သည် အဟဲခနဲ ရယ်လိုက်မိ၏။ ကျွန်ုပ်အား စိန်ခေါ်လျက်ရှိခြင်းကြောင့် ဖြစ်သည်။

စိန်ခေါ်မှုအား ကျွန်ုပ်သည် ငြင်းဆန်ရန် ဝါသနာမရှိခြင်းကြောင့် ဖြစ်၏။

"ကိုင်း ... ကျုပ်က စိန်ခေါ်တယ်ဗျာ၊ ကျုပ်ကိုယ်တိုင် တောတွင်းသား ရွှေရွက်လှကို တွေ့ချင်တယ် ... ဟဲ ... ဟဲ ... "

ကျွန်ုပ်သည် ထိုသို့ဆိုလိုက်လျှင် ကျွန်ုပ်၏ရှေ့ရှိ ဦးမြဖူးသည် ကျွန်ုပ်အား တစ်ချက်မျှပြုံးကြည့်ကာ ၎င်း၏ရေနွေးကြမ်းအေးအေးကြီးတစ်ခွက်ကို မော့၍သောက်ချလိုက်၏။

ကျွန်ုပ်၏ကုလားထိုင်သည် သိမ့်ခနဲ ငြိမ့်ခနဲဖြစ်လျက်သွားပြီးလျှင် နံရံတွင် ချိတ်ဆွဲထားသော ဓာတ်ပုံမှန်ကားချပ်တစ်ခုနှင့် ဆေးရေးပန်းချီကားချပ်တစ်ခုသည် လှုပ်ယမ်း၍ သွားပေ၏။

နှစ်ကြိမ်နှစ်ခါဖြစ်ခြင်းကြောင့် ကျွန်ုပ်သည် ဦးနှောက်ခြောက်လျက်သွားပေ၏။

"ဟဲ ... ဟဲ ... ဘယ့်နှယ့်လဲ ကိုယ့်လူ၊ ကျုပ်ပြောတာ မယုံဘူးလား၊ ငလျင်လှုပ်တာပါဆို။ ထပ်ပြီး စမ်းချင်သေးလား"

ကျွန်ုပ်သည် ဟင်းခနဲ သက်ပြင်းတစ်ချက်ချလိုက်သည်။ ရှည်ရှည်လျားလျားပင် ချပြီး ကျွန်ုပ်သည် ခေါင်းယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အတွက် မှတ်ချက်ပေးရန် ခဲယဉ်းနေသောကြောင့်ပင် ဖြစ်၏။

"ခင်ဗျား စိတ်ရှုပ်ပေါက်ပြီး ယန္တရားတစ်ခုခု ခင်ဗျားအိမ်ထဲမှာ ဆင်ထားလို့နေမှာပေါ့ဗျ ... ဝေလျှင်လှုပ်တာလည်း ဖြစ်နိုင်တယ်၊ တစ်စုံတစ်ဦးက အောက်ဘက်ကနေပြီး လှုပ်ပြတာလည်း ဖြစ်နိုင်တယ်၊ လှုပ်ပြတာမှာလည်း စက်ခလုတ်၊ စက်ကိရိယာတစ်ခုခုကို အသုံးပြုပြီး လှုပ်တာလည်း ဖြစ်နိုင်တာပဲ ..."

ကျွန်ုပ်သည်လည်း အောက်ကျနောက်ကျမခံ၊ ၎င်း၏ပေါက်ကရစကားရပ်များအားလည်း အနိုင်မပေးလိုသောကြောင့် ကျွန်ုပ်သည် အတန်ကြာတွေးဆပြီးမှ မှတ်ချက်ပြုလိုက်၏။

"ဟဲ ... ဟဲ ... ခင်ဗျားက မလျော့သေးဘဲကိုး၊ ကျုပ်ကို ခင်ဗျားက ရှုးကြောင်ကြောင်လူလို့ ထင်မြင်ယူဆနေတာပေါ့လေဟင်း ... ကျုပ်က ခင်ဗျားကို အထင်ကြီးပြီး ဖိတ်ခေါ်တာ၊ ခင်ဗျားမှာ ဂမ္ဘီရပညာရပ်နဲ့ ပတ်သက်တဲ့ အသိဉာဏ်တော်တော်များများ ရထားပြီလို့ ယူဆပြီး ကျုပ်က အံ့မခန်းစွမ်းရည်ရှိတဲ့ တောတွင်း ဂမ္ဘီရအတတ်ပညာစွမ်းတွေကို ဖော်လာနိုင်အောင်လို့ ဖိတ်ခေါ်တာဗျ၊ ခင်ဗျားက ကျုပ်ပြောတာကို လက်ခံဖို့ တော်တော်ခဲယဉ်းနေပုံရတယ်။ အဲဒီတော့ ကျုပ်က ခင်ဗျားကို တောတွင်းသား ရွှေရုက်လှနဲ့ ဆက်သွယ်မပေးရုံဘဲပေါ့ဗျာ ..."

ဦးမြဖူးသည် ကျွန်ုပ်အား ချော့ခြင်း၊ ခြောက်ခြင်းနှင့်အတူ အကျပ်ကိုင်ခြင်းကိုပါ ပြုလေ၏။

"ကိုင်း ... ဒီလိုဆိုလည်း နေတော့ဗျာ။ ကျုပ်စိတ်သိပ်မရှည်တော့ဘူး၊ ခင်ဗျားက ကျုပ်ကို ပညာစမ်းပြီး ညှဉ်းသလို လုပ်နေ



တော့ ကျုပ် နောက်ထပ်သည်းခံပြီး ခင်ဗျားပြောတာတွေကို နားထောင်မနေချင်တော့ဘူး။ ကျုပ်မှာ အချိန်ပို သိပ်မရှိဘူး ... သွားမယ် ..."

ဟူ၍ ကျွန်ုပ်သည် ထ၍ပြန်ရန် စိုင်းပြင်းလိုက်လေသည်။

ကျွန်ုပ်သည် ထီးနှင့် ကျွန်ုပ်၏ရှမ်းလွယ်အိတ်ဟောင်းကြီးကို ကောက်ယူလိုက်လေသည်။ ကျွန်ုပ်၏မျက်မှန်ကိုလည်း အိတ်တွင်းမှ ပြန်၍တပ်လိုက်၏။

ထို့နောက် ကျွန်ုပ်သည် အပေါက်ဝဆီသို့ ပြန်ခဲ့လေ၏။

"ဟော့လူ ... နေပါဦးဗျ၊ ဒီလူ တော်တော်ခက်တဲ့လူပဲ။ ခဏနေဦး ..."

ဦးမြဖူးသည် သူ၏ပက်လက်ကုလားထိုင်ဟောင်းကြီးပေါ်မှထ၍ ဖိုသီဖတ်သီ ဖရိုဖရဲအဝတ်အစားကို ပြန်၍ဝတ်လိုက်သည်။ ထို့နောက် သူ၏မျက်မှန်ဝိုင်းကို မျက်လုံးနေရာတည့်တည့်သို့ ပြန်တပ်လိုက်ပြီး တံခါးမကြီးဘက်သို့ ယိုင်တိယိုင်တိုင်ဖြင့် ထွက်လာခဲ့၏။

ကျွန်ုပ်သည် ၎င်းအား လှည့်ကြည့်ပြီး ဆက်၍ မသွားသေးဘဲ ရပ်၍ကြည့်လိုက်သည်။ သူသည် ကျွန်ုပ်အား ခပ်တည်တည်မျက်နှာပေးဖြင့် ကြည့်ပြီးနောက် ကျွန်ုပ်အနီးသို့ ရောက်လျှင် ကျွန်ုပ်၏ လက်ဖျံအား ကိုင်လိုက်လေ၏။

ကျွန်ုပ်သည် ကြက်သီးမွေးညင်းထ၍ သွားပေတော့၏။ ဦးမြဖူး၏ လက်သည် လူသေတစ်ဦး၏လက်ကဲ့သို့ဖြစ်ကာ အေးနေ့စွာ အေးစက်လျက်ရှိပြီး ပျော့ဖတ်ဖတ်ကြီးဖြစ်လျက် ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အနည်းငယ်တွန့်လျက်သွား၏။ လူသေလက်ကြီးဖြင့် ကျွန်ုပ်၏လက်အား အကိုင်မခံလိုသောစိတ်ဖြစ်ပေါ်လျက် မရှိ့မရဲဖြစ်လျက်ရှိ၏။

ဦးမြဖူးမှာမူ ကျွန်ုပ်အား သွားကြီးဖြီးလျက် ကျွန်ုပ်၏ စိတ်တိုသွားခြင်းအား သဘောကျလျက် ရှိပုံရပေ၏။

"လာပါဗျာ ... ကျုပ်က ကျီစားသန်တယ်ဗျ။ ခင်ဗျားကို ဒေါသဖြစ်အောင် လုပ်ရတာ တစ်မျိုးအရသာရှိတယ်ဗျ ... "

ဟူ၍ ပြောလေသည်။

၎င်းသည် ကျွန်ုပ်အား ကလေးသူငယ်တစ်ယောက်ကို ကျီစားခြင်းမျိုးကဲ့သို့ ကျီစားလိုဟန်ရှိပေ၏။ ၎င်း၏ လက်အေးကြီးကိုလည်း ကျွန်ုပ်လက်မှ လွှတ်ပေးခြင်းမရှိပေ။

ကျွန်ုပ်သည် အပေါက်ဝမှ လှေကားသို့ဆင်းရန် ဟန်ပြင်လျက်ရှိရာ ဦးမြဖူးသည် ကျွန်ုပ်၏လက်မောင်းအား တွဲယူပြီးလျှင် အတွင်းသို့ မြန်၍ဆွဲခေါ်သွားလေ၏။

ကျွန်ုပ်သည် မှန်းဆရခက်သော အရူးဆန်ဆန် မိတ်ဆွေတစ်ဦး၏ ဆွဲခေါ်ခြင်းကို စိတ်မပါတော့သော်လည်း အလိုလို လိုက်ပါမိလျက်သား ရှိလေသည်။

ဦးမြဖူးသည် ယခုအခါ ကျွန်ုပ်အား အတွင်းခန်းတွင်းသို့ မခေါ်စဖူးဆွဲ၍ ခေါ်သွားပေရာ လိုက်ကာခန်းဆီးမရှိသော ၎င်း၏ အတွင်းတံခါးပေါက်သို့ ဝင်ရောက်သွားရပေ၏။

တံခါးပေါက်နားတွင်ကား အခန်းငယ်တန်းလျားကြီးရှိ၍ လူသွားလမ်းစင်္ကြံလမ်းရှိသည်ကို တွေ့ရပြီး လက်ရမ်းစရန်တာများ



သည်း တွေ့ရပေရာ ကျွန်ုပ်သည် စဉ်းစားရ ကျပ်လျက်ရှိ၏။

လူတစ်ဦးတည်းနေသော ဤတိုက်အိုကြီးသည် အဘယ်ကြောင့် ဤကဲ့သို့ အခန်းများကို ဖွဲ့စည်းထားရဘိသနည်းဟု စဉ်းစားလိုက်သည်။

ဦးမြဖူးသည် ကျွန်ုပ်အား စင်္ကြံလမ်းတစ်လျှောက် ခေါ်ဆောင်၍ သွား၏။ အခန်းသုံးခန်းသည် မှန်တံခါးချပ်များဖြင့် ဖုံးအုပ်ထားလျက်ရှိပြီး သော့များဖြင့် သေချာစွာ ခပ်နိုင်၍ထားလေသည်။

ကျွန်ုပ်သည် အခန်းတိုင်းအား လှေ့လာကြည့်သော်လည်း အခန်းတွင်းသို့ မြင်နိုင်စွမ်းမရှိဘဲ မည်းမှောင်သော မှန်ချပ်ထူထူကြီးများသာလျှင် တွေ့ရပြီး အခန်းတွင်းသို့ အကဲခတ်ခွင့် မရပေ။

ထိုအခန်းသုံးခန်းဆုံးလျှင် အောက်သို့ဆင်းရန် လှေကားအိုကြီးတစ်ခုကို တွေ့ရ၏။ လှေကားအိုကြီးမှာ လက်ရန်းပြုတ်လှုပ်တ်ခင်ရှိပြီး လှေကားထစ်များမှာလည်း ပွဲ့ရွဲ့လျက် စရွေးများချောင်ပြီး အောက်ခံဆင့်များမှာလည်း အတန်စင် ဆွေးလျက်ရှိပုံရလေ၏။

ကျွန်ုပ်သည် ထိုလှေကားမှဆင်းရန် ဝန်လေးနေမိ၏။ လှေကားထစ်ပြုတ်သွားလျှင် ကျွမ်းထိုး၍ ကျသွားမည်မှာ သေချာနေခြင်းကြောင့် ကြောက်စိတ်ဝင်လျက်ရှိပေ၏။

"ဟဲ ... ဟဲ ... ကြောက်နေသလား ကိုယ့်လူ၊ ပြုတ်ကျသွားရင် ဂမ္ဘီရပညာကို ကောင်းကောင်းအသုံးပြုလိုက်ပေါ့ဗျာ၊ အမြင့်ခုန်ခြင်း၊ ထန်းတက်ခြင်း၊ သစ်ပင်တက်ခြင်း၊ အမြင့်က အောက်ကို ခုန်ချခြင်း၊ တွင်းနက်ထဲ ကြိုးတစ်ချောင်းနဲ့ ဆင်းခြင်း၊ သိမ်မှုရိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ခဲပစ်ခြင်း၊ ဒေါင်းတောင်ပစ်ခြင်း၊ ကျွမ်းလိုမ့်ထိုးခြင်း၊ ရှောင်ပုန်းခြင်းစတဲ့ ပညာရပ်တွေပေါ့ဗျာ၊ ခင်ဗျားက ဂန္ဓာရပညာနဲ့ပတ်သက်လို့ တော်တော်စိတ်ဝင်စားတော့ ဒီလေ့ကားမျိုးဟာ အနေတော်ပါပဲ"

ဦးမြဖူးသည် လေ့ကားကို မဆင်းသေးဘဲ ကျွန်ုပ်အား လေ့ကားထိပ်ပေါ်တွင်ရပ်လျက် ပြောဆိုနေခြင်းကြောင့် ကျွန်ုပ်သည် စိတ်တိုမိ၏။

"သူ့နေရာနဲ့ သူပေါ့ဗျာ။ စာအုပ်ထဲမှာ ဖြစ်နိုင်တာတွေကို အပြင်မှာလုပ်ဖို့ မလွယ်သလို အပြင်မှာ တကယ်ဖြစ်ပျက်နေတာတွေကိုလည်း စာအုပ်ထဲမှာ ထည့်ရေးရင် မယုံနိုင်သလိုပဲပေါ့"

"အင်း ... ခင်ဗျားစကား တော်တော်ကောင်းတယ်။ ကြိုက်သွားပြီဗျို့။ ခင်ဗျားအဆိုဟာ သေချာတွေးရင် တော်တော်ကျေနပ်စရာကောင်းတယ် ..."

ကျွန်ုပ်သည် နောက်ထပ် ဘာမှဆက်၍မပြောဘဲ ရပ်ထားလိုက်သည်။ လေ့ကားထစ်များကိုသာ စူးစမ်းလိုက်သည်။ ဆင်းလိုက်လျှင် လေ့ကားထစ် ကျွံသွားမည့်အရေးသည် အတော်ပင် စိတ်လေးစရာကောင်း၍ နေပေ၏။

လေ့ကားမှာ အတော်အတန်မြင့်သော လေ့ကားဖြစ်ပြီး၊ လေ့ကားထစ်အရေးအတွက်မှာလည်း များပြားရကား ဘေးအန္တရာယ် လုံခြုံရေးအတွက် စိတ်မချနိုင်ဖွယ်သော အနေအထားဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်သည် ဦးမြဖူးပြောသည့် စကားများကို သေချာစွာ ဂရုစိုက်နားထောင်နိုင်ခြင်း မရှိဘဲ ကျွန်ုပ်သွားရမည့် အနေအထားကိုသာလျှင် ဆင်ခြင်လျက်ရှိသည်။



ဦးမြဖူးသည် ကျွန်ုပ်အား ပြောဆိုပြီးလျှင် လေ့ကားထစ်များကို ခပ်သွက်သွက်ဆင်းသွားလေရာ ကျွီ၊ ကျွတ်ခနဲအသံများ မြည်ပြီးလျှင် အောက်သို့ချောမောပြေပြစ်စွာ ရောက်၍သွားတော့သည်။

ကျွန်ုပ်ကား ဤကဲ့သို့ လျင်မြန်စွာ မဆင်းသက်ရဲပေ။ ထို့ကြောင့် ကျွန်ုပ်သည် တစ်ထစ်ချင်းနင်းကာ ခပ်ဖြည်းဖြည်းပင် ဆင်းခဲ့ရလေသည်။

လေ့ကားအလယ်လောက်တွင် ကျွန်ုပ်နင်းလိုက်သော လေ့ကား ကျွတ်ခနဲမြည်၍ ကျိုးသွားရာ ကျွန်ုပ်သည် လွန်စွာထိတ်လန့်လျက် ကျန်အထစ်များကို ကမန်းကတမ်းကျော်၍ အောက်သို့ ခုန်ဆင်းလိုက်ရာ ကိုးရိုးကားရားဖြစ်သွားပေတော့၏။

ကျွန်ုပ်၏အဖြစ်အား ဦးမြဖူးသည် လွန်စွာသဘောကျပြီး ဟား'တိုက်ရယ်မောလျက်ရှိတော့သည်။ ကျွန်ုပ်မှာမူ နဖူးဆံစပ်၌ ချွေးပြန်လျက်ရှိ၏။

"ခင်ဗျား ကျုပ်အိမ်လှေကားကျိုးနပ်သွားပြီဗျ ... ဟဲ ... ဟဲဟဲ ..."

ဟူ၍ ရယ်သွမ်းသွေးပြန်တော့၏။

ကျွန်ုပ်သည် ထီးနှင့်လွယ်အိတ်ပါလေရာ သေချာစွာပြန်၍ ထီးကိုပိတ်လိုက်၏။ ကျွန်ုပ်၏ဟန်ချက်ချွတ်ယွင်းသွားမှုကြောင့် ထီးသည် လက်ကိုင်မှ ပွင့်လျက်ရှိရာ ထီးရွက်အချို့ ကျွန်ုပ်၏ခေါင်းကြားသို့ ဝင်လျက်ရှိပေ၏။

"ကိုင်း... လာလာ၊ အချိန်ရှိတုန်း လုံ့လစိုက်လိုက်ရအောင်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ခင်ဗျားကို အတော်ပဲ သနားသွားပါပြီ၊ ဟင်း … ဟင်း၊ တောတွင်းသားရွှေရွက်လှနဲ့ ခင်ဗျားကို မိတ်ဆက်ပေးရပေဦးတော့မယ် … ”

ဟူ၍နောက်ဖေးရှိမြေကွက်လပ်တွင်းသို့ ခေါ်ဆောင်သွားပြီး ကျွန်ုပ်ဖြတ်သန်းလာသည့် အဆောက်အအုံကို အောက်ဘက်မှ ဖြတ်သန်းခဲ့ရပြီးလျှင် မြေကွက်လပ်အဆုံးရှိ အခန်းတစ်ခု၏ တံခါးကို တွန်း၍ဖွင့်လိုက်သည်။

ထိုအခန်းသည် နေ့လယ်နေ့ခင်းဖြစ်သော်လည်း လွန်စွာမှောင်မိုက်လျက်ရှိ၏။ သို့ရာတွင် ပြတင်းပေါက်မှန်ရောင်ကြောင့် အနည်းငယ် မှိန်မှိန်လေးမြင်ရသည်။

ဦးမြဖူးသည် ထိုအခန်းတွင်းသို့ရောက်လျှင် ၎င်း၏ဟောင်းနွမ်းညစ်ပေလျက်ရှိသော ကုတ်အင်္ကျီရှည်၏ ညာဘက်အိတ်တွင်းမှ သော့တွဲကြီးတစ်တွဲကို ထုတ်လိုက်သည်။

ထို့နောက် သော့တစ်ချောင်းကို ထုတ်ပြီးလျှင် အခန်း၏ထောင့်စွန်းသို့သွားပြီး ဒူးထောက်ထိုင်ချလိုက်၏။ ကျွန်ုပ်သည် စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလျက်ရှိ၏။

ဦးမြဖူးသည် သော့ကိုကိုင်ပြီးလျှင် ဖုန်တက်လျက်ရှိသော ကြမ်းပြင်ပေါ်မှ ဖုန်အချို့ကို လက်ဖြင့်ပွတ်သပ်ဖယ်ရှားလိုက်၏။ လက်တစ်ဝါးသာသာခန့် သော့တံပေါက်တစ်ခုသည် ပေါ်၍လာ၏။

ထို့နောက် ထိုသော့တံပေါက်အား ၎င်းကိုင်ထားသော သော့ချောင်းဖြင့် ထိုး၍ကြည့်လိုက်သည်။ ဂျလောက်ဟူသော အသံသည် ထွက်ပေါ်လာ၏။



ထိုနေရာမှနေ၍ လက်ကိုင်ဘုကလေးတစ်ခုသည် အတွင်းမှ ထွက်၍လာ၏။ ဦးမြဖူးသည် ထိုလက်ကိုင်ဘုအားဆွဲ၍ ထုတ်လိုက်၏။ အတန်ကြာမျှ ဂရုစိုက်လုပ်ဆောင်ရသည်ကို တွေ့ရပေ၏။

ကျွန်ုပ်သည် ထိုအချိန်တွင် စိတ်အားတက်ကြွ၊ စိတ်လှုပ်ရှားစွာဖြင့် ၎င်း၏လုပ်ဖုံကိုင်ပုံကိုကြည့်ရှုလျက် ရှိပေ၏။ ထူးဆန်းသော လူတစ်မျိုးပဲဟူ၍ မှတ်ချက်ချပြီးလျှင် ကျွန်ုပ်သည် ဦးမြဖူးအပေါ်၌ ပို၍စိတ်ဝင်စားမှုရှိလာလေသည်။

ဦးမြဖူးသည် ဒူးထောက်လျက် အံဖုံးလက်ကိုင်ဘုအား ဆွဲလှပ်၍ ဖွင့်ယူလိုက်ရာ ထိုအဖုံးသည် သုံးပေပတ်လည်ခန့်အပေါက်၏ အဖုံးတံခါးဖြစ်သည်ကို တွေ့ရ၏။ ထိုအဖုံးအား ဖွင့်လိုက်ရာ မြေတိုက်ခန်း၏ လှေကားအဖုံးဖြစ်၍နေသည်ကို တွေ့ရ၏။ ထူးခြားသည့်အချက်တစ်ခုမှာ ကျွန်ုပ်သည် မြေတိုက်ခန်းမှ ထိန်လင်းသော အလင်းရောင်ကို တွေ့ရှိရခြင်းပင်ဖြစ်၏။

“ကိုင်း … ကျုပ်တို့ အောက်ကိုဆင်းကြဦးစို့ဗျို့။ ဒီလှေကားကတော့ ဝက်သစ်ချသားနဲ့ ပြုလုပ်ထားတာဆိုတော့ အတော်ခိုင်ပါတယ်ဗျ … ခင်ဗျား စိတ်ချမ်းချမ်းသာသာနဲ့ ဆင်းနိုင်ပါလိမ့်မယ် ဟဲ … ဟဲ … ”

ဦးမြဖူးသည် သော့တွဲကို လက်ထဲမှ ၎င်း၏ အိတ်တွင်းသို့ ပြန်၍ထည့်လိုက်၏။

ထို့နောက် သုံးပေပတ်လည်ရှိ အပေါက်၏ မြေအောက်လှေကားမှနေ၍ အောက်သို့ဆင်း၍ သွားလေ၏။

ကျွန်ုပ်သည်ကား ရင်တထိတ်ထိတ် ဖြစ်လျက်ရှိ၏။ ဤ

www.burmeseclassic.com

www.burmeseclassic.com



မြေတိုက်ခန်း၌ ဦးမြဖူးသည် ရုတ်တရက် စိတ်ဖောက်ကာ ကျွန်ုပ်၏ အသက်ကို လုပ်ကြံမည်လောဟူသော အတွေးသံသယစိတ်သည် ရုတ်တရက် ဝင်ရောက်၍ လာသောကြောင့်ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်သည် သတိထားလျက် ဖြည်းဖြည်းချင်း ဆင်းသက်ခြင်း ပြုရလေသည်။

ကျွန်ုပ်သည် လှေကား(၁၀)ထစ်ရှိသော မြေတိုက်ခန်း လှေကားအောက်သို့ရောက်လျှင် လွန်စွာအံ့သြခြင်းမက အံ့သြခြင်း ရှိပြီးလျှင် မြင်တွေ့လိုက်ရသော အရာအားလုံးအား ကြက်သေသေ လျက် ငေးမောကြည့်ရှုမိလေတော့သည်။

* * *



## ထူးဆန်းသော မြေတိုက်ခန်းမဆောင်

ကျွန်ုပ်သည် အံ့သြဘနန်း မှတ်သိပ်ပြွန်းမှု ထိုခန်းမ ဆောင် မြေတိုက်ခန်းကြီးအား ကြည့်ရှုပြီးနောက် ရှေးမဆွက ဦးမြ ဖူးအပေါ်တွင် အထင်သေးအမြင်သေးခဲ့သော စိတ်များသည် ရွေ့ ပျောက်လျက် သွားပေတော့၏။

မြေတိုက်ခန်းမှာ အလွန်တရာ ကျယ်ဝန်း၏။ အတွင်း၌ လွန်စွာခေတ်မီသော မီးဆိုင်းကြီးတစ်ခုသည် လင်းလျက်ရှိ၏။

ထို့ပြင် နံရံကပ်မီးတိုင်များမှာ အီတလီ၊ ရောမမီးတိုင်ကြီး များ ဖြစ်ကြပေသည်။

ကျွန်ုပ်သည် ဤကဲ့သို့ ခမ်းနားခြင်းရှိသော မြေတိုက်အခန်း ကြီးကို တွေ့ရှိရ၍ အံ့သြခြင်းဖြစ်ရသည် မဟုတ်ပေ။

ကျွန်ုပ်အား လွန်စွာအံ့သြစေသော အချက်ကြီးတစ်ချက် ကြောင့် ကျွန်ုပ်မှာ ပါးစပ်အဟောင်းသားဖြစ်နေရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကား တောတွင်းသား ရွှေရွက်လှကို ကျွန်ုပ်သည် တွေ့ရှိလိုက်ရသောကြောင့် ဖြစ်ပေ၏။ ကျွန်ုပ်သည် တောတွင်းသား ရွှေရွက်လှအားကြည့်ကာ ကြက်သေ့သေလျက် ရှိတော့သည်။

"ဟဲ ... ဟဲ ... ဘယ့်နှယ်ရှိစ၊ လူကြီးမင်းက ကျုပ်ကို သာမညောင်ညု ပုဂ္ဂိုလ်လို့ ထင်နေတယ်မဟုတ်လား ... ကျုပ်က သာမညောင်ညထဲက မဟုတ်ဘူးဆိုတာ အကဲခတ်မိပြီ ထင်ရဲ့"

ကျွန်ုပ်သည် ဦးမြဖူးပြောသည်ကို သိပ်စိတ်မဝင်စားလှ၊ ကျွန်ုပ် စိတ်ဝင်စားလျက်ရှိသည်ကား တောတွင်းသား ရွှေရွက်လှဟူသော ပုဂ္ဂိုလ်ပင်ဖြစ်၏။

ကျွန်ုပ်သည် တောတွင်းသား ရွှေရွက်လှ၏ဘဝ တစ်စွန်းတစ်စ၊ တစ်စိတ်တစ်ပိုင်းကို သိရှိထားသူဖြစ်လေရာ ကျွန်ုပ်၏ အာရုံမှာ တောတွင်းသား ရွှေရွက်လှသာလျှင် ဖြစ်ပေ၏။

တောတွင်းသား ရွှေရွက်လှမှာ ကျွန်ုပ်အား သေချာစွာကြည့်ရှုလျက်ရှိ၏။ မျက်လုံးနှစ်လုံးမှ စိမ်းလဲ့ရောင်ပြေးလျက်ခိုင်ခန့်သော မေးကြောနှစ်ဖက်နှင့် လွန်စွာလိုက်ဖက်ညီထွေရှိ၏။

လည်ကုပ်ပေါ်၌ ဝဲကျလျက်ရှိသော ဆံပင်ရှည်များမှာ နူးညံ့ပျော့ပျောင်းဟန်ရှိသော်လည်း ဆံအလုံးအမှင်များမှာ တုတ်ခိုင်၍ အားကောင်းမောင်းသန်ခြင်း၏ သင်္ကေတအမှတ်အသားကို ပြလျက်ရှိပေ၏။

လေးထောင့် မပာနဖူးမှာ တင်းတင်းပြည့်ပြည့် ရှိ၏။ ချွန်ထက်သော နှာတံတွင် အနည်းငယ် ကောက်သယောင်ရှိသော နှာတံမှာလည်း ကြီး၏။



နှုတ်ခမ်းနှစ်လွှာမှာမူ ထူထဲကျယ်ပြောသော်လည်း စေ့စပ်နိုင်မာ၏။ ထိုနှုတ်ခမ်းထက်၌ နက်မှောင်သော အရောင်အသွေးရှိသော နှုတ်ခမ်းမွေးသည် တန်းလျက်ရှိပြီး နှုတ်ခမ်းအစွန်းတွင် ဘေးသို့ကုပ်လျက် ကျ၏။

ထို့ပြင် 'နန္ဒမုက္ခ' မည်သော မှဲ့ကြီးသည် ပါးရိုးအထက်တွင် ခပ်ထင်ထင်ရှိ၏။ ဤ နန္ဒမုက္ခမည်သော မှဲ့မျိုးမှာ စစ်သူကြီး အကြီးအမှူးစသည့် ရဲရင့်ခြင်း၏ အသွင်ကိုဆောင်၍ ခွန်အားသတ္တိအရာကို ဆောင်ယူသော ကြီးမှူး၊ မှူးမတ်၊ ရာဇပတ္တေ့စသည့် ပုဂ္ဂိုလ်ကြီးမျိုးထံ၌ ရှိတတ်ကြောင်းကို မှဲ့ကျမ်းစာစောင်၌ ကျွန်ုပ်သည် တွေ့ရှိဖူးရာ အထူးပင် အားကျဖွယ်ကောင်းသော အင်္ဂါမျိုးဖြစ်ပေသည်။

တောတွင်းသား ရွှေရွက်လှသည် ညာလက်၌ ဓားလွတ်တစ်ခုကို ခပ်တင်းတင်း အုပ်ကိုင်လျက် ကျန် လက်တစ်ဖက်၌ တင်းပုတ်တစ်ခုကို ကိုင်ဆောင်လျက်ရှိရာ ကျွန်ုပ်သည် ရှေ့သို့ မတိုးဝံ့ဘဲ ကြောက်ရွံ့စိတ်များ ဖုံးလွှမ်းလျက် ရှိပေ၏။

ပန်းကြွက်သားမျှင်ကြီးများသည် ကြီးခိုင်သော သစ်ပင်ပင်စည်ကြီး၏ အမြစ်ကြီးသဖွယ် လှိုင်းထလျက် ကြောက်မက်ဖွယ်ပင်ဖြစ်၏။

အထက်အင်္ကျီဗလာ ကိုယ်ပိုင်းဖြစ်၍ အမြောင်းလိုက်ထနေသော အကြောမျှင် အသားမျှင်များကို တွေ့ရ၏။ လက်မောင်းသားကြီးသည် တွဲလျက်ရှိ၏။

ထိုသို့ တွဲကျရာတွင် ကြွက်သားမြောင်းကြီး ပေါ်ဖက်သည်

www.burmeseclassic.com

www.burmeseclassic.com



အထင်းသား အကွင်းသား ပေါ်လျက်ရှိပေရာ လွန်စွာကောင်းသော လက်ရုံးလက်သားဖြစ်သည်ကို တွေ့ရ၏။

ကျွန်ုပ်သည် အလွန်အားကျစွာဖြင့် ထိုပုဂ္ဂိုလ်ကြီးအား ကြည့်ရှု ပင့်သက်ရှူလျက်ရှိပေ၏။

သို့ရာတွင် ကျွန်ုပ်သည် ရှေ့သို့တိုး၍ ကြည့်ရခြင်း မရှိပေ။ အတန်ကြာမျှ တစ်နေရာတည်းတွင် ခြေစုံရပ်လျက်သား ရှိနေမိ၏။

ဦးမြဖူးသည်ကား ကျွန်ုပ်၏ အနားတွင် မရှိပေ။ ဦးမြဖူးသည် ဤအခန်းထဲသို့ ရောက်လျှင်ပင် ၎င်း၏ နှေးကွေးဟန် တုံ့ဆိုင်းဟန်ရှိသော ခြေလှမ်းများသည် သွက်လက်လှုပ်ရှားမြန်ဆန်စွာဖြင့် လှည့်လည် လှုပ်ရှားသည်ကို တွေ့ရရာ ၎င်း၏ သွက်လက်မှုသွက်လက်နည်းမှာ စက်ရုပ်တစ်ခုအား သံပါတ်ပေး၍ ထားသည်နှင့် တူလှသည်ဟု ကျွန်ုပ်သည် မှတ်ချက်ပေးမိလေသည်။

ဦးမြဖူးသည် ဤမြေတိုက်ခန်းထဲတွင် ရွှင်ရွှင်မြူးမြူးလည်း ရှိပုံရလေသည်။

ဦးမြဖူးသည် ကျွန်ုပ်၏ အနီးသို့ တစ်ဖန်ရောက်လာပြီးလျှင် ...

"ဘယ့်နှယ် ... သဘောကျရဲ့လားဗျ ... ၊ ကျုပ် ဒီအခန်းကို နှစ်ပေါင်း လေးဆယ်လောက်ကြာအောင် တည်ဆောက်ထားရတာ ... "

ကျွန်ုပ်သည် ခေါင်းညိတ်လိုက်သည်။ အခန်းတစ်ခုလုံး၏ အနေအထားသည် လွန်စွာ ကုန်ကျစရိတ်များလှပြီးလျှင် ရှေးဟောင်းပစ္စည်းများဖြင့် ပြည့်နှက်၍နေသည်။



ကျွန်ုပ်သည်ကား ထိုရှေးဟောင်းပစ္စည်းများကို စေ့စေ့စွာ လှေလာကြည့်ရှုခြင်းပြုရန်ထက် ကျွန်ုပ်နှင့် မလှမ်းမကမ်းတွင် ရှိနေသော တောတွင်းသား ရွှေရွက်လှအားသာလျှင် ခပ်မဆိတ် အကဲခတ်လျက်ရှိဘိ၏။

ကျွန်ုပ်၏စိတ်သည် မှုမှန်မှုမရှိဟု ထင်မှတ်ရသည်။ ရင်တွင်း၌လည်း ကတုန်ကယင်ကြီး ဖြစ်လျက်ရှိ၏။

တောတွင်းသား ရွှေရွက်လှသည် ကျွန်ုပ်အား ခပ်ပြုံးပြုံးစိုက်ကြည့်လျက်ရှိပြီး တစ်ချက်တစ်ချက် ကျွန်ုပ်အား နှာယောင်တွန့်လျက် စူးစူးစိုက်စိုက် ကြည့်ရှုသလိုရှိသောကြောင့် ကျွန်ုပ်သည် ပို၍ စိတ်လှုပ်ရှားခြင်း ဖြစ်ရလေသည်။

ဦးမြဖူးသည် ကျွန်ုပ်၏အနားသို့ ရောက်လာလိုက်၊ ထို့နောက် အခန်း၏ အတွင်းပိုင်းသို့ ဝင်ရောက်သွားလိုက်ပြုလျက်ရှိ၏။

အခန်း၏ အတွင်းပိုင်း၌မူ မှောင်ရိပ်ကျလျက် ရှိပေသည်။ အခန်း၏ အပြင်ပိုင်းဟု ခေါ်ဆိုအပ်သော နေရာ၌မူ မီးလုံးစလိုက်ကြီးတစ်ခုကို တွေ့ရ၏။

ထိုနေရာမှ ပါတီရှင်းဟု ခေါ်သော အခန်းစည်းတစ်ခုကို ကာရံထားပြီး ထိုအခန်းစည်းရှေ့၌မူ တောတွင်းသား ရွှေရွက်လှအား တွေ့ရခြင်းဖြစ်၏။

ဦးမြဖူးသည် သားရေဖုံးခင်းထားသော ခွေးခြေငယ် တစ်ခုအား ယူဆောင်လာပြီး ကျွန်ုပ်အား နေရာထိုင်ခင်းပေးလေ၏။

ကျွန်ုပ်သည် ထိုသားရေဖုံး ခွေးခြေပေါ်တွင် အသာထိုင်သာ ငြိမ်သက်စွာ နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြဖူးသည် ဆေးတံရှည်ကြီးတစ်ခုကို ယူဆောင်၍လာပြီးလျှင် ဆေးမှုန့်အနည်းငယ်ထည့်၏။ ထို့နောက် ကြေးဝါမီးခြစ်တစ်ခုကို ကောက်၍ခြစ်လိုက်သည်။

ဆေးတံမှာ မြေဆေးတံကြီးဖြစ်ပြီး ပုဂံခေတ်ဦးက မြန်မာတို့ သုံးစွဲခဲ့သော မြေဆေးတံအိုးရှည်ဖြစ်၍ ဆေးတံ၌ ကနုတ်ပန်းလက်ရာများကို တွေ့ရလေသည်။

ဦးမြဖူးသည် ဆေးတံကို တဖွားဖွားဖွာ၏။ ထို့နောက် ၎င်းသည်လည်း ကျွန်ုပ်အနီး၌ နောက်မှီကုလားထိုင် တစ်လုံးကို ယူဆောင်၍လာပေသည်။

ကြေးတိုင်နှင့် ကြေးကွင်းစွပ် ကုလားထိုင်ဖြစ်၍ အတော်အတန်ပင် သားနားခန့်ထည်ခြင်း ရှိလှပေသည်။ ဦးမြဖူး၏ မြေတိုက်ခန်းသည် ၎င်း၏အိမ်နှင့် အိမ်၏ဧည့်ခန်းနှင့် များစွာ ခြားနားမှုရှိလေသည်။

အိမ်၏ဧည့်ခန်းမှာ ဟောင်းနွမ်းညစ်ပေ၊ စုတ်ချာ၊ ဆွေးမြည့်သော်လည်း ဤမြေတိုက်ခန်းမှာမူ အဖိုးတန် အကောင်းစားနေရာထိုင်ခင်း ပရိဘောဂ ပြည့်စုံကြောင်းကို ကျွန်ုပ်တွေ့ရ၍ ကျွန်ုပ်သည် ဤပုဂ္ဂိုလ်၏ မည်သို့သော စိတ်ကူးစိတ်ရှူးရှိသည့်ပုံကို ထိုင်လျက်စဉ်းစားခြင်း ပြုမိလေသည်။

"ကိုင်း ... တွေ့ပြီ မဟုတ်လား ... ခင်ဗျားတွေ့လိုနေတဲ့ တောတွင်းသားရွှေရွက်လှ၊ အောင့်နိုင်လျှင်အကျိုးရှိ၊ ရှိသည့်အကျိုးကိုယ်သည်ပိုး၊ ပိုးသည့်အကျိုး ပြည့်ပန်းအိုး ဖြစ်စေသင့်တယ် ကိုယ့်လူ ..."



ဦးမြဖူးသည် မြေဆေးတံကိုဖွာထုတ်ရင်း ကျွန်ုပ်အား သူ၏မျက်စိမှေးမှေးဖြင့် စောင်းငဲ့ကြည့်ရင်း ပြောဆိုလိုက်သည်။

မျက်မှန်သေးသေးလေးထဲမှ မျက်လုံးမှေးမှေးသည် ကျွန်ုပ်အား မှေးကြည့်နေရင်း ခပ်ပြုံးပြုံးလုပ်နေသည်ဟုပင် ကျွန်ုပ်ထင်မြင်မိလေသည်။

ကျွန်ုပ်သည် တွေးမြင်သိထင်စေကာမူ ရှေ့ဆက်၍ မည်သို့သည်ပုံ ပြောဆိုပြုမူရမည်ကိုကား ရုတ်တရက် စဉ်းစား၍ မရချေ။

အကြောင်းမူ ကျွန်ုပ်အား တောတွင်းသား ရွှေရွက်လှဟူသော လူထွား တောမျောက်ကြီးသည် စိမ်းစိမ်းကြီး ကြည့်ရှုနေသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်သည်။

ကျွန်ုပ်သည် တောတွင်းသား ရွှေရွက်လှအား အံ့ချီး ထောနာသော စိတ်ဖြင့် ကြည့်ရှုလျက် ရှိရကား၊ ထိုတောတွင်းသား ရွှေရွက်လှသည် ကျွန်ုပ်အား စိမ်းစိမ်းကြည့်နေရင်းမှ ခပ်ပြုံးပြုံး အနေအထားသို့ ပြောင်းလဲ၍ကြည့်ရှုခြင်း ပြုပြန်လေသည်။

ဦးမြဖူးသည် သဘောခွေ့ဟန်ဖြင့် ကျွန်ုပ်အား ခပ်ပြုံးပြုံး ကြည့်ကာ ဒူးနှံ့လျက်ရှိ၏။

"တောတွင်းသားရွှေရွက်လှဟာ တကယ့်လူစွမ်းကောင်း တောမျောက်ကြီးဆိုတော့ ခင်ဗျားက သူ့အကြောင်းရေးမယ်ဆိုရင် ဘယ်တောင်ဘယ်ဒေသ တောနက်တွေထဲ ရောက်ဖူးခဲ့သလဲ ..."

ကျွန်ုပ်သည် ခေါင်းခါပြလိုက်၏။ သို့ရာတွင် ကျွန်ုပ်သည် အား တောတွင်းသား ရွှေရွက်လှကိုသာလျှင် လွန်စွာ စိတ်ဝင်စားသည့်အလျောက် ကျွန်ုပ်သည် တောတွင်းသားကြီးအနီးသို့ ချဉ်းကပ်

www.burmeseclassic.com

www.burmeseclassic.com



၍ သွားပေ၏။

ကျွန်ုပ်သည် တောတွင်းသား ရွှေရွက်လှအနီးသို့ ရောက်ရှိလျှင် ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ကျဉ်သလိုဖြစ်ကာ ကြက်သီးများ ဖြန်းဖြန်းထသည်ကို တွေ့လိုက်ရ၏။

ထိုအချိန်တွင် တော်လဲသံကဲ့သို့သော အသံတစ်မျိုးကို ကြားလိုက်ရပေ၏။

ကျွန်ုပ်အဖြစ်ကား အံ့ဖွယ်မင်ဖြစ်၏။ စဉ်းစားရကျပ်၍သွား၏။

တောတွင်းသားရွှေရွက်လှသည် ပုဂံခေတ်နွယ်ဝင် မြူမင်းထီးအနွယ်ဆက်ဟုကြားသိရဖူးရာ ကျွန်ုပ်သည် ကျွန်ုပ်၏ရှေ့မှောက်၌ ရောက်နေသည့် ရွှေရွက်လှအား မည်သို့မည်ပုံ ယုံကြည်ရပေမည်နည်း။

ထို့ကြောင့် ထူးထူးကဲကဲ စိတ်အလျဉ်ဖြစ်ခြင်းမျိုးဟု ယူဆရပေ၏။

ကျွန်ုပ်သည် တောတွင်းသား ရွှေရွက်လှအား စကားပြောဆိုရန် ကြိုးစားကြည့်မိ၏။ သို့ရာတွင် ကျွန်ုပ်ပြောကြားလိုသော စကားစုတို့သည် ပေါ်ထွက်လာခြင်း မရှိပေ။

အကြောင်းကား ကျွန်ုပ်ရှေ့ရှိ တောတွင်းသား ရွှေရွက်လှသည် လူသားစင်စစ်မဟုတ်ခြင်းကြောင့် ဖြစ်ပေ၏။

ကျွန်ုပ်ရှေ့ရှိ တောတွင်းသားရွှေရွက်လှကား အလွန်တစ်ရာ အံ့သြစဖွယ်ကောင်းသော သက်ရှိလူသားစစ်စစ်နှင့် ရွှေမရပေသော လက်ရာမြောက် ရုပ်တုကြီးတစ်ခုဖြစ်လျက် ရှိခြင်း



ကြောင့် ဖြစ်တော့သည်။

ကျွန်ုပ်သည် အလွန်နီးကပ်စွာ တွေ့မြင်ရသည့်၌ ဤအချင်းအရာကို တွေ့ရှိရခြင်းဖြစ်ပေ၏။

အစကနဦးကမူ တကယ့်လူသားစစ်စစ် တောတွင်းသားကြီးကို တွေ့ရသည်ဟု မှတ်ယူခဲ့မိခြင်းကြောင့် ကြက်သီးမွေးညင်းထ၍ သွားတန်ရာသည်ဟု မှတ်ယူလိုက်ပေ၏။

ထို့ကြောင့် ...

"ခင်ဗျားဟာက ရွှေရွက်လှ အရုပ်ကြီးပဲ ... ကျုပ်ကို ခင်ဗျားက အတည်ပေါက်နဲ့ လှိမ့်ပြီး ဖွားဆန်းအောင် လုပ်ဆောင်နေတာလားဟင် ..."

"ဟင်း ဟင်း ခင်ဗျားက အယူအဆရေးရာမှာ တော်မလိုနဲ့ တစ်ခါတစ်ရံ အတော်ရှော်သေးတာပဲဗျ ... ။ခင်ဗျားက ကျုပ်ကို အဲဒီကိစ္စမှာ ဝေဖန်ချင်လျှင် သတိထားပြီး ... ဝေဖန်ဖို့သင့်သဗျ"

"ဆိုစမ်းပါဦး ..."

"ဒီရုပ်တုကြီးက အသက်မရှိဘူးလား ..."

"ရုပ်တုပဲဗျ ဘယ်ကလာ အသက်ရှိရမှာလဲ ... အသက်ရှိမှတော့ အရုပ်လို့ဘယ်ခေါ်မလဲ ..."

"အင်း ... ခင်ဗျားက လူတွေရဲ့စိတ်မှာ အင်အားရှိတယ်။ လူတွေရဲ့စိတ်ကို သွင်းပြီး အလုပ်လုပ်ထားတဲ့ အရာတွေဟာ အရာမြောက်တယ်ဆိုတာကို သဘောမပေါက်ဘူးလား ..."

ကျွန်ုပ်သည် ပြုံးလိုက်သည်။ ထို့နောက် ဦးမြဖူးအား သေချာစွာကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်း၏ မျက်လုံးသည် အရောင်ထွက်လျက် ထူးခြားသော အရိပ်အငွေ့များ ငင်း၌ရှိသည်ဟူ၍ ခန့်မှန်းလိုက်မိသည်။

"ကျုပ်မေးတာ ဖြေစမ်းပါဦး ... "

"ကျုပ်လက်ခံပါတယ်ဗျ၊ စိတ်မှာ အင်အားရှိတာ တစ်မျိုးပဲ ... ဖန်တီးတည်ဆောက်တယ်ဆိုတာမျိုးက စိတ်မပါလျှင် ဘယ်ဖြစ်မလဲဗျ ... "

"အငွေ့အသက်၊ လှိုင်းဂယက်၊ ဓာတ်သက်ဆိုတာတွေကော လက်ခံယုံကြည်မထားဘူးလား ... "

"ယုံကြည်ပါတယ်ဗျာ ... သမုဒ္ဒရာမှာ လှိုင်းတံပိုးဆိုတာရှိတာပဲ ... ကျောက်ဆောင်တွေတောင် ပြိုကျတာပဲ ... သင်္ဘောတွေတောင် မှောက်တာပဲ ... နို့ပြီးလေမုန်တိုင်းပါလျှင် ရေလွှမ်းမိုးပြီး မြို့ရွာတိုင်းပြည်တွေတောင် ပျက်စီးသွားကြတာ အထင်အရှားပဲ ... ကျုပ်က လက်တွေ့မျက်တွေ့ တွေ့လို့ တကယ်ယုံတာပဲ လက်တွေ့မကျ၊ မျက်တွေ့မရတဲ့ အဖြစ်အပျက်တွေကျတော့ အရမ်းယုံလို့ မဖြစ်ဘူးဗျို့ ... "

ဦးမြဖူးသည် ကျွန်ုပ်အား ခေါင်းညိတ်ပြရင်း၊ တောတွင်းသား ရွှေရှက်လှဟူသော လူနှင့်ထပ်တူထပ်မျှ တူညီသော လူရုပ်ကြီးဆီသို့ မျက်လုံးကစားရင်း ကျွန်ုပ်ဘက်သို့ ပြန်လှည့်လိုက်ပြီးလျှင် ခမ်ပြုံးပြုံးလုပ်လိုက်လေသည်။

ကျွန်ုပ်သည်လည်း ငင်းအား ပြုံး၍ ကြည့်ချင်စိတ်ပေါ်သည်နှင့် ပြုံးခြင်း ပြုလိုက်ပေသည်။

"အင်း ... ခင်ဗျား ပြုံးလိုက်တာတော့ သဘောကျပြီဗျို့၊



...သွားပြုံးပုံက မလေးနက်တဲ့အပြုံးမျိုးပဲ ... ။ အဲဒီအပြုံးက ကျုပ်ကို ...သင်(စ) ခေါ်သလိုပဲ ... "

ဤတွင် ကျွန်ုပ်သည် ဦးမြဖူးအားကြည့်လျက် တစ်ချက်မျှ ...က်ပြင်းချလိုက်၏။

"ကျုပ်က တောတွင်းသားရွှေရှက်လှနဲ့ ပတ်သက်တဲ့အချက် ...လက်တွေ လိုချင်တာဗျ ... ။ ကျုပ်က အဲဒီအချက်အလက်တွေ ... လေ့လာချင်တာ ... ။ ရုပ်တုရုပ်လုံးကြီးရဲ့ အသက်ဝင်မှု မဝင်မှု ...တာက ကျုပ်နဲ့ဆိုင်တဲ့ အလုပ်မဟုတ်ပေဘူးဗျ ... အဲဒါက ပန်းပု ...ရာနဲ့ ပန်းချီဆရာဆိုတဲ့ လူမျိုးတွေရဲ့ အနုပညာအလုပ်ဗျ ... နို့ပြီး ...ပ်တုကြီးက တောတွင်းသား ရွှေရှက်လှရဲ့ ရုပ်တုဆိုတာလည်း ...ျုပ်က အတတ်ပြောပြနိုင်တာ မဟုတ်ဘူး ... ။ ရွှေ ရှက်လှကို ...ည်း ကျုပ်က တွေ့ဖူးသိဖူးတာ မဟုတ်ဘူး ... "

ကျွန်ုပ်၏ ပြောစကားကို ဦးမြဖူးသည် ပြုံးလျက် ခေါင်း ...ညိတ်လိုက်ပြန်သည်။ ကျွန်ုပ်၏ပြောစကားသည် လွန်စွာသဘောဝ ...လှသည်ဟူ၍ ကျွန်ုပ်ယူဆမိ၏။

"ကျုပ်က အနုပညာအကြောင်း ပြောနေတာ မဟုတ်ဘူး ... ။ လေးနက်တဲ့ ဂမ္ဘီရတိက္ခပညာရပ်နဲ့ ဆက်နွယ်နေတဲ့ စိတ္တ...ပဟ ဝိဉာဏက အကြောင်း ပြောပြနေတာ ... ။ အဲဒါကို အခြေခံ ...သားဖို့ ကျုပ်က ပြောဆိုနေတာ ... ။ ရုပ်ကြွင်းသဘောကိုကော ...လာဖူးလား ... "

ကျွန်ုပ်သည် ဦးမြဖူးအား ကျွန်ုပ်၏ ရွှေကိုင်းမျက်မှန်အသား ...လေးထဲမှနေ၍ မျက်လုံးအား အထက်သို့လှန်ကာ ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကျုပ်ပြောတဲ့ အခြေခံအချက်တွေကို သဘောပေါက်ရဲ့လား ... "

ကျွန်ုပ်သည် ဦးမြဖူးပြောဆိုသည့် အချက်အလက် အဓိပ္ပာယ်တို့ကို အသင့်အတင့်ခြင့်၍ သိရှိပြီးဖြစ်သော်လည်း တမင်ရွဲ့၍ ၎င်းအား ပြောဆိုခြင်း ပြုလိုက်သည်။

"ကျုပ်က ခင်ဗျားကို စေတနာထားပြီး ပြသပေးဖို့ ရှိပါတယ်ဗျ ... ။ ခင်ဗျားက တောတွင်းသား ရွှေရှက်လှကိုသာ စိတ်ဝင်စားနေတာကိုးဗျ ... တောတွင်းသား ရွှေရှက်လှတင်မဟုတ်ဘဲ ပုဂံသားစင်စစ် ပုဂံ မြင်းကပါရှာင့တ်သား ရွှေက်လှဟာ တောပျော်ကြီးရွှေရှက်လှဆိုပြီး ကျွန်းမျှော်ကျွန်းတစ်ပိုက်မှာ ကျင်လည်ကျက်စားခဲ့တဲ့ အကျိုးအကြောင်းလေးကို သိဖူးရဲ့လား"

"သိဖူးပေါင်ဗျာ ... ရွှေက်လှက ရွှေရှက်လှဖြစ်တယ်ဆိုတာ ကျုပ်က ခင်ဗျားနဲ့တွေ့မှ ကြားဖူးလိုက်တာပဲ ... ဘာများထူးခြားလို့တုန်း ... "

"ထူးသည်ကောဗျာ ... ရွှေရှက်လှဆိုတာက တောဘုရင်တစ်ဦးဗျ ... သူက တောတွင်းမှာ ရှာတည်ပြီး တောသူကြီးလုပ်ပြီးနေထိုင်တာဗျ ... သူ့လက်ရာ ခြေရာတွေကကြီးပြီး သူ့ရဲ့ အတတ်က ကြမ်းတမ်းတယ် ... စရိုက်ကြမ်း လူကြမ်းကြီးဗျ ... ပုဂံသား ရွှေက်လှဆိုတာက မွဲကျောင်းသူတော် အတတ်ကို သင်ကြားပြီး တောတွင်းမှာ ထူးဆန်းပေဆိုတဲ့နေရာ ဒေသတစ်ခုကို ရောက်ရှိပြီး လွှန်စွာနက်ခေါင်ဝေသီတဲ့ နေရာမှာ ထူးဆန်းတဲ့ဆေးပင်ဆေးရွက်



တွေကို ရှာဖွေရင်းနဲ့ စွန့်စွန့်စားစား တွေ့ကြုံဆောင်ရွက်ခဲ့တဲ့ တောပျော်တစ်ဦးပေပဲဗျ ... "

"ကျုပ်က အပြောမသန်လှပေဘူး ... သူနဲ့ပတ်သက်လို့ ကျုပ်က စိတ်ဝင်စားမှု အတန်ရှိတာနဲ့ စုစုဆောင်းဆောင်း လုပ်ထားတဲ့ အရာတော့ရှိပေတယ် ... "

ဦးမြဖူးသည် ထိုသို့ပြောဆိုပြီးနောက် ရွှေရောင်ယွန်းသေတ္တာငယ်တစ်ခုအား ကျွန်ုပ်ထံသို့ ယူဆောင်လာ၏။

ယွန်းလက်ရာမှာ ထူးဆန်း၏။ ယွန်းသေတ္တာ၏ အရွယ်အစားမှာ တစ်တောင်သာသာမျှသာ ရှိမည်ထင်ရ၍ ခပ်လေးလေး ဖြစ်မည်ကို ခန့်မှန်းရ၏။

ယွန်းသေတ္တာ၏ဘေးတွင် ရွှေရောင်ကနုတ်မန်းစာလုံးကို ကျွန်ုပ် တွေ့ရ၏။

"ရွှေအင်းသာမဏ္ဍရ တောတွင်းသား ရွှေရှက်လှ"

ဟူသောစာလုံးကို တွေ့ရပေ၏။

ကျွန်ုပ်သည် ရုတ်တရက် မြူးမြူးရွှရွ ဖြစ်လျက်သွားပေ၏။ ရင်တွင်း၌လည်း အေးအေးမြမြ ရှိန်းသသ ခံစားရသလိုရှိ၍ သွားတော့သည်။

ရွှေရောင်စာလုံးများမှာ ရွှေသားစစ်စစ်နှင့် ပြုလုပ်ထွင်းထုအားလျက် ယွန်းသေတ္တာမှာလည်း လွန်စွာခိုင်ခံ့ ကောင်းမွန်ခြင်းရှိသည်ကို တွေ့ရပေ၏။

ဦးမြဖူးသည် ကျွန်ုပ်အား သေချာစွာကြည့်လျက် ခပ်အေးအေး အမူအရာဖြင့် ၎င်းကိုင်ဆောင်ထားသော ယွန်းသေတ္တာငယ်

www.burmeseclassic.com

www.burmeseclassic.com



အား ကျွန်ုပ်၏လက်တွင်းသို့ ပေးလိုက်၏။ ထို့နောက် ရွှေရောင်ယွန်း သေတ္တာ၏ သော့တံတစ်ချောင်းအား ကျွန်ုပ်လက်တွင်းသို့ ပေးလိုက်သည်။

ကျွန်ုပ်သည် ဝမ်းမြောက်ဝမ်းသာဖြစ်၍သွားတော့သည်။ သို့ရာတွင် ယွန်းသေတ္တာ၏ သော့တံကို ကျွန်ုပ်၏ညာဘက်အိတ်တွင်းသို့ ထည့်ရန်ပြုလိုက်စဉ်တွင် ကျွန်ုပ်၏ ညာဘက်ကိုယ်တစ်ခြမ်း၌ ကြက်သီးမွေးညင်း ထ၍ သွားသည်ကို တွေ့ရှိရပေ၏။

ကြက်သီးမှာ တစ်ကိုယ်လုံး ထခြင်းမဟုတ်ဘဲ ကျွန်ုပ်သော့တံကိုင်ရာ ညာဘက်တစ်ခြမ်းတည်းသို့သာလျှင် ဖြန်းခနဲဖြန်းခနဲ ထ၍သွားပေရာ ကျွန်ုပ်သည် စဉ်းစားရကျပ်၍ သွားတော့သည်။

ဦးမြဖူးသည် ကျွန်ုပ်၏ခံစားချက်ကို သိရှိသည့်အလား ...

"ကိုင်း ... ကိုအဝှာ ပြန်ပေတော့ ...။ ကျုပ်လည်း အနားယူချင်တယ် ...။ ကျုပ်ပေးတဲ့ ယွန်းသေတ္တာအတွင်းက ပုဂံသားရွှေကြက်လှခေါ်တဲ့ 'တောပျော်ရွှေကြက်လှ' ဆိုတဲ့ တောတွင်းလူငယ်လူစွန့်စားတစ်ဦးရဲ့ ဇာတ်လမ်းဟာ ခင်ဗျားလို ဂန္ဓာရီတို့ကွ ပညာကိုနှစ်သက်လိုက်စားသူတစ်ဦးက ကြိုက်မကြိုက်၊ နှစ်သက်မှုရှိမရှိ၊ ဟုတ်နိုင်၏ မဟုတ်နိုင်၏ဆိုတာကို ကျုပ်ကို စေ့ငုသေချာ လေ့လာပြီးတော့ အကျိုးအကြောင်းပြန်ပြောဗျာ ... "

ဦးမြဖူးသည် ထိုသို့ပြောဆိုပြီးနောက် ကျွန်ုပ်အား မြေတိုက်ခန်းအဝင် လိုက်လံပို့ဆောင်ခြင်း ပြုလေ၏။

ကျွန်ုပ်သည် ၎င်း၏မြေတိုက်ခန်းကြီးတစ်ခုလုံးအား ထပ်မံ၍ သီးခြားစိတ်ကြိုက် လေ့လာလိုစိတ်ရှိသေးသော်လည်း အိမ်ရှင်ဖြစ်သူ ဦးမြဖူးက ကျွန်ုပ်အား နေစေလိုသည့်ဆန္ဒရှိဟန်မတူဘဲ ပြန်ရန် အချက်ပြလှုပ်ရှားမှု ပြုလျက်ရှိနေသဖြင့် ကျွန်ုပ်သည် ကျွန်ုပ်၏ ညစ်နွမ်းဟောင်းရိနေသော ရှမ်းလွယ်အိတ်အဟောင်းကြီးအတွင်းသို့ ၎င်းပေးအပ်လိုက်သော ရွှေရောင်သေတ္တာလေးကို ထည့်ယူလျက် မြေတိုက်တံခါးဝဆီသို့ ခပ်သွက်သွက်လှမ်းခဲ့ရပေ၏။

ဘတ်(စ်)ကားဂိတ်သို့ ကျွန်ုပ် ရောက်ရှိသွားသောအချိန်တွင် ညဉ့်နက်ပိုင်းသို့ ရောက်ရှိလျက်ရှိပြီး မိုးချုပ်ပြီးခါစဖြစ်သဖြင့် ဓားလောင်းနှင့် ပုရစ်ကောင်အချို့သည် ကျွန်ုပ်စောင့်ဆိုင်းရာဘတ်(စ်) ကားမှတ်တိုင်အနီးတစ်ဝိုက်၌ အော်မြည်လျက်ရှိလေသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ကျွန်ုပ်ရှုခြင်း

ကျွန်ုပ်သည် အိမ်သို့ ပြန်ရောက်သောအခါ ရှမ်းလွယ်အိတ်ဟောင်းအား အသာအယာ ကျွန်ုပ်၏ အလုပ်စားပွဲထက်သို့ တင်လိုက်၏။ ထို့နောက် ကျွန်ုပ်၏ တပည့်ကျော် မောင်ဘကြီးကို ကျွန်ုပ်အိမ်၏ တံခါးများအား လိုက်လံပိတ်စေလိုက်သည်။

ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်၏ ရှမ်းလွယ်အိတ်အတွင်းမှ ယွန်းသေတ္တာလေးအား ဖွင့်ရန် ကျွန်ုပ်၏ ညာဘက်အင်္ကျီအိတ်တွင် ထည့်ယူခဲ့သော ရွှေရောင်သော့တံကို နှိုက်ယူလိုက်လေသည်။

ကျွန်ုပ်သည် ထိုယွန်းသေတ္တာငယ်အား မဖွင့်မီ ရှေးဦးစွာ စစ်ဆေးကြည့်ရှုခြင်းပြု၏။ ဤအရာ ဤကိစ္စမျိုးမှာ ထူးဆန်းသည်နှင့်အမျှ သတိထားစရာ အချက်အလက်များသည် ပွန်းတီးလျက်ရှိသည့်သဘော ရှိပေသည်။

ရှေးဟောင်းပစ္စည်း ရှာဖွေသူများ၊ ရှေးဟောင်းပညာ



လိုက်စားသူများ သတိမထားကြဘဲ ပေါ့တန်သောလုပ်ရပ်မျိုးဖြင့် ပေါ့ပေါ့ဆဆ မလေးမခန့် လုပ်မိခဲ့ချေက ဆိုးကျိုးများစွာ ပေါ်ပေါက်တတ်သည်ကို ကျွန်ုပ်သည် စာပေမှတ်တမ်းအရ လည်းကောင်း၊ ကိုယ်တွေ့မျက်မြင်အားဖြင့်လည်းကောင်း၊ ကြားဖူးနားဝအားဖြင့်လည်းကောင်း သိရှိထားခြင်းကြောင့် ဖြစ်၏။

အီဂျစ် သချိုင်းဂူများအား သုတေသန ပြုလုပ်ကြရာတွင် ထိခိုက်စွန်းရှလျက် အန္တရာယ်တွေ့ဆုံသွားကြသည့် ထူးဆန်းသည့်ဖြစ်ရပ်မျိုးများစွာကို ကျွန်ုပ်သည် ကြားသိဖူး၏။ မှတ်သားဖူး၏။

ရှုပ်ဝိယောတိ၊ တေဇေယော၊ ဗုဒ္ဓေါ ဗုဒ္ဓံယျ၊ ဓေယျတု၊ သိပ္ပိပါ ကောစ ... ဟောတု ... အရဗပစ္စုပ္ပါဒ ဟောတုံ ...

ကျွန်ုပ်သည် အထက်ပါစာပိုဒ်အား ရွတ်ဆိုခြင်းပြုလိုက်သည်။ ရှေးဟောင်းပစ္စည်းပစ္စယများကို ကိုင်တွယ်ရာတွင် ဤအပိုဒ်အား ရွတ်၍ ကိုင်တွယ်ကြည့်ရှုရန် ကျွန်ုပ်အား ရှေးဆရာကြီးတစ်ဦးက သင်ကြားပေးခဲ့ဖူးသည့်အတိုင်းပင် ကျွန်ုပ်သည် ထိုအပိုဒ်အားရွတ်ဆိုပြီး ယွန်းသေတ္တာငယ်၏ သော့တံပေါက်အား လှည့်လိုက်သည်။

သော့တံပေါက်သည် ကျပ်သိပ်ကျဉ်းကျပ်မှုမရှိဘဲ ချောင်ချောင်ချိချိဖြစ်ရာ သော့ချက်မိ၍သွားသည်ကို သိရှိလိုက်ရပြီး ကျွန်ုပ်သည် ယွန်းသေတ္တာ၏ အဖုံးအား လက်ဖြင့်တွန်း၍ဖွင့်လိုက်သည်။

ယွန်းသေတ္တာအဖုံး ကနုတ်ပန်းမှာ ပုံးခုံးဖြစ်၏။ ယွန်းသေတ္တာဟု ကျွန်ုပ်ဆိုရသော်လည်း ရှေးဟောင်းရတနာသေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုး ဖြစ်၏။ ယွန်းဖြင့်ပြုလုပ်ထားခြင်းကြောင့်သာလျှင် ယွန်းသေတ္တာဟု ဝိဂြိုလ်ပြုရခြင်း ဖြစ်၏။

အဖုံးဖွင့်လိုက်လျှင် မွှေးကြိုင်သော ပန်းရနံ့ တစ်မျိုးထွက်၍ လာပေ၏။ ရှားပါးသော တောသစ်ခွပန်းရနံ့မျိုးဟု သိရ၏။

ကျွန်ုပ်သည် သစ်ခွအမည်အမျိုးမျိုးကို လေ့လာဖူးသော်လည်း ယခုခေတ်အခေါ်အဝေါ်မျိုးများသာလျှင်ဖြစ်ရာ ရှေးခေတ်ကာလ တောတွင်းပန်းများ၏ အမည်မျိုးများကိုမူ ကျွန်ုပ်သည် ခွဲခြားနိုင်စွမ်းမရှိလှပေ။

သို့သော် ပန်းနံ့မှာမူ သစ်ခွပန်းနံ့ဟု သာမန်မျှသာလျှင် ခွဲခြားနိုင်၏။ ကျွန်ုပ်သည် အားတက်သရောကြည့်လိုက်ရာ သေတ္တာတွင်း၌ လွန်စွာလှပသော ကတ္တီပါသားရေဖုံးစာအုပ်နီကို တွေ့ရ၏။

ယခု ခေတ်အဖိုးတန်စာအုပ်များ ဖုံးထားသည့် ပုံစံမျိုးဖြစ်၍ ရွှေရောင်ကြိုးမျှင်တစ်ခုပင် ပါရှိကာ စာအုပ်၏ အထူမှာ လက်နှစ်လုံးခန့်ထူမည်ဟု ကျွန်ုပ် ခန့်မှန်းမိလေ၏။

လက်နှစ်လုံးခန့်အထူတွင် စာရွက်သားများကိုပင် ရွှေရောင်သုတ်လိမ်း၍ထားပေရာ စာအုပ်မှာ ခန့်ညားလှပ သေသပ်ခြင်းရှိရုံမျှမက ချစ်စရာ အလှအပ ပစ္စည်းတစ်ခုပင်ဖြစ်၍ နေသည်ကို အံ့စဖွယ်တွေ့ရ၏။

ကျွန်ုပ်၏ စိတ်၌မူ ဤသေတ္တာမျိုး၌ ရှေးဟောင်း ပေရွက် ပုရပိုက်ရွက်များဖြစ်မည်ဟု ခန့်မှန်း၍ထားရာ ပေပုရပိုက်များ မဟုတ်ဘဲ ခေတ်မီလှပသော သားရေကတ္တီပါဖုံးစာအုပ်ဖြစ်လျက်ရှိသည်ကို တွေ့ရ၏။



ကျွန်ုပ်သည် ဤကဲ့သို့ စနစ်တကျကောင်းမွန် သပ်ရပ်သေသပ်စွာပြုလုပ်ထားခြင်းအတွက် များစွာ သဘောကျသွားပေ၏။

ထို့ကြောင့် ထိုကတ္တီပါဖုံးစာအုပ်လေးကို လျင်မြန်စွာ ဖွင့်၍ ဖတ်လိုက်လေသည်။ စာအုပ်၌လည်း ထူးခြားသောအမွှေးနံ့ တစ်မျိုးထွက်လျက် ရှိပေသဖြင့် စာအုပ်မှာ ထူးခြားနေ၏။

ကျွန်ုပ် ပထမဆုံးတွေ့လိုက်ရသည်ကား ထူးဆန်းသော လက်ရေးပုံစံဖြစ်လေ၏။ လက်ရေးမှာ ဝိုင်းလည်းမနေ၊ လေးထောင့်လည်းမကျ။ အသတ်၊ အပင့်၊ အရစ်တို့မှာမူ သေချာစွာရေးထားသည့် သေသပ်သည့်လက်ရေးဖြစ်၍ လွန်စွာမည်းနက်သော မင်တောင့်တစ်မျိုးအား ဖျော်ပြီးလျှင် ကလောင်တံကြီးဖြင့် ရစ်ဝိုက်၍ ပင့်သတ်ကာ ရေးထားခြင်းဖြစ်သည့်ပြင် ကျောက်စာစာလုံးကဲ့သို့သော အတွန့်အရေးများသည်လည်း ပါရှိခြင်းရှိလေသည်။

ထို့ကြောင့် ကျွန်ုပ်သည် ဖတ်ရခက်သည်ကြောင့် အနည်းငယ် ဦးနှောက်ခြောက်၍ သွားပေတော့သည်။ ကျွန်ုပ်မှတ်သားမိသလောက် စာအုပ်၏ အဖုံးမျက်နှာစာရှိ စာတိုလေးအား စာရှုသူများ ကြည့်ရှုနိုင်ရန် အောက်တွင် ဖော်ပြပေးလိုက်သည်။

ဝရွှတ်လှခေါ်သည့် ရွှေရွှတ်လှ

၏

စွန့်စားမှု မှတ်တမ်း

ဟူသော စာလုံးဖြစ်လေသည်။ ထို့ကြောင့် ဖတ်ရှုရသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ယခုခေတ် မြန်မာစာမှုဖြင့် အတန်အသင့် ခက်ခဲမှုရှိလေသည်။

အချို့စာပေများကိုမူ ကျွန်ုပ်သည် နားလည်ခြင်း အလျဉ်းမရှိပေ။

ထို့ကြောင့် ကျွန်ုပ်သည် ရှေးစာတတ်သည့် ပညာရှင်များကို ချဉ်းကပ်ခြင်းပြုရလေသည်။

ဏွသနဟုကာရမှာ ပညာရပ်ဖြစ်သည်ဟု သိရပေ၏။ ဏွသနသည်တာသုမဏ္ဍ တစ်ခုထက်မက လွန်မြောက်သော၊ ဟုကာရ မြင်ဆင်ပြုလုပ်တတ်ခြင်းဟု အဓိပ္ပာယ်ရသည်ဟု သိရှိရပြီးသည်၌မူကား တော၏အတတ်ကို ပြုလုပ်တတ်သော ရွှေရွက်လှဟူသော အဓိပ္ပာယ်ချပ်တစ်ခုကို ကျွန်ုပ်ရလေတော့သည်။

ထို့ကြောင့် ကျွန်ုပ်သည် ထင်သည်ထက် ပိုမှန်သည်ထက်နက်သောကိစ္စ အချက်ကြီးဖြစ်လျက်ရှိသည်ကို တွေ့ရပြီးလျှင် ရှေးကထက်ပို၍ စိတ်ဝင်စားသွားရလေသည်။

သာမန်တောပျော်သားပုဂ္ဂိုလ်ဟူသော အဓိပ္ပာယ်ထက်လေးနက်သောအသွင်ကို ဆောင်သည်ဟူ၍ မှတ်ချက်ပြုရမည် ဖြစ်လေသည်။

ထို့ကြောင့် ကျွန်ုပ်သည် အောက်မှပြရှိထားသော စာစုတစ်ခုကိုလည်း တတ်ကျွမ်းသည့် အရှင်ထံ ချဉ်းကပ်ရပြန်လေသည်။

ခန်းတွင်းဝင် ယုတ္တယပေစာဟူသော စာပိုဒ်ပင်ဖြစ်၏။ ခန်းတွင်းဝင် ဟူသောစာပုဒ်များ ရှင်းလင်းပြီဖြစ်၍ ဝင်ယုတ္တယဟူသော အဓိပ္ပာယ်ကို တစ်ဖန် စီစဉ်ခြင်းပြုရပြန်လေသည်။

ကျွန်ုပ်အား ဆရာကြီးတစ်ဦးက ဝင်ယုတ္တယဟူသော စာ



...မှာ ပညာရပ်တစ်ခု၏ အတွင်းပိုင်းသို့ မုတ္တိအာဂမဝိယာယ ...မြောက်အောင် တစ်နည်းတစ်ဖုံအားဖြင့် ထူးခြားနိုင်လုံသော ...ချက်အလက်များဖြစ်အောင် ပြုလုပ်နိုင်ခြင်းဖြစ်၍ ထိုပညာရပ်၏ ...ဘောဂ၊ ဝသီ၊ ဓာတုများကို ပိုင်နိုင်ကျွမ်းကျင်မှုရှိမြောက်ခြင်းကို ...န်းဆိုသည်ဟူ သဘောသက်ဝင်ကြောင်းကို ပြသည်ဟု ဆိုညွှန်း...လသည်။

စွန့်စားခန်းဇာတ်လမ်းတစ်ပုဒ် ရေးထုတ်ရန် ကြိုးပမ်းမှုပြု...နေသော ကျွန်ုပ်သည် ဤစာပိုဒ်နှစ်ခုအား ရှင်းလင်းခြင်း ပြုလုပ်ရန် ...င် အချိန်သုံးလေးရက်မျှ ကြာညောင်း၍ သွားပေတော့သည်။

သို့ရာတွင် ကျွန်ုပ်ကိုယ်တိုင်ကင် တောတွင်းသားအတတ်...ကို ကြားဖူးထား၏။

ယခုပုဂ္ဂိုလ်သည် တောတွင်းသားအတတ်များကို တစ်စစီ...တစ်ခုစီ တတ်မြောက်ခြင်းရှိ၍ ဝင်ယုတ္တယ တောတွင်းဝင်ပညာဟု...ခေါ် ဆိုသော စာပိုဒ်အား ပွန်ကျေအောင်တတ်သည်ဟု ညွှန်းဆို...ထားသော အကြောင်းအချက်တို့ကြောင့် လွန်စွာပင် စိတ်ဝင်တစား...ဖြစ် သွားပေရာ ထိုကတ္တီပါစာအုပ်ဖုံးနီလေးအား ဖတ်ရှုရာ၌ ငါးည...တာ၌ မိုးလင်း၍ သွားသည်ကိုမူ ဝန်ခံခြင်းပြုနိုင်ပေ၏။

စာရေးဆရာတစ်ယောက်သည် စာကိုဖတ်ရှုရာ၌ စီစစ်...ခြင်း မှတ်သားပြုရာရှိတတ်သော ဓလေ့စရိုက်ကြောင့် သာမန်...သောစာသည် စာရေးဆရာအား ထိထိရောက်ရောက် နက်နက်...နိုင်း မဆွဲဆောင်နိုင်သည်မှာ ထုံးစံတစ်ခုဖြစ်ပေ၏။

စန္ဒရားလက်သံရှင် ပညာရှင်တစ်ယောက်သည် သာမန်

www.burmeseclassic.com

www.burmeseclassic.com



တီးလုံးတီးကွက်များကို စိတ်ဝင်တစားမရှိသည့် သဘောမျိုးပင် ဖြစ်ချေ၏။

ထိုအခါ၌ ထိုစန္ဒာရားပညာရှင်၏ စိတ်အာရုံအား သာမန်လက်သံသည် ဆွဲငင်ခေါ်ပါ၍ မသွားနိုင်သော ဓာတ်ခံသည် စန္ဒရားလက်သံရှင်၌ ရှိနေခြင်းကြောင့် ဖြစ်ပေ၏။

ထို့ကြောင့် စာအုပ်တွင်းပါ စာသားများသည် မည်မျှ ဆွဲအားရှိသည် စိတ်ဝင်စားစရာရှိသည်ကို စာရှုသူ ကျွန်ုပ်၏ပရိသတ်သည် သိချင်ခြင်းရှိပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည်ကား ...

တောတွင်းသားဟုကာရမှ ခေါ်တွင်သော တောတွင်းသား တောမှော်ကြီးတစ်ဦး၏အကြောင်းစာကို ကျွန်ုပ်တတ်ကျွမ်းထားသည့် ဝတ္ထုရေးစာ ပုံစံအတိုင်း ကျွန်ုပ်သည် စာရှုသူများအား ပေးအပ်ခြင်းပြုလိုက်ရပေသတည်း။

* * *



## ရွာထီးလုလင်

သမ္ဗုဒ္ဓ ဝတ္ထုကာမတ္တာ၊ ပုဗ္ဗကာမပုရန္တိစ
ဝိသုတံ ယံ ပုရံ ရမ္မံ၊ ပုရာနံ ပရမံပုရံ
သုရဝိရနရာနန္တုံ၊ အရိမန္ဒန သီလိနံ
နိဝါသနဋ္ဌာဏ္ဍာယ၊ ရိမန္ဒနန္တိဝိသုတံ၊

ပြည်တကာတို့ထက် မြတ်သောပြည်ဖြစ်သော နှလုံးမွေ့
…ပွယ်ရှိသော အကြြင်ပြည်သည် ပြည့်စုံသော ဝတ္ထုကာမရှိသည်
… အဖြစ်ကြောင့် ပုဗ္ဗကာမပြည်ဟူ၍လည်း ထင်ရှားကျော်စော
…

ထိုမှတစ်ပါး၊ ရဲရင့်ခြင်း၊ လှုံ့လရှိခြင်းတို့ကို ဆောင်ကုန်
… ရန်သူကို နှိမ်နင်းလေ့ရှိကုန်သော မင်းတို့၏ စံနေရာ
…အိမ်တော်တို့၏ တည်ရာဖြစ်ကြောင့်လည်း ထင်ရှားကျော်
…

www.burmeseclassic.com

www.burmeseclassic.com



ဤပြည်ကြီး၌ လွန်စွာ စည်တီးစည်ရွက်ပြည့်စုံသော ပေ ကယ်ဈေးကြီးသည် နံနက်ခင်း နေရောင်အောက်တွင် လူသူလှု ရှုလျက် ရှိလေ၏။ ပေါကယ်ဈေးကြီးအလယ်၌ ထီးရွက်ဆောင် သောမင်းချင်း လုလင်တစ်ဦးသည် ခြေကားယား လက်ကားယာ ဖြင့် လူပုံအလယ်၌ လျှောက်၍ လာလေ၏။ စည်ကားရွက်ထည် သော ဈေးလမ်းလယ်သည် ကျယ်ဘိ ကျယ်တောင်းရှိသော်လည် လူအုပ်များသည် ရှုထိုးပွတ်လှုံရှိ၍ နေလေသဖြင့် လမ်းသည် ကျဉ် သယောင်ယောင်ရှိလျက် သွား၏။

လူအုပ်စုသည် ဈေးရွက်သည်များအား လှယက်၍ ဝယ်ငေ ခြင်းပြုလျက်ရှိလေသည်။ ထို့ကြောင့် ထီးရွက်ကြီးကို ဆောင်းလျက် ခြေနှင်းညှိုဖတ်ဆင်ထားသော သူကောင့်သားအား အရေးတငေ ရှိလှခြင်း မပြုမိချေ။

ထိုထီးရွက်ဆောင်း သူကောင်းသားသည် မောက်ရားရာ ရှိတန်ချေသည်။ ရင်မောက်လျက် သျှောင်ဆွဲ၍ ရွှေစစထိုးကိုထိ ဝင်လျက် အဖြူရောင် ခါးတောင်အကျီကွက်ကြား ချိတ်ပုဆိုးနှင့်ဖြ ၏။ ပုဆိုး၌ ခါးတောင်းစည်းကို ရှုရှုထိုးလျက် ပိုးသားဘောင်းဘီက ဒူးဆစ်ထိဝတ်ဆင်၍ ထားပေ၏။

လူပုံသည် နှုတ်ခေါင်းချွန်ချွန် မေးချွန်းချွန်း၊ နှုတ်ခမ်း မွေ သွဲ့သွဲ့ မျက်မေါက်ကျဉ်းစွရှိ၏။ ပါးမွဲ့ရှုတ်ကြီးတစ်လုံးသည် ထင်းလျက် ရှိ၏။

ညာဘက်၌ ရွှေချည်ထိုး စလွယ်အိတ်ကို လွယ်လျက် အတွင်း၌ အသပြာငွေစများကို တနင့်တပိုးထည့်လျက်ထား၏



လွယ်အိတ်ကြီးသည် ခြေလှမ်းလိုက်လျှင် လေးလေးထည်ထည် လှုပ်ယမ်းလျက် သွားပေ၏။

ခြေလှမ်းမှာလည်း ခြေလှမ်းကြဲကြီးဖြစ်လျက် လက်မှာ ကားပြီး ရင်မောက်ကာ ဈေးတွင်းသို့ လှမ်းဝင်လာလေရာ ၎င်း၏ ကားရားကားရားနိုင်လှသော်လက်ဖြင့် အခြားဈေးဝယ်သူများအား တိုက်ခိုက်လျက် သွားလေရာ ထိခိုက်မိသူတိုင်းသည် မကျေမနပ်ဖြင့် လှည့်၍ကြည့်ရာ ၎င်း၏ ထီးရွက်ကြီးနှင့်နှုတ်ခမ်းမွေးကျင်စွယ်ကို တွေ့လေလျှင်၊ ရှုတ်တရက် ခေါင်းရှို့လျက် သွားကြသည်။

ထိုသို့ ခေါင်းရှို့လျက် အဝေးသို့ခပ်ရှဲရှဲထွက်၍ သွားလျှင် ထိုသူသည် ဖြုံးဖြုံးဖြုံးလုပ်လျက် ၎င်း၏နှုတ်ခမ်းမွေးအား လက်ဖြင့် ပွတ်သတ်ခြင်း ပြုလိုက်သည်။

ထိုပြည်မြို့တော်ကြီး၏ ဈေးကြီးကား ဈေးဝိုင်းကြီးဖြစ်၏။ ဈေးကြီး၏ထိပ်တွင် မြို့တော်၏ ဆိုင်းဘုတ်ကြီးတစ်ခုရှိလေသည်။

ထိုဈေးကြီး၏ ဆိုင်းဘုတ်၌ သီရိတြိဘုဝနာဒိတျ ဓမ္မရာဇ င်းတရားကြီး၏ ဈေးမိန့်မှတ်တမ်းတော်ကြီး တစ်ခုအား ရေးချိတ် ဆွဲထား၏။ မြေပြားပုံနှိပ်ချပ် အုတ်ခွက်၌ တြိဘုဝနာဒိတျပဝရဓမ္မ ဇာ၏ အမည်လက်ရေးစာထိုးလျက်ရှိ၏။

ထိုဆိုင်းဘုတ်ကြီး၌ အလေးတင်းတောင်း ချိန်တွယ် ချောင်းဂဏ္ဍာစသည်တို့ ပုံမှန်ရှိ၍ မခိုးဝှက်ရ၊ ခိုးဝှက်က ဈေးကြီး တ်စာရေးအားတိုင်စေ၊ အပြစ်ဒဏ်ခပ်စေ၍ မြို့ပြင်ထုတ်၍ လည်၌ ဆွဲစေ၊ အကြားအယို၊ အပေါက်အလျှင်း မရှိစေနှင့် ဟူသော ဈေး မြို့တော်ဆိုင်းဘုတ်ချပ်နှင့် အုတ်ခွက်ပုံနှိပ်စာကို သေချာစွာ ရေးမှတ်

www.burmeseclassic.com

www.burmeseclassic.com



လျက် ထားလေသည်။

ထို့ကြောင့် ဤဈေးကြီးသည် မြို့ပြင်ဇနပုဒ်၊ တော်ထုတ်၊ မြေခြောက်ရွာနီးကပါမကျန်၊ အပျိုစစ်၊ အပျိုလတ်၊ အဘွားအို၊ မုဆိုးမ တို့သည်ပင် အေးအေးလူလူ ဈေးဝယ်ချမ်းနိုင်သော ဌာနကြီးဖြစ်၍ 'ပုဂါမ်'၏ ကျက်သရေဆောင်ဖြစ်လျက် ရှိပေ၏။

တောမုဆိုးအချို့သည် ဤမြို့ကြီး၏ ဈေးနေရာအစွန်ဘက် သားကောင် ကျပ်သင်းနေရာ၌ အချို့သားကောင်များကို ချလျက် ထား၏။ လက်စွဲလေးမြား၊ ပုဆိန်၊ ကင်း၊ ဝါး စသည်များ၊ ဆေးမင်ကြောင်ထိုး ရွက်သည်ထားသော သျှောင်ကြီးဖွေ၊ မုဆိုးကြီးများကို သား ကောင်အသေများနှင့် အတူ တွေ့ရပေ၏။

ဈေးဝိုင်းကြီး၏ အလယ်၌ အပျိုဝင်နေရာဈေး သမုတ်ဖြစ်လျက်ရှိပေ၏။ နံ့သာမှုန့်ခြယ်လျက် ဆံရစ်ထုံးခွေလျနေဘိသော ဆံထုံးရှင်မ ပုဂံသူလှလှလေးများသည်၊ သနပ်ခါး၊ နံ့သာများနှင့် အထည်စများ စသည့်အိမ်တွင်းသုံးပစ္စည်းများကို ရောင်းချလျက် ရှိပေ၏။

ထန်းခေါက်ဖာများနှင့် ကျွန်းသေတ္တာ ရွှေရေးထိုးနှင့်အတူ ကြေးကွင်းလက်စွပ်၊ ခြေကျင်း၊ ခြေနင်းနှင့် လည်ဆွဲဘယက်ရတနာ များကိုလည်း ရတနာကုန်သည် အချောအနိပ်လေးများသည် နီတျာ တျာ နှုတ်ခမ်းများ၌ ပြုံးလှစ်သော အသံသာသာများဖြင့် ပုဆစ် တုတ်ထိုင်ကာ ဝယ်သူများကို အထူးကြို့ဆိုလျက် မောတကော ရှိကြလေ၏။

ဈေးကြီးကား ခမ်းနားဘိ၏။ ထိပ်ပိုင်းမှစ၍ နေရာအခင်း



ကျင်း သန့်ပြန့်၏။ လေသာလေတင်း ကောင်းမွန်၏။

ကျွန်းသားမျဉ်ချပ်များကို ခုံပြုလျက် ကျွန်းပွတ်လုံးတိုင် များ၌ ကနုတ်ပန်းယဉ်များ ထွင်းထုလျက် နေရာထိုင်ခင်းကို ဈေး တ်ကြီး ဈေးခေါင်းကြီးသည် မြို့ရွှေဝန်၏ အစီအမံတော်အားဖြင့် စနစ်တကျ ပြုလုပ်ရွက်ဆောင် ထားပေ၏။

မြို့ကြီးသားတို့ နှစ်သက်အပ်သော ကြက်တည်င်သားကိုမူ သီးသန့်ရွေးခန့်ခွဲလျက် ဆေးမင်ကြောင်နီကြား ရေးခွဲထားသော ကိုယ်ရုံတဘက်အင်္ကျီ အလျဉ်းမရှိသော လုလင်အချို့က ရောင်းချ ပြု၏။ မြီးထိုးရွှေပိုးကောင် အချို့ကိုလည်း ဘယဆေးဆိုင်တန်း ရောင်းချကြပေ၏။

ပေါကယ်သား အချို့သည် အစားကျူး၏။ ထန်းရေမူး၏။ ...း၊ လူပေါက်များလည်း များပြွမ်းရကား၊ အချို့အချို့သော နေရာသမုတ်များ၌ ပုဂံသူ အလှအပများသည် ကွေ့ရှောင်တတ်ကြ လေသည်။

သံကြီး၊ ကလံကြီး မှူးမတ်ရာထမ်းများ၏ ဇနီးမယားများ သည်လည်း ဤဈေးကြီး၏ နေရာ၌ စွဲမှတ်ထင်းခန့်သော နေရာများ ...က် ဈေးဝယ်၊ ဈေးကွက်များသိမ်းလျက် သီးသန့်ထားခြင်း ...တ်၏။

ဤသို့မထားလျှင် ပေါကယ်သားကိုလူရွှတို့သည် ထန်းရေ ...ာ နှုတ်ပလီ၍ နောက်ပိုးထိုးကာ လမ်းမရှောင် နေရာမရွေး ...င်းရွေးတတ်ကြသည်မှာ ခဏတစ်မြို့ တစ်ဖြိုက်ဖြစ်တတ် ...ကြောင့် ဈေးကင်းသီးသန့်ဖွင့်လျက် ထားရှိရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့တမူပင်လည်း ဈေးကြီးကား လူသင်းလူတွဲများ အုပ်
ခွဲလျက် ရောက်ရှိ ဈေးဝယ်ခြမ်းတတ်လေရာ လွန်စွာပေါ်စည်လျ
ရှိပြီး သတိထားရပေ၏။ ဘုရားပွဲဈေးများ ချုပ်ငြိမ်းချိန်ဖြစ်လျ
ရှိရကား ဈေးကြီးသည် ပို၍စည်ကားသိုက်မြိုက်လျက် အုတ်ကြွက်သော
ည်လျက် ရှိပေ၏။

ထီးရွက်ကြီးကြီးကိုဆောင်းလျက် ကွက်ကြားပုဆိုး အ
ရောင် ခါးသိမ်းအင်္ကျီဖြူလတ်လတ်ဖြင့် ငွေအိတ်ဖောင်းကြွကြွ
ကိုင်လျက် စတိုင်တင်းလျက်ရှိသော ထိုနှုတ်ခမ်းမွေးသွဲ့သွဲ့၊ မျက်
မှေးမှေးနှင့် လုလင်သည် မောက်ထည်ထည်ကြွားရှား ခပ်ကာ
ကားပင် ဈေးကြီးတစ်ခုလုံးအား လျှောက်လျက် ကြည့်ရှုလ
သလားလျက် ရှိပေ၏။

သို့ရာတွင် မည်သည့်ဆိုင်ကိုမျှ ဝင်ရောက်ဝယ်ငင်ခြင်း မ
ဘဲ ဈေးလမ်းမကြီးအား တစ်ဦးတည်း ခေါင်းမော့လျက် ခြေကြ
လှမ်းကာ ခါးကော့ကော့ ရင်မောက်မောက် လှမ်းလျက်ရှိ၏။

အချို့ဆိုင်နေရာများက ၎င်းအားမြင်လျှင် ဆိုင်နီးချ
တီးတိုးဆိုလျက် ထိုလုလင်အား ကြည့်ရှုကြ၏။ အချို့လည
လက်အုပ်လျက်ပြကြ၏။

အသက်အရွယ်ရင့်သော ဈေးသည်အဘွားကြီး အချို့သ
ကား ဖက်ဖြူလိပ်ကို ဖွာကာ လည်တိုင်မော့လျက် မျက်ရေ
မှေးမှေးဖြင့်ကြည့်ကာ ၎င်းနှင့် မျက်နှာချင်းဆိုင်မိလျှင် မသိမ
မျက်နှာလွှဲလိုက်ခြင်း ပြုကြပေ၏။

ထိုလုလင်သည် ဈေးကြီး၏ ပစောက်ကွေ့လမ်းထိပ်



ရောက်သော် ၎င်း၏ ခြေလှမ်းအစုံအား ရပ်လိုက်၏။ ပစောက်ကွေ့
၏ ရှေ့ဘက်တွင် မုဆိုးတန်းကြီးရှိ၏။ မုဆိုးတန်းကား တောတွင်း
သားတောင်တန်း ဖြစ်ခြင်းကြောင့် လူကျဲပါးလျက်ရှိ၏။

ထိုပစောက်လမ်းကြီး၏ လက်ျာဘက်ရှေ့တွင်ကား နံ့သာ
မှုန့်တန်းနှင့် အိမ်သုံးပစ္စည်းရောင်းရသော ကုလားမခြေသည်တန်း
ရှိ၏။ ကုလားမခြေသည်တန်းဟူသည်မှာ အိမ်သုံးပစ္စည်းနှင့်
နံ့သာပစ္စည်းခပ်ညံ့ညံ့များနှင့် ပိုက်ဆံအိတ်အသေးစားစသည် ရောင်း
သည့်ဆိုင်တန်းဖြစ်၏။

များသောအားဖြင့် ဆင်းရဲသူဆင်းရဲသားများ အားထား
ဝယ်ခြမ်းလေ့ရှိသော ဈေးတန်းဖြစ်၏။ နွားလှည်းခြူများ၊ ခလောက်
များ ဒေါက်ခွများပင် ရောင်းချ၏။ ကြိုးထုံးကြိုးခွေအချို့တို့လည်း
ရောင်းချလေသေး၏။

ရောင်းချသူများမှာ ဆံရစ်ခွေကျ၊ ဒေါက်စရစ်ပိုင်းနှင့် ပုဂံသူ
နွဲ့ထွားထွား ကုန်သည်မျိုး လူတန်းစားများ ဖြစ်ကြပေ၏။

ဆိုင်ခန်းနေရာ ကြီးကျယ်စွာ ဝယ်နိုင်ခြင်းမရှိ၍ မျှောတိုင်
များကို တွင်းထုဖွဲ့လျက် ထိုဈေးတန်းသည် ဈေးကြီးတန်း၏ ပြင်
ဘက်မိုးထရံကာ၍ ကြမ်းခင်း၌ ဖါးချပ်ဖြားဖြင့် ဆိုင်ခင်းလျက် ဝယ်
ယူသူတိုင်းအား ပျူငှာစွာ ဈေးရောင်းကြရသော ဈေးတန်းဖြစ်ပေ
၏။

ထီးရွက်ကြီးကြီးကို ဆောင်းထားသောလုလင်သည်ထို
နေရာ လမ်းသုံးခွ ဈေးပြင်စည်း မရောက်တရောက်၌ ရပ်လျက်
ကြီးခန့်၍ အနားရစ်ရွှေပြားထိုးထားသော ဖက်စိုဆေးပေါ့လိပ်ကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အား ထုတ်ကာ မီးခတ်ခြင်း မီးညှိခြင်းပြုလိုက်သည်။

ထိုနေရာသည် ဈေးလယ်ကြီးသော် ဈေးဝယ်သူမများ ရကား လူရှင်းလျက်ရှိ၏။ ထိုနေရာဆီသို့ ရသေ့အိုကြီးတစ်ပါးသည် ဒေါက်ချာ၊ စိတ်ပုတီး လွယ်အိတ်ခပ်နွမ်းနွမ်းနှင့် လျှော်တေသက်န်း ပိုးထိုးကို ဝတ်ရုံဆင်မြန်းလျက် ရောက်၍ လာလေ၏။ ဒေါက်ချာ ကြီးမှာ ကြီးမားလှ၏။

ထိုရသေ့၏ ရှည်လျားလျား မုတ်ဆိတ်ကြီးသည် ဖြူလွ ရောင်များ ယှက်သန်းခိုလှုံလျက်ရှိ၏။ ကျောက်ခဲစေ့ခန့်ရှိသော ပုတီးလုံးကြီးကို လည်ပင်း၌စွပ်လျက် တောင်ဝှေးကိုကိုင်ထား လျှင် လက်တွင်း၌ ကြေးခွက်တစ်ခုဖြင့် အနီးအပါးဆိုင်တန်းများ ငွေစများကို လိုက်လံလျက် အလှူခံခြင်းပြုပေ၏။ ငွေစများကို ဆိုင်ပေါက်စေ့နီးနီး ထည့်ကြ၏။

ထိုရသေ့ကြီး အလှူခံလျှင် ဈေးရောင်းကောင်းလျက် လာဘ်ရွှင်သည်ဟု အယူရှိကြသောကြောင့် ဖြစ်ပေသည်။ ရသေ့ကြီ ကမူကား ဆိုင်တိုင်းသို့ ဝင်ရောက်အလှူခံခြင်းမဟုတ်ဘဲ ၎င်းကြိုက် နှစ်သက်ရာဆိုင်ကို ရွေး၍အလှူခံခြင်းပြု၏။

သို့ရာတွင် ဈေးသည်များသည် ဆိုင်မှ ကိုယ်တိုင်ထွက်၍ လှူဒါန်းခြင်းပြုကြသည်။ ရသေ့ကြီး၏မျက်နှာကား လွန်စွာကြည် လင်၏။ မုတ်ဆိတ်မွေးဖြူခြင်းမှအပ မျက်လုံးမျက်ဆန်ကောင်း၏ အသက်ကြီးဟန်ရှိသော်လည်း ပါးရေတွန့်ခြင်း မရှိလျှဉ်းပေ။

ထိုအချိန်ဝယ် ပေါကယ်မြည်၍ ရသေ့ရှင်မထီးသည် ထွက် ရပ်လမ်းသို့ ကြွမြန်းလျက် ထင်ရှားစွာ အင်္ဂရိတ်လမ်းကို လုပ်ဆော



ပြု၍ သွားသည်ဟု အုပ်သောင်းတေးခြင်း ဖြစ်လေသည်။ ထို့ ကြောင့် ရသေ့ရဟန်းပုဂ္ဂိုလ်များအား အလှူပေးဆက်ခြင်း၌ ရက် ရောခြင်းပြုကြလေသည်။

ထိုရသေ့ကြီးသည် ထီးရွက်ကြီး ဆောင်း၍ထားသော လုလင်အနီးသို့ ရောက်၍သွား၏။ ထိုလုလင်သည် လမ်းခွဆုံ၌ ရပ်လျက် အနောက်ဘက်ဈေးတန်းသို့ မျက်စိဝေ့ကစားလျက် ခါး ဘောက်ကာ ရှုစားလျက်ရှိသည့်နိုက်နှင့် ကြုံကြိုက်၍နေလေသည်။

ထိုလုလင်သည် ဈေးတန်းတွင်းသို့ မျှော်ခေါ်ခြင်းပြုလျက် ဈေးတန်း၏ ဈေးအိမ်အတွင်းရှိ ခပ်မှောင်မှောင်နေရာသို့ စူးစူးစိုက် စိုက် ကြည့်ရှုနေခိုက်ဖြစ်လေသည်။

ရသေ့ကြီးသည် ထိုလုလင် အနီးသို့ရပ်လိုက်လျှင် လုလင် သည် ရသေ့ကြီးအား လှည့်၍မျှမကြည့်ဘဲ ၎င်း၏လွယ်အိတ်အတွင်း မှ ငွေစတစ်စအား ယူလျက် ရသေ့ကြီးဘက်သို့ ကမ်း၍ပေးလိုက် သည်။ ရသေ့အိုကြီးသည် ထိုလုလင်အား ကြည့်လျက် ခေါင်းညိတ် လိုက်ပြီးလျှင် ငွေစတစ်စကိုယူလျက် ဈေးတန်း၏နောက်ဘက်သို့ ထွက်၍သွားလေ၏။

မုဆိုးတန်းမှ မုဆိုးအုပ်စုသည် သကောင့်သား ထိုလုလင် အား ကြည့်လျက်ရှိကြပေ၏။ ထိုလုလင်သည်ကား ပေါက်ကယ်မြို့ ထိပ် သူဌေးမင်း ဦးကက္ကလူနှင့် ဒေါ်အိုးတို့၏ သားကြီး မောင် ဟူ၍ဖြစ်၏။

နာမည်ကြီးတစ်ဦးဖြစ်၏။ အနီးနာမည်ရသည်မှာ သား ခြင်း ရှိလှတောင်း၍ဖြစ်သည်။ ယခုလည်း နောက်မပေးယူရန်

www.burmeseclassic.com

www.burmeseclassic.com



မယားမျှော်ရောက်၍ လာခြင်းဖြစ်ပေသည်။

ဈေးတန်းထိပ်တွင် နံ့သာမှုန့်ရောင်းသော ပရပရွာသူ အပျိုချောတစ်ဦးသည် ဆိုင်၏ ခုံခင်းလေးတွင် ပုဆစ်တုတ်ထိုင်ကာ လမ်းဘက်ဆီသို့ ငေးမျှော်ကြည့်လျက် ရှိပေ၏။

ပါးပြင်နုနုတွင် သနပ်ခါးရေကျဲကျဲပွတ်လိမ်းကာ ခေါင်းတွင် ပန်းတစ်ပွင့်ထိုးလျက်ထား၏။ ကြေးလက်ကောက်ကွင်းနှစ်ကွင်းနှင့် ဖျဉ်ကြမ်းအင်္ကျီကို ရင်စေ့၍ ဝတ်၍ထား၏။ ပုတီးစေ့ဆွဲလုံးကို ဆွဲလျက်ထား၏။

မေးချွန်းကာ နှာတံပေါ်၍ မျက်ရစ်ဝိုင်းလျက် မျက်လုံးအရောင်တောက်ဘိလေ၏။ သွယ်လျသော လည်တိုင်ရှိပြီးလျှင် ဖွံ့ထွားသော ရွှေရင်အစုံနှင့် စွင့်ဝင့်သောတင်ရှိ၏။ လှတစ်ညက်၊ လှတစ်ဖက်အလှမျိုးဟု ပေါက်ကယ်သားတို့ အဆိုပြုအပ်သည့် အလှမျိုးဖြစ်သည်။

ပေါက်ကယ်သားတို့သည် အမျိုးသမီးတို့၏အလှကို မှတ်တမ်းပြုရာ၌ လှရည်တစ်အိုး၊ လှတစ်မြှု၊ လှအိုးရည်၊ လှတစ်မှုန်၊ လှတစ်ဖက်၊ လှတစ်ကော ဟူ၍ ပြောဆိုတတ်၏။

သူ့အမိပွားယ်နှင့်သူ ရှိလှူဉ်း၏။ အရွယ်လတ်တို့၏ အလှကိုမူ လှတစ်ချက်ဟူ၍ ခေါ်ဆို၏။ အရွယ်နုသူတို့၏ အလှကိုမူ လှတစ်မှုန်ဟူ၍ ခေါ်၏။

ပေါက်ကယ်သားတို့သည် အလှနှင့် ရဲရင့်ခြင်းကို ရှေ့တန်းတင်၏။ ပေါက်ကယ်သူ ပျိုဂါမသူတို့သည် အလှ၌ရက်စက်၏။ ထိုအလှ၌ ရက်စက်စွာလှသောသူအား လှတစ်အိုးဟူ၍ ခေါ်၏။ မြင်သူ



လောက်သော အလှအပမျိုးအား ခေါ်ဆိုနိုင်၏။

လှတစ်ဖက်ဟူသည်ကား ခပ်ရွရွ ခပ်နုနု ချစ်စဖွယ်လှခြင်းတည်း။ ကြွေရုပ်ကဲ့သို့ လှပသောသူအား လှတစ်ဖက်ဟူ၍ ခေါ်

ထီးရွက်ဆောင်းလှလင်သည် ထိုလှတစ်ဖက်ဟူ၍ ခေါ်ဆိုသော သူဆင်းရဲ ဈေးသည်မလေးဆီသို့ မျက်လုံးငေ့၍ စကားလိုက်၏။ ဤအချိန်တွင် ယင်းလာနေကျဖြစ်၏။

ထိုအချိန်တွင် လှတစ်ဖက်၊ လှမျက်ညို မိန်းကလေးသည် တည့်တည့် လမ်းကိုသာလျှင် ကြည့်၍ နေတတ်၏။ ထိုသူ ာင့်သားအား ကြောက်၍ဖြစ်ပေ၏။

သို့ရာတွင် ထိုသူကောင်းသားသည် လာချေပြီ။ ထိုပြင် ချိုး လမ်းလယ်၌ပင် ရပ်လျက် သူမ၏ ဆိုင်ဘက်သို့ပင် မျှော် ၍ကြည့်၏။ အရှက်နည်းစွသော သင်းသူဌေးသားသည် ကြောက် ခြင်း ကင်းလှ၏။ မျက်နှာသည် ပြောင်လှပေ၏။

ထိုလှလင်သည် လုံမချော လှတစ်ဖက်အား တွေ့လျှင် မြှောက်သွား၏။ ခြေလှမ်းကျဲဖြင့် ဈေးတန်းဆီသို့ ခပ်ကျဲကျဲ ၏။ လှမ်းရာ၌ ငွေအိတ်ကို လက်ဖြင့်ကိုင်လျက်ထား၏။

ရင်ကိုမောက်လျက်ထားပြီး ခါးကော့လျက် နှုတ်ခမ်းမွေး သည် အရောင်ပင် လက်နေသယောင်ရှိ၏။

သူဌေးသား မောင်ရွှေမှီအား ကြိုက်သူများသည်လည်း ားလှချေ၏။ သို့ရာတွင် ၎င်းမှုကား ချေးထူသေး၏။ မျက်နှာ ည်း ချောမှ၊ အသားလည်း ညက်မှ၊ ကိုယ်လုံးလည်း ည်မှ

www.burmeseclassic.com

www.burmeseclassic.com



'အလှမျက်၏' ဟူ၍ဆို၏။

ဤနေရာ၌ လှတစ်ဖက်ဟူ၍ သမုတ်အပ်သော လုံမငယ်သည်ကား ပြောဆိုဖွယ်မရှိဟု ဆိုရပေမည်။ မောင်ရွှေမှို တိုင်းတာသည့်ထက် နှမ်းတစ်ပက်မျှ ပို၍ နေသေးသည်ဟု ဆိုရအံ့သည်။

လုံမချော လှတစ်ဖက်သည် ထိုလုလင် မောင်ရွှေမှိုအား တွေ့လျှင် ခြေဖျားလက်ဖျားများ အေး၍သွား၏။ နဖူးဆံစသည် ချွေးစို့လာ၏။ ရင်များသည်ပင် တုန်ယင်၍လာပေ၏။

မောင်ရွှေမှိုသည် ကြီးတောင်းကြီးထည်ရှိလှသည့် ထီးရွက်ကြီးအား ဆောင်းလျက် စူးစူးရဲရဲမျက်လုံးကြီးဖြင့် ဆိုင်ရှေ့သို့ လာ၍ရပ်၏။ လှတစ်ဖက် လုံမပျို၏ စိတ်၌ သိန်းစွန်ငှက်ကြီး ရောက်၍လာသည်ဟု ထင့်မှတ်လိုက်ရပေ၏။

"နှမသည် ... "

သူဌေးသားလုလင် မောင်ရွှေမှိုသည် လှတစ်ဖက်၏ လှမျက်နှာလေးအား သေချာစွာကြည့်၍ ခပ်အေးအေးဆို၏။ ဈေးသည်ဈေးကွဲချိန် မရောက်တရောက်ဖြစ်လျက်ရှိခြင်းကြောင့် လူသည် အနည်းငယ်ကျဲပါးလျက်သွားပေပြီ။

လှတစ်ဖက်သည် မျက်လွှာအောက်ပင့်လျက်ထား၏။ ငြိမ်လျက်သားရှိ၏။ ဘာဖြေပြန်၍ ပြောရမည်မှန်း နားမလည်ဘိတောင်း။ ပူထူလျက်သာသွား၏။

အကောင်းအဆိုး ပြန်ပြောရလျှင်လည်း လွန်စွာရှည်လျား၍ တော်တော်နှင့် ပြန်တော့မည်မဟုတ်ရှိ။

"ဈေး ... ရောင်း ... ညီမှ သပွာယျဖြစ်တင်း ... လား..."



"မကောင်း ... ထ ... "

"ပင်ပန်းလှသည် ... ၊ ဟင်း ... ဟင်း ... အစ်ကို ... မကြည့်ရက်"

သူဌေးမင်း ဦးကဏ္ဍရ၏ သား မောင်ရွှေမှိုသည် မှိုကောက်လေ့ရှိသော မှိုတူးသမား၏ မျက်နှာမျိုးဖြင့် ရှေ့သို့တိုးကာ ဆိုင်တွင်းရှိ ကွပ်ပျစ်ငယ်လေးတွင် တင်ပါးလွှဲထိုင်လိုက်၏။

နေရာမှာ လှတစ်ဖက်နှင့် နီးကပ်၏။ လှတစ်ဖက်သည် ထိုကွပ်ပျစ်လေးအနီး၌ ခုံတိုလေးတစ်ခုနှင့် ထိုင်လျက် ကိုယ်တိုင်တစ်ဦးတည်း ဈေးရောင်းသူဖြစ်၏။

မိခင်မှုဆိုးမကြီးအား အလုပ်အကျွေးပြုသူ ဖြစ်၏။ လုပသိမ်မွေ့၏။ စကားပြော ချိုညင်၏။ အေးဆေးစွာနေတတ်၏။ ကြိုက်သူ ပေါလှသော်လည်း မသိ မရှိ သလို နေတတ်၍ အေးငြိမ်းလှပေ၏။

"ဈေးရောင်းမကောင်းလျှင် မပူနှင့်၊ အစ်ကို ကူညီပါ့မယ်... နှမသယ်ကို မြင်စကပင် သနားစာနာလှတယ် ... သည်သို့နှင့် အတောင်ကိုက်နှင့် ကြင်ဘက်အဖြစ် ပြုပါမယ် ... မေတ္တာရွှေစကား နှုတ်လွှာဖွင့်ချင်လှပါတယ် နှမသယ် ... စကားနိုးထ ပြောပါရစေ... လို့"

လှတစ်ဖက်သည် မျက်နက်ရွဲထောင့်ကပ်လျက် မလှုပ်ငေး ကြည့်လိုက်၏။ ဤလုလင်သည် နှုတ်စရဲကောင်းလှ၏။ သူဌေးသား ပီသလှ၏။ ငွေစနှင့် မျှားခေါ်၍ မယားကျွန်ပြုမည်။ ငယ်ကူလှချေ၏။ မစဉ်းစားအပ် ... ။

www.burmeseclassic.com



"မစဉ်းစားဝံ့ ... မိခင်၏ ကျန်းမာရေးငဲ့လျှဉ်းရဦးမယ်... အစ်ကိုသွားပါရစေ့ ... မတင့်တယ် ... နှမ ကြောက်တုန် ဘိ"

"မကြောက်တုန်လင့် ... အစ်ကို ဝါးမစားတတ် ... ချစ်စဝင် ချစ်ကြီးခွေဖို့လာသည် ... နှင်မထုတ်လင့် ... အစ်ကိုက ချစ်မိလျှင် သူတကာထက် ပိုတတ်၏။ ဘဇာမှ ဂရုမစိုက်"

မောင်ရွှေမှီသည် လှပသောမျက်နှာနှင့် ဖွံ့ထွားသော ကိုယ်လုံးကို ကြည့်ပြီးလျှင် နှစ်သက်လျက်ရှိပြီးလျှင် လှတစ်ဖက်၏ လက်ကို ဖျတ်ခနဲဆွဲယူ၍ ၎င်း၏ လက်ကြမ်းကြီးဖြင့် ပွတ်ဖိလိုက်သည်။ လက်ကို ခပ်ကြမ်းကြမ်းဆွဲကိုင်လိုက်သည်။

လှတစ်ဖက်၏မျက်နှာသည် ရဲထင်းလျက်သွား၏။ ရှက်မှုန်၍ သွား၏။

"လူရမ်းကား ... နွားတ်ရဲသလို လက်ရဲလှတယ် ... လွှတ်ဘိတောင်း"

"ချစ်လို့ပါ နှမသယ် ... အစ်ကိုမေတ္တာကို ရွှေခွက်ဖြင့် တင်၍ ပေးအပ်ပါ့မယ် ... ရွှေနန်းဆောင်မှာထားပြီး ရွှေကတ္တိပါဖြင့် ခြုံပြီး ထွေးပါ့မယ်"

"ရွှေငွေ မလိုပ ... အစ်ကို နှမသယ်ရဲ့ လက်ကိုလွှတ်ပါ... အချစ်ဆိုတာ မပြောတန်ပါ့လေ ... အလွယ်ချစ် အလွယ်ပျက်သည် ကော"

သူဌေးသား မောင်ရွှေမှီသည် မှိုပေါက်အောင် မယားယူဖူးသည့်အတိုင်း လှတစ်ဖက်အား သူ၏ လက်တွင်းမှ မလွှတ်ပေးလို။ ခံတွင်းထဲသို့သာလျှင် ပက်သွင်းလိုသည်။ ထို့ကြောင့် လှတစ်



က်၏ လက်ကို လွှတ်၍မပေးဘဲ ခပ်ဖွဖွဆုပ်ကိုင်လျက် ခပ်ဖြည်းည်းညှစ်လိုက် ပြုလုပ်လျက်ရှိပေ၏။

"လူမြင်သတယ် ... လွှတ်ဆို လွှတ်ပ"

လှတစ်ဖက်သည် အားနှင့်ရုန်းသည်။ လွှတ်ဖို့ရုန်းသာလျှင် အကြိကထားလျက် ရုန်းဘိ၏။ အခြားဆိုင်ခန်းမှ ဈေးသည်အပျိုမများ နှင့် အသက်ရင့်ရင့် အဘွားကြီးများသည်လည်း မျက်ဆံပြူးကာ ကြည့်ကြကုန်၏။

သို့ရာတွင် မလှုပ်မခတ်ရဲ သူဌေးကြီးဦးကတ္တရသည် ဤယ်၌ အတန်ဩဇာသြောင်း၏။ ဈေးကင်းဂါတ်မှ ရဲမက်အချို့သည် င်လျှင် သူကြေးဖြင့် မကင်းကောင်း။

ထို့ပြင်လည်း သူဌေးသား မောင်မှီ၌ ဝါးတုတ်ဆောင် ကိုယ်ရံနှစ်ယောက် အမြဲတစေ နောက်က လိုက်ပါ စောင့်ရှောက် တတ်သည်။

ထို့ကြောင့် နံ့သာမှုန် ဈေးတန်းရှိ ဆင်းရဲသူမများ ရောင်းသော ဈေးတန်းတစ်ခုလုံးသည် မဝံ့ရဲ၍ မျက်နှာမထွက်ဝံ့လှ။ ဆိုင်င်သော်လည်း မဆိုင်သလိုသာလျှင် နေလိုက်သည်မှာ အကောင်းည်းဟု သဘောစွဲလျက် ငြိမ်လျက်သာရှိကြ၏။

"လွှတ်ဘိ ... အစ်ကို မလွှတ်က ရာဇဝတ်သားဖြစ်ခြိမ့်ည်"

"ဟုတ်လှဘိတောင်း၊ အမင်းစယ်၊ ငါ့အား အံမတုလင့် ောင်ရွှေမှီ တစ်မှီတည်းရှိတယ် ... "

သူဌေးသား မောင်ရွှေမှီသည် လှတစ်ဖက်၏ လက်အား

www.burmeseclassic.com



တင်းကျပ်စွာ ဆွဲထား၍ ချစ်ရေးတစ်ငယ်ပြုရာ မုန့်ယိုလျက်ရှိသော ဆင်ပေါက်၏ ပုံစံကဲ့သို့ရှိ၏။

ရွှေမှိုသည် ဝါးရင်းတုတ်ရိုက် ကျွမ်း၏။ ကြိုးကျစ်လီမ်ခြင်းကို နေ့စဉ်ပြုလျက် မောင်းအားကောင်းရန် နွားနို့ကြေးဖလားတစ်ခွက်သောက်၏။ ကြေးဖလားမှာ ပိဿာချိန်စီးသော ကြေးဖလားခွက်ကြီးဖြစ်၏။ ထို့ကြောင့် နွားပေါက်အလား သန်စွမ်းခြင်းရှိ၏။

ထို့ကြောင့် လှတစ်ဖက်သည် ရုန်းကန် ရုန်းဘိသော်လည်း အရာမထင်လှ။ လှတစ်ဖက်၏၏မျက်နှာနှင့် ကျော ရင်တို့သည် ချွေးတို့ဖြင့် ရွှဲရွှဲစိုလျက်ရှိလေတော့သည်။ မျက်နှာလေးသည် ညိုးတရော်ရှိ၏။

ထိုအချိန်၌ ဆိုင်ဝတွင် အရိပ်တစ်ခုသည် ဖျတ်ခနဲထိုး၍ ကျလာ၏။ အရိပ်သည် ဆိုင်အတွင်းသို့ မိုးမိုးသားသားကျရောက်လျက်ရှိ၏။

သူဌေးသားမောင်ရွှေမှိုသည် လှတစ်ဖက်အား လွှတ်လိုက်ပြီး ဆိုင်ဝသို့လှည့်၍ ကြည့်လိုက်သည်။ မောင်ရွှေမှို၏ စိတ်အစဉ်သည် လူနာင်နီးဖမ်းသလို ဖြစ်လျက်ရှိခြင်းကြောင့် ဝန်းကျင်အားလုံးဝမေ့လျော့နေဟန်ရှိပေ၏။

ဆိုင်ဝ၌ ထီးထီးမိုးမိုးသျှောင်တွဲ၊ ကိုယ်ချွန်၊ ခါးတောင်းသား မြှောင်၍ထားသော လုလင်ပျိုတစ်ဦးကို တွေ့လိုက်ရ၏။ ထိုးကွင်းအနက်ကျားကြီးသည် ပေါင်ရင်းထိပ်ထိ ဆင်းလျက် ဆေးနီကျဲကျဲများကိုလည်း လက်ဖျံတစ်လျှောက်၌ တွေ့လိုက်ရ၏။



လုံးကျစ်တုတ်ခိုင်လျက် ကြွက်သားမြှောင်းကြီးများသည် အကန့်လိုက် အကွက်လိုက်ဖြစ်၏။ ရင်အုံသားသည် လေးထောင့်စပ်စပ်ရှိကာ ခါးသိမ်လျက် မြွေပါးပျဉ်းနှင့်တူစွသော ခါးအထက်ပိုင်းသားသည် လှုပ်ရှိလျက်ရှိ၏။

သျှောင်ထုံးအား သေချာစွာ ထုံးထားလျက် မေးရိုးစပ်စပ်တွင် မှဲ့နက်တစ်လုံးသည် ထင်ရှားပေါ်လွင်၏။ မျက်လုံးအစုံသည် ကြဥစေ့ကဲ့သို့သော မျက်လုံးအစုံဖြစ်၏။

ထိုလုလင်သည် ကားကားကြီးရပ်လျက် ရှိ၏။

"အမင်း ... လူ ... ဟုတ်ရို့ ... လား"

ထိုလုလင်၏ အသံသည် နက်ကျော၏။ အဟန်းသံထွက်လျက် ရှိလေသည်။

"လူ ဟုတ်ရို့ပ အမောင်ရာ၊ အမင်း ငါ့မသိမှို့သည့်စကားဆိုသာပ။ တောသားရုပ် မြို့ချုပ်အကြောင်း မသိပ ထင်တယ်"

သူဌေးသား မောင်ရွှေမှိုသည် ထိမထင်သော မျက်နှာပေးဖြင့် ထိုင်ရာမှ ခပ်လေးလေး ထလိုက်သည်။ နှုတ်ခမ်းကိုရွဲ့လျက် ခါးတောင်းတွင်းသို့ သကြားခဲတစ်ခုကို ၎င်း၏အိတ်တွင်းမှထုတ်ကာ ခဲထည့်လိုက်သည်။ ထို့နောက် မောင်ရွှေမှိုသည် ထိုလုလင်အား မိုက်ကန်းသောအကြည့်မျိုးဖြင့် ကြည့်လိုက်သည်။

"ခွပ်"

အသံသည် ခွပ်ခနဲမြည်သည်။ ထို့နောက် သုံးပေ့ဆိုင်အမ်းလယ်၌ စန့်စန့်ကြီး လဲ၍သွားလေ၏။ မောင်ရွှေမှို၏ ပါးချိတ်ဆီသို့ ထွားကြိုင်းသော လုလင်ကြီး၏ကြီးမားသော ညာလက်သီး

www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် လျင်မြန်စွာဖြင့် တိတိပပထိချက်လှလှမိ၍ သွားခြင်းကြောင့် ဖြစ်ပေ၏။

"ဟုတ်ကောင်း တေး"

ဆိုင်တန်းအနီးအပါးမှ ဈေးသည် တစ်စုသည် ရုတ်ခြည်းထ၍ ကောင်းချီးပေးကြသည်။ လှတစ်ဖက်သည် လန့်၍ မျက်နှာအား လက်ဝါးဖြင့် အုပ်လိုက်သည်။ ကြောက်စရည်းဖွယ် ပြင်းထန်လှသည့် လက်သီးချက်တည်း။

ထိုစဥ် ဝါးရင်းတုတ်ကို ကိုင်ဆောင်ထားသော မုဆိုးကွက်ကြား ခါးတောင်းကြိုက်နှစ်ဦးသည် ဆိုင်ကြားမှထွက်လာကြသည်။ ၎င်းတို့၏ လက်တွင်း၌ နှစ်တောင်နီးပါး ဝါးဆစ်တိုတုတ်ကို ကိုင်ဆောင်ထားကြပြီးလျှင် ရှေ့နှင့်နောက် ပတ်ညှပ်လျက် ပြေး၍လာသည်။ လက်မောင်းသားနှစ်ဖက်ကို မြှောက်ထည့်လျက် ဟစ်အော်ပြီး ပြေးလာကြခြင်းဖြစ်သည်။

"ဗို ..."

ခနဲ တုတ်ပတ်သံပေးလျက် လက်ဝဲနှင့်လက်ယာ တုတ်ချက်များဖြင့် ထိုထွားကြိုင်းသော လုလင်၏ ဦးဆက်ကို ဖြုတ်ရိုက်ထည့်လိုက်သည်။ ထိုလုလင်ကြီးသည် တုတ်ချက်နှစ်ခုအား လက်မောင်းသားဖြင့်ပင့်၍ ခံလိုက်သည်။

လုံးဝ ရှောင်တိမ်းခြင်းမပြု ရိုက်ချက်အပြင်းအနှက်ကို မှန်းဆထားပြီး ဖြစ်ဟန်တူလေသည်။ တုတ်ချက် နှစ်ချက်သည် လက်ဖျံသားအား ဖျန်းခနဲထိတွေ့၏။

ထိုတုတ်ချက်ထိပြီးလျှင် လုလင်ကြီးသည် ညာခြေဖြင့်



ရှေ့က တုတ်သမား၏ခွကြားသို့ ကျောက်ခြင်း ပြုလိုက်သည်။ ခြေခတ်ကျောက်ချက်သည် ခြေလိမ်ခတ်ခြင်းဖြစ်၏။

ရှေ့စွန်လူသည် 'အိ' ခနဲ အော်၍ တုတ်ကိုလွှတ်ချလျက် ထိုင်၍သွား၏။ နောက်လူသည် တုတ်ချက်ကိုပြန်၍ နောက်သို့ဆွဲယူလျက် ဆင့်၍ ဦးခေါင်းရှစ်စိပ်ကွဲရန် ရိုက်မည်ပြု၏။

လုလင်ကြီးသည် ဦးခေါင်းငုံ့ကာ ဘယ်လက်သီးနှင့် ညာလက်သီးအားကောင်းစွာ အသုံးပြုလိုက်သည်။ လုလင်ကြီး အသုံးပြုသည့် လက်သီးချက်မှာ ရင်ညွှန့်ရိုးနှင့် ဗိုက်သားအိုးဆီသို့ ဖြစ်၏။

ထိုတုတ်ကိုင်သမားသည် ပက်လက်နှင့် မှောက်ခုံမည်သို့မည်ပုံ လဲကျရမည်ကို ရွေးချယ်၍ မရနိုင်ပင် ဖြစ်လျက်သွား၏။ ကြောင်စီစီမျက်လုံးပြူးကာ ရပ်ကြည့်လျက် အသက်ရှုပြတ်၍သွားဟန် တူပေ၏။ ထိုပြင် အံ့သြတကြီးလည်း ဖြစ်သွားဟန်ရလေသည်။ မည်သို့တစေ လက်သီးချက်နှစ်လုံးသည် ထိချက်မိစွာရှိ၍ သွားပြီတည်း။

နှုတ်ခမ်းမှ သွေးစသက် တက်လာပြီးနောက် အရုပ်ကြိုးပြတ်လဲ၍ သွား၏။

လူသုံးဦးသည် ဖြုတ်ချည်းလဲလျက် သွားပေ၏။ အားကောင်းလှချည့်သည်တည်း။

"ရွှေရွက်လှ ..."

မုဆိုးတန်းမှ ဝမ်းဗိုက်ရူရူနှင့် မုဆိုးကြီးသည် ဆေးတံခုံးကို ဖြုတ်လျက် အခင်းနေရာဆီသို့ ပြေးလာလေသည်။

မုဆိုးကြီး စောကာတီးသည် ရင်ဘတ်စည်တီးလျက် ခါး

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြိုက်ပြုတ်အောင် ပြေးလွှားလျက် ရောက်လာ၏။ ဝဖိုင့်သောခန္ဓာကိုယ်တွင် မုဆိုးကြီး၏ဆေးမင်များသည် ကိုယ်လုံးဖြိုလျက် ရှိပေသည်။ ဖိနပ်အလျှဉ်းမပါ၊ ပုဆိုးနံ့ငယ်စလေး ခေါင်းပတ်ထား၍ သျှောင်သေးသေးအား ထိပ်စုထားသည့် သျှောင်ကြီးဖွေမုဆိုးကြီးတည်း။

"ငါ့နှယ်တကော ... မိုက်သလော"

"မမိုက်သာပ ရှူသွမ်းကို ဆုံးမသည်ပဲ ... "

"ခက်ကတည်း"

မုဆိုးကြီးသည် အမြှုပ်ထွက်လျက် လဲကျသော မောင်ရွှေမှို၏ အနားသို့ မဝံ့မရဲရောက်၍ သွား၏။ အသက်ရှူသံနှင့် သွေးကျသံကို လက်တွင်စမ်းလျက်ကြည့်၏။

ရွှက်လှ၏လက်သီးစွမ်းသည်မလွယ်လှကောင်း၊ မွဲကျောင်းထွက်တည့်ဟု လက်သီးသံ တယ်မြည်တည်းပဲ ... မုဆိုးကြီးသည် စိတ်တွင်း၌ရေရွတ်ကာ ရွှက်လှခေါ် ရွှေရွက်လှအား ကြည့်လိုက်သည်။

ရွှေရွက်လှသည် နောက်ခိုင်းလျက် ထိုနေရာမှထွက်ခါ မုဆိုးတန်းအတွင်းသို့ ဝင်၍သွား၏။

တပည့်ရွှေရွက်လှအတွက် စောကတီးဟူသည် မုဆိုးကြီးသည် ခေါစပ်လျက်သွား၏။ တဟင်းဟင်း သက်ပြင်းချလိုက်ပေ၏။

ဈေးတစ်ခုလုံးသည်လည်း အုတ်သောင်းတနင်း ဖြစ်၍သွား၏။ ဒူရွှေးသားရွှေမှို လူထိခံရသတတ်ဟူသော သတင်းသည်



ဈေးအတွင်း၌ ပွားခက်ပင်စည်လျက်သွားသည်။ လှတစ်ဖက်သည် ...ပွဲချ၍ ငိုယိုခြင်းပြုလိုက်သည်။ သူ့ကြောင့် တစ်ပါးသူများ ထိုး...က်၍ ရန်ပွဲတောင်းလျက် လဲပြိုကုန်ကြ၏။

ဈေးအတွင်းရှိလူများသည် မောင်ရွှေမှိုလဲကျသွားရာသို့ အုံ...း...လျက် ရောက်လာကြလေ၏။

ဈေးကင်းမှ တုံးခေါက်သံများသည် ပေါ်၍လာ၏။ အချို့...သည် ဈေးအတွင်းမှ လျှင်စွာထွက်၍ သွားပေ၏။

ထိုအချိန်တွင် ဈေး၏ထွက်ပေါက်ရှိ သစ်တုံးကြမ်းတစ်ခု...တွင်ထိုင်လျက် နားနေသော ရသေ့အိုကြီးသည် ခပ်ပြုံးပြုံး ခေါင်း...ညိတ်လိုက်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ရသေ့အိုနှင့် ရွှာပေါက်လူဆိုး

တောစပ်သည် ရှိုင်းနက်လျက်ရှိပေ၏။ ပေါက္ကံပြည်အစွ
ကမ်းနပူး၌ စေတီတစ်ဆူသည်ရှိ၏။ ထိုစေတီ၏ အရှေ့ဘက် စက
ပင်ကြီး၏နေရာ၌ ရွက်တဲအိုနှင့် ရသေ့အိုတစ်ပါးသည် ရှိဘိ၏။

ထိုရသေ့အိုသည် နွေစဉ် ပေရွက်များဖြင့် အလုပ်ရှုပ်လျ
ရှိပေ၏။ ပေရွက်များသည်လည်း ကျောင်းခန်း၌ ပြန့်နှံ့လျက်ရှိ
၏။ ပေရွက်ရှိစာများသည် လွန်စွာနက်၏။ တစ်ချို့သည် မြင်ရန်
အတော်ခက်ခဲ၏။ ပေရွက်ဟောင်းများဖြစ်လျက် လက်ရေးစာမ
သည် အတန်ပင် မှုန်မွှားမွှားရှိပေ၏။

သို့ရာတွင် ရသေ့အိုကြီးသည် ထိုမှုန်မွှားမွှား စာက
များကို မှုန်မွဲမွဲမျက်စိဖြင့်ပင် အနီးကပ်ဖတ်ရှုလျက်ရှိ၏။ ထိုရ
ကြီးသည် တစ်ခါတစ်ရံ၌ သက်ပြင်းချလျက် ဖတ်ရှုပြီးလျှင် တ



တစ်ရံ၌ ကောင်းကင်ပြင်သို့ မော့ကြည့်ကာ သက်ပြင်းရှူသွင်းရင်း
တ်ရှု၏။

ရသေ့အိုကြီးနေထိုင်သော အရပ်ဒေသကား လောကနန္ဒာ
ဟုသော ဒေသဖြစ်၏။ လောကနန္ဒာဘုရားကြီးအနီး၌ နေခြင်း
ကြောင့် ထိုရသေ့အို ပုဂ္ဂိုလ်ကြီးအား လောကနန္ဒာရသေ့ဟူ၍လည်း
ခေါ်ကြကုန်၏။

ရွှေထီးဘောင်စံ ရွှေနန်းရှင် ဘုရင်အနော်ရထာသည်
လောကနန္ဒာဘုရားအား တည်ထားပြီး နတ်ရွာလား၏။

ရသေ့ကြီးသည် တိတ်ဆိတ်ငြိမ်သက်သော ဤ လောက
နန္ဒာအရပ်၌ တစ်ဦးတည်း ရသေ့တို့၏ အမှုအရွက်တို့ကို လေ့လာ
ရာ ထူးခြားသော ရသေ့ပညာရပ် အသီးသီးအား လေ့လာခြင်း
ရှိ၏။

ထိုအချိန်ကာလက မှဆိုးမဩောင်ပင် ဘုရားတည်လျက်
ရှိ၏ ပေါက္ကံပြည်ကား စေတီပုထိုး ဂူငယ်ပေါက်များဖြင့် ပြည့်နှက်မှု
ရှိလျက် ရှိပေ၏။

ရသေ့ကြီး၌ ကပ္ပိယထူးထွေမရှိ၊ တစ်ဦးတည်းသာလျှင်
သိုင်ဖို့ရုံ သေးသေးတစ်ခုအား သစ်ခက်အုပ်မိုးလျက် ထား၏။
ခြောက်များကို ကိုယ်တိုင်စုကာ ရေခရီး၌သုံးရန်မင် သစ်ခေါင်း
လှေငယ်တစ်ခုအား နားနားနေနေ ပြုလုပ်လျက် ထားပေ၏။

လှေတက်တစ်ချောင်းကိုပင် ဓားသားဖြင့် ခုတ်ထွင်းလျက်
လုံးအား ယမနေသားဖြင့် ထုထွင်းလျက်ထား၏။ ထို့ကြောင့်
မှာ ပေါ့ပါးပြီးလွန်စွာအတက်ပြေးသော လှေငယ်တစ်စင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးသည် ပေစာကို တစ်ခါတစ်ရံ၌ အသံထွက်လျ
ရွတ်ဖတ်၏။ ရသေ့ကြီးသည် အောက်ပါအတိုင်း ပေစာရွက်ကိုင်
ဆိုလိုက်၏။

"အကြြင်ဝိရာလောဗောမိဉာကောဝိသမာမိ၊
ပဗ္ဗိရော ဟောဝိ ရလောကသမ္မေထုဗ္ဗထံလာသ
ဟောတု ရေန္"

ဟူ၍ရွတ်ဖတ်ပြီးလျှင် ...

ရှေးအခါသမယ မြန်မာမင်းသမ္မတသည် မင်းပြုလတ်သ
ရှိလတ်သော် ရ"

ဟူ၍ ဆိုမိပြီး ပေစာကိုချမြီးလျှင် ဟင်းခနဲ သက်ပြင်း
လိုက်ပြန်ပေ၏။

ထို့နောက် ဖက်ဖြူလိပ်တစ်လိပ်ကို ကောက်၍ဖွာလို
သည်။ ထိုအချိန်ကာလသမယတွင် ရှုး ရှုး ရှဲရှဲအသံများကို ကြား
၏။

မှောကြီးဟိုက်ကြီးဖြစ်လျက် လွန်ပြင်းစွာ အသက်
ရှုငေ်လျက်ရှိသောအသံသည် အနီးအပါးတွင် ဝဲပျံ့လွင့်ထွက်လျ
လာပေ၏။

ရသေ့ကြီးသည် ကျောင်းအဝသို့ကြည့်ကာ ပြုံးလို
သည်။ လွန်ပြင်းစွာရှုရှိုက်သော မောဟိုက်သံကြီးသည် တရစပ်
နီ ထွက်ပေါ်လျက်ရှိပေ၏။

ရသေ့ကြီးသည် ပြုံး၍ခေါင်းညိတ်လိုက်ပြန်သည်။ ရသေ
ကြီး၏ အမူအရာမှာ သဘောခွေ့လျက်ရှိသည့်ပုံသဏ္ဌာန် ရှိပေ



"ငါ့စောင့်တာကြာရို့၊ မင်းက အခုမှရောက်သမို့ အတော်
ခင်းရဲလှကောင်းပြီ ဩ"

ရသေ့ကြီး၏ ကျောင်းသင်္ကန်း ရှေ့တည့်တည့်ဝင်ပေါက်
ဘွင် လွန်စွာမောဟိုက်ဟန်ရှိသော လုလင်ပျိုတစ်ဦးသည် ရပ်လျက်
ရှိလေသည်။ အသက်ရှုသံပြင်းပြင်းသည် ထိုလုလင်ပျိုထံမှ ထွက်
ပေါ်လျက်ရှိ၏။

လုလင်ပျို၏ခန္ဓာကိုယ်မှ ချွေးသံများသာမက သွေးစေး
များသည်ပင် ချွေးနှင့်အတူ အိတွဲကျလျက်ရှိ၏။ ကြောပြင်ဖုတစ်ထွား
ထွားရှိလှသော ကြွက်သားဖုကြီးများ၌ စင်းထင်သော အရိုးရာကြီး
များသည် ရှိဘိ၏။

သို့ရာတွင် လွန်စွာ ထွားကြိုင်းသန်မာသော ကြွက်သား
ပေါ်၌ ရှိုးထင်းသောအရာများသည် သဘောမရှိတန်တောင်း၊ ကျော
ပြင်ကျယ်၌ အရိုးထင်းရာများသည် အသားမျှင်များတွင် နစ်ဝင်မြုပ်
လျက်ရှိပေ၏။

လုလင်ပျိုသည် ဒဏ်ရာများပွန်းတီးလျက် ရှိသော်လည်း
ဒဏ်ရာများကို မှုဟန်မတူ။ သို့သော် ပြေးလွှားခြင်း၌ အတန်အား
ထုတ်ခဲ့ရပုံပေါက်လျက် ရှိပေရာ မောဟိုက်လျက် ချွေးလုံးချွေး
ပေါက်များသည် ဦးခေါင်းမှ စီးယိုကျလျက်လာပေ၏။

လုလင်သည် ရသေ့ကြီးအား အမောတကြီးဖြင့် လှမ်း၍
ကြည့်လိုက်သည်။ ရသေ့ကြီးသည် မြေရေနွေးအိုးခရားတွင်းမှ ရေနွေး
အချို့ကို ငှဲ၍သောက်လိုက်သည်။

"အရှင်ရသေ့ကြီး ... ကျောင်းပေါ်သို့တက်ခွင့်ပြု

www.burmeseclassic.com

www.burmeseclassic.com



"တက်နိုင်သည်ကော လုလင် ... အမောတကော ရှိလှ ရှိ... အမောပြေ ရေနွေးသောက်ဘိ"

ရသေ့ကြီးသည် မုတ်ဆိတ်မွေးကြမ်းကြမ်းကြီးများ လှုပ် ရယ်လျက် မေးလှုပ်ကာ ပြောဆိုလိုက်ပြီးလျှင် မြေဆေးတံအိုးကို ကောက်ယူလိုက်ပြီးလျှင် ရေနွေးအိုးမှ ရေနွေးခွက်ပြည့်ပြည့်တစ် ခွက်ကို မြေခွက်တွင်းသို့ လောင်းချလိုက်သည်။

ရေနွေးသွန်သံသည် ဂလောက်ဂလောက်ဟူ၍ပင် အသံ ထွက်၍လာ၏။ ရေနွေးသည် အေးစက်လျက် ရှိနေသည်မှာ သိသာ နိုင်ပေ၏။

လုလင်ပျိုသည် ယိုင်နဲ့လှသော ရသေ့ကြီး၏ တဲကျောင်း အတွင်းသို့ တက်လိုက်သည်၊ ကြမ်းခင်းမှာ ကျိုးတိုးကျဲတဲဖြစ်လျက် ကြမ်းခင်းမှလေဝင်ပေါက်သည် တဖြုံးဖြုံးတသာသာ ဖြစ်လျက်ရှိပေ ၏။

လုလင်ပျို ပုဆစ်တုတ်လျက် ထိုင်လိုက်၏။ ထိုးကွင်းကြီး နှစ်ဖက်သည် ပေါင်ရင်းမှ ဒူးဆစ်ထိ အနီတစ်ဖက် အမည်းတစ်ဖက် ရှိ၏။ ထိုးကွင်း၏ မင်ရေးသည်လည်း လွန်စွာ စနစ်ကျပီပြင်ကျနမှု အခံ့အနက် ကောင်း၏။ လက်ရွေးလက်ဆန် ကောင်း၏။

လုလင်ပျို၏ ပေါင်ကြွက်သားနှစ်ဖက်သည်လည်း တင်းမှို ဖုံးမောက်လျက်ရှိကုန်၏။ သလုံးသားသည်လည်း ထို့အတူပင် ဖြစ်ကာ ခြေဖဝါးကား ဖြည့်လျားလျားရှိပေ၏။

ဖနောင့်သားသည် အသားမာတက်လျက် ခြေချုံသည် လည်း မည်းညိုလျက်ရှိပေရာ ပေါက်ကယ်ပြည်၏ လည်မျက်ရွဲ ပုံ



ကျောင်းလက်ဖွဲ့တော်သား အတတ်ကို သေချာစွာ တတ်မြောက် သူဖြစ်ကြောင်း အလွယ်ဖြင့် သိသာနိုင်ပေ၏။

လုလင်ပျိုသည် ပျိုမျစ်နုနယ်သော မျက်နှာပေါက်ရှိ၍ နှာခေါင်းမွေးရေးရေးရှိ၏။ မျက်လုံးအစုံသည် ကြည်လင် ပကတိရှိ၏။ ဆံစ၌ သျှောင်ဖွဲ့ချည်ထားသော်လည်း သျှောင်ထုံးမှာ မပီပြင်တတ် သေး။

မေးကြောအစုံသည် ချွန်းဥသွားဘိသော်လည်း မေးရိုး အောက်ချွန်းသည် ခိုင်ကျဉ်သည့်သဘောကို ပြသလျက်ရှိပေ၏။ မျက်တောင်ကော့ကြီးများလည်းရှိ၍ယောကျ်ားပီသသော ရုပ်သွင်၌ ချောမောမှုသည် အလျှံ့အပြည့် ရှိဘိသည်။

လုလင်ပျိုသည် ရသေ့ကြီးကမ်းပေးသော ရေနွေးခွက်ကို ကိုင်လျက် အမောတကြီး သောက်၍ချလိုက်၏။ ရေနွေးအေးသည် အေးရှက်ခြောက်များပါ ထောင်းဖုံးထည့်သွင်းထားသဖြင့် ခါးအေး ကြီး ဖြစ်လျက်ရှိပေ၏။ ထိုရေနွေးအေးကြီး ဝင်သွားလျှင် လုလင်ပျို ၏ မျက်နှာသည် ကြည်လင်လျက်လာပေ၏။

"ဟူး ..."

ခနဲ လုလင်ပျိုသည် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်ပစ် လိုက်သည်။ ထို့နောက် ဦးခေါင်းမှ ချွေးသီးချွေးပေါက် အချို့ကို လက်ဖြင့်သုတ်၍ ကြမ်းပေါက်ကြားသို့ သပ်ချလိုက်သည်၊ ဆံထုံး အားလည်း ဖြေလျော့ကာ ခေါင်းတွင်းမှ ရွှဲနစ်နေသော ချွေးစက် တို့ကို လက်ဖြင့် သုတ်ပွတ်လိုက်သည်။

"ငါ့ စောင့်နေတာကြာပေါ့ကွယ် ... မင်းက ဘယ်သို့

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြီး ပွက်ရွေ့နေတာတုန်း ... ”

“ရာဇဝတ်မှုကြောင်း ထင်နေလို့ပါ ... အခုလည်း မြို့ဝန်ကြီးရဲ့ အာဏာသားကို လည်ညှစ်ပြီး ပြေးခဲ့ရကြောင်းပါ ... ဈေးသည်မ ‘သူအိုး’ ကို သူငွေးသား ရွေမှို မတရားပြုတာကို ဈေးလယ်မှာ ထောင်းကန်လိုက်လို့ ရာဇဝတ်ကြောင်းသင့်ပြီး မြို့ဝန်ကြီးက နှစ်ညချုပ်ပြီး ကြိမ်ဒဏ်ပေးပါတယ် ... ကြိမ်ဒဏ်မပြည့်ခင်မှာ ကြိမ်ရိုက် အာဏာသားကို လည်ညှစ်ပစ်ချပြီး သည်ဘက်ကို ထွက်ခဲ့ပါတယ် အဘရသေ့ ... ”

“ကောင်းစွပေ့ါ မင်း ... ၊ ရေများရေနိုင်တယ် ... မီးများမီးနိုင်တယ် ... ။ ဒါက လောကသဘာဝပေမင့်၊ စိတ်မကောင်းမရှိလင့် ... ။ မင်း မှဆိုးပညာ ကောင်းစွာတတ်ထပလော ... ”

“ဟုတ်စွ အရှင် ... ကောင်းကျေပွန်ထမြိပဟု ... သားကောင်ခြေရာနင်းသည်သို့နှင့် မှိန်းလုံ့တို့အား ကိုင်ဆောင်လုပ်လျှင်းရာ၌ သားကောင်မင်၏ စခွက်ကို လက်တစ်ကွက်နိုက်သာသာမှုထိ နက်အောင် အလံတစ်ရာကွာမျှ ပစ်လျှင်းနိုင်ပသည်။ လုပ်လိုရာကို ထိနက်အောင် လုပ်နိုင်လွန်းပြီး ဆရာမုဆိုးကြီး ကျေနပ်ထပြီကော ... ထိ”

“ဟုတ်စွ ... သည်ပသို့ဆိုလျှင် တော ကောင်မြူးရာတောသို့ ဝင်နိုင်ပြီ ... ။ ငါနှင့်အတူ ညဦးခရီးထွက်ရမည်၊ တောတွင်းသို့ဝင်လျက် ဆေးရွက်အရှာထွက်ရမည်”

ရသေ့ကြီးသည် နေရာမှ ထလျက်သွား၏။ လုလင်ပျိုသည် ထွားကျိုင်းလှသော ခန္ဓာကိုယ်အိမ်ကျောပြင်တွင်ရှိသော ချွေးစေး





နှင့် သွေးစေးများကို ရသေ့ကြီး၏ ကျောင်းပြတင်းဝတွင် တင်လျက်ထားသော အဝတ်စတစ်ခုဖြင့် ယူငင်သုတ်လျက် ရှိပေ၏။

ထွားကျိုင်းသော ရင်အုပ်သားကြီးသည် လှုပ်လှုပ်ရွက်ရွက်ရှိ၏။ ရင်အုပ်သားမို့မို့ကြီးသည် အရစ်ထလျက်ရှိ၏။ ပခုံးသားနှစ်ဖက်၌လည်း ကြွက်သားဖုကြီးသည် လက်တဆုပ်စာခန့် ပျဉ်းထလျက်သားရေနယ်ထုံးကဲ့သို့ မာကျောမှုရှိ၏။ လက်မောင်းအတွင်း ပျဉ်းသားသည် တွဲရရွဲ လှုပ်ထိုးလျက်ရှိရာ ကြည့်၍အတန်ပင် ကောင်းလှပေ၏။

ရသေ့ကြီးသည် ကျဉ်ထောက်ဝါးဘူးကြီးသို့ လက်နှိုက်၏။ ထိုအထဲတွင် ငွေရောင်ဘူးကလေးနှစ်ခု ထွက်၍လာပေ၏။ ရသေ့ကြီးသည် ပြတင်းပေါက်နားတွင် ရပ်လျက်ရှိသော လုလင်ပျိုအား လက်ဖြင့်တို့ကာ ခေါင်းမော့ ပါးစပ်ဟာရန်ပြလိုက်သည်။

လုလင်ပျိုသည် ပါးစပ်ဟာလျက်ခေါင်းမော့လိုက်၏။ ရသေ့ကြီးသည် ငွေကြုတ်ထဲမှ မည်းမည်းပျစ်ပျစ် အရည်အချို့ကို လောင်းထည့်ပေးလိုက်ပြီးလျှင် ဆေးရည်အချို့ကို လုလင်ပျို၏ ကျောပြင်တွင် ထင်းလျက်ရှိသော ကြိမ်ရာများကို လက်ဖြင့် သုတ်လိမ်းပေးလိုက်သည်။ လုလင်ပျိုသည် စပ်သဖြင့် ကျောတစ်ချက်မျှကော့၍တက်သွားသည်။

“ကောင်းသွားမည် ငရွက်လှ ... သင်လည်း သည်ပွဲကျောင်းပညာတတ်ပြီးတည်းက မအေးတော့ပြီ ... ။ လှမ်ခန်းဆိုဆုတောင်းချင်စိတ်က ရှုထိုးလှသည်ကော ... ။ ပွဲကျောင်းပင်ရေးဆရာကြီးကလည်း ငါ့အား တိုင်ပင်လိုက်သည်။ မင်း ဇီဇာထက်လှ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပွဲကျောင်းပညာနှင့် မတန်တကော ဟူ၍မင် ဆိုစိမ့်မည်"

"မဟုတ်ပ အရှင်ရသေ့ ... မတရားသင်းချက်တွေ့လျှင် သင်းကွပ်လိုစိတ်သည် မြင့်မြတ်သော ယောကျ်ားသား၏ စိတ်ထား ဟု ပွဲကျောင်းဆရာကြီး ရှင်တော်ရဲဒိဗ္ဗဆရာကြီးက ဆိုစိမ့်သည်။ သည်အတိုင်း လိုက်နာခဲ့ကုန်သည်ဖြစ်၏။"

ရသေ့ကြီးသည် လုလင်ပျို၏ စကားရှက်၊ စကားချက်ကို ကြားလျှင် ပြုံးလျက် ခေါင်းညိတ်သွား၏။ ဆေးကြုတ်ဘူးကို ပိတ်လျက် ဝါးကျဉ်ထောက်တွင် ပြန်၍ထည့်လိုက်သည်။ ထို့နောက် ရသေ့ကြီးသည် ဆေးလွယ်အိတ်ကို လွယ်လိုက်သည်။ စိတ်ပုတီးကြီးတစ်လုံးအားလည်း လွယ်လိုက်သည်။

ထို့နောက် ကြေးဘုလက်ကိုင်ကြီးတစ်ခုပါရှိသည့် တောင်ဝှေးကြီးတစ်ချောင်းကို ကိုင်လိုက် သည်။ ထို့နောက် ကျောင်း၏ နံရံထောင့်တစ်နေရာတွင် ချိတ်ဆွဲထားသော ငှက်ပျောခိုင်ကြီးမှ ငှက်ပျောသီးငါးလုံးအားဖြုတ်၍ ပါးစပ်မှ ရွပ်လျက် အသံအောတစ်မျိုးဖြင့် ရွတ်ဆိုခြင်းပြုလိုက် သည်။ ထိုငှက်ပျောသီးအား အောက်ပါအက္ခရာဖြင့် ရွတ်ဆိုခြင်းပြု သည်။

"ဩဣတ္ထမ္ဗဋ္ဌသိဒ္ဓိဗုလေရအဟာရစ္စကမ္မံ"

ဟူသော အက္ခရာစဉ်ဖြစ်ပေ၏။ ငှက်ပျောသီးများမှာ ထူးခြားစွာ မှည့်ပြီး ဝင်းလက်လျက်ရှိပေခြင်းကြောင့် စားချင်စဖွယ်ဖြစ်လျက်ရှိပေ၏။ အနံ့အားဖြင့်လည်း မွှေးကြိုင်၍ အလုံးအရွယ် ပမာဏအားဖြင့်လည်း သင့်တင့်ကောင်းမွန်၏။

လုလင်ပျိုသည် တဲကျောင်း၏ ဝါးကြမ်းပေါက်များမှ လေ



တဟူးဟူးတိုက်ခတ်လျက်ရှိသည်ကို အရသာခံယူ၍ တစ်ချက်မျှငြိမ်သက်စွာနေပြီးလျှင် ကျောင်းထောင့်နံရံရှိ ရေအိုးစင်ဆီသို့ လှမ်း၍ ကျောက်ကာခွက်ကြီးဖြင့် ရေတစ်ခွက်အားခပ်လျက် အားပါးတရ သောက်မျိုခြင်းပြုလိုက်သည်။

လွန်စွာအေးမြသော ရေကို အားပါးတရ သောက်ချလိုက်ပြီးနောက် လုလင်ပျိုသည် များစွာအေးချမ်း၍ ရွှင်ကြည်သွားပုံရလေသည်။

"ရွှေရွက်လှ ... မင်းအတွက် ငါ လှံတိုမှိန်းတစ်ခု ဆောင်ယူထားတယ် ... ယူရစ်"

ရသေ့အိုသည် ရသေ့ကျောင်းသက်နှင့် မလှမ်းမကမ်းရှိ သစ်ငုတ်တစ်ခုတွင် စိုက်၍ထားသော လှံတိုမှိန်းတစ်ခုအား လှမ်း၍ လက်ညှိုးညွှန်ပြရင်း ပြောဆိုလိုက်သည်။

လုလင်ပျိုသည် ကျောင်းပေါ်မှဆင်းကာ သစ်ငုတ်လုံးပေါ်တွင် အသာစိုက်ထိုးထားသော လှံတိုမှိန်းအား ဆွဲငင်ယူလိုက်သည်။ လှံတိုမိန်းသည် ပန်းပွားတပ်လျက် ထူးခြားစွာ လှလှပပရှိ၏။

ကြိုးခွေတစ်ခွေသည်လည်း လှံတိုမှိန်း၌ တပ်လျက်ရှိရာ ထိုကြိုးခွေမှာ အနီရောင် ကြိုးသေးမျှင်ဖြစ်ပြီးလျှင် လှံရိုးမှာ အထူးအားဖြင့် ပြောင်းသဏ္ဍာန် သံသေလို အရှည်အလျား ပြုလုပ်ထားသည်ကို တွေ့ရပြီးလျှင် လှံရိုး၏ နောက်ဆွယ်တွင် အိတ်ငယ်တစ်ခုပါရှိ၏။ အိတ်မှာ ကတ္တီပါအိတ်ရှုံ့တစ်ခု ဖြစ်ပေ၏။

လုလင်ပျိုသည် လှံတိုအား ယူဆောင်လျက် ကျောင်းပေါ်သို့ ပြန်၍တက်လာခဲ့ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းအတွင်း၌ နေပြောက်ကျားသည် ကျောင်း၏ မြေစည်အတွင်းထက်ဝက်ခန့်တွင် သစ်ပင်ကြားမှ ပြောက်ကျားကျလျက်ရှိပေ၏။ လွှန်စွာ မြင့်မားသော သစ်ပင်ကြီးတို့သည် ကျောင်း၏ ပတ်လည်၌ရှိ၏။

ထို့ကြောင့် လွန်စွာ အုပ်ဆိုင်းလျက်ရှိပေရာ နေရောင်ကောင်းစွာကျရောက်မှသာလျှင် ကျောင်းဝင်းအတွင်းသို့ နေပြောက်ကျားကျရောက်ခြင်း ဖြစ်၏။

လုလင်ပျိုသည် ကျောင်းဝတွင် လှံတိုမှိန်းအား ချလျက်ထားလိုက်၏။

ရသေ့ကြီးသည် ဒေါက်ချာအဟောင်းကြီးကို ကျောင်း၏ ထောင့်ရှိနေရာတွင် ချိတ်ဆွဲထားလိုက်၏။ ထို့နောက် သားရေနယ် အသစ်ဖြင့် ပြုလုပ်ထားသော ဒေါက်ချာကြီးအား ဆောင်းလိုက်သည်။

ရသေ့ကြီး၏ဆံပင်ရှည်လျားလျားသည် ဒေါက်ချာအတွင်းမှ အပြင်သို့ထွက်လျက်ရှိ၏။

ရသေ့ကြီး၏မျက်နှာကား ရှည်လျားလျားဖြစ်၍ မျက်လုံးအစုံမှာ ဖိုဆွဲရုံ မီးဒဏ်သင့်နေသော တေဇောတကမျက်လုံးမျိုးဖြစ်၏။ အပြင်ဘက် မျက်ရစ်များတွင် တိမ်ရောင်အဖြူရစ်များကို တွေ့ရ၏။ သို့ရာတွင် မျက်ဆန်မှာမူ အရောင်အသွေးလက်ကာ ဖန်သားရောင်ထွက်လျက်ရှိပေသည်။

မုတ်ဆိတ်မွေးများမှာလည်း ဖွေးဖွေးဖြူဖြူ လှုပ်လျက်ရှိပေခြင်းကြောင့် ရသေ့ကြီး၏ မျက်နှာသည် အတန်ပင် ကျက်သရေ



နှင့် ပြည့်စုံ၍သွားပေ၏။

"ရွှေရွက်လှ ... ခရီးပြင်းနှင်ရမယ် ... အသင့်ပြင် ... "

ဟူ၍ ရသေ့ကြီးသည် လုလင်ပျိုအား ပြောဆိုလိုက်သည်။ ရသေ့ကြီးသည် ဘုရားစင်အောက်မှ ပေရွက်အချို့နှင့် ကညစ်တံကို သေးလွယ်အိတ်တွင်းသို့ ထည့်လိုက်ပြီးလျှင် တောင်ဝှေးရှည်ကြီးအား ကိုင်လိုက်၏။

လုလင်ပျိုသည် သားရေနယ်ချုပ်တစ်ခုကို ယူ၍ ၎င်း၏ ကျောပြင်နှင့် ရင်ဘတ်အား ကပ်ကာ အပေါ်မှ ကြိုးသိုင်းလိုက်သည်။ ရှေးအစဉ်က ရသေ့များသည် ဤသားရေချုပ်ဖြင့် တစ်ခါတစ်ရံ၌ တောတွင်းသို့ လှည့်လည်ခရီးသွားရ၏။

ထို သားရေနယ်ချုပ်သည် လူတစ်ကိုယ်တစ်သင်း ဝတ်ရုံတိုင်းလျက် ဖြတ်ထား၏။ ကျောနှင့်ရင်ကို ဖုံးသွားအောင် ကောက်ရိုးချည်မျှင်ဖြင့် ချုပ်ထား၏။

အလွယ်တကူ မပင်မပန်း ဝတ်ရုံကိုယ်ထည်ကဲ့သို့ ဝတ်ဆင်နိုင်၏။ တောတွင်း၌ ဆူးခတ်၊ ဆူးခင်းနှင့် ရုတ်တရက် တောကြောင်၊ သစ်မန်းကျားစွယ်များ မခြစ်မပေါက်နိုင်ဖြစ်၏။

လုလင်ပျိုသည် ရသေ့ကြီး၏ သားရေချုပ်ဟောင်းအား ဝတ်ဆင်လိုက်ခြင်း ဖြစ်၏။ ၎င်း၏ ကိုယ်ရုံမှာ ဗလာနတ္ထိဖြစ်၏။

ပွဲကျောင်းဆေးတော်တက်ပြီးစကပင် အင်္ကျီဝတ်ချင် စိတ်အလျဉ်းမရှိဘဲ ဖြစ်သလို ကပိုကရို နေ့စဉ်မြဲဖြစ်တောင်း၏။

ရှင်တော်ရဲဒိဗ္ဗပွဲကျောင်းဆရာကြီးသည်လည်း ၎င်း၏ တပည့်သားများ အဝတ်အထည်မကပ်လှသည်၌ ပိတ်ဖြစ်ဂုဏ်ယူ

www.burmeseclassic.com

www.burmeseclassic.com



လျက် တစ်ခါတစ်ရံ နှုတ်မှဖွင့်လျက် မြွက်ဆိုသင်းကျွတ်၏။

ပွဲကျောင်းသားအကျော်သည် ခါးတောင်း၌ တည်မြှောင်း ရမည်။ လက်ရုံးတည်း၌လည်း မောက်ရမည်ဟု ဆိုညွှန်းလျက် ပွဲကျောင်းသားဆင်းပွဲတော်၌ ဆေးနီကြီးဖြင့် ထိုးနှံအပ်သော ဥစ္စာရ ပွဲကျောင်း ဆေးတော်အပ်နှင်းပွဲ၌ အထူးအားဖြင့် ဆေးခင်းလျက် ပွဲအုပ်ပေးလျက် ပွဲကျောင်းဆင်းကြရသည်။

ရွှေက်လှမည်ရ ရွှေရွက်လှသည် လက်ရုံးလက်မြှောက် အားပါးတရရှိလှ၍ ၎င်း၏ ကိုယ်ထည်၌ ဆေးနီများ ကျဉ်းမြှောက်ပြီး လတ်သော အင်္ကျီမဝတ်မလှူ နေလာခဲ့ပေ၏။

လုလင်ပျိုသည် ရသေ့အိုကြီး၏ ဆေးလွယ်အိတ်ကို ဆွဲကမ်းလိုက်သည်။ ထို့နောက် ကျောင်းပေါက်ဝ၌ ထောင်၍ထား သော လှံတိုမိန်းအား ကောက်ယူလိုက်ပေသည်။

ရသေ့ကြီး၏ ကျောင်းမှဆင်းလျှင် မြစ်ရိုးတွင်းသို့ဝင်ရန် ချောင်းငယ်တွင် လှိုက်ပြိုနေသော ကမ်းပါးကို တွေ့ရ၏။ ရသေ့ ကျောင်း၏ နောက်၌ ချောက်ကမ်းပါးရှိ၏။

ထိုချောက်ကမ်းပါးရှိ ကျောက်တိုင်ပုလေးတွင် လှေငယ် တစ်စင်းကို ကြိုးလိမ်ကျစ် ချည်နှောင်၍ထား၏။ လှိုင်းဂယက် အနည်းငယ်ထလျှင် ထိုလှေငယ်လေးသည် ကမ်းခြေနှင့် ထိစပ်ပုတ် ခတ်ပြီး လူးလွန့် တင်ယှက်လျက်ရှိပေ၏။

ထိုအချိန်၌ ကျောင်းနှင့် မလှမ်းမကမ်းတွင် မြင်းခွာသံ အချို့ကို ကြားလိုက်ရပေ၏။ တဖွပ်ဖွပ်၊ တခွပ်ခွပ် မြည်ဟည်းသော မြင်းခွာသံနှင့်အတူ ပြင်းထန်သော ကြိမ်းမောင်းသံအချို့ကို ကြား



လိုက်ရပေ၏။

မြင်းခွာသံသည် ရသေ့ကျောင်းအနီးသို့ ရောက်လာခြင်း ဖြစ်ပြီးလျှင်၊ မြင်းမှာ ငါးစီးဖြစ်၏။ မြင်းပေါ်မှလူငါးဦး ဓားလွတ်နှင့် လှံတံကိုကိုင်လျက် ရှတ်ချည်းဆင်း၍ လာလေသည်။

ရသေ့ကြီးသည် ကျောင်းပေါ်မှဆင်းရန် ဆိတ်ရေဖိနပ်ကို စွပ်လျက် ရှိခိုက်ဖြစ်ကာ၊ လုလင်ပျိုသည် ကမ်းမြှောင်ချောက်သို့ သွားရန် အဆင့်သို့ရောက်ရာ ကမ်းထက်ချိုး ကမ္ဘူကုန်းမြေပေါ်၌ ရပ်လျက်ရှိပေ၏။

ရသေ့ကြီးသည် ကျောင်းပေါ်မှ လွန်စွာကျုံ့ခြွေရစွာ ဆင်း လိုက်သည်။

မြင်းပေါ်မှ လူငါးဦးသည် မြို့ဝန်ကြီး၏ ရဲမက်များဖြစ်ကြ ပေ၏။ ငပြူး၊ ဒိဗ္ဗ၊ ငလော်၊ ငတဲ၊ ဖေက်ကြီးဟူသော ရဲမက်များ ဖြစ်ကာ အတန်ပင် ထွားကျိုင်းလျက် မျက်နှာရင့်ရော်ကြမ်းတမ်းကြ သူများ ဖြစ်ကြပေ၏။

ကျောင်းဝင်း၏ စည်းရိုးထိပ်တွင် ထိုရဲဘော်ငါးဦးသည် ရပ်လျက် ရသေ့အိုကြီးအား ကြည့်လျက်ရှိ၏။

"ကိစ္စရှိသည်လော ... ဒာဇာနည်း"

ဟူ၍ မေးလိုက်သည်။

မြို့ဝန်ကြီး၏ ရဲမက်ငါးဦးသည် ရသေ့ကျောင်းဝင်းအတွင်း သို့ ဝင်ရောက်၍လာသည်။ မျက်မှောင်များကြုတ်လျက် ဓားကြိုးပြီး၊ ဓားလွယ်အိမ်များကို လက်ဖြင့်ဖိ၍ထား၏။ ရသေ့ကြီးကိုမူ ရှိမသေ လေ့ပ်ရဲ ဟန်ကားရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ၎င်းတို့၏ မျက်နှာသည် သူရဲကောင်းများ၏ မျက်နှာပုံမျိုး ဂိုက်ဆိုက်ယူလျက် ထားကြပေ၏။ ၎င်းတို့ငါးဦးသည် လုလင်အား တွေ့ရှိခြင်း မရှိကြပေ။

လုလင်သည် ကျောက်ကမ်းပါး၏ ဂူကျောက်ချပ်ကြီးဘေးဌ်ရှိနေ၏။ ဂူကျောက်ချပ်ကြီး၏ ဘေးဌ်လည်း ချုံတောဖုတ်များသည် လူတစ်ချိုးခန့်ရှိရာ လုလင်သည် ကျောက်ချပ်ကြီးဘေးဌ် ထိုင်ချ လိုက်သည်။

"အရှင်ရသေ့အို၊ သည်နေရာ၌ မြို့ဝန်ကြီး၏ ရာဇဝတ်သား ပုန်းကွယ်နေဘိသည်လော ... "

"ငါ ... တောတွင်းသို့ ဆေးအရှာထွက်မည်ပ မင်းရို့ ပြန် ပေရော့ ... ဘာမဟုတ်သည့် စကားကြောင်အား ငါအား မရွတ်လာ နှင့် ... "

ရဲမက်ငါးဦးသည် ရသေ့ကြီး၏ စကားကြောင့် မျက်နှာရှုံ့ တင်း၍သွားသည်။ ရသေ့ကြီးသည် ချောင်စွာ ဆက်ဆံခြင်းမပြု။

ရသေ့ကြီးသည် ရဲမက်ငါးဦးအား လှည့်၍မျှ မကြည့်ဘဲ ချောက်ကမ်းပါးဘက်ဆီသို့ လျှောက်၍လာသည်။

ရဲမက်ငါးဦးသည် ကျောင်းတွင်းသို့ဝင်လျက် ကျောင်းရှေ့ရှိ ခပ်ကြီးကြီး လူခြေရာများကိုတွေ့လျှင် လွန်မင်းစွာစိတ်ထွက် လျက် သွားပုံရလေသည်။

ရဲမက်ငါးဦးအနက် အကြပ်အနေအထားရှိသူ ခပ်ထွားထွား ဒိဗ္ဗဟူသော ရဲမက်သည် ရသေ့ကြီးအနီးသို့ ခပ်သွက်သွက် လျှောက်၍ သွားပြီးနောက် ...



"ရသေ့အို၊ ကျောင်းအိုမပျက်ယွင်းလိုလျှင် မှန်ရာကိုမြွက် ဆိုဘိ ... ရာဇဝတ်သား ဘယ်ရွေ့သွားသလဲ ... ရသေ့ကြီး ဖုံးလွှမ်း ထားအပ် ... ။ အမြန်ဖော်လော့ ... "

ဟူ၍ ရသေ့ကြီး၏ရှေ့တွင် ပိတ်ဆီးကာရံလျက် မေးလေ ၏။

ရသေ့ကြီးသည် ခြေလှမ်းအား ရပ်လိုက်ပြီးလျှင် ရဲမက် ဒိဗ္ဗအား စေ့စေ့ကြည့်လိုက်ပြီး ...

"ဖယ်စမ်းပ ... ခွေးချေးစားတွေ ... သင်းရို့သူခိုးသား ခိုးပြုရန် ကြံတယ်ကိုတော့ အရေးမယူ၊ မင်းရို့လူသုံးယောက် ချတ်လေးနဲ့ ဝိုင်းကပ်တာကို ပြန်တွန်းတဲ့ ... ရွှေရွက်လှကိုတော့ ထိပ်တုံးချည်ပြီး ကြိမ်သင့်စေတယ် ... ။ ခွေးသရွတ်မသားကောင် တွေ"

ဟူ၍ ပြောပြီးလျှင် ဘေးသို့တိမ်း၍ ထွက်လိုက်သည်။

ဒိဗ္ဗဟူသော ရဲမက်အကြပ်သည် ရသေ့ကြီး၏ ရင်ဘတ် နီးနားသို့ ၎င်း၏ ဓားလွယ်ကိုထုတ်လျက် ထောက်လိုက်သည်။

"မိုက်ရိုင်းသယ် ဝါလိုရသေ့ကိုပင် မိုက်ပြစ်ကျူးဘိသည်၊ အကောင်ယုတ်သည်သာ"

"စကားရှည်သရော ရသေ့ကြီး၊ မှန်ရာကိုညွှန်းပ ... မပြ လျှင် ရသေ့ကိုပင်လည်း အခါမတွန့် သစ်ငုတ်၌ဆွဲ၍ ရှာထုတ်ပြီး ဒါတပစ်ရမည်"

ဒိဗ္ဗဟူသော ရဲမက်ကြီးသည် နှုတ်ခမ်းမွေးကျင်စွယ်ပေပ မှ ဖြစ်ပြီး ခပ်ရွဲ့ရွဲ့နှုတ်ခမ်းအား ပို၍ရွဲ့အောင်ပင် မဲ့ရွဲ့ကာ

www.burmeseclassic.com

www.burmeseclassic.com



ဓားဦးကိုဆရင်း ရသေ့အိုကြီးအား ပြောဆိုလိုက်သည်။

အခြားရဲမက်လေးဦးသည်လည်း ရသေ့ကြီးအနီးသို့တိုး၍ လာကြပေသည်။ ၎င်းတို့အားလုံးသည် ရှတင်းတင်းပင် ဖြစ်လျက် မျက်နှာများကို လိုအပ်သည်ထက်ပို၍ ရှုံ့တွဲဟန်ရှိလေသည်။

ရသေ့ကြီးသည် ဒိဗ္ဗ၏ ဓားဦးအား စိုက်ကြည့်လိုက်ပြီးလျှင် ...

"နောက်ဆုတ် ဒိဗ္ဗ ... ရသေ့အိုအား ပမာမခန့်မပြုလောက်သင့် ... မင်းတို့တဲ့တဲ့သည့် ဓားရေးသည် တောတွင်း၌ အမှိုက်ရှင်းသာသည့် ဓားရေးမျှလောက်သာလျှင် ရှိပေသတဲ့ ... ငါတမူသည်တုံလည်း ရသေ့ရှင်သာဘောခုံဟူသည်ကိုတည်း မကြားဘူးအံ့လော။ ပွဲကျောင်းရသေ့ ရှင်သာဘောခုံသည် ငါတည်းဟူသည်ကို သိကောင်းစွလျှင် မင်းတို့ဝန်မောင်ဇနုပ်သည် ငါ့ရှေ့ငုတ်တုတ် ခစားမည်မှာ သေချာအပ်လှပေသည်။ မင်းရို့ပြန်ချင့်ပေလော့ ,... "

ရသေ့အိုကြီး၏စကားကိုကြားလျှင် ဒိဗ္ဗနှင့် ရဲမက်လေးဦးသည် ခပ်တွေတွေဖြစ်သွားကြ၏။ ပေါက္ကံမြို့၏ ရွှေထီးဆောင်းပွဲကျောင်းအကျော်၌ ရှင်သာဘောခုံဟူသည်လည်း အနောက်ဘက်ပေါကယ်မြေ၌ ကျော်စည်းကျော်လွှား ရှိလှပေ၏။

ဒိဗ္ဗသည် ရသေ့အိုကြီး၏လက်ဖျားကို လှေလာကြည့်လိုက်လျှင် လက်ပြားကြီးနှစ်ဖက်၌ ကျွဲပခုံးထလျက်ရှိသည်ကို တွေ့ရပေ၏။ ထို့ပြင် တံတောင်ဆစ်၌လည်း သံပရာသီးသာသာမျှရှိသော အသားဖုနှစ်လုံးကို တွေ့ရ၏။ မျက်လုံးအစုံမှာ လွန်စွာမည်းနက်သည်ကို သတိပြုမိပြီးလျှင် လက်မောင်းနှစ်ဖက်၌ လက်တစ်ညှို့သာ



...ခန့်ရှိမည်ဟု ယူဆရသော အနှောမအပ်နှစ်ဖက်ကို တွေ့ရပေ၏။

ထို့ကြောင့် အနည်းငယ် လန့်ထိတ်သွားပြီးလျှင် ဓားဦးကို ...လျက် ဓားအိမ်တွင်းသို့ သွင်းလိုက်ပေ၏။

မြို့ဝန်မောင်ဇနုပ်ပင်လျှင် ခယအပ်သော ရသေ့ရှင်သာ...ခုံကို ၎င်းသည် မမြင်ဖူးသော်လည်း ဓားပက်အတတ်၌ လွန်...ကျော်စောသော ပွဲကျောင်း ဓားပညာရှင်ကြီးတစ်ဦးဖြစ် လျက် ...ယ်နယ်အရပ်ရပ်မှ လာရောက်၍ ဓားပညာရပ်များ သင်ကြားရ...ည်ကို ကြားဖူးထားခြင်းရှိပေ၏။

ထို့ပြင် ရသေ့အိုသည် ဆေးပညာရပ်၌လည်း ထိပ်တန်းရှိ...ျှင် နာနာရုမ်ဖမ်းအတတ်၌လည်း ပညာစုံသည်ဟူ၍ သိရှိထား...သည်း ရှိကုန်၏။ ထို့ကြောင့် ကျောချမ်းလျက် သွားပေ၏။

သို့သော် မည်သို့မည်ပုံအားဖြင့် ဤကျောင်းဝင်းအတွင်း၌...၍ ပျောက်ကွယ်ပုန်းအောင်းလျက်ရှိသည့် ရွှေက်လှခေါ်...က်လှအား ဖော်ထုတ်ဖမ်းဆီးရမည်ကို စဉ်းစားရကျပ်လျက်...၏။

ရွှေရွက်လှကား ကျောက်ကမူချပ်ကြားတွင် ခပ်ကျုံ့ကျုံ့...ာ အနေအထားကိုစောင့်၍ ကြည့်လျက် ရှိပေ၏။

ရသေ့အိုကြီးသည် တောင်ဝှေးကိုထောက်လျက် ကမ်းပါး...သို့ဆင်းရန် ပြင်လိုက်သည်။

ဤတွင် ရဲမက်ငါးဦးအနက် ငလော်ဟူသော စိမ်းဇတ်ဇတ်...လေးဦးသည် ရသေ့ကြီး၏ကျောပြင်အား ရသေ့အိုကြီး နောက်...ည့်တွင် ၎င်း၏ဆောင်ဓားရိုးဖြင့် ဆောင့်ထည့်လိုက်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ရသေ့ကြီး၏ ထူးခြားသော လှုပ်ရှားမှုတစ် ကြောင့် ငလော်သည် ဖင်ထိုင်လျက်လဲကျသွား၏။ ၎င်း၏ ညိ သကျည်းခေါ် ခြေသလုံးရိုးသည် လက်သီးဆုပ်စာမျှ ဖူးရောင်လျ သွားပြီးသော လက်ကောက်ဝတ်၏ အထက်နားသည် တစောင်း လျက်ရှိတော့သည်။

ရသေ့ကြီးသည် ၎င်း၏တောင်ဝှေးဖြင့် နောက်ပြန် ပ ခတ် ခတ်လိုက်ခြင်းဖြစ်၏။ တောင်ဝှေးမှာ မန်ကျည်းနှစ်သားအ တောင်ဝှေးပြုလုပ်လျက်ထားပြီးလျှင် ထိပ်၌ ကြေးဖုတပ်လျ ပိဿာလုံးသာသာမျှ တုတ်လုံးရှိပြီး လွန်စွာ ကျစ်လျစ်မာကျော သည်။

ငလော်သည် ရှုံ့တွလျက်သွားကာ ရသေ့ကြီးအား အံ့ စွာကြည့်လိုက်သည်။ ရဲမက်ငလော်သည် အထောင်းအထုကော ပြီးလျှင် ဓားရေး ၃၇ ချင်း၌ ၁၂ ဆင့်ခန့် သေချာနိုင်လျက်ရှိပြီး အထင်အရောက်ကြီးလျက် ထစ်ခနဲဆိုလျှင် ဓားကို ရှေးဦးစွာထု လျက် ဓားဝင့်ရမှ ကျေနပ်သူဖြစ်၍ မြို့ဝန်ကြီး မောင်ဖနုပ်၏ တံခါ စောင့် ရဲမက်တစ်ဦးဖြစ်ပေ၏။

ရဲမက်ဒိဗ္ဗသည် ရသေ့ကြီးအားကြည့်လျက် ရသေ့ကြီး ပညာရပ်အားလည်း လွန်စွာအံ့သြသွားပေ၏။ ရသေ့ကြီး၏ ဓားပ ပညာရပ်သည် တစ်ရပ်တစ်ကျေး၌ ဟိုးဟိုးကျော်လျက် ရှိတုံသည် အပိုစကားချပ် မဟုတ်ကြောင်းကို လက်တွေ့ပင် မြင်လိုက်ရ

ဓားမဆိုဘိ တုတ်သည်ပင်လျှင် ဤမျှ မြန်ကောင်းလျှ ခုခံ၍မရနိုင်အောင်ပင် ရှိသည်ကို တွေးဆလိုက်မိ၏။



ရသေ့ကြီးသည်ကား ကျောက်ကမူတုံးများရှိရာ ကမ်းနဖူး ပ်ဆီသို့ ရောက်လျက်ရှိပြီးလျှင် ခြေလှမ်းမှာလည်း အသက်နှင့် အောင်ပင် သွက်လက်ချက်ချာလျက် ရှိပေသည်။ ရသေ့ကြီး၏ ါက်ချာကြီးမှာ ရသေ့ကြီး၏ဦးခေါင်းထက်တွင် ထီးတည်းရှိပြီး င် ရသေ့ကြီး၏ ဆံကျစ်လိမ်တစ်ချောင်းသည် ဒေါက်ချာကြီး၏ ာက်တွင် ကျလျက်ရှိပေ၏။

"အင်း ... ရှင်သာဘောခုံဆိုတာ ရသေ့အိုကြီးကိုး၊ ထူးပေစွ၊ တ်တရောပဲ ... "

ရသေ့ကြီး၏ ဒေါက်ချာကြီးအား လှမ်းလျက် ကြည့်ရှုနေ သော ဒိဗ္ဗဟူသော ရဲမက်အကြပ်သည် သက်ပြင်းချလျက် ရေရွတ် ်ပြီးလျှင် သလုံးရိုးဖူးရောင်လျက် လက်ဝတ်ဆစ် လွဲချော်သွား သော ငလော်ဟူသော ကြွစောင်းစောင်း ရဲမက်၏ချိုင်းအား လက် ပင် ဆွဲလျက်ထူလိုက်၏။

"အား ... ရှီး ... ရှီး ... နာဘိတောင်းလှ၊ အကျွန့်အား ခါ်ဘိ၊ မလျှောက်နိုင့်စရို"

"ခွေးဘောက်မသား ငါ့အမိန့်မထူဘဲ နင့်လက်ရွတယ် ... ာနည်းသေးလှ သေဖို့ပင်ကောင်း"

ရဲမက်ဒိဗ္ဗသည် မျက်ရည်ထွက်လျက်ရှိသော ရဲမက်ငလော် သော ရဲမက်ပေါက်စလေးအား ခါးမှကိုင်လျက် မြင်းကုန်းနှီးပေါ် တင်ပေးလိုက်ပြီးလျှင် ၎င်းသည် ထိုမြင်းဇက်ကြိုးအား ငဖ ဟူသော ဗိုက်ကားကားနှင့် ရဲမက်ကြီးဘက်သို့ ပစ်ပေးလိုက် ၎င်းသည်လည်း မြင်းပေါ်သို့ ဖြုတ်ချည်းတက်ကာ မြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကော်ကုန်ဖွင့်လိုက်လေသည်။

မိုးစက်များ သွေ့ခြောက်နေပြီးဖြစ်သော ရသေ့ကျော
ရှေ့ မြေပျော့နေရာများသည် မြင်းခြေရာများဖြင့် ပြည့်နှက်လ
ချိုင့်ခွက်ကြီးများ ထင်းလျက်သွားလေတော့သည်။

ထိုအချိန်တွင် ချောင်းရိုးတစ်လျှောက်၌ လှေငယ်တစ်
ပေါ်တွင် ရသေ့အိုကြီးတစ်ပါးနှင့် လုလင်ပျိုထွားထွား ငှက်တော
စည်းထားသည့် ပွဲကျောင်းထွက်လူဆိုးတစ်ဦးတို့သည် ရေ
ကြောင်းအတိုင်း ညင်သာညက်ညောစွာ ရွေ့လျားစီးဆင်းလ
အေးငြိမ့်စွာ လှော်ခတ်လျက်ရှိလေသတည်း။

* * *



## ပွဲကျောင်းရသေ့နှင့် ခရီးထွက်ခြင်း

လှေငယ်သည် ချောင်းရိုးအတွင်းမှ စီးဆင်းလျက်ရှိသော ရေစီးအဟုန်ဖြင့် အေးဆေးစွာသွားလျက် ရှိလေ၏။ နေသည် ကျစ်လောင်စွာ ပူပြင်းလျက်ရှိဘိ၏။

လုလင်ပျိုထွားသည် အကျႌမပါ ဆေးကွက်ကျားနှင့်ကြွက်သားမို့မို့ထလျက် လှေဦးမှနေ၍ လှေကို အားစိုက်လှော်လျက်ရှိ၏။ ရသေ့ကြီးကား ရှေ့ဦးမှလှော်အားကို လျော့လျက် နောက် ပိုင်းမှ ထက်ခတ်အသာပေးကာ ပဲ့ထိန်းပေးလျက် ရှိပေ၏။

ရေပြင်သည် ကျယ်သည်ထက် ကျယ်၍လာပြီးလျှင် လှေငယ်သည် ရေပြင်ကျယ်၏အလယ်၌ စီးခတ်လျက် ရှိပေ၏။ ရသေ့ကြီးနှင့် လုလင်ပျိုထွားသည် တစ်ဦးနှင့်တစ်ဦး စကားပြောကြား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိဘဲ လှော်တက်ကိုသာလျှင် အရေးစိုက်လျက် ရေပြင်ပေါ်မှ ရေခရီးကိုသာလျှင် အာရုံဝင်စားလျက်ရှိပေ၏။

လုလင်ပျိုထွားအ၏စိတ်သည် ပေါ့ပါးလျက် ရှိသော်လည်း သွားရမည့် ခရီးစဉ်ကို သိရှိခြင်း မရှိဘဲ ရသေ့ကြီးရှင်သာဘောခံ၏ နောက်သို့သာလျှင် တပည့်ငယ်တစ်ဦး၏ အသွင်ပြင်ဆောင်ကာ လိုက်ပါရလျက်ရှိပေ၏။

ရေပြင်၌ နေလုံးသည် ထူးခြားစွာကျရောက်လျက် မြစ်ရေ ရောင်သည် လက်ထလျက်ရှိပေရာ ရှေ့ဆုံးမှသွားသူ လှေတက် သား လုလင်ပျိုထွားသည် နေရောင်အား အတော်ပင်ခံရခက်လျက် ရှိပေ၏။

ရသေ့ကြီး၏ ထူးခြားချက်မှာကား နေရောင်အောက်တွင် မျက်စိ လုံးဝကျိန်းစပ်ပုံမရဘဲ အေးချမ်းစွာကြည့်လျက် ရှိပေ၏။

မျက်လုံးမှာ ဖိုတိုးထားသည့် မျက်လုံးဖြစ်သည့်အလျောက် နေရောင်ပြေးလျက်ရှိသော ရေပြင်မှ စူးရှလာသည့် နေရောင်မှာမူ ရသေ့ကြီးအဖို့ အားပျော့လျက်ပင် ရှိသေးဟန် ပေါက်လျက်ရှိ၏။

ပျူဂါမပြည်ကြီးမှ အနောက်အရပ်စူးစူးသို့ ဦးတည်လျက် လှေငယ်သည် ပြေးတခိုသွားလျက်ရှိပေ၏။

လှေငယ်တက်ခင်းသည် တစ်နေ့နှင့်တစ်ညမျှ ရေစီး ကြောင်းအတိုင်း လှော်ခတ်ခဲ့ရပြီးလျှင် လွန်စွာကြီးမားသော တောင်ကြီးနှစ်လုံး၏အကြားရှိ ချောင်းငယ်တွင်းသို့ ဝင်ရောက်လာ ပေ၏။

လုလင်ပျိုထွားသည် ရသေ့အိုကြီး ပဲ့ထိန်းလျက်ရှိသည့်



နေရာသို့သာလျှင် လိုက်ပါရသော်လည်း မည်သည့် မြစ်ချောင်းဟူ၍ ဘတ်အပ်သေချာသိရှိခြင်း မရှိပါပေ။

ပျူဂါမ၏အနောက်ရွာဝ ပစ္စရံ၌ ကျော်ထင်းလှသည့် ပွဲ ကျောင်းရသေ့အိုကြီးထံ၌ ၎င်းသည် မည်သည့်ပညာမျှ သင်ကြား ခဲ့ရခြင်း မရှိချေ။

ထို့တမူအားဖြင့်လည်း ဤရသေ့အိုနှင့် ရေးမဆွကပင် ခင် မင်ရင်းနှီးစွဲရှိး ရှိခဲ့ပေ၏။ တောခုတ်၊ ထင်းခွေ၊ ရေခပ်အမှုများကို ချာထီးလုလင်သည် ရသေ့ကျောင်းအတွက် တစ်ခါတစ်ရံ ကူညီလုပ် ကိုင် ဆောင်ရွက်ပေးရ၏။

ပွဲကျောင်း ရှင်သာဘောခံမှန်းလည်း လုလင်ပျိုထွားသည် သိရှိခြင်း မရှိပါပေ။ ဤသို့သာသိခဲ့လျှင်လည်း ပွဲကျောင်းပညာ ရပ်များကို တောင်းခံမည်သာ ဖြစ်ပေ၏။

ရသေ့ကြီးအား ကြည့်ရသည်မှာ အဂ္ဂိရတ်ရသေ့ နုံညံ့ညံ့ တစ်ဦးဟူ၍သာလျှင် သာမန်အားဖြင့် ရှုစိမ့်ခြင်းပြုနိုင်ပေ၏။ ထို့ကြောင့် လုလင်ပျိုထွား ရွှေရွက်လှသည် ထိုရသေ့ကြီးအား အထင်ကြီးခြင်း မရှိလှပေ။

ထိုရသေ့ကြီးကား ဈေးအနီးပါးနှင့် ရွာထဲ၌ တစ်ခါတစ်ရံ ချက်ပလုံးတစ်ခုကိုကိုင်ကာ အလှူခံတောင်းသည်ကိုသာလျှင် တွေ့ ကြိမ်ရခြင်းကြောင့် အထင်မကြီးခဲ့ပေ။ ထို့ကြောင့် ရသေ့ကြီးအား ပေါ့တန်စွာပင် ဆက်ဆံခဲ့သည်။

ရွှေရွက်လှသည် အခင်းမဖြစ်မီတစ်နေ့ကမှ ၎င်း၏ဆရာ ရှင်တော်ရဲဒိဗ္ဗထံမှ ပွဲကျောင်းလက်ခင်းတော်ပညာရပ်၏ ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



ကဏ္ဍာပုဒ် မတ္တိကာလမ်း ဗန္ဓုသုတိဗုံရဒ် လက်ခင်းလက်ငွေ့ အရေးကို ပြန်လည်၍ အနွေးသင်ရင်းမှ ရသေ့ကြီးအကြောင်း လျှောက်တင်မိရာက ရသေ့ရှင်သာဘောခုံမှန်း သိရှိခဲ့ရပေ၏။

ထို့ကြောင့် အံ့သြတခိုဖြစ်ခဲ့ရ၏။ ပွဲကျောင်းဆရာ ရှင်တော်ရဲဒိဗ္ဗက ရှင်သာဘောခုံသည် အလွတ်တစ်ပါးတည်းသာလျှင် နေတော့ကြောင်း၊ မူလပွဲကျောင်းတော်ဖြစ်သော 'ဘောခုံရှင်လွတ်ပွဲကျောင်း' ကို စွန့်လွှတ်ပြီး ရသေ့ဝတ်ကာ တောပျော်ရသေ့လုပ်လျက် ပွဲကျောင်းလွှတ် ဗိုလ်ကစားနေသည်ဟု ဆိုလေသည်။

ဤမှ လုလင်ပျို့ထွားသည် တစ်ချိန်သောကာလက အမည်ဒေးယျကျော်ခဲ့သည့် ပွဲကျောင်းနည်းစနစ် ဒုတိယကဏ္ဍကို လေ့ကျင့်ပြီး၍ နောက်တစ်နေ့တွင်ပင် သူဌေးသားရွှေမှိုအား ဈေးလယ်၌ တွေ့လိုက်ရပြီး ပွဲကြမ်း၍သွားခဲ့ခြင်း ဖြစ်ပေ၏။

ပွဲကျောင်းတော်မင်း၏ ပွဲကျောင်းလက်ခင်း၊ ဒုတိယကဏ္ဍသည် လွန်စွာ ထိရောက်လှ၍ ပွဲသိမ်းမြန်လှ၏။ သူဌေးသားရွှေမှိုအား ဆုံးမလိုက်ရခြင်းသည်လည်း တောငှက်ပျောသီးချိုမြိန်မြိန်ကို ဆာလောင်စဉ်၌ စားလိုက်ရသည်ကဲ့သို့ ကောင်းလှပေ၏။ ညာဝိုက်ထောင့်ဖြတ် လက်နှင့်ပင် တစ်ချက်တည်းပြီးခဲ့၏။

ညာဝိုက်ထောင့်ဖြတ် အပါတ်တစ်ထောင်ကို ကျင့်ခဲ့ရသည်မှာ ထူးခြားလှစွာ၏။ အရစ်အထွေး၊ အပင့်၊ အပင့်အဖြတ်အထောက်အရွှန်းအဝိုက် အနှိုက်ပြည့်လှသော ပွဲကျောင်းတော်မင်း၏ လက်ရေးလက်ကွက် ရမ္မက မတ္တိကာလမ် ဗန္ဓုသုတိဗုံရဒ်ရေးတော်ခင်း၏ ပင့်မှူးလက်သီးချက်သည် မေးနှင့်လည်ဇလုတ်ကြောတွင်းသို့



ကောင်းစွာသွင်းကာ တစ်ချက်တည်းဖြင့် မရဏကာလ်သို့တိုင် ရောက်နိုင်စွမ်းသည်ဟု ရှင်တော်ရဲဒိဗ္ဗပွဲကျောင်းအကျော် ထေရ်ဘုန်းမော် ဆိုမိန့်ခဲ့သည်၌ လွန်စွာထိုက်တန်ဘိ၏။

အား၏ ထက်ဝက်မျှပင် မသုံးခဲ့။ ပက်လက်လဲလျက် သွားကျွတ်ထွက်ကာ ရက်သတ္တပတ်၌ အိပ်ရာတွင်းသို့ သူဌေးသား မောင်ရွှေမှိုအား ကောင်းစွာ သိပ်လျက်ထားနိုင်ခဲ့ပေ၏။ ကောင်းလွန်းစွတည်း။ ပီတိပြုံးလိုက်ခြင်းပြု၏။

လုလင်ပျို့ထွားသည် ချောင်းငယ်တွင်းသို့ကွေ့၍ ဝင်ရောက်ပြီးလျှင် တောင်ကမ်းပါးယံကြီးနှစ်ခုအား ပတ်လျှော်ရခိုက်ဖြစ်သဖြင့် နေပျောက်သည်ပျောက်ကွယ်လျက် အေးရိပ်သော ရသကို ခံစားလိုက်ရ၏။ ကျောပြင်သည် နေ၏ဒဏ်ကြောင့် ပူလောင်လျက် ရှိပေရာ တောင်၏ အရိပ်နှင့် ရေ၏လုံကြည်သော အတွေ့ကြောင့် ပို၍အားရှိလျက် သွား၏။ သို့အတွက် လှော်ခတ်အားပို၍ကောင်းလာပြီးလျှင် ပို၍သွက်လက်လှာလေ၏။

ချွေးစေးချွေးသီးတို့လည်း ခြောက်လျက်သွား၏။ ဘေးနှစ်ဖက်သို့ ကြည့်လိုက်လျှင် တောင်ကမ်းပါးယံကြီးနှစ်ဖက်မှာ မြင့်မားလှပြီးလျှင် လွန်စွာလှပသော ငှက်အုပ်များကို တွေ့ရ၏။ အဖြူနှင့်အမည်းကြားရှိသော ငှက်အုပ်သည် ကမ်းပါးယံ၏ အစွယ်တွင်ခိုနားလျက် တစ်ချက်တစ်ချက် ကရွှက်ကရွှက်ဟူ၍ အော်မြည်ခြင်းရှိပေ၏။

ရသေ့ကြီးကား လှော်တက်ကို တစ်ချက်တစ်ချက်မျှသာ လှော်ခတ်ပေးခြင်းပြု၍ ရေပြင်ရေစီး၏ အမျောတွင်လိုက်လျက်

www.burmeseclassic.com

www.burmeseclassic.com



တက်ချခြင်းပြု၏။

ငှက်များကို ထူးဆန်းစွာ တွေ့ရခြင်းအတွက် လုလင်ပျိုထွားသည် များစွာ သဘောတွေ့သွား၏။ ရေစပ်တွင် ဗျိုင်းအုပ်တစ်အုပ်သည် ဒိုက်မော်ကြားတွင်ရှိ၏။ ခြေတစ်ဖက်ချတစ်ဖက်ထောင်လျက်ရှိသည့် ကြိုးကြာငှက်ကိုလည်း တွေ့ရပေ၏။ ကြိုးကြာ၏ ရုပ်ဟန်သည် ထူးခြား၏။

"အရှေ့သစ်ပင်အောက်၌ လှေကိုရပ်ဘိ ရွှေရွက်လှ"

ရသေ့ကြီးသည် လုလင်ပျိုအား ပြောဆိုလိုက်သည်။ ရသေ့ကြီးသည် လှော်တက်ကို လှေဝမ်းတွင်းသို့ချလိုက်ပြီးလျှင် ဆေးလွယ်အိတ်တွင်းမှ ဆေးရွက်ကြီးယူလျက် ပါးစောင်တွင်ကပ်၍ ဝါးလိုက်သည်။

လုလင်ပျိုထွားသည် ရေပြင်ပေါ်သို့ လေးကိုင်းသဖွယ်ညွတ်ပျောင်းကျလာသော သစ်ကိုင်းကြီးအား ကြည့်လျက် သဘောကျ၍သွား၏။ သစ်ပင်ကြီးသည် လွန်စွာကွေးညွတ်လျက် ရေတွင်းသို့ ငှက်တစ်ကောင် ရေဆင်းသောက်ဘိသည့်အလား ကွေးဆင်းလျက် အကိုင်းအခက်တို့ ရေပြင်နှင့်ထိလျက်ရှိ၏။

သစ်ကိုင်းမှာ ခြောက်လျက်မသွား ရေကိုကောင်းစွာ ထိတွေ့လျက်ရှိခြင်းကြောင့် မူလပကတိ ပုံမပျက် ဆက်လက်ရှင်သန်လျက်ရှိပေ၏။ ထို့ကြောင့် စမ်းဖန့်ဖန့် စိမ်းနုနုသစ်ရွက်များသည် လန်းဆန်းလျက် သစ်ပင်ကြီး၏ အလှအပကိုဆောင်ယူလျက် ရှိပေ၏။

ကွေးညွတ်သောနေရာ၌ လှေတစ်ဆန့်ဝင်ရန် ကွေးလျက်



ရှိပြီးလျှင် ထိုသစ်ပင်ကြီး၏ အမြစ်ဆုံနေရာ၌ မြေသန့်လျက်ရှိပေ၏။ ထိုနေရာမှာ ချောက်ကမ်းပါးယံကြီး၏ မြေသားကို ကျော်လျက်ရှိသော နေရာ၌ရှိပေရာ ထိုနေရာ၌ သာမန်မျှသော ကုန်းမြေသာလျှင်ရှိပြီး ကမ်းပါးယံကြီးဘက်သို့ မြင့်တက်လျက်သွား၏။ ထိုနေရာတစ်ဝိုက်တွင် စိမ်းလန်းသော ပဲသစ်ပင်ငုတ်များသာလျှင် တွေ့ရှိရပေ၏။

လုလင်ပျိုထွားသည် ထိုကွေးလျက်ရှိသော သစ်ပင်ကြီးအောက်၌ လှေကိုဖြတ်၍ လှော်လိုက်ပြီးလျှင် မြစ်ဆုံကြီးနား၌ လှေဦးနားထိုးစိုက်လိုက်၏။ ရေသည်စိမ်းလဲ့ကြည်လင်လျက် ရှိသဖြင့် ရေ၏အောက်ခြေ၌ ကျောက်စရစ်ခဲလေးများကို မြင်တွေ့ရပေ၏။

ထို့ပြင် လှပသော ကွက်ကျားငါးလေးများကိုပင် မြင်ရလေရာ လုလင်ပျိုထွားသည် အံ့ဩလျက်သွားလေ၏။ ငါး၏ အသွင်သဏ္ဌာန်မှာ ပျူဂါမဈေးကြီး၌ နေ့တစ်ရုဝ တွေ့ရှိရသော ဈေးငါးမျိုးမဟုတ်။ ထူးခြားလှပပေ၏။ ခန္ဓာကိုယ်၌ ကျားသော အရစ်များရှိ၍ နှုတ်ခမ်းမွေးရှည်လျားပေ၏။ မျက်လုံးမှာ အပြူးသားရှိ၏။

ထိုငါးမျိုးသုံးကောင်မှာ သစ်ဆုံမြစ်ကြီး၏ အောက်ခြေရှိ ချေစပ်ဂလိုဏ်ကြီးတစ်ခုထဲမှ ထွက်၍လာပြီးလျှင် ထိုသစ်မြစ်ဆုံကြီးအနီး၌ တစ်ကောင်နှင့်တစ်ကောင် ဝဲပတ်လျက်ရှိပေ၏။ လုလင်ပျိုထွားသည် ထိုငါးကောင်လေးများကို သဘောကျလျက် ကြည့်ရှုခြင်းပြုလျက်ရှိပေ၏။

"သည်တော သည်တောင်ရိပ်က အတန်သာသောလှပေသကွယ့် ... ဆေးပင် ဆေးမြစ်လည်း အတန်ပေါတယ် ... ။ ရသေ့

www.burmeseclassic.com

www.burmeseclassic.com



ရိပ်ခို၊ တောင်ညိုရိပ်သန်း၊ မြိုင်ဆန်းရဂုံ၊ ကျောက်ဂူငုံသား၊ ဆင်သေလိပ်ချောင်း၊ ဂမုန်းပေါင်းသည်၊ မြိုင်ရပ်သာဆန်း ရသေ့မြေ ... ဆိုသမို့ သည်လိုနေရာမျိုးမှာ ကျောက်မျက်ရှင် ရသေ့ထူးတွေ၊ ဆေးထူးရှာဖွေသည့်နေရာပ ... ငါ့မှာ တပည့်မရှိပ၊ သည်သို့တည်း မင်းလည်း တပည့်တန်ကောင်း မဟုတ်ပ၊ သို့တည်းစေကာမူ အကြောင်းထူးကြောင့် မင်း ရွှေရွက်လှကို ခေါ်ခဲ့တာပ ... ”

ရသေ့ကြီးသည် လှေပေါ်မှ မတ်တတ်ရပ်လိုက်ပြီးလျှင် ကမ်းစပ်ဆီသို့ ခုန်၍ကူးလိုက်သည်။ လုလင်ပျိုထွားသည် ရသေ့ကြီး၏စကားကို နားထောင်လျက်ရှိသော်လည်း ရေအောက်မှ ငါးများကို လွန်စွာစိတ်ဝင်စားလျက်ရှိခြင်းကြောင့်၊ ခေါင်းကို အသာညိတ်လိုက်ပြီးလျှင် ကုန်းပေါ်သို့တက်နိုင်ခြင်း မရှိသေးပေ။

ငါးအဖြူရောင်တစ်ကောင်သည် ကိုယ်ပြားကြီးနှင့် ရေအောက်၌ လှုပ်ခတ်လျက် ငြိမ်သက်စွာ ရပ်တည်နေသည်ကို တွေ့ရှိရခြင်းကြောင့် ဖြစ်၏။ ငွမ်းဝါသားကဲ့သို့ နုနုရွရွရှိလှသည့် ငါးမျိုးဖြစ်ပေ၏။

ထို့ပြင် ထိုငါး၏ဟူးဆန်းသော လှုပ်ရှားမှုကလည်း ကြည့်၍ကောင်း၏။ ငါးသည် ရေလုံးတစ်ခုကို မှုတ်တင်လိုက်ရာ ရေပန်းတစ်ခုသည် အပေါ်သို့တက်၍ လာပေ၏။

ထိုရေပန်းသည် ကမ်းစပ်ရေထဲ၌ ပေါက်လျက်ရှိသော မြက်ရှည်ပင်နှင့် ဒိုက်မှော်၌ကပ်လျက်ရှိသော ပိုးကောင်တစ်ကောင်အား ရေပန်းပွားသည် ထိလျက်သွား၏။

ထိုနေရာသို့ ရေအောက်မှ ငါးသည် နှစ်ကြိမ်မျှ မှုတ်တင်



လိုက်ရာ ထိုပိုးကောင်ငယ်သည် ရေတွင်းသို့ ပြုတ်လျက်ကျ၍သွား၏။ ထိုပြုတ်၍ကျသွားသော ပိုးကောင်ငယ်အား ထိုငါးအဖြူရောင်သည် ဖျတ်ခနဲ ပါးစပ်ဖြင့် ဖမ်းယူစားသောက်လိုက်သည်။

ထိုမြင်ကွင်းမှာ ထူးဆန်း၍ စိတ်ဝင်စားဖွယ်ကောင်းလှ၏။

“အရှင်ရသေ့ ထူးဆန်းစွ ... ကြည့်ရော”

ဟူ၍ လုလင်ပျိုထွားသည် ငါးရှိရာ ရေစပ်သို့ လက်ညှိုးထိုးလျက် ပြလိုက်ပေ၏။

ရသေ့ကြီးသည် ကမ်းစပ်မှနေ၍ လုလင်ပျိုထွား ညွှန်ပြသည်ကိုကြည့်ကာ ခေါင်းညိတ်ခြင်းပြုလိုက်သည်။

“ထူးစွပ ရွှေရွက်လှ ... ပျူဂါမပေါက်ကယ်ပြည်မှ မတွေ့ဖူးကောင်းတွေ့တည့် မြေတောမှာ များထင်းလှသည်။ မုန်းရည်ငါး၊ သင်းပိုက်မြိုင်ငါး၊ အစာသယ်ငါး၊ ဂမုန်းငါး၊ ဖန်ပတီငါး၊ ဧရက်ကျောက်ပြုငါး၊ လေးညှိုငါး ... စသည်ဖြင့် ပေါတီးလှတယ် ... လူသွား ... ခွေးတစ်သိုက်၊ ငါးဖြိုက်ငါးကင်း၊ ပြူမင်းထီးကောက်၊ သာရောင်ခွေပန်း၊ လွန်တည်းထမ်းတဲ့ ရေပွက်၊ ရေမ၊ ငါးလှထွေကာရင်း ရေလျှောက်၊ ရေဖွက်ထောက်၍ ငါးနေငါးခင်း၊ လိပ်သူးတောင်၊ မြူးထောင်ပက်ချို၊ ငါးမျိုးရှိသည်၊ သိန်ကိစရာ၊ ရေသည် ... လို့ ရှိပေထသည်ပဲ ... လာရို့ပ၊ သွားစရာ တစ်ပျင်းဆန့် ကျန်လှသေးပ၊ မင်း ... လုံတိုမိန်း မမေ့ရစ်နှင့် ... ”

လုလင်ပျိုထွားသည် လှေပေါ်မှ ကမ်းစပ်သို့ ခုန်ဆင်းသည်။ ထိုစဉ် ဗွီခနဲမြည်လျက် အသံထွက်၍သွားရာ လုလင်ပျိုထွားသည် လန့်ထိတ်လျက် အပေါ်သို့ အားပြု ခုန်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်၌ စိုစိစိအရာအား နင်းမိလျက်ရှိခြင်းကြောင့် ဖြစ်ပေ၏။ လုလင်ပျို့ထွားသည် ၎င်းနင်းမိသော နေရာသို့ ကြည့် လိုက်ရာ လက်တစ်ဆုပ်စာထက် အနည်းငယ်မျှ ပို၍ကြီးခန့်မည်ဟု ယူဆရသော ဖားကြီးတစ်ကောင်အား မျက်ဆန်အပြူးသားနှင့် တွေ့ရပေ၏။

ထိုဖားသည် ထိုနေရာမှ ခုန်၍ ထွက်သွား၏။ ဖားမှာ အတန်ကြီး၏။ ကျောက်ခဲသဏ္ဍာန်ဖြစ်လျက် ကျောက်ခဲရောင်ထ လျက် ၎င်း၏ ကျောကုန်း၌ များစွာသော အဖုအထစ်များအား တွေ့ရပေ၏။

"ကျောက်ဖားဆိုသကွယ့်၊ ဆေးဘက် အင်မတန်ဝင်တယ် သမားဟူးရားအကြိုက် ဆေးဘက်ဝင် ကျောက်ဖားလို့ခေါ်တယ်"

လုလင်ပျို့ထွားသည် ရသေ့ကြီး ပြောဆိုသော ကျောက် ဖားကို ထပ်မံ၍ကြည့်လိုက်ရာ ထိုဖားသည် လူတစ်ရပ် မရှိတရှိအား ခုန်လွှားလျက် ကျောက်ကမူတွင်းအနီးရှိ ချုံတောအတွင်းသို့ တိုးဝင် လျက်သွားပေတော့၏။

"ကိုင်း ... ခရီးဆက်ကြရအောင်ပ၊ ဒီကျွန်းပေါ်မှာ သဗ္ဗ ဒေဝ ဆေးပင်ဂူတည်ရှိခေါ်ကွယ့် ...။ ငါ့ရဲ့ မိတ်ဆွေရသေ့ကြီး တစ်ဦး ဟာ အဲဒီသစ်ပင်အောက်မှာ နေထိုင်ရော့တယ် ... အဲဒီမှာ တို့ကိစ္စရှိ သပ ... "

ရသေ့ကြီးသည် ၎င်း၏ ကြေးဖုတောင်ဝှေးကြီးကို ထောင် လျက် ကျောက်ကမူထက်အနီးမှ အပင်တစ်ကိုင်းကို ဆွဲပြီးလျှင် ကုန်းပေါ်သို့ တက်လိုက်သည်။ လုလင်ပျို့ထွားသည်လည်း ရသေ့



ကြီးလမ်းသွားပုံအတိုင်း အပေါ်သို့ တက်လိုက်သည်။

ထိုကျောက်ကမူကြီး၏ ဘေးမှ သစ်ရွက်စိမ်းပင်ပုလေး များသည် ကျောက်ကမ်းပါးယံတွင် ကပ်ညှပ်ပေါက်လျက် ထိုနေရာ တစ်ဝိုက် စမ်းရေလေးများသည် စိမ့်ထွက်လျက်ရှိလေ၏။

"ကျောက်ဂမုန်းရွက်တွေပ၊ အနည်းငယ်ချူးလိုက်စမ်း"

လုလင်ပျို့ထွားသည် ရသေ့ကြီး ညွှန်းဆိုသည့်အတိုင်း ကျောက်ကမူချပ်ကြားတွင် ပေါက်လျက်ရှိသည့် ကျောက်ဂမုန်းရွက် များကို ချူးယူလိုက်ပြီးလျှင် ရသေ့ကြီးအား ပေးလိုက်သည်။ ရသေ့ ကြီးသည် ကျောက်ဂမုန်းရွက်များအား ဆေးလွယ်အိတ်တွင်းသို့ ထည့်လိုက်ပြီးလျှင် တောတွင်းသို့ ဝင်၍သွားသည်။

ဤတောသည် တောင်တောဖြစ်၍ သစ်ပင်များမှာ တောင်ပေါ်တွင် ဖြွတ်သည်းစွာ ပေါက်လျက်ရှိ၏။ တောင်မှာလည်း အနည်းငယ်ဖြစ်၍ ရေပတ်လည်ဝိုင်းလျက်ရှိသည့် ကျွန်းဖြစ်၏။ သို့ရာ တွင် ဂနိုင်စိမ့်စမ်းနှင့် သေလာတည်ခင်း၊ ကျောက်မြေဆင်းရှိသည့် ဒေသဖြစ်၍ ကျောက်မြေကြောင့် ရေသည်လည်းကောင်း သစ်ပင် တို့သည်လည်းကောင်း စိမ်းလန်းစိုပြည်စေဆောလျက် ကြည်လင်မှု အတိ ရှိလေသည်။

ရသေ့ကြီးသည် တောင်ဝှေးကို တစ်ချက်ချင်း ထောက် လျက် ရှေ့မှသွားလေ၏။ တောတွင်းမှ ငှက်ပေါက်စလေးများသည် ကျွိကျွာကျွာ အော်မြည်လျက် ရသေ့ကြီး၏ ပခုံးပေါ်မှတက်လျက် ...၍တက်ကြ၏။

ရသေ့ကြီးသည် ဆေးလွယ်အိတ်တွင်းမှ ထည့်၍လာသော

www.burmeseclassic.com

www.burmeseclassic.com



မောင်းထောင်းဆန်စေ့များကို လက်ဖြင့်ဖြန့်လျက် ရသေ့ကြီး
လက်တွင်းမှ ဆန်စေ့များကို နှိုက်ယူလျက် စားသုံးခြင်းပြုကြပေ
ရသေ့ကြီးသည် ဆန်စေ့များကိုသွားရာလမ်းတစ်လျှော
ကြဲချသွားရာလမ်းတစ်လျှောက်၌ ပရွက်ကောင်များသည် ရသေ
ကြီးကြဲချသော ဆန်များနှင့် ဆန်ကွဲများကို မြေကြီးအတွင်း
ထွက်၍လာကြကာ ဝိုင်းအုံခဲလျက် စားသောက်ခြင်းပြု
လုလင်ပျိုသည် ဤအချင်းအရာကို တွေ့လျှင် လွန်စွာအံ့သြခြင်း
လျက်သွား၏။
"သတ္တဝါလေးတွေကို အစာကျွေးရတာ အလွန်မွန်မြ
လှတယ်ကွယ့် ... လူတွေဟာ လူလူချင်းပဲ ကျွေးမွေးချင်ကြတာ
အခြားသတ္တဝါတွေကိုတော့ ကျွေးမွေးလှူဒါန်းရတာကို နားမလ
ကြဘူး ... ငှက်၊ ပရွက်ဆိတ်၊ ရှဉ့်တွေကို ဒါနပြုရတာ စိတ်ချမ်းေ
သကွယ့် ... လူတွေကို ဖိတ်ခေါ် ကျွေးမွေးကြသဟာ လူတွေ
မင်းမျိုး၊ မှူးမတ်မျိုး၊ သူကြွယ်မျိုး၊ သူဆင်းရဲမျိုးဆိုသပြီး အလှ
လည်း အဆင့်အတန်းခွဲပြီး ကျွေးကြသဟာ၊ ဒါတောင် ကျွေးေ
ရသည့်လူတွေက ကျွေးမွေးတဲ့ပစ္စည်း အညံ့အကောင်း ရွေးတ
သေးတယ် ... စိတ်ကွက်စရာကောင်းရော ... ၊ ငါတမူတည်းက
တောတွင်းမှ သတ္တဝါငယ်လေးတွေကို ကျွေးမွေးရတဲ့ဟာ ေ
သတ္တဝါကောင်ငယ်လေးတွေက ယဉ်ပါးပြီး အေးဆေးစွာပဲ စာ
ကြသကွယ့် ... ချေးထူတာမရှိပ ဟင်း ... ဟင်း ... "
ရသေ့ကြီး၏စကားကို ကြားလျှင် လုလင်ပျိုထွားသ
ခပ်ပြုံးထထ ရှိတတ်သည်။ သဘောခွေ့၍သွား၏။ ရသေ့ကြီးသ



ဂါမပေါက်ကယ်ပြည့်မြို့ကြီးမှ သူဌေးကြီး၊ သူကြွယ်ကြီးများ၏
ရိုက်အလေ့ကို နှစ်မြို့ဟန်မရှိပေ။
ပုရွက်ဆိတ်တန်းကြီးသည် ရသေ့ကြီးသွားရာတစ်လျှောက်
၌ အုံထိုးလျက် ထကြွကာ ရသေ့ကြီး ကျွေးမွေးလှူဒါန်းသော
ဆန်ကွဲမှုန်မွှားမွှားနှင့် ဆန်ကျိုးစများကို ဆွဲငင်လျက် ဝိုင်းပတ်ကာ
စားသောက်လျက် ရှိကြပေ၏။
ရသေ့ကြီးသည် ဆက်၍သွားပြီးလျှင် ခေတ္တရပ်ပြန်၏။ ထို
နေရာတစ်ဝိုက်၌ အပေါက်ငယ်များဖြင့် ပြည့်နှက်လျက်ရှိ၏။
ထိုအပေါက်ငယ်များထိပ်၌ ရသေ့ကြီးသည် ရပ်လျက်
င်း၏ဆေးလွယ်အိတ်တွင်းမှ အလုံးနက်နက်များကို ယူငင်ပြီးလျှင်
ွင်းဝကိုချ၍ ပေးလိုက်ပြန်၏။
ခါချဉ်ကဲ့သို့ နီရဲရဲပုရွက်ဆိတ်နှင့် အနက်ရောင်ပုရွက်ဆိတ်
ိုသည် အလျိုလျိုပေါ်လျက်လာပြီးလျှင် ရသေ့ကြီးပေးသော မည်း
ည်းလုံးများကို နင်းခဲကာ စားသောက်ခြင်း ပြုကြပြန်လေသည်။
"အချို့ပုရွက်ဆိတ်တွေက သကြားခဲ၊ အချို့က ထန်းလျက်
၊ အချို့က ဆန်မှုန့်တွေကို စားသောက်ကြတယ်ကွယ့်...သကြားခဲ
စားတဲ့ပုရွက်ဆိတ် သတ်သတ်ရှိတယ် ... အဲဒီတွင်းဝမှာ ထန်း
လျက်ခဲနဲ့မျိုးကိုစားတဲ့ ပုရွက်မျိုးက မစားဘူး ... "
လုလင်ပျိုထွားသည် အတော်ပင်အံ့သြသွားပေ၏။ ပုရွက်
ဆိတ်၊ ပုရွက်မျိုးသည် အချိုဟူက နှစ်သက်ကြမြဲရှိကြကုန်သည်
သာလျှင် မှတ်ထင်၍ထားပေရာ ရသေ့အိုကြီး၏ အဆိုအရ နှုတ်ဩ
ယ်ဖြစ်လျက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးသည် ပြုံးလျက်ထိုင်နေရာမှ ထလိုက်သည်။ ရသေ့ကြီးသည် တောင်ဝှေးကိုထောက်လျက် သစ်ပေါင်းချုံထူထဲရာ တောတွင်းသို့ ရောက်လျက်သွား၏။ လုလင်ပျိုထွားသည် ရသေ့ကြီး၏နောက်မှ လိုက်လျက် တောတောင်၏သဘာဝကို ကြည့်လျက်ရှိ၏။

ဤတောနေရာသည် ကြည့်လင်ပကတိ ရှုံ့ရှုမှုမက ထူးဆန်းမှုရှိသည်ဟူ၍ တွေးဆမိ၏။ တော၏အရိပ်မှာ အေးငြိမ်းလျက်ရှိ၏။

သစ်ပင်များမှာ ဝိုင်းစက်သော အရွက်ဖားဖားသစ်ပင်ကြီးများကို တွေ့ရပေ၏။ နွယ်ကြိုးမျှင်များမှာလည်း စိမ်းရောင်ထလျက် အချို့နေရာများ၌ နွယ်ကြိုးများ၌ မြွေစိမ်းများ ရစ်ပတ်ဖွဲ့ခွေလျက်ရှိသည်ကို တွေ့ရ၏။

မြွေစိမ်းများမှာ အတွေးလိုက်ရှိပြီးလျှင် တစ်ကောင်နှင့်တစ်ကောင် ကျော်တက်လျက် ခေါင်းထောင်ကာ သွားလျက်ရှိပေ၏။

ထို့ပြင် လက်တစ်ဝါးသာသာ ကြီးမားသော လိပ်ပြာကောင်ကြီးများလည်း အုပ်စုလိုက် သစ်ပင်ခြောက်တစ်ခုတွင် တွယ်ကပ်လျက်နားနေသည်ကို တွေ့လိုက်ရပေ၏။

လိပ်ပြာများမှာ ထိုသစ်ပင်ကြီး၏ သစ်ခေါက်အရောင်အတိုင်းပင်ရှိသည်ကို တွေ့ရပေ၏။ ရုတ်တရက် ကြည့်သော် လင်းကြီးများသို့ ထင်မှတ်ရ၏။ စုပြုံလျက် နား၍နေခြင်းကြောင့် သစ်ပင်၏အသစ်ကြီးသဖွယ် မို့မောက်ခုံးတွလျက်ရှိသည်ကို တွေ့ရ၏။



ထူးဆန်းသော သတ္တဝါများကို လုလင်ပျိုထွားသည် တွေ့ရှိခြင်း ဖြစ်လေသည်။

"သည်တောမြေဟာ သတ္တဝါအချင်းချင်း သတ်ဖြတ်မှုကင်းတဲ့ မြေမျိုးဖြစ်တယ်ကွဲ့၊ ခိပပ္ပသုနမြေ အမျိုးအစားပဲ ... ရေမှာကတော့ အချင်းချင်းပွက်လောဆအောင် ရိုက်ပုတ်ညှဥ်းဆဲတတ်တဲ့ သဘာဝက လွှမ်းမိုးထားတယ် ... ဒီမြေပေါ်က အဆိပ်ရှိတဲ့သတ္တဝါတွေဟာ အဆိပ်သိပ်ပြင်းထန်လှပေတယ် ... ။ သို့သော်လည်း ရန်မူမှုမရှိကြပေဘူး ... "

ရသေ့ကြီးသည် တောင်ဝှေးကို ဆောင့်ရင်း မှိုင်း၍နက်ရှိုင်းသော တောတွင်းဆီသို့ ဝင်လျှောက်သွားရာ လမ်းပင်ပျောက်လုပျောက်ခင်ဖြစ်၍ နွယ်များနှင့် အစေးထူသော ရွက်ပင်များသည် မြေတလျှောက် နေရာမလပ် ပိန်းပိတ်အောင် ပိတ်ဆီးထားလျက်ရှိပေ၏။

ထိုသစ်ရွက်များသည် ထိလိုက်လျှင် နုနွယ်၍ ကွေးချပြီးလျှင် နို့နှစ်ရောင် အစေးများသည် သစ်ရွက်များ၏ အရင်းမှ ပေါ်လျက် စီးထွက်၍လာ၏။ လုလင်ပျိုထွားနှင့် ရသေ့ကြီးသည် ထိုအရွက်များကိုနင်းလျက် သွားရပေရာ ခြေထောက်၌ သစ်ရွက်စေးများသည် ကပ်လျက် ရှိကြပေ၏။

ရသေ့သည် ခြေလှမ်းမှို၍ သွက်လက်စွာသွား၏။ အိုမင်းသော်လည်း မောပန်းမှုရှိဟန် မတူပေ။ တောမှာပို၍ နက်လာရာ သစ်ပင်ကြီးများမှာလည်း ပို၍မြင့်မားသီခေါင်လှသည်ကို တွေ့ရပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီး၌ ငှက်မည်းကြီးများကိုလည်း အတောင်များဖြန့်လိုက်ပိတ်လိုက်လုပ်လျက် ရှိသည်ကို တွေ့ရပေရာ ငှက်များမှာ ခန္ဓာကိုယ်မည်းလျက် နှုတ်သီးမှာ ဖြူဖွေးလျက် မျက်လုံးများ၌ အဖြူနှင့်အနက်ရစ်ကျားလျက် ရှိသည်ကို တွေ့ရပေ၏။ ခြေထောက်၌ အဖြူရစ်များ ရှိကြပြီးလျှင် ခေါ်လျှင်အသံကွဲဖြင့် အော်မြည်ခြင်း ပြုကြလေသည်ကို တွေ့ရ၏။

"ဗိုလ်ထွင်းငှက်အော့ဟူ၍ ခေါ်သည်မံ့။ သည်ငှက်ဟာ လေကို အမီကရှုတဲ့ငှက်ပ အဲဒီငှက်ရဲ့ လေရှုခြင်းဟာ ရသေ့များ အတုခိုးယူရအပ်တယ် ... ။ သည်ငှက်ဟာ ရင်အုပ်နှစ်ခု အတန်ကြီးသမို့ပဲကွယ့် ... ။ သည်ငှက်က လေကို အဆင့်သုံးတန်ထားပြီး ရှုသကွယ့်။ အသက်တစ်ကြိမ်ရှုပြီးလျှင် တောင်ပံတစ်ချက် ပြင်းစွာခပ်တယ် ..."

လုလင်ပျိုသည် သစ်ပင်များထက်၌ ငှက်သိုက်စွဲလျက် ရှိသော ငှက်မည်းသတ္တဝါကြီးများဖြစ်သည့် 'ဗိုလ်ထွင်းငှက်အော့' ဟူသော ငှက်ကိုကြည့်လိုက်သည်။ ထိုငှက်များသည် လေတိုက်ခတ်ရာဘက်သို့ မျက်နှာမူလျက် အတောင်ဖြန့်လိုက်သိမ်းလိုက်ပြုလျက် ရှိကြ၏။

ငှက်မည်းမည်းကြီးများသည် သစ်ပင်ထိပ်ဖျားထက်၌ ခေါင်းကိုဆန့်လျက် လေကိုတဝ ရှုရှိုက်ခြင်းပြုကြပေ၏။

ရသေ့ကြီးသည် မျက်စိမှိတ်လျက် မေတ္တာပို့ခြင်းဖြင့် ရှေ့သို့ဆက်၍ သွားလေသည်။ တောသည် လွန်စွာရှောင်း၍လာခြင်းနှင့် ရှေ့အနားတွင်မင် သစ်ပင်ကြီးနှစ်ပင်သည် ကိုင်းယှက်ဖြာလျက်



နှစ်ပင်သည် ဂူပေါက်ဝသဖွယ်ရာန် ကွေးညွတ်လျက် ရှိပေ၏။

ထိုသစ်ပင်နှစ်ပင်အောက်တွင် ဒေါက်ချာကြီးကို ဆောင်းလျက် စိပ်ပုတီးအနက်ကြီးကို လွယ်ထားသော လွန်စွာနုပျိုသော ရသေ့ကြီးတစ်ပါးကို တွေ့ပေ၏။

လုလင်ပျိုထွားရှေ့မှ ရသေ့ကြီးသည် ထိုရသေ့ကြီးအား တွေ့လျှင် ခြေလှမ်းများပို၍ သွက်လက်လာလေသည်။ ရသေ့ကြီးသည် ဂူကြီးသဖွယ်ရာန် ကိုင်းညွတ်လျက်ရှိသော လှူတစ်ဖက် မရှိတရှိ သစ်ပင်ကြီးအောက်မှ ရသေ့ကြီးအား လှမ်း၍ ဦးတိုက်လိုက်သည်။ သစ်ပင်အောက်မှ ရသေ့ကြီးသည် များစွာ ငယ်ရွယ်နုပျိုဟန်ရှိသည်။ လုလင်ပျိုထွားသည် ရသေ့ကြီးအား ...

"ဘစေကြောင့် ဦးတိုက်ရသလဲ့ပ အရှင်ရသေ့ ... အရှင်ရသေ့ထက် များစွာ ငယ်ရွယ်သမှုရှိပ"

"မဟုတ်ပ လူလေး၊ သည်ရသေ့က ငါ့ထက်များစွာကြီးပ... ဤတောတွင်းမှ ရသမုနိဂုမ္ဘဏ္ဍဆေးရွက်ကို စားမျိုပြီး ရုပ်ထူးကိုသူလျက် နုပျိုခြင်း အဆင်းရှိနေတာမျိုးပ ... ငါတမူလည်း သည်ဆေးရွက်မျိုးကို ရှာဖွေနည်းရအောင် လာရှိခြင်းပေပ"

လုလင်ပျိုထွားသည် သစ်ပင်ကြီး နှစ်ပင်အောက်မှ ရသေ့ကြီးအား ကြည့်လိုက်ရာ မျက်နှာ၏ ကြည်လင်ခြင်း၊ ဣန္ဒြေ၏ ဆောင်းခြင်း၊ ခန္ဓာကိုယ်ကြန့်တည်ခြင်းနှင့် လက်ရုံးလက်ပျဉ်း ဖြောင့်တန်းလျက် လူကြည်ညိုစဖွယ်သော ရုပ်ရည်ရူပကာယမျိုး၏ အဓိကပိုင်ဆိုင်ခြင်း ရှိသည်ကို တွေ့ရပေ၏။

ရသေ့ကြီးသည် ရုပ်နုပျိုကာ ငယ်ရွယ်ပုံပေါက်၍ အသား

www.burmeseclassic.com

www.burmeseclassic.com



အရေဝင်းဝါကြည်လင်လျက်ရှိသော ရသေ့ကြီးအား နေထိုင်ရာသစ်ပင်ကြီးအောက်သို့ရောက်လျှင် ထိုရသေ့ကြီးအား ဦးသုံးကြိမ်ချခြင်းပြုလိုက်သည်။

ရသေ့သည် သာဓုသုံးကြိမ်ခေါ်ပြီးလျှင် နှုတ်မှတတွတ်တွတ် ရွတ်ဆိုလျက် ဆုပေးခြင်း ပြုလေသည်။ လုလင်ပျိုထွားသည် ရသေ့၏ ဒေါက်ချာကို သေချာစွာကြည့်ရာ ဒေါက်ချာကြီးမှာလည်း ထူးခြားသော အက္ခရာများ ရေးသားထားသည်ကို တွေ့ရပေ၏။

ငင်းမှကား ဤအက္ခရာများကို နားလည်ခြင်းမရှိပေ။ အက္ခရာမှာ ပါဠိအက္ခရာဖြစ်သော်လည်း ငင်းမြင်ဖူးနေသော အက္ခရာမျိုး မဟုတ်ချေ။

ရသေ့ကြီးသည် လုလင်ပျိုအား ရှေ့သို့ တိုးစေပြီးလျှင် သစ်ပင်အောက်၌ထိုင်လျက် တစ်စုံတစ်ခုကို ဝါးမြုံလျက်ရှိသော ရသေ့အား ...

"အရှင့်ရသေ့ကြီး ... သည်လူငယ်သည် စိတ်ကောင်းရှိအပ်စွသည်။ ပွဲကျောင်းပညာ၌လည်း ပွဲကျောင်းမင်သရ လက်ရေးအတတ်ကို ကျေပွန်၏တည်း ... ရသေ့ကြီးရှုမှုအပ်၍ စေစားနိုင်လျှင် သည်လူငယ်သည် အဆောင်အရွက်၌ ရဲသည်ဖြစ်လျက် စွမ်းနိုင်မည်ဟု ယုံကြည်ရသည်ထင်၍ ဤတောတွင်းသို့ ခေါ်လာလျှင်းခဲ့ပေသည် ... "

သစ်ပင်ကြီးနှစ်ပင်အောက်မှ ရသေ့သည် လုလင်ပျိုထွားအား ကြည့်ကာ သဘောကျသကဲ့သို့ ခေါင်းတစ်ချက်ညိတ်လိုက်သည်။



"ကောင်း ...လူသုံးလူထည် ထွားရျားရှိလှသည်။ မျက်နှာမှုလမှ ပဋိဝိသက္ခရဝေဒီက ဟူ၍ လက်ရုံးလက်ပေါက်မှာ အာမက္ခန်ဖြစ်သည်။ မျက်လုံးနှစ်ဖက်သည် ဝိမလဗေတု ဖြစ်သည်ကြောင့် သျှဴဟူရကျမ်း အဆိုအရ ပေါက်ဝသဖြစ်သည့် ယောကျ်ားမျိုးသည် ကောင်းစွ ... "

ဟူ၍ လုလင်ပျိုထွားအား ကြည့်ပြီးလျှင် မှတ်ချက်ပြုလိုက်သည်။ လုလင်ပျိုထွားသည် ရသေ့ကြီးအား ကြည့်သော်လည်း ကြာရှည်မဝံ့မရဲဖြစ်လျက်သွား၏။ ကောစာရီရသေ့သည် ထူးကဲသော မျက်လုံးတစ်စုံသည်လည်း ရှိသည်ကို တွေ့ရပေ၏။

ရသေ့သည် ဖက်ဝိုင်းစိမ်းကြီးများကို သင်္ကန်း၏ အောက်တွင် ထည့်လျက် ထူထဲစွာချရစ်လျက် ထင်ပျဉ်ခွေကာ သေချာစွာ ထိုင်ခြင်းရှိလေသည်။ ထိုရသေ့သည်လည်း လွယ်အိတ်ကို လွယ်လျက်ထားခြင်းရှိ၏။ ထိုလွယ်အိတ်တွင်း၌ ရွှေရောင်ပေချပ်များကို တွေ့ရ၏။ ကညစ်ခဲ့မှာလည်း လွန်စွာကောင်းလှပေသည်။

ရသေ့ကြီးသည် လုလင်ပျိုအား သစ်ပင်အောက်မှ ရသေ့အား ဦးတိုက်ခိုင်းလိုက်သည်။ ထိုရသေ့သည် လုလင်ပျိုအား ကြည့်ပြီးလျှင် တစ်ချက်မျှ ပြုံးလိုက်သည်။ ဤသူငယ်သည် ငါ့အား အထင်ကြီးခြင်းမရှိစွဟု အတွေးပေါက်ပုံရလေသည်။

"လုလင် ... သင်တမူသည် ဆောင်ရွက်ရမည့် ကိစ္စခန်းကခဲသေးလှကောင်း။ လွန်စွာနက်သော တောတွင်း၌ တောင်ကြီးသားအတတ် ပေပုရပိုက်နှင့် လွန်စွာ အာနိသင်ရှိသော ရသေ့ဆေးမည် တစ်မည်အား ရှာဖွေရန် အားထားပြီးလွှတ်ခြိမ့်မည်။ သင်သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်း ရောက်အောင်သွားလျက် ဆောင်ရွက်ရန် သတ္တိပြီး ပါအုံ့"

ရသေ့ကြီး၏မေးမြန်းခြင်းကို လုလင်ပျိုထွားသည် ဇဝေဇဝါ ဖြစ်လျက်သွား၏။

ယခု တောသည်ပင်မနက်လှသေးဟူက အဘယ်တောသည် သည့်ထက်ပို၍ နက်ခြိမ့်ဦးမည်နည်းဟု အတွေးပေါက်လိုက်သည်။ နေပြောက်မထိုးသော ဤတောသည်ပင် မနက်လှသေးဟူသောကြောင့် အနည်းငယ်ကျောစိမ့်လျက်သွား၏။

"ဘယ်မျှသွားရမှာလဲ အရှင်ရသေ့ ... ကမ္ဘာ့အစွန်ထိတော့ မရောက်ဟူ၍ မှတ်ဘိပါသည်"

ရသေ့နှစ်ဦးသည် ခေတ္တမျှ ပြုံးလိုက်သည်။ သစ်ပင်အောက်မှ ရသေ့သည် လွယ်အိတ်တွင်းမှ ပုရပိုက်တစ်ခုအား ထုတ်ယူလိုက်လေသည်။ ထို့နောက် သစ်ရွက်များ ပြန့်ကျင်းလျက်ရှိသည့် ရှေ့၌ချလိုက်ပြီးလျှင် ပုရပိုက်ချပ်အား ဖွင့်လိုက်ရာ ကြိုးစည်းဖြင့် ချည်နှောင်ထားသည့် အရွက်ချပ်ရေမှာ တွဲလျက်ရှိရာ ဖြန့်ထွက်၍ရလေသည်။

ရသေ့သည် ပုရပိုက်အား လက်ညှိုးဖြင့် ထောက်လျက် လုလင်ပျိုထွားနှင့် ပါ၍လာသော ရသေ့အိုကြီးအား တစ်စုံတစ်ခုသော စကားရပ်မျိုးဖြင့် ပြောဆိုခြင်းပြုလေသည်။

လုလင်ပျိုထွားသည် ပုရပိုက်အား ကြည့်လိုက်ရာ ကြက်ခြေအမှက်အသားနှင့် မျဉ်းကွေးမျဉ်းကောက်များ ပါရှိသောနေရာဌာနပုံတစ်ခုအား ညွှန်းဆိုခြင်းပြုအပ်သော ပုံကားချပ်တစ်ခုဖြစ်



လျက်ရှိသည်ကို တွေ့ရပေ၏။ ထိုပုံသည် စိတ်ဝင်စားဖွယ်ရာကောင်းခြင်းနှင့် ပြည့်စုံခြင်းရှိလေသည်။

"ရွှေရွက်လှ ... မင်း ဆောင်ရွက်ရမယ့်နေရာဌာနကို ငါအား ဆရာရသေ့က ပြောဆိုခြင်းပြုလျက်ရှိ၏။ သည်နေရာသည်ကကျွန်းတစ်ကျွန်းရဲ့ ပုပ္ပိုင်းပေ၊ ဒီချောင်းရဲ့ ဟိုဘက်ကို မျှောလိုက်လျှင် ထူးခြားလှပတဲ့ ကျွန်းတစ်ကျွန်းကို တွေ့လိမ့်မယ် ... အဲဒီကျွန်းမှာ ထူးခြားဆန်းကြယ်တဲ့ ဆေးပင်ဆေးရွက်နဲ့ ဒီပေစာပုရပိုက်ပါ စာအရ ပါရှိခဲ့တဲ့ ထူးခြားတဲ့ ဣတ္ထိယနွယ်ဘွားတွေရဲ့ နေရာတစ်ခုကို ရောက်ဖို့ရှိပေရဲ့ ... မရောက်တည့်လျှင်လည်း သေပေသည်။ ရောက်တည့်လျှင် သင် လူစွမ်းထက်မည်၊ လူစွမ်းထက်သည့်တောတွင်းသားအတတ်အဲဒီတောမှာရှိဘိကုန်၏။ သွားရဲပါ့မလား"

ရသေ့ကြီး၏ စကားကိုကြားလျှင် လုလင်ပျိုထွားသည် သက်ပြင်းတစ်ခုကို မသိမသာချလိုက်ပြီး မှတ်သိပ်မှုရှိသည့်အတွက် ရသေ့အိုကြီး၏ ဆေးလွယ်အိတ်အတွင်းသို့ နှိုက်လိုက်ပြီးလျှင် ငှက်ပျောသီးတစ်လုံးအား နှိုက်ယူလိုက်သည်။

ထို့နောက် အားရပါးရ စားမျိုပစ်လိုက်သည်။ ထို့နောက် ပုရပိုက်ရွက်ကြီးကို ခေတ္တမျှ စူးစိုက်ကြည့်လိုက်သည်။ ၎င်းသည်လည်း တောတွင်းသားအတတ်ဟူသည်ကို ရှေးမဆွ ကြားဖူးစဉ်ကပင်လျှင် စိတ်ဝင်တစားရှိခဲ့သည်။ ထို့ကြောင့် စွန့်စားသွားလာလိုသည်။

ရသေ့ကြီးသည် ၎င်းခေါ်ဆောင်လာသော လုလင်ပျိုထွား ရွှေရွက်လှအား ကြည့်လျက် သဘောကျသွားသည်၊ ၎င်းလိုချင်

www.burmeseclassic.com

www.burmeseclassic.com



သော ဆေးပင်ရှက်သည် အနောက်ဇနပုဒ်တောကြီး၏ အတွင်း၌ ရှိသော ရှေးဟောင်းရွာကြီး ကောဝသစ္စရွာ၏ အရှေ့ဘက်ရှိ သစ်ပင်ကြီး၏အတွင်းဘက်၌ ငှက်လပို့တောင်တွင်း၌ ပေါက်ရောက်သည်ဟု ဆိုရိုးရှိ၍ ရသေ့မောင်းဝွပ်က ဆိုညွှန်းပြောဆိုလျက် အညွှန်းထင်မှတ်ထားရှိခြင်း ရှိပေ၏။

"သွားမည်ဟုတ်စ လုလင် ... သွားလျှင် ကျွန်ုပ်သည် သင့်အား ဆေးတစ်မည်ကျွေးလိုက်မည် ... "

သစ်ပင်ကြီးနှစ်ပင်အောက်မှ ရသေ့မောင်းဝွပ်ဟူသော ရသေ့က ပြောဆိုလိုက်သည်။

"သွားရန် အသင့်ပ ... "

လုလင်မျိုထွားသည် ၎င်းကိုင်ဆောင်ထားသော လှံတိုမိန်းအား ထောင်လိုက်သည်။ ထို့နောက် လက်တွင်း၌ မြမြမြမြဆုပ်ကိုင်လိုက်သည်။

သစ်ပင်အောက်မှ ရသေ့သည် သူ၏ ဆေးလွယ်အိတ်တွင်းသို့ လက်ကိုနှိုက်လိုက်၏။ ထို့နောက် သစ်ရွက်တစ်ရွက်ကို ထုတ်ယူလိုက်သည်။ သစ်ရွက်မှာ ညောင်ရွက်ပုံသဏ္ဍာန်ဖြစ်၏။ သို့ရာတွင် ညိုခြောက်သောနေရာတွင် မဲပျစ်ပျစ်အရည်များကို တွေ့လိုက်ရပေ၏။

"မြိုချလိုက် ... "

ထိုရသေ့က လုလင်ပျိုထွားအား ပြောဆိုလိုက်ရာ လုလင်ပျိုထွား ရွှေရွက်လှသည် သစ်ရွက်ကို လုံး၍မြိုချလိုက်ပေ၏။

ခါးသက်သောအရသာ ရှိမည်ထင်၍ ရှုံ့မဲ့ မြိုချလိုက်



သော်လည်း ချိုမြမြရှိန်းတွတွ အရသာထူးလျက်ရှိသည်ကို တွေ့လိုက်ရ၍ လွန်စွာသဘောတွေ့သွားပေ၏။

"နောက်တစ်ရွက် လိုချင်ပါသေးရောပ"

ရသေ့ကြီးသည် ပြုံးလိုက်ပြီးလျှင် ခေါင်းယမ်းလိုက်သည်။ မောင်းဝွတ်ရသေ့သည် မုတ်ဆိတ်မွေးနုနုလေးအား လက်ဖြင့်ဆွဲလိုက်၏။

ထိုရသေ့၏ မျက်လုံးအစုံသည် စိမ်းလဲ့ကြည်လင်လျက်ရှိပြီး အသားအရေသည် ဖြူဝင်းနုအိသည်။ အသက်အရွယ်အားဖြင့် ပွဲကျောင်းရသေ့ ရှင်သာဘောခုံထက်ပင် ပို၍ကြီးသေးသည်ဟူရာ၌ မယုံနိုင်စကောင်းရှိ၏။ ထိုရသေ့သည် မောင်းဝွတ်ရသေ့ဟူကုန်၏။

"သွား ... ရော ... မောင်ရွှေရွက်လှ ... ငါတကောတည်း၏အခြေအမြစ်ကို မင်း နောက်မှသိချိမ့်လိမ့်မည်။ ခုနေခါ တောတွင်းသို့လှော်ခတ်ရန် ရေစီးရေဆန်ကောင်းလှတုံသေးသည်။ နောက်နာရီ ၂ မောင်းခန့်ကြာလျှင် ရေမရှိုလှ၊ အသွားခက်လိမ့်မည်။ သင်တမူကား တောတွင်း၌ အိမ်လုပ်ပြီး အဆောင်အရွက်ပြုနိုင်အောင်ထိကြိုးပမ်းရပေလိမ့်မည် ... "

ရသေ့ကြီးသည် ထိုသို့ပြောဆိုပြီးနောက် ပေစာရွက်ရှည်တစ်ခုအား လှမ်း၍ပေးလိုက်သည်။ ထို့နောက် ရသေ့ကြီး၏ လွယ်အိတ်တွင်းမှ ကတ္တီပါရှုံ့အိတ်တစ်ခုကို ပေးလိုက်၏။ ထိုကတ္တီပါရှုံ့အိတ်မှာ လက်နှစ်ဝါးသာသာခန့်ကြီး၍ လှပသောအဆင်းရှိလေ၏။

ထို့နောက် လုလင်ပျိုထွားသည် ရသေ့နှစ်ပါးအား ဦးတိုက်ရှိခိုးလိုက်သည်။ ရသေ့ပျို၏အနီးသို့ တောဇီးကွက်ကြီးသည် ရောက်

www.burmeseclassic.com

www.burmeseclassic.com



လျက်လာ၏။ ထို့နောက် ငြိမ်သက်စွာဖြင့် ရွှေရွက်လှအား ကြည့်လျက်ရှိပေ၏။

"အိမ်း ... ငါတို့ကိုတွေ့ဖို့ကတော့ တွေ့ချင်တဲ့အချိန်ကျမှ နေပေရော့မယ်ကွယ် ... သွားလမ်းထက်ဖို့သာ အရေးကြီးပြီး လိုသည့်ကိစ္စ ဖြစ်အောင်သာလျှင် စွမ်းနိုင်အောင်ကြိုးပ"

"ဟုတ်ပ အရှင်ရသေ့ကြီး ကျွန်းမည်း၊ ကျွန်းညို၊ တောညို၊ တောစိမ်း ဘယ်သည့်သစ်တောမဆို ယောကျ်ားစွမ်းအားမာန်ဖြင့် မဆုတ်မဆိုင်း စွန့်စားနိုင်ပါတယ် ... အကျွန့်မျိုးရိုးက သူဘက်မျိုးရိုးပင်တည်း ... ။ သည်အချက်အား အကျွန်ကျေပွန်ရမည်သာပ"

ရသေ့နှစ်ဦးသည် ပြိုးလျှင် သစ်ပင်ကြီးအောက်မှ မောင်းဝှတ်ရသေ့သည် ပေရွက်တစ်ရွက်ကိုထုတ်လျက် လုလင်ပျိုထွားအား ပေးလိုက်သည်။ လုလင်ပျိုထွား ရွှေရွက်လှသည် ရိုသေစွာ 'ခံယူလိုက်၏။

လုလင်ပျိုသည် လှေအား လှော်တက်ရန် လှေဦးကိုဆွဲယူလိုက်၏။ လုလင်ပျိုထွား၏ ခြေထောက်အား ငါးများသည် တိုးဝှေ့လျက်သွားပေ၏။ ငါးအုပ်ငါးသင်း ကောင်းလှသည့်နေရာဖြစ်ပေ၏။

လုလင်ပျိုထွားသည် လှေပေါ်သို့တက်ရန်ပြုစဉ် 'ရှီ' ခနဲ အသံသည် ပေါ်၍လာပြီး အနက်အဖြူ ငှန်းနက်ကြီးတစ်ကောင်သည် လှေ၏ဝမ်းတွင်း၌ ပါးပျဉ်းထောင်လျက်လာပေသည်။

လုလင်ပျိုထွားသည် နဖူးမှ ချွေးစေးများထွက်လျက် ရေထဲသို့ ခုန်ဆင်းလိုက်ရ၏။ ငှန်းနက်ကြီးသည် လက်နှစ်ဝါးခန့် ပါးပျဉ်းရှိ၏။ ထို့ကြောင့် ထိုပါးပျဉ်း၌ အဖြူရောင်အမှတ်အသား အဝိုင်း



ထက်နှစ်ခုသည် ပါရှိ၍ လျှာနှစ်ခွ၌ လွန်စွာမည်းနက်လေရာ အသည်းယားဖွယ်ရာပင် ရှိလှပေ၏။

"ဝိုး ... "

လုလင်ပျိုထွားသည် ဝိုးခနဲ ပါးစပ်မှလေကို မှုတ်ထုတ်လိုက်၏။ လွန်စွာ အကြံအိုက်လျက်သွားဟန် ရှိပေ၏။

ထို့နောက် လက်တွင်းမှကိုင်ဆောင်ထားသော လှံတိုမှိန်းကို ဆလိုက်၏။

ထို့နောက် ရေစီးကြောင်းမတည့်သဖြင့် လှေဦးမထိသော ရေစီးကြောင်းပေါ်၌ လှုပ်ရှုရှုဖြစ်လျက်ရှိသော လှေအနီးသို့ ချဉ်းကပ်လျက်သွား၏။ ဤလှေဖြင့် ခရီးသွားရမည်မို့ ဤလှေပေါ်၌ ရုတ်တရက် ပေါ်ထင်းလာသော တောတွင်းရန်အား ဖြိုဖျက်မှသာ လျှင် ဖြစ်ပေမည်။

ငှန်းနက်ကြီးသည် ပါးပျဉ်းကိုယိမ်းလျက် လုလင်ပျိုထွားအား စူးသေးသောမျက်လုံးအစုံဖြင့် ကြည့်ရှုလျက်သားရှိ၏။ မျက်လုံးမှာ မည်းနက်လျက် အရောင်ရှိန်းများ ပြေးလျက်ရှိ၏။

လုလင်ပျိုထွားသည် လှံတိုမှိန်းအား လက်ဖြင့်ဆလျက် ရုတ်ခနဲရိုက်ထည့်လိုက်သည်။ လှံတိုမှိန်းသည် 'ဝိုး' ခနဲဖြတ်ကာ မြွေ၏ပါးပျဉ်းတည့်တည့်အား စိုက်ဝင်လျက်သွား၏။ လှေနံရံ၌ မှိန်းသည် အသွားတစ်ဆစ်မျှစိုက်လျက် မြွေ၏ဦးခေါင်းပါ ပတ်လျက်ရှိ၏။

မြွေသည် တွန့်လိမ်လျက် ဖြတ်လူးလျက်ရှိပေ၏။ မြွေ၏ သွေးများသည် လှေ၏ဝမ်းဗိုက်တွင်းသို့ စိမ့်ယိုလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပါးပျဉ်း၏အောက်ခြေ၌ လုံသွားသည် ပေါက်ထွက်လျက်ရှိရာ ပြင်းထန်လှသော ဒဏ်ရာကို ရရှိသွားပေ၏။ ခေတ္တကြာလျှင် မြွေကြီးအား ချောင်းစပ်အတွင်းသို့ ပစ်ချလိုက်လေသည်။

ထို့နောက် လှော်တက်ကိုကိုင်လျက် လှေပေါ်သို့ တက်လိုက်သည်။ လှေဦးတိပ်၌ လုံတိုမှိန်းအား ထိုးစိုက်လိုက်သည်။ ထို့နောက် ရသေ့ကြီးညွှန်ပြရာ ကျွန်းဘက်ဆီသို့ လှေဦးထိုး၍ ကြည်လင်ပကတိရှိလှသော ရေစီးကြောင်းကို လှေဦးဖြင့် ထိုး၍ခွဲလိုက်သည်။

ထို့နောက် လုလင်ပျိုထွားသည် ရေစီးသန်သောချောင်းရေကို မျှောလိုက်ရန် လှေကို ချောင်းလယ်သို့ရောက်အောင် လှော်လိုက်သည်။

ထိုစဉ် ငှက်ကြားအုပ်စုငယ်လေးများသည် လုလင်ပျိုထွား၏ ဦးခေါင်းထက်မှ အုပ်စုလိုက် စုရုံးအော်ဟစ်လျက် ပျံ၍သွားကြပေသည်။

ထို့နောက် ချောက်ကမ်းပါး ကျွန်းခုန်းနှစ်ခုကြား၌ ငှက်မည်းအုပ်စုနှစ်စုသည်လည်း ဂွက်ဂွက်ဟူ၍ အော်မြည်သံဖြင့် ကန်လန့်ဖြတ်လျက် ပျံသန်းလျက်သွားကြပေ၏။

ရေစီးကြောင်းသည် ဘေးတိမ်သောချောင်းဖြစ်၍ ချောင်းလယ်၌ အတော်နက်ကာ ရေသည် စိမ်းမှောင်ကြည်လင်မှုရှိလေသည်။

လုလင်ပျိုထွားသည် ၎င်းမရောက်ဘူးသောဒေသ တောနက်ကြီးအတွင်းသို့ လှေငယ်တစ်စီးအားကိုးလျက် လုံတိုမှိန်းတစ်



ချောင်းကို လက်ကိုင်ပြုကာ ခရီးပြင်းနှင်ခဲ့လေ၏။

ထိုအချိန်တွင် ပေါက်ကာယ်မြို့ရွာခင်း၌ ဖြစ်လျဉ်းခဲ့ရသည်များကို လုလင်ပျိုထွား ရွှေရွက်လှသည် မေ့လျော့လျက် ရှိလေတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



## တောကြီးသူ ဓမ္မယမင်း

စမ်းရေသည် တောင်ကြောပေါ်မှစီး၍ တစိမ့်စိမ့်ကျလျ
ရှိသည်။ စမ်းရေစီးတစ်လျှောက် ဝဲယာညှပ် ပေါက်ရောက်လျ
သော ကျောက်ခက်ပန်းများသည် နေခြည်ထွေးထွေးတွင်
လက်လျက် နေရောင်ဖြင့် သာယာလှပစွာ ရပ်တည်လျက်ရှိပေ

ကျောက်တောင်စွန်းမှာ အတန်ပင် မြင့်မားလှ၍ မေ
ကြည့်ရခြင်း ရှိတုံသည်။ ငှက်ကျားနှစ်ကောင်သည် ကျောက်
ပင်ကြားရှိ ရေညှိပင်ငယ်များအား နှိုက်စားလျက် ရှိကြပေသည်

ငှက်ကျားမှာ မောင်နှံဖြစ်လျက်ရှိသည်။ ငှက်ကျားမော
သည် တစ်ဦးနှင့်တစ်ဦး ခေါင်းထိုးယှက်တင်လျက် တစ်ချက်
ချက် တစ်ကောင်နှင့်တစ်ကောင် ကျီစယ်ရင်း စကားဆိုသည်
ရှိသည်။

ထိုရေစမ်း၏ အောက်ခြေ၌ တောင်ကမူ၏ ဂုလိုဏ်ပေ



ကြီးတစ်ခုရှိ၏။ ထိုဂုလိုဏ်ပေါက်သည် မည်းပိန်းလျက်ရှိလေသည်။
ည်းပိန်းလျက်ရှိခြင်းမှာ ထိုနေရာသို့ နေခြည်မကျရောက်သည့်ပြင်
အောက်ခြေစမ်းရေအိုင်အတွင်းမှ နက်မှောင်စိမ်းလဲ့သည့် စမ်းအိုင်
ကြီး၏အရောင်သည် ထိုဂုလိုဏ်ပေါက်သို့ ထင်ဟပ်လျက်ရှိလေ
သည်။

ထိုစမ်းရေအိုင်နှင့် ဂုလိုဏ်ပေါက်သည် ဗဟိုမျဉ်းချက်ချ၍
ထားသည့်နှယ်ပင် လည်ပတ်လျက်ရှိပေသည်။ ထိုဂုလိုဏ်သည်
ကျောက်ဂူဖြစ်သည်။ ကျောက်ဂူသည် နက်ရှိုင်းမှုအတန်ရှိပြီးလျှင်
အတွင်းအောက်ခြေသည်လည်း ဂဝံကျောက်ပြားမျိုးဖြင့် သေချာစွာ
ဆော်တိုက်စင်ချော၍ ခင်းကျင်းထားသကဲ့သို့ပင် ဖြစ်လေသည်။

စမ်းချောင်း၏ ရေအလျဉ်သည် တောင်ကြော ကျောက်
တောင်ကြားမှ စင်းကျလင့်ကစား၊ ဤဂုလိုဏ်၏ အတွင်းသို့
မိုးဝင်လျက်မသွား။ ဘေးဘက်အပေါက် နှစ်ပေါက်ကြား၌ မြောင်း
ကြောကြီးနှစ်ခုအသွင်သဏ္ဍာန်ဖြစ်လျက် ထိုနေရာမှပင် လွှန်စွာ
သန့်ရှင်းသော ရေအလျင်သည် စီးဆင်းခြင်းပြုလေသည်။ ဤသည်
မှာ ထူးဆန်းသော သဘာဝတစ် မျိုးဖြစ်ချေသည်။

ထိုရေတို့သည် မူလစမ်းရေအိုင်ထဲသို့ ကျောက်မြောင်းကြီး
တစ်လျှောက်မှ စီးဆင်းလျက်ရှိပေ၏။ ရေမှာ တရဟောစီးဆင်းခြင်း
မဟုတ်၊ ခပ်ရွေ့ရွေ့သာသာမျှသာ စီးဆင်းလေရာ စမ်းရေစီးသံသည်
သာထင့်သာမော့ရှိလှပေ၏။

ထို့ကြောင့် ဤနေရာသည် ဆေးပေါင်းတောနှင့် တောလှ
သစ်ခွ၊ မြိုင်ကြီးရဂုံ ... တောမြိုင်ကြီးဟု ကင်ပွန်းတပ်ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ရေအိုင်၏နက်မှောင်စိမ်းလဲ့ရခြင်းမှာ သီတဂူမုန ... ဝိဇ္ဇာ ... ဟူသော အေးသောအကြောင်းခံရှိသော သစ်ပင်နွယ်ပင်များနှင့် ညိုမှောင်သော သစ်ကိုင်းပင်စည်များရှိခြင်းပြင်၊ သဏ္ဌာန် မလှပဟုခေါ်သော နက်သည်းသော ကျောက်ရည်တစ်မျိုးသည် ပတ်ဝန်းကျင်ကျောက်သားများကြားမှ ရေစာတ်နှင့်ထိတွေ့၍ ထွက်ရှိခြင်းကြောင့်ဖြစ်ပေ၏။

ထိုရေအား ချီးလျှင် သီရဝမုန ပြည့်၏။ ထိုရေအားသော လျှင် သိရပန္တ ... ပြည့်စုံ၍ ရှင်လန်း၏။ သီတဥဏှ ... နှစ် ပြည့်ပြည့် ဝဝစိုက်ထူထားသော အကြောင်းခံဖြင့် ပြည့်စုံ၍ ဝဠဖ ပြည့်စုံ ခြင်းတစ်ကြောင်းရှိသည်ဟု တစ်ပင်ပေါက် ဆေးသေတ္တာ ညွှန်းအရသိရှိနိုင်၏။

"တစ်ပင်ပေါက်" ဆေးသေတ္တာ မည်သည်မှာလည်း အာ ယုဗ္ဗ ... ရသေ့၏ ညွှန်းဆိုချက်အရလျောက်၊ သန္တာနှင့် ဆေးရွက် များကို သိသိရအောင် ညွှန်းဆို၍ မာဂဓေသြသဓမည်သော သက်ရှည် ဆေးပင်များကို ညွှန်းဆိုခြင်းပြုသည်ဟု အချို့ ဆိုရိုးရှိသည်ဖြစ် သည်။

ငှက်ကျားဖိုမသည် နေခြည်နွေးနွေး၌ ကောင်းမွန်သော ကျောက်စက်ပန်းများကို စားသုံးပြီးလျှင် အနီးအပါးသို့ လှည့် ကြည့်ကြသည်၌ တကျိုကျိုတကျကျမြည်၏။

ထို့နောက် ငှက်ကျားဖိုမသည် ကျောက်တောင်စွန်းကြ ေါ်မှနေ၍ တောင်ခြေ စမ်းရေအိုင်အနီးသို့ ပျံဝဲထိုးဆင်းလာ လျှင ပန်းညိုစွမ်သင်းနှင့် ဇတောက်ခပန်းတို့အပေါ်၌ ရပ်နားကြ လေသည်။



ထိုအပင်နှစ်ရပ်ကြားမှ ငှက်ကျားဖိုမသည် စမ်းရေအိုင်ကြီး သို့ မျက်စိစူးစိုက်လျက်ကြည့်ရှုခြင်း ပြုကြလေသည်။ စမ်းရေအိုင် ကြီး၏ အလယ်တွင် အနက်ရှိုင်းဆုံးနေရာဖြစ်၍ ထိုနေရာသည် သက်၍မနေ၊ အလယ်ဗဟိုမှ လှိုင်းသည်ကြက်ခွပ်လျက် ပွစိစိ လျက်ရှိပြီး ဓဂယက်သည် ဘေးသို့ပန်းကာ ဖြာဆိုင်း၍သွားပေ ၏။

ထိုနေရာ၏ ဘေးတစ်ဝိုက်တွင် ရွှေရောင်ငွေရောင်ထ လျက်ရှိသော လက်ဝါးအုပ်ခန့် ငါးသေးသေး နှစ်ကောင်သုံးကောင် သည် အမြီးလှုပ် ကူးခတ်ကာ ထက်အောက်ဝဲလှည့်လျက်ရှိကြ သည်။

ထိုငါးနှစ်ကောင်အား ထိုးသုတ်ရန် ကျောက်ဂူစွန်း၏ထိပ် ည့်တည့် ကျောက်တုံးပေါ်မှ တောင်ဗျိုင်းအောက်တစ်ကောင် သည် ခြေချင်း မသိမသာပွတ်ခါ ရေအိုင်ကြီးအတွင်းသို့ ကြည့်ရှု လျက် ရှိပေသည်။

ထိုနေရာသို့ တောဗျိုင်းအောက် ကြည့်ရှုနေသည်ကို ငှက် ကျားဖိုမနှစ်ကောင်သည် လန့်ထိတ်လျက် ရှိနေပုံရလေသည်။ ထို့ ကြောင့် အငြိမ်မနေနိုင်၊ ခုန်ဆွယှက်ကူးလျက် ထိုချုံပုတ်အနီး၌ ရှိ၍ နေ၏။ ရေကန်စိမ့်အိုင်အတွင်းမှ အဆွေငါးအား ထိုးသုတ်ခံရမည်ကို စိုးရိမ်ကြောင့်ကြသည်ကဲ့သို့ ရှိလျက်နေပေသည်။

ထိုအချိန်တွင် စမ်းရေအိုင် အလယ်မှ ရေပန်းပွားသည် အထက်သို့ထောင်၍တက်လာပေရာ ရွှေငါးနှစ်ကောင်သည် ရေအိုင် ၏ အောက်ခြေသို့ ငုတ်လျှိုးပျောက်ကွယ်၍ သွားပေ၏။ ငှက်ကျား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်သည် ပီတိကျ၍သွားဟန်ဖြင့် ၎င်းတို့၏ သဘာဝအတိုင်း တစ်ကောင်နှင့်တစ်ကောင် အထိမ်းအမှတ်အဖြစ် နှုတ်သီးချင်းပွတ်တိုက် ဆော့ကစားလိုက်ပေသည်။ ခေါင်းချင်းတိုးဝှေ့လိုက်၏။

ဤသည်ကို တောဖျိုင်းကြီးသည် မကျေနပ်သော မျက်လုံးအစုံဖြင့် ထိုငှက်ကျားနှစ်ကောင်အား ခပ်စောင်းစောင်းကြည့်ရှုလိုက်သည်။ ထိုရေအိုင်တွင်း အလယ်တွင် ရေပန်းပွားများ ထွက်၍လာပြီးနောက် မည်းမည်းအသွင်သဏ္ဌာန်သည် ရေလယ်မှ ထိုးထွက်၍လာပေ၏။

ထိုအရာမှာ မည်းပြောင်လျက်ရှိပေ၏။ ထိုပြင် ရှည်လျားလျားရှိ၏။ ထို့ကြောင့် တောဖျိုင်းကြီးသည်လည်း အနည်းငယ်ထိတ်လန့်၍ သွားတော့သည်။ ၎င်းသည်ပင် ဝေခွဲမရနိုင်သော အချင်းအရာတစ်မျိုးဖြင့် နှုတ်သီးငြိမ်စွာထားလျက် ရေအိုင်တွင်းသို့ စူးစမ်းခြင်း ပြုလိုက်သည်။

ရှေးယခင်က ၎င်းသည် ဤရေအိုင်အတွင်း၌ စိမ့်ချို၍ အရသာထက်သော ငါးများကို ကောက်ယူ ဆော့ကစားကာ၊ ဝါးမြို၍ အရသာထူးထူးကဲကဲ ခံစားရဖူးခြင်း ရှိခဲ့၏။ ထို့ကြောင့် ဤနေရာသို့ ရောက်လျက် အစာရှာရာ၌ လွန်စွာကောင်းမွန်၏။

ထို့ကြောင့် အခြားသော သောက်ဖော်စားဖက် ဖျိုင်းသတ္တဝါများကိုပင် ဤအချင်းအရာကို အသိပေးထားခြင်း အလျဉ်းမပြုဘဲ ... လျှို့ဝှက်ကိစ္စ တစ်ခုအနေဖြင့် ထားခဲ့ကာ ၎င်းတစ်ဦးတည်း စားတော်တည်ရန် အခြားဖျိုင်းအုပ်အလစ်တွင် အနောက်စူးစူးသို့ ပျံဝဲကာ ၍နေရာသို့ တစ်ကောင်တည်း ရောက်ရှိလာခြင်း



ဖြစ်သည်။

သို့ရာတွင် ရေကန်တွင်းမှ ၎င်းတစ်ကြိမ်မျှ မတွေ့ဘူးသော အရာကြောင့် တောဖျိုင်းကြီးသည် ဝေခွဲခြင်း မပြုတတ်အောင် ဖြစ်လျက်သွားပေ၏။ ထပြီးပြန်ပြေးလျှင် ကောင်းနိုးဟု တွေးထင်၍ သွားဟန်ရလေသည်။

ထိုအချင်းအရာကြောင့် ငှက်ကျားနှစ်ကောင်နှင့် တောဖျိုင်းကြီးသည် ဝေးရာသို့ ထွက်သွားကြကုန်လေသည်။

ရေအိုင်အလယ်မှ နက်ကြောမှောင်သော အသွင်သဏ္ဌာန်သည် ဖွားခနဲ ဖွားခနဲ ရေကန်အတွင်း၌ ကူးခတ်လျက်ရှိပေ၏။ အလယ်ပိုင်းတစ်လျှောက်၌သော စိမ်ပြေနပြေ ကူးခတ်လျက်ရှိ၏။

စိမ့်၍စိမ်းလျက်ရှိသော ရေကန်အလယ်နှင့် လှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်သည် ပင်ဇလပ်များနှင့် တောင်ပုံခြပုံ ပန်းပင်များအကြားဆီသို့ လှည့်၍လာ၏။ တစ်ချက်ချက်တွင် အမည်းရောင်သည် ရေပေါ်သို့ခုန်၍ တက်လာပြီးလျှင် ဝင်းဝါသော အရောင်တစ်ခုဖြင့် ခြေတံလက်တံတို့ပါ ပေါ်၍လာပေ၏။ ထို့ကြောင့် ဆံပင်ထူထဲလှသော လူသားတစ်ဦးမှန်း သိသာနိုင်ပေသည်။

ထိုရေကန်အလယ်မှ မည်းမည်းလှုပ်လှုပ်သည် ရေစပ်ဆီသို့ ကူးခပ်၍ လာပြီးလျှင် ချုံစပ်သို့ ခုန်ဆွဆွဖြင့် ပြေး၍ဝင်လိုက်၏။ သဘာဝတောတောင်၏ စိမ့်မြိုင်သာယာခြင်းနှင့် လူ့သူကင်းမဲ့ခြင်းသည် ပိုမိုကောင်းမွန်သော သဘာဝအလှတရားကို ဖန်တီးလျက်ထားပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသားသတ္တဝါသည် ကုန်းပေါ် ကျောက်ကမူပေါ်မှ အဝတ်အစားများကို ယူငင်ဝတ်ဆင်လိုက်လေတော့သည်။ ဆံပင်ဖြိတ်စဖားလျားကျနေသော ထိုလူသား၏ ကိုယ်ခန္ဓာသွင်ပြင်ကို မြင်တွေ့ရခြင်းအားဖြင့် ဤစိမ့်ရေကြီးအတွင်းမှ တက်လာခဲ့သော လူသားသတ္တဝါဝိုဏ္ဍိုလ်သည် ပုရိသယောကျ်ားမျိုးမဟုတ် ဣတ္ထိယ အမျိုးသမီးဖြစ်ကြောင်း သိရှိနိုင်ပေသည်။

ထိုဣတ္ထိယသည် သူမ၏ဝတ်စုံကို ပြည့်စုံချပ်ရပ်စွာ ဝတ်ဆင်ပြီးနောက် တောမြိုင်ကြီးအတွင်းသို့ ဝင်ရောက်သွားလေ၏။ ထိုဣတ္ထိယသည်ကား ဆံပင်များပေါ်မှ ရေများကိုခါလျက် ခပ်အေးအေး ဝင်ရောက်သွားပေရာ လွန်စွာတင့်တယ်ဖျိုးဖျ၊ ကောင်းမွန်ဝင်းအိသော အသားအရေရှိခြင်းကြောင့် ထိုတောမြိုင်ကြီးသည် ပို၍ သာတင့်သာဆန်းရှိသည်ဟု တွေးထင်ဖွယ်ရာပင် ဖြစ်တော့၏။

* * *



## ရေတွင်းအန္တရာယ်

တောမြိုင်ကြီး၏ အတွင်းအဝ၌ လွန်စွာနက်သော ချောက်ကမ်းပါးကြီးသည်၊ တစ်ခုသော ချောင်းအဝ၌ တည်ရှိခြင်း ဖြစ်လေသည်။ ထိုချောက်ကမ်းပါးကြီး၏ အထက်မှ နွယ်ရှင်ကြီးခွေကြီးသည် ရှည်လျားစွာ ကျရောက်ပြီး ထိုချောင်းအဝအောက်ခြေသို့တိုင်အောင် တွဲရရွဲကျလျက် ရှိပေသည်။ အောက်ခြေမှ ချောင်းရေအလျင်သည် ထိုချောက်ကမ်းပါးကြီးအား ဒရင်မွှတ်ပုံသဏ္ဍာန် ကွေးဝိုင်းပတ်ဆင်းလျက် ရှိလေသည်။

ထိုနွယ်ရှင်ကြီးတစ်ချောင်းသည် လွန်စွာမြင့်၍ ကြီးထွားသော ပွေးမကိုင်းပင်ကြီး၏ ပင်စည်မှ ရစ်ခွေတက်ကာ၊ ချောင်းအတွင်းသို့ ယိုင်ဆင်းထိုးထွက်လျက်ရှိသော ပင်ခက်ခိုင်ကြီးအား ပတ်ကာ၊ အောက်ခြေသို့လိပ်၍ ဆင်းသွားလေသည်။ ထိုနွယ်ရှင်ကြီးကြီးသည် ချောင်းရေစီးသည်၌ မျောလွင့်လျက်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ရေတိုက်စားမှုကို နွယ်ရှင်ကြီး၏ အဖျား၌သာလျှင် တိုက်စားခံရပြီးလျှင် ရေစီးကြောင်းအား ဖြန့်၍ ခွဲလျက် ရေအောက်သို့ပြန်လည်၍ မြုပ်ပါသွားပေ၏။

ခဏကြာလျှင် ထိုနွယ်ကြီးကြီး၏အနီးသို့ ယမင်းပျိုတစ်ဦး ရောက်ရှိလာလေသည်။ သူမ၏ မျက်လုံးကား သမင်ပျို၏ မျက်လုံးမျိုးဖြစ်ပြီးလျှင် ဝင်းဝါသောအသားအရေက တင့်တယ်လျက်ရှိနေစေ၏။

ထိုယမင်းပျိုသည် ကျောက်စွန်းထက် ရပ်တည်နေရာမှ လွှားခနဲခုန်၍ နွယ်ကြီးအားဖက်တွယ်မှု ပြုလိုက်သည်။ နွယ်ရှင်ကြီးသည် အနည်းငယ်မျှသာလျှင် လျှပ်ယမ်း၍သွားပေ၏။ လူတစ်ကိုယ်လုံး၏ အားသည် နွယ်ကြီး၏အထက်မှ နေ၍ တည်ငြိမ်၍ စီးနင်းထားလိုက်သဖြင့် နွယ်ကြီး၏လှုပ်ယမ်းမှုမှာ အနည်းငယ်မျှသာလျှင် ခါတုန်လျက် သွားပေတော့သည်။

ထို့နှင့် တစ်ဆက်တည်းပင် ယမင်းပျိုသည် နွယ်ကြီးမှ အသာမလျှောဆင်းလျက် အောက်သို့ ဆင်းသက်၍ သွားပေ၏။

အောက်ဘက်မှ နွယ်ရှင်ကြီးသည် ရေစီးအောက်တွင် အရှေ့အနောက် အနည်းငယ်သာလျှင် လှုပ်ယမ်းဘိ၍ ငြိမ်သက်လျက် ရှိပေ၏။

အောက်ခြေသို့ရောက်လျှင် တော၏ယမင်းပျိုသည် စမ်းချောင်းရေလယ်ပိုင်းသို့ ဝုန်းခနဲမြုပ်၍ သွားပြန်၏။ ကျောက်ကမ်းပါးစမ်းရေအိုင်တွင်းမှ ကူးခတ်၍ အရသာပြေပျက်ခြင်း မရှိလှသေးဟူသော ပုံစံအရ ရိုးချောင်းကွင်း၏ အနက်အရှိုင်းမရှိတရှိ



နွယ်ကြီးမှ နေ၍ ရေရစ်ဝဲတွင်းသို့ ဆင်း၍ သွားပေ၏။

ရေလယ်တွင်းမှ ယမင်းပျိုသည် စမ်းချောင်းတွင်း အနည်းငယ်မျှ ကူးခတ်ပြီးလျှင် ခြေတစ်ထောက်ရပ်နိုင်သောအရပ်တွင် ရပ်လျက် ကမ်းစပ်သို့လျှောက်ဘိ၏။ ရေမှာ စိမ်းလဲ့ကြည်လင်လှ၍ အောက်ခြေတစ်လျှောက် သဲခုံပြင်များကိုပင် မြင်နိုင်စွမ်းပေ၏။

ထိုအခိုက် ခပ်လှမ်းလှမ်းတွင် ရေဂယက်တစ်ခုသည် အလိုက်အမြိုဖြင့် ပေါ်၍လာပေ၏။ ထိုရေဝဲဂယက်သည် ရှေ့သို့ တစ်ပိုင်းချင်း တိုး၍တိုး၍လာပေ၏။ ထို့ပြင် စမ်းချောင်းမြင် မျက်နှာအထက်၌ မည်းနက်သော မျက်လုံးအစုံနှစ်ခုသည် ထင်းထင်းလင်းလင်း တွေ့ရှိရပေ၏။ ထို့ပြင် ထိုမျက်လုံးအစုံသည် အတူးပင် စူးစိုက်အားကောင်းစွာဖြင့် ထိုးစိုက်လျက် ယမင်းပျို၏အနီးသို့ ဦးတည်လျက်ရှိပေသည်။

ယမင်းပျိုသည် စမ်းချောင်းရှည်ကြီး၏ ဟိုဘက်ကမ်းစပ်စိမ်းမှောင်ညိုလဲ့လျက်ရှိသော နေရာဌာနဆီသို့ မျက်စိကျလျက်ရှိခြင်းကြောင့် ထိုရေဝဲဂယက်ဆီသို့ အာရုံကျ [illegible]ခြင်းမရှိပေ။

ထိုသတ္တဝါကြီးသည် ကိုယ်တစ်ပိုင်းပေါ်ကာ ရပ်လျက်အနေအထားဖြင့်ရှိသည့် တောယမင်းပျို၏ ခါးပိုင်းဆီသို့ အာရုံစူးစိုက်လျက်ရှိပေသည်။ အနီးသို့ရောက်လျှင် ရေယက်တစ်ခုသည် အသံထွက်ပေါ်၍လာရာ ထိုယမင်းပျိုသည် နောက်သို့လှည့်ကြည့်လိုက်သည်။ ထိုအခါ လွန်စွာအံ့သြသင့်၍ ကြက်သေ လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို ... ကြောက်စဖွယ် သမုံသားပါလား ...အိုး သေရော့" ဟူ၍ ရေရွတ်ပြီးလျှင် နောက်ဘက်သို့ ပြေးထွက်လိုက်သည်။ သို့ရာတွင် ဝုန်းခနဲမြည်သော ရေဗွက်သံသည် ပေါ်လာ၏။ ရေပွက်၊ ရေမွှား၊ ရေပန်းများသည် တရစပ်ပေါ်၍လာ၏။

ထိုအချိန်တွင် တဝုန်းဝုန်းတခွီးခွီးမြည်ဟီးသော စမ်းရေတွင်းမှ လုံးထွေးသံများသည် ပေါ်၍လာ၏။

အခြေအနေသည် တစ်စုံတစ်ခုသော အတိုင်းအတာထိ ဆိုးရွားလျက်ရှိချေသည်။ ထိုအချိန်တွင် တစ်ဘက်ကမ်း ဆီမှ ရေတွင်းသို့ ထိုးစိုက်ဆင်း၍ လာသောအသံသည် ရေတွင်း၌ ဗွမ်းခနဲမြည်၍သွားပြီးလျှင် ရေမျောကြောင်းအမျှင်းများသည် ငြိမ့်ညောင်းစွာ ပေါ်၍လာသည်။

ထိုချောင်းစပ်ဘေး၌ ရှုပ်ထွေးယှက်တင်နေသော ရေဝဲရစ်အနီးသို့ ထိုရေမျောကြောင်း ဂယက်လှိုင်းသည် လျင်စောစွာ ရောက်၍လာပေ၏။

ထိုနေရာ၌ လူထွားမိုင်းဖြင် နက်မောက်သန်ထွားသော လူတစ်ယောက်သည် လက်တွင်း၌ စူးဝါးလှံတိုတစ်ချောင်းကို ကိုင်လျက်ရှုပ်ထွေးရောယှက်မှု၏ အစွေးအထင်နေရာဆီသို့ ပိုမို၍ရှုပ်ထွေးစွာ ဝင်ရောက်သွားပေ၏။

တဝုန်းဝုန်း တယှက်ယှက်မြည်သံသည် အားကောင်းစွာ ပေါ်၍လာ၏။

ထို့နောက် ငြိမ်သက်သွားပြီး ကြည်လင်သော ချောင်းရေပြင်၏ စီးကြောင်း၌ နီရဲသောသွေးအပြင်ဖြင့် ဖုံးလွှမ်း၍



သွားတော့သည်။

ခေတ္တကြာလျှင် ထိုနီထွေးသော စမ်းချောင်းအလယ်၌ စူးဝါးလှံတိုစိုက်လျက်ရှိသော အသားဖြူရော်သော ရေသတ္တဝါကြီးသည် ပက်လက်ပေါ်လောမျောလျက် ပေါ်လာသည်။

ထိုအနီးမှ ဆံပင်ပိုလျားပတ်သီရှိသော တော၏ယမင်းပျိုအား ပွေ့ချီလျက် ရေယက်များအတွင်းမှ ထွက်ပေါ်လာသော နုနုထွားထွား ခန့်ထည်ရှိဘိသော လုလင်ပျိုသား မောင်ထွားထွား တစ်ဦးအား တွေ့ရပေ၏။

လုလင်ပျို၏ တုတ်ခိုင်ကြမ်းတမ်းသော လက်မောင်းလက်ရုံးထက်ဝယ် ပျော့အိနုထွေးသော အလှပဂေး တောနွယ်သွေး၏ ယမင်းပျိုသည် ခွေခွေခေါက်ခေါက်ရှိဘိတော့သည်။

လှုပ်အိနူးညံ့သော အစိုင်အလွှာများ၌ အစင်းကြောင်းများသည် ယှက်နွယ်လျက် သွေးစသွေးနတို့သည် စိုထင်းလျက် ရှိပေသည်။

လုလင်ပျိုသည် ပင့်သက်ကို တစ်ချက်မျှ ရှိုက်သွင်းလိုက်ကာ နူးညံ့သော သဲသောင်စပ်သို့ဖြတ်လျှောက်၍လာ၏။

ကမ်းစပ်၏ တစ်နေရာတွင် အရိပ်မိုးကျလျက် ရှိသော 'ထော်လဂ်ဝါ' ဟူသော စောင်းနက်ပြားပင်ကြီးသည် ရှိ၏။

ထိုအပင်သည် ထွားကြိုင်းလှသည်နှင့်အမျှ အရိပ်အနေကောင်းလှပေသဖြင့် ထိုအနီးသို့ လုလင်ပျိုသည် လျှောက်၍လာ၏။ ပွေ့လျက်သားနေရာမှ ပခုံးထက်သို့တင်၍ သုံးလေးလှမ်းမျှ ဆက်ပြေးလိုက်ရာ ယမင်းပျို၏နှုတ်မှ ရေဗွက်များသည် ဝေါခနဲ

www.burmeseclassic.com

www.burmeseclassic.com



ထိုး၍အန်လေ၏။ သွေးစများသည် လည်ပင်းထက်မှ အချို့တစ်ဝက် အခဲအပြွက်လိုက် စီး၍ကျဆင်းလာလေ၏။

"ရော ... ဒဏ်ရာပြင်းသကိုး"

လုလင်ပျိုထွားသည် ယမင်းပျို၏ဒဏ်ရာကို စစ်ဆေးရန် ယမင်းပျိုအား အောက်သို့ပွေ့ချပြီးလျှင် 'ထော်ဂလဲဝါ' ပင်၏အောက်သို့ ချလိုက်သည်။ ဤနက်မှောင်သော စိမ့်မြိုင်တောတွင်း၌ လုလင်ပျိုထွားထွားနှင့် ယမင်းပျိုနှစ်ဦးသာရှိ၏။

လုလင်ပျိုသည် ဒဏ်ရာမှစိမ့်ထွက်သော သွေးမျှင်တို့အား ဖယ်ရှားပြီးလျှင် စမ်းချောင်းရေကို လက်ခုပ်ဖြင့်ငင်ယူကာ လည်ပင်းမှတစ်ဆင့် ရေဆွတ်ဖြန်း၍ သွေးစေးများအား ဖယ်ရှားခြင်းပြုလိုက်သည်။

လည်ပင်းကြောမကြီး၏အောက်၌ လက်သန်းခန့်အပေါက်ငယ်တစ်ခုသည် ဟက်ပက်ကြီးဖြစ်လျက်ရှိ၏။ သွေးစများမှာ ခြောက်၍သွားသော်လည်း ဟက်ပက်ပြဲအာလျက်ရှိသော အနာမှာမူ ထိတ်စဖွယ်ဖြစ်၏။

လုလင်ပျိုသည် ၎င်း၏ခါးတွင် ပတ်၍လျှိုထားသောဆေးခါးပတ်ကို ဖြုတ်ယူလိုက်သည်။ ဆေးခါးပတ်သည် ဆရာရှင်ရသေ့တောကြီးရက္ခမူဝင်စဉ်၌ လက်သုံးရအောင် ပေးခဲ့သောဆေးခါးပတ်ဖြစ်၍ တစ်ကိုယ်တစ်ဦး တစ်ဆယ့်တစ်မျိုးဆေး ဆေးမယ်၊ ဆေးမှုန့်များကို ထိုခါးပတ်တွင် ချိတ်ဆွဲလျက် တောလှည့်ခြင်းဖြစ်ပေသည်။

အလယ်ဘူးမှဆေးခွက်ကို လက်လျှို၍ ဆေးအိတ်ကိုဖြုတ်



လိုက်၏။ အတွင်းမှ ပြာလဲ့လဲ့ မဒ္ဒမူရ ပြာညိုဆေးချက်ကို ထုတ်ယူ၍ ထိုဒဏ်ရာတွင်းသို့ အမှုန့်များ သိပ်ထည့်ပေးလိုက်သည်။

မဒ္ဒပူရပြာညိုသည် စပ်၏။ အနာသိ၊ အနာဖွက်၊ အနာအိုင်းများသာမက ရုတ်တရက် ထိရှတိုက်ပွန်း၍ တော တွင်းအဆိပ်မိသော ဒဏ်ပေါက်ဒဏ်ရာများကိုပင် သိပ်သွင်းသည်ရှိသော် သွေးချေတိတ်၍ အနုအမွေးသား နေသုံးမွန်းတည့် တွင်ပျောက်၏။ ဟုဆိုညွှန်း၏။

ယမင်းပျိုသည် စပ်၍ ဇက်ပင်တွန့်၍သွား၏။

"အင်း ... ကောင်းသပ ရှင်လန်းအရှိအတွဲကောင်း"

ဟူ၍ လုလင်ပျိုထွားသည် ပြောဆို၏။ ထို့နောက် 'အအေးခူက ငူစုပ် အလှူပ်မမူပြုတ်တူနှုတ်' ဟူသည့် ဆရာရသေ့စကားအရ မေ့တိမေ့တန်ဖြစ်လျက်ရှိသော ယမင်းပျို၏ ဈေးရှိန်းနေသောနှုတ်ခမ်းအား လက်ဖြင့်ဖြည့်တင်း၍ ၎င်းထူထဲကြမ်းယုံသော နှုတ်ပြားကြီးဖြင့် ငုံ့လျက် စုတ်မျိုလိုက်သည်။

နှုတ်ခမ်းနှင့် စအိုအာရသည် တစ်လမ်းတည်းသော 'အက္ခုခ' ကြောစဉ်လမ်းဖြစ်၍ လမ်းကြောင်းအားဖြင့် လွန်စွာနုနယ်၍ အာရုံကြောပိုင်းအားဖြင့် 'သွေးစု' ခတ်အား၏ ဗဟိုချက်မဖြစ်သည်။

ထို့ကြောင့် မေ့ရွှ့လွင့်မျော၍ ဝိညာဉ်နယ်လွင့် မတုန့်လှုပ် ငြိမ်သက်ဘိသော် နှုတ်ခမ်းပြာစုပ် ရေလှုပ်ငုံတွေး၊ မျက်သိစ်ပေး၍ ခြေရှေးဖနှောင့် တင်းကြောနှောင့်အား ဆွဲကိုင်ကြွစ် ရုတ်ဘင်း ရုတ်ကြမ်းကြမ်းပြုတန် သန်းတောင်အမှန် သွေးလေတစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်တည်းဟု သင်ရိုးပြုခဲ့သည့်အတိုင်း လုလင်ပျိုသည် ယမင်းပျို၏ နှုတ်ပုံအာင့်အား ပြတ်မတွဲအောင် နှုတ်ပွင့်အာငွေ့ပေးလျက် အာခေါင်အား လက်ညှိုးဖြင့်မွှေပြီးလျှင် လေကိုမှုတ်သွင်းလိုက်သည်။ အသက်ရှင်အောင်ပြုစုရသည်မှာ မလွယ်လှချေ။ သေမည့်ရောဂါတန်ရှိသူကဲ့သို့ ပင်ပင်ပန်းပန်းခြင်း ဖြစ်ချေသည်။

လုလင်ပျိုထွားသည် အာငွေ့မှုတ်သွင်းပေးပြီးနောက်တွင် ချက်တိုင်ကိုလက်ဖြင့် ဖိနှိပ်လိုက်သည်။ လေဆန်လေခဲများ မြုံပိတ်နေသည့်ရှိသော နှလုံးအိမ်အား ထိခိုက်သည်ဟု အသိရှိထား၍ ဖြစ်သည်။ ယမင်းပျို၏ဖမ်းဗိုက်သားနုနုမှာ ဖြူဖွေးနုထွတ်လျက် ရှိပေ၏။ ထို့ပြင် နုရွရွလည်း ရှိချေသည်။

ယောကျ်ားသားဖြစ်သည့်အတွက် သွေးစသည်နိုးကြွလျက်လာ၏။ ဗိုသဘာဝ၏ အလှုပ်အလှုန့်သည် အထွတ်တင်၍ တက်ချင်၍လာပေ၏။

သို့သော် ဒုက္ခသည်အား ရာဂဖက်သောစိတ်ဖြင့် ပြုစုလတ်သော် အပြစ်ကပိုသည် ပို၍ရှိသည်ဟူ၍ သတိချပ်လိုက်ပေသည်။

ထို့ကြောင့် မေ့မြောနေသော ယမင်းပျို၏ ခြေဖနှောင့်မှ သွေးမကြောနှစ်ခုအား လှမ်း၍ဖိချိုးလိုက်သည်။

"အား ... ဟူး"

"ကောင်းရောပြီ ... မသေတော့ပ"

လုလင်ပျိုထွားသည် ခြေနှစ်ဖက်အားလက်ဖြင့် လွှတ်ပြီးလျှင် ယမင်းပျို၏ ဒဏ်ရာအစအနများကို ညင်သာယုယစွာ ပွတ်သပ်ဖြေဖျောက်ပေးလျက် ရှိပေသည်။ လည်ပင်းရှိ ဒဏ်ရာကြီးမှအပ



အခြားဒဏ်ရာများသည် စဉ်းငယ်မျှသော ဒဏ်ရာများသာဖြစ်သည်။ ၍ယမင်းပျိုသည်လည်း ရန်လိုတို့နှင်းပြန်ရာ၌ အကျွမ်း တဝင်ရှိလှသည်ဟု မှတ်ယူလိုက်နိုင်ပေသည်။ သို့သော် ရေသတ္တဝါ၏ အင်အားအားနားသည် ကြီးတောင့်တယ်စင်း ရှိလှသည်ကြောင့်တစ် ကြောင်း၊ အလစ်၌ဆွဲယူဝါးမြိုရန် ကျွမ်းကျင်သော ရေမှဆိုးတစ်ဦး၏ အလျင်အဟုန်ကြောင့် တစ်ကြောင်း အရောင်အယို့အပယ်အခွာ၌ နောက်ကျ၍သွားဟန်ရှိပေသည်။ ထို့ကြောင့်ပင် ထက်လှသော အစွမ်းသည် ရေတွင်းသို့လိမ့်အဆင်းတွင် လည်ချောင်းသွေးကို အောက်၍ လည်ချောင်းသားကိုစားရန် ဦးတည်လိုက်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

သို့ရာတွင် တောမာယာ၏ အတွင်းအဝှက်အမျိုးများကို အားလည်စွမ်းမြိုထားသည် တောတွင်းယမင်းပျိုတစ်ဦး ဖြစ်၍ အတ်တရက် သေပျောက်မသွားအောင် ကာကွယ်ရှန်းကန်ထားနိုင်ခဲ့ပေသေးသည်။ အခြားသူဆိုလျှင် အလွယ်နှင့် သေသွားနိုင်ပေသည်။

လုလင်ပျိုနုထွားသည် အနည်းငယ်စဉ်းစားဟန်ဖြင့် လုပ်ဆောင်သင့်သည်များကို ဆက်လက်၍ လုပ်ဆောင်ပေးလျက် ရှိပေသည်။

ယမင်းပျိုမှာမူ ခန္ဓာကိုယ်အနည်းငယ်တွန့်၍ လာပြီးလျှင် ပါးစပ်မှ ရေစက်ရေစေ့များ တစ်ဖန်ကျရောက်ပြီး အနည်းငယ် ငြိမ်သက်သွားပြန်ပေသည်။

ခန္ဓာကိုယ်မှာမူ ရွေးမဆွကလောက် အေးစက်တောင့်

www.burmeseclassic.com

www.burmeseclassic.com



တင်းခြင်းမရှိတော့ပေ။ ထိုပြင် လည်ပင်းမှဒဏ်ရာသည်လည်
လုလင်ပျို့နွွားတွား၏ ဆေးချက်ကြောင့် သွေးစများခြောက်သွေ
လျက် ကောင်းမွန်၍ သွားတော့သည်။

လုလင်ပျိုထွားသည် ဆေးသမားအတတ်ကိုလည်း ကျေ
မွန်စွာတတ်ဟန်တူပေ၏။ ယမင်းပျို၏ အနေအထား သွေးေ
ရုပ်ဆင်း၊ အရောင်အချက်နှင့် မျက်နက်မျက်လုံး နှုတ်ခမ်း(အရေ)
နားရွက်ဆန်ကို ကြည့်ရှုလေ့လာပြီးလျှင် စိတ်အေး၍သွားဟန်
ပေ၏။

ထို့ကြောင့်ပင် စိတ်ပူစွာဖြင့် ဆေးခါးပတ်ဖြင့် အလုပ်မျာ
လျက်နေရာမှ မတ်တတ်ရပ်လျက် ယမင်းပျိုအား ကြည့်ရှု
ချောင်းစပ်သို့ ကြည့်လိုက်သည်။

ချောင်းမှာ ရေစီးလွန်စွာကောင်းသော ချောင်းရဲတ
ဖြစ်၍ ရေမှာကြည်လင်သည့်ပြင် ကမ်းစပ်၌ သဲသောင်ခုံရှိပြ
ကြောင့်၊ အနေအထား ကောင်းမွန်သာတင့်သော်လည်း ဝဲဂယ
တစ်ခုသည် တစ်လှမ်းတစ်ခေါ်သာသာတွင် ရှိပေသေးသည်။

ချောင်းစပ်တွင် ၎င်းတံစူးလှံတိုဖြင့် ထိုးသတ်ခဲ့သော ငေ
ချောင်းကြီးသည် ပက်လက်လဲလျက် ရှိပြီးလျှင် သဲသောင်ခုံေ
၌ တင်လျက်ရှိ၏။ သွေးနီရောင်များ မရှိတော့ဘဲ အကောင်သ
သက်သာလျှင် ထိုသဲခုံပေါ်၌ တင်လျက်ရှိဘိသည်။

မြီးတိုမိချောင်းများဖြစ်၍ ခေါင်းကြီး၍အမြီးပိုင်းတို အ
သည် ဖြားချပ်ချပ်ဖြစ်၍ အမြီးစူးတောင်များမှာ သံယက်မကဲ့သို့
ထက်မြက်လှသည်။ လုလင်ပျိုထွားသည် ကမ်းစပ်သို့ဆင်းလျ



သနေသော တောမိချောင်း၏ လည်ရစ်အထက်နားတွင် စိုက်
နှူးလျက်ရှိသော ၎င်း၏တံစူးလှံတိုအား ဆွဲယူနှုတ်လိုက်သည်။

တံစူးလှံတိုမှာ အထူးစီရင်လုပ်ဆောင်ထားသော လှံတို
ဖြစ်၏။ အသွား၌ ချိတ်ကောက်တစ်ခုကို လှံသွား၏အောက်ခြေ၌
တပ်၍ထား၏။

ထိုပြင် လှံတံ၌ ရှူးတက်သေးလေးများ ငါးခုစီကို သံချွန်
ဖြင့် ပတ်လည်စိုက်၍ ထားပေ၏။ ထိုပြင် လက်ကိုင်ထိပ်၌လည်း
(ခေါပစ္စ)ကို လက်တစ်ပိုင်းခန့် ထည့်သွင်း၍ ယင်းတိုက်အနှစ်၏
သာလုံးခန့်တွင် သေချာစွာမှိုနှက်ထားလေသည်။

ထို့ကြောင့် ဤလှံတိုမှာ မှိန်းအဖြစ်လည်းကောင်း၊ ပတ်စေ
ရာတုတ်တိုအဖြစ်လည်းကောင်း၊ အဲနှောင်းတိုအဖြစ်လည်း
ကောင်း၊ လိုသလို အသုံးပြုနိုင်သည့် လက်နက်ဖြစ်၏။

လုလင်ပျိုထွားသည် လှံတံကိုယူဆောင်လျက် မေ့
မြောကာ သတိမလည်သေးသပ်သော တောတွင်း၏ယမင်းပျိုမ
လေးရှိရာ သစ်ရိပ်သို့ပြန်၍ လျှောက်လာခဲ့ပေသည်။

ယမင်းပျိုသည် သွေးရောင်များလွှမ်းလျက် ခပ်ညည်း
ညည်းအသံပြုလျက်ရှိ၏။

"ကောင်းရိုးပ မထနိုင်သေး ... ဇတမောင်းရင့်ပြီပဲ ... "

လုလင်ပျိုထွားစသည် နေကိုမော့၍ ကြည့်ပြီးနောက် ရွတ်
ဆိုလိုက်သည်။ ထို့နောက် ၎င်း၏ဆေးခါးပတ်ကို ပြန်၍ချွတ်လိုက်
ပြန်သည်။

ထို့နောက် အစွန်ဆုံးထိပ်မှ ခါးပတ်အိတ်ကိုဖွင့်၍ လက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ညှို့သာသာခန့် ပုလင်းအား ထုတ်လိုက်သည်။ ထိုပုလင်းမှာ မြေသားဘူးပုလင်းဖြစ်၏။ ရေတကောင်းပုံဖြစ်၏။ ဘူး၏ဘေးပတ် လည်၌ အက္ခရာကမ္ဘည်း ထိုး၍ထားပေ၏။

"ချက်အောင်အယုပုဗ္ဗလ ဆေးရည်ဖြစ်၏။ ထိုအက္ခရာတ လုံး၏ဘေး၌ အင်းဆန်၊ အင်းကွက်အချို့ကို ရေးသွင်း၍ထားပေ၏။

လုလင်ပျို့နုထွားသည် ထိုပုလင်း၏အရစ်အဆို့ကို လှည့်၍ ဖွင့်လိုက်သည်။ ထိုပုလင်း၌ ချည်လျက်ဆွဲပြုထားသော သော့တန် တစ်ချောင်းပါသည်။ ထိုသော့တန်ကို လှည့်၍ဖွင့်လိုက်ခြင်းဖြစ် သည်။ ထိုသော့တန်ကိုဖွင့်ပြီးမှ အရစ်ကိုလှည့်ရခြင်းဖြစ်သည်။ စနစ်ကျစွ။

ထိုဘူးအဖုံးကိုဖွင့်ပြီးလျှင် လုလင်ပျိုသည် ယမင်းပျို၏ ပါးစပ်ကို လက်နှစ်ဖက်ဖြင့် ဖြဲကာ စေ့နေသောသွား နှစ်ထပ်အား မေးရိုးကိုညှစ်၍ ဟစေလိုက်သည်။

"အင်း ... အင်း ... အင်း"

ဟူသောအသံသည် ထွက်ပေါ်၍လာသည်။ လုလင်ပျို ထွားသည် ၎င်း၏ဘယ်လက်ဖြင့် မေးရိုးကိုညှစ်၍ ညာလက်ဖြင့် ဆေးပုလင်းကို လောင်းချသည်။

စေးပျစ်သော ဆေးရည်သုံးစက်မျှ ယမင်းပျို၏ပါးစပ်တွင်း သို့ လောင်း၍ထည့်လိုက်သည်။ ထို့နောက် ၎င်း၏ဘက်လက်အား ဖြည့်လျှော့လိုက်သည်။

ယမင်းပျို၏နှုတ်ခမ်းသည် လှုပ်ရှလာ၏။ ဆေးရည်၏ အငွေ့မှုခအငွေ့သည် လျှာ၏ရသာကြောမှတစ်ဆင့် ကိုယ်လုံး၏



သွေးကြောများသို့ ပို့လွှတ်ဟန်ရှိပေ၏။ ထို့ကြောင့် ယမင်းပျိုသည် မျက်စိဖွင့်၍ကြည့်၏။ မျက်လုံးအစုံသည် ဖြည်းဖြည်းသာသာ ပွင့်ခြင်းပြု၏။

လုလင်ပျိုသည် ယမင်းပျို၏နှလုံး လှုပ်ပွစေရန် ရင်ညွန့်ဝ အား သူ၏လက်ဖဝါးဖြင့် ဖိသိပ်ထောက်ပံ့၍ ပေးထား၏။

"အင်း ... ဟင်း ... ဟင်း ... ရှင် ... ရှင် ... အဘယ်လူ... အဘယ်လူလဲ"

နှုတ်ဖွင့်၍လာသူ တောယမင်းပျိုသည် ဆိုင်ခြင်း ပြုလေ သည်။

"အေ ... ခက်ရောပ ... ခဏနေ၊ မလှုပ်ထနဲ့အမိ၊ ခက်ရာပြင်းသရောပဲ"

လုလင်ပျိုသည် ရင်ညွန့်အား ဖိထားရာမှ လက်ကိုလွှတ်၍ ဆိုလိုက်လေသည်။ လုလင်ပျိုထွားသည် ယမင်းပျို၏ နုနယ်ရစ်ထွေး ပန်းရောင်ပြေးထလျက်ရှိသော မျက်နှာစုံအား ဂရုတစိုက် ကြည့် လိုက်သည်။

ယမင်းပျို၏ မျက်နှာပြင်ညာဘက်ဘေး၌ မှဲ့နက်တစ်ခု ပါရှိ လေ၏။ ထို့ပြင် စိမ့်ဖန့်ဖန့်မျက်ခုံးအောက်၌ အဝန်းအဝိုက် ပြေပြစ် စွာသော မျက်လုံးအစုံသည် ကြည်လင်ဘိတောင်း။

ဤမျှ ချောမောပြေမွတ် အလှထွတ်သည် ဘောက်မဲ့ ကြောင့် ဤမျှခေါင်သီသော တောအတွင်း၌ ခိုအောင်းနားနေရှာ သနည်း။ အန္တရာယ်ရှိလှတမို့ ဟူ၍ စိတ်တွင်း၌ ရေရွတ်လိုက်၏။ တစ်ဆက်တည်းပင် စိတ်တွင်း၌လည်း လှုပ်လှုပ်ရှားရှားဖြစ်လျက်

www.burmeseclassic.com

www.burmeseclassic.com



သွားပြန်တော့သည်။

"အမင်း ... ဘယ်သူလဲ"

လုလင်ပျိုထွားသည် ယမင်းပျိုအား မေးမြန်းခြင်းပြုသည်။ ယမင်းပျို၏မျက်နှာသည် ဖို၍ နီမြန်းသယောင် ရှိ၍ သွားပေ၏။ မျက်တောင်ကော့သည် ဖို၍ အထက်သို့မြင့်တက်လှန် ပြီးလျှင် လုလင်ပျိုထွားအား သေချာစွာ စူးစူးရဲရဲ ထိုးဖောက်ကြည့် လိုက်၏။

အမျိုးသမီးသည် ရုတ်တရက် ကုန်း၍ထလိုက်သည်။ သူမ၏လည်ပင်းမှ မိကျောင်းစွယ်ထိုးမိသည့်အနာအား ဂရုမထားမိဘဲ ကုန်း၍ထခြင်းပြုသဖြင့် အနာသည် တစ်ပြိုင်နက် သွေးအနည်းငယ် စိမ့်ယိုလျက် အနာမြက်ခြင်းဖြစ်၍သွား၏။

"အား ... ကျွတ် ... ကျွတ်"

"ဟင်း ... အမင်း ... မထနဲ့ဦး၊ အစ်ကိုထူပေးမှာပ၊ မင်းအနာကဒဏ်ရာ မြက်သည်၊ ဖြည်းဆည်းစွာထမှ"

လုလင်ပျိုထွားသည် ယမင်းပျို၏ ခါးနှင့် ပခုံးသားအား အသာအယာမွေ့ကိုင်လိုက်သည်။

"မထိသနဲ့၊ အသူတုန်း၊ တို့ကျွန်ရဲ့အသားကို အရမ်းမကပ်နဲ့ ...၊ ဒီက အပျိုစင်"

ယမင်းပျိုသည် ခပ်ဖြည်းဖြည်းချင်း အားယူ၍ထလိုက်သည်။ လုလင်ပျိုထွား၏လက်ကို အသာဖယ်ထုတ်လိုက်ပြီးလျှင် အားယူခြင်းပြုလိုက်သည်။

"ဟုတ်ရောပဲ ...၊ မင်းချည် အပျိုစင်မဟုတ်သာ ...၊ ဒီကလည်း ၄က်မသိတဲ့လူပျိုသာပဲ"



ဟူ၍ ပြောဆိုပြီးလျှင် လုလင်ပျိုထွားသည် ယမင်းပျို၏ ားမှ ထလိုက်သည်။ ဘေး၌ချထားသော သူ၏ဆေးခါးပတ်နှင့် ူးလှံတံကို ကောက်၍ကိုင်လိုက်သည်။

"စေတနာပြွန်းပြီး ကူတာပ ... အခြားဘာမျှမလိုပြီ"

လုလင်ပျိုထွားသည် လှပသော ယမင်းပျိုအား တစ်ချက် စောင်းငန်းကြည့်ရှုပြီးလျှင် ထွက်ခွာရန် ဟန်ပြင်လိုက်သည်။

ယမင်းပျိုသည် ထိုင်လိုက်၏။ သူမ၏ မူးဝေနောက်ကျိ ျက်ရှိသည့် ဦးခေါင်းဘေး၌ ဒဏ်ရာပေါက်တစ်ခုအား လက်ဖြင့် ်းသပ်လိုက်မိသည်။ အနည်းငယ်မျှ ထိတ်လန့်သမှု ဖြစ်၍သွား ည်။

သူမ၏လက်မောင်းနှစ်ဖက်၌လည်း အစင်းကြောင်းများ ည် ထင်းလျက်ရှိပေ၏။ အနီစင်းနှစ်ကြောင်းသည် သွားရာလော၊ က်သည်းရာလောဟူ၍ မသိတတ်ပေ။

ရေမိချောင်းနက်သည် သူမအား စားဝါးရန်ကြိုးစားလိုက် ည်ကိုသာလျှင် သတိရလိုက်ပြီးလျှင် သူမ၏အသက်ကို လုလင် ည် လာရောက်ကယ်ငင်ခြင်း ပြုသည်ဟု အတွေးပေါက်၍သွား၏။

လုလင်ပျိုသည် ၎င်းအား ဘုဆတ်ဆတ် ဆက်ဆံခြင်းပြု ိုက်သော ယမင်းပျို၏ စကားကြောင့် စိတ်ရှုပ်ထွေးကာ ကျော ်င်းလျက် တောစပ်ဆီသို့ လျှောက်လျက်သွားပေ၏။ နောက် ို့လှည့်၍ တစ်စောင်းမျှပင် ကြည့်ရှုမှုမရှိ။

ယမင်းပျိုသည် လုလင်ပျို၏ ကျောပြင်ကျယ်ကြီးကို ေ၍ ကြည့်လိုက်သည်။ ကျောပြင်ကျယ်ကြီး၌ အကြောင်းအရစ်

www.burmeseclassic.com

www.burmeseclassic.com



အထစ်အဆိုင်ဆိုင်သော ကြွက်သားစုသည် ပြေလျော့စွာ အောက်သို့ စုန်သွား၏။

ဤသူသည်လည်း တောတွင်းသား တစ်ဦးဖြစ်၍ အတန် ကြမ်းခက်သန်စွမ်းပုံရသည်ကို တွေ့လိုက်ရသည်။ ထိုသည်မှ သူမ၏ မရေမလည်သော အမှား ကို သဘောပေါက်ရလိုက်မိသည်။

"တို့ ... အမောင် ... တို့ ဒီက ... ခေါ်လှည့်သည်ပြန်လှည့် ဦးတော့"

ယမင်းပျိုသည် အသံမြှင့်လျက် တောစပ်သို့ မဝင့်တဝင် ၌ရှိ၍နေသော လုလင်ပျိုအား ဟစ်ခေါ်ငင်လိုက်သည်။ လုလင်ပျို သည် ယမင်းပျို၏ ခေါ်သံကြောင့် လှည့်၍ ကြည့်လိုက်သည်။ ထို့ နောက် သွားခြင်းအမှုကို ရပ်တန့်လိုက်သည်။ မရွေ့မရှား ခပ်တည် တည်ရပ်ကြည့်ဘိ၏။

"လာလှည့်ဦးတော့လေ ... "

ယမင်းပျိုသည် ရုတ်တရက်ထခြင်း တမူပြုခြင်းငှာ မလုပ် တတ်နိုင်သေး ထို့ကြောင့် လက်ဖြင့်ရပ်လိုက်သည်။ သူမ၏ ပေါင်၌ ညိုမည်းစင်းတစ်ကွက်က အသားလှုပ်လျှင် နာကျင်ကိုက်ခဲလျက် ရှိပေသည်။ ထို့ကြောင့် မထနိုင်ခြင်းဖြစ်၏။

လုလင်ပျိုနုထွားသည် တည်ငြိမ်သော ခြေလှမ်းဖြင့် လှစ် တစ်ပြုတွင်း ရောက်၍လာသည်။

"မိကျောင်းခဲသာပဲ ဘာဖြစ်စရို့လဲ ... ထလေ"

ဟု လုလင်ပျိုသည် ယမင်းပျိုအား ဆိုလိုက်သည်။

"မထနိုင် ပေါင်ခဲနေသည်ပ ... ခက်သည့်ရို့"



ယမင်းပျိုသည် စိတ်တင်းလျက်ရှိသော်လည်း ပေါင်မှ ဖော်ရာအမည်းညိုကွက်ကြောင့် စိတ်ညစ်ညူးသွားသည်။ ဤအတိုင်းဆိုလျှင် တစ်နေညို၍သွားနိုင်သည်။

"ဒါဖြင့် ဘာဇာကြောင့် ငါ့အား အထင်သေးစကား ဆို သနည်း"

"မဆိုဝံ့ပါတော် ထူပါ"

လုလင်ပျိုထွားသည် လက်မောင်းကို အသာဆွဲ၍ လက် တစ်ဖက်ဖြင့် ယမင်းပျို၏ ချိုင်းအောက်မှမ၍ ထူလိုက်သည်။ ခြေ တစ်ဖက်လည်း မျက်၍နေသည်ကြောင့် သူမသည် လုလင်ပျိုဘက် သို့ ယိုင်ထိုး၍ကျသွားသည်။

"အို"

ယမင်းပျိုသည် အာမေဍိတ်သံကို ရှက်သွေးမွှန်စွာဖြင့် ဆိုလိုက်သည်။ အကြောင်းမူ လုလင်ပျိုနုထွားသည် သူမ၏ ခါးတစ် နှင့် ရင်တစ်ပြုလုံးအား ပိုက်သိမ်းလျက် ထိန်းထားလိုက်ခြင်း ကြောင့် ဖြစ်၏။

"အရို့ ရှက်လွန်းသာပ"

"မရှက်လင့်၊ အစ်ကိုကဲ့သို့သဘောပေါက်"

လုလင်ပျိုသည် ထိုအချက်ကိုကား လုံးဝ ဂရုမစိုက်၊ အလျဉ်း မတုန်လှုပ်ချေ။

"ဖြည်း ဖြည်း ရပ် တည့်"

လုလင်ပျိုနုထွားသည် အေးအေးဆေးဆေး ဖေးမ ပြု၍ လက်ကိုင်ပြင်လျှင် ပခုံးဖြင့်ညှပ်ကာ ထူပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယမင်းပျိုသည်ကား ကော့ရှန်းတင့်ပသော မျက်တောင်ဖြင့် လုလင်ပျို၏ မျက်နှာအား အကဲခတ်လိုက်သည်။ သည်လုလင်တစ်မျိုးဟု အကဲခတ်လိုက်သည်။ ကိုင်သည့်အခါ ပိုင်စိုးပိုင် နင်းသွက်လက်သည်။ ထိုသည် နောက်မပြုံ၊ မထုံရှိတတ်သည်။

ဖိုမဟူသည့် အသိ မရှိလေသလောဟူ၍ တွေးဆကြည့်ရသည့် အခြေမျိုးဖြစ်တော့သည်။ သူမမူကား လုလင်ပျို၏အတွေ့မျိုး အထိမျိုး မခံစားဖူးရှိ၍ စိတ်စနိုးစနင်း ဖြစ်ရသည်။

တောကောင်၊ တောကျား၊ တောသမင်တို့၏ အငွေ့အသက်သာလျှင် သူမသည် ရှိဖူးလှသည်။ ထို့ကြောင့် ရှက်စွန်းစဖြစ်ရသည်။

"အဘယ်အရပ်က သည်တောဆီသို့ မြန်းခဲ့သနည်း"

ယမင်းပျိုသည် မျက်တောင်ကော့ကြီးဖြင့် ရှန်းတည့်ရှန်းစားကြည့်ရှု၍ မေးမြန်းခြင်းပြုလိုက်သည်။

လုလင်ပျိုသည် ယမင်းပျိုအား အေးသက်ညင်သာသော အကြည့်ဖြင့်ကြည့်လိုက်ပြီးလျှင် ...

"မင်း ဒဏ်ရာက မနုလှ၊ အနားယူသင့်လှတယ် ...။ ဘယ်ရွာ၌ နေဘိသနည်း"

ဟူ၍ မေးမြန်းပြီးလျှင် ဆွဲထူရင်း ခြေလှမ်းပြင်လိုက်သည်။

ခြေလှမ်းရင်းပင် ပခုံးသားကိုထောက်လျက် ထူတွဲတွဲလိုက်ရာ ယမင်းပျို၏ နည့်အိတွေး ပွတ်ချော်သော ရွှေရင်အစုံ ရင်မို့မို့အား ထိကပ်မိလိုက်သည်၌ ရှိန်းစိုစို ရှိတို့တို့ဖြစ်သွားတော့၏။ ယမင်းပျိုသည် လုလင်ပျိုထွားအား သေးစောင်းအနေအထားမှ





လှလာကြည့်ရှုခြင်း ပြုလိုက်ပြီးလျှင် လုလင်ပျိုထွား၏ ပါးမြိုင်းမွေးမိမ်းစိမ်းအား သေချာစွာကြည့်၏။ ပါးမြိုင်းမွေးများမှာ နုးညံ့လျက်မိမ်းဖန့်ဖန့်ရှိလှ၏။ မေးချွန်၍ မျက်နှာကျသွယ်သည်။ ဤသည်ကြောင့် ပါးမြိုင်းမွေးများမှာ မျက်နှာနှင့် လိုက်ဖက်ညီညွတ်မှုရှိသည်။

မျက်နှာကျနှင့်လှပသော အမွေးအမှင်များကြောင့် ဆံပင်ခေါင်းမှ ဆံကျစ်ထုံးမှာလည်း ထူးခြားသယောင်ရှိ၏။

"အဘယ်ကိုသွားရမှာလဲ"

လုလင်ပျိုထွားကတွဲရင်း မေးလိုက်သည်။

"အစ်ကိုက ဘယ်ကလာခဲ့သလဲ ... "

လုလင်ပျိုသည် တရွေ့ရွေ့လှမ်းရင်း ယမင်းပျိုအား ခေါ်ဆောင်၍ တောတွင်းသို့ လှမ်း၍ဝင်လိုက်သည်။

"မင်းအလုပ် မဟုတ်ပ ... မင်းက ဘယ်ဇာတိလဲ ...။ ... မင်းကို ဘယ်ကိုပို့ရမလဲ"

ဟူ၍ မေးလိုက်လေသည်။

ယမင်းပျိုသည် အနာသက်သာလျှင် သူမ၏ခြေထောက်၌ ... လျှောက်၏။ အနာတက်လျှင် လုလင်ပျို၏လက်မောင်းအိုး ... နို၏။

လုလင်ပျို၏ လက်မောင်းသားသည် ကြွက်သားဆိုင်ခဲ ... မာကျောလှ၏။ ပခုံးထက်၌ ကြွက်သားအမျှင်ထုသည်ကြီးနိုင် ... တမ်းလျက် အသည်းယားစဖွယ်ကောင်းလှပေ၏။

ထိုကြွက်သားဆိုင်ကြီးအား လက်ဖြင့်ကိုင်လျက် ... သားမှ ... လိုက်ရသည်မှာ အသည်းထောင်းထောင်းထထ ဖြစ်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသည်အခါ၌ မိကျောင်းကိုက်ဒဏ်ရာသည် အတော်ပင်သက်သာ၍ သွားသယောင်ရှိပေသည်။

ယမင်းပျိုသည် စကားထပ်၍မဆိုတော့ဘဲ လုလင်ပျိုအား တွဲလျက် ခွာလျက် တောစပ်တစ်လျှောက် အတွင်းသို့နင်း၍ လိုက်လျက်ရှိ၏။ တောကား နက်ရှိုင်း၏။

ဆူးခရာများသည် ချောင်းစပ်မှ တောစပ်သို့အဝင်၌ လွှမ်းခြုံပြွန်းတီးလျက်ရှိ၏။ ဆူးများမှာ ဆူးသေးဆူးမွှားများ မဟုတ်၊ ဆူးကြီးများဖြစ်၏။ စိမ့်တောရှိရာဒေသ၌ ပေါက်သောဆူးများဖြစ်၍ ဆူး၏အဆန့်များမှာ အားကောင်းလှ၏။ နွယ်ချုံဆူးပုတ်ပင်များဖြစ်၍ ပင်ထောင်ဆူးများမဟုတ်။

လုလင်ပျိုသည် ထိုဆူးချုံများကို လက်ဖြင့်ဆွဲဖယ်လျက်သွား၏။ ထို့ပြင် ၎င်းကိုင်ဆောင်သော လှံတိုမှိန်းဖြင့် ဖြတ်တောက်လျက်သွား၏။ လှံတိုမှိန်းမှာ အသွားကြီးပြီးလျှင် ဘေးနှစ်ဖက်၌ အသွားညီ၍ ထက်မြက်ခြင်း၊ အရိုးတံသည်လည်း တုတ်လုံး၍ လေးလံမှုပကတိ စည်းဖြည့်ပေးခြင်းကြောင့် အလေးချိန်နှင့်ထက်သောအား ပေါင်းစည်းပေးခြင်းကြောင့် ဆူးချုံရှင်းလင်းရန် အတန်ပင် အသုံးကျပေသည်။

ယမင်းပျိုသည် လုလင်ပျို၏လှံတိုမှိန်းအား ကြည့်လျက် သဘောကျ၍သွား၏။ ဤလှံတိုမှိန်းအား တစ်ကြိမ်တစ်ခါမျှသာ တွေ့ကြုံခြင်းရှိခဲ့ဖူးပေ၏။ ထို့ကြောင့် ဤလှံတို၏အကြောင်း ရပ်ကိုသိစွမ်း၏။

ဤလှံတိုအပြင် အလျှိုအဝှက်ပစ္စည်းများလည်း ရှိတုံသေး



သည်ဟု တွေးထင်ယူဆမိ၏။ ရသေ့၏အစီအမံဖြင့် ဤလှံတိုအား စီမံလျက် ဤ ဥသဘတဂိနမည်သော တောတွင်းသို့ ရောက်ရှိမည်ဟု ရွာ၏အနီးအဘောင်းက ပြောဟစ်ဖူးသည်ကို ကြားဖူးခဲ့သည်။

သို့သော်လည်း ဤကိစ္စရပ်သည်ကား ကြာလှချေပြီ။ ထို့ကြောင့် မေ့လျော့ခြင်း၊ ပေါ့တန်ခြင်းဖြစ်၍ သွားကြသည်။ ၎င်း၏ တောနိုင်းရွာစုတွင် ရောက်ရှိလာလတ္တံ့ဟု ညွှန်းမိန့်ဆိုသလို ရှေးမဆွက လူသဗ္ဗာတို့သည် စိတ်ဝင်တစားရှိခဲ့ကြသည်။ သို့သော်လည်း နောင်ကြာလျှင်သောကာလ၌ မေ့လျော့၍သွားသည်သာ ဖြစ်၏။

လုလင်ပျိုသည် ယမင်းပျိုအား တောစပ်၌ သစ်ဆူးများကို ခုတ်ထွင်ပြီးလျှင် ကိုင်ထားသောလက်အား ပို၍ ချိမြှောက်လျက် ခါးအထက်ကြောဘက်ပိုင်းအား ၎င်း၏ဘယ်လက်ဖြင့် စိမ့်လျက် ချီလိုက်ပြီးလျှင် တောတွင်းသို့ ခပ်သွက်သွက်ဝင်ရောက်နိုင်ရန် အားမြှောက်ပြုလိုက်သည်။

"အို့"

ယမင်းပျိုသည် 'အို့' ဟူသော စကားကိုဆိုလိုက်သည်။

"မအို့ကပ ...။ ရောက်ရာသို့သွားလမ်း အတန်မကောင်း၊ အားစိုက်ရမည်ပ"

ဟူ၍ လုလင်ပျိုထွားသည် ဆို၍ ခပ်ပွေ့ချီလိုက်သည်။ လုလင်ပျိုသည် အားကောင်းမောင်းလှ၊ ခါးတန်၊ ပေါင်တန် ခြေမြန်တပ်သားကျော် ဖြစ်သည်ကို ယမင်းပျိုသည် မသိလှ။

အဘယ်မောင်ကျားမျိုး ဖြစ်သနည်းဟုသာလျှင် စိတ်အတွေးရောက်လျက် တွေးတွေးဆဆဖြစ်ရ၏။ တစ်ခါတာစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



တွင် သည်းထိတ်ရင်ထိတ်ဖြစ်၍သွား၏။ သည်းလှိုက်ဖိုလေးဖြစ်၍သွား၏။

ဤသူကား တောတွင်း၌ ငါ့အား သားမယားပြုသော်ဟု သောအတွေးလည်း ပေါက်၏။ ထိုသို့ပေါက်သော်တပြီးကား ၎င်း၏ မျက်နှာအား စေ့စေ့ကြည့်ရသည်။

အကြမ်းအရမ်းပြုမည့်သူကား မဟုတ်၊ နှမစာနာမှု ကောင်းသည့် လူကောင်းလူမွန် ရုပ်လက္ခဏာပါသည်ဟု တွေးမိပြ သော် စိတ်အေး၍သွားပြန်သည်။

တောတွင်း၌ ဖိုနှင့်မတို့၏ နှစ်ဦးတည်းဆိတ်ငြိမ်ခြင်းသည် မကောင်း၊ ဓာတ်သဘော၏ ဖောက်ပြန်မှုအား အသူတွန်းလှန်ဘ် သနည်း။ မလှန်နိုင်ရ။

ချာန်ဖျံရသေ့ပင်လျှင် အလှအချော မဓာတ်နှင့်တွေ့လျှ ထိုချာန်သည် လျှောသက်၍သွားရသည်မှာ ဓာတ်သဘာဝ ဖောက်ပြန်မှုကြောင့်ဟု သိရ၏။

ဖိုနှင့်မဓာတ်သည် နှစ်ဦးသားတွေ့လျှင် ဖောက်ပြန်ရ ရောယှက်ရန် သဘာဝတရားက ခွင့်ပြုချက်ပေး၍ထား၏။ ထိုသို့ မဖောက်မပြန်မရှိက ဖိုနှင့်မတို့၌ တိကျပီပြင်သော ဓာတ်ပိုင် ဆိုင်ရာကို လစ်ဟင်း၍ ကုန်သည်သာ ဖြစ်လေမည်ဟု လောကသ ပွဓာတ်ကျမ်းကြီးက ဆိုလျှဉ်း၍ထားခြင်းကြောင့် ဖိုနှင့်မတို့၏ ဖောက်ပြန်ကျီစယ်ခြင်းကို သဘာဝတ္တုပြုခြင်းဟု သဘာဝကပွ အခွင့်ပြုလျက်ထားပေသည်။

ယမင်းပျိုသည် စဉ်းစားချက်များကိုသာလျှင် ဖိစီးလျက်



စဉ်းစားလျက်သား လျှောက်၍လာရ၏။ အနာသည်ကား တစ်ချက် တစ်ချက် နာချက်ပြင်းသည်။ ဤသို့ဆိုထားလျှင် နှုတ်ဆိတ်လျက် သာလျှင် အေးချမ်း၏။

သို့မဟုတ်လျှင် ဤယောကျ်ားလုလင်သည် ဒေါကြီး ထန်၍ ၎င်းအား တွန်းပစ်ခဲ့ကာ ဒဏ်ရာပြင်းဖြင့် တောနက်ထဲ၌ ဆိုင်ချော၊ တစ်ချက်လှမ်း၊ ရှုံ့ဖွက်တယ်ထဲတွင်ဖြစ်စေ ရှိစေသေစေ နစ်နေရော့မည်။

အသန်အစွမ်းအား ကောင်းရှိစဉ်က မထောင်းတာ၊ လှစ်ခနဲ ခပ်ဆွဆွပြေးရုံမျှဖြင့် အသာကလေးရောက်၏။

လုလင်ပျိုသည်ကား တောစပ်အတွင်းမှ ဆူးပင်ဆူးပေါက် များကို ၎င်း၏လှံတိုမှိန်းဖြင့် ပယ်ခတ် သုတ်သင်ပြီးလျှင် ယမင်း ပျိုအား တွဲခေါ်လျက် ရှေ့တူရူသို့သာ ဆွဲဆောင်ခေါ်ငင်လျက်ရှိ သည်။

ဤတောတန်းသည် တောစိုင်းကြီးဖြစ်၍ ဤတောကွက် သည် တောမာယာအားဖြင့် ကြီးမားကျယ်ပြောလှခြင်း ရှိလှသည် မဟုတ်ပေ။ သို့သော် ဤတော၏တောကွက် ပြီးလျှင်ကား အစဉ် ပြော တဒင်္ဂကျယ်ပြောသော ချောင်းမကြီးတစ်ခု ရှိလေသည်။

ဤချောင်းကျယ်ကြီးသည်ကား ဤတောတောင် ဤ မြို့တောကြီး၏အလယ်မှ ဖြတ်တက်ကာ ဤ ကျွန်းတောင်ကြီး၏ အလုံးအား ချောင်းမငယ်များဖြင့် စည်ပင်စွာ ခွဲ၍ထားပေ၏။

ထူးခြားသည့်အချက်ကား တောင်ဆင်းများ၌သာလျှင် ရှိစေသော်လည်း ဤတောကြောင့် နေရာတစ်ချို့ကား ကမူ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းများအပေါ်သို့ ရေသည် တိုးလျက် စမ်းချောင်းဖောက်ကာ စီးဆင်းခြင်းပင်တည်း။

ဤသည်မှာလည်း သဘာဝအားဖြင့် ဆန်းစစ်သော် ရေလုံ ရေဆန် ကောင်းလွန်းသောကြောင့် ဖြစ်ပေ၏။

လုလင်ပျိုသည် ဤချောင်းမကြီးဘက်ရောက်အောင် သွားလာပြီးလျှင် ထိုနေရာမှ ယမင်းပျိုအား သူမသွားလိုရာသို့ ဆောင်ပေးမည်ဟု ဆုံးဖြတ်လျက် ဤတောတိုင်းကွက်လေးထဲ ခေါ်ဆောင်လာခြင်း ဖြစ်ပေ၏။

ဤတောတိုင်းကွက်လေးသည် အကျယ်အပြောမကောင်း သော်လည်း အရှုပ်အထွေး၊ အသင့်အနံ့ကောင်း၏။ ထူးခြား ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါငယ်တစ်ကောင်ရှိ၏။ သတ္တဝါငယ်ကား အစွယ်နှစ်ချောင်းရှိ၍ မျက်လုံးစီးကွက်သဏ္ဌာ ရှိ၍ တစ်ကိုယ်လုံးမည်းနက်သော အမွေးအမှင်ရှိသော သတ္တဝါ ဖြစ်၏။ မြွေငန်းပေါက်ကလေးများကို စားသောက်နိုင်၏။ ရေထဲ လည်း ကျင်လည်စွာ ကူးခတ်နိုင်ပေ၏။

ထိုသတ္တဝါကို 'ကတ္တပေါလ' ဖွတ်စွယ်ကောင်ဟူ၍ အ တောမုဆိုးများ သမုတ်ထား၏။ ဤသတ္တဝါ၏ ရှေ့ဆူးကဲ့သို့သော အစွယ်အလျားသည် တောသတ္တဝါငယ်များကို အသံတစ်လ တွင် မှတ်လွှတ်နိုင်၏။ ထို့ပြင်တဝ ထိုသတ္တဝါသည် တောစပါးအုံ စပါးကြီးများနှင့် ရင်ဆိုင်ပြိုင်ဘက်ဖြစ်၍ တစ်ခါတစ်ရံ၌ ၎င်း အနိုင်ရတတ်၍ တစ်ခါတစ်ရံ၌ ၎င်းက အရှုံးပေးရတတ်သည်။

'ထို ကတ္တပေါလ' သတ္တဝါငယ်၏ ထူးခြားချက်ကား အ



ကိုတွေ့သော် နောက်သို့ဆုတ်၍ ပြန်ပြေးလေ့မရှိခြင်း ပင်တည်း။

ဆရာရသေ့ကြီး၏ အဆုံးအမခံမှုကား ဤ 'ကတ္တပေါလ' တောသတ္တဝါနှင့်တွေ့သော် ဘေးကိုပန်လျက်မပြေးရာ၊ ပြေးသော် လွှတ်၊ ၎င်းအား သတ်ပုတ်လိုသော် မျက်လုံးရှေ့တည့်တည့်ထား၍ ၎င်း၏မျက်လုံးနှင့် ဆိုင်လျက် သတ်ပုတ်ရမည်။

ဤသို့တိုက်ခိုက်လျှင် ၎င်းအား ဦးချိုဖုလောက်မျှသော ကျောက်တုံးငယ်ကို ကိုင်၍ 'ကျောက်ခတ်' ပညာဖြင့်ပင်လျှင် နိုင်နိုင်၏ဟု ဆိုချက်ပြုထားပေ၏။

ဤတောနက်ငယ်ကား သတ္တဝါများရှိသည့်တောဟူ၏။ ထို့ကြောင့် ၎င်းသည် လာစဉ်က သတိချပ်လျက် ခါးကြား၌ သမင် ချိန်ရှိသည့် ကျောက်စွန်းခက်တစ်ခုအား အသေအချာဆောင် လျက် လာခဲ့၏။ ဘာသံမျှမကြားရ၊ မတွေ့ရ၊ မည်သည့်အကောင် တစ်မြီးမျှပင်လျှင် တွေ့ရှိခြင်းမရှိခဲ့။

ချောင်းဖျားတွင်သာလျှင် လူသားစားရန် ကြိုးစားလျက်ရှိ သည့် မိကျောင်းအားတွေ့၍ သတ်ပုတ်ခြင်း ပြုခဲ့ရပေ၏။

လုလင်ပျိုသည် ယမင်းပျိုအားတွဲလျက် စိတ်တွင်း၌ စဉ်း စားခြင်းပြုလျက်သွား၏။ ယမင်းပျိုသည်ပေါင်မြက်လျက် လည်မျို ချောင်သော ဒဏ်ရာအပြင် မိကျောင်း၏အစွယ်ရာ ထင်းထင်းမှ စိမ်းစိမ်းခြစ်မိသော သလုံးသားထိပ်မှဒဏ်ရာကို လက်ဖြင့်အသာ ကာ သူစိမ်းလုလင်ပျို၏လက်မောင်းအား ခြေအားကို အားထား ၍သာလျှင် လျှောက်လျက်ရှိတော့၏။

တောဝိုင်းကြီး၏ တောအလယ်သို့ ရောက်၍လာ၏။ အုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းလျက်ရှိသော သစ်ပင်ကြီးတို့၏ အရိပ်သည် ပို၍ကြီးစိုး လာလေသည်။ ပတ်လည်၌ လွန်စွာမြင့်သော 'ပုန်းအိုင်ပင်၊ ရေသဖန်းပင်၊ လင်းမျိုပင် အစရှိသည်တို့နှင့်အတူ ဖတ်ကြားအက် အခေါက်ထူ၍ အရွက်ပါးသော လေးညှို့ပင်ခေါ် လင်းအိုင်ပင်တို့သည် သာလျှင် ဝန်းခြားလှည့်၍နေတော့သည်။

"ဤတောကိုအစ်ကို ... ဘယ်က ... ရောက်သတုန်းပ"

ယမင်းပျို့သည် ခြေတော့လှမ်း၍ လုလင်ပျို့အား တွဲနိုရင်း အမေးပြုလိုက်သည်။

"ဆရာရသေ့ရဲ့ ညွှန်းချက်အရ အလည်အပတ်ရောက်သာပ ရှေးယခင်က မရောက်စဖူး"

"အို ... မရောက်စဖူး၊ အတော်ရဲသည်ပဲ တောကြမ်းပ"

"ယောကျ်ားသတိကောင်းလျှင် အဘယ်နေရာမဟူ သူနေရာသာချည်းပဲ ... ။ မြည့်စုံတဲ့ ဖိုယောကျ်ားအတွက် လမ်းမခက်ဘူး ..."

"အဆိုတော်ကောင်းရဲ့ အကြွားသန်သလိုပ"

"မကြွားမဆို ... မင်းအသက်ကို ကယ်နိုင်သည်ကိုပဲ မှတ်ကျောက်တင်"

"ဟင်း ... ဟင်း ... အစ်ကိုက ချောမွတ်သလို အပြောလည်း ညွှတ်ပျောင်းတယ် ... မြို့ကြီးသူတွေက ..."

"စိတ်မဝင်စားပ"

"ဟင်း ... ဟင်း ... အချောအမွတ် ကိုရင်လူချော ဘယ်လိုမက တောကမဆို ... ညိုညှင်မှုမရှိသနော ... အပိုပြော



လျှင် အမောဖြစ်တတ်သနှဲ"

လုလင်ပျို့သည် ယမင်းပျို့အား လှည့်ကြည့်လိုက်သည်။ လုံမချောယမင်းပျို့သည် ရွှန်းလဲ့သောမျက်လုံးအစုံဖြင့် ကြည့်မှိုးလျက်ရှိသည်။ ဒဏ်ရာများ ဆိတ်ဖျောက်သကဲ့သို့ရှိ၏။

ထိုစဉ်ကြိုက်ဝယ် 'တခစ်ခစ်' မြည်သောအသံတစ်ခုကို ကြားလိုက်ရသည်။ ရှေ့သုံးလေးလံကွာလောက်တွင် သတ္တဝါငယ်တစ်ကောင်အား တွေ့ရ၏။ ယမင်းပျို့သည် ၎င်းသတ္တဝါငယ်အား ကြည့်လျက် မျက်လုံးပြူးသွား၏။ သူမသည် သတ္တဝါမျိုးကို မတွေ့ဖူး၊ အကျွမ်းအဝင် မရင်းမနှီး။ စဉ်းစားရကျပ်လျက် သွားတော့သည်။

စီးကွက်ကဲ့သို့သော မျက်လုံးနှစ်လုံးမှာ ရဲတွတ်လျက်ရှိ၏။ အပေါ်မှဆူးတောင်နှစ်ခုမှာ ထောင်လျက်ရှိပေ၏။ ဆူးတောင်မှာ သက်ညီးသာသာ မရှိတရှိ ရှည်လျားသောဆူးတောင်ဖြစ်၏။ ထွားဆန်း၏။ ထိုဆူးတောင်မှာလှုပ်၏။ ထိုသတ္တဝါမှာ ကြွက်များလမ်းသွားသကဲ့သို့သွား၏။ ရှည်လျားစွာသွားရောက်ခြင်းမရှိ၊ ရွေ့လိုက်၊ ရပ်လိုက်ဖြင့် ဖြစ်လျက်ရှိပေ၏။

"ရှေ့မတိုးနဲ့"

လုလင်ပျို့သည် သူမအား နောက်သို့ဆွဲဖယ်ခြင်းပြု၍ သူ၏ကိုယ်လုံးထွားထွားဖြင့်ကာ၍ ထားလိုက်၏။ နောက်မှရပ်လိုက်သောသည်လုလင်ပျို့သည် လွန်စွာကြံ့ခိုင်သကောဟု တွေ့ရ၏။

လုလင်ပျို့သည် ဖြည်းဖြည်းချင်း နောက်ဆုတ်၏။ ၎င်းသည် 'ကတ္တပေါလ' သတ္တဝါအား တွေ့ရှိရခြင်းဖြစ်၏။ ဆူးတောင်

www.burmeseclassic.com

www.burmeseclassic.com



အား အတူးဂရုစိုက်၍ ရှောင်တိမ်းခြင်းပြုရမည်။ ဤသတ္တဝါ၏ ဦးခေါင်းအထက်နှာနုဒ္ဓမှုကား ဤသတ္တဝါ၏ အသက် အနေဖြစ်၏။

လျှပ်တစ်ပြက်အတွင်း၌ လုလင်ပျိုသည် ဤအချက်များအား တည်ငြိမ်စွာဖြင့် ဦးခေါင်းတွင်းသို့ ထည့်သွင်းလိုက်ရပေ၏။

တောကောင်များနှင့် သတ်ပုတ်ရလျှင် တောကောင်၏ အသက်အနေအထားကို အနီးစပ်ဆုံး ရှာဖွေပြီးမှ တုံ့ပြန်ရမည်။ သို့မဟုတ်က မနိုင်နိုင်။

ယမင်းပျိုသည် ကြောက်ရွံ့သော်လည်း ဤတောဤတောင်သည် သူမ၏ ကမ္ဘာလာနေရာ ဘူမိနက်သန့်ဖြစ်ရကား ဘာဇကြောင့် ကြောက်ရွံ့ရမည်နည်းဟု စိတ်ပေါက်ကာ၊ ဘေးသို့ ထွက်ရန်ပြု၏။ သတ္တဝါပေါက်စအား သူမလက်ဖြင့် ကိုင်လျက်ဖမ်းသွားကာ သူမ၏အိမ်ရှေ့ ယင်တိုင်တွင်ဆွဲချိတ်ထားလိုက်လျှင် အလွယ်ပြီးသည်ဟု ထင်မှတ်ကာ ဖမ်းရန်သင့်မည်ဟု ထင်၏။

သို့ရာတွင် လုလင်ပျိုကား သူမ၏ပခုံးအား လက်ဖြင့်ကာပြီးလျှင် နောက်ဘက်သို့သာ ပို့လွှတ်ပြီး သူ၏ ကိုယ်လုံးဖြင့်ကွယ်၍ ထား၏။ စိုးရိမ်ကြောင့်ကြခြင်းများဖြင့် ကွယ်ထားပုံရ၏။

"ကြောက်စရာမရှိပလေ၊ ဤသတ္တဝါငယ်အား ဖမ်းဆီးလိုက်လျှင် ပြီးရော့မည်"

ထိုအခိုက် 'ဖန်း' ခနဲမြည်၍ 'ရူး' ခနဲ အသံကိုကြား လိုက်၏။ လုလင်ပျိုသည် သူမ၏ကိုယ်ကိုဖိချကာ၊ ကိုယ်လုံးဖြင့် ပွတ်လိုက်လျက် ဘေးသို့အနည်းငယ် တိမ်းလိုက်သည်။ 'ရူး' ခနဲ အသံသည် ဘေးမှထွက်၍ သွား၏။ ဤအချိန်တွင်ပင် လုလင်ပျိုထွား၏



လက်သည် မြောက်တက် သွားပြီး။ 'ဖုန်း' ခနဲ 'ဖုတ်' ခနဲ အသံသည် ဝဲလှည့်၍ မြည်ပတ်သွား၏။

ထိုသတ္တဝါငယ်သည် ချာရပါတ်လည်လျက် သွေးများအန်၍ အမြီးထွက်လျက်ရှိ၏။ ထို့နောက် ဖြူဖွေးသော မိုက်သားသည် လန်လျက်ငြိမ်သက်၍ သွားတော့၏။

လုလင်ပျို၏ လက်မှန်းသည် အလွန်တည့်လွန်းလှသည်။ 'ကတ္တပေါလ' သတ္တဝါငယ်၏ ခေါင်းရိုးသည် ထက်အောက်ပြောင်းပြန်ဖြစ်လျက် လျှိုသွင်၍ သွားတော့သည်။

လုလင်ပျိုသည် ရှေ့သို့ခြေလှမ်း၍ သက်မဲ့ဖြစ်လျက်ရှိသော သတ္တဝါအား ဆွဲလှန်လိုက်၏။ ဆူးတောင် နှစ်ချောင်းအနက် တစ်ခုသည် မရှိပြီ၊ ကျန်တစ်ခုသည် လှုပ်ဆွလျက်ရှိ၏။ ဆူးတောင်နေရာသည် ကြွက်သားအကြောအတင်း ကောင်းလှ၏။ ယမင်းပျိုသည် လုလင်ပျို၏ လှုပ်ရှားမှုအား စေ့စေ့စပ်စပ် ကြည့်လျက်ရှိ၏။

"အလို အကျွမ်းပိုလှ"

ဟု ယမင်းပျိုကဆို၏။ သူကိုယ်တိုင် ဤလုလင်ပျို၏ ကျောက်ခက်ပညာအား တွေ့လိုက်ရ၏။ ချိန်သီးကြိုးချ၍ ပစ်လွှတ်သကဲ့သို့ပင် ညီညာတန်းပွတ်၍ ပစ်မလွဲထိချက်ပြင်းသည်။

လုလင်ပျိုသည် ကတ္တပေါလ သတ္တဝါမှ အတောင်ဆူးကို ဆွဲနုတ်ယူ၍ သူ၏ဆေးခါးပါတ်အိတ်အား လက်မောင်းအဆစ်ချိုးမှ ရွှားလျှားပြီးလျှင် အပေါက်အခေါင်း ရှပ်ပါသောဓားရိုးအိမ်ရှိ၍ ထိုဓားရိုးအိမ်၌ ရှည်လျားသော သားရေပေါက်တစ်ခုရှိ၏။ ထိုသားရေပေါက်သို့ ဆူးတောင်ကို ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကောင်လဲ ... အစ်ကို"

"ကဗ္ဗပေါလ ဆူးတောင်"

"မမြင်စဖူးပ ... နမသည် ဤတောဘက်၌ အနေကြာလှ

ပြီ။ ဤသတ္တဝါမျိုး ဤတော၌ရှိသည်ကို မကြုံဘူးလင့်"

"တွင်းနိုသတ္တဝါပ ...။ ဆရာရသေ့ အမှာချပ်ထားသ

သိရပေသာ၊ ဤဆူးတောင်ကား အဆိပ်ဆူးတောင် ဖြစ်တယ

အနည်းငယ်စူးလျှင်လည်း သေရွာရောက်တယ် ... "

"ဟင်း အစ်ကိုက ပို၍တော်နေပြီ ...။ ညီမ သယ် မသိ

ပဲ ... ။ ရွာအိမ်က ပတ်လှကြီးက မသင်စဖူး"

ဟူ၍ စိတ်အလိုမကျဟန်ဖြင့် ဆိုလိုက်သည်။

လုလင်ပျိုသည် ဤဆူးတောင်၏ အနေအထားကို သေ

ချာစွာ လေ့လာလိုက်သည်။ ထို့နောက် ၎င်း၏ မျက်လုံးနှစ်လုံးအာ

လည်း လက်ဖြင့်ကော်ထုတ်လိုက်ပြီးလျှင် သားရေမင်အိတ်၌ထည

၍ လွယ်လိုက်သည်။ လုလင်ပျို၏ ကိုယ်ချွတ်ဗလာကိုယ်ထည

စလွယ်သိုင်း၍ထားသည့် သားရေအိတ်တစ်ခု ပါသည်။ လက်နှစ်ဖ

ဆုပ်စာမျှရှိ၏။

ထိုအိတ်အား နောက်ဖက် ဆေးခါးပတ်အိမ်နှင့် ချည်

ထား၏။ စလွယ်ကြိုးကား လက်ဖွဲ့ချည်ကြိုးဖြစ်၏။ လက်ဖွဲ့ထုံ

(၁၉)ထုံး ထုံးလျက် 'ပေါရုသ်သမန္တန်' ဖြင့် ရွက်ဆိုဖွဲ့ချည်ထားခြ

ဖြစ်၏။ လောပတ္တသရက္ခ မန္တန်အခြေပြု၍ ပေါရုသ်သမန္တန်အာ

ဆရာရသေ့ ရွက်ဆို၍ လက်ဖွဲ့ထုံးပြုလုပ်ပေးလိုက်ခြင်း ဖြစ်သည

"ကိုင်း ... သွားစို့"



လုလင်ပျိုသည် ဆူးကောင်သတ္တပေါလအား နေရာတွင်

ထားရစ်ခဲ့ကာ ခရီးဆက်ရန် ဖတ်တတ်ရပ်၏။

"အို ... အမေ့"

ယမင်းပျိုသည် မတ်တတ်ရပ်လိုက်ပြန်ရာ မလျက်မမြင်

သေးသော အနာဒဏ်ရာက နာလိုက်သဖြင့် အော်လိုက်ရပြန်သည်။

"ဟင်း ... အဖြစ်သည်းလွန်းပြီ။ ဟန်နိုင်အောင်ကြိုးစား"

လုလင်ပျိုသည် ယမင်းပျို၏ လက်နုနုကိုဆွဲလျက် ပခုံးဖြင့်

ဝင့်ထောက်ပြီးလျှင် အားယူ၍ တွဲလိုက်သည်။ ယမင်းပျို၏ အသား

နိုင် မို့မို့လွလွ၊ အိလျှလျှနှင့် လုလင်ပျို၏ နံရိုးသားတို့သည် တဒင်္ဂ

ထိကပ်၍သွားပြန်သည်။ လုလင်ပျိုသည် ရှိန်းတွတွဖြစ်လျက် ကြော

ချဉ်ဆီ စိမ့်၍သွား၏။

"ဟင်း"

သက်ပြင်းတစ်ရှိုက် ရှိုက်ချလိုက်ကာ ဆက်လက်၍

လျှောက်လိုက်သည်။ ယမင်းပျိုသည် နုထွားထွား လုလင်ပျို၏

ဆံရစ်လည်ပုံ၊ ဆံပင်ဖွားဖွားကြီးကို ကြည့်လျက် သဘောကျသလို

ခပ်ပြုံးပြုံး ပြုလိုက်၏။ ထို့နောက် မိမိကိုယ်မိမိ မဟန်နိုင်သည်၌

အင်အားကို ထိုလုလင်ပျိုထွားထွားသို့ ပုံ၍ပေးလိုက်ရာ ပို၍

လေးဆွဲသွားသည်။

"ဘာကြောင့် ပျော့လဲသွားတာလဲ ...။ စိတ်မာန်ရှိအုန်း"

ဟူ၍ လုလင်ပျိုသည် ယမင်းပျိုအား ခပ်တည်တည်ပြော

လိုက်ပြီး တောအုပ်စိုင်း၏အရှေ့ဘက် ကမ်းစပ်ဆီသို့ ခပ်သွက်သွက်

လှမ်းလိုက်သည်။

www.burmeseclassic.com



တောစမ်းဆီ၌ တလင်းပြောင်လက်လျက်ရှိသော မြေကွက်ကြီးကို တွေ့ရသည်။ ထိုမြေကွက်ကြီးပေါ်၌ ထူးခြားသော အဆောက်အဦတစ်ခုအား တွေ့ရပြန်သည်။ လုလင်ပျိုနှင့် ယမင်းပျိုသည် ထိုနေရာသို့ လှမ်း၍ကြည့်လိုက်သည်။

ထိုနေရာ၌ ထူးထူးဆန်းဆန်းတစ်ခုသည် ကျရောက်၍ လာပြန်သည်။

* * *



## တောကြီးမာယာ

ထိုထူးထူးဆန်းဆန်းကား မည်းမှောင်နေသော အလုံးကြီး တစ်ခုသည် ကောင်းကင်မှ ကျရောက်လာခြင်း ဖြစ်၏။ ထိုမည်း မှောင်နေသော အလုံးကြီးသည် ပုံသဏ္ဍာန်အားဖြင့် လွန်စွာ ကြောက်စရာကောင်း၏။

လုလင်ပျိုနှင့် ယမင်းပျိုသည် တောစပ်ရှိ သစ်ပင်ကြီး၌ ကွယ်ကပ်မီလျက် ထိုအရာအား ကြည့်လိုက်သည်။

လုလင်ပျိုထွားသည် ထူးဆန်းသော ကောင်းကင်မှ အလုံး ကြီးအား ကြည့်ကာ ကြက်သေသေလျက် ရှိ၏။ ဤအရာမျိုးကို င်းသည် မကြုံမဆုံဖူး။ ဤနေရာ၌ ဤအလုံးကြီးသည် မည်သည့် အတွက် ကျရောက်လာသနည်း ဟူသည်အားလည်း မသိနိုင်။ ...း ...ပ်၌ အဆောက်အဦမည်းတစ်ခုသည်လည်း ရှိ၏။

"ဘာတွေလည်း မသိနိုင်"

www.burmeseclassic.com

www.burmeseclassic.com



ယမင်းပျိုသည် ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ ကောင်းကင်ပေါ်မှ အလုံးကြီးသည် တဖြည်းဖြည်း နီး၍လာသည်။ နီး၍လာလျှင် သစ်ရွက်သစ်ကိုင်းစ အဖျားအနားများသည် လှုပ်လှု ယမ်းယမ်း ဖြစ်လျက်လာ၏။

ထို့နောက် ဖြန်းခနဲပင် တုံးခနဲ ဒိုင်းခနဲ သစ်ပင်သစ်ဖျား များသည် အချို့တစ်ဝက် မြောက်တက်လျက်သွား၏။ တောကြီး တစ်ခုလုံးသည် ခါယမ်း၍သွားတော့သည်။

ကမ်းစပ်မှ ဖုန်လုံးကြီးများသည် ထောင်းထောင်းထ၍ သွား၏။ တဗိုးဗိုး တဒုန်းဒုန်း မြည်ဟည်းလျက် တဝုန်းဝုန်း တဒိုင်း ဒိုင်းလဲပြိုခြင်းများသည် ဆက်တိုက်ဖြစ်လျက်လာလေ၏။ ပတ်ဝန်း ကျင်တစ်ခုလုံးသည် မည်းမှောင်လျက် သွားလေသည်။

ယမင်းပျိုသည် ရပ်ကြည့်လျက်ရှိသော လုလင်ပျိုထွား၏ လက်ကိုဆွဲလျက် ရေအိုင်စပ်ရှိရာသို့ သူမက ရှေ့ဆောင်လျက်သွား ၏။ ရှေးမဆွက တောနန္ဒာကျင်၍ မလှုပ်တလှုပ် ဖြစ်လျက်ရှိသော သူမသည် အင်အားများ ပြည့်ဖြိုးလာသကဲ့သို့ ဖြစ်ကာ လုလင်ပျို ထွားအား ဦးဆောင်လျက် ထိုအမှောင်အမည်း ဖြစ်လျက်ရှိသော နေရာဒေသဘက်သို့ နှုတ်မဆိုးဝင်၍ သွားသည်။

ထို့နောက် ကမ်းစပ်တွင်ထိုင်၍ ရေထဲသို့ လိုမ့်၍ချလိုက် သည်။ သူမနှင့်တစ်ပါတည်းပင် လုလင်ပျိုအား ဆွဲခေါ်၍ လိမ့်ချပြီး လျှင် သူမသည် လုလင်ပျို၏ ရင်အုပ်ပေါ်သို့ အားလျားမှောက်၍ ကပ်လျက် ကမ်းစပ်၌ ဝပ်၍နေလိုက်သည်။

သူမနှင့် လုလင်ပျို၏အပေါ်မှာ တရှိုးရှိုး အော်၍သွားသော



အရာများသည် ဖြတ်သန်းလျက်သွားကြပေ၏။ တဝုန်းဝုန်း တဖြောင်းဖြောင်း မြည်ဟည်းနေသော အရာများသည်လည်း ဆက် တိုက်ပေါ်ထွက်၍ လာလျက်ရှိ၏။ သစ်ပင်ကြီးများသည် အချို့ လေထဲတွင်မြောက်လျက် ပါ၍သွားကြပေ၏။

သစ်ပင် တစ်ခုနှင့်တစ်ခု ရိုက်မြည်သော အသံများသည် လည်း ဆက်တိုက်ပေါ်၍လာ၏။ အခြေအနေမှာ ရုတ်ရုတ်သဲသဲဖြစ် ၍ အရာခပ်သိမ်းအား မှန်းဆ၍ မရနိုင်သည့်သဘောပင် ဖြစ်တော့ သည်။

အချိန်အားဖြင့် မောင်းတစ်ဆုံညက်မျှ ကြာမြင့်မည်ဟု ခန့်မှန်းရ၏။ ယမင်းနှင့် လုလင်ပျိုသည် ရေအိုင်စပ်၌ မှောက်လျက် ထပ်လျက်၊ အနေအထားအားဖြင့် ထိုအရာများအား ကျော်လွှား လျက်ရှိပေ၏။

ခေတ္တကြာလျှင် ထိုအရာများသည် ငြိမ်သက်လျက်သွား ၏။ တဝုန်းဝုန်းတဒိုင်းဒိုင်း မြည်ဟည်းသံများသည်လည်း ရပ်ဆိုင်း၍ သွား၏။ မည်းမှောင်နေသော အဆင်းရောင်သည်လည်း ကြည်လင် ဝင်းပ၍ သွားတော့သည်။ မှုန်မွှားသောအရာများနှင့် သဲမှုန့်ဖုန်မှုန့် များသည်လည်း လွင့်ပါး၍သွားတော့သည်။

ယမင်းပျိုသည် လုလင်ပျို၏ ရင်ဘတ်ပေါ်မှ ခွာလိုက်၏။

"ထတော့ အစ်ကိုရယ် ... ၊ သည်ဆင်တောင်ကျော်လွှား ပြီ အေးပြီကောပဲ ..."

လုလင်ပျိုထွားသည် လွင့်ပါးလျက်ရှိသော သူ၏ဆံပင်များ ကို ဖယ်ရှားလိုက်ရာမှ မျက်နှာပွင့်သာ၍သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကမ်းစပ်မှ လူးလဲထလိုက်၏။ နွံ့ရေတစ်ဝက်သည် သူ၏ခန္ဓာကိုယ်၌ ပေကျံလျက်ရှိ၏။ ယမင်းပျို့မှာမူကား ခြေထောက်နှစ်ဖက်၌သာလျှင် နွံ့ညွန်လူးလျက်ရှိ၏။ ခန္ဓာကိုယ်အပေါ်ပိုင်း ဝင်းအိမွတ်စင်သော နေရာအလုံး၌ကား ရေကြည်များ စွတ်စိုလျက်သာလျှင်ရှိသည်။

"ကံကောင်းတယ် ... သည်ဆင်က တစ်ခါတစ်ရံ အလွန်ဆိုးရွားတယ် ... "

ယမင်းပျို့သည် လုလင်ပျို့ထွား၏ မျက်နှာအား အသာအယာ အကဲခတ်ကာ ပြောလိုက်သည်။

"ဘယ်ဆင်လဲ ...။ ကျုပ် မကြုံဘူးသေး"

ယမင်းပျို့သည် နွံ့ညွန်များပေနေသော သူမ၏ခြေထောက်အား ရေသန့်များဖြင့် ခြေကိုလှုပ်ဆွ၍ ဆေးကြောရင်း ...

"လေဆင်လို့ခေါ်တယ် အစ်ကို ... သည်တောင်စွယ်ကြောမှာ သည်လေဆင်ဟာ တစ်ချက်တစ်ချက် မွှေ့တတ်တယ်...။ မိုးဦးမသည်းခင် သည်ဆင်ကြွတယ်လို့ ပြော တယ် ...။ သည်ဆင်ဟာ သစ်ပင်လေးငါးပင်ကို ဝါးပြီးလျှင် ဒေါသ ထွက်ပြေးသွားပြီလို့ဆိုတယ်"

လေဆင်ဟူသည် စုတ်ထိုးဝဲလှည့်၍ ဆင်ကဲ့သို့ ထိုဒေသကိုပါတ်မွှေ့တတ်သည့် သဘာဝရှိသည်ကို ရှေးယခင်က သိရှိခဲ့ဖူးပေ၏။ သို့ရာတွင် အခါရာသီအား ဂရုမစိုက်လိုက်မိသည့်အတွက် ဤနေရာတွင် ထုံတွဲတွဲဖြစ်လျက်သွားပေ၏။

ဤတောစွယ်တပိုက်တွင် ကျင်လည်ဟန်တူသော ယမင်း



ပျိုကမူ သိလျက်နှင့်မပြောဘဲ ၎င်းအား နွံ့ထွက်ခပ်ရေအိုင်ဆီသို့ ခွတ်ပဲ ခေါ်တင်ခြင်းဖြစ်သည်။

ထိုအချိန်တွင် ရေအိုင်စပ်တွင် ပြန့်ပြူးသော လေအချို့သည် ဖြည်းညင်းစွာ ပက်ဖျန်း၍သွား၏။ လုလင်ပျို့သည် ရင်အုပ်ကိုကားလျက် သေချာစွာ ရှူသွင်းရှိုက်မျှိုလိုက်သည်။ ထုံထိုင်းလေးလံသော စိတ်တို့သည် လွင့်ပျောက်၍သွားသည်။

"ကိုင်း ... ညီမ၊ မင်းလမ်း မင်းသွားနိုင်ပြီ မဟုတ်လား။ အစ်ကိုသွားလိုရာလမ်းကို သွားလိုသေး"

လုလင်ပျို့သည် ခြေထောက်အစုံအား ရေဆေးပွတ်ကြောသန့်စင်နေသော ယမင်းပျို့အားကြည့်လျက် ပြောလိုက်သည်။ ယမင်းပျို့၏ခန္ဓာကိုယ် အသစ်အထွေး အချိုးအပေါက်တို့သည် လှပခွန်းတည်းရှိလှသည်။

စိတ်ရှုပ်ချင်စဖွယ်ကောင်း၏။ ဆွဲငင်မှုအပြည့်အဝန်းပြည့်စုံလှသည်။ ဖက်နွှေး၍သာကောင်းသေးတော့ ဟူသော စိတ်သည် လုလင်ပျို့၌ ပေါ်လာ၏။ မသင့်သေးသာပ ငါ၏ စိတ်မဟုတ်စကားဟုလည်း အတွေးဆော့ကို ပြန်၍ မျှိုပစ်လိုက်သည်။

ယမင်းပျို့၏ လှပသောမျက်နှာသည် နုနုထွေးထွေးရှိ၏။ ပြေလျော့ညီညွတ်၍ ညက်ညောသောပါးပြင်၌ ချိုင့်ဖုက်သော ပါးချိုင့်ခွက်လည်းရှိ၏။ စကားအရာ၌လည်း သွက်တီသွက်တောင်းနှင့် ရှင်မြူးရွှင်လန်းရှိ၏။

"အစ်ကို မေးသည်ကိုကား အဖြေမရှိလှ။ ဘယ်ကသောအာ ဤတောသို့ ရောက်ရှိ၍ အဘယ်လုပ်ငန်းလုပ်ဖို့ ဤနေရာကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်ဘိသည်ကို မဖြေသေး"

ယမင်းပျိုသည် မတ်တတ်ရပ်လိုက်သည်။ လှပ်လှပ်သာသာရှိသော ဝတ်ဆစ်သည့် ပိတ်စပါးသည် လွင့်သွား၏။ လုလင်ပျိုသည် ယမင်းပျိုအားမကြည့်မိရန် မျက်စိလွှဲဖယ်လိုက်သည်။ သည် ယမင်းပျိုအား ကြာရှည်ကြည့်လျှင် ရှာန်လျော့ဖို့သာရှိသည်။ ဤသို့ စဉ်းစားခြင်းပြုလိုက်ခြင်းကြောင့် ဖြေဆိုရမည့်စကားအား ဖြေဆိုခြင်းမပြုနိုင်ဖြစ်၍ သွားရသည်။

ဤသည်ကိုပင် ယမင်းပျိုသည် သဘောကျနှစ်ခြိုက်ဟန်မရှိ၊ သူမအား မလေးမစားပြုသည်ဟူ၍ သတ်မှတ်ခြင်းပြုလိုက်သည့် အလျောက် သူမသည် လုလင်ပျိုထွားမျက်နှာလွှဲရာ အရပ်ဆီသို့ လျှောက်လျက် မျက်နှာချင်းတည့်တည့်ဆိုင်ဆိုင် ပြုလိုက်သည်။

ဤသည်မှာ ပို၍ဆိုးသွားသည်။ လုလင်ပျိုထွားသည် ယမင်းပျို၏ မျက်လုံးကို သေချာစွာ ကြည့်ရှုလိုက်သည်။ ညွှတ်မူးကြင်ဖွယ်၊ တစ်ငေးတစ်ခုလို ချယ်လှယ်နိုင်သော အလှပိုင်ရှင်ဇကေတစ်ပါးဖြစ်နိုင်သည့် ရူပကာယပိုင်ရှင်ဖြစ်သည်မှာ ပို၍ ထင်ရှားသွားသည်။

ယမင်းပျိုသည် လုလင်ပျိုအား စူးစူးဝါးဝါးကြည့်လိုက်သည်။ ထို့နောက် ခေါင်းညိတ်လိုက်သည်။ ထို့နောက် သေချာကပ်၍ ကြည့်လိုက်ပြန်သည်။

သူမ၏ လှစ်တစ်ပျူ သွေးပူစေသော အလှသဘာဝကား လုလင်ပျိုအား ဖမ်းစားသကဲ့သို့ ရှိသော်လည်း လုလင်ပျိုသည် သတိရှိကာ အထူးပင် စိတ်ကိုထိန်းသိမ်းထားခြင်း ပြုလိုက်သည်။



ဤအမူအရာအား ယမင်းပျိုက သဘောကျ၍သွားသလိုသည်။ တခစ်ခစ် တခိုးခိုး ရယ်မောလိုက်သည်။

"အလို ... တယ်ကိုသွားမည်တုန်း၊ ကျေးဇူးရှိသည့်သူအား မေ့လိုပသေးရော"

"မလိုပလေ၊ ကျေးဇူးမလိုပ၊ ခရီးကြွံ့ရော့ကြုံထိုးသလိုသာပ ကျေးဇူးမယူကောင်း"

လုလင်ပျိုသည် ယမင်းပျိုအား အေးချမ်းစွာကြည့်ကာ စိတ်ကို ထိန်းသိမ်းလျက်ပြောဆိုလိုက်သည်။

လေပြည်လေညင်းတစ်ချက်သည် ဝှေ့ဝဲ၍တိုက်ခတ်သွားခဲ့သည်။ ယမင်းပျို၏ဆံပင်ဖားလျားလျားအလှအပသည် ထိုလေနှင့်အတူ ရောပါ၍ ထိုအလှအား ဖော်ကျူးသကဲ့သို့ ဖြစ်လျက်သွားရာ လုလင်ပျိုထွားသည် ယမင်းပျို၏အလှကို ကြည့်လိုက်ရပြန် သည်။

"ညီမတို့ ရွာကိုခေတ္တလိုက်ခဲ့သာပ အစ်ကို ... နောက်မှ အစ်ကိုသွားလိုရာသွားပ။ အစ်ကို့အား ဖသမ္ဘောနှင့် တွေ့ဆုံပေးလိုသာပ"

လုလင်ပျိုထွားသည် ဖသမ္ဘောဟူသောအသံကိုကြားလျှင် ခေါင်းထောင်၍သွားသည်။ နားရွက်နှင့် ပါးကြောအတွင်းသို့ သွေးများ ရောက်ရှိ၍သွားသည်။ လည်ကြောသွေးသည် ထောင်၍သွားသည်။

"မလိုက်လိုပ ထားရျှေ၊ တောင်ခေါင်းခွင်မှာ လုပ်စရာရှိသည်ပ ... ကိုယ့်အရာမမြောက်လှသေး။ အရာမမြောက်သေး၍ အချိန်မလင့်လို"

www.burmeseclassic.com

www.burmeseclassic.com



"သည်လိုဆိုလည်း သွားနိုင်ကသွားပေါ့ ... သည်ဂနိုင်တော မှာ သည်သူမသည် ဘယ်လိုအရှင်မလည်း သိစေသေးတာပ"

ယမင်းပျိုသည် ဦးခေါင်းကို နောက်သို့မော့၍ ကြည့်လိုက်သည်။ ထို့နောက် သူမသည် တောတောင်ဘက်သို့ လှည့်၍ သုံးသပ်ခြင်းပြုလိုက်သည်။

လုလင်ပျိုထွားသည် ယမင်းပျို၏ ထူးဆန်းသော အပြုအ ကိုသာလျှင် စိတ်ဝင်တစားရှိ၏။ ထို့ကြောင့် ပတ်ဝန်းကျင်အား လှည့်ကြည့်မိခြင်းမရှိပေ။ ယမင်းပျိုက စိတ်ရွှင်မြူးစွာဖြင့် လုလင်ပျိုအားကြည့်လိုက်သည်။

"ကိုင်း ... အစ်ကိုသွားလိုသည့်နေရာကို သွားလိုလျှင်လည်း သွားနိုင်ပြီ ...၊ နှမ မတားမြစ်လို့တော့ပါပြီ"

ဟူ၍ ရွှန်းရွှန်းစားစားကြည့်ရင်း ဆိုလိုက်သည်။

"သည်သူငယ်မ ငါ့အားကြိုက်နေပြီ၊ ခက်သည်၊ ငါကလည်း ကြိုက်ချင်သည်ပ ... ငါ၏အသွေးအသားသည်လည်း ကောင်းလှ၏။ မိန်းမသည်အားလည်း တစ်ရွေးတစ်ဆစ်မျှ မချ ဘူး"

ဟူ၍ လုလင်ပျိုထွားသည် စိတ်ခွဲလည်း ဖြစ်၍လာ သည်။ သို့ကြောင့် လုလင်ပျိုထွား၏ မျက်လုံးအစုံသည်လည်း သဘာဝအား၏ အရောင်သည် ပြောင်လက်တက်ကြွ၍လာမှ သိသာ၍လာသည်။

ဤတွင် ယမင်းပျိုသည် မျက်လွှာကိုဝင့်၍ ခပ်စွင့်စွင့်ကြည့် ပြီးလျှင် သူမ၏ ပြည့်ဖြိုးတင့်လှ၊ ပြည့်ဝတင်းဖြောင့် အသားန



သားခဲ၊ အသားထွေး၊ အသားဆိုင် လှုပ်ဆိုင်ဆိုင်ရှိလှသည့် ခန္ဓာကိုယ်အဆစ်အမြစ်၊ အဖူးအပွင့်အရွက်၊ အတန်တို့ကို ညီညွတ်လှပသော အနေအထားသို့ ပို၍ပို၍ တင်းကားလှပ ကြွရွတင့်ရှန်းအောင် တတ်သည့်သဘာဝအသိအတိုင်း ခပ်မဆိတ် မသိမသာပြုံးလိုက်လျှင် ...

"သွားသင့်ပြီ ... ညီမငယ်အား လှည့်မကြည့်လင့် ... ဤတောသည် ညီမ၏တောရိုင်းဖြစ်သည်။ ညီမအတွက် ရတတ် မပူ နှင့်"

ဟူ၍ စကားထပ်ဆိုလိုက်သည်။

လုလင်ပျိုသည် မည်သို့မျှ ပြန်လှန်ပြောကြားခြင်းမပြုဘဲ ကြည့်လိုက်သည်။ ယမင်းပျိုကလည်း တစ်ချက်မျှ စူးစူးတည့်တည့် ကြည့်လိုက်ကာ ဖျတ်ခနဲ တောစပ်သို့ ရေအိုင်ရှိ ဗွက်ကြားမှဖြတ်၍ ပြေးသွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## မြိုင်လယ်မှ 'ရွာ' 'ကောစ'

တောသည် နက်ရှိုင်း စိမ့်ဝင်၍သွားၐ၏။ သစ်ပင်ကြီးများ မှာလည်း လွန်စွာမြင့်၍ နွယ်ကြီးရှည်ကြီးများမှာ ရှည်လျားစွာ အောက်ခြေထိပွတ်တိုက်လျက် ရှိသည်။ ထို့ပြင် ထူးဆန်းသော ရွက်ပြားရွက်ပုန်းနှင့် အလွန်စိမ်းလန်းဝိုင်းစက်သော သစ်ရွက် ဝိုင်းပင်လေးများသည်လည်း ဟိုတစ်စုသည်တစ်စု ရှိ၏။

ထူးဆန်းသော 'ဝါး' အုပ် တစ်အုပ်၊ နှစ်အုပ်အားလည်း တွေ့ရသည်။ ထိုဝါးများမှာ ဝါးကြီးမျိုးဖြစ်၍ အဆစ်ပိုင်း၌ အ… အထစ်များရှိ၏။ အရွက်ကြီး၏။ ဝါးရွက်ရိုးတန်ဖျားသည်လည်း အဝါရောင်နှင့် အစိမ်းရောင်ပြောက်ကျားများ ရှိပေသည်။

လှုလင်ပျိုထွားသည် ယမင်းပျိုအား အံ့သြမိသော်လည်း အချင်းအရာအားလုံးအား မေးမြန်းစုံစမ်းခြင်း မပြုနိုင်သေး… ခရီးလမ်း၌သာလျှင် တမျှော်မျှော်မျှော် ဖြစ်လျက်ရှိပေ၏။

တောကြီး၏ အနက်အရှိုင်းသည်ကား သာမန်လူကို ခေ…



…အားဘိ၊ မုဆိုးများပင်လျှင် ဤတောဟောမာသို့ ရောက်ဖူးသူရှား …မိမ့်မည်ဟု ယူဆရ၏။

ဤတောတွင်းသို့ ရင်းရောက်ရှိလာရခြင်းမှာလည်း အကြောင်းတစ်ခုကြောင့် အသက်စွန့်လျက် လာခဲ့ခြင်းဖြစ်ကာ၊ အသက်မသေမှသာလျှင် ဤတောတွင်းမှ နေပြည်တော် ပုဂံမြို့အနီး 'သံယောတ' ရွာငယ်စုရှိ သံတလျှင်ကြီး၏ အိမ်စုသို့ ရောက်ရမည်ဖြစ် သည်။

ထိုရွာငယ်စု၌ 'ပစ္စုပါယု' ဟု အမည်ရှိသော ဇရပ်တစ် ဆောင်အတွင်း၌ လှုလင်ပျိုထွားသည် ရသေ့အိုကြီးတစ်ပါးနှင့် အလုပ်နားခိုက် တွေ့ကြိမ်ကာ၊ ရသေ့အိုကြီး၏ အညွှန်အကြားအရ ဆောက်၍လာရခြင်းဖြစ်သည်။

ရသေ့အိုကြီး၏ နာမကိုမူ မမေးရ၊ တောရပ်ပျိုရိပ်၌ လိုအပ် သော ဆေးပင်၊ ဆေးရွက်၊ သစ်ဖု၊ ရွက်သီး၊ ရွက်ပန်းများကို လိုအပ် သလိုကောက်ယူပြီးမှ အညွှန်းပြုထားရာကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ထမ်းပြီးမှသာလျှင် ဤတောတွင်းမှ ထွက်ရမည်ဟု အဆိုရှိလိုက်သည်။

ထို့ကြောင့် ရသေ့အို အညွှန်းပြုလိုက်သော ဆေးခေါက်စာ …ငယ်ကို ဆေးခါးပတ်တွင်း၌ ကျစ်သည်းစွာထည့်၍ ဤတောစပ် …သို့ ဝင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အခြားသီးခြားလျှို့ဝှက်ခြင်း အကြောင်းလည်း ရှိပေသေးသည်။

ဤတောသို့ရောက်အောင်၊ မြစ်တစ်တန်၊ လှည်းတစ် စည်း၊ ရွာငယ်၊ ရွာစပ်၊ ဇနပုဒ်တို့အား ခြေကျင်ဖြတ်ပြီးမှ သစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



မျှော့ခိုစီး၍ မြစ်တစ်တန်လျှောဆင်းကာ ချောင်းအတွင်းမှ ကွေ့ပတ်တက်လာရခြင်း ဖြစ်သည်။

ရက်ပေါင်း ခုနစ်ရက်မျှကြာမြင့်အောင် ပင်လယ်ခရီး၌ ကြန့်ကြာခဲ့ပြီးမှ ဤတောစပ်သို့ ရောက်ရှိလာရခြင်းဖြစ်သည်။

ဤတောစပ်သည် ဤမျှနက်မည်ဟု မထင်မှတ်ဘဲ၊ ရေကျူး လက်ပန်း၊ လက်ဖွေ့၊ လုံ့ထိုး၊ မြင်းစီး၊ မောင်းထောင်း၊ လေး၊ ပန်းပဲကြီးပစ်၊ ကြိုးခွေနှင့် ကျောက်ခတ်လက်ပစ်၊ ပန်းပွား၊ လုံ့ထစ်၊ ခက်ထွင်းဖြစ်သော အတတ်မျိုးကို ပွဲကျောင်းအရှင် (ဆံကိစ္စ) ထံ၌ သင်ယူသောက်မြိုခဲ့ပြီးမှ တောပစ်မုဆိုး အတတ်ကိုခံ ထီးပဟူသော မုဆိုးကျော်ကြီးထံ၌ သင်ယူလျက် ဤတောသို့လာရောက်ခြင်း ဖြစ်ရာ လွန်စွာယုံရဲသောစိတ် ရှိခဲ့သည်။

ထို့ကြောင့် ဤတောကြီးမာယာကို အလျဉ်းဂရုမပြုခဲ့၊ ကြောက်ဖွယ်အရာဟူ၍လည်း မထင်မှတ်။ ထို့ပြင် ဤကဲ့သို့သော အချောအလှ အယဉ်အနု အလှသဖွယ်များ အတုံးအတစ်စုနေသော ယမင်းပျိုမျိုးကဲ့သို့သော တောတွင်းသူ ရှိလိမ့်မည်ဟု မထင်မှတ်။

ထို့ကြောင့် မဆိုစကား၊ မပြောစကား၊ အညွန်းစာသားမရှိသော ဤတောတွင်းသူနှင့် တွေ့လိုက်ရ၍ လုလင်ပျိုထွားသည် စိတ်အလျဉ်ရှုပ်ထွေးလျက် သွားရမည့်လမ်း၌ ခိုးလို့ခဲလဲ့ဖြစ်နေခြင်း ဖြစ်တော့သည်။

"ဘဇာတွေ သိပ်စဉ်းစားနေသလဲ ... မစဉ်းစားနဲ့၊ အစ်ကို စဉ်းစားသမျှတွေရှိနေတာ၊ ညီမသိရှိပြီး"

ရှေ့ခက်ကပြီ သူစဉ်းစားသည်ကိုပင်လျှင် သူမတောတွင်းသူက သိပြီးတဲ့။ ခက်သည်ပဲ ...။ ပသို့သိသနည်း။ မတော်မကဲ့ပွေ့ယမ်း၍ ဖက်ရှုံ့နမ်းလိုမှု သင်းသိရော့လား ဟူ၍ လုလင်ပျိုသည် စိတ်၌ ဇဝေဇဝါတွေလျက် သွားပြန်သည်။



လုလင်ပျိုထွားသည် ...

"ဟင်း ... မင်းကငါ့ကို ပညာစမ်းနေရှော့၊ ငါကလည်း ညာသည်ဆိုလျှင်။ ဖုတ်သွင်းကျဉ်ထား၊ ဘောက်ထွင်း၊ မောင်းထောင်း၊ ကျဉ်ပွေ့သိပ်လို့တွေ့ကြပြီ"

ဟူ၍ လုလင်ပျိုထွားသည် ပြောဆိုလိုက်သည်။ တောတွင်းသူယမင်းပျိုသည် လုလင်ပျိုထွား၏ စကား၌ သဘောကျသလို နှစ်ခြိုက်စွာ ရယ်မောလိုက်သည်။ တခိခိရယ်သံသည် မြိုင်ယံ၌ ထွက်ပေါ်၍လာ၏။

တောင်ကြောအုပ်နက်သော ကျောက်ဆား၊ ကျောက်ထုများနှင့် ပြည့်၍နေသည်။ တောင်ကြောကား မြင့်သည်နှင့်အမျှ အတန်ပင် ရှည်လျားသည့် တောင်ကြောကြီးတစ်ခုဖြစ်၏။ တောင်ပေါ်၌ ကြီးထွားသော သစ်ရိုင်းပင်များမှအပ ကျောက်ကမူများသာလျှင် ပြည့်နှက်လျက်ရှိပေ၏။

လုလင်ပျိုသည် တောတွင်းသူ ယမင်းပျိုလေးအား ကရုဏာသက်သော အကြည့်ဖြင့် ကြည့်လိုက်သည်။ ယမင်းပျို၏ ဆံနွယ်တို့သည် ရစ်ထွေးယှက်လိမ်သော်လည်း နူးညံ့အိထွေးလျက် သူမ၏ ခါးသားနုနုပေါ်သို့ ပုံထွေးစွာကျရောက်လျက် ရှိလေသည်။ လက်မောင်းသား နုနုလေးမှာလည်း ပြည့်တင်း၍ ခါးကျဉ်ကျဉ်လေးလည်း တောတွင်းသူ၏ အလှတစ်မျိုးအဖြစ် ပိုမိုထင်ဟပ်လျက် ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျို့ထွားသည် တံထွေးကို ကွက်ခနဲ ဖြိချလိုက်သည်။ လေကိုတစ်ဝကြီး ရှုလိုက်သည်။ ထို့နောက် လက်နှစ်ဖက်ကို ဆန့်တန်းကာ သွေးဆူအောင် ဆန့်လိုက်သည်။

ယမင်းပျိုသည် လုလင်ပျိုအား မျက်လွှာပင့်၍ ကြည့်ရင်း ရင်းနှီးစွာဆိုလိုက်သည်။ သူမ၏ အဆိုအပြောမှာ ရင်းနှီးခင်မင်၍ လုလင်ပျိုအား တစ်စိမ်းတစ်ရံသဖွယ် သဘောထားမှု ရှိုးတိုးရှိုးတန့် မရှိလှတော့ပေ။ ရဲတင်းစွာဆိုခြင်း ပြုလေသည်။

ထို့ပြင် အဖုံးအလွှမ်းနည်းပါးသော သူမ၏တောပျိုရိုင်းခန္ဓာအလှအားလည်း စိမ်းသောယောကျ်ားပျိုအား ဖုံးဖိလွှမ်းသိပ်ရန် အထူးသတိထားခြင်း မရှိလှတော့ပေ။

ဤသို့နေလျှင် ယောကျ်ားပျိုသည်ကား ပို၍ အနေကြံတည်း၍လာ၏။ ယမင်းပျိုအား စေ့စေ့ရဲရဲကြည့်ရန် တွန့်ဆုတ်၍ အနေခက်ဘိဆော့သည်။

တောင်ကုန်းဖြစ်သဖြင့် ပတ်ဝန်းကျင်မှ လေညှင်းတဖြူးဖြူးသည် မတောင်ကုန်းပေါ်သို့ လွင့်မြူးတိုက်ခတ်လျက်လာသေးသည်။ လေပြည်ရောက်ရှိပေသောကြောင့် လုလင်ပျိုနှင့် တောတွင်းသူယမင်းပျိုတို့သည်လည်း လန်းဆန်းရွှင်၍ လာကြသည်။

တောင်ပေါ်ထိပ်မှကြည့်လျှင် တောင်အောက်သည် မှုန်မွှားမွှားအသွင်ရှိလှသည်။ တောင်ခြေအောက်တွင် ဆိတ်များကို တွေ့ရ၏။ တောဆိတ်များဖြစ်ကြ၏။ ဆိတ်များသည် အသံများကြားလျှင် လှစ်ခနဲ အလျို့လျို့လှိုင်ပတ်ကြားလမ်းများသို့ ဝင်၍ ပြေးကြပေ၏။



"ဤတောင်ကုန်းမှကျော်၍ သည်ဘက်အနီးအနားမှာ ဆိုးတွေက သွားလာပေတယ်"

ဟူ၍ ယမင်းပျိုက ဆိုလိုက်သည်။

"ကိစ္စမရှိပလေ၊ ညီမသည်က အစ်ကိုအား ညွှဲပြုဖို့ခေါ်သာသမင့်ဟာ ညွှဲသည်က ဂျီကြောင်များနေလို့မဖြစ်စကောင်း ညီမသည် ပြုစုသလိုပဲ ရှိပါရစေမှာ"

ဟူ၍ လုလင်ပျို့ထွားသည် တောတွင်းသူ ယမင်းပျိုအား ခပ်စေ့စေ့ကြည့်ကာ ပြောဆိုလိုက်ပေသည်။

ယမင်းပျိုသည် လုလင်ပျိုအား ပြုံးစစဖြင့်ကြည့်လိုက်သည်။ ထို့နောက် လုလင်ပျိုအား သေချာစွာငှစွာကပ်၍ ကြည့်ရှုလိုက်ပြန်သည်။

'ဟင်း' ခနဲ သက်ပြင်းတစ်လုံးအား ယမင်းပျိုက ရှည်ရှည်လျားလျား ချလိုက်သည်။

"ပသို့ကြောင့် သက်ပြင်းချရသလဲ ... "

"အကြောင်းရှိလို့ပေါ့ အစ်ကိုရယ်၊ အကြောင်းချင်းရာတွေကရှိနေပြီပဲ ... "

လုလင်ပျို့ထွားသည် ရင်ဟွင်း၌ ထိတ်ခနဲပင် ဖြစ်သွား၏။ လုံမပျိုတောတွင်းသူ၏ သက်ပြင်းရှည်ကြီးသည် အကြောင်းရှည်သွားဟန် ရှိပေ၏။

လုလင်ပျို့ထွားသည် ယမင်းပျို၏ လက်မောင်းဘေး၌ ဆေးမင်အမှတ်တစ်ခုအား တွေ့လိုက်ရသည်။ ဆေးမင်အမှတ်အသားသည် အနီရောင်အမှတ်ဖြစ်၍ ဆေးမင်လက်ရာအတော်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသန့်ခြင်း ရှိလေသည်။

ဆေးမင်အမှတ်ကား ထူးဆန်းသော အရုပ်အမှတ်အသား ဖြစ်၏။ အရုပ်ကား မင်စာရုပ်တစ်မျိုးဖြစ်၏။ သို့ရာတွင် အရုပ်အမှတ်အသားကား လက်ရိုးကိုရှုက်ကိုင်လျက် ခွဲဆောင့်ထိုင်လျက်ရှိသော အမှတ်အသားဖြစ်၏။

ဤအမှတ်အသားကား 'ယို့ ... ယဲ့' အမှတ်အသား ဟူ၍ ရှေးယခင်ပုဂံမင်းနေပြည်၌ ၎င်းနေစဉ်က မှတ်သားခဲ့ဖူး၏။ ဆေးမင်ဆရာကြီး ဦးစောက သည်ဆေးမင် အရုပ်အသွင်းအကြောင်း အလှည့်သင့်၍ အနည်းငယ်ရှင်းပြခြင်းရှိခဲ့ဖူးသဖြင့် လုလင်ပျိုထွားသည် သိရှိရခြင်းဖြစ်သည်။ (ယို့ ... ယဲ့ ... ကားမစ္ဆား ဟူ၏တည်း)။

သို့ရာတွင် ဤအကြောင်းခြင်းရာသည် ၎င်းအဖို့ သာမန်ကိစ္စရပ်တစ်ခုအဖြစ်သာလျှင် သိရှိထား၏။ ဤအချက်ကို ဤတောမြိုင် အမှောင်တွင်း၏ အရေးကိစ္စ၌ အရေးမကြီးလှသောအကြောင်း တစ်ရပ်အဖြစ် လုလင် ပျိုထွားသည် သတ်မှတ်၍ထားလိုက်သည်။

တောတွင်းသူ ယမင်းပျိုသည် လုလင်ပျိုထွား၏ လက်မောင်းအား အသာအယာ လာရောက်၍ကိုင်လိုက်ရာ လုလင်ပျိုထွားသည် ဆတ်ခနဲ လန့်ဖျပ်လျက်သွားပေ၏။

"ဟင်း အစ်ကိုက ညီမကိုကြောက်နေပြီပဲလား ... ဟင်း— ညီမက ကိုယ့်ကျေးဇူးပြုသသူ၏ အကြောင်းကိုသာလျှင် စဉ်းစားသာပ၊ တခြားအကြောင်းမရှိလှ၊ အစ်ကိုက တောတွင်းသား မဟုတ်တောင်း၊ မြို့ကြီးသားသာလျှင်ဖြစ်တယ် ... "

လုလင်ပျိုထွားသည် ယမင်းပျို၏ ပါးနပ်သေချာခြင်းအား



အံ့သြ၍သွားသည်။ ၎င်း၏အဝတ်အစား ကိုယ်ထည်၌ သားရေနယ်ခင်းနှင့် ကျောပြင်၌ အဝတ်နတ္ထိသာလျှင်ဖြစ်၏။

မှတ်ဆိတ်ကျင်စွယ် ပြည့်လျှမ်း၍ လည်ပင်း၌ ရှေးသူဟောင်းတို့၏ အရိုးအစကိုသာလျှင် ဆွဲရေးအငင်ပြုထားသည်သာဖြစ်၍ အဘယ်ကြောင့် ယမင်းပျိုသည် ဤမျှလူကဲခတ်တော်၍နေဘိသနည်းဟု စဉ်းစားခြင်းပြုလိုက်သည်။

"သည်တောင်ကြားလမ်းကသွားလျှင် ရွာဝကိုရောက်တယ် ... သည်လမ်းက တောင်ခြေကို အလွယ်နှင့်ရောက်နိုင်တယ်၊ အစ်ကိုအခြားလမ်းက ဆင်းလို့မရဘူး ... ချောက်အလွန်နက်ပဲ"

ယမင်းပျိုသည် လုလင်ပျိုထွားအား ရှေ့ဆောင်လျက် လူတစ်ကိုယ်စာမျှသာ သွားရန်ရှိသော လွန်စွာ ကျဉ်းတိကျဉ်းမြောင်းနိုင်လှသည့် တောင်ကြားကျောက်လမ်းအတိုင်း ရှေ့ဆောင် ရှေ့ရှုက် ပြုလျက်သွား၏။

အဆင်းဖြစ်သောကြောင့် ကုန်းကုန်းကွကွ သွားရ၏။ လက်နှစ်ဖက်က တောင်ကြားနှစ်ဖက်ကို အားပြု၍ ခြေထောက်က ခြေနင်းကျောက်ပြားတုံးငယ်များကို ခပ်ဖွဖွနင်းလျှပ် သွားရပေ၏။

လမ်းကြောင်းသည် ကျဉ်းသည့်ပြင် တောင်ကြောမှာ စောက်နက်ခြင်းရှိလှသဖြင့် ခြေကျင်နင်း၍ သွားရခြင်းအတွက် အောက်သို့ရောက်ရန် များစွာ ဂရုစိုက်ရသည်။ အထူးပင် အားစိုက်ခြင်းပြုရသည်။

တောင်ကြောမှာ တစ်ဖက်၌ ဆင်ခြေလျောဖြစ်၍ တစ်ဖက် မတ်စောက်သော ဆင်စွယ်လုံးပုံသဏ္ဌာန်ကြီးဖြစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

လုလင်ပျိုထွားသည်ကား လက်မောင်းအင်အားနှစ်ခုကို အားပြုလျက် ကျောက်နံရံနှစ်ဖက်အား လက်နှစ်ဖက်ဖြင့် ထောက်ကာ ဖြည်းညင်းစွာ ဆင်း၏။ ယမင်းပျိုကား သူမ၏ခြေထောက်သလုံးသားအားကို အားထားကာ ခပ်သွက်သွက်ဆင်း၍ တစ်ခါတစ်ရံ၌မူ အပြေးကလေးပင် ဆင်း၍သွားနိုင်ပေ၏။ ဤလမ်းသည် သူမ သွားနေကျလမ်းမြောင်ဖြစ်၍ လွန်စွာခက်ခဲသော်လည်း မြန်ဆန်လှသည်။

ကွမ်းသုံးရာညက်မျှကြာသော် အတွင်းလမ်းမြောင်တစ်ခုအား တွေ့ရပြီးလျှင် ထိုနေရာထိပ်၌ ရွှံ့မြေနှင့် ကျောက်သလင်းရောနေသော ကုန်းမို့တစ်ခုသို့ရောက်၏။ တောင်ကြားလှူဆင်းလမ်းသည် ဤနေရာတွင် ဆုံးတော့သည်။

ဂူပေါက်တစ်ခုသည် လူတစ်ရပ်သာသာခန့် မြင့်လျက်ရှိပြီး အဝ၌ပင် ကြပ်ခိုးရောင်မှိုင်းကျလျက်ရှိသည်။ ဂူ၏နံရံတွင် မထင်မရှားသော အရုပ်များနှင့် စာလုံးများတွေ့ရ၏။ ထိုအပေါက်အနီး၌ ယမင်းပျိုသည် ရှေ့သို့ဆက်၍ မသွားသေးဘဲ၊ နောက်မှ ကျန်ရစ်နေသော လုလင်ပျိုထွားအား ခေတ္တရပ်လျက် စောင့်၍နေ၏။

ယမင်းပျို၏မျက်နှာကား လွန်စွာသဘောကျပီတိဖြစ်သော မျက်နှာပေးဖြင့် နောက်မှကျောက်တောင်နှင့် အခြားခြေနင်းရန် လွန်စွာကျဉ်းမြောင်းသောအနေအထား၌ သတိထားလျက်ဆင်းလာနေသော လုလင်ပျိုထွားအား ကြည့်လျက်ရှိပေ၏။

လုလင်ပျိုထွားသည် ခပ်ဖြည်းဖြည်းပင် သတိချပ်လျက်



ဆင်း၏။ တောဂနိုင်ဟူသည်ကား သတိသာလျှင် အသက်ဖြစ်၏ဟု ဆရာရသေ့ကြီး ဆိုညွှန်းခဲ့သည်ကို လုလင်ပျိုသည် သတိတရထားခြင်းရှိ၏။ ထို့ကြောင့် နေးတုန့်နေးကွေး ထင်မှတ်ရ၏။

"ပသို့ဖြစ်သလဲ ... အစ်ကို မောနေပြီလား ... သည်လောက်နှင့် မောလျှင်တော့ ယောကျ်ားမပီ"

ဟူ၍ ယမင်းပျိုသည် ခြေလှမ်းမှန်မှန်ဖြင့် သူမ၏ အနီးသို့ရောက်လာသော လုလင်ပျိုထွားအား ပြောလိုက်သည်။ လုလင်ပျိုသည် စကားပြန်မဆို၊ လမ်းကိုသာ သတိဖြင့် နင်း၏။

လုလင်ပျို၏ ရူပကာယသည် ခရီးကြမ်းနှင်၍လာရသဖြင့်ပို၍ ကျက်သရေရှိဘိသည်။ သွယ်လျသော မေးရိုးအပြင် အသားနုတ်မွတ်၌ ချွေးစေးခပ်ပျစ်ပျစ်သည် စေးကပ်လျက်ရှိ၏။ သို့သော် ချွေးစေးချွေးပေါက် ကျရောက်ခြင်းကား မရှိ။

ဆံနွယ်ရိပ်ကြားမှ ဖုန်ထူထူသည် ကပ်လျက်ရှိ၏။ နှာယောင်သည် ကောက်၍ရှည်လျား၏။ မျက်နက်သည် ကျယ်လေ၏။ မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးစစ၌ ချွေးစက်အချို့သည် ကပ်လျက်ရှိသည်။

ယမင်းပျိုသည် ခေတ္တနားခိုလျက်မှ လုလင်ပျိုထွား၏ မျက်နှာနှင့် အဆစ်အပေါက်တို့အား သေချာစွာ လေ့လာကြည့်ရှုလိုက်ရာ ကြက်သီးများသည် ရှိန်းခနဲဖြစ်၍သွားကာ ဂယက်လှိုင်းတစ်ခုသည် ဝမ်းပျဉ်းသားမှနေ၍ အထက်လည်မြိုဆီသို့ပင် ရောက်၍သွားလေသည်။

"သည်တောသည်တောင်ကို လေ့လာသေးသလား၊ နို့မို့

www.burmeseclassic.com

www.burmeseclassic.com



သည်ကပြန်လမ်းမရှိလျှင် ပသို့ဖြစ်မည်လဲ ...။ တစ်ပါးသူ နောက် တစ်ရှာလိုက်တယ်ဆိုတာ မလွယ်စကောင်း"

ဟူ၍ လုလင်ပျိုထွားသည် ယမင်းပျိုအား ခပ်တည်တည် ဖြင့် ပြောလိုက်ရာ တောတွင်းသူသည် ခွီခနဲရယ်လိုက်ပြီး လုလင်ပျို ထွားအား ခပ်စူးစူးကြည့်လိုက်ပြန်၏။

"ဟင်း ... သည်လူက တောတွင်းသို့ လူလည်ပတ်ရောက် လာတယ် ... စကားအရာက ပေါက္ကံမြို့ကြီးသားလိုပဲ၊ လည်ရှဲရှဲပဲ"

"ညီမက ပေါက္ကံရွှေပြည်သားကို တွေ့ဖူးလို့လား"

"မတွေ့ဘူးသာပ ...၊ ကြားဖူးသလေ ... ပေါက္ကံပြည်သား စစ်ရဲမက်တွေက လူရည်ရွှဲတယ် ...၊ သူလယ်တယ်လို့ကြားဖူးသပဲ"

"ဟုတ်မထင်ပ ...၊ အစ်ကိုက ဇနပုဒ်ငယ်က နွားနို့ညှစ်မရဲ့ သားလေ ...။ ဟင်း ချောင်းကြိုချောင်းကြား ငါးနိုက်စားရင်း မျက်စိ လယ်သာပ ...၊ အစ်ကို့မှာ လုံတိုမှိန်းပဲ ပါပလေ"

ဟူ၍ လုလင်ပျိုထွားသည် တောတွင်းသူအား လေ့လာ အကဲခတ်လျက် ပြောဆိုလိုက်သည်။

"မုဆိုးကျော်ကိုင်တဲ့ မှိန်းသာပ ... မသိမှတ်လို့လား ...၊ လိမ်ညာသယ်"

ဟူ၍ လုလင်ပျိုအား တောတွင်းသူယမင်းပျိုက ပြော လိုက်ပြီး ကြည့်လိုက်သည်။ ထိုအကြည့်သည် တစ်မျိုးတစ်တွေ သော အကြည့်ဖြစ်၍ ရစ်ပတ်နှောင်ဖွဲ့သော အကြည့်တစ်မျိုးဖြစ် ၏။ ထိုအကြည့်ကြောင့် လုလင်ပျိုထွားသည် ပူပူထူထူပင် ဖြစ်၍ သွားတော့သည်။



"ရော ... ခက်မည်ပဲ"

"ကိုင်း ... သွားစို့၊ မျှော်နေကြမယ် ...၊ သည်ကိုအိမ်က ဓိတ်ချလှတာမဟုတ်"

တောတွင်းသူယမင်းပျိုသည် လုလင်ပျိုထွားအား ခပ် ကြည်ကြည် ခပ်နက်နက်အသံဖြင့်ပြောရင်း ဂူပေါက်လမ်းသို့ လှမ်းဝင် လိုက်သည်။

ဂူပေါက်ဝလမ်းသည် မှိန်ပျပျဖြစ်၏။ ဂူ၏ထိပ်နံရံ၌ ကျ ဆင်း၍လာသော ကျောက်စွယ်တစ်ခုနှင့် ကျောက်ပန်းစွဲကြီးကို တွေ့ရသည်။ ထို ကျောက်ပန်းစွယ်ကြား၌ လွန်စွာသေးမွဲသော အကောင်နက်ကလေးများသည် တန်းစီလျှက်ပြေးနေ၏။

ကြိုးတန်းသဖွယ် တွေ့မြင်လျက်ရှိသော်လည်း တစ် ကောင်နှင့်တစ်ကောင် ဆက်၍ရွေ့လျားနေသည့်အသွင်နှင့် အကောင်ပေါင်းများစွာသည် လိပ်ဆင်း၍တက်သွားနေသည်ကို တွေ့ရ၏။ သေချာစွာစိုက်၍ကြည့်လျှင် အသည်းယားဖွယ်ပင် ဖြစ် သည်။ အကြောင်းမူကား ရှုစိစိဖြစ်လျက်ရှိခြင်းကြောင့် ဖြစ်ပေ၏။

"သွားမထိနဲ့ အစ်ကို ...၊ အဆိပ်ပြီးပ ခရှက်တောင်မို့ ဟူ၍ ခေါ်ပ"

ဟူ၍ ရှုစိစိဖြစ်၍နေရာသို့ ရုတ်တရက် စိုက်ကြည့်နေ သော လုလင်ပျိုထွားအား တောတွင်းသူယမင်းပျိုက ပြောဆိုလိုက် သည်။ တော၏အတွေ့အကြုံကို သူမသည် အတန်ရင့်ကျက်မှုရှိ နေသည်။ တော၏ နက်ရှိုင်းမှုသဘာဝကိုလည်း ပို၍ သဘောပေါက် ထားဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မသဘာဝ ဣတ္ထိယ၏ မှုရင်းပင်ကို အညှင်းအည်း အနွေး၊ အသက်၊ အဖွဲ့အခို၊ ရွှန်းစိုစို အိထွေးထွေးအပြင်သရုပ်ကား တောတွင်းသူဆိုပေမယ့် ပပျောက်ခြင်းမရှိဟု လုလင်ပျိုထွားသည် ကြိုးကြား အတွေးတစ်ချက်မျှ တွေးလိုက်မိသည်။

လိုဏ်ဂူကြီး၏အတွင်းသို့ ဝင်မိကြလျှင် မှောင်ရိပ်သည် ဖြတ်ထိုးကျလာသည်။ ဤနေရာသည် တောင်အောက်တောင်ခြေ သို့ရောက်သော ဖြတ်ထိုးလိုဏ်ဂူလမ်းဟူ၍ လုလင်ပျိုထွားက သဘောပေါက်လိုက်သည်။

"မှောင်နေတယ် ... သတိထားပြီလျှောက်"

လုလင်ပျိုထွားက ယမင်းပျိုအား သတိပေးလိုက်သည်။

"ဟုတ်ပါရှင့် ... အစ်ကို သတိပေးထားသလိုပ ...သွား လျှင်လည်းအတူပ မှောက်လျက်လဲလျှင်လည်း အတူပ"

တောတွင်းသူသည် စကားအရာ၌လည်း များစွာတတ် ရ၏။ ထို့ကြောင့် လုလင်ပျိုထွားသည် သဘောကျနှစ်သက်၍ သွားတော့သည်။ သို့သော်လည်း ချစ်သူအဖြစ် ရည်း (ရဲးစားသယ်) အဖြစ် မတွေးစကောင်းလှ၊ ဟုကား သဘောပေါက်ပြန်ကျ၏။ ဖိုနှင့် မ ခရီးအတူသွားရသည်မှာ မလွယ်လှတောင်း၊ အချိန်မစေ့မီ ပေါက် ကွဲလွင့်စဉ်ဖက်တွဲ ဖက်ခင်တတ်သည်ဟု ခပ်ရေးရေးတွေးလိုက်ပြန် သည်။

တောတွင်းသူယမင်းပျိုသည် ရှေ့မှဆက်၍သွား၏။ လု လင်ပျိုသည် နောက်မှ မလှမ်းမကွာလိုက်၏။ မှောင်လျက်ရှိသဖြင့် ခြေလှမ်းမှန်းရန်ခက်၏။



ဂူ၏အတွင်းပိုင်းသို့ ဖြည်းညင်းစွာဝင်ရောက်ရာ ခြေလှမ်း ပေါင်း အတော်မျှလှမ်းမိကြတော့သည်။ ခြေလှမ်းသည် ကျဲကျဲသာ သာ လှမ်း၍မရ၊ ခပ်စိပ်စိပ် ဖြည်းဖြည်းသာလျှင် လှမ်းရ၏။ ဂူဘေးနံရံ အား လက်ထောက်လျက်သွားရ၏။

တစ်ခါတစ်ခါတွင် အလွန်မှောင်၍သွားပေရာ လုလင်ပျို သည် ရှေ့နံရံကို လှမ်း၍ကိုင်ဖမ်းလိုက်ရာ နံရံအားမတွယ်မိဘဲ ယမင်းပျို၏ ခါးသိမ်ခါးနွဲ့အား လှမ်း၍ကိုင်မိသွား၏။

သူ၏လက်ကြမ်းကြီးဖြင့် ယမင်းပျို၏ ခါးဘေးသားအား ဆွဲလိုက်ရာ 'အိုအမေ့' ဟူ၍ ယမင်းပျိုသည် ယောင်၍အော်လိုက် သာ လုလင်ပျို၏လက်ကြီးအား သူမ၏လက်ဖဝါးဖြင့် ဆုပ်ကိုင် လျက် ရှေ့သို့ မှန်မှန်လှမ်းလျက် သွားပေ၏။

ဤသို့ဖြင့် ကွမ်းနှစ်ရာညက်ခန့်ကို စမ်းတဝါးဝါးဖြင့် လုလင်ပျိုနှင့် ယမင်းပျိုသည် လမ်းလျှောက်ခဲ့ရပေ၏။

မကြာမီ အလင်းရောင်ကိုတွေ့ရ၏။ ဂူပေါက်ဝသို့ ရောက် လာကြသည်။ ဂူပေါက်မှလေအေးသည် စိမ့်ဝင်၍လာ၏။ လေသည် ခပ်စူးစူးခပ်ပြေပြေတိုက်ရာ ချွေးစေးများသည် ချွေးအေး အဖြစ်သို့ ရောက်၍သွားကြလေသည်။

ဂူပေါက်ဝသည် ဝင်စကထက် ပို၍ကျယ်ဝန်း၏။ အပေါ်၌ ဆက်လှမ်း၍မမီနိုင်၊ လူအရပ်သုံးရပ်သာသာမျှ ရှိမည်ဟု ခန့်မှန်းရ ၏။

ဂူပေါက်ဝတွင် ငုတ်တုတ်ထိုင်လျက် သစ်သီးတစ်ခြိုင်အား ချိုးစားနေသော သတ္တဝါငယ်တစ်ကောင်အား တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတ္တဝါငယ်သည် ဂူတွင်းသို့ လှမ်း၍ကြည့်လျက်ရှိ၏။ ဂူတွင်းမှ ထွက်လာသော ယမင်းပျိုအားမြင်လျှင် ထ၍ခုန်၏။

ထို့နောက် ပြေး၍လာပြီးလျှင် ယမင်းပျို၏ ခြေထောက်အား သူ၏ နှာခေါင်းဖြင့် ခပ်ဆွဆွ ခပ်ဖွဖွနမ်းလေ၏။ ထိုသတ္တဝါမှာ မျောက်လွှဲကျော်တစ်ကောင်ဖြစ်၏။

၎င်း၏လက်တံမှာ ရှည်လျား၏။ အမွေးအမှင်များသည် မည်းမည်းမှောင်မှောင်ဖြစ်၏။

လုလင်ပျိုထွားသည် ဂူပေါက်ဝမှထွက်၍ လေကို တဝကြီး ရှူလိုက်၏။ ခပ်စောစောက လေမသန့်သဖြင့် အသက်ရှူပိတ်၍ထားသော လေနှာခေါင်းအိုးအား အားရှိပါးရှိ ဖွင့်၍ တဝရှူလိုက်ခြင်း ပြုသည်။

ဂူပေါက်ဝသည် ကမ္ဘာထိပ်ဝတွင်ပင် ဖြစ်သေး၏။ သလင်း မြေကျောက်စရစ်မြေမျိုးရှိသော တောင်ကုန်းဗိုင်းကြီးပေါ်မှာ ဂူပေါက်ဖြစ်၍ တောင်ခြေတောစပ် အလယ်၌ ကွင်းပြင်ကျယ် ချိုး ဝှမ်းနက်ကြီးကို တွေ့ရပြန်သည်။ ထိုနေရာ၌ မီးခိုးတိုင်များ ခပ်ဆူဆူ ထွက်လျက်ရှိပြီး လွန်စွာသေးငယ်သောအိမ်သဏ္ဌာန် တဲကလေး များတို့ တွေ့ရလေ၏။

"အဲဒါရွာ 'ကောစ' ပဲ အစ်ကို ... ညီမရဲ့ရွာရင်းပေါ့"

ဟူ၍ ယမင်းပျိုသည် သူမ၏ခန္ဓာကိုယ်ပေါ်သို့ ဖက်တက် လျက်ရှိသော မျောက်လွှဲကျော်ကောင်ငယ်အား ဖြုတ်ချလိုက်ရင်း လုလင်ပျိုထွားအား ပြောလိုက်သည်။

"အင်း ... သည်အတိုင်းဆိုလျှင် ကျုပ် ဘယ်လိုပြန်ရမ



ညီမသယ် ဝေးလှချည်း"

ဟူ၍ ပြောလိုက်သည်။

"ဘာခက်သလဲ ... ညီမနဲ့အတူအိပ်ပေါ့"

တောတွင်းသူက ပြောလိုက်သည်။ လုလင်ပျိုထွားသည် ကျ်ဆန်ပြုံး၍သွားသည်။

"ခက်သည်ပဲ ... သည်တောသူမ ဘယ်လိုပြောလိုက် သည်လဲ ... စကားရှက်က စိတ်ရှုထက်စေသည်ကို သင်း အစဉ်မှန်း တတ်သည်လော"

ဟူ၍ လုလင်ပျိုထွားသည် ၎င်း၏စိတ်တွင်း၌ မိမိဘာသာ ပြောလိုက်သည်။ အတူအိပ်စက်ကြတယ်ဆိုတာ လင်မယား သည်ကို သင်း မသိလို့လား။

"ဟင်း ... တောက်၊ ခက်သည်မို့"

မျောက်လွှဲကျော်လေးသည် လုလင်ပျိုထွား၏ ခြေဖမိုးကို လက်သည်းထိပ်ဖြင့် လာရောက်၍ ကုတ်ခြစ်ကြည့်ပြီး နှာခေါင်း နမ်းကြည့်လိုက်သည်။ ထို့နောက် ခေါင်းယမ်းလိုက်သည်။

ရွာ 'ကောစ' သည် မှိုင်းမှိုင်းအူအူဖြင့် တွေ့ရှိနေရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ရွာအိမ်ပျက်နှင့် တဝမှု

BURMESE CLASSIC .com

လုလင်ပျို့ထွားနှင့် ယမင်းပျို့သည် ရွာထိပ်တံခါးေ ရောက်လာသည်။ ရွာစည်းရိုးသည် မြင့်လျက် လူတစ်ရပ်သာ ချည်တိုင်များဖြင့် ချည်နှောင်၍ထား၏။ ရွာပတ်လည်တံခါးများ တွေ့ရ၏။ တောင်ကြားချိုင့်ဝှမ်းအလယ်၌ ရွာတည်ခြင်းဖြစ်ရ အလယ်စုစု၌ ရွာစုသည်သာလျှင် ရှိပေ၏။

တံခါး၌မူ သစ်လုံးများဖြင့် ပိတ်ဆီးထား၏။

ရွာစည်းကြီးကိုကျော်၍ အတွင်းသို့မမြင်ရ။ ရွာပြင်တံ ဝ၌သာလျှင် ရပ်လိုက်ရသည်။ ယမင်းပျို့သည် အပြေးသွား၍ တံခါး၌ ရပ်လိုက်သည်။

'ကောစ' ရွာသည် ရွာငယ်စုလေးမျှသာဖြစ်၍ အိမ်ခြေ ဟန်မတူ။ အဘယ့်ကြောင့် ဤမျှနက်သော တောဂနိုင်တွင်း မည်သော ရွာ 'ကောစ' ကို လာရောက်၍ တည်ထောင်နေသ ဟု လုလင်ပျို့ထွားသည် တွေးလိုက်သည်။



လုံမပျို့အား အကဲခတ်၍ လုလင်ပျို့သည် သုံးသပ်လိုက် သည်။ မြန်မာစကားပီပီသသပြောသည့်ပြင် ပုဂံအဆက်အနွယ် ကားပေါက်အား ပြေပြစ်စွာပြောတတ်နိုင်သည်မှာ မြို့ကြီးနှင့် သလိုရှိ၏။ သို့ရာတွင် ဤတောကား အလွန်နက်၏။

ဤသို့ဆိုလျှင် ပျူမင်းထီး၏ အဆက်အနွယ်များ ပြေးဝင် သားသည့် အဆက်ဖြစ်တန့်ရာမည်။ သေချာအပ်သည်။

ယမင်းပျို့သည် ရွာကောစ၏ တံခါးထိပ်၌ရပ်လျက် ရွာ ည်းရိုးခြံမှ အတွင်းသို့ချောင်း၍ ကြည့်လိုက်သည်။ လုလင်ပျို့ထွား ည်း စိတ်တပူဖြင့် ယမင်းပျို့အား ကြည့်သည်။

ယမင်းပျို့သည် လုလင်ပျို့ထွားဘက်သို့ လှည့်၍ လက် ခေါ် လိုက်သည်။ ထို့နောက် သူမသည် ရွာတံခါးမကြီး၏ ရှေ့သို့ ၍သွားသည်။ လုလင်ပျို့သည်လည်း တံခါးမကြီးအနီးသို့ ရောက် ာ၏။ လုံ့တိုမှိန်းအား သူသည် ကျစ်ကျစ်ပါအောင် ဆုပ်လျက် ၏။ ဤရွာ၌ သူသည် သူစိမ်းဖြစ်၏။ ထို့ကြောင့် သတိချပ်၍ ိုကို အထူးကြပ်မတ်စွာ ဆုပ်ကိုင်ခြင်းဖြစ်သည်။

ရွာအတွင်းမှ မည်သူမျှထွက်၍မလာပေ။ တစ်စုံတစ် က်သောသူမှ ဤရွာတံခါးအား လာရောက်ဖွင့်ပေးခြင်း ည်းမရှိ။ ထူးဆန်းလျက်ရှိချေသည်။

ယမင်းပျို့သည် ရွာတံခါးအား အသာအယာတွန်း၍ ကြည့် သည်။ ရွာတံခါးသည် ခပ်ဖြည်းဖြည်းပွင့်လျက်သွား၏။

"မည်သူမှ မတွေ့တကော၊ ဘာဖြစ်သရီ"

ယမင်းပျို့သည် ခပ်ညည်းညည်းဆိုပြီးလျှင် ရွာတွင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်း၍ဝင်လိုက်သည်။ လုလင်ပျိုထွားသည်လည်း နောက် လှံတိုမှိန်းအား အသင့်ပြင်အနေအထားဖြင့် လှမ်းဝင်လိုက်သည်။

ရွာရှိအိမ်အချို့မှာ ခေါင်မိုးမှပြားလျက် အောက်သို့ကျ ၏။ အချို့အိမ်များမှာ တစ်ဖက်သို့ လဲပြိုလျက်ရှိပြီး အချို့အိမ် တစ်စစီဖြစ်လျက်ရှိပေ၏။ ရွာ၏ဘေးတန်းရှိ နေရာအားလုံးမှာ အ လုံးပင် ပြိုပျက်လဲစဉ်လျက် တစ်ကွဲတစ်ပြားစီဖြစ်လျက်ရှိလေသည်

ရွာလယ်၌ ကြီးမားသော ကျွန်းတိုင်လုံးကြီးများမှာလ ထက်ပိုင်းကြီးကာ အစဦးတိုင်ထိပ်သည် အောက်သို့ထိုးစိုက်လျ အပိုင်းစသည် မြေကြီးထဲသို့ ထိုးဝင်လျက်ရှိပေ၏။ အိုးအချို့သ ကွဲလျက်ရှိပြီးလျှင် ဟိုတစ်ခုသည်တစ်ခု ပျံ့နှံ့လျက်ရှိသော လေး မြားအချို့ကို တွေ့ရ၏။

သို့ရာတွင် ထူးခြားသည်ကား လူအသေကောင် သို့မဟုတ် ဒဏ်ရာအနာတရရှိသူများကို မတွေ့ရခြင်းပင်ဖြစ်

တစ်စုံတစ်ခုသည် ရွာ 'ကောစ' ၌ ကြီးကျယ်စွာဖြစ် သွားပြီဖြစ်သည်။ ယမင်းပျိုသည် ငိုမဲ့မဲ့ဖြစ်လျက်သွား၏။ သို့ရာ မည်သို့မည်ပုံဖြစ်ပျက်သည်ဟူ၍ကား သူမသည်လည်း သေချာ စွာ ပြောဆိုခြင်းပြုနိုင်သည်ကို မတွေ့ရချေ။

ယမင်းပျိုနှင့် လုလင်ပျိုထွားသည် ရွာတွင်းသို့ ဖြည်း စွာ လျှောက်၍လာ၏။ နေရာတိုင်း၌ အပျက်အစီးများကိုသ တွေ့ရ၏။ ရွာထိပ်ရှိ အခြားတံခါးကြီးတစ်ခုမှာ ထက်ပိုင်းကျိုး ရွာဝင်းခြံစည်းရိုးသည်လည်း ယိုင်နဲ့လျက် ထိုနေရာတဝိုက်၌ကြ သော အပေါက်ကြီးတစ်ခုအား တွေ့ရပေ၏။



ရွာ၏အဝန်းအဝိုက်မှာ များစွာကျယ်ဝန်းလှသည်မဟုတ်၊ ရွာငယ်ရွာသိမ်မျှသာဖြစ်ရာ မည်သည့် အန္တရာယ်မျိုးသည် ဤအေး ချမ်းသော ရွာငယ်အား လာရောက်နှောင့်ယှက်ဘိလေသနည်း။

ရွာထိပ်စည်းရိုးပျက်နေရာ ခြေရာများကို တွေ့ရပေသည်။ ခြေရာမှာ အလွန်ကြီးရင့်သောခြေရာ ဖြစ်၏။ ခြေရာမှာ ဆယ်နေရာ ခန့်ရှိပြီးလျှင် ထိုနေရာမှလွဲ၍ ရွာငယ် အတွင်း၌ အခြားခြေရာများကို တွေ့ရခြင်းမရှိပေ။

လုလင်ပျိုထွားသည် ခြေရာများကို စစ်ဆေးကြည့်လိုက် ၏။ ခြေရာမှာ တစ်တောင်ခန့်ရှိမည်ဖြစ်ပြီး ခြေမနှင့် ခြေချောင်းရာ များသည် ခွက်လျက်နစ်ကာ ကျန်ရစ်သည်ကို တွေ့ရ၏။

"ဟင် ... သည့်ခြေရာဟာ အတော်ထူးတယ်၊ ကြောက် စရာပဲ"

လုလင်ပျိုသည် ထိုခြေရာအားကြည့်၍ ယမင်းပျိုအား ပြောလိုက်သည်။ ယမင်းပျိုသည် ခြေရာကို သေချာစွာ ကြည့်ပြီး လျှင် ထိတ်လန့်၍သွားတော့သည်။

ရွာတွင်းအိမ်များသည် ပျက်လျက်ရှိပြီး လူများသည်လည်း အိုးနှင့်အိမ်ကိုပစ်လျက် တစ်စုံတစ်ခုသော အန္တရာယ်ဘေးဆိုးကြောင့် ထွက်ပြေးလျက်ရှိပြီဟု ယူဆရပေ၏။

ရွာကောစ၏ အနေအထားမှာ ရွာစည်းရိုးသာလျှင်ရှိလေ သည်။ အိမ်များနှင့်လူများမှာ ပျက်ပြီဖြစ်၏။

"အန္တရာယ်က ဒီခြေရာပဲဖြစ်နိုင်တယ် ...၊ ဒီဟောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မားတဲ့ခြေရာဟာ သာမန်သတ္တဝါရဲ့ ခြေရာမျိုးမဟုတ်ပေဘူး လူသားအား အန္တရာယ်ပေးမယ့် သတ္တဝါတစ်မျိုးရဲ့ ခြေရာပဲ"

"ဟုတ်ပ အစ်ကိုရင်၊ သည်တောမှာ သည်အဖြစ်မျိုးမကြ ဖူးပ၊ ညီမ ဒုက္ခရောက်ပြီပဲ"

လုလင်ပျိုသည် မျက်ရည်ဝိုင်းလျက်သွားသော တောတွင် ယမင်းပျိုအား ကြည့်လိုက်သည်။ သူမ၏ ရုတ်တရက် ရင်ဆိုင် တွေ့လိုက်ရသော အပူငွေ့ကား တော်တန်သည့်အပူမျိုး မဟုတ် လျှင်း။

နေအိမ်ပျက်သည့်၌ ပင်ပန်းလှသည်။ ယခုမူ အဆွေအမျိုး သည်လည်း ဘယ်ဆီသို့ ပြေးပေသည်မသိနိုင်။ သို့တည်းမဟုတ် သေလေပြီလားဟု မဆိုနိုင်သည့် အခြေအနေမျိုးတွင် ဖြစ်သည်။

"အားမငယ်နှင့်၊ အစ်ကိုတစ်ယောက်လုံး အဖော်သဟာ ပြုနိုင်သေးတာပ။ အကြောင်းချင်းရာကို ရှာဖွေစနည်းရဦးမယ် ..."

လုလင်ပျိုထွားသည် တောတွင်းသူလေးအား နှစ်သိမ့် လိုက်ပြီး သူမ၏ပခုံးသားလေးအား ခပ်ဖွဖွကိုင်လိုက်သည်။ ထို အချိန်တွင် ရွာစည်း၏အပြင်ဘက် တောစပ်တွင်းမှ ကြောက်ဖွယ် သောအသံကြီးတစ်ခုကို ကြားရ၏။ အသံမှာ တောကောင်တစ်ဦး၏ အသံမျိုးဖြစ်သော်လည်း မည်သည့်တောကောင်ဟူ၍ကား ရုတ် တရက် သိသာရန် ခက်ခဲ၏။

"ဘာအသံကြီးလဲ နားထောင်"

ယမင်းပျိုသည် လုလင်ပျိုထွားနားသို့ ကပ်၍လာ၏။ ရွာပျက်သည့်အခြေကိုမြင်လျက် သူမသည်လည်း သွေးလန့်လျက်



ရှိပုံရလေ၏။

"မကြောက်ရို့နှင့် ကြောက်လျှင်ဘာကိုမျှ ရင်မဆိုင်နိုင်"

လုလင်ပျိုထွားသည် သူ၏လက်တွင်းမှ လှံတိုကို ခပ်ဖွဖွ ကိုင်ရင်း မည်သို့မည်ပုံဆက်လက်၍ ရှေ့ဆောင်သွားရမည်ကို စဉ်း စားလျက်ရှိပုံရပေ၏။

တောတွင်းမှ အသံကြီးသည်လည်း ပျောက်၍သွား၏။ ရွာ ကောစသည် တောင်ခြေ၌ ဆောက်တည်၍ထားပြီး တောင်ချောက် ၏ အဆင်း၌ရှိ၏။ သို့ရာတွင် ရွာ၏တစ်ဖက်ဂိတ်ဝသည်ကား ကောစ၏ အစပ်၌ရှိလေသည်။

ရွာထိပ်ဝရှိ တောတွင်းသို့ လှမ်းကြည့်လျှင်ပင် သွားလမ်း အား မတွေ့နိုင်၊ သစ်ပင်ကြီးများမှာလည်း လွန်စွာအုပ်ဆိုင်း၍ တောစောက်နက် တောတစ်တောဖြစ်လေသည်။

လေပြည်လေညင်းသည် ရွာကောစအတွင်းသို့ ဖြတ်သန်း ၍ တိုက်ခတ်ခြင်း ရှိလာသည်။ သို့နှင့် တစ်ဆက်တည်းပင် နေကွယ် ၍လာသည်။ ရွာတွင်း၌ ချက်ပြုတ်စားသောက်နိုင်စရာပစ္စည်းများ သည်လည်း ကွဲပြိုလွင့်စဉ်လျက်ရှိလေသည်။

ဖုတ်ကင်လက်စရှိသော တောကောင်တစ်ကောင်၏ ပေါင်တစ်စိတ်တစ်ပိုင်းသာလျှင် ကွဲပြိုလွင့်စဉ်နေသော အိမ်တစ်ခု၏ ရှေ့မှောက်သို့ ရောက်လျက်ရှိပေ၏။

အခြားနေရာဒေသ၌ မည်သည့်စားဖွယ်မှ မတွေ့ရသေး။ ဤရွာကောစသို့သတ္တဝါတစ်ဦးသည် ဝင်ရောက်မွှေနှောက်စားသောက် သွားခြင်းများပြုခဲ့သည်ဟု တွေးထင်မှတ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း သည်လိုကြည့်နေ၍မဖြစ်စဖူး ညီမသယ်၊ အစီအစဉ်တစ်ခုဖြင့်မှ ဖြစ်မယ် ..."

ဟူ၍ လုလင်ပျိုထွားသည် တောတွင်းသူ ယမင်းပျိုအား ပြောဆိုလိုက်သည်။

ယမင်းပျိုသည် ခေါင်းညိတ်လိုက်သည်။ ထိုအခိုက်တွင် တောတွင်း၌ ခပ်စောစောကအသံသည် ပြန်လည်၍ ကြားလာရပြန်သည်။ အသံကြီးမှာ ကွင်းခေါင်းနက်အသံကြီးမျိုးဖြစ်၍ အပေါ်သို့ တက်၍သွားသော အသံဖြစ်၏။

ငှက်များသည် ထိုအသံကြားလျှင် တောတစ်ဝိုက်ဆီမှ ပျံတက်၍ သွားကြ၏။ ကောင်းကင်၌ တိမ်လုံးသည် ခပ်မည်းမည်း အသွင်ကိုဆောင်လျက် တိမ်တိုက်သည် ဟိုသည်ရွေ့လျားနေပေ၏။

ယမင်းပျိုသည် အားရကျေနပ်ခြင်း မရှိသောဟန်ဖြင့် သူမ၏ရှာဟောင်းအား တစ်ဦးတည်း လှည့်ပတ်လျက်ရှိ၏။

လုလင်ပျိုထွားမှာကား ပတ်ဝန်းကျင်ကိုအလေးထားလျက် လေ့လာခြင်းပြုပေ၏။ အန္တရာယ်သည် အတွင်းမှမလာ၊ အပြင်မှသာလျှင် အတွင်းသို့ ရောက်ရှိလာသည်ဖြစ်ရာ အပြင်ဝန်းကျင်အား လွန်စွာလျှင်သော မုဆိုးကြီးစံထီးပ၏ နည်းပုံစံအတိုင်း ရွာ၏ခြံစည်းရိုးတိုင်ပေါ်သို့ ခုန်၍တက်ပြီးလျှင် ရွာ၏စည်းပေါ်၌ မုဆိုးဒူးထောက်အနေအထားဖြင့် မျဉ်းတစ်ပြေးရှိ ဝန်းကျင်သို့ မျက်စိမျက်ရောက်ပတ်ချာလည် တစ်ချက်မျှကြည့်လိုက်သည်။ ထို့နောက် နားစွင့်ကြည့်၏။

မုဆိုးအတတ်၌ နားစွင့်ခြင်းနှင့် နားလျင်ခြင်းသည် လွန်စွာ



အရေးပါ၏။ နားစွင့်နိုင်ခြင်းနှင့် အသံ၏ဂယက်ကို နားလည်ခြင်းသည် ရန်သူအား ဖယ်ရှောင်ရာ၌ လည်းကောင်း၊ သားကောင်အား ရှာဖွေရာ၌လည်းကောင်း၊ အလွန်အရေးပါ၍ နားစွင့်နားပါးခြင်းနှင့် အသံလှိုင်းများအား လေ့ကျင့်တတ်ခြင်းကို မုဆိုးကြီးစံထီးပသည် အလေးအနက်ထားလျက် သင်ကြားပေးခြင်း ပြုခဲ့သည်။

လုလင်ပျိုသည် ရွာစည်းရိုးသစ်လုံးတိုင်များကြား၌ မုဆိုးဒူးထောက် အနေအထားဖြင့်ကြည့်ပြီး အောက်သို့ခုန်၍ ဆင်းလိုက်သည်။ ထို့နောက် အနီးတစ်ဝိုက်ရှိ သဲမြေမှုန့်များနှင့်ရွှံ့ခဲကို ကောက်ယူလျက် လက်တွင်စစ်၍ မျက်စိနှင့် တစ်တန်းတည်းရှိရန် ကြည့်လိုက်သည်။

မြေကြီးကိုကြည့်၍ ပတ်ဝန်းကျင်ဒေသ၏ တောအနက်အရှိုင်း၊ သားကောင်၊ သားရဲ၏အခြေအနေ၊ သစ်ပင်ပန်းမာလ်တို့၏ ဖူးပွင့်မှုတို့ကို သဘာရင့်နေသော မုဆိုးတို့သည် သိရှိတတ်ကျွမ်းနားလည်ကုန်၏။ မုဆိုးကျမ်းအတတ်၌လည်း အသေးစိတ် ဖော်ညွှန်းခြင်း ရှိလင့်သည်။ ထိုပညာရပ်ကို နားလည်ရန် မုဆိုးကျော်နှင့်အတူ သက်တမ်းငါးနှစ်နီးပါးမျှ လေ့လာဆည်းပူးခြင်း ပြုရသည်။

လုလင်ပျို၏ လက်တွင်းမှ ကျောက်ခဲနှင့် မြေမှုန့်သည် ညိုမည်းရောင်ဖြစ်လျက် အတွင်းသားမြေဝါရောင် တွေ့ရ၏။

လုလင်ပျိုသည် မြေကြီးခဲအားကြည့်ကာ သဘောကျနှစ်ခြိုက်သလို ခပ်ပြုံးပြုံးပြုလိုက်သည်။ ထို့နောက် ထိုမြေကြီးခဲကို သူ၏ဆေးခါးပတ်ဘေးရှိ လွန်စွာကြီးသော လက်သီးဆုပ်ခန့်ရှိသည့် အိတ်ရှုံ့တစ်ခုထဲသို့ ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာပျက်ရှိသောမြေ၊

သဲသောင်မြေ၊

ခြတောင်ပို့မြေ၊

သားရေတွင်းမြေ၊

ပင်လယ်စောင့်နတ်မြေ၊

တို့သည် ဓရာအတွင်း သက်ဆင်းဆိပ်ရောင် မျှင်းလွှဆောင်သည် အသုံးလိုက ဆေးဖော်ရ၏ဟု လုလင်ပျို့သည် တေးအချို့၌ သိရှိဖူးသည့်အပြင် ၎င်း၏ဆရာ ရသေ့ကြီး၏ စာချိုးတစ်ခု၌ သိရှိခဲ့ဖူးလေရာ ထိုရွာပျက်စည်းရိုးအပြင်ရှိ မြေအား လေ့လာကြည့်ရှုရင်း မြေအချို့ကို သိမ်းဆည်း၍ထားလိုက်သည်။

လုလင်ပျို့ထွားသည် ပတ်ဝန်းကျင်နှင့် ဤတောစပ်အနေအထားအားလုံးအား ၎င်း၏ တောမှဆိုးပညာဖြင့် လေ့လာလိုက်ပြီးဖြစ်သည်။ ထို့ကြောင့် အနည်းငယ် စိတ်အေးချမ်း၍ သွားသည်။ ယမင်းပျို့မှာမူကား မျက်ရည်အဝိုင်းသားဖြင့် သူမ၏ရွာတွင်းရှိ တဲအိမ်များဆီသို့ လှည့်လည်၍ ကြည့်ရှုလျက်ရှိ၏။

ထိုအတွင်း သူမသည် တဲငယ်တစ်ခု၏ရှေ့သို့ ရောက်၏။ တဲငယ်သည် ခေါင်မှစ၍ အတွင်းသို့ချိုင့်ဝင်လျက် အတွင်းရှိ အခင်းနှင့် ဘေးကြမ်းပြင်တို့မှာ တစ်စစီပြုတ်လျက်ရှိ၏။ အိမ်ရှေ့ကမှစ်တိုင်သည် အပြင်ဘက်သို့ လဲကျလျက်ရှိပြီး ထိုမှစ်တိုင်ထိပ်တွင် ချည်နှောင်ထားသော ကျောက်ကာပန်းအိုးသည် မြေနှင့်ရိုက်ကာ ခပ်စိပ်စိပ်ကွဲလျက်ရှိ၏။ ဤနေရာကား သူမ၏ နေရာတည်း။

သူမ နံနက်စောစောက ထိုနေရာမှ ထွက်ခွာခဲ့ခြင်းဖြစ်



သည်။ ထိုတဲငယ်၏ရှေ့၌ပင် မိခင်အို 'ပက်ခေါ်' သည် သမီးသည်အား တောကြီး၏အပြင်ဘက် တောင်ဂမို့ယွန်းတွင်းရှိ ကျောက်စက်အိုင်သို့ ရေသွားမကူးရန် အမှာချပ်သည်ကို သူမသည် ပြန်လည်၍ သတိရလိုက်မိသည်။

ကျောက်စက်အိုင်သည် ဤရွာမှ အတန်ဝေးသော တောင်ဂမို့အရပ်ရှိနေရာ ဖြစ်ရာ တောင်ကြီးနှစ်လုံးခန့်ကို ကျော်၍သွားရ၏။ ထိုပြင် ၎င်း၏တောသည် ဤဘက်တောနှင့်မတူ မိကျောင်းရှိခြင်းကြောင့်ဖြစ်သည်။

ထို့အဖြစ်ကို တော၏ယမင်းပျို့သည် ပြန်သတိရ၍ သူမ၏ မိခင်ကြီးအား စိတ်ပူ၍သွား၏။ ထိုမိခင်ကြီးသည် ခြေတစ်ဖက်နှင့် လက်တစ်ဖက် သိပ်မသန်ရှာသည်နှင့် အပြေးအလွှား၌ သူများနည်းတူ ပြေးနိုင်လွှားနိုင်မည်မဟုတ်။ ထို့ကြောင့် အသက်ရှင်တန်ကောင်း၏ မကောင်း၏အား စဉ်းစား၍မရနိုင်ဖြစ်လျက်ရှိသည်။

သို့သော် ဤရွာ၏ ရွာလုံးကျွတ်လူများ ပျောက်ကွယ်လျက်ရှိနေခြင်းက စိတ်တစ်မျိုး သက်သာရာရသွားလေ၏။

တစ်ရွာလုံးသည် ရန်ကိုတိမ်းရှောင်လို့ အခြားတစ်ပါးသောနေရာသို့ ပြေးရှောင်ခြင်းဖြစ်ကာ လူဆက်ခေတ္တဝေး၍ သွားသည်သာဖြစ်လျက် သေရွာသို့သွားသည်မဟုတ်မူ တစ်ကြိမ်၌ ပြန်ဆုံရမည်ဟု စိတ်ကိုဖြေသိမ့်ကာ သူမကိုယ်တိုင်ပင်လျှင်၍ ကိစ္စမှ လက်ငင်းပြဿနာရပ်အား အဖြေရှာ၍ လုပ်ဆောင်မည်ဟုဆိုးဖြတ်လိုက်သည်။

"ဘယ်သို့သွားမည်လဲ ... နမ သည်နေရာမှ မသင့်လှ။

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာသည် အန္တရာယ်ရောက်သည့်နေရာဖြစ်၍ ခေတ္တခဏ ဖြစ်စေ ရှောင်ထွက်သင့်လှတယ် ... ”

လုလင်ပျိုထွားသည် ယမင်းပျိုအား ပြောလိုက်သည်။

“အစ်ကိုကို ညီမ ပြုစုဖို့၊ ကျေးဇူးဆပ်ဖို့ခေါ်လာတာ ... ညီမ ဒုက္ခပြသလိုဖြစ်နေပြီ ... အစ်ကိုသည်းခံပါ”

ဟူ၍ တောတွင်းယမင်းပျိုသည် မျက်နှာငယ်ညိုးစွာဖြင့် လုလင်ပျိုထွားအား ပြောဆိုလိုက်သည်။

“ကိစ္စမရှိလေ ... ဒုက္ခဟူ၍လည်း မယူမှတ်အပ်ပါ ... ညီမအနေဖြင့် သည်တောသည်တောင် သည်အန္တရာယ်က ရှိနေမင့်ပဲ တောဟူသည် ရန်ပြီး၏။ တောင်ဟူ သည် ရန်ငြိမ်းလေဟူ၍ ရသေ့ စကားရှိထားတယ် ညီမ ... ဒါကြောင့် ရသေ့ရဟန်းများဟာ တောင်ပေါ်မှာပဲ တရားတည်ဆောက်တည် လေ့ထွန်းတယ် ... ဒါက သဘာဝတစ်မျိုးပဲ”

ဟူ၍ ဆိုလိုက်သည်။ ရှေးမဆွက ချစ်စရာမျက်လုံးလှလှ သည် ပျောက်ကွယ်လျက်ရှိလတ်၏။ ယမင်းပျို၏အလှသည် နွမ်းပျ ပျဖြစ်လျက် ရှိပေ၏။

ထိုအချိန်တွင် အမှောင်သည် တဖြည်းဖြည်း တွင်းနက်၍ လာသည်၊ မှောင်လျှင် နေ၍မကောင်းတော့ပေ။ တောခြောက်သံ လိုလို ဘေးပတ်ဝန်းကျင်၌ ကြား၍လာရ၏။ ငှက်မြည်သံစာစာများ သည် ခပ်ဆိတ်ဆိတ်ဖြစ်လျက် ရှိတော့သည်။

တောလင်းတသံသည် ခပ်ဝေးဝေး၌ မြည်တူးလျက်ရှိ သည်ကို ကြားလိုက်ရသည်။ တစ်ချက်တစ်ချက်တွင် ဤရွာပျက်



တွင်းသို့ လင်းနို့မည်းမည်း သတ္တဝါအချို့သည် တဗိုးဗိုးပျံသန်းလျက် လာလေသည်။ ထို့နောက် လုလင်ပျိုထွားနှင့် ယမင်းပျိုအနီးမှ ဖြတ်၍ပျံသန်းလာပြီးလျှင် တောအုပ်အတွင်းဆီဘက်သို့ ပျံသန်း၍ သွားလေ၏။

ယမင်းပျိုသည် လုလင်ပျိုထွားပြောဆိုသည့်အချက်တို့ အား မည်သို့မျှ ပြန်လှန်ဖြေကြားပြောဆိုခြင်းမပြုနိုင်သေးဘဲ သူမရပ် တည်လျက်ရှိသော တဲအိမ်ပျက်ရှေ့မှ မုခ်စင်တိုင်၌ ချိတ်ဆွဲထား သော ရေတကောင်းအား စူးစိုက်ကြည့်လျက်ရှိပြီး ထိုရေတကောင်း အိုးအား တိုင်မှဖြုတ်ယူခြင်းပြုလိုက်သည်။ မြေရေတကောင်းအိုးမှာ အတော်အတန် ကြီးမားမှုရှိပြီးလျှင် ဆေးရေးမြေပန်းချီအချို့၏ လှပ မှုကို တွေ့ရ၏။

ထိုရေတကောင်းမှာ တိုင်ထိပ်၌မှောက်လျက် ချိတ်၍ထား ပြီး ထိုရေတကောင်း၏ဖင်ပိုင်းမှာ ကွဲအက်လျက်ရှိပေ၏။ ထိုအက်ကွဲ ကြောင်း၌ ပေရွက်တစ်ရွက်သည် ထောင်လျက်သားအက်ကြောင်း ၌ စိုက်၍လျက်ရှိသည်ကို တွေ့ရပေ၏။

ယမင်းပျိုကြည့်သောနေရာကို လုလင်ပျိုထွားသည် စိတ် ဝင်စားသွား၍ ထိုပေရွက်ကို ဆွဲ၍နုတ်ကာ၀ ရေတကောင်းအိုးကိုပါ ယူလိုက်လေသည်။ ပေရွက်၌ မင်နက်ဖြင့် ရေးဆွဲထားလေသည်။

ယမင်းပျိုသည် ပေစာရွက်အား ဖတ်ပြီးနောက် ခပ်ငေး ငေးဖြစ်လျက်သွားပေ၏။ သို့ရာတွင် ၎င်း၏ဘေးမှ လုလင်ပျိုထွား သည် ပြုံးရယ်လျက် စကားစတော့သည်။

“ညီမနာမည် တဝမှု ဟုတ်သဘော ... ”

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ အစ်ကို၊ ညီမနာမည်က တဝမှူး တောတွင်းသူ တဝမှူးပါတည်း ... "

ဟူ၍ ယမင်းပျိုသည် အသံခပ်ဝဲဝဲဖြင့် လုလင်ပျိုထွားအား ပြောဆိုလိုက်သည်။

"ကောင်းတယ်၊ ချစ်တစ်ပါးနာမည်ပဲ။ သည်သို့နာမည်က ပေါက္ကံမြို့ကြီး၌သာ ယဥ်ပါးလှသည်။ ဘောက်မဲ့ကြောင့် ဤတောတွင်း၌ တည်နေသယို့ ... "

ဟူ၍ လုလင်ပျိုထွားသည် ပေါက္ကံပြည်သား၏ လေချိုးသံအတိုင်း ပြောဆိုလိုက်သည်။

"သည်ဟာတွေကနောက်မှထား၊ညီမစိတ်ထွက်မကောင်းလှပေဘူး၊ ဟုတ်စရော ... "

ရေတကောင်းအိုးမှ ပေရွက်ကို လုလင်ပျိုထွားသည် ဖတ်ရှုပြီးနောက် သူမအား ပေးလိုက်သည်။ ယမင်းပျိုသည် ထိုပေရွက်ငယ်အား သူမ၏အပေါ်လွှာပါး ခြုံထားသော ခါးစည်းကြိုးတွင်းသို့ လျှိုသွင်းလိုက်လေသည်။

ထိုအချိန်တွင် တောတွင်း၌ တောခေါင်းသံနက်ကြီးတစ်ခုကို ကြားရမြန်လေသည်။ ထိုအသံကြီးကား ဤတစ်ကြိမ်တွင် ပို၍ကြောက်မက်ဖွယ် ပေါ်ထွက်လာလေသည်။ ထို့ကြောင့် 'တဝမှူ' ဟူသော တောတွင်းသူမလေးသည် လုလင်ပျိုထွား၏ လက်မောင်းအား ဆွဲ၍ခိုလိုက်သည်။

လုလင်ပျိုထွားသည် လက်တစ်ဖက်က သူ၏လှံတိုမှိန်းအား ကိုင်၍ လှံခေါင်းထိပ်ဝကို လှည့်၍ဖွင့်လိုက်သည်။ ထိုလှံတို



မှိန်း၏ထိပ်သည် ပြွန်ချောင်းအပေါက်ဖြစ်လျက်ရှိသည်။ အပေါ်တွင် သင်းတိုက်နှစ်သားအုပ်ဆိုင်း၍ အတွင်း၌ ဝန်းဝိုက်သော သံပိုက်ပြွန်အား သေသပ်လှပစွာ ပြုပြင်၍ထား၏။

တစ်တောင်ထွာခန့်ရှိသော တုတ်တိုသဏ္ဌာန်ဖြစ်လျက်သွား၏။ လက်ကိုင်ရိုးထိပ်၌ ကြိုးခွေကိုရစ်၍ ပတ်ဆိုင်းထားသည်။ ထိုကြိုးစအား ခဲသီးအဖုကလေးတစ်ခုဖြင့် စုချည်၍ထားသည်။ ထိုနေရာမှ ကြိုးကိုဖြေလိုက်သောအခါ အပေါက်ငယ်တစ်ခု ထွက်၍လာ၏။

လုလင်ပျိုထွားသည် ၎င်း၏ဆေးခါးပတ်အနောက်ဘက်ရှိ အိတ်ငယ်အား နှိုက်၍ ထိုနေရာရှိ ကွင်းထိုးလေးတစ်ခုအား ဖြုတ်လိုက်သည်။ အတွင်းမှ ရှည်မျောမျော မြားတံလေးတစ်ခုထွက်၍လာသည်။ ထိုမြားထိပ်၌ ဝါကျဉ်ကျဉ်အရည်အချို့ သုတ်လူး၍ထားပေ၏။ အဆိပ်လူးမြားတံဖြစ်၏။ ထိုမြားတံနှစ်ချောင်းကိုယူကာ လုလင်ပျိုထွားသည် လှံတိုမှိန်း၏အရိုး၌ တပ်၍ သားရေပတ်စည်းလိုက်သည်။

တောတွင်းသူသည် လုလင်ပျိုလုပ်သည်များကို စူးစိုက်စွာ ကြည့်ရှုလျက်ရှိ၏။ ထိုမြားတံကို သေချာစွာ စည်းနှောင်ပြီးသော် လုလင်ပျိုထွားသည် ၎င်း၏ ဆေးခါးပတ်လက်ယာအစွန်း၌ လှံသွားကို ချိတ်လိုက်သည်။

"မုဆိုးအတတ်ကို အစ်ကိုတတ်သလား ... "

လုလင်ပျိုထွားသည် မည်သို့မျှပြန်လည်ဖြေကြားခြင်းမပြုဘဲ ငြိမ်သက်စွာ နေလိုက်သည်။ လှံတိုမှိန်း၏ လှံသွားကို သေချာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စွာ ပြီးစီးအောင် တပ်လိုက်၍ နေရာကျမကျ စစ်ဆေးခြင်းပြုလိုက် သည်။

"အသက်ရှင်နိုင်အောင် ပြုလုပ်ထားရတာပလေ၊ မင်းတို့ တောက ဘာတောမှန်းမမှန်းသာပ၊ တောက တကယ်ရိုင်း၊ တကယ် နက်မဲကိုး ..."

လုလင်ပျိုထွားသည် ၎င်း၏အသုံးဝင်လှသော လှံတိုမှိန်း နှင့် ဆေးခါးပတ်ကို သေချာစွာစစ်ဆေးပြီး ကျေနပ်၍သွားသည်။

"အစ်ကို တောတွင်းသားအတတ်ကိုရော တတ်သလား"

တောတွင်းသူသည် လေသံနွဲ့နွဲ့ဖြင့် ပြောလိုက်သည်။ သူမ၏အသံသည် နွဲ့၍နေသကဲ့သို့ပင် လူလည်း သွယ်သွယ်လျလျ ဖြစ်လျက်ရှိနေပေသည်။

တောသည် လေတစ်ချက်ဝှေ့လျှင် သစ်ပင်များ၏ယိမ်းထိုး ဇွေ့ဝိုက်သံများကို ပို၍ကြားရသည်။ ဥတုအနေအားဖြင့်လည်း အေး သက်သက် ချမ်းစိမ့်စိမ့်ဖြစ်လျက်လာသည်။ တောတွင်းသူ၏အနေ ကို လုလင်ပျိုထွားသည် မည်သို့မျှဖြေကြားခြင်း မရှိ၊ ခပ်မဆိတ်နေ လိုက်သည်။

ညဥ့်ဘက်ပိုင်းသို့ရောက်လာသည်။ လမ်းခရီးအတက် အဆင်းသွားလာရုံမျှနှင့်ပင် တစ်ညနေကုန်ခဲ့သည်။ ခရီးသွားရင်း စကားပြောဆိုသဖြင့် ခရီးအတာလည်း ပို၍ကြာသွားသည်။ ယမင်း ပျို တောတွင်းသူ တဝမှုသည် ဤတောဤတောင်အား ကျွမ်းသော် လည်း လုလင်ပျိုထွားသည် မနံ့စပ် မကျွမ်းကျင်၊ ထို့ကြောင့် လမ်း သည် ပို၍ခရီးအတာ ကြာရှည်၍သွားခြင်းဖြစ်သည်။



"ကိုင်း ... ညီမသယ်၊ မည်သည့်နေရာသို့ သွားမည်ပ၊ ဤ နေရာဒေသ၌ မည်သည့်အရပ်အနေသည် မည်သို့ရှိသည်ကို အစ်ကို သိ။ ရန်ရှိကသာလျှင် အစ်ကို ရင်ဆိုင်တွေ့မည် ..."

ဟူ၍ လုလင်ပျိုထွားသည် တောတွင်းသူတဝမှုအား အခြား ဘာမျှ နောက်ထပ်ပြောဆိုခြင်းမပြုဘဲ ရှာတွင်းသို့ မျက်စိဝဲလှည့်၍ ကြည့်လိုက်သည်။

ရှာလယ်ကျွန်းတိုင်ကြီး၏ အနီး၌ အရှက်ကောင်းကောင်း ပေါက်ဆိန်တစ်ချောင်းအား တွေ့လိုက်ရသည်။ ထိုပေါက်ဆိန်သည် အတန်အတင့် အရိုးတံရှည်ရာ ထင်းခုတ်ပုဆိန်ဖြစ်သည်ကို တွေ့ လိုက်ရသည်။

ထို့ကြောင့် လုလင်ပျိုထွားသည် ထိုနေရာသို့ အပြေး သွားသွားရောက်လိုက်ပြီးလျှင် ပုဆိန်အား ကောက်ကိုင်လိုက် သည်။ ထို့နောက် ခပ်စောစောက ရှာ၏တံခါးမုခ်ဖျက်လျက်ရှိသော နေရာဘက်ဆီသို့ သွားလိုက်သည်။ တဝမှုလည်း လိုက်သွား၏။

ခြေရာကွက်ကြီးကား ထင်လျက်သားရှိပေသေးသည်။ ဝင်နေသော ခြေမရာကြီးကား ကြောက်မက်ဖွယ်ကောင်းလှ သည်။

လုလင်ပျိုထွားသည် ပုဆိန်ကိုကိုင်လျက် ရှာစည်းရိုးတံခါး သို့ သွား၏။ ၎င်း၏ကျောပြင်၌ လှံတိုမှိန်း၏အရိုးကို စိုက်၍ထိုး သည်။

လုလင်ပျိုထွားသည် ပုဆိန်ကိုလွှဲ၍ စည်းရိုးသစ်လုံးတိုင် ၌ စည်းနှောင်ထားသော ကြိုးစများကို ဖြတ်လိုက်ရာ ရှာစည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခြမ်းရှိ သစ်လုံးပုံကြီးသည် ဝုန်းခနဲ ပြုတ်ကျလာသည်။ တဝ
သည် လုလင်ပျိုလုပ်ဆောင်သည်များကို နားမလည်နိုင်စွာပြ
ကြည့်ရှုနေလိုက်သည်။

လုလင်ပျိုထွားသည် သစ်လုံးများကို ဆက်တိုက်ဖြ
တောက်ခြင်းပြု၏။ ထို့နောက် ရွာထိပ်အပေါက်ဝ၌ စုပုံလိုက်
သည်။

ထို့နောက် လုလင်ပျိုထွားသည် ရွာပျက်ကြီးအတွင်း
စိမ်ပြေနပြေ လျှောက်၍ကြည့်ရှုလေသည်။ ၎င်း၏လက်၌ ပု
တစ်ချောင်းကို အားပါးတရ ကိုင်လျက်ထား၏။

ထို့နောက် ခပ်ကြီးကြီးအိမ်ကြီးတစ်ဆောင်၏အမိုးကို
၏ပုဆိန်ဖြင့် ခုတ်ဖြတ်ပြီးလျှင် ထိုအိမ်၏ခေါင်မှ ထန်းလက်ရွက်မ
နှင့် သစ်လုံးတိုင် ခပ်သေးသေးများကို စနစ်တကျပုံလိုက်သည်။

ထို့နောက် မီးခတ်ကျောက်တုံးနှစ်တိုင်နှင့် ကညင်ဆီ
တိုင်တစ်ခုကို ရှာဖွေလိုက်ပြန်သည်။

"ညီမ ဘာကူလုပ်ရမလဲ အစ်ကို ..."

'တဝမူ'သည် ချွေးစေးများကပ်အောင် အလုပ်များ
ဆက်တိုက်လုပ်လျက်ရှိသော လုလင်ပျိုထွားကို မေးလိုက်သည်။

"အားလုံးပြီးပြီကွယ့်။ ဒီအရပ်ဟာ မနေအပ်တဲ့အရပ်ဖြစ်
ညဘက်မှာ ရန်သူတွေ သည်ကိုတစ်ခေါက် ပြန်လာပေလိမ့်ဦးမ
ဒီတော့ ရှေ့တောအုပ်ကိုဖြတ်ပြီး သင့်တင့်ရာကို ပြေးလွှားနိုအော
ဖို့ လိုအပ်တယ် ... အဲဒီတော့ ကျုပ်ဟာလည်း တောတွင်းသား
နို့ဒူတအတတ်ကို အောင်ပြီး၊ တောတွင်းသားအဖြစ်ကို လုပ်ဆော



ဦးမယ်၊ မင်းတို့ ရွာစီးရွာခေါင် ရွာသူကြီးတွေက တောထဲမှာသာ
တွေ့တာပဲ၊ တောရဲ့အတတ်ရဲ့ တောတွင်းဂုန္နီဒူတအတတ်ကို
ဆောင်နိုင်ဘူး၊ သည်ဟာကြောင့် ရွာပျက်ရတာ ..."

ဟူ၍ လုလင်ပျိုထွားသည် တောတွင်းသူ 'တဝမူ'အား
ပြောဆိုလိုက်သည်။ အသံမှာ ရေးယခင်က အသံမျိုးမဟုတ်ဘဲ ခပ်
အင်းတင်း ခပ်မာမာဖြစ်ကာ လုလင်ပျိုထွား၏ ကြွက်သားမျှင်များ
သည် အမြောင်းလိုက် အထစ်လိုက်ထလျက်လာသည်ကို တွေ့နေရ
သေသည်။

ရှည်လျားသော ဆံနွယ်လိမ်မှာလည်း မာန်ထသောခြင်္သေ့
ပန်းသဏ္ဌာန်သို့ ရောက်ရှိနေသည်ဟူ၍ပင် ထင်မှတ်စဖွယ်ရှိတော့
သည်။ လည်ပင်းအောက်ရှိ မှဲ့နက်လုံးထိပ်မှ ရှည်လျားသော အမွေး
ည်နှစ်ချောင်းမှာ ချွေးစေးများကပ်လျက် ရင်ဘတ်တွင်း၌ မည်း
က်ခွေလိမ်စွာ ကပ်လျက်ရှိပေသည်။

လုလင်ပျိုထွားသည် ကြိုးရှည်တစ်ချောင်းကိုယူ၍ ၎င်းရွေး
ယ်ထားသော ပစ္စည်းတစ်ခုအား ချည်နှောင်လိုက်သည်။ 'တစ်ဝ
ကလည်း ကြိုးစည်းကိုဝိုင်းလျက် စည်းနှောင်ပေးခြင်းပြုလေသည်။
ကြိုးမှာ နွယ်ကြိုးမျှင်များကို ယှက်လိမ်၍ထားသော ကြိုးဖြစ်၍ လွန်
ခိုင်မြဲခြင်းရှိလေသည်။

"ရွာဖြင်ထွက်စို့ ..."

လုလင်ပျိုထွားသည် ကြိုးချည်ပြီးသော ကပ်စများနှင့်
တိုင်များကို တစ်စစီထမ်းကာ ရွာထိပ်တံခါးပျက်ကြီးအနီးသို့ သွား
ပုံလိုက်ပြီးလျှင် တောတွင်းသူ တဝမူအား ရွာမြင်ကို ထွက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြင်လိုက်သည်။

ရှာပတ်ဝန်းကျင်ရှိ တောသည် မှောင်၍လာပြီးလျှ… အမှောင်တောတန်းကိုသာလျှင် တွေ့ရတော့သည်။ တောကော… များ၏ ဟိန်းသံများနှင့် ခွေးဟောင်သံများသည် ပေါ်ထွက်၍လာ… ၏။

ရှာထိပ်တံခါးမျက်ကြီးအား လုလင်ပျိုထွားသည် တွန်း… လှဲချလိုက်သည်။ တံခါးချပ်ကြီးသည် မူလကပင် နွဲ့နေရကား ဝုန်း… မြည်လျက် အောက်သို့ပြုတ်ကျသွားသည်။

တောကောင်ငယ်များ တောတွင်း၌ လန့်လျက်ပြေး… သည့်အသံကို ကြားရသည်။ တံခါးမကြီးသည် အတော်အတန် ကြ… မားသော တံခါးမကြီးဖြစ်ပေရာ မြေကြီးနှင့် ရိုက်ခတ်သွားသေ… အသံသည်ကား ကျယ်လောင်မှုရှိလေသည်။

ရှာထိပ်၌ရပ်လျက် တောတွင်းသို့ဝင်ရန် မြေကမူရှိ မြက်… အကြားတွင် ခေတ္တထိုင်လျက် လုလင်ပျိုထွား၏လက်၌ ရှာပု… အတွင်းမှ ယူဆောင်လာသော မြေဆေးတံတစ်ချောင်းနှင့်ဆေး… ရွက်တစ်ဆုံကိုထည့်ကာ ပါးစပ်တွင် ကပ်လိုက်သည်။

လုလင်ပျိုထွားသည် မီးခတ်ကျောက်တုံးအားယူ၍ မ… လိုက်ပြီးလျှင် သစ်ရွက်ခြောက်အချို့အား မီးရှို့လိုက်သည်။ … နောက် သစ်ကိုင်းခြောက်တစ်ခုဖြင့် ၎င်း၏မြေဆေးတံအိုးရှိ ဆေး… ရွက်ဆုံအား မီးရှို့၍ မီးညှိလိုက်ရာ ဆေးနံ့ထွက်၍လာပြီး ရှူသော… ရန် နေရာကျသွားတော့သည်။

ဆေးနံ့မှာမှိုင်းရွှေရွှေ စိမ်းဖန့်ဖန့်အနံ့အသက်ဖြစ်၍ထိုဆေး…



…အနံ့သည် တစ်စုံတစ်ခုသော ဝေဒနာအား ကုစားရန်အတွက် သင့်…လျော်သော ဆေးရွက်တစ်မျိုး၏ရနံ့မျိုးဖြစ်လေသည်။ ထိုဆေးရွက်…နံ့ကို လုလင်ပျိုထွားသည် သူ၏ဆေးခါးပတ်အိတ်အတွင်းမှ ယူ…ဆောင်ခြင်းဖြစ်လေသည်။

လုလင်ပျိုထွားသည် ခေတ္တမျှ ဆေးတံကိုငုံ၍ ဖွာလိုက်ပြီး …ငွေ့ထုတ်ရင်း စဉ်းစားခန်းပြုလိုက်သည်။ လူရွယ်သည် ကျောက်…ရစ်တုံးပေါ်၌ထိုင်လျက် တောတွင်းသို့ကြည့်လိုက်၊ မြေဆေးတံအိုး…ကို ကြည့်လိုက်၊ တောတွင်းသူ 'တဝမ္မ'အားကြည့်လိုက်ဖြင့် စိတ်ကူး…ယဉ်လျက်ရှိ၏။ သွေးအေးအေးထားလျက် စဉ်းစားခြင်းဖြစ်လေ…သည်။

တောတွင်း၌ မှောင်လျက်ရှိပြီဖြစ်သည်။ လုလင်ပျိုထွား…သည် ယမင်းပျို 'တဝမ္မ'အားပင် သဲကွဲစွာ မြင်နိုင်စွမ်းမရှိအောင် …မှောင်လျက်ရှိပေ၏။

လုလင်ပျိုထွား၏ဝမ်းတွင်း၌ တကြွတ်ကြွတ်မြည်လျက် …အလောင်မွတ်သိပ်လာလေသည်။

လုလင်ပျိုနှင့်တောတွင်းသူသည်ခရီးပန်းလှသည့်ကျောက်…ဆောင်ကြားလမ်းမှ ဖြတ်သန်း၍လာရသည့်တိုင် ရေတစ်ပေါက်မျှ…ပင် သောက်ငုံခြင်းမပြုခဲ့ရသေး၊ ညစာအချိန်ထက်ပင် ကျော်လွန်၍ …လာလေသည်။

ထိုအချိန်တွင် မည်းမည်းလှုပ်လှုပ်သတ္တဝါငယ်တစ်ကောင်…သည် တောစပ်တစ်လျှောက်မှနေ၍ လှုပ်ရှားလျက် တောတွင်းသူ 'တဝမ္မ'အနီးသို့ ရောက်၍လာသည်။ ထိုသတ္တဝါလေးသည် 'တဝမ္မ'

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ရောက်လျှင် လက်တစ်ဖက်ဖြင့် ခြေထောက်အား ကုတ်လိုက်သည်။

'တဝမ့်'သည် စိတ်ပျက်သည့်အသွင်သဏ္ဌာန်ဖြင့် သက်ပြင်းတစ်ချက် 'ဟင်း'ခနဲချလိုက်ပြီးလျှင် ထိုသတ္တဝါလေးအား ပွေ့ချီလိုက်သည်။ ကျောက်ဂူကြီးဝ၌ တွေ့ခဲ့သော 'မျောက်လွှဲကျော်'လေး ပင် ဖြစ်၏။ မျောက်လွှဲကျော်လေး၏ လက်တွင် သစ်သီးများပါ၍ လာပေ၏။ သစ်သီးများမှာ အတန်ကြီး၏။

'တဝမ့်'သည် မျောက်လွှဲကျော်လေးအား သူမ၏ပခုံးထက်တွင် တင်လိုက်ပြီး သစ်သီးများကို ယူ၍စားလိုက်သည်။ တစ်လုံးကို လုလင်ပျိုထွားအား ပေးလိုက်သည်။

လုလင်ပျိုထွားသည် သစ်သီးအား စားလိုက်သည်။ မျောက်လွှဲကျော်လေးသည် သစ်သီးတစ်လုံးအား သူ၏သွားထက်ထက်ဖြင့် ခွပ်ခနဲ ခွပ်ခနဲကိုက်လျက် စားလေသည်။

"တော်သေးတာပ ... "

လုလင်ပျိုထွားသည် 'တဝမ့်'အား ပြောလိုက်သည်။

"သည်တောမှာ တောကောင်အချို့က ညီမရဲ့အဖော်တွေပဲ၊ အစ်ကို သူတို့ဆီက လိုအပ်သမျှ အကူအညီတောင်းလို့ရတယ်"

"ကောင်းသည်ပေါ့၊ မျောက်လွှဲကျော်တစ်ကောင်တော့ အစ်ကိုတို့နဲ့ ခေါ်ထားပေဦးမှာပ၊ သည်ညသည် ခရီးတာဆန့်ပြီး သစ်အိမ် ဆောက်မယ် ... "

"ဘယ်မှာ ဆောက်မှာလဲ အစ်ကို ... "

"သည်တောမှာပဲ ဆောက်မယ်၊ သစ်ပင်ကြီးရဲ့ခွမှာ သစ်



လုံးအိမ်ဆောက်မယ် ... "

ဟူ၍ ပြောလိုက်ရာ တောတွင်းသူ 'တဝမ့်' ဟင်းခနဲ သက်ပြင်းချလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ကြောက်မက်ဖွယ် သတ္တဝါ

တောတွင်းရှိ သစ်ရွက်များသည် လေတိုးသံကြောင့် တရှဲရှဲ မြည်ဟည်းလျက်ရှိပေ၏။ တစ်ချက်တစ်ချက်တွင်လည်း လေသည် ပြင်းစွာ တိုက်လိုက်ခြင်းကြောင့် သစ်ပင်လုံးကြီးများပင်ဖြစ်လင့် ကစား ယိမ်းထိုးလှုပ်ရှား၍သွား၏။

ထိုအချိန်တွင် မိုးပါ ပြင်းထန်စွာ ဝင်ရောက်လာပေခြင်း ကြောင့် သစ်ပင်လုံးများသည် ရေများဖြင့် ချောကျိလျက်ရှိတော့ သည်။

တော၏အမှောင်နှင့် လေ၏အဝှေတွင် သစ်ရိုင်းပင်တို့ သည် မွေ့ယမ်းလျက်ရှိပေတော့သည်။ တောကောင်များသည်ပင် ကပ်လျက်၊ ဝပ်လျက်၊ မိုးသည်းလေဒဏ်ကို ပြင်းထန်စွာခံရလျက်ရှိ ပေသည်။



ညဉ့်နက်ပိုင်းသည် ပို၍ရောက်လာ၏။ ထိုအချိန်တွင် ရွာ ပျက်ကြီး၏ထိပ် တံခါးမျက်အနီးသို့ လွန်စွာကြီးမားသော သတ္တဝါ ကြီးတစ်ကောင်သည် ရောက်လျက်လာလေသည်။ ထိုသတ္တဝါကြီး မှာ တုတ်ခိုင်လွန်း၍ လွန်မာမြင့်မားခြင်းရှိ၏။ လက်မောင်းနှစ်ဖက် မှာ သစ်ပင်လုံးခန့်ရှိပေ၏။ ထို့ပြင် ပေါင်တံနှစ်ဖက်နှင့် ခြေတံနှစ် ဖက်မှာလည်း လွန်စွာရှည်လျားသော အမွေးအမှင်များကို တွေ့ရ ၏။

ထိုသတ္တဝါကြီးသည် တရွေ့ရွေ့နှင့် ရွာပျက်၏တံခါးဝကို ကျော်လွှားကာ ရွာပျက်ကြီးအတွင်းသို့ ဝင်ရောက်၍ သွားလေ၏။ ထို့နောက် ရွာတွင်းရှိ ပစ္စည်းများ၊ တဲအိမ်ပျက်များကို ကိုင်ဆွဲလျက် မွှေယမ်းခြင်းပြုလေ၏။ တစ်ချက်တစ်ချက်တွင် သစ်သားတိုင် ရွာ ည်းရိုးများကို ခြေဖြင့်ကန်ကျောက်ခြင်း ပြု၏။ သစ်လုံးတိုင်များ ည်း ပြုတ်ကျ၏။

ထိုသတ္တဝါကြီးသည် စိတ်ထင်တိုင်းကျဲလျက်ရှိတော့သည်။ မဆွက ပျက်စီးနေသော အိမ်ပျက်များသည် တစ်စစီဖြစ်အောင် ပြန့်ကျဲလျက်သွားလေ၏။

ထိုသတ္တဝါကြီး၏အရွယ်အစားမှာ ကျောက်တောင်အငယ် ချပင် ရှိနိုင်သည်ဟု ခန့်မှန်းရပေ၏။ ကြောက်မက်ဖွယ်အမြည့် ပေ၏။ ထိုသတ္တဝါကြီးသည် ရွာပျက်ကြီးအား မည်သို့မည်ပုံ စိတ် စိတ်ထွက်လျက်ရှိသည်ကို မသိနိုင်အောင်ပင် စိတ်တိုင်းကျ ဖျက် လျက်ရှိပြီးလျှင် တစ်ချက်တစ်ချက်တွင် ဂရုဂရဲဖြင့် လွန်စွာပေါသ ကျသည့် ပုံသဏ္ဌာန်ဖြင့် ဟိန်းဟောက်လျက်ရှိပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုသတ္တဝါကြီးသည် စိတ်ကျေနပ်စွာဖြင့် တောစပ်သို့ တစ်လှမ်းချင်း တိုး၍လာပေ၏။

တောတွင်းရှိ လွန်စွာကြီးမားသော သစ်ပင်ကြီး၏ သစ်ခွကြားရှိ လွန်စွာကြီးမားသော သစ်ခေါင်းပေါက်ကြီးအတွင်း၌ လုလင်ပျို်သည် သစ်ခေါင်းပေါက်ဝမှနေ၍ ဤအချင်းအရာကို သေချာဂနစွာ စူးစမ်းခြင်းပြုလေသည်။ သစ်ခေါင်းပေါက်၏အထက်၌မူ 'တဝမူ'နှင့် မျောက်လွဲကျော်သည် သစ်ပင်ကြီး၏အကွယ်အကာကို ယူ၍ထား၏။ မျောက်လွဲကျော်လေးသည် ၎င်း၏ခန္ဓာကိုယ်၌ မိုးရေစက်များ စိုရွှဲလျက်ရှိပေသဖြင့် နိုက်ခိုက်တုန်ချမ်းလျက် ရှိပေ၏။

လျှပ်စီးပန်းနွယ် လျှပ်စစ်စီးကြောင်းများ၏ တစ်ချက် တစ်ချက်လင်းလက်မှုကြောင့် တောကောင်သတ္တဝါကြီး၏ အပြုအမူများကို လုလင်ပျို်ထွားသည် မြင်နေရခြင်းဖြစ်လေသည်။

"အင်း ... အတော်ဆိုးတဲ့ သတ္တဝါပဲ ..."

ဟူ၍ စိတ်တွင်းမှ ရေရွတ်လိုက်ပြီးလျှင် လုလင်ပျို်ထွားသည် သူ၏ဆေးခါးပတ်ကြားတွင်ထားသော လုံ့တိုမှိန်း၏အဝိုးပြောင်းကို ထုတ်ယူပြီးလျှင် ထိုပြောင်းတွင်းသို့ အဆိပ်လူးမြားကို သေချာစွာ ထည့်လိုက်၏။

အဆိပ်လူးမှုတ်ပြောင်းပစ်လွှတ်ခြင်းအတတ်အား ကောင်းမွန်စွာတတ်ရန် တစ်နှစ်တာကာလအထိသေချာစွာ မုဆိုးကြီးစံထိုးပ ထံတွင် လေ့ကျင့်ခဲ့ရသည်။

သစ်ပင်ပေါ်မှ စာတစ်နှိုက်၊ ဖျိုက်ပေါက်အထိ မှုတ်နိုင်စွမ်းရှိ၍ စွန်ရဲ၏မျက်လုံးသို့ပင် ထိုဆိပ်လူးပြောင်းအား ပစ်လွှတ်နိုင်



အောင် လေ့ကျင့်ချိန်သား၊ နယ်ယားတွင်းပေါက်၊ လေထောက်၊ လေသွင်း၊ အားယူမျှင်းနိုင်သည်အထိ ကျင့်ဆောင်ခဲ့ရပေသည်။

လုလင်ပျို်ထွားသည် အဆိပ်လူးမှုတ်ပြောင်းကို သေချာစွာ ထောင်လိုက်သည်။ ခြေထောက်တစ်ဖက်ကမူ သစ်ခေါင်းတွင်းမှ သစ်ခေါင်းကို ကုပ်၍ထားပေ၏။ ဤသတ္တဝါကြီးသည် မည်သည့်နေရာမှ ဤသို့လာသည်မသိနိုင်၊ ဤတောတွင်းသို့သာ ဖြတ်လျက်သွားသည်မှာ သေချာ၏။ ခပ်စောစောက တောဟိန်းသံကြီးတစ်ခုမှာလည်း ဤသတ္တဝါကြီးပင် ဖြစ်ချိမ့်မည်။

သတ္တဝါကြီးမှာ တရွေ့ရွေ့ဖြင့် တောတွင်းသို့ ဝင်၍လာ၏။ အနီးအပါးရှိ သစ်ပင်ငယ်များကိုပင် သူ၏လက်ဖြင့် ရိုက်ချိုးဖဲ့လွှင့်ခဲ့သေး၏။ လွန်စွာအားကောင်းသည့်အချက်နှင့် လွန်စွာကြီးထွားသည့် ကိုယ်ခန္ဓာကြောင့် ဤရွာသည် ပျက်လွင့်လျက် သွားရသည်ဟု တွေးထင်လိုက်သည်။

လုလင်ပျို်ထွားသည် ဘယ်လက်ကို ရှေ့ထုတ်လျက် ညာလက်ဖြင့် ပြောင်းနောက်ကို သေချာစွာကိုင်လျက် ထိုတောသတ္တဝါကြီး၏ ဦးခေါင်းပိုင်းဆီသို့ မှန်းလိုက်သည်။ ထို့ပြင် တောတွင်းလေ၏ အငြိမ်အသက်ကိုလည်း ခေတ္တမျှ စောင့်ရန် ငုံ့ဖပသေးသည်။ လေပြင်းလျှင် မြားတံသည် လေတွင်စုပ်ပါ၍သွားမည်ကို စိုးရသေးသည်။

မြားအလျှင်အရှိန်သည် မှုတ်လိုက်သော လေအားပေါ်တွင် အမီကတည်လျက် ရှိပေ၍ သေချာစွာပြင်ဆင်ခြင်းပြုရသည်။ ကျွဲပြင် တောမုဆိုး၏ မှုတ်ပြောင်းမှုတ်အတတ်သည် တည်ငြိမ်မှုနှင့် မှန်း

www.burmeseclassic.com

www.burmeseclassic.com



ချက်ကောင်းမှုပေါ်၌ အထူးပင် တည်လျက်ရှိရကား တည်ငြိမ်ရန်လည်း ကြိုးစားရပေသေးသည်။

'ဝှစ်'ခနဲ အသံသည် ပြောင်းဝ၌ ထွက်၍သွားပြီးနောက် ထိုသတ္တဝါကြီး၏ဦးခေါင်းသည်လည်း မသိမသာ လှုပ်ယမ်း၍ သွားပေ၏။ ထိုတောသတ္တဝါကြီးသည် သူ၏မျက်နှာကိုလက်ဖြင့်ပွတ်သပ်၍ ကြည့်လိုက်သည်။ ထို့နောက် လက်ဖြင့်စမ်းပြီးသောအခါ နှာခေါင်းဖြင့် နမ်း၍ကြည့်လိုက်သည်။

သစ်ပင်၏အမြင့်မှ အောက်ခြေသို့ မှတ်ရခြင်းကြောင့် မှတ်အားသည် ကောင်းမွန်လှရာ အဆိပ်လူးမြားသည် ထိုသတ္တဝါကြီး၏ မျက်ခုံးအထက်ပိုင်း နဖူးကြောပြင်သို့ စိုက်ဝင်၍သွား၏။

လုလင်ပျိုသည် ဒုတိယမြှ အဆိပ်လူးမြားအား ထည့်လိုက်ပြီး ချိန်လိုက်သည်။

သတ္တဝါကြီးသည် မိမိအား လုပ်ကြံသတ်ဖြတ်နေသည်ကို သတိထားမိလိုက်ရာ ပို၍စိတ်ဆိုးဒေါသဖြစ်၍သွားသည်။

ဒုတိယအကြိမ် 'ဝှစ်'ခနဲ မြည်သံ ထွက်၍သွားပြီးလျှင် မြားတံသည် ထိုသတ္တဝါကြီး၏လည်မျိုဆီသို့ တန်း၍ဝင်သွားသည်၊ ထိုသတ္တဝါကြီးသည် မည်သို့သော သတ္တဝါမှန်း မမှန်းနိုင်၊ လဲပြိုခြင်း မရှိသေးသည်မှာ အတန်အံ့ဩဖွယ်ကောင်းလျက်ရှိ၏။ လုလင်ပျိုထွားသည် အနည်းငယ်ချွေးစို့၍ ထွက်လာသည်။

၎င်း၏အဆိပ်သည် တောသမင်အား ထိလျှင်ပင် ဗုန်းဗုန်း ချက်ချင်းလဲ၍ တောမျောက်သည်ပင် သစ်ခေါက်သစ်ခက်ထက်မှ ပြုန်းခနဲ လိမ့်၍ဆင်းလာသည်အထိ ပြင်းသောအဆိပ်ဖြစ်ပြီးလျှင်



မြားတံမှာလည်း တောကောင်ကြီးများကိုပင် ရုတ်တရက် ခွင်းနိုင်သော သတ္တမုနအင်းကွက်ထိုးထားသော ပြောင်းဖြစ်၍ မှဆိုးစဉ်ဆက်သုံးလက်ကျော်မျှ ကိုင်ဆောင်ခဲ့သော ပြောင်းဖြစ်သည်။

တောသတ္တဝါကြီးသည် အနံ့ကို ခံလိုက်သည်။ မိမိ၏ ရန်သူအား အနံ့ခံ၍ ဖြိုဖျက်ရန်ဖြစ်သည်။ ထို့ကြောင့် ခြေတစ်လှမ်းချင်း တောနက်တွင်းသို့ တိုးကာ သစ်ပင်များအား ဆွဲယမ်းလျက် အနံ့ခံ၍ လိုက်လာလေသည်။ အကွာအဝေးမှာ ဝါးသုံးပြန်ခန့်ရှိမည်ဖြစ်ရာ အတွင်းသို့နီးကပ်လျက်လာ၏။

သစ်ကိုင်းကြားမှ မလှုပ်မယှက် ငြိမ်သက်လျက်ရှိသော တဝမှုသည် လုလင်ပျိုထွား၏ နောက်ကျောဘက်ကို လက်ဖြင့် လှမ်း၍ ဖျစ်လိုက်သည်။ သူမ၏ခန္ဓာကိုယ်သည်လည်း မိုးစက်ရေပေါက်တို့ဖြင့် ရွှဲနစ်လျက် အသားဆိုင်တို့သည် အေးလျက်ရှိပေ၏။

လုလင်ပျိုထွားသည် တတိယမြောက် အဆိပ်လူးမြားတံကို ပြောင်းတွင်းသို့ ထည့်လိုက်သည်။ အတွင်းပိုင်း သစ်ပင်၏ အကြောအရိုးများကြားသို့ သတ္တဝါကြီးရောက်လာလျှင် ပစ်ကွင်းသည်ကား ရွေးရခက်၍သွားတော့ပြန်သည်။ သစ်ပင်ကိုင်းခက်များနှင့် နွယ်ကြိုးနွယ်ပက်၊ ချုံလျှင်များကြားသို့ ထိုသတ္တဝါကြီးသည် တိုးဝင်လျက်ရှိလေရာ နေရာချက်ကောင်းရွေးရန်မှာ အတန်ပင် ခက်ခဲသောကိစ္စဖြစ်လေ၏။

ထို့ပြင် ထိုသတ္တဝါကြီးသည် ၎င်း၏ရန်သူရှိရာကို ရိပ်မိသိ၍သွားပြီလောဟု မဆိုနိုင်ပေ။ ထိုသတ္တဝါကြီးသည် ကြောက်မက်ဖွယ် အော်ဟစ်မြည်ဟည်းလျက် ၎င်းခိုအောင်းရာ သစ်ပင်ဘက်ဆီ

www.burmeseclassic.com

www.burmeseclassic.com



သို့ တရွေ့ရွေ့ လှမ်းလျက်လာနေခြင်းကြောင့် ဖြစ်ပေ၏။

"အသံမထွက်စေနဲ့၊ ငြိမ်သက်စွာနေဘိ ... "

လုလင်ပျိုသည် ကြောက်လန့်တကြား ရင်ဖိုလျက်ရှိသော တောတွင်းသူငယ်လေး တဝမှုအား အသံခပ်တိုးတိုးဖြင့် ပြောလိုက်သည်။ တဝမှုသည် ထိတ်လန့်ခြင်းပြင်းစွာဖြစ်လျက်ရှိပြီး လုလင်ပျို၏ ပခုံးသားအား သူမ၏လက်ဖြင့် ကုပ်ထားလျက်ရှိသည်။

ထို့ကြောင့် လုလင်ပျို၏လက်သည် ရုတ်တရက်လှုပ်ရှား၍မကောင်းဖြစ်သွား၏။ ထိုအထဲတွင် မျောက်လွှဲကျော်လေးသည် တခူးခူးဖြင့် ထခုန်ခြင်းပြုလေသည်။ မျောက်လွှဲကျော်အား တဝ သည် ဖမ်းဆွဲပြီး သူမ၏ရင်ခွင်ထဲသို့ ထည့်၍ထားလိုက်သည်။ ထို မျောက်သတ္တဝါလေးမှာ တခိုခိုဖြင့် တုန်လျက်ရှိတော့သည်။

တောကောင်ကြီးသည် အသံလာရာနှင့် လူအနံ့နှစ်မျိုး ပေါင်းလျက် လုလင်ပျိုထွားနှင့် တဝမှုတို့ ခိုအောင်းလျက်ရှိသည့် သစ်ပင်နေရာကို သိရှိ၍သွားရာ လွန်စွာဒေါသဖြစ်စွာဖြင့် ထိုနေရာ ဆီသို့ ဝင်ရောက်လာသည်။

လုလင်ပျိုထွားသည် ဤအဖြစ်မျိုးဖြစ်မည်ဟု ကြိုတင် တွက်ဆ၍ထားသည်။ ရွာပျက်တံခါးဝ၌ တွေ့ရှိလိုက်ရသော ခြေရာ ကိုတွေ့စဉ်ကပင် ဤတောကောင်သည် သာမန်တောကောင်မျိုး မဟုတ်၊ အင်အားစွမ်းပကား ကြီးမားလှသည့် တောဖျက်၊ ရွာဖျက် တောကောင်မျိုးဖြစ်၍ တစ်ခါတစ်ရံမှသာလျှင် ပေါ်ထွက်၍လာ တတ်သော မျောက်ဂဝံကောင်ကြီးဖြစ်လျက်ရှိသည်ကို တွေ့ရ၏။

ထို့ကြောင့် ၎င်းတို့ တက်ရောက်ပုန်းအောင်းရာနေရာ သစ်



ပင်ကိုလွန်စွာကြီးမားသော သစ်ပင်ကြီးအား ရွေးချယ်ပြီး မူလသစ် ခေါင်းပေါက်ငယ်အား ပုဆိန်ဖြင့် သစ်ခေါင်းပေါက်ကြီးဖြစ်အောင် ချဲ့ထွင်ပြီးလျှင် ဝါးစူးနှင့် သစ်စူးများကို သစ်ပင်ပတ်လည်၌ နေရာ ခွဲ၍ စိုက်ထားပြီးလျှင် ချုံနွယ်များဖြင့် ဖုံးထားလိုက်သည်။ ထိုအစီ အမံသည် မျောက်ဂဝံကြီး ၎င်းတို့အနီးသို့ ရုတ်တရက်လာရောက် မတိုက်ခိုက်နိုင်ရန် စီမံထားလိုက်ခြင်းဖြစ်သည်။

မျောက်ဂဝံကြီးသည် တရှူးရှဲရှဲဖြင့် ဆက်၍ရှေ့တိုးလာရာ ခြေထောက်၌ ဝါးစူးတစ်ခု စိုက်ဝင်၍သွားသည်။ မျောက်ဂဝံကြီး၏ ခြေထောက်မှ သွေးများပန်း၍ ထွက်သွားသည်။

လုလင်ပျိုထွားသည် ၎င်းမြေးဆေးတံခရင်း စဉ်းစားပြီး အစီအစဉ်ချထားခဲ့သည်ကို ပြန်လည်သဘောကျပီတိဖြစ်၍သွား သည်။ သို့ရာတွင် မျောက်ဂဝံကြီးသည် နောက်သို့ဆုတ်မြေးရန် ကြံရွယ်ဘဲ ရှေ့သို့သာလျှင် ဒုန်းကွကွဖြင့် တက်လာသဖြင့် ခပ် ငှယ်ငှယ်မျှ ပင်စည်ရှိသော သစ်ပင်အား ဆွဲဖဲ့ပစ်လိုက်သည်။ ဘဖြောင်းဖြောင်းမြည်၍ တောတွင်းသို့ အသံများ ပျံ့နှံ့၍သွားလေ သည်။

ထို့ပြင် မျောက်ဂဝံကြီး၏ပါးစပ်မှလည်း တဂီးဂီးမြည်လျက် ရှိ၏။ မျက်နှာမှာလည်း ကြောက်မက်ဖွယ်အသွင်ကို ဆောင်လျက်ရှိ ပြီးလျှင် လက်နှစ်ဖက်၌လည်း သစ်ကိုင်းခြောက်များကို ဆုပ်ကိုင် ချေမွလျက်ထားပြီးလျှင် ထိုလက်နှစ်ဖက်ကိုဆန့်တန်းလျက် ကြောက်မက်ဖွယ်သောအဟန့်ကို ဆောင်လျက်ရှိတော့၏။ အသည်း အားဖွယ်ရာ အသည်းတုန်လှိုက်မောဖွယ်ရာပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျိုထွားသည် အဆိပ်လူးမြားပြောင်းအား ထပ်မံ၍ တင်လိုက်သည်။ ထို့နောက် ပြောင်းဝအား သေချာချိန်လိုက်ပြီးလျှင် တတိယမြောက်မြားအား မှုတ်လိုက်လေသည်။ 'ဗုစ်'ခနဲအသံသည် မြည်သွား၍ မျောက်ဂဝံကြီး၏ ဘယ်ဘက်နဖူးပြင်တွင်း၌ စိုက်ဝင်၍ သွားပြန်တော့သည်။ ဤတစ်ချီတွင် မျောက်ဂဝံကြီးသည် ရုတ်တရက်လန်လျက် ထွက်သွားပြီးလျှင် နဖူးပြင်အား လက်ဖြင့်ပွတ်လိုက်သည်။

သို့ရာတွင် မျောက်ဂဝံကြီး၏ အရှိန်ကား ရပ်တန့်၍သွားခြင်းမရှိဘဲ၊ ရှေ့သို့ဆက်၍လာပြန်၏။ ဒုတိယပါးစုးညှောင့်အား တက်နင်းလိုက်မိပြန်၏။ မျောက်ဂဝံကြီးသည် ခြေထောက်ကို ရုန်းလိုက်သည်။ သွေးစိမ်းများသည် ပန်းလျက်ထွက်လာပြန်လေသည်။

ဤတစ်ချီတွင် မျောက်ကြီးသည် လုလင်ပျိုထွားနှင့် တောတွင်းသူ တဝမူတို့၏ သစ်ပင်အောက်သို့တိုင် ရောက်လျက်ရှိ၏။ လူတစ်ဖက်စာမျှရှိသော သစ်လုံးတိုင်ကြီးအား မျောက်ဂဝံကြီးသည် အားနှင့် ကိုင်လှုပ်လျက်ရှိတော့သည်။

လက်နှစ်ဖက်ကြီးဖြင့် ကိုင်လှုပ်ရာ လုံးပတ်ကြီးမားသော သစ်ပင်ကြီးသည် လှုပ်ယမ်းလျက်သွားပေ၏။ မိုးရေစက်များ ဖြင့် ချောမွတ်နေသော ပင်စည်အခေါက်အချို့သည်ပင် ကွာလျက် လာပေ၏။ ထို့ပြင် ထိုမျောက်ဂဝံကြီးသည် လက်ဖြင့်ကိုင်ဆွဲရုံမျှ လက်ဖြင့်လည်း အစွမ်းကုန် ကုတ်ခြစ်ခြင်း ပြုလေသည်။ ၎င်းကုတ် ခြစ်လိုက်သော နေရာအသီးသီး၌လည်း တွင်းရာချိုင့်ရာကြီးများ ဖြစ် လျက်ကျန်ရစ်တော့သည်။



မိုးသည် များစွာသွန်းချပြန်သည်၊ လေမှာမူ ငြိမ်သက် လျက်ရှိပြီး မိုးရေစက်တို့သည် အလွန်သည်းထန်စွာစီး၍ သဲလာ သည်။ မိုးစက်များ၏ဒဏ်ကို လုလင်ပျိုထွားနှင့် ယမင်းပျို တဝမူ တို့မက သစ်ပင်ကြီးအား ကိုင်လှုပ်ယမ်းလျက်ရှိသော မျောက်ဂဝံ ကြီးပါ ခံစားရလျက်ရှိ၏။

မိုးစက်သည် ရေလုံးလည်း အတော်အတန်ကြီးမားလျက် ရှိပေသည်။ တဖြုန်းဖြုန်း တဗျင်းဗျင်းရွာလျက်ရှိပေခြင်းကြောင့် မျောက်ဂဝံကြီး၏လက်သည် တစ်ချက်တစ်ချက်တွင် ချော်လျက် သစ်ကိုင်းအား လှုပ်ယမ်းရာ၌ အားရပါးရလှုပ်ယမ်း၍ မရအောင်ဖြစ် လျက် ရှိတော့သည်။

လွန်စွာကြီးမားသော ခေါင်းကြီးမှာ မျက်လုံးနှစ်လုံးသည် ပြူးသားဖြစ်၍ သွားကြီးမှာဖြီကာ လွန်စွာဒေါပွလျက်ရှိပေရာ တဝမူသည် အထက်နှင့်အောက်တွေ့မြင်နေရသဖြင့် ကြောက်ရွံ့ကာ လုလင်ပျိုထွားအား လက်ဖြင့်ကုပ်တွဲထားရာမှ လုလင်ပျို၏ ဇက် အားဆွဲ၍ လက်ဖြင့်ဖက်၍ထား၏။

သည်းတုန်ဟီးဖွယ်၊ ကြောက်မက်ဖွယ်သေမင်းငင်အရေး ခြင်းဖြစ်၍ 'တဝမူ'သည် သွေးလန့်လျက်ရှိ၏။ တောတွင်းသူအဖြစ် ခြားသားကောင်မျိုးများနှင့် လွန်စွာယဉ်ပါးထိတွေ့ခဲ့သော်လည်း ဤအကောင်ကြီးအား တောတွင်းသူ 'တဝမူ'သည် တစ်ကြိမ်တစ်ခါ မြင်ဖူး၊ တွေ့ဖူးခြင်းမရှိသည့်အပြင် လွန်စွာကြီးမားသော သားရဲ ကောင်ကြီးဖြစ်လျက် ရှိပေသဖြင့် တစ်ကြိမ်ဖူးမျှ ကြောက်ဖူးခြင်းမရှိ သော အကြောက်မျိုးဖြင့် ကြောက်လျက်ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျို့ထွားသည် ခပ်စောစောက အဆိပ်လူးမှု ပြောင်းပြုလုပ်ထားသော လှံတိုမှိန်း၏အရိုးကိုယူ၍ ၎င်း၏ဆေး ပတ်တွင် ချိတ်ဆွဲထားသော လှံတိုမှိန်းသွားကို ဖြုတ်ယူလိုက်၏ ထို့နောက် အရိုးတွင်ပြန်၍တပ်လိုက်သည်။ ထို့အပြင် ဆေးခါးပ ကိုဖွင့်လျက် လှံသွားထိပ်တွင် အဆိပ်မှုန့်အဝါကို လှံသွားနှစ်လို ပြန်သည်။

ထို့နောက် သစ်ခေါင်းတွင်းမှ ထွက်လိုက်၏။ မိုးသည် သဲမဲစွာရွာသွန်းလျက်ရှိပေခြင်းကြောင့် မိုးရေစက်တို့သည် သ ခေါင်းထဲသာမက သစ်ပင်ကြီး၏ပင်စည်တစ်ခုလုံးအား စိုရွှဲစေ ၏။ ထို့ကြောင့် သစ်ခေါက်သည် ချော၍နေ၏။

ဤသို့ ချောမွတ်လျက် မိုးရေစီးကြောင်းကြောင့်သာ အောက်ခြေမှ ကိုင်လှုပ်လျက်ရှိသော 'မျောက်ဂဝံ'ကြီး၏ လ သည် သစ်ပင်ကြီးအား သေချာစွာ ကိုင်လှုပ်ဆွဲယမ်းရန် အ အတားဖြစ်လျက်ရှိပေရာ အတော်အတန် သက်သာရာရလျက်

သို့ရာတွင် လုလင်ပျို့ထွားသည် သစ်ခေါင်းထဲမှ အ သစ်ခွဆုံသို့ လှံတိုမှိန်းအားကိုင်လျက် ရပ်လိုက်ရာ ခဲခဲယဉ်း ရပ်ရလေ၏။ တောတွင်းသူ တဝမူနှင့် မျောက်လွှဲကျော်တို့ လည်း ပင်စည်သစ်ဆုံကြီး၏အတက်ကို တအားနင်းကန် အောက်သို့လွင့်ကျမသွားစေရန် အားခဲအားပြုဖက်တွယ်၍ ထ လှုပ်ယမ်းလိုက်၊ ငြိမ်သက်သွားလိုက်ဖြစ်လျက်ရှိသော သ ပင်ကြီးပေါ်၌ လူသတ္တဝါနှစ်ဦးနှင့် တောသတ္တဝါလေးတစ်ကော အသက်ရေးအတွက် ကြိုးစားရုန်းကန်လှုပ်ရှားရလျက်ရှိပေသည်



လုလင်ပျို့ထွားသည် သစ်ခွဆုံကြီးပေါ်၌ ခြေကုပ်အားယူ လျက် ရပ်လိုက်သည်။ ထို့နောက် အောက်သို့ကြည့်လိုက်၏။ ခွဆုံ၏ အောက်ခြေ၌ မျောက်ဂဝံကြီးသည် လွန်စွာဒေါသသည်းထန်လျက်ရှိ ပြီးလျှင် ရန်သူသည် အပေါ်၌ ပုန်းအောင်းလျက်ရှိသည်ဟူသော အခြေအနေကို သိရှိထားကာ အပေါ်သို့သွားဖြဲလျက် ကြောက် ကော်ဖွယ်ရာအသံကြီးဖြင့် ဟစ်ပြီးလျှင် ပင်စည်ရင်းအား ကုတ်ခြစ် ဖဲ့လျက် ရှိပေသည်။ ထိုပြင် တစ်ချက်တစ်ချက်တွင် သစ်ပင်ပေါ်သို့ တက်ရန်ပင် ကြိုးပမ်းလျက်ရှိတုံသေး၏။

လုလင်ပျို့ထွားသည် သစ်ခွဆုံကြီးပေါ်တွင် ခြေနှစ်ဖက်ကို အားလျက် ခြေကုပ်ကိုခိုင်မြဲစွာရပ်လျက် ၎င်း၏လှံတိုမှိန်းအား မြှောက်၍ အားယူလိုက်သည်။

ညဉ့်အမှောင်ထဲတွင် လွန်စွာသည်းပြင်းသော မိုးရေစက် တို့ကြောင့် သည်းတဝုန်းဝုန်းဖြင့် အသက်လုတိုက်ပွဲ ဆင်နေရသည့် အဖြစ်မှာ မလွယ်လှတောင်း။

လျှပ်စီးတစ်ချက်သည်ဝင်းခနဲလက်လိုက်သည်။ထို့နောက် ဒိန်း ... ဒိန်း ... ဒိန်း ... "ဟူသော လျှပ်စီးလက်ပြေးလွှားသကဲ့သို့ မိုးခြိမ်းသံသည်လည်း ပြေးလွှား၍သွားလေ၏။ လျှပ်စီးတစ်ချက် လက်လိုက်လျှင် လုလင်ပျို့ထွားသည် အောက်ခြေမှ တောသတ္တဝါ ကြီးအား တွေ့လိုက်ရ၏။

လုလင်ပျို့ထွားသည် ဦးခေါင်းပိုင်းအား သေချာစွာ ဂရုပြု၍ သစ်ပင်ခွကြားထက်မှ လေဟုန်စီး၍ ခုန်ချပြီးလျှင် ထိုသတ္တဝါကြီး၏ ထိပ်အရပ်ဟု ခေါ်ဆိုအပ်သော 'ပရိဒ္ဒဒေသီ'အရပ်သို့ သူ၏လှံတိုမှိန်း

www.burmeseclassic.com



ကို လျှပ်တစ်ပြက် အားနှင့်ထိုးစိုက်ချလိုက်သည်။ ထို့နောက် မျောက်ဂဝံကြီး၏ ပခုံးထက်ကို ခြေနှစ်ဖက်ဖြင့် ခွဆုံနင်းလျက် ချုံ တစ်ခုထဲသို့ လှိမ့်၍ ချလိုက်ပေ၏။

မျောက်ဂဝံကြီး၏ငယ်ထိပ်တွင် လှံတိုမှိန်းစိုက်ဝင်၍သွား ၏။ လှံတိုမှိန်း၏ လှံသွားတစ်ခုလုံးနီးပါးသည် ဦးခေါင်းတွင်းသို့ စို ၍သွား၏။ သွေးများသည် စီးလျက် မိုးရေစက်တို့နှင့် ရောထွေး သွားသည်။

လှံသွား၏ ဒဏ်ချက်ကြောင့် မျောက်ဂဝံကြီးသည် ဒယိ ဒယိုင်ဖြစ်လျက် မမြင်မကန်း ဓောက်တိဓောက်ထိုးဖြစ်သွားပေ၏ သို့ရာတွင် ပို၍ဒေါသထွက်စွာဖြင့် အနီးအပါးရှိ အရာအားလုံးအ အားဖြင့်ဝှေ့ယမ်းလျက် ဆုပ်ကိုင်ဖျစ်ညှစ် ဖြုပစ်ခြင်းပြု၏။

ထိုသစ်ခွဆုံကြီးအားသာလျှင် သတ္တဝါကြီးသည် သဲကြီး ကြီး ဖျစ်ညှစ်လှုပ်ယမ်းလျက်ရှိ၏။ လုလင်ပျိုထွားသည် ၎င်းလို ဆင်းလိုက်သော ချုံဘေးမှထလိုက်ပြီး သတ္တဝါကြီးအား ကြည့်လို သည်။ လှံတံသွားကြီးစိုက်လျက် မသေနိုင်သေးဘဲ အပြင်းအထ လှုပ်ရှားလျက်ရှိနေခြင်းကြောင့် အံ့အားသင့်လျက် ထိတ်လန့်သွ ၏။

၎င်း၏အဆိပ်များသည်ပင် ထက်မြက်မှုမရှိလေ သလောဟူ၍လည်း သံသယဝင်လာ၏။ မဆိုးကြီးစံထီးပ၏ ပွဲကျေ အဆိပ်သည် အရာမရောက်ဖြစ်လျက်သွားကာ ဤမျောက်ဂဝံ သည် အဆိပ်များပြီး၍ သွားလေသလောဟူသော စိုးရိမ်စိတ်တို့သ ဝင်လာလေ၏။



ထို့ကြောင့် ရှေးယခင်က မရှိခဲ့ဖူးသော ကြောက်စိတ်သည် ဝင်လျက်လာလေ၏။ သို့ရာတွင် ဤကဲ့သို့ ကြောက်ရွံ့လျက်သာ ရှိနေချေက ဤသတ္တဝါကြီး၏အန္တရာယ်သည် ပြေငြိမ်း၍သွားမည် မဟုတ်ဘဲ အားလုံးပင် သေတန်ရာလေမည်ဟု သဘောပေါက်ကာ လုလင်ပျိုထွားသည် သတ္တဝါကြီး၏ အနောက်ဘက်သို့ ရွှေ့လျား လိုက်သည်။ ဤသတ္တဝါ မျောက်ဂဝံကြီးမှာ မည်မျှကြီးသနည်းဟူမူ ၎င်း၏ကိုယ်နှင့်တိုင်းဆလိုက်လျှင် ဆင်နှင့်မျောက်ပမာ ဖြစ်လျက် သွားပေတော့သည်။

လုလင်ပျိုထွားသည် ထိုသတ္တဝါကြီး၏ နောက်ဘက်၌ ရပ်လျက် မည်သို့မည်ပုံ တို[illegible]ခိုက်ရမည်ကို စဉ်းစားရကျပ်လျက် ရှိ၏။ ထိုအခိုက် သတ္တဝါကြီး၏လှုပ်ရှားမှုသည် နှေးကွေးလာ၏။ သေးဒယိုင်ဖြစ်မှုမှာ ပို၍များပြားလာပြီးလျှင် အော်ဟစ်ဟိန်း ဟောက်သောအသံမှာလည်း တိုး၍ ညည်းသံကြီးဘက်သို့ ပြောင်းလဲ သွားလေတော့သည်။

ခေတ္တကြာလျှင် မျောက်ဂဝံကြီးသည် ခွေခေါက်၍သွား ကာ သစ်ပင်ကြီးနှင့် ခေါင်းရိုက်မိလျှင် ငြိမ်သက်၍သွားပေတော့၏။ သစ်ပင်ကြီးနှင့် မှီလျက် ထိုမျောက်ဂဝံသတ္တဝါကြီးသည် သေလေပြီ ဖြစ်တော့သည်။ အကောင်ကြီး၍ အကြောအခြင် ကြီးထွားပြီးလျှင် ထိုမျောက်ဂဝံကြီး၏သည်းခြေအိမ်မှာ လွန်စွာကောင်းမွန်ပေသော ကြောင့် အဆိပ်များသည် ထိုသတ္တဝါကြီးအား ရုတ်တရက် မပျံ့နှံ့ ဘဲဖြစ်လျက်ရှိခြင်းဖြစ်တော့သည်ဟု လုလင်ပျိုထွားသည် တွေး တောမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျိုထွားသည် ထိုသတ္တဝါကြီး၏အနီးသို့ ကပ်လျက် သွားပြီးလျှင် ထိုမျောက်ဝံကြီး၏ရင်ဘတ်ပေါ်သို့တက်၍ ၎င်းကိုယ်တိုင် သစ်ကိုင်းခွဆုံပေါ်မှခုန်၍ သေချာစွာတအားစိုက်ပစ်ခဲ့သော လှံတိုမှိန်းအား ဆွဲ၍နုတ်လိုက်သည်။

မှိန်း၏သဘောမှာ အပတ္တင်းသို့ ရစ်ထိုး၍ စိုက်နက်ဝင်သဖြင့် ရုတ်တရက် နုတ်မရဘဲ လှံသွားမှင့် ဦးခေါင်းရိုးညှပ်လျက်ရှိ၏။ ထို့ကြောင့် ထိုသတ္တဝါကြီး၏မျက်နှာအား ခြေဖြင့်နင်းလျက် တအားဆွဲ နုတ်လိုက်ရာ လှံသည် လက်တွင်း၌ပါ၍သွားခဲ့သည်။

ထို့နောက် လုလင်ပျိုထွားသည် သစ်ပင် ပင်စည်ကြီးကို လှံဖြင့်ပစ်၍ ထိုးစိုက်ပြီးလျှင် လှံတံရိုးပေါ်မှတစ်ဆင့် ခွဆုံကြီးပေါ်သို့ တက်လိုက်သည်။ ခွဆုံကြားတွင် ကုပ်လျက် သည်းတုန်ရင်တုန်ရှိ၍နေသော တောတွင်းသူ တဝမ္မအား လုလင်ပျိုထွားသည် လက်ကို ဆွဲ၍ အောက်သို့တွဲချလိုက်သည်။ မျောက်လွဲကျော်လေးသည် လည်း ကြောက်လန့်သဖြင့် ကုပ်ကပ်လျက် ယမင်းပျို၏ ရင်ခွင်၌ ခိုဝင်လျက်ရှိပေ၏။

လုလင်ပျိုထွားသည် အသေကောင်ကြီးဖြစ်သော တောသတ္တဝါ မျောက်ဝံကြီး၏ရင်ဘတ်ပေါ်သို့ ကျော်နင်းခွသွားလျက် တောတွင်းသူ တဝမ္မအား အောက်သို့ပွေ့ယူချီချလိုက်သည်။ ယမင်းပျို တဝမ္မ၏ ခေါင်းနှင့်ကိုယ်သည် စုတ်ဖွာလျက် သစ်စေးသစ်ခေါက်များ ပေကျံပြီးလျှင် မိုးရေစက်တို့ကြောင့် တစ်ကိုယ်လုံးမှာလည်း လွန်စွာအေးစက်လျက်ရှိပေသည်။ သို့ရာတွင် တောတွင်းသူပီပီ ဤသဘာဝဒဏ်မျိုးကို ခံနိုင်စွမ်းရှိဟန်ရလေသည်။



အောက်ခြေမြေကြီးပေါ်သို့ရောက်လျှင် လုလင်ပျိုထွားသည် တောတွင်းသူ တဝမ္မ၏လက်ဖျားကို ဆုပ်နယ်၍ပေးလိုက်၏။ ခပ်ကြမ်းကြမ်း၊ ခပ်ဖိဖိ ဖျစ်ညှစ်လိုက်လျက် သွေးကြော လေကြောများ အပွင့်အလင်းရှိစေရန် ခပ်စပ်စပ်၊ ခပ်နာနာ ဖိ၍ပွတ်သပ်ပေးခြင်းပြု၏။ ထို့အပြင် လက်နှစ်ဖက်ကို ဆွဲဆန့်၍ ခါလိုက်သည်။

"ရပါတယ် အစ်ကို ... အစ်ကို့ကို ပြုစုဖို့ ခေါ်ဆောင်လာတာ အစ်ကိုက ညီမကို ပြုစုနေရတာ မကောင်းပလေ ..."

ဟူ၍ တဝမ္မသည် ခပ်သည်းသည်းပင် ရှိသေးသော မိုးစက် ရေစက်တို့ကြား၌ပင် လုလင်ပျိုထွားအား ပြောလိုက်သည်။

မျောက်လွဲကျော်လေးသည်လည်း လွန်စွာစုပ်ချွန်းချွန်းဖြစ်လျက်ရှိလေသည်။ တခွီးခွီးမြည် နှာချေ၍နေပေသေးသည်။

သို့ရာတွင် လုလင်ပျိုထွားသည် မျောက်လွဲကျော်အား ပြုပြင်လုပ်ကိုင်ပေးခြင်း မရှိပေ။

"နံနက်ကျမှ ဒီသတ္တဝါကြီးကို လာရောက်ပြီး ကြည့်ကြတာပေါ့၊ အခုတော့ မိုးလွတ်ရာကိုသွားပြီး တစ်ညနားဖို့ အချိန်သင့်ပြီ"

လုလင်ပျိုထွားသည် တဝမ္မအား ပြောလိုက်သည်။ ထိုအခိုက် မိုးသည် ရှိုးခနဲ တစ်ချက်မျှ လေနှင့်အတူတကွ ပက်ဖျန်းရွာသွန်းလိုက်ပြန်၏။ လေပါလာသဖြင့် မိုးလုံးမိုးစက်သည် တည့်မတ်စွာ ရွာသွန်းနေလေရာမှ စွေစောင်းစောင်းဖြင့် တရှီးရှီးဖြင့် သစ်ပင်ကြီးများကြားမှ ထိုးဖောက်လျက် ကျရောက်၍လာပေ၏။ မိုးရေလုံးတို့သည်လည်း သေး၍သွားပေတော့သည်။

"သည်ဘက်မှာ တဝမှတ်ဂူ ရှိတယ် အစ်ကို၊ ဂူထဲကို

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တစ်ခို တစ်ခေါက်လောက် ဆက်လျှောက်ရင် တွေ့နိုင်ပါတယ်"

တဝမှူသည် ဤတောတွင်း၌ ဂူကြီးတစ်ခုရှိသည်ကို ပြော ဆိုညွှန်းလိုက်၏။

လုလင်ပျိုထွားသည် ထိုဂူကြီးအား စိတ်ထဲတွင် စိတ်ဝ စား၍သွား၏။ ဤတဝမှတ်ဂူကို တစ်ကြိမ်က ကြားဖူးနားဝရှိခဲ့ အချို့သော ပညာရှင်တို့ တကူးတက လာရောက်ခြင်းပြု၍ သက်ဆ ဆံဖျား သွားရောက်စွန့်စားကြရသည်ဟု ကြားဖူးမှတ်ဖူး၏။

ဤတဝမှတ်ဂူ၏အမည်နာမကို ကြားလိုက်ရပြီးလျှင် လု လင်ပျိုသည် အေးစိမ့်ချမ်းလှသော မိုးရေစက်တို့အောက်၌ပင် ကြက် သီးထ၍သွားသလို ခံစားလိုက်ရပေ၏။

ယမင်းပျို တဝမှူနှင့် သူမ၏ကိုယ်ပေါ်၌ ကပ်လျက်ရှိ သော မျောက်လွှဲကျော်လေးသည် မိုးသည်းသည်း၊ လေထန်ထန်၌ လွန်စွာနက်သော တောကြီးအတွင်း ညဥ့်လွန်စွာမှောင်မည်းသော ကာလအတွင်း၌ တဝမှူ၏လမ်းပြညွှန်ဆောင်ခြင်းဖြင့် ခရီးဆက်ကြ လေ၏။

* * *



## ထူးဆန်းသော တဝမှတ်ဂူကြီး

လုလင်ပျိုနှင့် ယမင်းပျိုတို့သည် မရပ်မနား ခရီးဆက်ကြ ၏။ ဝမ်းဗိုက်အတွင်း၌ ဟာလျက်ရှိသော်လည်း စိုးရိမ်သောကနှင့် မိမိခန္ဓာကိုယ် ရပ်တည်မှုအတွက် လိုအပ်မှုရှိလျက်သော လုံခြုံမှု အတွက် ပင်ပန်းခြင်း၊ မောဟိုက်ခြင်း၊ ထိတ်လန့်ခြင်းစသည်တို့ကို ပမာထား၍မဖြစ်ပေ။ သေခြင်းနှင့် ရင်ဆိုင်ရသော လူတို့၏ လှုပ်ရှား ရုန်းကန်မှုသည် ပို၍ထက်မြက်လာပေ၏။

ထို့ကြောင့် လုလင်ပျိုထွားနှင့် ယမင်းပျိုတဝမှူတို့သည် ချုံနွယ်ပိတ်ပေါင်း၊ ဆူးညှောင့်ဆူးခင်း၊ ကျောက်ဖူး၊ ကျောက်ခဲနှင့် အဆိပ်အကောင်ပိုးမွှားများ၏ အန္တရာယ်ကိုမျှ ဂရုမပြုနိုင်ဘဲ ခရီး ဆက်ကြ၏။ တစ်နေ့တာ ခရီးအား ဤနေရာ၌ ရပ်တည်ရန် အားထားခြင်းရှိသည့်အလျောက် အားထားလျက် ကြိုးစား၍သွား လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးကား မပြတ်မလတ် ရွာဆဲပင် ဖြစ်ချေသေး၏။ တစ်ညလုံးအတာဖြင့် ရွာမည့်ကဲ့သို့ပင် မှန်းဆမှန်းတွက်၍ ရချေသည်။

တော၏အလယအူကြောကို လျှောက်လျက်နေရာမှ ဘေးသို့ပန်း၍လျှောက်ရ၏။ သစ်လုံးသစ်ပင်ကြီးများစွာနှင့် နွယ်များကို ရှောင်ပတ်ကွေ့ကောက်၍ သွားလာခြင်းပြုရလျက် ရှိပေ၏။

တဝမှုက တစ်ခေါ် တစ်မိုးမျှခရီးဟုဆိုသော်လည်း ခရီးတာသည် မိုးရေစက်နှင့် တောမိုက်ည၏ အလင်းမဲ့ခြင်းတို့ကြောင့် အတော်အသင့် ကြာညောင်း၍သွားပေတော့၏။ တစ်မောင်းမျှ ကြာရင့်အောင်ပင် ဤအရှုပ်အသင်း အခွေအပတ်များလှသော တောတွင်းသို့ လျှောက်ရလေသည်။

တစ်ခါတစ်ရံ၌ လုလင်ပျို့သည် 'တဝမှု'၏ပခုံးအား တွန်းလျက်လည်းကောင်း၊ တစ်ရံတစ်ထစ်၌ ခါးအား မ,လျက်လည်းကောင်း၊ တစ်ရံတချို့၌မူ လက်မောင်းသားနုနုလေးအား ခပ်ကြွမ်းကြွမ်းဆွဲခို၍ လည်းကောင်း သွားရ၏။

သို့သော်ငြား ခရီးသွားဖော်အင်အားတစ်ခုအဖြစ်သာလျှင် စိတ်တည်လျက်ရှိတော့သည်။

မကြာမီတွင် ထူးဆန်းသောအရာကို လုလင်ပျို့ထွားသည် မြင်တွေ့လိုက်ရ၏။ ထိုအရာကား အခြားမဟုတ်ပေ။ လွန်စွာ ထိန်လင်းသော အလင်းရောင်တစ်ခုပင် ဖြစ်ပြီးလျှင် ထိုအလင်းရောင်သည် မည်းမည်းသဏ္ဌာန် တောင်ပို့ကမူကြီးတစ်ခုအတွင်းမှ အပြင်ဘက်သို့ လင်းလျက်ရှိသည်ကို တွေ့ရပေ၏။

အလင်းရောင်၏အားသည် မနည်းမောင်းလှပေ။ မီး



တောက်မီးနွယ်တက်နေသောအချိန်၌ ထွန်းလင်းသကဲ့သို့ပင် ရှိချေလေသည်။

"စိတ်ဝင်စားစရာပ ..."

လုလင်ပျို့ထွားသည် တောတွင်းသူယမင်းပျို့အား ပြောလိုက်သည်။

"ဤနေရာကိုသွားဖို့ကိစ္စက မလွယ်လှဘူး အစ်ကို၊ ရွာကလူကြီးတွေက ခွင့်မပြုဘူး၊ ဤနေရာကို လာမည့်သူကို နှိပ်စက်သတ်ဖြတ်လေ့ရှိကြတယ်။ ရှေးအတိတောက ဤနေရာဟာ တောတွင်းသားအတာတ်ကို ပေးတဲ့နေရာဂူ၊ မှတ်ဖြစ်တယ်လို့ဆိုကြတယ်၊ အဲဒီအလင်းရောင်ဟာ ထူးဆန်းမှုအတန်ရတယ်။ ဒီအလင်းရောင်ရှိတဲ့ ရတဲ့အချိန်ကိုရောက်ရင် အလွန်ထူးခြားတယ်လို့ ဆိုလေရဲ့။ ထူးခြားပြီတောင်း ..."

တောတွင်းသူ တဝမှုသည် လုလင်ပျို့ထွား၏ လက်မောင်းတစ်ဖက်အား ခပ်ဖွဖွဆုပ်ကိုင်လျက် ပြောလိုက်သည်။ လုလင်ပျို့သည် ရှိန်းမြမြဖြစ်၍သွား၏။

မကြာမီ ဂူကြီးအနားသို့ ရောက်၍လာပေ၏။ ဂူ၏အပေါက်ဝသည် လူတစ်ရပ်ခန့်ကျယ်ပြီးလျှင် ဂူပေါက်သည်သစ်ရွက်ပုံသဏ္ဌာန်ကြီးဖြစ်လျက်ရှိပေ၏။ အလင်းတန်းသည် ဂူပြင်ဘက်သို့ ရိပ်ထိုးပြီးလျှင် ဂူပေါက်ဝ၌ သစ်ရွက်ခြောက်များသည် မိုးရေစက်များအောက်တွင် ဖျောက်ဖျောက်ကြွေလျက်ရှိသည်ကို မြင်တွေ့ရ၏။

ထိုဂူကြီး၏အပေါ်၌မူ သစ်ပင်ရိပ်ကြီးတစ်ခုသည် ရှိလျက်ရှိပေ၏။ ထိုအပင်ကြီးသည် အကိုင်းအခက်များ စက်ဝိုင်းပုံအဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းဖြစ်လျက်ရှိပြီးလျှင် အရွယ်မှာ ရှည်မျောမျောဖြစ်၏။ သပွတ်ခါးပင်ကြီးပင် ဖြစ်ပေ၏။ ထိုအပင်ကြီး၏အကိုင်းကြီးတစ်ကိုင်းသည် ဂူပေါက်ဝသို့ ယိမ်းထိုးလျက် ကျကာရှိပြီး ထိုအပင်အရွက်များမှ မိုးပေါက်များသည် တစ်ဖောက်ဖောက် ကျဆင်းလျက်ရှိပေ၏။

လုလင်ပျိုထွားနှင့် တဝမှုတို့သည် ဂူပေါက်ဝသို့ လှမ်းကြည့်လျက်ရှိစဉ်၌ပင် မိုးပေါက်သည်းထန်မှုသည် ရပ်သွားတော့သည်။ မိုးခြိမ်းသော တိမ်တိုက်သံတို့ကိုသာလျှင် တွေ့ရှိရပေသည်။

"အဲဒီအလင်းရောင်ဟာ ဘယ်ကရောက်နေတာလဲ ..."

လုလင်ပျိုထွားသည် အတွင်းသို့မဝင်ဘဲ ဂူတွင်းမှထွက်ရှိလာသော ထူးဆန်းသော အလင်းရောင်အကြောင်း မေးမြန်းလိုက်သည်။ ယမင်းပျို'တဝမှု'သည် ခေါင်းယမ်း၍ ပြလိုက်သည်။

"အဲဒီအကြောင်းအရာကို တိတိကျကျ မသိရဘူး အစ်ကို၊ ဒီဂူရဲ့ လျှို့ဝှက်ချက်တွေကို သိသူ နည်းပါးတယ်၊ ညီမတို့ရွာက လူကြီးတချို့သာ ဒီဂူကိုရောက်ဖူးတာပ၊ ညီမလည်း သည်တစ်ကြိမ်သာ အရဲစွန့်ပြီး အစ်ကိုနဲ့ လိုက်ခဲ့တာ၊ ရှေးမဆွက မရောက်စဘူး ..."

လုလင်ပျိုထွားသည် သဘောပေါက်စွာဖြင့် ခေါင်းညိတ်လိုက်ပြီးလျှင် ဂူတွင်းသို့ လှမ်းဝင်လိုက်သည်။ ဂူတွင်း၌ အေးမြစိမ့်ဝင်နေသော အတွေ့အထိသည် နွေးနွေးထွေးထွေးဖြစ်လျက် ဂူ၏အတွင်းစေတ်သဘာဝ၏သဘောကို ပြသ၍လာသည်။ ရှိန်းမြမြပူနွေးနွေးဖြစ်လျက် ဤဂူတွင်းမှ အငွေ့တစ်မျိုးထွက်ရှိသည်ဟူ၍ တွက်ဆ၍ရှိပေသည်။

ယမင်းပျို'တဝမှု'သည်လည်း လုလင်ပျိုထွား၏နောက်မှ



နေ၍ ဂူတွင်းသို့ လိုက်ဝင်သွားသည်။ သူမ၏ကိုယ်ပေါ်တွင် မျောက်လွှဲကျော်လေးသည်လည်း ကပ်လျက်ပါ၍သွားပေသည်။ ဂူကားအတွင်း၌အတော်ပင် ကျယ်ပြန့်ပြီးလျှင် ဂူဝင်ပေါက်လမ်းသည်လည်း အတော်ပင် ဖြောင့်၏။ အမြင်ဘက်အဝထက် အတွင်းဘက်၌ ပို၍ကျယ်ဝန်းလျက် ပို၍မြင့်မားသည်ကို တွေ့ရှိရပြီးလျှင်ကျောက်ခက်ပန်းဆွဲများသည် ဂူနံရံတစ်လျှောက် ဂူ၏အမိုးအရံများပေါ်မှ တွဲလျက်ကျဆင်းနေသည်ကို တွေ့ရပေ၏။

ဂူ၏နံရံတွင် ဖြူလွှသော ကျောက်သားများအား တွေ့ရပြီးလျှင် အချို့နေရာ၌ ပျော့ပွခြင်းရှိသော်လည်း ထုံးကျောက်မြေအမျိုးအစားဖြစ်လျက်ရှိသည်။ ထိုနေရာ၌ ကျောက်သား၏ အနံ့အသက်များသည် ဂူပေါက်ဝအနီး၌ ပျံ့နှံ့လျက်ရှိသည်။ ဂူတွင်း၌ အလင်းရောင်ရှိ၍ ဆေးနံရံများကို တွေ့ရပေ၏။ သို့ရာတွင် ထိုအရောင်သည် နေ့အခါတွင် တိမ်တိုက်ကြောင့် ညို့မှိုင်း၍ အလင်းစပ်မှုပျအား တွေးမြင်နေရသကဲ့သို့ ရှိလေသည်။

ဂူနံရံ၌ အရုပ်အချို့အား တွေ့ရသည်။ အရုပ်များမှာ မည်းထင်သော ဆေးနက်တစ်မျိုးဖြင့် ရေးသားဆွဲခြစ်၍ ထားသည်။

"အင်း ... ဒီနံရံအရုပ်တွေက အစ်ကိုတို့ခေတ်ရဲ့ လက်ရာမဟုတ် ... ဘယ်ဆီက လက်ရာလည်းပ၊ ပုံစံသိပ်မတူလှပေ ..."

လုလင်ပျိုထွားသည် 'တဝမှု'အား ပြောလိုက်သည်။ ၎င်း၏စိတ်တွင်ကား လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ဤဂူကြီးသည်ရှိခဲ့သည်ဟု ယူဆလိုက်၏။ ဂူတွင်းရှိ အရုပ်အချို့မှာ လွန်ခဲ့သွားကျိုင်းသန်မာသော တောကောင်ရိုင်းအချို့၏ပုံများပင်ဖြစ်၏။ ထို

www.burmeseclassic.com

www.burmeseclassic.com



ပြင် တုတ်ချောင်းသဏ္ဌာန်အက္ခရာများကိုလည်း တွေ့ရှိရပေ၏။ သို့ရာတွင် ဆေးမှာ မကြာမြင့်သေးသောကာလကမှရေးသားထားသည့်အသွင်သဏ္ဌာန်ဖြစ်၍ ဆေးသားကျနပီပြင်လှသည်ကို တွေ့ရ၏။

“ဒီဂူကြီးဟာ ပညာသင်တဲ့ဂူရယ်လို့ ‘တ၀မ္မ’ ကြားဖူးတယ်အစ်ကို ... ဘယ်လိုပညာသင်တယ်လို့တော့ မဆိုနိုင်ဘူး၊ ဒီဂူထဲက ပညာရရင် လူစွမ်းကောင်းတစ်ယောက်လို့ ဆိုတယ်၊ နို့ပေမဲ့ ဒီဂူထဲမှာ ကြာကြာပညာမသင်နိုင်ဘူးလို့လည်း ဆိုတယ် ... ”

‘တ၀မ္မ’ သည် ဂူတွင်း၌ရှိသော အလင်းရောင်မြမြလေး၏အကူအညီဖြင့် လုလင်ပျို့ထွား၏ မျက်နှာအား ခပ်ငေးငေးကြည့်ကာ ဆိုလိုက်သည်။ သူမသည် လုလင်ပျို့ထွား၏လက်မောင်း လက်ရုံးသားအား ကိုင်ချင်၍နေသည်။ ရင်းနှီးခင်မင်စွာမြောဆိုခြင်း ပြုအပ်သည့် သဘောတစ်ခုဖြစ်သည်။

သို့သော် မကိုင်ရဲသဖြင့် လှမ်းပြီးသားလက်ကို ပြန်၍ရုတ်လိုက်သည်။ ဤသူ လူပျို့သိုးလုလင်သည် ငါ၏ရည်းစားသည် မဟုတ်ဘဲ ကိုင်မိချေက မသင့်လှဟု သဘောပေါက်၍သွားဟန်ဖြင့် လက်ပြန်ရုတ်လိုက်ခြင်းဖြစ်သည်။

ယခုကဲ့သို့ အေးသော ငြိမ်သောကာလ၌ တစ်ဦးနှင့်တစ်ဦး ရည်းစားမတော်စပ်ဘဲ ကိုင်မိချေသော် အချစ် သို့မဟုတ် လူသား၏ အတွင်းအကြောများ ဖောက်ပြန်၍ လာတတ်သည်ကို သတိထားလိုက်မိလေ၍ ‘တ၀မ္မ’ သည် စိတ်ထိန်းလိုက်နိုင်ခြင်းဖြစ်၏။

လုလင်ပျို့ထွားသည် ဤအချက်အားလုံးအား သတ်



မှုမိခြင်းမရှိပေ ၎င်းသည် ဂူတွင်းကိုသာလျှင် လွန်စွာစိတ်ဝင်စားလျက်ရှိတော့သည်။ ထို့ပြင် ဤဂူတွင်း၌ ပညာသင်ယူပြီး တက်မြောက်လျက် လူစွမ်းဖြစ်သည်ဟူ၍ ကြားသိလိုက်ရသော စကားချပ်အား လွန်စွာစိတ်ဝင်စား၍သွားပြီးလျှင် ဤဂူတွင်း၌ မည်သို့သော အတတ်ပညာများကို သင်ကြားပေးနိုင်သည်ဟူသော အချက်ကိုလည်း တွေးတောမှန်းဆခြင်း ပြုလိုက်မိသည်။

ယခုမိမိသည်လည်း တက်သင့်သောအတတ်ပညာရပ်များကို အစွမ်းကုန်သင်ပြီးလျှက် ဤတောတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်သည်။ ထို့ထက်တတ်ဖွယ်ရာ မည်သည့်အတတ်မျိုးများကျန်ပေသေးသနည်းဟူ၍ တဆက်တည်း အတွေးဇာတစ်ခုသည် ဖြစ်၍လာသည်။

ဂူ၏ အောက်ခံမြေကြီးမှာမာကျောသော ကျောက် သားမြေဖြစ်၍ နံရံမှာ ကျောက်နံရံဖြစ်ရာ ဤဂူသည် ကျောက်ဂူဖြစ်သည်ဟု လုလင်ပျို့ထွားသည် သာမန်အားဖြင့် ကောက်ချက်ပြုလိုက်လေသည်။

လုလင်ပျို့ထွားသည် အခြားမည်သည့်ကိစ္စများကို မှ သတိပြုနိုင်ခြင်းမရှိတော့ဘဲ ဤကျောက်ဂူအားသာလျှင် စိတ်စူးစိုက်လျှက် ဤဂူကြီး၏ထူးခြားမှုအားလုံးကိုသာလျှင် စိတ်တွင်း၌ မှတ်သားထားလျှက်ရှိပေ၏။

ထို့ကြောင့် ဂူတွင်းသို့ ဖြည်းညင်းစွာ လျှောက်၍ကြည့်ပေ၏။ ဂူ၏ အလင်းရောင်မှာလည်း မပြင်းလွန်း မပျော့လွန်း အနေအသားကျလျှက်ရှိပေရာ လုလင်ပျို့ထွားအဖို့ လွန်စွာပင် ဟန်ကျ

www.burmeseclassic.com

www.burmeseclassic.com



ပန်ကျဖြစ်လျှက်ရှိပေတော့သည်။

ယမင်းပျို တဝမူကမူ တဖြည်းဖြည်းလျှောက်ရင်း သမ်းဝေ၍ လာတော့သည်။ ပင်ပန်းနွမ်းနယ်ခြင်း၊ ထိတ်လန့်သည်းမှိုရင်ဆိုင်တွေ့ကြုံရပေခြင်းများကြောင့် အနားရရှိသွားသည်နှင့် စောင်းစွာ ငိုက်မြည်းခြင်းဖြစ်၍သွား၏။

လုလင်ပျိုထွားသည် အေးအေးဆေးဆေးပင် ကျောက်နံရံမှ အရုပ်များကို ဆက်၍ကြည့်ရှု၍ ဂူတွင်းသို့ ဖြည်းညင်းစွာလှမ်းလျှက်ရှိသည်။

ဂူ၏ဝင်လမ်းမှာ တစ်ဖြောင့်တစ်ဖြူးတည်းမဟုတ်၊အကွေ့အကောက် အဝှေ့အပတ်များရှိလျှက် ကျောက်တုံးစွန်း ကျောက်မြှောင်စွန်းတို့က လမ်းကိုကွေ့စေပတ်စေခြင်းဖြစ်လေသည်။ လမ်းများသည် တစ်ချက်တစ်ချက်မှောင်လျှက် သွားပေသည်ကို တွေ့ရ၏။ အချို့နေရာတွင် ကျောက်ဆစ်တွင်း ပန်းပုရုပ်များကို တွေ့လိုက်ရသည်။

လုလင်ပျိုထွားသည် ရှေ့သို့ အာရုံစူးစိုက်စွာဖြင့် ဆက်၍သွား၏။ ကျောက်ကမူ အချွန်နှင့် ကျောက်တုံးကြီးများကို တွေ့ရပြန်၏။ ထိုကျောက်ကမူ အစွန်းပေါ်၌ စေတီငယ်များကိုတွေ့ရ၏။

စေတီငယ်များသည် အောက်ခြေပတ်လည်၌ အဖြူ ရောင်ကျောက်သားဖြစ်လျှက် ထီးနှင့်ငှက်မြက်နား၌မူ ရွှေများချလျှက်ထားသည်ကို တွေ့ရပြန်၏။ ထို့ပြင် ထူးခြားသောဆေးကြွတ်များကိုလည်း ကျောက်ဂူနံရံများ၌ ထွင်းထုလျှက်ရှိပြန်၏။ ကျောက်ဂူ၌ထားသည့် ဆေးကြွတ်များ၌ ဆေးကျောက်ပြင်ငယ်များကိုလည်း တွေ့ရပြန်၏။



ကျောက်ဂူတစ်ခုလုံးသည် ထူးဆန်းမှုများဖြင့် ပြည့်လျှက်ရှိပေရကား စိတ်ဝင်စားဖွယ်ရာအတိပင်ဖြစ်တော့သည်

"အစ်ကို ... ညီမနားလိုပြီ ... ပင်ပန်းလှပေရော့ ဟင်းဟင်း ... ဟူး ... ဟူး "

ဟူ၍ ယမင်းပျိုချော တဝမူသည် လုလင်ပျိုထွား အားပြောဆိုလိုက်၏။ သူမ၏ မျက်တောင်သည်လည်း စဉ်းလျှက်လာ၏။ သူမ၏ ပခုံးပေါ်၌ မှီနှံးလျှက် လိုက်၍လာသော မျောက်လွဲကျော်လေးသည်ကား အိပ်စက်၍သွားပြီဖြစ်သည်။ လုလင်ပျိုထွားသည် ယမင်းပျိုအား စောင်ငဲ့လျှက်ကြည့်လိုက်သည်။

ယမင်းပျိုတဝမူသည်ကား တောတွင်းသူပင် ဖြစ်လင့်ကစား မောဟိုက်၍နေသည်။ လုလင်ပျိုထွားသည်ကား ဆေးခါးပတ်မှ 'ဆေးစင်လုံးမည်သော အာယုသိဝရဆေးလုံး' အား စားမျို၍ထားခြင်းကြောင့် မဆာရုံမျှမက မောပန်းနွမ်းနယ်ခြင်း မဖြစ်သည်ကို သတိမေ့လျော့သွား၍ဖြစ်ပေသည်။

လုလင်ပျိုသည် ကျောက်ဂူကြီးအတွင်းသို့ ကွေ့ပတ် ဝင်ရောက်ပြီး နှစ်ဆစ်ချိုးခန့်ရောက်ပြီဖြစ်လျှက် ဤကျောက်ဂူကြီးအတွင်း၌ မည်သည့်အရာများရှိ၍ မည်သည့်ပုဂ္ဂိုလ်ရှိသည် ဟူ၍မသိကောင်းသေးဖြစ်သည်။

"ဟင်း ... အခြေအနေက ဒီတစ်ည ဒီမှာ နားခိုရည့်ကိစ္စရပ် ပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျိုသည် ရွေရွတ်လိုက်ပြီးလျှင် ကျောက်ဗွမ်း ထိုးထွက်ရာ ချောင်ကောင်းကောင်းတစ်ခုအား ရွေးချယ်လိုက်ပြီး လျှင် အနီးအပါးရှိ ကျောက်တုံးတစ်ခုအား ရွေးချယ်လိုက်သည် အလင်းရောင်ခတ်မှာ အားကောင်းလျက်ရှိသော်လည်း ဂူအတွင်း ပိုင်းသည် နက်လာလျှင် အေးစိမ့်၍လာလေသည်။

ထို့ကြောင့် လုလင်ပျိုထွားသည် ဂူကြီး၏အရှေ့ပိုင်း အပေါက်ဝသို့ပြန်၍ထွက်ပြီးလျှင် သစ်ကိုင်းများကို ယူဆောင်၍လာ ပြီး ထိုကျောက်စွန်းနား၌ချ၏။ ထို့နောက် ကြက်ခြေခတ်ပုံသဏ္ဍာန် ပုံလိုက်ပြီးလျှင် ရွာအိမ်ပျက်မှ ရှင်းယူဆောင်လာသော မီးခဲ ကျောက်နှစ်ခုနှင့် ခတ်ပြီးလျှင် မီးစတင်မွေးခြင်းပြုလုပ်လေသည်။

မီးခတ်ကျောက်ကြောင့် မီးတောက်များသော်လည်း သ ကိုင်းခြောက်မှ ရေများမှာ မခြောက်မသွေ့ဖြစ်လျက်ရှိခြင်းကြော ရုတ်တရက် မီးမစွဲလှချေ။ မီးခိုးမှိုင်းများသာလျှင် ကြပ်စွဲလျ ၍ အတန်ကြာမျှ မီးမွေးခြင်းပြုရပေ၏။ ယမင်းပျို တဝမှုသည်က စကားမြွက်ဆိုခြင်း မပြုနိုင်၊ ကျောက်စွန်းအား မှီလျက် အိပ်ပျော် သွားပြီးဖြစ်လေသည်။

အတန်ကြာမျှ မီးမွေးခြင်းပြုပြီးနောက် မီးများသည် မီးခိုးအူလျက် အောက်ခြေမှစတင်၍ အသင့်အတင့်လောင်လျ မီးတောက်မီးရှိန်၏ အငွေ့အသက်များကို ရရှိ၍လာလေလျှ လုလင်ပျိုထွားသည် လက်နှစ်ဘက်အား ခါထုတ်၍ ရင်း၏ သား နယ်ဖုံးထားသော ချပ်ဝတ်ဘောင်းဘီတိုအား သုတ်လိုက်လေသည်

မီးတောက်သည် အရှိန်ရလျက် ဖြည်းဖြည်းချင်း တော



လျက်လာလေသည်။ လုလင်ပျိုထွားသည် သစ်ရွက်မစို တစ်ချို့များ ပါပုံ၍ ထည့်ပေးလိုက်ခြင်းအားဖြင့် ဗို၍အပူရှိန်သည် မြင့်တက်လျက် လာလေသည်။

တဝမှုသည်ကား အိပ်ပျော်ခြင်းသို့ပင် ရောက်ရှိ၍ သွား၏။ ထို့အတူပင် တဝမှု၏ ရင်ပေါ်၌ ကပ်ခိုလျက်ရှိသော မျောက်လွှဲ ကျော်လေးသည်လည်း အိပ်စက်လျက်ရှိတော့၏။ လုလင်ပျိုထွား မှုကား သုံးညသုံးလီမျှ မအိပ်စက်ဘဲနေနိုင်အောင် တောမုဆိုးကြီး စံထီးပက အသင်အကြားရှိထား၍ ကျင့်ဆောင်ခြင်းပြုခဲ့ရာ အနေ အထားသင့်လျက်ပင်ရှိသည်။

ထို့ကြောင့် ပူနွေးနွေးမီးတောက်အား လက်ဝါးမီး ကင် ရင်း ခပ်အေးအေးထိုင်ပြီးလျှင် ဤတာဝမှုတ်ဂူကြီး၏အရိပ်အခြည် အား အကဲခတ်ခြင်းပြုလိုက်သည်။

'တဝမှုတ်ဂူပေါ်၌ မျောက်နုံကြီးအိပ်ပျော်လျက်ရှိသော မျောက်လွှဲကျော်လေးအား လုလင်ပျိုထွားသည် အသာအယာမပြီး လျှင် ကျောက်တုံးတစ်ခုပေါ်၌ချ၍ ထားလိုက်သည်။ တောမျောက် က ခွီး'ခနဲအော်ပြီးလျှင် အိပ်ခြင်းမှ လန့်၍နိုးသွားသည်။

တဝမှုသည်ငုတ်တုတ်ထိုင်လျက်ကျောက်ကမ်းပါးယံအား မှီကာ အိပ်ပျော်လျက်ရှိပေရာ မသဘာဝ၏ အနေအထား အလိုက် သေင့်လျော်သော ပုံစံဖြစ်လျက် ရှိနေသဖြင့် လုလင်ပျိုထွားသည် ရင်းရှာဖွေထားသော ကျောက်တုံးကြီးတစ်ခုပေါ်သို့ 'တဝမှု' အား အသာလှဲချလျက် ဦးခေါင်းအား ကျောက်တုံးပေါ်သို့တင်၍ ပေး လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောက်မိုခြင်းတစ်ဖုံ၊ ရှိုက်သွယ်ခြင်းတစ်သွယ်၊ ဖြည်းကားခြင်းတစ်လီ၊ အိထွေးခြင်းတစ်မျိုးဖြင့် မျိုးထွေစုံစေ့စွာဖြင့် တောတွင်းအလှတစ်ပါးအဖြစ် သဘာဝ အဖုံးပိတ် အဆီးအတန့်နည်းပါးသော တောတွင်းသူ၏ အလှတစ်မြိုကား ထင်းထင်းလင်းလင်း ပကတိရှိဘိလှပေ၏။

ထို့နောက် ဂူဝသို့ထွက်ကာ သစ်ခေါင်းသစ်ရွက်အစုများကို ယူဆောင်လျက် တငွေ့ငွေ့တလျှင်းလျှင်း လောင်လျက်ရှိသော မီးဖိုမီးကင်လျက် 'တဝမူ' ၏ ခန္ဓာကိုယ် အပေါ်သို့ ဆောင်းပါး ဆောင်းချပ်သဖွယ် ပြုလုပ်ပေးလိုက်သည်။ သဘာဝအလှသည် လှစ်တစ်မြူငွေတူထူရှိဘိ၏။

လုလင်ပျိုထွား၏ အစီအမံအား မျောက်လွှဲကျော်လေသည့် မကျေမနပ်သလို မျက်လုံးဖြင့် လှမ်းကြည့်ပြီးလျှင် သူ၏သခင်မဟု သတ်မှတ်ထားသော 'တဝမူ' ၏ ဝမ်းဗိုက်ပေါ်သို့ ရွေ့ပြောင်းလျက် ခုန်ဆွဆွဖြင့်သွားရင်း ဝမ်းဗိုက်သို့သူ၏နားရွက်ဖြင့် ကပ်ကာ လက်နှစ်ဘက်ဖြင့် တဝမူ၏ ဝမ်းဗိုက်သားနုနုပေါ်သို့ လက်တင်လျက် အိပ်လေတော့သည်။

"မင်းကလည်း ခက်သည့်ကိုး ... အင်း ... သည်လောက် အငွေ့ကြိုက်လျှင်လည်း တောထဲမနေနဲ့တော့ ... "

ဟူ၍ လုလင်ပျိုထွားသည် မျောက်ကလေးအား ကြည့်လျက် ဟင်းခနဲ သက်ပြင်းချကာ သူသည်လည်း ကျောက်ဂူပြင် နံရံမှထွက်၍နေသော ကျောက်တုံးကြီးတစ်ခုပေါ်သို့ တက်ကာ ဒူးနှစ်ဘက်ချိတ်ကာ ပက်လက်လှန်လေသည်။ ထို့နောက် မျက်စိ



မှိတ်၍ နားလိုက်သည်။

ဂူကြီး၏ အပြင်ဘက်တွင် ခပ်ရှုရှုကျလျက်သော မိုးစက်တို့သည် တဖျောက်ဖျောက်ရွာသွန်းလျက်ရှိရာမှ ခပ်သည်းသည်း ရွာသွန်းပြန်သည်ကို ကြားလိုက်ရပြန်သည်။

တောတွင်း၌ ရွာသောမိုးသည် တော်တန်ဖြင့် စဲလှသည်မဟုတ်၊ တောနှင့်တောင်၏ အခိုးအငွေ့အသက်များကြောင့် မိုးသည်ပို၍ ရွာသွန်းသည်ဖြစ်လေရာ မိုးနှင့်အတူ လေ၏ထိရှန်းစွာ တိုက်ခတ်သော အသံဗလံများကိုပင် ကြားရပြန်လေသည်။

လုလင်ပျိုထွား အိပ်သောနေရာမှာ တောတွင်းသူ 'တဝမူ' အိပ်စက်သော ကျောက်စွန်းစူ၏ ထောင့်ဘေးနားရှိ ကျောက်တုံးကြီးပေါ်တွင်ဖြစ်၍ 'တဝမူ' နှင့် တောမျောက်ကလေးအား လှမ်း၍ ကြည့်လိုက်လျှင်ကောင်းစွာမြင်ရသော နေရာဖြစ်သည်။

လုလင်ပျိုထွားသည် သူ၏နံဘေး၌ လှံတိုမှန်းအား အသာချထားလျက် လှံသွားကိုကာပ်လျက်ထားရှိပြီးလျှင် လက်ဖြင့် ထိုလှံတိုမှန်းအားထိကိုင်၍ ထားရှိသည်။ အရေးကြုံလျှင် ထိုလှံတိုမှန်းဖြင့် ရန်ကိုရှင်းလင်းရန်ဖြစ်လျက် ဒူးနှစ်ဘက်အား ထောင်လျက် အိပ်သည်။

အရေးကြုံသော နေရာ၌ အိပ်လျှင် စောင်းလျက် မအိပ်ရ၊ ဒူးဆန့်လျက်မအိပ်ရဘဲ၊ ဒူးထောင်လျက် လက်ကိုရင်ဘတ်၌တင်ကာ အိပ်ရမည်ဟု သူ့အား 'လက်ဇေ့' 'လက်သိုင်း' ကို သင်ပေးခဲ့သော အရှင်ဖြစ်သူ ဆရာကြီးဗန္ဓက၏ အဆိုအမိန့်အတိုင်းပင် ဆောင်ရွက်လုပ်ကိုင်ခြင်း အိပ်စက်ခြင်းပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျိုသည် နီးကြားသော တောက်တဲ့အိမ်ခြင်းမျိုးဖြင့် အိပ်စက်ရန် သတိပြုလိုက်သည်။ တောသတ္တဝါတောက်တဲ့သည် လွန်မင်းစွာ အိပ်စက်ခြင်းမပြုသော သတ္တဝါတစ်မျိုးဖြစ်လျက် လူသံနှင့် အခြားတောသံကြားလျှင် မျက်လုံးသည် အလိုလိုပွင့်လျက် လာသည်ဟုသိရသည်။

တောတောက်တဲ့အားနီသည် အဆိပ်ကို လျှိုသွင်းလျက်ချောင်းတွင်းဝပ်စင်းလျက်ရှိသော်လည်း အမှောင်၏အရိပ်ကို အင်အားတစ်ခုအဖြစ်သာ ယူဆောင်၍ အိပ်ခြင်း၏အင်အားဖြင့် ရပ်တည်ခြင်းမရှိဟု မုဆိုးစံထီးပကလည်း အမိန့်အဆိုရှိခဲ့ဖူး၏။

လုလင်ပျိုထွားသည် မေ့ခနဲအိပ်ပျော်၍သွား၏။ ဤဂူတွင်း အေးငြိမ်းပကတိရှိ၍ သင့်တင့်ကောင်းမွန်သော အရိပ်အာဝါသဖြစ်ပေရာ လုလင်ပျိုထွားသည် ဓာတ်အေးချမ်း၍သွားပေခြင်းကြောင့် အိပ်ပျော်၍သွားသည်၊ လုလင်ပျိုထွား၏ ဟောက်သံသည် တရှူးရှူးဖြင့် ဂူတွင်း၌ မှန်မှန် ထွက်ပေါ်လျက်ရှိတော့သည်။

ထိုအချိန်တွင် ကျောက်ဂူကြီး၏ အလင်းရောင်ဓာတ်သည် ခပ်မှိန်မှိန်မျှသာလင်းလျက်ရှိပြီးလျှင် မှောင်ရိပ်ထိုး၍ လာရာ တောခြင်ကြီးများသည် ဂူတွင်းသို့ဝင်၍ လာကြပေ၏။

လုလင်ပျိုထွား ဖိုထားခဲ့သောမီးဖိုသည် တဖျောက်ဖျောက်တခတ်ခတ်မြည်လျက် ခပ်ဖြည်းဖြည်း လောင်လျက်ရှိရာ မီးကျဉ်းခဲများသည် ဘေးသို့ကျ၍လာ၏။

ဂူ၏နံရံအကျိုးအကြား၌ ရှိ၍နေသော လင်းနို့အုပ် သည် ဖြန်းခနဲ ဖျဉ်းခနဲထ၍ပျံကြလေ၏။



ခေတ္တကြာလျှင် ဂူအတွင်း၌အလင်းရောင်သည် မရှိသလောက် ပျောက်ကွယ်၍သွားပြီးလျှင် ညဉ့်၏နက်ရှိုင်းမှုသည် ၍ရောက်ရှိလာလေသည်။

ဂူကြီး၏ အပြင်ဘက်ရှိ သပွတ်ခါးသီးပင်ကြီးမှ လွန် စွာကြီးသော ငှက်ကြီးတစ်ကောင်သည် ဂူ၏နံရံအဝ၌ ချိတ်တွယ်လျက်ရှိသော လင်းနို့များကို ထိုးဆိတ်ခြင်း ပြုလေရာ ယင်းလင်းနို့အုပ်စုသည်လည်း အလန့်တကြား ပြေးလွှားပျံသန်း သွားကြလေ၏။

ထို့နောက် ဂူနံရံအသီးသီးသို့ ဝင်ရောက်လျက် နံရံ၌တွဲလောင်းခိုလျက်ရှိပေ၏။ လင်းဆွဲများနှင့် လင်းနို့များသည် ဂူကြီး၏ ကျောက်သားပြင်အောက် တွင်းချိုင့်တစ်ခု၏ အောက်ကျောက်ပန်းဆွဲတစ်ခုအား အမှီပြုလျက်အုပ် စုဖွဲ့၍ နေကြလေသည်။

သပွတ်ပင်ပေါ်မှ ငှက်ကြီးကား အတွင်းသို့ လိုက်လံထိုးသုတ်ခြင်းမရှိချေ။ အပေါက်ဝတွင်ပင် တဂစ်ဂစ်ဖြင့် လွန်စွာစိတ်ဆိုးသောပုံစံဖြင့် ရစ်ဝဲလျက်ရှိပြီးလျှင် သပွတ်ခါးပင်ကြီး ပေါ်သို့ ပြန်၍တက်သွားလေ၏။

ငှက်ကြီးမှာ အတော်ပင်ကြီးမားရကား ငုင်းနား လိုက်သော သပွတ်သီးပင်ကြီး၏ ပင်စည်ကြီးတစ်ခုလုံးသည် ခါယမ်းလျက်သွား၏။ ထိုငှက်ကြီးမှာ မည်သည့်ငှက်ဟူ၍ အမျိုးအမည်သတ်မှတ်ရန် အတန်ပင်ခက်ခဲပြီးလျှင် လွန်စွာအရုပ်ဆိုးသော ငှက်ကြီးတစ်မျိုးဖြစ်လျက် ပုဂံပြည်အတိတ်စာတွင် ငှက်ကြီး၊ ဝက်ကြီး၊ ရှူးပျံကြီး စသည့်ငှက်ကြီးမျိုးစာရင်းမဝင်သော်လည်း [illegible] တောတွင်းရှိ ငှက်အပေါင်းတို့တွင်ကား နှိုင်းယှဉ်ရန်ခက်ခဲသော

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကြီးမျိုးဖြစ်လေသည်။

နှုတ်သီးမှာ ကောက်ပြီး ရှည်လျား၏။ မျက်လုံးနှစ်ဖက်မှာ ပြူးကျယ်ပြီး သစ်ကိုင်းတစ်ကိုင်းစာမျှလောက်သော သစ်ခက်တို့အား ၎င်း၏လက်သည်းဖြင့် လျှင်မြန်စွာကုတ်ဆိတ် တစ်ခဲနက်ထိုးစိုက်လျက် တစ်တောင်ခန့်နက်မည်ဟု ယူဆရသော တွင်းနက်ကြီးအဖြစ်သို့ကား ဆောင်ခြင်းရှိလေသည်။

လုလင်ပျိုထွားသည် နှစ်သက်စွာ အိပ်မောကျ၍ သွားပြီးလျှင် ၎င်းအိပ်ပျော်နေစဉ် မည်သို့မည်ပုံဖြစ်ပျက်၍ နေကြသည်ကို သိရှိခြင်းမရှိပေ။ လွန်စွာအေးချမ်း၍ ထူးဆန်းသော ဤဂူကြီး၌ စေတီငယ်များနှင့် စေတီရုံများ ကျောက်တုံးပေါ်၌ တွေ့ရှိပေရာ ရှေးက ရသေ့များ ဂူအောင်းရင်း တရားကျင့်ဆောင်မှု ပြုသော နေရာဖြစ်သည် ဟူ၍သာလျှင် အောက်မေ့မိခြင်းရှိလေသည်။

ထို့ကြောင့် ၎င်း၏ စိတ်အစုံသည် ငြိမ်သက်သွားသည့်အလျောက် အိပ်စက်ခြင်း၌လည်းနစ်မြော၍သွားခြင်း ဖြစ်တော့သည်။

တဝမှုကား မူလမဆွကပင် နွမ်းနယ်မှုနှင့် ထိတ်လန့်မှုများက လွှမ်းခြုံထားသည့်အလျောက် ပန်း၍အိပ်ပျော်သွားခြင်း ဖြစ်တော့သည်။

ညဥ့်သည် နက်သည်ထက်နက်၍လာပြီးလျှင် နံနက်ပိုင်းမိုးသောက်အရုဏ်ဦးသို့ပင် ရောက်၍လာတော့သည်။ မိုးသည်လည်း စဲ၍သွား၏။ သပွတ်ခါးသီးပင်ကြီးမှ ငှက်ကြီးသည်လည်း တောင်ပံသံတစ်ချက်ပေးပြီးလျှင် ကောင်းကင်ထက်သို့ ပျံသန်း၍



သွားပေ၏။

လုလင်ပျိုထွားသည် အရုဏ်တက် မိုးသောက်ချိန်၌ လက်မောင်းနှစ်ဘက်ကို ဆန့်တန်းလျက် အိပ်ရာမှနိုးလာ၏။ ၎င်းသည် ရုတ်ခြည်းထိုင်လိုက်ပြီးလျှင် တဝမှု အိပ်ပျော်လျက်ရှိသည့် ကျောက်ကမူစွန်းဘက်ဆီသို့ ကြည့်လိုက်သည်။

လုလင်ပျိုသည် လွန်စွာအံ့ဩသင့်လျက်သွား၏။ တဝမှုသည် ၎င်းနေရာ၌ မရှိတော့ပေ၊ ထို့ပြင် ထိုနေရာ၌ တောမျောက်လေးသည်လည်း မရှိတော့ပေ။ ညဦးက ရေစို၍ တဝမှု အိပ်စက်ခဲ့သောနေရာသည် တွက်လင်းလျက် ကျန်ရစ်ခဲ့ခြင်း ရှိကုန်၏။ မီးဖိုခဲ့သောနေရာ၌ မီးကျည်ခဲများသည် ပြာပုံများအဖြစ်သို့ ရောက်လျက်ရှိ၏။ ပြာများမှာ ပြာနုများသာလျှင် ရှိပေတော့သည်။

ဂူကြီး၏ အတွေ့အကောက်များသည် များလှ၏။ ဂူနံရံ၌ လိုဏ်ပေါက်များကိုလည်း တွေ့ရ၏။ လိုဏ်ပေါက်အချို့မှာ နက်ကျယ်လျက် ရှိခြင်းကြောင့် ဤဂူပေါက်များ၌ မြွေများနေသည် ဟူ၍ လုလင်ပျိုထွားသည် ခန့်မှန်းကြည့်လိုက်ပြီးလျှင် ဂူ၏အတွင်း နက်သော အပိုင်းသို့ ခပ်သွက်သွက်ဆက်၍လှမ်းလိုက်ခဲ့လေ၏။

ဂူသည် မြွေလိမ်မြွေကောက်လမ်းများရှိပြီး အခြားနေရာများ၌ နံရံခြားလမ်းမြောင်များကိုလည်း တွေ့ရှိရပေ၏။ ထို့ကြောင့် ဤဂူကြီးသည် တောင်ကြောအောက်ဖြစ်ပေါ်နေသော ကျောက်ဂူကြီး ဖြစ်တန်ရာသည်ဟု တွက်စစ်လိုက်မိပြန်လေ၏။

ဂူ၏ ကျောက်စွန်းကျောက်တုံးပေါ်၌မှ စေတီငယ်များကို တွေ့ရမြဲအတိုင်း တွေ့ရပေ၏။ အချို့နေရာ၌ ပင့်ကူအိမ်များကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပေရာ ပင့်ကူအုပ် အကောင်ပေါင်းများစွာကိုလည်း ဂူ၏နံရံကမူချိုင့်ကြားများ၌ တွားသွားလျက်ရှိသည်ကိုတွေ့ရပေ၏။

ဤနေရာ၌ လွန်စွာဆိတ်ငြိမ်ခြင်းနှင့် အမိုးအကာသဖွယ်ဖြစ်နေ၍ တောကောင်အချို့သည် နေအိမ်သဖွယ်ရောက်ရှိ၍လာသည်၊ အိမ်ပြုနေကြသည်ဟူ၍ လုလင်ပျိုထွားသည် မှတ်ယူခြင်းပြုလိုက်သည်။

ပင့်ကူအုပ်စုသည် တရွေ့ရွေ့ ကျောက်တုံးပေါ်က ဆင်း၍လာသည်။ ပင့်ကူများမှာ အညိုရောင်နှင့် အနက်ရောင်ပင့်ကူများဖြစ်၍ ခြေတန်များ ရှည်လျားသည့် ပင့်ကူအမျိုးအစားကိုလည်း တွေ့ရပေ၏။ ပင့်ကူအုပ်တွင် သားခွံအုပ်ကို ပိုက်၍လာသော ပင့်ကူမကြီးကိုလည်း တွေ့လိုက်ရ၏။

လုလင်ပျိုထွားသည် ဤဂူကြီး၏ထူးခြားသောအကြောင်းချင်းရာများကို တွေ့ရှိရပြီးလျှင် ပင့်ကူအုပ်နှင့် မြွေအုပ်သည် မည်သို့မည်ပုံ ဤဂူကြီးအတွင်း၌ တည်ရှိလျက်နေကြသည်ကို စဉ်းစားလျက်ရှိပေ၏။

လုလင်ပျိုထွားသည် ရှေ့သို့လျှောက်၍ ဖြည်းညင်းစွာလျှောက်၍လာရာ ရှေ့လမ်းတစ်လျှောက်သည် မြေမာများ ရှေးယခင်ကလောက်မရှိဘဲ မြေပျော့များအဖြစ်သို့ ပြောင်းလဲလျက်လာသည်ကို တွေ့ရပေ၏။

ထို့ပြင် မြေကြီးအရောင်သည် စိမ်းနက်နက်ရှိလာပြီး ရေညှိဖတ်များကိုတွေ့ရ၏။ သို့ရာတွင် ဂူ၏ အမိုးအကာရံသည်ကား အတော်ပင် ကြီးမားလှသည်ကိုတွေ့ရပေ၏။ ရေညှိမြေများဖြစ်ရ



ခြင်းမှာ ကျောက်ကမူကြား၌ ရေစက်များသည် စိမ့်ဝင်လျက်ရှိသည်ကို တွေ့ရပြန်လေ၏။

လုလင်ပျိုထွားသည် လှံတိုမှိန်းကိုအားပြုလျက် ချောကျိနေသော ရေညှိမြေတို့အား ဖြည်းညင်းစွာ ကူးလျှောက်ရပေ၏။

တဝမူ ပျောက်ဆုံးသွားသည့် ပုံစံမှာ ထူးဆန်းလျက်ရှိသည့်ပြင် ဝမ်း၌လည်း ဟာ၍လာပေ၏။ ၎င်း၌အတာရဟူ၍ မည်သည့်အာဟာရမျှ ယူဆောင်လာခြင်း မရှိသည့်ပြင် ဤဒေသသို့ 'တဝမူ' ခေါ်ဆောင်၍သာ လာရပေသဖြင့် ၎င်းအနေဖြင့်ကား ခရီးလမ်းကျွမ်းကျင်မှုမရှိရကား အခက်တွေ့လျက်ရှိ၏။

သို့သော် ဤဂူကား လျှို့ဝှက်ဂူဖြစ်သည့်အလျောက် ဂူ၏အဆုံးသတ်နေရာ သို့တည်းမဟုတ် ဂူ၏အဓိက ပင်မသော့ချက်နေရာရှိရမည်ဟု ခန့်မှန်းမိလေရာ ထိုနေရာသို့ ရောက်လိုဇောနှင့် စိတ်၏ထက်သန်မှုသာလျှင်ရှိပေတော့ရာ ထိတ်လန့်ခြင်း အလျဉ်းမရှိသကဲ့သို့ပင် ဖြစ်ပေ၏။

လုလင်ပျိုထွားသည် ရှေ့သို့တိုးလျက်လာခဲ့၏။ ရှေ့ တွင် မြေပျော့စိမ်းဖန့်ဖန့်သည် ပို၍ပို၍လာလေ၏ ကျောက်ကမူစွန်းထိပ်များကို လုလင်ပျိုထွားသည် တစ်ဝက်နင်းလျက် လျှောက်ခြင်းပြုရလေသည်။

ဂူ၏အတိုင်းအဆကို မသိမှုရကား လုလင်ပျိုထွားသည် မည်သည်ထိ ဆက်၍သွားရမည်ကို ခန့်မှန်း၍မရပေသဖြင့် ရှေးမဆက ကြားဖူးနားဝရှိခဲ့သော မဆုံးနိုင်သော ပထဝီ ပသုမြေအောက်သို့ ရောက်သွားသော ဂူနက်တစ်မျိုးဖြစ်က မိမိ၏အသက်သည် ဖြန်၍

www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်ရန် မလွယ်လှသည့်ပြင် လမ်းခုလတ် ပြန်လှည့်၍သွားရန်မှာ လည်း ဂူအတွင်းသို့ ခရီးတာ အတော်ဝင်ခဲ့ပြီကို လုလင်ပျို့ထွားသည် သတိချပ်လိုက်မိပေသည်။

"အင်း ... အတော်ခက်တမံ ... ရှေ့လည်း မတိုးကောင်း နောက်လည်းမဆုတ်သာမျိုးပါလား ..."

ဟူ၍ လုလင်ပျို့ထွား ရေရွတ်လိုက်မိတော့သည်။

သို့ရာတွင် နောက်ပြန်လည်ဆုတ်ရေးထက် ရှေ့သို့ ပို၍သွားရောက်ရေးက စိတ်အားထက်သန်၍လာသည်။ သို့အတွက် လုလင်ပျို့သည် ခြေသို့ကျောက်စွန်းနှစ်ခုအား ကျော်လွှားကာ စိမ့် ဖန်မြေထဲသို့ ခြေတစ်ဖက်ချလိုက်သည်။

ထိုအချိန်တွင် ...

* * *



## လူမည်းကြီးနှင့် တွေ့ဆုံခြင်း

တော်လဲသံကဲ့သို့သော မြည်ဟီးသံကြီးသည် ရုတ်တရက် ပေါ်ထွက်၍လာလေသည်။ လုလင်ပျို့ထွား၏ ညာခြေဘက် သည် စိမ်းဖန့်ဖန့်မြေလွှာထဲတွင် နစ်မြုပ်လျက်ရှိပြီး အက်ကွဲကြောင်း ကြီးတစ်ခုသည် ရှေ့နားဌ် ပေါ်၍လာ၏။ ဤအရာသည် ရွှံ့နုံ့ရှိသော ရွှံ့စေးမြေဖြစ်လျက်ရှိပြီး အပေါ်ယံ၌ ရေညှိတက်၍နေခြင်း ဖြစ်သည်။ အတွင်း၌ နှံ့ကဲ့သို့သော ရွှံ့မြေများဖြစ်လျက်ရှိသည်ကို တွေ့ရသည်။

လုလင်ပျို့ထွားသည် ကိုယ်လုံးကိုယ်ထည်ထွား ကြိုင်း လျက် ကိုယ်အလေးချိန်စီးသော ယောကျ်ားလုလင်တစ်ဦးဖြစ်ရာ ကျွံလျက်ရှိသော ခြေထောက်၌ အားပြု၍နင်းလိုက်ခြင်းကြောင့် ထိုနေရာမှ ပြန်ဆွဲနှုတ်၍မရဘဲ ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျိုတွား၏ ညာဘက်သည် ဂူကြီး၏ကျော
စွန်းတစ်ဘက်အားကိုင်လျက် ထိုနစ်၍သွားသော ခြေထောက်
အားယူ၍ ကျောက်စွန်းတောင်ကမူအားဆွဲကာ ရုန်းကန်လှုပ်ရှား
၍ ယူလိုက်သည်။ မြေအက်ကြောင်းကြီးသည် အငွေ့များထွက်က
အက်ကြောင်းကြီးပေါ်၍လာပေသည်။

တစ်ဘက်၌ ဂူလမ်းကြောင်းကြီးသည်လည်း မှောင်လျ
ရှိသည်ကို တွေ့ရ၏။ အက်ကြောင်းသည် အောက်ခြေ၌ အ
ကွဲသော်လည်း ပုပ်နံ့ရှိနှင့် အမိုးအရံအတားများ အက်ကွဲခြင်းမရှိသည်
မှာလည်း ထူးဆန်းခြင်းရှိလေသည်။

လုလင်ပျိုတွားသည် ခြေထောက်ကို အားစိုက်၍ နှုတ်
သော်လည်း နှုတ်၍မရဘဲရှိတော့သည်။ ခြေထောက်အား အော
ခြေမှစုပ်ယူသကဲ့သို့ ရှိလေသည်။ ထို့ကြောင့်ညာလက်ဖြင့် ကျော
စွန်းအား အတင်းအကြပ်ဆွဲကိုင်ထား၍ တစ်ဘက်၌မူ ခြေထော
အား ကျောက်စွန်း၌ ကုတ်ခြစ်၍ထားရလေသည်။

ထို့ကြောင့် ချွေးသီးချွေးပေါက်များ ကျ၍လာလေသည်
အကယ်၍ အားလျှော့လိုက်လျှင် ထိုမြေကြီးထဲသို့ တစ်ကိုယ်လုံး
အားဖြင့် ကျုံ့ကျကာ စုံးစုံးမြုပ်၍ သွားနိုင်လေသည်။

ထို့ကြောင့် အားလျှော့၍မဖြစ်ပေ။ လုလင်ပျိုတွား၏
ရှေ့တစ်ခိုလောက်တွင်လည်း မြေပတ်ကြားအက်ကြီးမှာ အတွင်း၌
စောက်နက်ခြင်းရှိသည်ကို တွေ့ရပြီး ညှိနေရာ၌မူ နံ့တောသဖွယ်
အောက်ခြေမြေပျော့ကြီးသည် နံ့တောများ ရွှံ့လျားသည် ကဲ့သို့
ရှိလေရာ ညှိနေရာမှကျော်လွှန်ရန် လွန်စွာခက်ခဲခြင်းဖြစ်၍ နေ



လေသည်။

ကျောက်စွန်း၏ကွေ့၌ လမ်းချိုးတစ်ခုကိုတွေ့ရ၏။ ထို
လမ်းချိုးဘက်သို့ ကွေ့၍ဖြတ်နိုင်လျှင် ညှိနံ့အိုင်ဖုံးသော မြေပျော့
တွင်းကြီးမှလွတ်မြောက်မှုယ်ရှိ၏။ သို့သော် လုလင်ပျို၏ခြေထောက်
မှာ ခြေသလုံးသားအထိ ဖြည်းဖြည်းချင်းတိုး၍ နစ် သွားသလို
ခံစားရပြီးလျှင် မည်မျှပင်အားယူ၍မ,သော်လည်း ဖြည်း ဖြည်းချင်း
မြုပ်ဝင်လျက်ရှိသည်ကိုသာလျှင် တွေ့ရ၏။

သာမန်နွားမျိုးဖြစ်လျှင် ညှိမှုအားကောင်းမောင်းသန်
ယောက်ျားတစ်ယောက်သည် လွယ်ကူစွာပင် ဆွဲထုတ်နိုင်မည်ဖြစ်
သော်လည်း အတွင်း၌ စုပ်အားကဲ့သို့သော ဆွဲအားတစ်ခုကြောင့်
လုလင်ပျိုတွားသည် ထိန်းမရနိုင်သကဲ့သို့ရှိ၏။

လုလင်ပျိုတွားသည် အံကိုတင်းတင်းကြိတ်လျက် ညာ
ဘက်မှ အကြောများသည် တဖျစ်ဖျစ်မြည်အထိ ဆွဲကိုင်လျက်
ခြေထောက်အား မ၍ထုတ်ယူကာ ဆွဲနှုတ်နိုင်ခြင်းမရှိ။ သို့ရာတွင်
အခြေအနေမှာ အတန်ပင်ဆိုးရွားခြင်းရှိပေရာ လုလင်ပျိုတွား၏
လက်တစ်ဘက်မှာ ကျောက်ကမူစွန်းမှ ပြုတ်လျက်ဘယ်ဘက်တစ်
ဘက်သာလျှင် နောက်ကျောက်စွန်းတစ်ခုအား ဆွဲကိုင်ထားပြီးလျှင်
ဘယ်ဘက်ခြေထောက်သည်လည်း ထိုရွှံ့ပျော့မြေထဲသို့ ကျလုကျ
ခင်ဖြစ်လျက်ရှိပေ၏။

ထိုအချိန်တွင် ...

လုလင်ပျိုတွားသည် လန့်ထိတ်ခြင်း၊ ကြောက်ရွံ့ခြင်းဖြင့်
အတိဒုက္ခရောက်လျက်ရှိပေရာ သေမင်းနှင့် လက်တစ်ငင်အလို

www.burmeseclassic.com

www.burmeseclassic.com



တစ်တွာတစ်မိုက်အကြားၶ့ ဘေးကင်းသော ကျောက်ကမ္ဗူလမ်းချောပေါ်သို့ ဇွ့ခနဲ အမှတ်မထင် အားနှင့်ရှန်းကန်၍ ရောက်ရှိသွားတော့၏။

လုလင်ပျိုထွားသည် စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်၏။

လုလင်ပျိုထွားသည် ဘေးဘီဝဲယာသို့ လှည့်ကြည့်သောအခါတွင်လည်း မည်သည့်ပုဂ္ဂိုလ်သတ္တဝါကိုမျှ တွေ့ရှိရခြင်းမရှိပေ။

လုလင်ပျိုထွားသည် အသက်တစ်ငင် ပင်ပန်းစွာလှုပ်ရှားခြင်းပြုခဲ့လိုက်ရသဖြင့် မောဟိုက်ပန်းနယ်၍ သွားပေတော့၏။ ထို့ကြောင့် အသက်ကို ဝဝရှူလိုက်ပြီးလျှင် ခေတ္တအနားဖြေကာ ကျောက်ဂူ၏ ကျောက်လမ်းချိုးကွေ့၌ပင်နားနေလိုက်သည်။ ဤဂူကြီးမှာ လျှို့ဝှက်ထူးဆန်းလျက် လမ်းသွယ်လမ်းခြောင်တွေ မည်သည့်လမ်း၌ မည်သည့်အရာများရှိသည်ကို မသိရှိဘဲ ဤဂူတွင်းသို့ စွတ်လျက်ဝင်ရောက်ခြင်းကြောင့်များစွာ အသက်ဘေးနီး၍သွားခြင်း ဖြစ်သည်ဟုတွေးမိ၏။

ဤဂူကြီး၏အကြောင်းကို သိဟန်ရှိသော 'တဝမူ'သည်ကား မည်သည့်နေရာသို့ရောက်လျက် မည်သို့မည်ပုံ ပျောက်ဆုံး၍နေသည်ကိုမျှ စဉ်းစားရကျပ်လျက်ရှိသည်။

လမ်းကြားခြောင်သည် မှောင်လျက်ရှိပေ၏။ ဗို၍လည်းအအေးဓာတ်များပြီးလျှင် ကျောက်ကမ္ဗူ အသားများမှာမူ ကျောက်သားပကတိအား လူများစံနစ်တကျ ခင်းကျင်းထားသကဲ့ သို့ပင်ဖြစ်ချေလေသည်။ ဖြောင့်ဖြူး၍ မျက်စိတစ်ဆုံးကို မြင်တွေ့ရပေ၏။



ကျောက်ကမ္ဗူတုံးများသည်လည်း ပြေပြစ်ချောမွေ့ကာ ထိုကမ္ဗူချောများမှာလည်း တစ်ပိုင်းစီတစ်ပိုင်းစီ ဖြစ်လျက် စနစ်တကျရှိလေသည်။ အားလုံးသည် လူကပြုပြင်ထားသည်လော သဘာဝအနေအထားအရ ဖြစ်တည်ရှိနေသည်လောဟူသည်ကို ခွဲခြားရန်ခက်ခဲသော အနေအထားတွင်ရှိလေသည်။

ထိုကျောက်တုံးများတွင် ထူးခြားဆန်းကြယ်သော အက္ခရာစာလုံးများ ရေးထိုးထားသည်။ အချို့နေရာများ၌ အကွက်သွင်း၍ ရေးထည့်ထားသည့် ကျောက်ကမ္ဗူတုံးများကို လုလင်ပျိုထွားသည် တွေ့လိုက်ရပေ၏။

ထိုကျောက် ကမ္ဗူတုံးများထက်တွင် စေတီငယ်များကိုမူ ရေးမဆွ ဂူဝင်စကကဲ့သို့ပင်တွေ့ရခြင်းရှိပေ၏။

လုလင်ပျိုထွားသည် ချွေးစေး၊ ချွေးစက်များကို လက်ဖြင့်သပ်ပြီးလျှင် အသက်တစ်ဝရှူရှိုက်ပြီးနောက် စိတ်တွင်အေးချမ်း၍သွားပေ၏။

ထို့ကြောင့် လွန်စွာဖြောင့်ဖြူးသော ဤလမ်းကိုသွားကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။ ခပ်စောစောက ၎င်း၏ခန္ဓာကိုယ်နှံ့ပျော့မြေချိုင့်တွင်းကြီးမှ လွတ်ကင်းသွားပုံကို ပြန်လည်စဉ်းစားမိသော်လည်း တွေးဆ၍မရသည့်ပြင် အကောင်အထည်အားဖြင့်လည်း မြင်မိသိရှိလိုက်ခြင်း မရှိခြင်းကြောင့် ဤကိစ္စသည် လွန်စွာကံထူး၍ ဆန်းကြယ်လှသည်ဟူသော ဖြစ်ရပ်တစ်ခုနှယ် သဘောပိုက်ကာ ဤဖြောင့်ဖြူးသော ကျောက်ဂူလမ်းကြီးအား လျှောက်စမ်းလျှင် သင့်လျော်ပေလိမ့်မည်ဟု တွေးထင်မိကာ ရှေ့သို့ဆက်ဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်း လျှောက်ခဲ့လေသည်။

ၶင်း၏ လှံတိုမှိန်းကား ဆေးခါးပတ်အကြား ကျောဘက်တွင် ချိတ်ထိုးထားလျက်ရှိပေ၏။ လုလင်ပျို့ထွားသည် ထိုဖြောင့်ဖြူးသောလမ်းအတိုင်း လျှောက်၍သွားရာစိတ် အတန်ကြည်နူးရှိလေသည်။ လမ်းလျှောက်ရသည်မှာ ခပ်စောစောကကဲ့သို့မဟုတ်၊ လျှောက်ရသည်မှာ အရသာတစ်မျိုးရှိသကဲ့သို့ ခံစားရလေသည်။

ကျောက်သင်ဖြူး ခင်းထားသကဲ့သို့သော လမ်းမအားလုလင်ပျို့ထွားသည် နင်း၍လျှောက်ပြီးနောက် ညာဘက်သို့ ကွေ့ချိုးလိုက်ရာ လိုဏ်သံပေါက်သော နေရာကိုတွေ့ရပြီးလျှင် ကျောက်သလင်းလှေကားကြီး တစ်ခုကို တွေ့ရပြန်လေသည်။

ထိုလှေကားအပေါက်မှာ ကျောက်ပြားပတ်လည်ရှိပြီးလျှင် လှေကားထစ်တစ်ခုကို အပေါ်မှကောင်းစွာ တွေ့မြင်ရခြင်းရှိလေသည်။

လုလင်ပျို့ထွားသည် စကောဝိုင်းခန့်ကျယ်သော အပေါက်မှ အောက်သို့ဆင်းလိုက်သည်။ လှေကားထစ်မှာ ကျောက်လှေကားထစ်ဖြစ်၍ ညီညာသော ကျောက်တုံးလေးများကိုပင် စနစ်တကျခင်းကျင်း၍ထားပေသဖြင့် စနစ်တကျပြုလုပ်ထားသော လှေကားထစ်ဖြစ်ကြောင်း သိသာလေသည်။

ကျောက်လှေကားထစ်သည် တည့်တည့်မဟုတ်ဘဲကြောင်လိမ်ကွေ့ဆင်း လှေကားဖြစ်၏။ ကျောက်လှေကားဘေး၌ချောမွတ်သော ကျောက်သလင်းများကိုနံရံကြီးသဖွယ် ပြုလုပ်ထား



၍ အေးစက်သော အငွေ့အသက်နှင့် ကျောက်သလင်း ကျောက်၏အေးကြည်သော ကျောက်သက်ကျောက်ငွေ့များကြောင့် သန့်သောလေများကို ရှူရှိုက်ခြင်း ပြုလိုက်ရပေ၏။

လှေကားထစ်ကိုပတ်၍ဆင်းရသည်မှာ ကွေ့ပတ်မှု အတော်ပင် များလေရာ တိုင်လုံးတစ်ခုအား ကြိုးခွေဖြင့်ပတ်၍ထားသကဲ့သို့ပင်ဖြစ်၏။

ထိုလှေကားမှာ လူတစ်ယောက်စာမျှသာလျှင် အနင်းအတက် ကောင်းပုံရ၍၊ ခြေချော်ခြင်း၊ လဲပြိုခြင်းမရှိနိုင်အောင် အထူးပြုပြင်ထားမှန်းသိရ၏။

ထို့ပြင် လွန်စွာလင်းသော နေရာဖြစ်ပြီးလျှင် လွန်စွာကျယ်ပြန့်သော ခန်းမဆောင်ကြီးတစ်ခုအား တွေ့ရလေ၏။ ကျောက်သားပြင် ခန်းမကြီးဖြစ်ပြီးလျှင် အလယ်၌ ကျောက်ပွတ်တိုင်များနှင့် ရုပ်ထွင်းပန်းပုလက်ရာများကို တွေ့ရပြီး၊ ကျောက်သားနံရံများ၌ သမင်ရုပ်များကို တွေ့ရပေ၏။

သမင်များမှာ သမင်ရုပ်အမျိုးမျိုးဖြစ်လျက် လွန်စွာလှပလေသည်။ ထို့ပြင်ကျောက်ခင်းပြင်မှာလည်း နန်းရင်ပြင်၌ခင်းကျင်းထားသော ဗိသုကာနှင့် ပန်းတမော့ပညာရှင်များ၏ လက်ရာများကဲ့သို့ပင် ချောမောလှပခြင်းရှိလေရာ လုလင်ပျို့ထွားသည် လွန်စွာ အံ့သြ၍သွား၏။

ထို့ပြင် ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်လျက်သွားပေ၏။ လျှို့ဝှက်ခြင်းနှင့် ဆက်စပ်ခြင်းရှိနေသည်ကို တွေ့ရလေရာ လွန်စွာကျေနပ်၍ သွားလေတော့၏။

www.burmeseclassic.com



လုလင်ပျို့ထွားသည် လှံကိုကိုင်လျှက် ဤချောမွေ့လှပသော ကျောက်သားပြင်ပေါ်သို့ လျှောက်၍ မြို့ရောက်တောသား၏ဟန်မူအကျင့်မျိုးအတိုင်း တအံ့တသြငေးမောခြင်းပြုလေသည်။

တိုင်လုံးကြီးများမှာ စုစုပေါင်းအားဖြင့် ခုနစ်တိုင်မျှ ရှိပြီး လျှင် လက်ရာအလွန်မြောက်၍ မျက်နှာကြက်၌လည်း ထူးဆန်းသော တိရစ္ဆာန်ပေါင်းစုံ၏ ရုပ်ကြွပန်းပုရုပ်လုံးများကို တပ်ဆင်လျက် ထားလေ၏။

ဤနေရာကား မြေတိုက်နန်းတော်ကြီးပင်ဖြစ်၏ဟု လုလင်ပျို့ထွားသည် တွေးမိလိုက်လေသည်။ သို့ရာတွင် လုလင်ပျို့ထွားသည် မည်သူတစ်ဦးတစ်ယောက်မျှ တွေ့ရှိခြင်းမရှိဘဲ ကျောက်ပြား ပြောင်ပြောင်ကြီးပေါ်တွင် ၎င်းတစ်ဦးတည်းရပ်လျက်ရှိ၏။ ကျောက်ပြားကြီးသည် မှန်ရောင်ပြေးကာ မိမိ၏အရိပ်ပင်လျှင် လာရောင်ထင်ဟပ်သည်ကို တွေ့ရှိရလေ၏။

ဤကဲ့သို့ ခေါင်လှသော လွန်စွာနက်သော တောတွင်း၌ ဤကဲ့သို့ ဗိမာန်ကြီးကိုလာရောက်၍ ဆောက်လုပ်ထားခြင်းအတွက် ထူးဆန်းမှုရှိ၍ မည်သည့်ပုဂ္ဂိုလ်သည် ဤသို့ ပြုကျင့်နေထိုင်ဘိသနည်းဟု လုလင်ပျို့သည် စဉ်းစားခြင်း ပြုလိုက်သည်။

ထိုခဏ၌ လုလင်ပျို့ထွား၏ နှာဝ၌ လွန်စွာမွှေးကြိုင်သော ရနံ့တစ်ခုရရှိလေသည်။ ထူးခြား၍ စွဲမက်ဖွယ်ကောင်းသောအနံ့ တစ်ခုသည် လုလင်ပျို့ထွား၏ နှာဝသို့တိုး၍ ရောက်လာသည်။

လုလင်ပျို့ထွားသည် အမွှေးနံ့လာရာဘက်ဆီသို့ စိုက်၍ လျှောက်သွား၏။ ခန်းမကြီးသည် လွန်စွာတိတ်ဆိတ်လျက်ရှိသော်လည်း ကြည်နူးဖွယ်ရှိ၍ အေးချမ်းမှုအတန်ရှိပေ၏။ လွန်စွာ လှပသော တောသစ်ခွပန်းများသည် ကြေးအိုးငယ်များ၌ ထူးခြားစွာ စိုက်လျက်ထားသည်ကို တွေ့ရပြီးလျှင် ပန်းနံ့များသည် သင်းထုံခြင်း ရှိ၏။



သို့ရာတွင် လုလင်ပျို့ထွားရရှိသည့် ပန်းနံ့မှာမူကား လူ့ခန္ဓာကိုယ်၌ သင်းထုံသောရနံ့ဖြစ်ခြင်းကြောင့် ဤပတ်ဝန်းကျင်၌ လူရှိရမည်ဟု လုလင်ပျို့ထွားသည် သတ်မှတ်လိုက်၏။

ထို့ကြောင့် ထိုခန်းမကျယ်ကြီး၏ ပတ်လည်သို့ လိုက်လံ၍ကြည့်ရှု့ခြင်းပြု၏။ ခန်းမကျယ်ကြီး၏ အဆုံးစွန်း၌ လမ်းကျဉ်း လမ်းမြောင်းလေးတစ်ခုအား တွေ့ရပြန်လေသည်။ ကျောက်ပွတ်တိုင်များနှင့် ရုပ်ကြွလုံးများသည် စီရရီရှိကြလေသည်။

လုလင်ပျို့ထွားသည် ထိုလမ်းကြောင်းကို လျှောက်၏။ တစ်စုံတစ်ရာမျှမတွေ့ရချေ။ ထိုလမ်းမြောင်းမှာလည်း ရှည်လျားခြင်း ရှိ၏။

ထိုလမ်းတစ်လျှောက် ကျောက်နံရံ၏ ဘေးဘက်ညာဘက်ခြမ်းရှိ လွန်စွာမြင့်သော ကျောက်သားနံရံ၌ ကြေမွ၍နေသော ကျောက်ပြားအုတ်ကို စီ၍ထား၏။ ထို့ပြင် မြင့်မားသောကျောက်အုတ်၏အပေါ်၌ ကနုတ်ပန်းနှင့် ခေါင်းမြီးကွက်များကို သေချာစွာ ပြုပြင်ထွင်းထုထားသည်ကို တွေ့ရပေ၏။

ကျောက်ပြားနံရံချပ်ကြီးများ၏ ပုံဏ္ဍာန်မှာ လူနေနန်း တွင်းဆောင်များပင် ဖြစ်လေရော့သလား ဟူ၍ လုလင်ပျို့ထွား သည် မှတ်ယူလိုက်သည်။ လုလင်ပျို့ထွားသည် ရှေ့သို့ဆက်၍

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာ၏။ ထိုအချိန်တွင် ၎င်းနှင့် ရှေ့တူရူသို့လျှောက် လာသော အရိပ်သဏ္ဍာန်ကစ်ခုအား ဖျက်ခနဲတွေ့လိုက်ရလေ

လုလင်ပျိုထွားသည် ကြွက်သားကြောများတင်း၍ သွ ပြီးလျှင် ခေါင်းမွေးများပင် ထောင်၍သွားပေ၏။

လွှန်စွာထွားကြိုင်းသော လူမည်းမည်းကြီးတစ်ဦးကို တွေ့ လိုက်ရပေ၏။

ထိုလူမည်းသည် အသားရောင်မှာ မီးသွေးကဲ့သို့ မှော နက်လျက်ရှိပြီးလျှင် ကိုယ်လုံးမှာ ၎င်း၏နှစ်ဆခန့်မျှ ကြီးမားသေ ကြွက်သားများနှင့် လက်မောင်းလက်ရုံးများကို တွေ့ရပြီးလျှင် ခ သားရေနက်ဝတ်စုံကို ဝတ်ဆင်၍ ခြေထောက်၌လည်း သားမင ဖိနပ်ကို ဝတ်ဆင်၍ထားလေ၏။

လက်၌ လွန်စွာကြီးမားလှသော တင်းပုတ်တစ်ချော ကို ကိုင်ဆောင်လျက်ထားပေ၏။ ထိုလူ၏ မည်းမှောင်ခြင်း၊ အသ အရောင်နက်ခြင်းကြောင့် ၎င်း၏လှုပ်ရှားမှုသည် အရိပ်ဆိုးတ လှုပ်ရှားမှုကဲ့သို့ပင်ဖြစ်၏။

၎င်းတောတွင်း၌ ရင်ဆိုင်ခဲ့ရသော မျောက်ဂဝံ လော ကြီးမားသည်ဟု မထင်မှတ်နိုင်သော်လည်း ဤလူကြီးသည် မျော ဂဝံနီးပါးကြီးထွားသည်ဟု တွေးဆနိုင်၍ ၎င်းကြားဖူးသော ကာ ယုတ္တနပမ်းသမားအမျိုးအစားပင်လောဟူ၍ တွေးဆလိုက်၏

ဝက်ဝံ၏သည်းခြေကိုစား၍ ဝက်ဝံနပမ်းပညာကို သေ စွာ လေ့ကျင့်ထားသော ကာလယုတ္တနပမ်းသမားနှင့် နပမ်းပညာ ကို ၎င်းသည် ပေါက္ကရာမရွှေပြည်၌ရှိစဉ်က သတင်းတစ်ပုဒ်အဖြ



ကြားသိဖူးခြင်းရှိလေသည်။

သို့ရာတွင် ဤလူမည်းကြီးသည် လက်၌ ကြေးလက်ပတ် ည်းကို ဝတ်ဆင်ထားပြီးလျှင် ခေါင်း၌လည်း ဖဝါစည်းတစ်ခုအား ည်နှောင်၍ထားလေသည်။ လည်ပင်း၌မူ ဝက်စွယ်မြီးကုတ်အား ဆွဲ၍ထားသည်ဟု ယင်မှတ်ရချေသည်။

ဝက်စွယ်မြီးကုတ်သည် အားတစ်မျိုး ဆေး ဖော်စပ်ရာတွင် လွန်စွာကောင်းဘိတောင်းဟု ဆေးအတတ်တတ်သော လုလင် သည် ဆေးဖော်ရန် စဉ်းစားပြီးလျှင် ထိုမည်းမည်းလူသတ္တဝါကြီး အား ကြည့်ရင်း ၎င်း၏ အတွေးစတစ်မျိုးဖြင့် ပြုံးစပ်စပ်ပြုလုပ် လိုက်မိလေသည်။

တင်းပုတ်ကိုကိုင်လျက် လုလင်ပျိုထွားသွားရာလမ်းတစ် လျှောက် ပိတ်ဆို့လျက်ရပ်နေသော ထိုလူမည်းမည်းကြီးသည် ရှေ့သို့သုံးလှမ်းမျှတိုး၍လာပြီးနောက် ဘယ်ဘက်လက်ဖြင့် လုလင် ပျိုအား လက်ညှိုးဖြင့်ထိုး၍ မြေအောက်ကျောက်ပြားခင်းဘက်သို့ လက်ညှိုးတစ်ဖန်ထိုး၍ပြလိုက်၏။

လုလင်ပျိုသည် ထိုပြမှုချက်အား နားလည်ခြင်း မရှိချေ။

ထို့ကြောင့် ရှေ့သို့တစ်လှမ်းမျှ သွေးတိုးစမ်း၍ လှမ်းလိုက် ၏။ လုလင်ပျိုထွားသည် ၎င်း၏လက်စွဲတော် လှံတိုမှိန်းအား ခပ်မှုမှု ကိုင်၍ထား၏။ ဤလှံတိုမှိန်းအား မျောက်ဂဝံကြီးသည်ပင် ခံနိုင် ည် မရှိတန်၊ ဇီဝိန်ကို ချွေခဲ့ပေ၏။ ထိုလှံတိုမှိန်း၏ ပစ်အားသည် သည် ဝါးနှစ်ရိုက်သို့ လျင်စွာပြေး၍ စက်ကွင်းတိုင်း၌ စိုက်ထိနိုင် အောင် လေ့ကျင့်ကျွမ်းထား၏။

www.burmeseclassic.com

www.burmeseclassic.com



ဤလူမည်းကြီးမှာ လုလင်ပျို့ထွားနှင့်ထွာတောင်နှစ်ဆ… ခန့်မျှသာကွာရှိ၍ ၎င်း၏လက်ဆနှင့် ချိန်ရွေးအတော် အသ… အနေအထားပင်ရှိလေရာ လုလင်ပျို့ထွားသည် စဉ်းငယ်မျှ မူ… မလိုအပ်ဟု ခပ်အေးအေးပင်ရှိလတ်၏။ လုလင်ပျို့ထွားသည် ရှေ့… တစ်လှမ်းတိုးမိလျှင် လူမည်းမည်းကြီးသည် လက်ညှိုးဖြင့် မြေ… အား ဆက်၍ လက်ညှိုးထိုး ပြပြန်သည်။

"ကျုပ်နားမလည်ဘူး ... နှုတ်မှပြော ... "

လုလင်ပျို့ထွားသည် လူမည်းကြီးအား လှမ်း၍ ပြောလိုက်သည်။

လူမည်းကြီးသည် ခေါင်းရမ်းလိုက်သည်။ ထို့နောက် လက်ညှိုးဖြင့် ထပ်၍ထိုးပြီးလျှင် တင်းပုတ်ကို ညာလက်ဖြင့်ထော… လိုက်သည်။ လုလင်ပျို့ထွားသည် ရှေ့သို့တစ်လှမ်းတိုးလိုက်ရာ … လူမည်းမည်းကြီးသည် ရှေ့သို့ လှမ်းခုန်ပြီးလျှင် လုလင်ပျို့ထွား… ဘယ်ဘက်ချိုစောင်းသို့ တင်းပုတ်ဖြင့် လွှဲရိုက်ထည့်လိုက်သည်။

လွန်စွာကြီးမားသော အင်အားနှင့် လွန်စွာလေးလံသော… တင်းပုတ်အားနှစ်ခုပေါင်းစပ်၍ လွှဲရိုက်ထည့်လိုက်ခြင်းဖြစ်ရာ ဝိုး… အော်မြည်၍သွားသောအသံသည် လေထဲတွင် ဖြစ်ပေါ်လာသည်။

လုလင်ပျို့ထွားသည် သတိချပ်လျက်ရှိသူ ဖြစ်သည့်အ… လျော့စွာ ဘယ်ဘက်ချိုစောင်းတည့်တည့်သို့ အရှိန်ပြင်းစွာဖြ… ဖြတ်၍ ဝင်လာသော တင်းပုတ်အား ရှေ့သို့ဘယ်ခြေညပ်လျ… ရှောင်လိုက်သည်။ တင်းပုတ်များလွတ်အောင် အတွင်းဝင်၍ ရှော… လိုက်ခြင်းဖြစ်ပေသည်။



ထို့နှင့်တစ်ဆက်တည်း ညာလက်မှ ကိုင်တွယ်ထားသော လှံတိုမိန်း၏ အရိုးကို ထိုလူမည်းကြီး၏ နံကြားသို့ ဆောင့်၍ ထိုးသွင်းလိုက်၏။ ရှေ့ခုနှစ်တက်ထိုး၊ နံကြားရိုး လက်ထိုးသွင်းသပ်ဟူသော သိုင်းကွက်ကို အသုံးပြုလိုက်ခြင်းဖြစ်ပေသည်။လုလင်ပျို့ထွားသည် ညာခြေကိုအားပြု၍ ထိုးသွင်းလိုက်ခြင်းဖြစ်သည်။

သို့ရာတွင် လူမည်းကြီး၏နံကြားသို့ လှံတိုမိန်းသည် ထွင်းဖောက်သွားခြင်းမရှိဘဲ နံကြားမှ ဘေးသို့ချော်လျက် ထွက်သွားပေ၏။ အကြောင်းမှာ လူမည်းကြီးသည် လုလင်ပျို၏ ဦးခေါင်းကို သူ၏ဘယ်လက်ဖြင့် ပုတ်၍ထုတ်လိုက်ခြင်းကြောင့် ဖြစ်ပေ၏။ ခေါင်းအား ဘယ်လက်ဖြင့် ပုတ်ထုတ်လိုက်ခြင်းဖြစ်ရာ လက် မှန်းဆသည် လွဲ၍သွားခြင်းကြောင့်ဖြစ်ပေ၏။

လူမည်းကြီး၏လက်မှာ အသာပုတ်ထုတ်လိုက်သည် ဖြစ်သော်လည်း လက်အားမှာ အားပြင်းသဖြင့် လုလင်ပျို့ထွား၏ ဦးခေါင်းမှာ ငိုက်ဆိုက်ဖြစ်၍သွား၏။

လုလင်ပျို့ထွား ရှေ့သို့ဟပ်ထိုးလဲအကျတွင် နောက်ခြေဖနောင့်ဖြင့်လိုမ့်ပြီး လူမည်းကြီး၏မျက်နှာအား ကျွမ်းလိမ့်ဖနောင့်ပေါက်ခြင်းဖြင့် ပေါက်လိုက်လေရာ လူမည်းကြီး၏ မျက်နှာတစ်ပိုက်သို့ စွက်ခနဲထိ၍သွားတော့၏။

လုလင်ပျို၏ ဖနောင့်ကန်ချက်သည် အတော်တာသွား၏။ လူမည်းကြီးသည် နောက်သို့ယိုင်ဆင်းလျက်သွားပြီး ပို၍ ဒေါသထွက်လျက်သွားပေတော့သည်။ ထို့ကြောင့် တင်းပုတ်ကြီးကို ထပ်၍ ဘယ်ညာလွှဲလျက် တအားစွက်ကာ ရိုက်ပုတ်ခြင်းပြုလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ထိုတင်းပုတ်စာ မိလျှင်ကား သက်သာမည်မဟုတ်ပေ။

ထို့ကြောင့် လွှဲရိုက်လိုက်သော တင်းပုတ်ချက်များကို လုလင်ပျိုထွားသည် မျက်ခြည်မပြတ်စေဘဲ ခေါင်းယိမ်း၍ မြေခြံ လိုမ့်ကာရှောင်တိမ်းခြင်းပြုရပေ၏။ ထို့နောက်အခွင့်သာသည်နှင့် သူ၏ ညာဖနောင့်ဖြင့် ထိုလူမည်းကြီး၏ ခြေသလုံးရိုးအား ဆောင့်၍ ကန်ထည့်လိုက်သည်။

လူမည်းကြီးသည် တင်းပုတ်ပြုတ်၍ ကျသွား၏။ ခြေသလုံးရိုးဟူက နာသည့်နေရာဖြစ်သည်ကြောင့် အားနှင့်ကန်၍ ထည့်လိုက်လျှင် နာသည်ချည်းသာဖြစ်၏။ အကန်တည့်လျှင် ခြေသလုံးရိုး ကျိုး၍ထွက်သွားနိုင်၏။ လူမည်းကြီးသည် ယိမ်းယိုင်သွား၏။ သို့ရာတွင် အောက်သို့လဲပြိုခြင်းကား မရှိပေ။ သွားနှစ်ဘက်သည် ဖြဲ၍လာ၏။ ထို့နောက် လက်နှစ်ဘက်အား ဆန့်တန်းလျက်လာ ပေ၏။

လုလင်ပျိုထွားသည် လက်တွင်းမှ လှံတိုမိန်းကို အသုံးပြုရန် လှုးလဲထလိုက်ပြီးလျှင် ထိုလူမည်းကြီး၏ရင်ဝသို့ လှံသွားပေးကာ ချိန်ရွယ်ထားလိုက်၏။ ထို့နောက် လူမည်းကြီး၏ အရိပ်အကဲကိုသာလျှင် စောင့်လိုက်သည်။

လှံချက်ကို တအားကုန်မထိုးဘဲ အသာဆတ်၍ ရှုးပေါက်သလို ဆွထိုး၍ အနိုင်ယူမည်ဟု တိုက်နည်းဗျူဟာကို လျှပ်တစ်ပြက်အတွင်း ခေါင်းထဲတွင် ပွက်ချက်တွေးဆခြင်းပြုလိုက်သည်။

ထို့ကြောင့် လူမည်းကြီးအား လှံတိုဖြင့်ဆွ၍ လက်စမ်းကာ လက်နှစ်ဘက် ကမ်းထားသော လူမည်းကြီးအား နေရာပေးလှုပ်ရှားခြင်း မရှိနိုင်အောင် လှံချက်ဖြင့် ဥမြှုလိုက်သည်။



ထိုအချိန်တွင် အသံတစ်ခုသည် ဂျိမ်းခနဲပေါ်ထွက်လာလေ၏။ ထိုအသံမှာ လုလင်ပျိုနှင့် လူထွားကြီးတို့ သတ်ပုတ်ရာနေရာ၏ နောက်ဘက်ကျောက်သားပြင်နေရာမှဖြစ်လေ၏။ ကျောက်သားပြင် နံရံမှာ ချောမွေ့သော်လည်း ထိုအသံထွက်ပေါ်၍သွားသည်နှင့် ကျောက်ချပ်တံခါးတစ်ချပ်မှာ ပွင့်၍လာ၏။ လူနှစ်ရပ်ခန့် ကျယ်ဝန်းပြီး ကြီးမားသော တံခါးမကြီးပင် ဖြစ်ပေ၏။

လုလင်ပျိုထွားသည် ရုတ်တရက် ကြောင်၍သွားပြီးလျှင် ထိုကျောက်ချပ်တံခါးကြီးသို့ ကြည့်လိုက်မိသည်။ လုလင်ပျိုထွား၏ စိတ်တွင် နောက်ထပ်တစ်စုံတစ်ဦးသည် ၎င်းနှင့်ရန်ဘက်အဖြစ် ဝင်ရောက်လာဦးမည်ဟု ယူဆလိုက်သောကြောင့်ဖြစ်ပေ၏။

ဤနေရာသည် ပြေးလွှား၍ ရစကောင်းသော နေရာအနေအထားမဟုတ်၊ ခုန်ပုန်းစရာနေရာ ချိုတောစသည်မရှိတောင်း၊ သူသတ်လျှင် လည်စင်း၍ခံရမည့်နေရာမျိုးဖြစ်သည်။

သို့ရာတွင် လုလင်ပျိုထွားတွေ့မြင်ရသည်ကား ရန်သူလော မိတ်ဆွေလောဟူ၍ ခွဲခြားနိုင်ခြင်းမရှိသော်လည်း ထိုကျောက်တံခါးဝကြီး၏အဝ၌ ချောမောလှပသော မိန်းမချောလေးတစ်ဦးသည် ရပ်လျက် ၎င်းနားမလည်နိုင်သော ဘာသာစကားတစ်မျိုးဖြင့် ခပ်ကျယ်ကျယ် ဟစ်အော်ပြောဆိုခြင်းပြုလိုက်သည်။

လူမည်းကြီးသည် လုလင်ပျိုထွားအား လွန်စွာမကျေနပ်သော မျက်လုံးအစုံဖြင့်ကြည့်ပြီးလျှင် ၎င်းလွတ်ကျ၍သွားသော တင်းပုတ်ကြီးကို ကောက်၍ကိုင်လိုက်ပြီးလျှင် ထိုတင်းပုတ်ကြီးအား ၎င်း၏လက်နှစ်ဘက်ဖြင့်ကိုင်လျက် ဖြောင်းခနဲချိုးပစ်လိုက်

www.burmeseclassic.com



သည်ကို တွေ့ရပေ၏။

လုလင်ပျိုထွားသည် လန့်၍သွား၏။ ၎င်းသည် ထို လူမည်းကြီး၏ လက်တွင်းသို့ ရုတ်တရက်ရောက်၍ မသွားသည်ကို ပင် များစွာ စိတ်သက်သာရာရရှိ၍ သွားတော့သည်။

လူမည်းကြီး၏အင်အားမှာ ကြောက်မက်ဖွယ်ဖြစ်၍ ရေ ရှည်သတ်ရလျှင် ၎င်းသည် ရှုံးနိမ့်သွားဖွယ်ရှိသည်ဟူ၍ ယူဆရပေ သည်။

လူမည်းကြီးသည် လုလင်ပျိုထွားအား တစ်ချက်မျှကြည့် ပြီးနောက် ၎င်းသည် ကျောက်တံခါးကြီး၏ အတွင်းသို့ကြည့်လိုက် သည်။ ကျောက်တံခါးကြီး၏အဝ၌ ချောမွေ့လှပသော အမျိုးသမီး တစ်ဦးသည် ရပ်တည်လျက်ရှိသည်။ သူမ၏ကိုယ်လုံးသည် မသွယ် မပုအနေအထားအတော်ဖြစ်လျက် ခြုံလွှာထည်တစ်ခုကို ထက် အောက်ဝတ်ဆင်၍ ထားပေ၏။ ခါး၌ ခါးစည်းကြိုးတစ်ခုအား ပတ် ထားပြီးလျှင် ခါးစည်း၌ မြွေခေါင်းရုပ်တစ်ခုကို ပတ်လျက်ထား၏။ မြွေခေါင်းမှာ ငွေရောင်ဖြစ်ပေ၏။

မျက်နှာပြင်တစ်ခုလုံး၌ ဖြူဖွေးသော အရောင်နှံ့သာ များ ခြယ်သလိမ်းမွှန်းထုံ၍ ထား၏။ နှုတ်ခမ်းပါးနှာသည် နီရောင် ပြေးလျှောက်ရှိ၏။ မျက်လုံးမျက်ခွံသည် မှိန့်မှိန့်လွလွရှိ၍ ဦးခေါင်း၌ ပန်းရစ်ထိုးထားသော ခေါင်းစည်းပတ်တစ်ခုကို စနစ်တကျစည်း နှောင်ထားသည်ကို တွေ့ရပေ၏။

ခန္ဓာကိုယ်အဆစ်အမြစ်ကား မြူးကြွဖွယ်အလှမျိုး ဖြစ်၏။

ထိုအမျိုးသမီးသည် လုလင်ပျိုထွားအား စူးစူးမှောင်



မှောင်ကြည့်၏။ ထို့နောက် လုလင်ပျိုထွားအား လှမ်း၍လက်ယပ် ခေါ်လိုက်သည်။ လုလင်ပျိုထွားသည် 'ဟင်း' ခနဲ သက်ပြင်းချလိုက် သည်။

'တစ်မျိုးပ၊ ဘယ်ဇယာမျိုးဆွေနည်း' ဟူ၍လည်း စိတ်တွင်း၌ ရေရွတ်ခြင်းပြုလိုက်ပြီးနောက် ခပ်တည်တည်ပြန်၍ ကြည့်လိုက်သည်။ အခြေအနေ ကောင်းတန်သည်လော၊ မကောင်း တန်သည်လော ဟူ၍ စဉ်စားမရ။

မာယာထောင်ချောက်လော၊ ရာဂဖိုခနှောက်လောဟူ၍ ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ ထိုအမျိုးသမီး လက်ရပ်လှမ်းရာဆီသို့သွား နိုးကောင်း၏ မကောင်း၏ကို စဉ်းစားခြင်းမြူလိုက်သည်။

ဤတွင်၌လည်း 'တဝမ့်' ၏မျက်နှာရေးရေးကို မြင်ယောင် ၍ သွားပြန်သည်။ ချစ်ရေးငင်၊ ချစ်ရိုးဖွဲ့ရသူမဟုတ်သော်လည်း သံယောဇဉ်အမျှင်က အတန်းသားဖြစ်လျက်ရှိပေ၏။ အခြားအမျိုး သမီး၏ခေါ်ဆောင်ရာသို့ လိုက်သင့်၏မလိုက်သင့်၏မှာ စဉ်းစားရ ကျပ်၍ သွားသည်တော့၏။

'ဘာစာလှုပ်မှုန်တောနေတာတုန်း လာရော့'

ထိုအမျိုးသမီးသည် စိတ်မရှည်ဟန်ဖြင့် လုလင်ပျိုထွား အား ထပ်မံ၍ လက်ရပ်ပြရင်း ဆိုလိုက်သည်။

'ကောင်းသည်မှ ဟုတ်တေး'

ဟူ၍ လုလင်ပျိုတစ်ဦးတည်း ရယ်ရယ်ပြုံးပြုံးပြောဆိုရင်း ခြေလှမ်းကို ကျောက်တံခါးမကြီးဆီသို့ ပြင်လိုက်သည်။ အမျိုးသမီး သည် ရှေ့မှထွက်သွားသည်။ လုလင်ပျိုထွားသည် ကျောက်တံခါး

www.burmeseclassic.com

www.burmeseclassic.com



မကြီးတွင်းသို့ လှမ်း၍ဝင်လိုက်ရာ အေးစိမ့်လျက်သွားတော့သည်၊

ကျောက်တံခါးမကြီးသည် တစ်ဖန်ပြန်၍ 'ဖြောင်း' ခနဲမြည်ကာ ပိတ်၍သွားတော့သည်။ ကျောက်မောင်းတံခါးကြီး ဖြစ်၍ တစ်စုံတစ်ယောက်သောသူက စက်ခလုတ်နှိပ်ကာ ဖွင့်၍ ပေးမှ ဖွင့်ပိတ်၍ရမည့်တံခါးကြီး ဖြစ်ပေသည်။ လုလင်ပျိုသည် တွေ့လိုက်ရသော မြင်ကွင်းကိုကြည့်ကာ အံ့သြငေးမောလျက် သွားတော့၏။

ဤအဆောင်ကား နန်းရင်ပြင်ကြီးကျယ်လှသော အဆောင်တိုက်မျိုးဖြစ်ပေသည်။ ခန်းမကြီးတစ်ခုလုံး၌ လွန်စွာသင်းပျံ့သော မွှေးရနံ့များသည် သင်းထုံလျက်ရှိပေသည်။ ထို့ပြင် အောက်ခြေအခင်းသည်လည်း ကောင်းသော အခင်းအချပ်ဖြစ်၍ နူးနူးညံ့ရှိ၏။

ကျောက်သားဂူ၏ ထူးခြားသော ခန်းမဆောင်ကြီးပင်ဖြင့်ကာ အထက်မျက်နှာကြက် နေရာ၌ ရွှေဆိုင်းပန်းများ တွေ့ရ၏။ လှပသော ပန်းကနုတ်များနှင့် ကြာဖူးလုံးချပ်သဏ္ဍာန်ရှိသော ဖန်ပန်းဆိုင်းများနှင့် နန်းတွင်းသုံး ပစ္စည်းများကို တွေ့ရပေ၏။

နန်းတွင်းလက်ရာများ၏ ထူးခြားခမ်းနားမှုမှာ အထူးပင်ပြောဆိုလောက်စရာ ဖြစ်လျက်ရှိပေရာ လုလင်ပျိုသည် ဤတော ဤမြောင်၊ ဤလှိုဏ်မြောင် ဂန္ဓိုင်တွင်း၌ ဤကဲ့သို့ ခမ်းနားလှ၍ ကြီးကျယ်ခြင်းရှိသော နန်းဆောင်မျိုးအား တွေ့ရခြင်းအတွက် အထူးပင် အံ့သြခြင်းဖြစ်လျက်သွားတော့၏။

အရာရာတိုင်းသည် ထူး၏။ ဆန်း၏။ အံ့မခန်း ဖြစ်ပျက်သမျှသည် အိပ်မက်လော၊ တိမ်တောင်လောဟူ၍ပင် တွေးထင်လိုက်မိချေသည်။

—



လုလင်ပျိုထွားသည် အမျိုးသမီး၏ သွားရာလမ်းသို့ ကြည့်လိုက်ရာ နန်းတော်ကဲ့သို့ လှပသော အဆောင်၏ အတွင်းဆောင်ခန်းသို့ ထိုအမျိုးသမီး ဝင်ရောက်သွားသည်ကို တွေ့ရ၏။

ခန်းမဆောင်ကြီးထဲ၌ လွန်စွာကောင်းမွန်သော ညောင်စောင်းတစ်ခုကို တွေ့ရ၏။ ရွှေနှင့်ပြုလုပ်ထား၏။ ထို့ပြင် ထိုညောင်စောင်းအနီး၌ ရေတကောင်းအိုးတစ်ခုကို ရွှေခွက်တစ်ခုဖြင့် ဖုံးအုပ်လျက် လွန်စွာကြည်လင် သန့်စင်သောရေ ထက်ဝက်မျှရှိသည်ကို တွေ့ရပြန်လေသည်။

လုလင်ပျိုထွားသည် ညောင်စောင်းအနီးသို့ ကပ်၍ သွား၏။ နောက် ဝမ်းထဲတွင် ဟာတာတာရှိသည်နှင့် ရေတကောင်းမှ ရေတစ်ခွက်ကို ငှဲ့၍ အားရပါးရ မော့ချလိုက်လေသည်။

ထို့နောက် ပါးစပ်မှရေကို သုတ်ပြီးလျှင် ညောင်စောင်းပေါ်၌ လှံတိုမှိန်းအား တင်ထားလိုက်ပြီး ထိုသလွန်ညောင်စောင်းပေါ်တွင် ထိုင်ချ၍ ခေါင်းရင်းဘက်၌ရှိသော အုန်းဘုခေါင်းအုံးပေါ်သို့ မှီ၍ စတိုင်ကျကျ ပစ်၍ထိုင်ချလိုက်သည်။

အခြေအနေမှာ မထူးတော့ဟု လုလင်ပျိုထွား သဘောပေါက်လိုက်သည်။ လာမည့်ဘေးကို ရင်ဆိုင်၍ သေလွန်သည်သော်လည်း သေခြင်းကိုပင် ရင်ဆိုင်ထားမှဖြစ်မည်။

ပြေးပေါက် ပြေးလမ်းမရှိတော့သည်မို့ နေသင့်သလိုထက်နေချင်သလို နေလိုက်မည်ဟု သဘောထားလိုက်လေသည်။ စတိုင်ကျကျပင် လက်ကိုခေါင်းနောက်သို့ ပစ်လျက် ရွှေရေတကောင်းမှ ရွှေခွက်နှင့် ရေသောက်ပြီး သလွန်ညောင်စောင်း၌ အိပ်ဖက်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် ကောင်းတော့မည်ဟု စိတ်ကူးပေါက်၍ သွား၏။

သို့ရာတွင် အသက်လုံဉာဏ်စောင့်သည်။ မအိပ်မနေသော အသက်ရှည်ရာသည်ဟူသော စကားထုံးကို သတိပြန်၍ ချပ်လိုက်သည်။ ထို့ကြောင့် မျက်စိကို မှေးထားလျက် လုံ့တိုမိန်းအား ၎င်း၏ ရင်ဘတ်ပေါ်သို့ အသာယူဆောင် တင်ပြီးလျှင် အိပ်စက်သယောင် လိုက်သည်။ မျက်ပေါက်ကျဉ်းကျဉ်းအား မှေးမှျင်းမှျင်းပြု၍ထား လိုက်သည်။

'မောလှပြီလား။ မောင်ကြီးရှင့်၊ နို့ရည်ပေါင်းကို သုံးဆောင် ပြီး အာဟာရပြုပါဦး'

လုလင်ပျို့ထွားသည် မျက်လုံးမှေးမှေးဖြင့် ငိုက်မြည်းသည် ကဲ့သို့ ရှိသွားသည်တွင် ငွေလင်ပန်းတွင် ကြေးအိုးငယ်နှင့် ထည့်၍ ယူဆောင်လာသော ဒိန်ခဲနို့ရည်နှင့် လွန်စွာမွှေးကြိုင်၍ အနံ့အ သာ ပြည့်စုံလှပဟန်ရှိသော သစ်သီးအချို့ကို တွေ့ရလေ၏။

လုလင်ပျို့ထွားသည် ဝေါက်ခနဲ ထ၍ ထိုင်လိုက်သည်။ လင်ပန်းကို အကျအနကိုင်လျက်ရှိသော မိန်းမပျိုတစ်ဦးအား တွေ့ ရ၏။ ထိုအမျိုးသမီးသည် ဖြူလွှလွှဝတ်စုံတစ်ခု လုံခြုံ၍ ထား၏ အလယ်မှ ပေါင်တုန်ဖြူလွှလွှသည် ဓာခြုံပဝါတွင် ထင်ထင်ပေါ်၍ ကြီးမားသော ကြေးကွင်း လက်ကောက်များကို ဝတ်ဆင်၍ထား၏

ရင်အုံထက်တွင်ကား လှပသော ကြေးကွင်းထဲတွင် မြေ ဟောက်မြီးကောက်ရုပ်တစ်ရုပ်ကို လှပသော ရင်အစုံနှစ်မွှာအကြား တွင် ရင်ထိုးတံဆိပ်သဖွယ် တပ်ဆင်၍ ထားပေ၏။

ထိုအမျိုးသမီး၏ ရုပ်သွင်ကား ကသည်းလူမျိုးရုပ်သွင်မျိုး



ဖြစ်၍ မျက်လုံးသည် ညိုမှောင်၏။ အသားသည်ကား ဖွေးနုနုရှိ၏။

လုလင်ပျို့ထွားသည် ထိုမိန်းမပျို၏ လက်ထဲမှ လင်ပန်း ကို လက်ဖြင့် ဆွဲယူလိုက်ပြီးလျှင် ညောင်စောင်းပေါ်သို့ တင်လိုက် ပြီး သစ်သီးများကို ကိုင်လျက် စားပေ၏။ အသီးများမှာ အရည်ရွှန်း သော အသီးများဖြစ်၍ လှပတင့်တယ်၏။

လုလင်ပျို့ထွားသည် ငှက်ပျောသီးမှလွဲ၍ အခြားအသီး များ၏ အမည်နာမများအား ခေါ်ဝေါ်နိုင်ခြင်း မရှိပေ။ သို့ရာတွင် လုလင်ပျို့ထွားသည် လွန်စွာဆာလောင်မွတ်သိပ်လာသည်ဖြစ်ရာ၊ လှပသော လင်ပန်းအတွင်းမှ ဒိန်ခဲနို့ရည်အား ကုန်စင်အောင်မော့ ၍ သောက်ချလိုက်လေ၏။

ထိုမိန်းမပျိုသည် လုလင်ပျို့ထွား၏ အမူအရာကိုကြည့်ပြီး ခစ်ခနဲ ရယ်မောလိုက်ကာ လုလင်ပျို့ထွား၏ ရင်အုပ်သား ထွားထွား ကြီးကို တစ်ချက်မျှ စိုက်ကြည့်လိုက်ပြီးလျှင် ထွက်၍ သွားတော့ ၏။

လုလင်ပျို့ထွားသည် ပြည့်မောင်းကားတင်း၍ သွားသော ဗိုက်ကို လက်ဖြင့်ပွတ်ရင်း တူးဆန်းမြိန်တွေ့သော အရသာကြောင့် လွန်စွာမောဟိုက်ပန်းလျကာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တို့ကို မေ့လျော့၍ပင် သွားတော့၏။

ဤမျှကောင်းသော အာဟာရနှင့် ဒိန်ခဲနို့ရည်မျိုးကို ကြေး အိုးတွင်ထည့်ကာ ရွှေလင်ပန်းထက်၌ တင်ထားသော သစ်သီးသစ်ဖု များကဲ့သို့ အာဟာရများကို သုံးဆောင်ခဲ့ဖူးသည် မဟုတ်၊ ဆန်ကြမ်း နှင့် မျှစ်တို့ကိုသာလျှင် မီးသင်းလျက် ငှက်ပျောပေါင်းစပ်ချဉ်ကိုသာ

www.burmeseclassic.com



လျှင် ဗိုက်အပြည့်အတင်း မှီဝဲခဲ့ဖူးပေ၏။

ထို့ကြောင့် အရသာသစ်၌ အဆီပါရစ်၍ သွားလေသည်။ အဆီရစ်လျက်ရှိစဉ် လုလင်ပျို့ထွားသည် သတိတင်းသူဖြစ်သည့် အလျောက် ၎င်း၏အိပ်မြည်းခြင်းအတွက် သက်ာမကင်းဖြစ်၍လာ သည်။

သို့ရာတွင် တင်း၍မရ၊ မျက်ခွံနှင့်ပါးကြောများသည် လေးလံထိုင်းမှိုင်းလျက် လာလေသည်။ ထို့နောက် မည်သို့မျှထိန်း၍ မနိုင်၊ လွန်စွာဇိမ်ကျသော သလွန်ညောင်စောင်းထက်၌ ဦးခေါင်း ဆိုက်လျက် ငိုက်မျဉ်းကာ အိပ်ပျော်ခြင်းကြီး အိပ်ပျော်၍ သွားလေ တော့၏။

ထိုသို့ လုလင်ပျိုငိုက်မြည်း၍ အိပ်ပျော်ခြင်းကို အရိပ်တစ် ခုသည် လာရောက်၍ ကြည့်ရှုခြင်း ပြုလေ၏။

ထို့နောက် လွန်စွာ အချိုးအဆစ်လှပ ပြေပြစ်ခြင်းရှိသော ဇာခြုံထည်ဝတ် လုံယမင်းနှစ်ဦးသည် ရှည်လျားသော ဇာပဝါ ပါးကြီး တစ်ခုကို နှစ်ယောက်မ,ယူဆောင်လာပြီးလျှင် ထိုလုလင်ပျို၏ ခန္ဓာ ကိုယ်နှင့် ညောင်စောင်းသလွန်ထက်သို့ လွှားခနဲခြုံလွှမ်းပေးခြင်း ပြုလိုက်လေသတည်း။

* * *

## "ကျောက်ဂူနန်းတော်"

လုလင်ပျို့ထွားသည် မည်မျှ အချိန်ကြာမြင့်စွာ အိပ်စက် ခြင်း၊ မိန်းမောသွားခြင်းဖြစ်သည်ကို မသိ၊ ၎င်း၏ ရင်ဘတ်နှင့် ပေါင် တစ်ခြမ်း အေးခနဲ အေးခနဲ ဖြစ်၍သွားသည်၌ ရုတ်တရက် နိုး၍ လာသည်။ မျက်လုံးကို ပွတ်သပ်ကြည့်လိုက်သည်။ ၎င်း၏ ခန္ဓာ ကိုယ်တစ်လျှောက်သည် အေးခနဲ အေးခနဲ ထပ်မံ၍ ခံစားလိုက်မိ သည်။ ထို့ကြောင့် လူးလဲ၍ ထလိုက်သည်။

၎င်း၏ ဘေးပတ်လည်၌ လွန်စွာရှည်လျားသော သားမွေး ယပ်ကြီးလေးချောင်းသည် အထက်အောက် စုန်ဆန်လှုပ်ရှားလျက်ရှိ သ၏။ သားမွေးမြီးယပ်လေးချောင်းမှာ ၎င်း၏ခန္ဓာကိုယ်အပေါ် ...င်း ခပ်လှမ်းလှမ်းမှ နှစ်ချောင်း၊ ခန္ဓာကိုယ်နှင့် ခပ်နီးနီးမှနှစ်ချောင်း၊ လေးချောင်းပြိုင်တူလှုပ်ရှားခြင်းဖြစ်၏။ လုလင်ပျို့ထွားသည် ငုတ်

www.burmeseclassic.com



တုတ်ထိုင်လျက် ဘေးသို့ကြည့်လိုက်သည်။

အပျိုချောလေးဦးသည် မျက်နှာတစ်ခြမ်းစောင်းလှည့်ကာ ငှင်းယပ်ကြီးများကို မွှေ့ရမ်းနေခြင်းဖြစ်၏။ ခြေတစ်ပေါင်ချိုးထိုင်လျက် ခပ်ဝပ်ဝပ် အနေအထားဖြင့် လက်များကို ယှိမ်းထိုး၍ ယပ်တောင်ဆွဲလျက်ရှိကြ၏။ လုလင်ပျိုထွားသည် ထိုအပျိုချောတို့အား ကြည့်လိုက်သည်။ ဖြူဖြူချောချော မွတ်မွတ် ထွတ်ထွတ် နီနီမြစ်မြစ်များပင်ဖြစ်ကြပေ၏။

'အင်း ... ကောင်းလှတဲ့ စည်းစိမ်'

ဟူ၍ စိတ်တွင်ရေရွတ်မိရင်း ဤစည်းစိမ်မျိုးကို မည်သည့်အတွက်ကြောင့် ဖန်းတီးလာရပေသနည်းဟု စောကြောလိုက်မိပြန်ပေသည်။

မလှမ်းမကမ်း၌ ရပ်လျက်ရှိသော အပျိုစင်တစ်ဦးကို တွေ့ရပေ၏။ ထိုအပျိုစင်ကား ယပ်ဆွဲနေသော အပျိုစင်များကဲ့သို့ ဖလံမခြုံမဟုတ်၊ ချပ်ဝတ်တန်ဆာအပြည့်ဖြင့် လက်တွင်း၌ လှံသွားတံအား ကိုင်ဆောင်ထားခြင်းတွေ့ရ၏။ ခြေနင်းဝတ်စုံနှင့် ဓားလွယ်ကိုင်၍ မျက်နှာ၌လည်း သံချပ်မျက်နှာဖုံးနှင့်ဖြစ်၏။

ထိုအပျိုစင်သည် စစ်သည်လော မသိ၊ သူမထံမှ အမိန့်အမှာစကား ထွက်လာလျှင် သားမြီးယပ်အား လှုပ်ရမ်းလျက် လုလင်ပျိုထွားအား ယပ်လေအေးပေးလျက်ရှိသော အပျိုစင်တစ်ဦးသည် သူမ၏ ယပ်ကြီးကိုဆောင်ကာ ခပ်သုတ်သုတ် ခပ်ယို့ယို့ထွက်၍ သွားလေသည်။

ချပ်ဝတ်တန်ဆာနှင့် အပျိုစင်အမျိုသမီးသည် လုလင်ပျို



ထွားအား လေ့လာအကဲခတ်လျက်ရှိပုံရ၏။ လုလင်ပျိုထွားကား သားရေနယ်ခါးစည်းဝတ်နှင့် ဆေးခါးပတ်မှ လွဲလျက် အခြားအဝတ်အထည် ခြုံထည်ကမ္ဗလာမရှိ၊ ပကတိ စင်းပြောင်လုံးချောဖြစ်၏။

သို့သော် သူ့၌ ကြွက်သားမြောင်းဖုကြွကြွ အထစ်ထစ်များကားရှိ၏။ ဆံပင် မုတ်ဆိတ်ရှည်လျားကာ တစ်ကိုယ်လုံးသည် မြေမှုန့်များဖြင့် ပြွန်းသိပ်လျက်ရှိပြီးလျှင် ချွေးစေးချွေးကပ်များဖြင့်သာလျှင် ပုံ့နှံ့တည်ရှိလျက်ရှိပေသည်။

ခဏကြာလျှင် သားမြီးယပ်ကိုင် အပျိုချောသည် ခပ်ယို့ယို့ ပြန်၍ အခန်းတွင်းသို့ ဝင်ရောက်လာပေ၏။

'နံ့သာဆောင်တိုက်တို့ ပို့ဆောင်၍ ရေချိုးပေးလိုက်ရန် အမိန့်ပါကြောင်းပါ'

ဟူ၍ အပျိုချောသည် ချပ်ဝန်တန်ဆာနှင့် အမျိုးသမီးအား ဒူးထောက်၍ အစီရင်ခံခြင်းပြုလိုက်သည်။

လုလင်ပျိုထွားသည် အခန်းကြီးတစ်ခုအတွင်းသို့ ရောက်ရှိနေခြင်းဖြစ်သည်။ အခန်းဆောင်တစ်ခုလုံးမှာ နံ့သာမီးတိုင်များ ထွန်းညှိထားလျက်ရှိခြင်းကြောင့် သင်းထုံမွှန်းလျက်ရှိပေသည်။

ထို့ပြင် အခန်း၌ မှန်ချပ်ငယ်များနှင့် ပန်းပုသစ်လုံးတိုင်များ စီရရီရှိလေသည်။ ထိုအခန်း၏ အလယ်မှ တစ်ခုတည်းသော ညောင်စောင်းထက်တွင် ငှင်းရောက်ရှိနေခြင်း ဖြစ်ပေသည်။

လုလင်ပျိုထွားသည် ငုတ်တုတ်ထိုင်လိုက်ရာ မျက်နှာသို့၍ ခပ်တည်တည်ရပ်နေသော အပျိုစင်သုံးဦးသည် 'ခွိ' ခနဲရယ်လျက် တစ်ဘက်သို့ ပို၍ စောင်းငဲ့သွား၏။ လုလင်ပျိုထွားသည်

www.burmeseclassic.com

www.burmeseclassic.com



အနေရကျပ်၍သွားၓ၏။

ထိုစဉ် ... အခန်းထဲသို့ အပျိုချောခပ်နုနုသုံးဦးနှင့် အားကောင်းမောင်းသန် ပုရိသကြီးသည် ဝင်ရောက်ခြင်းပြု၍လာရာ လုလင်ပျိုထွားသည် အံ့သြတကြီး ကြည့်ရှုခြင်းပြုလိုက်သည်။ မျှားပြားသော အပျိုများနှင့် လှပသောယမင်းဖျို့များအကြားၓ၌ ၎င်းတစ်ဦးတည်း အူလည်လည်ဖြစ်လျက်ရှိပေ၏။

သို့သော် အသက်ရေးတစ်ငင်မျှ မျက်သလဲဆံပြူး ရှန်းကာလှုပ်ရှားခြင်းနှင့် သူသေကိုယ်သေ တိုက်ခိုက်ခြင်းပြုလျက်ရှိနေရသည့်အဖြစ်နှင့်စာလျှင် ဤသည်မှာ မည်သို့ပင်ဖြစ်စေ ကောင်းသေးတော့သည်ဟု မှတ်ယူလိုက်သည်။

အပျိုစင်သုံးဦးသည် လွန်စွာပီသသောအသံဖြင့် ...

'အရှင်သားတော်မောင်...နံ့သာဆောင်တိုက်သို့ကြွရောက်တော်မူပါဘိ'

ဟူ၍ သုံးယောက်အနက် ခပ်ထွားထွား ခပ်ညက်ညက် အပျိုစင်တစ်ဦးသည် ခပ်သွက်သွက်ပြောကြားခြင်းပြုလိုက်သည်။

'ကောင်းစွာတည်း၊ လိုက်ရသည်ပေါ့'

ဟူ၍ လုလင်ပျိုထွားသည် အောက်သို့သာ ခြေဖြင့်လှမ်း၍ ဆင်းရင်း ပြောကြားလိုက်သည်။

၎င်းသည် အဆီပြည့်သော နို့ဒိန်ရေနှင့် သစ်သီးဝလံတို့၏ အင်အားကြောင့် လွန်စွာလန်းဆန်းထည်ခြင်းဖြစ်၍ နေလေသည်။

ဤနေရာစုနန်းဥယျာဉ် ကျောက်ဂူ၌မည်သည့်အမျိုးအနွယ်များသည် ရပ်တည်၍ ၎င်းနားလည်သည့် စကားရပ်အားကွဲ



၍ပြောဆိုခြင်းပြုလျက်ရှိပေသနည်းဟူ၍လည်း လုလင်ပျိုထွားသည် အခန်းတွင်းရှိ ၎င်းအား ပတ်ချာဝိုင်းလျက်ရှိသော အပျိုစင်တစ်စုအား သေချာစွာ တစ်ဦးစီ၏မျက်နှာများသို့ လေ့လေ့လာလာ စူးစူးစမ်းစမ်းကြည့်ရင်း စိတ်တွင်း၌ အတွေးပြုလိုက်သည်။

ထို့နောက် ရပ်ဟည်လျက်ရှိဘိသော အပျိုစင်သုံးဦး၏ အနီးသို့ လျှောက်လိုက်လေသည်။ ထိုအပျိုစင်သုံးဦးကား နန်းတွင်းသူအလှများပုံစံ ဆင်ယင်ထုံးဖွဲ့လျက်ရှိကြပေ၏။ လုလင်ပျိုထွားအား လွန်စွာပျူငှာသောအကြည့်ဖြင့် ကြည့်ပြီးလျှင် ရိုသေလေးစားစွာ ဦးညွတ်ခြင်းပြုလေရာ လုလင်ပျိုထွားသည် အားတက်လျက်သွားလေ၏။

သည်နေရာ၊ သည်နန်း၊ သည်ကြငှန်းသည် ၎င်း၏နေရာတစ်မျိုးပင်ဖြစ်၍ ဘူမိအောင်မြေသဖွယ် ဖြစ်တည်လျက် လောကစည်းစိမ်းလောဟူ၍ အတွေးပေါက်ခြင်း ဖြစ်ပြန်လေသည်။

အပျိုစင်သုံးဦးက ရှေ့ဆောင်ကာအခန်းတွင်းမှထွက်၍သွား၏။ နောက်မှ အဲမောင်းကိုင်နှစ်ဦးသည် လိုက်၏။

ချပ်ဝတ်တန်ဆာနှင့် ဓားလွယ်တစ်ချောင်းနှင့် လှံတိုတစ်ချောင်းအား ကိုင်ထားလျက်ရှိသော အမျိုသမီးသည် အပေါက်ဝ၌ ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်လျက် ဤအခန်းတွင်းရှိ လှုပ်ရှားမှုအားလုံးအား သေချာစေ့ငှစွာ ကြည့်ရှုလျက်ရှိ၏။

အပျိုစင်သုံးဦးနှင့် လုလင်ပျိုထွားတို့ ထွက်သွားလျှင် ဤအခန်းတွင်း၌ 'ကျောင်း' ခနဲ တစ်ချက်မြည်ကာ အခန်းတံခါးသည် ပိတ်၍သွားပေ၏။

www.burmeseclassic.com

www.burmeseclassic.com



အပျိုစင်သုံးဦးနှင့် အဲမောင်းကိုင်သည် ကျောက်မြောင်းလမ်းကျဉ်းတစ်ခုတွင်းသို့ ချိုး၍ကွေ့၍သွား၏။ လုလင်ပျိုထွားသည် ထိုအပျိုစင်သုံးဦးနောက်မှ လိုက်၍သွားရ၏။

ထိုနှန်းတွင်းသူဟူ၍ ခေါ်ဆိုနိုင်သော အမျိုးသမီးတစ်ဦး၏လမ်းလျှောက်ခြင်းမှာ လွန်စွာပြေပြစ်ညီညွတ်ခြင်းရှိ၍ သဘာအားဖြင့် နူးညံ့သောအလှကို ပေါ်ထင်ရှင်းလင်းခြင်းရှိအောင် သွားလာနိုင်ခြင်းလည်း ရှိပေသည်။

ရွှေရွက်လှသည် ဤရှေးဟောင်းမြို့တော်မှာ ဘုရင်မအုပ်ချုပ်လျက် အခြားပုရိသယောကျ်ားများမှာမူအကျွပ်အထိန်း၊အစောင့်အနေများဖြင့် သီးခြားဖွဲ့စည်းထားသည့် နန်းဆောင်ပုဒ်တစ်ခုဟူ၍ ယူဆထားလိုက်သည်။

တန်ခိုးကြီးသော ဘုရင်တစ်ပါးပါးက သမီးတော်အလိုသို့လိုက်ကာ သီးခြားစံစားနေနိုင်ရန် ပြုပြင်စီမံထားခြင်းဟုလည်း တွေးဆခြင်းပြုလိုက်လေသည်။

ရွှေရွက်လှသည် လမ်းလျှောက်ရင်းဆက်၍ တွေးဆပြီးနောက် ၎င်းကား ဤတောတွင်း၌ ငြိမ်စိမ်းသာလျှင်ဖြစ်၍ ၎င်းတို့၏အစီအမံကိုသာလျှင် နာခံမှုရှိရမည်သာရှိသည်ဟူ၍ အတွေးစကိုဖြတ်လိုက်လေသည်။

ထိုအပျိုစင်သုံးဦးသည် ရှေ့ဆုံးမှတစ်ယောက် နောက်မှနှစ်ယောက်ဖြစ်၍ ကျောက်မြောင်းသာသာရှိ တစ်ဦးစီသာလျှောက်နိုင်သော လမ်းကျဉ်းလေးအား ရှေ့ဆောင်ခေါ်ဆောင်၍သွားပြီးနောက် ကျောက်ဂူတစ်ခု၏ရှေ့သို့ ရောက်၏။ ထိုနေရာ၌ လွန်စွာ



လှပသော ပန်းဥယျာဉ်တစ်ခုအား ဖန်တီး၍ ထားပေ၏။

သဘာဝကျောက်ကမ္ဘာကြား၌ ရေစီးမြောင်းသွယ်လေးများသည်ရှိဘိ၏။ ထူးဆန်းသော လှပသော သစ်ခွပန်းများနှင့် သစ်ပင်မျိုးစုံအား တွေ့ရပြီးလျှင် ထူးခြားသော ဖားရုပ်ကြီးတစ်ခုကိုပါ တွေ့ရှိရလေသည်။ ဖားကြီးသည် အင်္ဂတေဖြင့် ရုပ်လုံးဖော်ထားသည့်ရုပ်လုံးဖြစ်ပြီးလျှင် အသက်ဝင်နေသယောင် ထင်မှတ်ရပေ၏။

ဖားရုပ်ကြီးမှာ အတန်ပင်ကြီးမားမှုရှိလေသည်။ လူသုံးရပ်စာမျှ မြင့်ပြီးလျှင် အကျယ်အဝန်းအားဖြင့် ဆင်သုံးကောင်စာမျှကျယ်ဝန်းမည်ဟု မှတ်ယူလောက်ပေ၏။

အပျိုစင်ချောသုံးဦးသည် ဥယျာဉ်တွင်းသို့ ရှေ့ဆောင်ခေါ်ငင်၍သွားပြီးနောက် ထိုဖားရုပ်ကြီး၏ရှေ့၌ ရပ်လိုက်လေသည်။ ဖားရုပ်ကြီးသည် 'ဂျိမ်း' ခနဲ တစ်ချက်မျှအသံထွက်ပြီးနောက် ဖားရုပ်ကြီး၏ဝမ်းဗိုက်သည် ပွင့်၍သွား၏။ ကျောက်တံခါးတစ်ခုပွင့်၍သွားခြင်းဖြစ်ပေသည်။

'အတွင်းသို့ကြွပါ မောင်တော်အရှင်'

ဟူ၍ ခေါင်းဆောင်အမျိုးသမီးသည် ဦးညွှတ် ...ညွှတ်အရိုအသေပေးလိုက်ပြီးလျှင် လုလင်ပျိုထွားအား ရှေ့ဆောင်၍ ဝင်စေလိုက်ပြီး ၎င်းတို့သုံးဦးသားသည် နောက်မှလိုက်၍သွား၏။

လုလင်ပျိုထွားသည် ဖားရုပ်ကျောက်ဆောင်တိုက်အတွင်းသို့ဝင်လျှင် အောက်သို့ဆင်းသက်ရာ လှေကားတစ်ခုကို တွေ့လိုက်ရ၏။ လှေကားတွင်းသို့ဝင်ရာ ကျောက်လှေကား၌ လက်ရမ်းတစ်ခုကို တွေ့ရပေ၏။ ကျောက်လှေကားလက်ရမ်းဖြစ်၍ ပန်း

www.burmeseclassic.com

www.burmeseclassic.com



တမော့ရုပ်ကြွများကို တွေ့ရပေ၏။

လုလင်ပျိုထွားသည် ဤလှူဆန်းသောနေရာဌာန၏ထူးထွေခြင်း ဆန်းပြားခြင်းအား စစ်ဆေးဝေဖန်သုံးသပ်နေခြင်း မပြုနိုင်ပေ။ လှေကားအောက်သို့သာ တောက်လျှောက်ဆင်းလိုက်ခြင်း ပြုလိုက်ပေ၏။

လှေကားမှာ လှေကားတိုလေးဖြစ်၍ လှေကားရင်း၌ကား အဝန်းအဝိုင်းကျယ်ပြောသော ငှက်ဥလုံးသဏ္ဌာန် ရေကန်ကြီးတစ်ခုကို တွေ့ရ၏။ ဘေးဘောင်၌ ကျောက်သားများစီလျက်ခင်းကျင်း၍ထားလေသည်။ ရေကန်၌ ရေသည် စိမ်းလဲ့၍နေပြီးလျှင် အလယ်၌ ကြာပွင့်ကြာချပ်ကြီးများကို တွေ့ရ၏။

'ဘာလုပ်ရမည်တုန်း'

လုလင်ပျိုထွားသည် ရေကန်ကြီးအနီး၌ ရပ်လျက် ၎င်း၏နောက်၌ရပ်လျက်ရှိသော အပျိုစင်များကို မေးမြန်းလိုက်သည်။ ခေါင်းဆောင်လုပ်သူ အပျိုစင်ချောသည် အောက်သို့ဆင်းပြီးလျှင် ရေကန်ပတ်လည်သို့ လျှောက်၍ကြည့်လိုက်သည်။ ထို့နောက် လက်ခုပ်သုံးချက်မျှ တီးလိုက်သည်။

လက်ခုပ်သံအဆုံး၌ ရေကန်ဘေးပတ်လည် ကျောက်သားပြင်၌ ဂူမ်းဟူသောတံခါးကြီးတစ်ချပ်သည် ပွင့်လျက်သွားပြန်၏။ အတွင်း၌ ပတ်လည်မီးတိုင်များ ထွန်းထားပြီးလျှင် မီးတိုင်များကိုကိုင်ဆောင်လာသော အမျိုးသမီးလေးဦးထွက်၍လာ၏။ ၎င်းနောက်မှ မြေခွက်ကြီးတစ်ခုကို ကိုင်ဆောင်၍လာသော အပျိုစင်လေးဦးကို ထပ်၍တွေ့ရပြန်ရာ လုလင်ပျိုထွားသည် မိုဂ်အံ့သြသွား



ရပြန်သည်။

'ဟင်း ... ကောင်းစွတေး ... ဟုတ်တေး။ စိတ်ဂရောက်ဂယို့ဖြစ်ပ'

ဟူ၍ ခပ်ကျယ်ကျယ်ပင် ရေရွတ်ခြင်းပြုလိုက်သည်။

ထိုအပျိုစင်များသည် တူညီစွာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်၍ ထားကြ၏။ မြေခွက်မှာ အတန်ကြီးမား၏။

ထိုအပျိုစင်တစ်သိုက်သည် ငှက်ဥလုံးသဏ္ဌာန်ရှိသော ရေကန်အရိပ်သို့ဝိုင်းပတ်လိုက်ကြပြီးလျှင် မြေခွက်ကြီးကိုကိုင်ဆောင်ထားသော အပျိုစင်နှစ်ဦးသည် လုလင်ပျိုအနားသို့ ရောက်၍လာပေ၏။

လုလင်ပျိုထွားသည် မြေခွက်ကြီးကို ကြည့်လိုက်သည်။ မြေခွက်တွင်း၌နံ့သာမှုန့်များကို တွေ့ရ၏။ အမွှေးရနံ့မှာလည်း သင်းပျံ့လျက်ရှိ၏။

အပျိုစင်နှစ်ဦးသည် နံ့သာမှုန့်များကို လက်ဖြင့်ယူကာ ရေကန်အတွင်းသို့ကြဲချလိုက်ပေ၏။ ထို့နောက် လုလင်ပျို၏ကျောပြင်အား နံ့သာမှုန့်များဖြင့် ပွတ်လိုက်လေ၏။

'အရှင်သား ... နံ့သာရေကန်၌ ချိုးရေ သုံးဆောင်နိုင်ပါပြီ'

ဟူ၍ အပျိုစင်တစ်ဦးက ဦးညွတ်ကာပြောလိုက်သည်။

'ဟင်း ... တွေ့လေပြီ'

ဟူ၍ လုလင်ပျိုထွားသည် ၎င်း၏စိတ်၌ပြောကာ နံ့သာကန်တွင်းသို့ ကန်ဘောင်ဘေးနှုတ်ခမ်းမှ ခုန်ဆင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နံ့သာကန်၏ဘေး၌ အပျိုစင်လေးယောက်ကိုင်ဆောင်ထားသော မီးတိုင်ကြီးလေးတိုင်သည် ကန်အတွင်းသို့ အလင်းရောင်မှိန်ပြပြ လင်းလျက်ရှိပေ၏။

'ဟုတ်ကောင်းတေး'

လုလင်ပျိုသည် ကြက်ဥသဏ္ဍာန် ရေကန်၏ မွေးကြိုင်လတ်ဆတ်သော ရေတွင်ကူးလူးလျက် ရှိပေ၏။

ရေကန်၏ ရေမှာ ကြည်သာအေးမြ၍ နံ့သာမှုန့်များ၏အမွှေးအကြိုင်များမှာလည်း သင်းမြမြရှိလှရကား လုလင်ပျိုထွားသည် ပက်လက်မှောက်လျက် ကူးခတ်ခြင်းပြုလေသည်။

ရေကန်အနီး၌ အပျိုစင်နှစ်ဦးသည် မိမိတို့အရှင်သခင်၏အမိန့်အတိုင်း တိကျစွာ ဆောင်ရွက်လျက် ရှိပုံရလေသည်။ ၎င်းတို့အချင်းချင်းလည်း လုလင်ပျိုထွား လုံးဝနားမလည်သော ဘာသာစကားတစ်မျိုးအား အချင်းချင်းပြောလျက်ရှိ၏။ အပျိုစင်တစ်ဦးသည် တစ်ချက်တစ်ချက်တွင် ခိုးခိုးခွက်ခွက်ရယ်မောခြင်းပြုလေသည်။

လုလင်ပျိုထွားသည် မှောက်လျက်ကူးလျှင် အပျိုစင်တစ်စုသည် အချင်းချင်း စကားတီးတိုးဆိုကြ၏။ ၎င်းပက်လက်ကူးလျှင်မူ အပျိုစင်တစ်စုသည် မျက်နှာလွှဲလျက် ပြုံးသယောင်ပြုကြသည်ဖြစ်ရာ လုလင်ပျိုထွားသည် အပျိုစင်များ ပြုံးရယ်မည်စိုးပေသောကြောင့် ကိုယ်ကိုမြုပ်ကာ မှောက်လျက်သားသာလျှင် ကူးခြင်းပြုလေသည်။

၎င်းသည်လည်း လွန်စွာတိကျသောလူပျိုစစ်စစ်ဖြစ်သော



ကြောင့် အမွေးအမွှားအဖြစ် ပစ်နိုင်ရိုးဟူ၍ လူပျို၏ဂုဏ်ကို တင်ဆောင်ခြင်း ပြုရလေသည်။

ခေတ္တမျှ အပန်းဖြေ ကူးခတ်ပြီးလျှင် ချေးညှော်များကင်းစင်အောင် ချေးတွန်း၏။ ထို့နောက် ရှုပ်ပွသီရရီဖြစ်လျက်ရှိသော ဆံရှည်ခေါင်းမွေးများကို ရေတွင်နှစ်၍ လျှော်ခြင်းအမှုပြုလေသည်။

ဤရေကန်သည် လွန်စွာလန်းဆန်း၏။ ကြည်လင်၏။ သင်းထုံမွှန်းပျံခြင်းရှိ၏။ ရေငွေ့သည် တဖျဖျ ရေပြင်ပေါ်သို့တက်ခြင်းပြု၏။ အတိမ်အနက်အားဖြင့် လူတစ်ရပ် ခြေဖျားရပ်သာသည့်အနေအထားထက် များစွာပို၍နက်ခြင်း မရှိလှ၍ ဤနေရာသည် မင်းခမ်းနားသုံး ရေချိုးကန်တစ်ခုသာဖြစ်ချိမ့်မည် ဟူ၍ လုလင်ပျိုထွားသည် မှတ်ယူလိုက်၍ ၎င်းသည်ကား မင်းသားတစ်ပါးကဲ့သို့ပြုစုယုယမှု ခံစားရလျက်ရှိကြောင်း ကောင်းစွာသဘောပေါက်မိလေသည်။

လုလင်ပျိုထွားသည်ကွမ်းသုံးရာညက်၊ မီးတစ်ဖိုစာမျှအချိန်ကြာညောင်းစွာ ရေချိုးခြင်းပြုပြီးလျှင် ရေကန်ပေါ်သို့လှမ်း၍ တက်လိုက်ရာ အပျိုစင်တစ်ဦးသည် လွန်စွာနူးညံ့လှသော မွေးပွသိုရင်းဝတ်စုံတစ်စုံအား လင်ဗန်းတွင်း၌ထည့်ကာ လုလင်ပျိုထွားအား ပေး၏။

ထို့နောက် ဖန်ကြုတ်တစ်ခုအားတွေ့ရပြန်၏။ ထိုဖန်ကြုတ်တွင်း၌ လွန်စွာသင်းပျံ့သော အရည်တစ်မျိုးအား တွေ့ရ၏။

'ဤဆီတော်များ လိမ်းကျံ၍ ဤဝတ်စုံ လုံခြုံတော်မူပါ အရှင့်သားမောင်တော်'

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကြည်သာအေးမြသော လေသံတစ်မျိုးဖြင့် ဒူးညွှတ်အရိုအသေပေးကာ လုလင်ပျိုအား ပေး၏။ လုလင်ပျိုသည်ဖန်ကြွတ်ထဲမှ အရည်များကို ယူ၍လောင်းလိုက်ရာ တစ်ကိုယ်လုံးတွင် ရွှဲနစ်၍သွားတော့၏။

၎င်းအား ပြုစုနေကြရသော အပျိုစင်များသည် ခိုးခိုးခွက်ခွက် ရယ်မောဟန်ပြုကြပြီးမှ ရယ်ရှိန်သက်ကာ ထိုအထဲမှအသက်ခပ်ကြီးကြီး အရွယ်အမောင်းရှိဘိသော အမျိုးသမီးကြီးသည် လုလင်ပျိုထွားအနီးသို့ ရောက်လာကာ ...

'အရှင့်သား၊ ဤဆီကြည်အားသွန်လောင်းခြင်း မပြုရ၊ အသာအယာသာ သုတ်လိမ်းခြင်းပြုရသည်'

ဟူ၍ ဖန်ကျုတ်အား ဆွဲကိုင်ယူ၍ စီးကျလျက်ရှိသော ဆီကြည်ရည်များကို လုလင်ပျိုထွားပေါ်မှ အသာအယာသုတ်လိမ်းပေးခြင်း ပြုပေ၏။

'ကျုပ်က တောတွင်းသားအရိုး၊ အမိတို့က ကျုပ်ကို မည်သူက ဤသို့ အပြုအစုပြုဘိသတုန်း'

ဟူ၍ လုလင်ပျိုထွားသည် ၎င်းတို့၏ခေါင်းဆောင်အကြီးအကဲဖြစ်ဟန်တူသော အမျိုးသမီးကြီးအား မေးလိုက်သည်။

'ဆိုရေးခွင့်မရှိလှပါ အရှင့်သား၊ မကြာမတင် အရှင်သခင်ဆီရောက်ပါလိမ့်မယ်'

ဟူ၍ ထိုအမျိုးသမီးကြီးက ပြန်လည်ဖြေကြားခြင်းပြုလိုက်လေသည်။

လုလင်ပျိုထွားသည် ခေါင်းညိတ်ခြင်းပြုကာ မွှေးပွသိုရင်း



အကျီရှည်ကို ယူဆောင်၍ ခြုံလိုက်သည်။ ၎င်း၏ခန္ဓာကိုယ်၌ရေစက်ရေပေါက်များကိုမူ အပျိုစင်တစ်ဦးက ဖျင်ကြမ်းတစ်စုံဖြင့်သန့်စင်ပေးခြင်းပြုလိုက်ပြီး ဖြစ်လေသည်။

'အင်း ... စိမ်ရှိပေသေးတော့၊ ရှေ့ဆက်ဘာဇာတွေဖြစ်မည် မသိနိုင်'

ဟူ၍ လုလင်ပျိုထွားသည် စိတ်တွင်း၌ ရေရွတ်လိုက်ပြန်၏။

'သေတွင်းငင်ပြီး စည်းစိမ်တွင်းဆင်း ဆိုတာ သဟာမျိုးပေပ'

ဟူ၍လည်း နှစ်ခြိုက်ပြန်သည်။

'အရှင့်သား၊ ရှေ့ကကြွတော်မူပါ၊ ဤသူမက ရှေ့ဆောင်ခေါ်ငင်သွားပါလိမ့်မည်'

ခေါင်းဆောင်အမျိုးသမီးသည် လုလင်ပျိုထွား၏ အနီးသို့ကပ်လာကာ စေ့စေ့ကြည့်လိုက်သည်။ ထို့နောက် လုလင်ပျိုထွား၏ မျက်နှာကြောင်းလှလှအား သေချာစွာ အနီးကပ်ကြည့်ရှု၍ 'ဟင်း' ဟူသော လေမှုတ်သံတစ်ချက်ပေးကာလှည့်၍ ထွက်သွား၏။

လုလင်ပျိုထွားသည် ဤအပျိုစင်အဖွဲ့၏ ခေါင်းဆောင်အမျိုးသမီးကြီးသည် ကလူသွားသည်ကို ဗိုးဟူသောသက်ပြင်းတစ်ချက်ချလိုက်ပြီးလျှင် ၎င်းတို့ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရလေသည်။

လုလင်ပျိုထွားသည် သိုရင်းမွှေးပွအကျီနှင့် ဦးသည့်ပြင်

www.burmeseclassic.com

www.burmeseclassic.com



ထိုမွေးပွသိုရင်းအကျီဘေး၌ ဓားကောက်ကြီးတစ်လက်ပါ ပါဝင်သည်ကို တွေ့ရ၏။ လှပ်ရမ်းလှုပ်ရမ်းဖြစ်လျက် မာကျောသောအရာ တစ်ခုသည် ဘေးမှကပ်လျက် ပါလာခြင်းကို လက်ဖြင့်စမ်းသပ်မိလိုက်ခြင်း ဖြစ်လေသည်။

ထို့ပြင် သိုရင်းမွေးပွအကျီရှည်ကြီးကို ဝတ်ဆင်ပြီးလျှင် ၎င်းပါလာခဲ့သော သားရေနယ် သင်းကွပ်ချပ်ကိုထားရစ်ခဲ့ရပေ၏။ ၎င်း၏တောသားဝတ်စုံကိုမူ အပျိုစင်တစ်ဦး၏လက်သို့ အပ်နှံခြင်းပြုခဲ့ရလေသည်။

သိုရင်းမွေးပွဝတ်စုံ၌ ခါးသည်ကြိုးနှင့် ရင်စည်းကြိုးနှစ်ခုသာလျှင် ပါရှိ၍ လမ်းလျှောက်လျှင် ၎င်း၏ ပေါင်တံကြွက်သားများသည် လွတ်လပ်စွာလှုပ်ရှားခြင်းပြုရလေသည်။ အကျီဖုံးအုပ်ခြင်းမရှိဘဲ လွတ်လပ်မှုရှိနေခြင်းဖြစ်လေသည်။

ရှေ့ကသွားသော အပျိုချောသည် လုလင်ပျိုထက်များစွာငယ်၍ များစွာချောမောပြီးလျှင် ကျစ်လျစ်သန်မာသော ကိုယ်သားကိုယ်ရေရှိလေ၏။

မူလ လာလမ်းအတိုင်း ပြန်၍လျှောက်ခဲ့ရပြီးလျှင် ဖားရုပ်ကြီး၏တံခါးဝကိုရောက်လျှင် တံခါးကြီးပွင့်၍သွား၏။ လုလင်ပျိုထွားနှင့် အပျိုစင်အုပ်စုသည် ဖားရုပ်အဆောင်တိုက်ခေါ် ရေချိုးကန်မှထွက်လျှင် တံခါးကြီးသည် 'ဂျိမ်း' ခနဲ ပြန်၍ပိတ်သွားပြန်လေသည်။

လုလင်ပျိုထွားသည် လွန်စွာခမ်းနား၍ လွန်စွာတင့်တယ်ခြင်းရှိလျက်နေလေသည်။



ဥယျာဉ်တွင်း၌ရှိသော အခြား ပန်းမာလ်များသည်လည်း များစွာ သာတင့်သာမောရှိလှပေ၏။

မူလ ကျောက်မြှောင်လမ်းကျဉ်းကလေးအား လျှောက်ရလျက် မူလအခန်းမကြီးနှင့် ကပ်လျက်ရှိသော ကျောက်ခန်းတံခါးများကိုတွေ့ရပြီး ရှေ့ဆုံးမှသွားသောအပျိုစင်၏နောက်သို့ ကွေ့ချိုးပတ်ချိုး လိုက်ရပြန်ပြီးလျှင် အခန်းတစ်ခုတွင်းသို့ ဝင်ရောက်ရပြန်လေ၏။

လုလင်ပျိုထွားသည် မြေအောက်နန်းတော်ကြီးဟုသမုတ်အပ်သော ဤနေရာ၌ အဘယ်ကြောင့် ဤကဲ့သို့သော အမျိုးသမီးလုံမချောများသာလျှင် တွေ့မြင်နေရဘိသနည်း ဟူ၍စောကြောခြင်း တွေးဆခြင်းပြုလိုက်မိပြန်ပေသည်။ ၎င်းသိရှိထားသောနေရာဌာနနှင့် ဤအကြောင်းရပ်များသည် တခြားစီဖြစ်လျက်ရှိလေ၏။

လုလင်ပျိုထွားသည် ခန်းမဆောင်တစ်ခုတွင်းသို့ဝင်၍ လိုက်သွားရပေ၏။ ခန်းမဆောင်သည်ကား ခပ်စောစောက ၎င်းအိပ်စက်လဲလျောင်းရာ သလွန်ညောင်စောင်းရှိရာအခန်းထက်အနည်းငယ် ပို၍ကျယ်ဝန်းလေသည်။

နံရံ၌ ထွန်းညှိထားသော မီးအိမ်တိုင်များကို တွေ့ရှိရပြီးလျှင် မှန်ပြောင်းတပ်ထားသော မီးအိမ်တိုင်တစ်ခုကိုတွေ့ရှိ၍ ကညင်ဆီမီးဖြင့် ပုက္ကံပြည်၌ ထွန်းညှိကြသကဲ့သို့ ထွန်းညှိထားပေရာ ဤတောတွင်း၏ နန်းမဆောင်ကြီးဖြစ်သည်မှာ လွန်စွာသေချာ၍ မည်သည့်ပုဂ္ဂိုလ်သည် မည်သည့်လူမျိုးအနွယ်များအား အုပ်ချုပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပြုဘိလေသနည်းဟု လုလင်ပျိုထွားသည် တွေးခေါ်စဉ်းစားခြင်းပြု လိုက်လေသည်။

ခန်းမဆောင်ကြီးအတွင်း၌ သလွန်စောင်းတစ်ခုကိုတွေ့ရ ပြန်၏။ ထိုသလွန်စောင်း၏ အနီးအပါး၌ လွန်စွာကောင်းသော သစ်သားတစ်မျိုးဖြင့် ပြုလုပ်ထားအပ်သော သစ်သားလိုက်ကာကြီး တစ်ခုအား ပန်းပွတ်ရုပ်ပုံများဖြင့်သန့်ပြန့်ခမ်းနားစွာ တွေ့ရပြန်ပြီး လျှင် အပျိုစင်နှစ်ဦးသည် ငွေလင်ပန်းနှစ်ခုကို သေချာစွာကိုင် ဆောင်လျက် ရပ်၍နေသည်ကို တွေ့ရပြန်လေသည်။ ငွေလင်ပန်း တွင်းရှိ ငွေကလပ်တစ်ခုတွင် မည်းမည်းပျစ်ပျစ်အရည်များကို တွေ့ရ ပြန်၏။

'စပျစ်တော်ရည် ချိုမြမြကို သုံးဆောင်တော်မူပါဦး အရှင် မောင်တော်'

ဟူ၍ ပျူငှာသော ပီသသော လေသံဖြင့် ထိုအမျိုးသမီးနှစ် ဦးအနက် တစ်ဦးက ဆိုလိုက်လေသည်။

'အင်း ... သုံးဆောင်ရတာပဲ၊ ကောင်းစွတည်း'

ဟူ၍ ထိုအပျိုချောကပင် ဆက်၍ဆိုလိုက်ပြန်ရာ လုလင် ပျိုထွားသည် သလွန်ညောင်စောင်းထက်တွင် တင်ပါးလွှဲထိုင်လိုက် ရာ ၎င်းအား လိုက်ပါဝန်းရန်လျက်ရှိသော အပျိုစင်ခုနစ်ဦးနှင့် ညောင်စောင်းဘေး၌ အသင့် စပျစ်ရည်ခွက်ကိုင်ကာစောင့်လျက်ရှိ သော အပျိုစင်ခုနစ်ဦးတို့သည် ဒူးညွှတ်ထိုင်ချခြင်းပြုလိုက်ကြလေ သည်။

ထို့နောက် အပျိုစင်ခုနစ်ဦးသည် သားမြီးယပ်ကြီးကို



ဆောင်ယူလျက် ဘေးတစ်ဘက်တစ်ချက်စီ၌ ဖြည်းညင်းစွာ ယပ် ပေးခြင်းအမှုကို ပြုကြပြန်လေသည်။

အပျိုများသည် အချောအလှချည်း ဖြစ်၍ ကိုယ်ပေါက် ကိုယ်ရောက် ဖြောင့်စင်းတောင့်တင်းကြသူများချည်း ဖြစ်လေရာ လုလင်ပျိုထွားသည် လွန်စွာအနေခက်ဟန် ဖြစ်၍နေလေသည်။ သို့ရာတွင် လုလင်ပျိုထွားသည် ဒူးနှစ်လုံးထပ်ထိုင်လိုက်ပြီးလျှင် ညာဘက်ဘေးမှ ဓားကောက်ကို ဘေးသို့အသာချလိုက်သည်။

ဓားကောက်မှာ လွန်စွာကောင်း၏။ ဘေးတည့်တည့်သို့ ဘွဲလောင်းဖြစ်အောင် ချိတ်လိုက်ပြီးလျှင် ဒူးနှစ်လုံးထပ်ထိုင်လျက် ရှိရာ သိုးရင်းအကျီရှည်ကြီးသည် ပေါင်ရင်းမှ ဘေးသို့ကွဲလျက်-ပုံ့ပုံ့ ရုံ့ရုံ့ကျလျက်ရှိဘိ၏။

ကျောက်နန်းဆောင်တိုက်အတွင်းမှ နန်းတွင်းသူအပျိုစင် တစ်ဘိုက်သည် လုလင်ပျိုထွား၏ အနေအထိုင်ကို ကြည့်လျက် သိမသာ 'ခွီ' ခနဲ ရယ်ကြ၏။ ထို့နောက် မရဲတရဲပြန်လည်၍ လုလင် ပျိုထွားအား ကြည့်ကြပြန်လေသည်။

လုလင်ပျိုထွားသည် မိမိစိတ်အား မလုံမလဲဖြစ်ကာ ခြေထောက်ဒူးနှစ်လုံးထပ်ခြင်းမှ ခြေနှစ်ချောင်းကိုပြန်တည့်သွား အောင် ဒူးချ၍ထိုင်လိုက်ရာ အောက်နားတွင် ဒူးထောက် ခစားဟန် ပြုလျက်ရှိကုန်သော နန်းဆောင်အပျိုစင်လေးဦးသည် ဦးခေါင်းငုံ့ လျက်သွားကြပြန်၏။

'ဧော ... ခက်ကပြီ၊ ငါ့အား ပသို့ထင်သည်မသိ၊ အဘယ် ကိစ္စကြောင့် သင်းကဲ့သို့ဖြစ်ရသနည်း' ဟု ရာဇမောန်ရှုလိုစိတ်ပေါ်၍

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

သို့သော် ၎င်းမှာ တကယ့်အစစ်အမှန်နန်းဆောင်ရမင်းသားတစ်ပါး မဟုတ်ဟူ၍လည်းကောင်း၊ မည်သို့မည်ပုံ ယခုကဲ့သို့ဖြစ်ရသည်ကိုလည်း သိနားလည်ခြင်းမရှိနိုင်သေးသည်က တစ်ကြောင်း စသည့်အကြောင်းတို့ကြောင့် ရာဇမာန်ရှု၍ အမျက်သိုကာတစ်စုံတစ်ရာပြောကြားလိုက်ချေသော် ယခုကဲ့သို့ ရရှိထားသောစည်းစိမ်လေးသည်ပင် ပျောက်ပျက်သွားနိုင်သည်ဟု သဘောပေါက်ကာ ဆိတ်ဆိတ်သာလျှင် နေလိုက်လေသည်။

ထိုအချိန်တွင် အပျိုနုချောချောတစ်ယောက်သည် လွန်စွာလှပခန့်ညားသော ခြေနင်းဖိနပ်တစ်ရန်ကိုယူဆောင်လာလေ၏။ ဖိနပ်ထိပ်၌ သမင်ရုပ်ပါ၍ ကြိုးဖြင့်စည်းထားနိုင်သော ခုံထုံခြေနင်းဖိနပ်ဖြစ်၍ သားမွေးမျှင်နုနုလွလွ ယုယုယယအားဖြင့်နုလွသောလက်ချောင်းများဖြင့် ဖိနပ်သဲကြိုးနှင့် ချည်ကြိုးကို သေချာစွာစည်းနှင်းသစ်ရုပ် ခန့်ညား ထည်ဝါ၊ သန့်စင်ခြင်းရှိ၍ နန်းဆောင်ရမင်းသားတစ်ပါး၏ ခန့်ညားခြင်းမျိုးသည် အပြည့်အစုံဖြစ်ခြင်းသို့ရောက်လေတော့သည်။

ထိုအချိန်တွင် မောင်းသံတစ်ချက်ကို ကြားလိုက်ရသည်။

ထို့နောက် အခန်းတွင်းမှ အပျိုစင်အုပ်စုသည် လျှင်မြန်စွာထလျက် အသီးသီးခန်းမဆောင်ကြီးအတွင်းမှ ထွက်၍သွားကြလေတော့သည်။

လုလင်ပျိုထွားသည် ဤအဖြစ်အပျက်အား အကဲခတ်လိုက်ရာ တစ်စုံတစ်ရာ အချက်ပေးမောင်းသံဖြစ်သည်ဟု သိလိုက်၏။ ခန်းမဆောင်ထဲတွင် လုလင်ပျိုထွားတစ်ဦးတည်းသာလျှင် ငွားငွားငူငူငေါက်ငေါက်ကြီး ကျန်ရစ်ခဲ့လေတော့သည်။



ထို့နောက် ဖိနပ်သံများကို တခေါက်ခေါက်ဖြင့် ကြားရလေ၏။ ဖိနပ်သံများမှာ ၎င်းပေါက်ဖွားရာမရွှေပြည်၌ နေစဉ်ကာလမင်းထီးနော်ရထာ၏ စစ်သည်များသည် သုဝဏ္ဏဘုမ္မိသို့ စစ်ချီခါနီးတွင် စစ်ရေးဆင်သော်၊ စစ်မောင်းခတ်သော်၊ စစ်တက်လှော်ခတ်သည်ရှိသော် စစ်သည် စစ်မှူးတို့၏ထူးခြားသော ခြေနင်းဖိနပ်သံများဖြင့်အားမာန်ရှိသည့်ပုံစံမျိုးဖြစ်သည်ကို မှန်းဆလိုက်နိုင်ပေသည်။

တစ်ခေါက်ခေါက်မြည်သော ဖိနပ်သံများသည်လွန်စွာကျယ်၍ လှုအင်အားလည်း သေးငယ်သည်ဟူ၍ မမှတ်ထင်နိုင်ပေ။ ကျောက်လမ်းခင်း ကျောက်တောင်ကျောက်မြှောင်ကြား၌ နင်းသောခြေနင်းဖိနပ်သံသည် မာကျောမှုအတန်ရှိသည်။ညက်ညောမှုမရှိ၊ အားနှင့်စိတ်မာန်နှင့် ချီလာသည့် စစ်သည်ရဲမက်တို့၏ခြေလှမ်းမျိုးသာလျှင်တည်း။

လုလင်ပျိုထွားသည် ညောင်စောင်းသလွန်ထက်တွင်ထိုင်နေရာမှထလိုက်သည်။ ထို့နောက် ၎င်း၏ညာဘက်ဘေးမှ ဓားကောက်တိုအား အသာလက်တင်လိုက်သည်။

၎င်း၏ လှံတိုမှိန်းသည်ကား မည်သည့်နေရာဆီသို့ ရောက်၍သွားလေသည်မသိ။ ၎င်းအိပ်ရာမှ နိုးထကတည်းက လှံတိုမှိန်းအား ရှာမတွေ့ခဲ့ခြင်းဖြစ်၏။

လုလင်ပျိုထွားသည် မတ်တပ်ရပ်အနေအထား အသင့်အနေအထားဖြင့် ခန်းမဆောင်သို့ ငေးမျှော်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းသို့ ကိုယ်ချပ်၊ တန်ဆာပလာ စစ်ခမောက်သံ ခြေနင်းနှင့် သားရေနယ်၊ သားရေခင်း၊ လက်စည်း၊ ဓား၊ လှံ့ကိုင်သောသူများ ဝင်ရောက်၍လာသည်ကို တွေ့ရပေ၏။

ခုစုပေါင်းခုနစ်ယောက်တိတိဖြစ်ကာ ရှေ့ဆုံးမှ ဝင်လာသူသည် ပဝါစည်းအနီရောင်အား လည်ပင်း၌ပတ်စည်းထားလေသည်။

ဦးခေါင်း၌စွပ်ထားသော သံခမောက်၌ကား မြွေဟောက်တံဆိပ်ကြီး တပ်ဆင်လျက်ထားသည့် ကြေးခွေခမောက်ကြီးကို မေးသိုင်းကြိုးဖြင့် ချည်နှောင်ထားလေသည်။

ဘေး၌ အသွားထက်လှပဟန်ရှိသော ဓားရှည်များကိုကြေးအိမ်တပ်၊ ဓားအိမ်များဖြင့်လွယ်လျက် ဝင်လာကြလေ၏။ အရပ်အမောင်းအားဖြင့် မြင့်မား၍ ခန္ဓာကိုယ်အားဖြင့်လည်း ခန့်ထည်ကာ မောင်းမောင်းမားမား ရှိကြလေသည်။

ထိုစစ်သည်တစ်ခုသည် ဒိုးဒိုးဒေါက်ဒေါက်ပင် ခန်းမဆောင်တွင်းသို့ ဖျတ်ခနဲ ဖျတ်ခနဲဝင်ရောက်၍ လာကြသည်မှာ ဒေါင်းတင်မောင်းတင်ရှိလှသည်။

လုလင်ပျိုထွားသည် ဓားကောက်တွင်းမှ ဓားကိုဆွဲထုတ်လိုက်သည်။ လူချင်းယှဉ်၍ နွှဲရလျှင် သာမန်တပ်သည်ကျော်များကို အမှုမထား၊ ထောင်းထောင်းကြေ၍ သွားနိုင်သည်ဟု မိမိ၏စွမ်းပကားကို ယုံကြည်ပြီးသားရှိသည်။

ထိုသံခမောက်ချပ် ဝတ်တန်ဆာဝတ် ခုနစ်ယောက်၏ရှေ့ဆုံးမှ ခေါင်းဆောင်သည် ရှေ့သို့ ခြေတစ်လှမ်းတိုးပြီးလျှင် သို့ရင်းအကျီ၊ ဓားကောက်ရှည်နှင့် ခြေနင်းဝတ်စုံပြည့်ဖြင့် ရပ်တည်လျက်



ရှိဘိသည့် လုလင်ပျိုထွားအား 'ဒေါက်' ခနဲ ဒူးညွှတ်ဒူးကွေးကာ အရိုအသေပေးလိုက်သည်။

လုလင်ပျိုထွားသည် ထိုစစ်သည်အား ကြည့်ရှုလိုက်ရာ လွန်စွာအံ့သြသင့်၍သွားပေသည်။

ထိုစစ်သည်သည် ပုရိသယောကျ်ားသား မဟုတ်၊ ဣတ္ထိယအမျိုးသမီးဖြစ်သည်ကို တွေ့ရ၏။ ဖြူဖွေးသော အသားအရေနှင့် ကြည်လဲ့သောမျက်လုံးအစုံသည် ချပ်ဝတ်နှင့် ခေါင်းစွပ်အတွင်းမျက်ပေါက်အနေအထားမှ တွေ့ရသည်။

မျက်ခုံးနှင့် အသားအရေမှအပ အခြားခန္ဓာကိုယ်အစိတ်အပိုင်းများမှာ ထွားထွားရားရားရှိလှသည်ဖြစ်ရာ၊ ယောကျ်ားနှင့် မိန်းမဟူ၍ ခွဲခြား၍မနိုင်စတောင်း ပုံစံမျိုးတည်း။

'ဟင်း' လုလင်ပျိုထွားသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးလျှင် ဓားအိမ်တွင်းသို့ ဓားကိုထိုးသွင်းလိုက်သည်။

ရှေ့ဆုံးမှ ခေါင်းဆောင်လာသူသည် မတ်တတ်ရပ်လိုက်ပြန်သည်။ ထို့နောက် ဦးညွှတ်လိုက်၏။

'အရှင့်မောင်တော် ဤသူရဲကျေးကျွန်နောက်သို့ လိုက်ခဲ့လင့်'

ဟူ၍ဆိုပြီးလျှင် ခေါင်းဆောင်သည် အခန်းပြင်ပသို့ထွက်ရန် တာစူလိုက်သည်။ ထိုအခိုက် တစ်ဖျောင်းဖျောင်းနှင့် ကျန်ချပ်ဝတ်တန်ဆာ၊ သင်းကွပ်ကာ လှံ့ပြည့်စုံသောခြောက်ယောက်သည် လုလင်ပျိုထွား၏ ဘေးတစ်ဘက်တစ်ချက်သို့ နှစ်ဘက်ညှပ်၍ ရပ်လိုက်၏။ လုလင်ပျိုထွားသည် ၎င်း၏ခမ်းနားကြီးကျယ်မှုကို

www.burmeseclassic.com

www.burmeseclassic.com



ပြိုးလိုက်သည်။ ကိုယ်ရံတော်စစ်သည်မိန်းမများသည် ၎င်းဘေး၌ ရပ်တည်လျက် ရှိတော့သည်။

ထို့နောက် ရှေ့ဆုံးမှ ခေါင်းဆောင်ရဲမက်သည် ခြေလှမ်းခပ်ကျဲကျဲဖြင့် ထွက်၍သွားရာ လုလင်ပျို့ထွားဘေးမှ ကိုယ်ရံတော်ခြောက်ယောက်သည်လည်း ခြေလှမ်းကျဲကြီးဖြင့်လျှောက်လိုက်ကြ၏။

လုလင်ပျို့ထွားသည်လည်း ခြေလှမ်းကျဲကြီးဖြင့်လှမ်းလိုက်ရသည်။

* * *

## ဒေဝီအသုန်ဝန္ဒာ

လုလင်ပျို့ထွားသည်ရှေ့ဆုံးမှ မိန်းမကိုယ်ရံတော်ဦးဆောင်လျက် ဘေးမှ ကိုယ်ရံတော်ခြောက်ယောက်ဖြင့် ခပ်တည်တည်ပင် ထိုကိုယ်ရံတော်များ၏ ခေါ်ဆောင်ရာသို့ လိုက်ပါလျက်ရှိပေ၏။ ကျောက်ဆောင်ကျောက်မြောင်၏ ကွေ့ချိုးလမ်းများကို မြေလိမ်မြွေကောက်သွားရပေ၏။

ထိုမြေလိမ်မြွေကောက်လမ်းများသည် မျောမွေ့ညင်သာပြီးလျှင် ပြေပြစ်မှုအတန်ရှိ၏။ ဘေးဘက်ကျောက်ချပ်နံရံများ၌လည်း ရုပ်ပုံပေါင်းများစွာကို သေသပ်စွာ ထွင်းထုဖော်ဆောင်ထားခြင်း ရှိကြလေသည်။

အချို့နေရာများ၌ စစ်သည်ရဲမက်များတိုက်ခိုက်လျက်ရှိသည့်ပုံများဖြစ်လျက် နန်းတွင်းသူ နန်းတွင်းသားတို့အား ချော့မြူးတူးလျက်ရှိကြမည့်ပုံစံများကိုလည်း အများအပြား တွေ့ရှိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကိုယ်ရံတော်သည် ခြေလှမ်းကို မှန်မှန်လှမ်းလိုက်ပေသည်။ အတော်အတန်ခရီးရှိသောလမ်းကို ဖြတ်ကျော်ခြင်းပြုရ၍ မှောင်မည်းသောနေရာများ၌ မလင်းတလင်းမီးရောင်များဖြင့် ကျောက်မြောင်ကျောက်ကြားလမ်းများကို မီးပြလမ်းပြထားသည်ကို တွေ့ရလေသည်။

လုလင်ပျိုထွားသည် မြွေလိမ်မြွေကောက် လမ်းမြောင်ကြီးတစ်ခုကိုကျော်လွန်လျှင် လွန်စွာခမ်းနားသော တံခါးမုခ်ကြီးတစ်ခုအား တွေ့ရလေသည်။ ရွှေမုခ်ဝကြီးဟု ခေါ်ဆိုနိုင်သည်။

နန်းမုခ်ဝအတိုင်းပုံစံပြု၍ လူထက်များစွာမြင့်သော တံခါးပေါက်ကြီးတစ်ခုဖြစ်သည်ကို တွေ့ရ၏။ ပဲ့တင်သံများတစ်ချက်တစ်ချက်ကြားရ၏။

ထိုမုခ်ဝ၏ တံခါးဝတွင် တံခါးမှူးနှစ်ဦးကို တွေ့ရ၏။ အဲမောင်းခေါ် လှံရှည်ကြီးတစ်ခုကို ပခုံး၌ထမ်းလျက် ချပ်ဝတ်စုံလင်စွာရှိသော အစောင့်နှစ်ယောက်ကို လှံထမ်းကိုယ်စီဖြင့် တွေ့ရခြင်းဖြစ်သည်။

ထိုလှံထမ်းနေသော တံခါးစောင့်နှစ်ဦးသည် ကိုယ်ရံတော်ခြောက်ယောက်ရံ၍လာသော လုလင်ပျိုထွားအား တွေ့လိုက်ရလျှင် လှံများကို အောက်သို့စိုက်ချလျက် အရိုအသေပေးလိုက်ကြပေသည်။

ရှေ့ဆုံးမှ ကိုယ်ရံတော်မှူးသည် နန်းဆောင်မုခ်အတွင်းသို့ ခပ်တည်တည် ဝင်၍သွား၏။ ထိုနေရာသည်လည်း ကျောက်ဂူတိုကြီးပင်ဖြစ်ပေ၏။



ကျောက်ဂူနန်းတော်ပင်ဖြစ်၏။ အတွင်းဂူကား ပို၍ချောမောလှပ၏။ ဆန်းကြယ်သော အဆင်တန်ဆာများကို တွေ့လိုက်ရပေသည်။

ထိုနန်းတွင်းမှဆက်၍အတွင်းလမ်းသို့လျှောက်သော် လွန်စွာမှောင်ပိန်းသော ကျောက်ချပ်ကြီးတစ်ခုကို တွေ့ရ၏။ ထိုကျောက်ချပ်ကြီး၏ထိပ်၌ ကညင်ဆီးမီးတိုင်သည် ခပ်ညွန့်ညွန့်လင်းလျက်ရှိရာ အတက်ပိုင်းနေရာသည်သာလင်းလျက် အောက်ခြေသည်ကား မှောင်လျက်ပင်ရှိလေသည်။

အောက်ခြေ၌ အစောင့်စစ်သားနှစ်ဦးကို တွေ့ရပြန်၏။ ထိုအစောင့်များသည်ကား ကြေးခွေစွပ်ဓားများကို ဓားအိမ်ဖွင့်ကာ ပခုံးထမ်းလျက် ထိုနေရာအား စောင့်ကြပ်လျက်ရှိပေ၏။

ထိုအစောင့်နှစ်ယောက်သည် လွန်စွာတောင့်တင်းသော ယောကျာ်းကြီးနှစ်ဦးဖြစ်သည်ကို တွေ့ရ၏။ ချပ်ဝတ်တစ်ပိုင်းသာဝတ်လျက် တစ်ပိုင်းအား ဖော်ဆောင်ထားသည့် ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားပေသည်။

ထိုအစောင့်နှစ်ဦးသည်လည်း ဓားများကို အောက်သို့ငိုက်လျက် အရိုအသေပေးခြင်းပြုလိုက်ပြီးလျှင် ‘ဂျိမ်း’ ခနဲ တံခါးကြီးသည် ပွင့်လျက်သွား၏။ ကျောက်ချပ်တံခါးမကြီးပင် ဖြစ်ပေ၏။

လွန်စွာ အချက်ကျညီစွာဖြင့် ပြုလုပ်ထားခြင်းဖြစ်ရာ အလွန်သဘောကျဖွယ်ကောင်း၏ဟု လုလင်ပျိုထွားသည်စိတ်တွင်း၌ ကျိတ်၍ သဘောကျလိုက်ပြန်လေသည်။

ထိုကျောက်ချပ်တံခါးပွင့်သွားလျှင် လွန်စွာချယ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



သော ကျောက်ခန်းမကြီးအား တွေ့ရပြီး အခန်းထောင့်အသီးသီး၌ လေးလက်နက်ကိုင်ဆောင်ထားသော ချပ်ဝတ်တန်ဆာများနှင့် စစ်သည်များကို နန်းရင်ပြင်၏ ပန်းပွတ်တိုင်လုံးများအကြား၌ ဒူးထောက်လျက်ဖြင့်လည်းကောင်း၊ မတ်ရပ်အနေ အနေအထားဖြင့်လည်းကောင်း တွေ့ရပေ၏။ လေးလက်နက်၌ သံချွန်များကို သေချာစွာတင်၍ အသင့်လွှတ်တင်အနေအထားဖြင့် တွေ့ရလေသည်။

ထိုနေရာသို့ရောက်လျှင် ရှေ့ဆုံးမှ ကိုယ်ရံတော်မှူးသည် ရှေ့သို့မဆက်ဘဲ ရပ်တန့်လိုက်လေသည်။

'အရှင့်မောင်တော်၊ အကြို့တော်လာသည့်အခါ၌ လိုက်ပါသွားပါ၊ စကားအပိုအလိုမပြောပါနှင့်၊ ခိုင်းသည့်အတိုင်းလုပ်ဆောင်ပါ၊ သို့မဟုတ်ပါက ဤနေရာ သက္ကဋ္ဌဝေစိက နန်းတော်မှ ပြန်လမ်းမရှိပါ။ တဝမုခ်ဂူအတွင်းရှိ သက္ကဋ္ဌဝေစိကနန်းတော်ရဲ့ အရှင်သခင်က စေလွှတ်မှသာလျှင် အရှင့်မောင်တော်သည် ဤနေရာမှထွက်ခွာရပေလိမ့်မည်။ တစ်စုံတစ်ရာလှုပ်ရှားခြင်း မပြုလင့်၊ အသင်၏လက်စွဲတော် မိန်းလုံ့တိုသည် ဤသခင်မအထံသို့ ရောက်ရှိနေပြီဖြစ်ပေသည်။ ဤနေရာ ဤဒေသသည် လက်နက်ပုန်းငယ်များများစွာတပ်ဆင်ထားပြီး ဂန္ဓီရအတတ်ပညာများဖြင့် တည်ဆောက်ထားခြင်းရှိပြီး တောတွင်းသားအတတ်သခင်ပညာဘူးနှင့် ပုရပိုက်ဖြူသည် (ဤနန်းတွင်း)ရွှေကလပ်တွင် တည်ရှိ၏။'

ဟူ၍ လုလင်ပျိုထွားအား ရှေ့ဆုံးမှ အမျိုးသမီးကိုယ်ရံတော်သည် တိကျသော အညွှန်းစကားကို ဆိုလိုက်သည်။



"ဟုတ်ကောင်းတေး ..."

ဟူ၍ လုလင်ပျိုထွားက ဆိုလိုက်သည်။

အားလုံးသော အရာများထက် ရွှေကလပ်ပေါ်၌ တည်ရှိသောပုရပိုက်ဖြူနှင့် တောတွင်းသား အတတ်ပညာဘူးကို လုလင်ပျိုထွားသည် လွန်စွာစိတ်ဝင်စား၍ သွားပေတော့သည်။

ထိုစဉ်ကြိုက်ဝယ် ဖြူဖြူဖွေးဖွေး၊ နုနုရွရွ၊ လှလှပပ၊ ဖုဖုထစ်ထစ်၊ မြူပြစ်စလို၊ အပုအညက်၊ မထစ်မပြေ မရှိလွန်စွာ ချစ်ဖွယ်ကောင်းချိမ့်သော နန်းတွင်းသူလေးယောက်သည် ဇာဖြူလွှလွှအားခြုံလွှား၍ ဖြေးညင်းသာယာစွာလျှောက်လျက် လာပေ၏။

ကိုယ်ရံတော်ခုနစ်ဦးသည် ခြေဆောင့်သံ ခပ်ပြင်းပြင်းပေး၍ နန်းဆောင်သမုဒ်မှ ထွက်၍သွားတော့သည်။

လုလင်ပျိုထွားသည် နန်းတွင်းသူလေးဦးအား သာလျှင်ကြည့်ရှုလျက်ရှိ၏။ ဦးခေါင်း၌ရွှေရောင်ဆံထိုးများသည်တဝင်းဝင်းတလက်လက်ဖြင့်တွေ့ရ၏။ ရင်အုံထက်၌လည်း ရွှေပန်းခက်၊ ရင်ထိုးများကို တွေ့ရပေ၏။ ထိုအပျိုစင်နန်းတွင်းသူလေးဦးသည် ညီညာသော ခြေလှမ်းပုံစံမျိုးဖြင့် လျှောက်လှမ်းလျက် လာကြပေ၏။

'ဟင်း ... ကောင်းစွ၊ တစ်မျိုးတစ်ပန်းသာပ'

ဟူ၍ လုလင်ပျိုထွားသည် ရေရွတ်ခြင်းပြု၏။

အပျိုစင်နန်းတွင်းသူလေးဦးသည် ကြေးဝါလင်ပန်းပြားတစ်ချပ်ကိုကိုင်လျက် လာပေ၏။ လင်ပန်းတွင်း၌ မည်သည့်အရာမျှမရှိပေ။ လင်ပန်းမှာလည်း ကြီးလှသည်မဟုတ် တစ်ကောင်သာ

www.burmeseclassic.com

www.burmeseclassic.com



သာမျှသာရှိ၏။ နန်းတွင်းသူလေးဦးသည် အနီးသို့ရောက်လျှင် ...

'အရှင့်သား မောင်တော်၊ ဤကြေးဝါလင်ပန်းထက်၌လက်ဝါးတင်၍ လိုက်တော်မူပါ'

ဟူ၍ ရှေ့ဆုံးမှ လင်ပန်းကိုကိုင်လျက်ရှိသော နန်းတွင်းသူသည် လုလင်ပျိုထွားအား ပြောလိုက်သည်။ ထို့နောက် လုလင်ပျိုထွားအား စစ်စစ်ပေါက်ပေါက် ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။ လုလင်ပျိုထွားသည် ကြေးဝါလင်ပန်းပေါ်သို့ ၎င်း၏ညာဘက်ကို ပက်လက်တင်လိုက်၏။

ထိုလက်ကို နန်းတွင်းသူသည် သူမ၏လက်ဖြင့်ယူ၍ ...

'အရှင့်သား မောင်တော်၊ မှောက်လျက်တင်တော်မူပါ'

ဟူ၍ ဆိုလိုက်၏။ လုလင်ပျိုထွားသည် ...

'အမေးရှုပ်ရန်ကော'

ဟူ၍ စိတ်တွင်း၌ ရေရွတ်လိုက်ပြီး ပက်လက်အနေအထားမှ မှောက်လျက်အနေအထားသို့ ပြောင်း၍တင်လိုက်သည်။

ယင်း နန်းတွင်းသူနှစ်ဦးသည် လုလင်ပျိုထွား၏နောက်ဘက်သို့ ရောက်လျက်လာပြီးလျှင် လုလင်ပျိုထွားအား ဦးခေါင်းရင်ဘက် ဝမ်းဗိုက်မှစ၍ နေရာလပ်မကျန်အောင် လက်ဖြင့်ပွတ်သပ်၍ တစ်စုံတစ်ရာကို ရှာဖွေကြ၏။

'ဘာရှိ့သံတုန်း၊ ယားပါဘိလော့'

ဟူ၍ လုလင်ပျိုထွားသည် ရေရွတ်လိုက်၏။

'မသူတော်လက်နက်များ နန်းမဆောင်၌ ကိုင်ဆောင်ခြင်းမရှိပရာ သခင်မတော်၏ ကိုယ်စောင့်တပ်မှူး အမိန့်သာပ'



ဟုဆို၍ ၎င်းတို့စိတ်တိုင်းကျ ရှာဖွေကြလေ၏။

လုလင်ပျိုထွားသည် လင်ပန်းပေါ်သို့ညာလက်ကိုမှောက်၍တင်လိုက်သည့်ကာလ၌ လွန်စွာအေးစက်၍သွားသောအတွေ့ကို ခံစားရပြီးလျှင် ထိုလင်ပန်းသည် တစ်စုံတစ်ရာသောဆွဲငင်မှုရှိလေသလောဟူ၍ တွေးထင်လိုက်သည်။ ထို့ကြောင့် ကြေးဝါလင်ပန်း ပေါ်မှ ၎င်း၏လက်ကိုမ,ယူလိုက်ရာ လက်သည်မ၍မရဖြစ်၍သွား၏။

'အရှင့်သား မောင်တော်၊ မ,ရန် မထိုက်ပါ၊ ဤလင်ပန်းသည် ဂန္ဓီရ အစီ အမံများဖြင့်သိပ်သည်းစွာဆောင်ကျဉ်း၍ ထားပါသည်၊ အချိန်တန်မှသူ့အလိုအလျောက် အရှင့်ထံ ဤလက်ပြန်ရောက်ပေလိမ့်မည်'

ဟူ၍ နန်းတွင်းသူတစ်ဦးက ဆိုလိုက်သည်။ လုလင်ပျိုထွားသည် ဗိုးခနဲ သက်ပြင်းမှုတ်ထုတ်လိုက်သည်။

'အရှင့်သား မောင်တော်၊ သက်ပြင်းမချရာ၊ ဤနန်းမဆောင်၌ မည်သူမျှ သက်ပြင်းရှည်လျားစွာ အသံမထွက်စေရာ'

ဟူ၍ ပြောဆိုပြန်လေရာ လုလင်ပျိုထွားသည် နောက်ထပ်တစ်ဖန် ရှိုက်ထုတ်လိုက်မည့် သက်ပြင်းလေအား ဝမ်းထဲသို့ ရှိုက်မြို၍ ထားလိုက်ရပေ၏။

'သွားနိုင်ပြီပ အရှင့်သား မောင်တော်'

ဟူ၍ လုလင်ပျိုထွားအား နန်းတွင်းသူ အပျိုစင်တစ်ဦးက ဆိုလိုက်ပြန်ရာ လုလင်ပျိုထွားသည် လှုပ်ရှားလိုက်ရလေသည်။ အပျိုစင်နန်းတွင်းသူ လေးဦးသည် လက်ဝါးတင်ထားသော ကြေးဝါ

www.burmeseclassic.com

www.burmeseclassic.com



လင်ပန်းအား နှစ်ဦးက ကိုင်လျက် ကျန်နှစ်ဦးက နောက်မှလိုက်ကာ ဆက်၍နန်းမဆောင်၏အတွင်းသို့ ဝင်ရောက်ကြရလေသည်။

နန်းတွင်းဆောင်ကြီးကား လွန်စွာ ခမ်းနားလှပေ၏။ ကျယ်ဝန်းသည်နှင့်အမျှ လှပသော ပုံဆန်းပုံသွင်များရှိကြပေ၏။ သို့ရာတွင် အဓိကအားဖြင့် နန်းတွင်းဆောင်၌ တောကောင်အမျိုးမျိုးတို့၏ ရုပ်လုံးများသာလျှင် များလှပေ၏။

ပန်းပုပန်းထွင်းများသည်လည်း လွန်စွာကောင်းမွန်လျက်ရှိခြင်းကြောင့် များစွာတင့်တယ်၍နေ၏။ သို့ရာတွင် ဤနန်းဆောင်၌ တိတ်ဆိတ်လျက်ရှိ၏။ ပကတိလူသံများသည် ပျောက်လျက်ရှိ၏။

နန်းတော် ပန်းသပွတ်တိုင်လုံးအောက်တွင် ရပ်လျက်လက်တွင်း၌ လေးကိုင်ထားသော နန်းတွင်းလေးသည်တော်များမှာလည်း ကျောက်ရုပ်များပမာ ငြိမ်သက်လျက်ရှိကြလေသည်။

နန်းတော်တွင်းသို့ ဝင်မိလျှင်ဘေးနှစ်ဘက်၌ ခမ်းနားသောခန်းမဆောင် အသေးများကို တွေ့ရ၏။ ထို့နောက် ဆက်၍သွားရာ တစ်ပြင်လုံးကို တွေ့ရပြီးလျှင် ထိုတံခါးမကြီး၏ရှေ့၌ကား သူမတူအောင် ထွားကြိုင်းလှသည့် ပုရိသယောကျ်ားကြီးတစ်ဦးကို တွေ့ရ၏။

ဤနန်းတော် နယ်နိမိတ်တွင်းသို့ စတင်ဝင်ရောက်စဉ်က လုလင်ပျို့တွား ရင်ဆိုင်တိုက်ခိုက်ခဲ့ရသော လူမည်းမည်းကြီးထက်ပင် ကြီးထွားသန်မာပုံရ၍ ၎င်း၏လက်တွင်း၌ ကြီးမားလှသော တင်းပုတ်ကြီးတစ်ခုကို ကိုင်ဆောင်ထားလေသည်။

ဆံပင်မှာ ရှည်လျား၍ မျက်နှာ၌ အဖုအထစ်များရှိ၏။ ပန်း



သားနှစ်ခုဘေးရှိ ကြွက်သားဖုနှစ်ခုမှာ အုန်းသီးအငယ်စားမျှ ဖုလုံးများထလျက် ရှိပေ၏။ ထိုလူထွားကြီးသည်လည်း ရုတ်တရက်ကြည့်သော် ဘီလူးကြီး၏ပုံသဏ္ဌာန်သို့နယ်မင်တည်း။ မေးရိုးကြီးကား လွန်စွာကြီးမားပြီး ပြူးကျယ်သောမျက်လုံးအစုံသည် လုလင်ပျို့တွားအား သေချာစွာ စူးစူးစိုက်စိုက် ကြည့်လျက်ရှိပေ၏။

၎င်း၏ပုံစံအား ကြည့်ရသည်မှာ လုလင်ပျို့တွားအား များစွာကျေနပ်သောပုံစံ ရှိပုံမရပေ။ အရေးကြီးလျှင် အသေသတ်မည့်ပုံပေါက်လျက်ရှိပေ၏။

သို့ရာတွင် ဤလူထွားသည် အပျိုစင်လေးဦးက ခြံရံလျက်ကြေးဝါလင်ပန်းပေါ်၌ တင်၍ထားသောလက်ဖြင့် ခပ်တည်တည်လျှောက်လာသော အနေအထားကိုမြင်လျှင် ကားရားခွ၍ရပ်နေသောအနေအထားမှ ခြေစု၍ တင်းပုတ်ကြီးကို ဘေးသို့ချ၍ထားလိုက်သည်။ အောက်စိုက်အနေအထားဖြင့် အရိုအသေပြုလိုက်သည်။

သို့သော် ထိုအရိုအသေပြုခြင်းကား ပြုချင်သော ပြုခြင်းမဟုတ်မှန်းကို ၎င်း၏ ပြူးကျယ်သောမျက်လုံးအစုံအားကြည့်လျှင် သိသာလှပေသည်။ မျက်လုံးသည် အရောင်ထွက်လျက်ရှိ၏။

အပျိုစင်နှစ်ဦးကိုင်ထားသော လင်ပန်း၏နောက်သို့ လုလင်ပျို့တွားသည် လျှောက်လျက်လာရခြင်းဖြစ်ရာ ထိုလူထွားကြီး၏ တင်းပုတ်ကြီးအောက်သို့ စိုက်လိုက်လျှင် 'ဂျိမ်း'ဟူ၍ နန်းဆောင်၏ ကျောက်တံခါးကြီးသည် ပွင့်၍ သွားပေ၏။

လုလင်ပျို့တွားသည် လင်ပန်းအထက်မှနေ၍ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



အား အတွင်းသို့ ဝင်၍ကြည့်လိုက်ရာ မိမိ၏မျက်လုံးကိုပင် မယုံနိုင်လောက်သော အတွေ့အမြင်တစ်ခုအား တွေ့မြင်သိရှိလိုက်ရပေသည်။

ခန်းမကြီး၏ အလယ်တည့်တည့်၌ အနီရောင်ကတ္တီပါတွင် ရွှေချည်ထိုးလက်လက်ထနေသော ခန်းဆီးကြီးကိုတွေ့လိုက်ရ၏။ ထိုလိုက်ကာကြီး သို့မဟုတ် ခန်းမကြီး၏ဘေးတစ်ဘက်တစ်ချက်၌လွန်စွာလက်ရာမြောက်သော ပန်းကနုတ်လက်ရာနန်းဆောင်ခန်းဆီးကြီးကို တွေ့လိုက်ရ၏။ အနုစိတ်လက်ရာများ ဖြစ်ကြပေ၏။

ထိုလက်ရာတွင် ခြသေ့်ရုပ်နှစ်ခုကို တွေ့ရပြီးလျှင် မှန်စီရွှေချများကို တွေ့ရ၏။ လက်ျာထောင့်နေရာ၌ လှံစွပ်ကိုင်စစ်သည်နှစ်ဦးရှိ၏။

ထိုစစ်သည်နှစ်ဦး၏ရှေ့၌မူ ဓားမြောင်ကို ကိုင်ဆောင်ထားသော လူလုံးထွားထွား ချပ်ဝတ်နှင့်စစ်သည်နှစ်ဦးအား တွေ့မြင်ရလေသည်။

၎င်းတို့သည် ကြံ့ခိုင်လှသည့်အနေမျိုးဖြစ်သည်ကို တွေ့ရပေ၏။ ထို့ပြင် လွန်စွာလျှင်မြန်သည့် အနေအထားမျိုးကိုလည်း တွေ့ရ၏။ လက်မရွံ့အမျိုးသမီးစစ်သည်ကိုယ်ရံတော်များဖြစ်၏။

လုလင်ပျိုသည် ၎င်း၏မျက်လုံးကို မယုံကြည်နိုင်လောက်အောင် ဖြစ်သည့်အရာကား ထိုခန်းမဆောင်ကြီး၏ အလယ်တွင် လွန်စွာ ခန့်ညားထည်ဝါသော ရွှေကုလားထိုင်ကြီးဖြင့်ထိုင်လျက်ရှိသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်၏။

၎င်း၏တစ်သက်တာတွင် ဤမျှလှပသော ချောဘိသော



ယမင်းပျိုလှသူဓာမျိုးကို တွေ့ဖူးမြင်ဖူးခြင်း မရှိပေ။ မည်မျှလှပေသနည်းဟုဆိုသော် လုလင်ပျိုထွားသည် ထိုယမင်းပျိုကို မြင်လိုက်သည်ကာလ၌ ခြေလှမ်းရန်ပင် သတိမေ့လျော့၍သွားခြင်းဖြစ်၏။

ထို့ပြင်တဝ ၎င်း၏ခန္ဓာကိုယ် သွေးကြောသွေးမွှာများသည် ရုတ်တရက်ရပ်တန့်၍သွားသည်ပင်ဖြစ်၏။ ထို့ထက်ပို၍ဆိုရမြန်ချေသော် လုလင်ပျိုထွား၏ နှလုံးသွေးမှစဉ်ဆက်မပြတ် လည်ဘိသောနှလုံးသွေးစက်တို့၏ လှုပ်ရှားမှုသည် ရပ်တန့်၍သွားသည်သည်း ဖြစ်၏ဟု ဆိုနိုင်ပေသည်။

'အရှင့်သား ... သတိထားတော် မူအပ်ဘိ'

ဟူ၍ ၎င်းအား ရှေ့ဆောင်ခေါ်လာသော လုံမပျိုတစ်ဦးက စကားတိုးတိုးပြော၍ ဆိုလိုက်၏။ ထိုစကားသံကိုပင် လုလင်ပျိုထွားသည် မကြားသကဲ့သို့ ဖြစ်၏။

ထို့ကြောင့် အပျိုစင်ကိုယ်ရံတော်သည် လုလင်ပျို၏ခြေထိပ်ကို သူမ၏ခြေနင်းဖြင့် မသိမသာဖိကာပ်နင်းလိုက်မှ သတိတစ်ချို့ ပြန်လည်ရောက်လာသည်သို့ ရှိလေသည်။

လုလင်ပျိုထွား၏လက်တင်ထားသော ကြေးလင်ပန်းကို ထိုအပျိုစင်နှစ်ဦးသည် အောက်ခြေမှဆွဲကပ်ယူ၍ အသာဆွဲခွာလိုက်၏။ ကြေးဝါလင်ပန်းသည် လုလင်ပျိုထွား၏ ညာလက်ဖဝါးတင်ထားသော လင်ပန်း၌ လုလင်ပျိုထွား၏ လက္ခဏာ အရေးအကြောင်း၊ အရစ်အထွေး၊ ကြိုက်စုံကြိုက်နေစသည်တို့သည် ထင်ရှားမြင်ရသောကြောင့် လုလင်ပျိုထွားသည်လည်း အံ့သြ၍သွား၏။ ထူးဆန်းသောအစီအမံပေပဲ၊ ထူးစွဟူ၍ အောက်မေ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပျိုစင်ကိုယ်ရံတော်နှစ်ဦးသည် ရွှေကုလားထိုင်ကြီး ထိုင်လျက်ရှိသော အမျိုးသမီးဆီသို့ သွားရောက်ပြီးလျှင် ဒူးထော ညွှတ်တွားခြင်းပြုလိုက်သည်။ ထို့နောက် ကြေးလင်ပန်းအားဆက် လိုက်သည်။

ထွင်းထုထားသော သို့တည်းမဟုတ် ရွှေကိုပင် ပန်းတ ဆစ်၍ တပ်ဆင်လေသလော်ဟု မှန်းဆခြင်း ရုတ်တရက်မပြု သော ကုလားထိုင်ကြီး၌ သမင်ရုပ်ငယ်များဖြင့် ပြည့်နှက်လျ လေသည်။ သမင်ရုပ်ကလေးများသည် မျက်လုံး၌ပတ္တမြားလုံး များကို စီခြယ်၍ထားပေ၏။

လုလင်ပျိုထွားသည် ထိုဧကရီအမျိုးသမီးအား လှမ်း အကဲခတ်လိုက်ပြီးလျှင် သူမ၏နေရာထိုင်ခင်း အဆောင်အယော တို့အားလည်း အကဲခတ်ခြင်း ပြုလိုက်လေသည်။

လှပသောဧကရီသည် လုလင်ပျိုထွားအားတစ်ချက် မျက်လုံးဝေ့၍ကြည့်လိုက်ကာ လင်ပန်းပေါ်၌ စွဲထင်ကျန်ရစ်လ ရှိသော လက္ခဏာအရေးအကြောင်းနှင့် လက္ခဏာပုံပြင်ရိပ် များကို တစ်စက် ပြေးကြည့်ရှုလိုက်လေသည်။ ထို့နောက် အပျို လေးဦးအား မျက်ရိပ်ပြလိုက်လေသည်။

အပျိုစင်လေးဦးသည် ကိုယ်ရံတော်လုပ်ငန်းကိုရပ်၍ ငြ ညင်းစွာ နန်းဆောင်တွင်းမှ အပြင်သို့ထွက်၍ သွားတော့သည်။

ထိုစဉ်ခဏ၌ 'ဂျိမ်' ဟူသောအသံကြီးကိုကြားလျှင် နန်း ဆောင်၏ ကျောက်မောင်းတံခါးကြီးလည်း ပိတ်၍သွား၏။

နန်းမဆောင်ခန်းအတွင်းရှိ လေးစစ်သည်နှင့် ဓားလွ



ကိုင်စစ်သည်များသည် ဖြုန်းခနဲဖြတ်ခနဲ ပျောက်၍သွားကြသဖြင့် လုလင်ပျိုထွားသည် စိတ်တွင်း၌ စနိုးစနောင့်ဖြစ်ကာ ခပ်ရှုရှု ကြောင်တက်တက်ဖြစ်၍သွား၏။

ထိုပြင် နန်းမဆောင်တွင်း၌ ရာဇမုတ္တာရွှေကုလားထိုင်ကြီး ထက်တွင် ထိုင်လျက်ရှိသော ဧကရီလှတစ်ပါးမှအပ အခြားသူမရှိ တော့ပေ။ ထို့ပြင်လည်း ထိုင်စရာဟူ၍ တစ်စုံတစ်ရာမျှမရှိတော့။

ထို့ကြောင့် ထိုင်စရာ နေရာအခင်းမရှိ၊ အနေရခက်ဘိ သောနေရာဌာန၌ လုလင်ပျိုထွားသည် လွန်စွာ စိတ်အိုက်လျက် သွားတော့သည်။

သို့သော် ရွှေကုလားထိုင်ထက်တွင် ထိုင်လျက်ရှိသော ဧကရီ၏ ရူပကာယမှာ လှပ်ရှားလျက်ရှိသော စိတ်အစဉ်ကို အတန် ပင် ငြိမ်သက်၍ ပတ်ဝန်းကျင်အားလုံးလည်း သတိမေ့လျော့စေလေ သည်။

ထိုဧကရီသည် လုလင်ပျိုအား ဒုတိယအကြိမ် မျက်လွှာပင့် ၍ကြည့်လိုက်ပြီး လင်ပန်းကို ထပ်မံ၍ကြည့်လိုက်ပြန်၏။ ကြေးဝါ လင်ပန်းတွင်း၌ ထင်းလျက်ရှိသော လုလင်ပျိုထွား၏ လက္ခဏာ အရစ်အကြောင်းများကို ပြန်လည်၍ သေချာစွာ စစ်ဆေးခြင်း ပြု ဟန်ရှိလေသည်။

ထို့နောက် လုလင်ပျိုထွားအား မျက်လွှာပင့်၍ ထပ်မံ ကြည့်ရှုလိုက်ပြန်သည်။ လုလင်ပျိုထွားသည် ရှေ့သို့ နှစ်လှမ်းသုံး လှမ်းမျှ လှမ်းလိုက်ရာ ဒေါက်ခနဲ ရွှီးခနဲအသံမြည်ပြီး ၎င်း၏ရင်အုပ် ဘေး၌ လေတိုးထွက်သွား သည့်အသံကိုကြားလိုက်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြားတံနှစ်ချောင်းသည် ၎င်း၏ဘယ်ညာပွတ်၍ ဖြတ်သန်းသွားသောကြောင့်ပင်ဖြစ်၏။ အသံနှင့်လေ ထိတွေ့သံသာလျှင်ကြားသိရပြီး မြားတံအား တွေ့ရှိလိုက်ရခြင်းမရှိသည့်မှာ အံ့ဖွယ်ရာရဲဖြစ်၏။

ထို့ပြင် မလေးသည်တော်၏ပုံသွင်သဏ္ဍာန်များကို မတွေ့ရသေးသို့ လုလင်ပျိုထွား လှည့်ကြည့်လိုက်လျှင် မျက်လုံးများကိုသာ တွေ့ရ၏။ ကျောက်နံရံ၏ လွန်စွာကောင်းသောရွှေရောင် ဝန်းခက်ပန်းလက် ရုပ်ကြွ ရုပ်လုံးများ၏နောက်ကွယ်၌ မျက်လုံးပေါက်များစွာကို လုလင်ပျိုထွားသည် တွေ့လိုက်ရပေ၏။ မျက်လုံးများသည်ကား လှုပ်ရှားလျက်ရှိ၏။

၎င်း၏ ကိုယ်ရံတော်စစ်သည်အမျိုးသမီးကြီး သတိပေးညွှန်ကြားသည့်အချက်တို့ကို လုလင်ပျိုထွားသည် ပြန်လည်သတိရလိုက်ပေသည်။ ခိုင်းသည့်အတိုင်းထက် ပို၍လုပ်ဆောင်ခြင်းမပြုရန်ပင်ဖြစ်ပေ၏။

ထို့ကြောင့် လုလင်ပျိုထွားသည် လှုပ်ရှားခြင်းမပြုတော့ဘဲရပ်လျက် ဧကရီ ချောမွတ်ထွတ်ခေါင်လှတန်ဆောင်အားသာလျှင် လွန်စွာကြည်တင့်ရည်ညွှန်း ကြည်လင်ဝင်းလက်ညို့ သက်ပိုင်ပိုင် ကြွတ္တိယတို့၏ ဝက်စက်ကို ဆွဲကိုင်လျှပ်ယမ်းမွှေနှောက် ယမ်းပင်စိတ်ထင်တိုင်းချစ်နိုင်သည့် ပုရိသ လိင်္ကနုသဏ္ဍာရဒုဝိအားအင် ပြည့်စုံညင်း၍ အမျိုးစင်ချောစု၊ တစ်ခုလတ်၊ မုဆိုးမတို့၏ အဖုအဆစ်၊ အပိန်းအဝ၊ ရွေးမရွေး၊ ရာမရာကြိုက်ရာသော်၊ စံအိမ်တွင်း၌ မငြင်းတမ်းချစ်ပွဲဝင်နိုင်သော ယောကျ်ားကောင်းတို့၏ စွမ်းရည်ရှိသည်ဟူသော



ပုရိသအား အာစမျက်လုံးမျိုးဖြင့် ထိုလှထွတ်ခေါင် ဧကရီကို ချောကြည်စွာ ကြည့်ရှုခြင်းပြုလိုက်လေသည်။

ထိုသို့ကြည့်ရာ၌ မျက်တောင်တစ်မွေးတစ်စုံတစ်ရာခတ်ခြင်းမရှိ။ အလယ်မှမျက်နက်အိမ်သည် နေရာအနည်းငယ်မျှ မရွေ့မစောင်း တည့်မတ်စွာ ရူးစူးရဲရဲ စွန်ရဲစွန်သုတ်၊ အစာသုတ်ကြည့်နည်းမျိုးဖြင့် တင်းကျပ်စွာကြည့်ခြင်းရှုခြင်းဖြစ်လေသည်။

ထိုအကြည့်ကို ရွှေကုလားထိုင်ကြီးပေါ်၌ ထိုင်လျက်ရှိဘိသော လှဧကရီတော်တွင်းဘုရင်မသည် တုံ့ပြန်၍ကြည့်ခြင်းပြုလိုက်သည်။ သူမ၏ အကြည့်သည်လည်း ကျောစိမ့်၍သွားဖွယ်။ မူလဖိုသဘာဝအား ရှင်မြူးမျူးကြွ တက်ကြွမုန်ယစ်၊ ရာဂမုန်တိုင်းတိုက်လွင့်ပစ်နိုင်လောက်သည့် ဆွဲငင်အား ပြည့်ဝလှသော အကြည့်ဖြင့် ကြည့်ရှုတုံ့ပြန်လိုက်လေသည်။ ညို့အားသက်တင် ရေသောက်မြစ်တူးသည့် ၎က်ကျား၏ကြည့်ခြင်းမျိုးဟူ၍ ခေါ်ဆိုနိုင်သည်။

လုလင်ပျိုထွားသည် ပျောက်၍သွားသော မြားတံများကို ရှာဖွေလျက်ရှိပေ၏။ သို့ရာတွင် မြားတံသည် နံရံနှစ်ဘက်ဆီမှ ထိုးထွင်း၍ နံရံကြားများသို့ပင် ဝင်ရောက်သွားဟန်ရှိလေသည်။

ဤသည့်အတိုင်းဆိုလျှင် မြားတံများပစ်ခတ်နိုင်သော ပညာရှင်သည် သာမည ပညာရှင်မဟုတ်ဘဲ လွန်စွာကျွမ်းသော လေးသမားတစ်ဦးသာလျှင် ဖြစ်နိုင်သည်ဟူ၍ မှတ်ယူလိုက်သည်။

လုလင်ပျိုထွား၏ အကြည့်အား ရွှေကုလားထိုင်ပေါ်မှ တောတွင်းဧကရီသည် ခပ်ပြုံးပြုံးခံယူလိုက်သည်။

"အသင့်ကို စောင့်ကြိုနေရတာ ကြာပြီ၊ ရှေ့သို့တိုးလာဘိ

www.burmeseclassic.com

www.burmeseclassic.com



လော့"

လုလင်ပျို့ထွားသည် တောတွင်းဘုရင်မလော၊ ကျောက်ဂူသခင်မလော၊ ရုတ်တရက်အမျိုးအမည်မခွဲခြားနိုင်သော လှကေရီ၏ ရှေ့ဆီသို့ ခြေလှမ်းကို ရွှေ့လျားလိုက်လေသည်။ ဤအချိန့်တွင် မည်သည့်မြားတံမှ ပေါ်၍လာသည်မရှိ၊ ပကတိအေးချမ်းလျက်သွားပေတော့ရာ 'ဟင်း' ခနဲ မသိမသာ သက်ပြင်းတစ်ချက် ချလိုက်တော့သည်။

သို့ရာတွင် ၎င်းသည် သက်ပြင်းချခြင်းကို ကျယ်ကျယ်ပြုပြုချရဲခြင်းကား မရှိချေ။ အတွင်းသက်ပြင်း တိုးတိုးတိတ်တိတ် အသက်ရှူသံကို ဘေးသို့ မဖိတ်မစဉ်စေဘဲ ချလိုက်ခြင်းမျိုးသာလျှင် ဖြစ်ပေ၏။ ဤနန်းတော်ကြီးအတွင်း၌ သက်ပြင်းချခြင်းမပြုရဟု သတ်မှတ်ထားသောကြောင့် ဖြစ်ပေ၏။

ရွှေကုလားထိုင်ကြီးသည် အနီးကပ်ကြည့်မှ ပို၍ အနှစ်အသား၊ အခေါက်အနှစ်ပေါ်လွင်ပြီးလျှင် လွန်စွာလက်ရာမြောက်ကြောင်း၊ ခိုင်ခံ့ကြောင်းတွေ့ရ၏။

ကေရီမသည် လုလင်ပျို့ထွား၏ လက္ခဏာပါရှိသောကြေးလင်ပန်းကို လက်တစ်ဘက်ကကိုင်ကာ သူမ၏ ရာဇမှတ် ရွှေကုလားထိုင်ပေါ်မှ ထလိုက်သည်။ ပြီးနောက် သူမ၏လက်ဖဝါးနုနုလေးကို လုလင်ပျို့ထွား၏ ရင်ဘတ်အနီးသို့ ဆန့်တန်းပေးလိုက်သည်။ လက်၌ လွန်စွာ အဖိုးတန်ဟန်ရှိသော ရတနာလက်စွပ်များဝတ်ဆင်လျက်ထားပေရာ တဝင်းဝင်းတပြောင်ပြောင်နှင့် ဖြစ်လေ၏။



လုလင်ပျို့ထွားသည် ကမ်းလာသော သူမ၏လက်အားမည်သို့ပြုလုပ်ရမှန်းမသိပေ။ ၎င်း၏စိတ်၌ကား ခါးမှသိမ်း၍ ပွတ်ဖက်မွေး၍ စိတ်ရှိကိုယ်ကုန် အချစ်စိတ်မွှန်ထူသွားသလိုရှိပြန်၏။ ထိုအချစ်စိတ်သည် ကာမဂုဏ်စိတ်ဖြစ်မှန်းလည်း သိရှိလိုက်ပေသည်။ ထိုအခိုက် 'တဝမူ' အား သတိရလိုက်သည်။

အကယ်၍ ထိုလက်အား ၎င်းဆွဲကိုင်ရာ၌ တစ်စုံတစ်ခုမှားယွင်းသွားသော် ကိုယ်ရံတော်မှူးပြောဆိုသတိပေးသည်ကဲ့သို့ မြားတံများ သို့မဟုတ် အသက်ဝိညာဉ်ကို ဆွဲယူစေနိုင်သည့် လက်နက်ပုန်းများ ထွက်ပေါ်လာမည်ကိုလည်း စိုးရိမ်ရသဖြင့် ၎င်းသည် ကေရီဘုရင်မ၏ လှပချောမွတ်လွန်းသော အလှအပကိုသာလျှင် မျက်ခြည်မပြတ် ငေးစိုက်ကြည့်ရှုနေမိ၏။ ထိုကေရီဘုရင်မ၏ အလှသည် တစ်စစ တစ်စိမ့်စိမ့်ကြည့်ရှုလျှင် တဖြည်းဖြည်း ပို၍ပို၍ လှပလာသည်ဟု စိတ်၌ထင်ဖွယ်ပင်ဖြစ်ပေ၏။

'အသင့်အမည်ကား ရွှေရွက်လှ ဟုတ်ဘိသလော' ဟူ၍ ကေရီမလှတစ်ပါးသည် လုလင်ပျို့ထွား၏မျက်မှောင်တည့်တည့်အား ကြည့်လျက် မေးလိုက်သည်။

'ဟုတ်၏၊ သည်အမည်ပသို့ မင်းသိသည်လဲ'

ဟူ၍ လုလင်ပျို့ထွားသည် စေ့စေ့ကြည့်လျက် ပြန်၍မေးလိုက်သည်။

'မင်းဟူ၍ မခေါ်လင့်၊ ကျွန်ုပ်သည်ကား ဤနန်းကြီး၏ သခင်မဒေဝီ အသုန်ဝန္တာဖြစ်သည်။ ဤတောတွင်းကြီး၏အရှင်မပင်ဖြစ်သည်။ ဤတော ဤရပ်ရွာသည် ကျွန်ုပ်၏ပိုင်နက်မြေဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အကျွန်ုပ်အား 'ခေါ်လျှင် သခင်မလေးဟူ၍သာလျှင် ခေါ်စွ'

လှလင်ပျိုထွားသည် တောတွင်း ကေရီသခင်မအား ‌စေ့‌စေ့ကြည့်၍ သူ၏ နှုတ်ခမ်းသည် တွန့်ပြုံးလိုက်သည်။ လှလင်ပျိုထွား၏နှုတ်ခမ်းသည် လှပ၍ စေ့စေ့စပ်စပ်ရှိသည်။ ဘေး၌ မှဲ့တစ်လုံးရှိ၏။

ထိုမှဲ့၏ထိပ်မှာ ရှည်သင်းသော အမွေးနုလေးများသည် မေးဖျားထိ ပေါက်ရောက်၍ ခွေလိမ်လာသည်။ အမွေးနုရှည်သည် မနုမကြမ်းရှိ၍ မှဲ့လုံး၏အနက်အဝန်းသည်လည်း လှလင်ပျိုထွား၏ ထူးခြားသော ရုပ်ကာယအား လှပအောင် တန်ဆာဆင်လျက်သား ရှိသည်။

ထိုမှဲ့အား 'သိရိပက္ခရမှဲ့ဝန်း' ဟူ၍ မှဲ့ကျမ်း၌ အလာရှိသည်။ ဤမှဲ့မျိုးသည် ကြာမျိုးငါးပါးပေါက်သော အိုင်နှင့်တူ၏ဟု အဆိုရှိသည်။ ဤသိရိပက္ခရမှဲ့ဝန်းရှိသော လှလင်ပျိုထွားသည် အပျိုစင်တို့၏ စွဲနေခြင်း၊ မိန်းမောခြင်း၌ အလယ်ဖွဲ့ဟိုကျ၏။ ရက်တစ်ရာချစ်ဘိသော်လည်း ရက်တစ်သောင်းအလိုရှိ၏ဟု အချို့ပေစာ၌ ညွှန်းဆိုခြင်းခံရသည် 'သျှိုငါးပါးရှိ မှဲ့စတွက်ကျမ်း၌ ရသေ့အဆိုပြု၏။'

ထိုမှဲ့ရှိအပ်သော လှလင်ပျို၏ မျက်ဝန်းသည်လည်း ကျယ်ဝန်း၏။ ကြဥနှင့်တူသော မျက်ပုံသဏ္ဌာန်ရှိ၍ ကြာဖူးအိမ်ကဲ့သို့သော ဖိုဘာဝရှိ၏ဟု ဆက်လက်ညွှန်းဆို၏။

လှလင်ပျိုထွားသည် လှကေရီတောတွင်း ဘုရင်မအား ညွတ်ပျူငှာသော အကြည့်ဖြင့်ကြည့်ကာ ...



'မဆိုစကောင်း ငါတမူလည်း ရွှေရွက်လှဟူ၍ အမည်တွင်သတတ် အကယ်တီ၊ သခင်မအရာထိုက်သည့် ကေရီဖြစ်မှုခြားလည်း ငါ၏မယားသည့် သို့သာလျှင် ဖြစ်အံ့။ ငါရို့၏ထုံးစံ၌ မယားသည် ဖာင်ကျိုပ်မှ ယူဆောင်နိုင်အံ့တည်း'

ဟူ၍ ပြောဆိုလိုက်သည်။

ကေရီ အရှင်မသည် တစ်ချက်ပြင်းစွာရယ်မောခြင်းပြုလိုက်သည်။ အသံသည်လည်း လွန်စွာလွင်မြူးခြင်း လိုက်မောခြင်း ဖြစ်လေသည်။ စွဲငင်လိုက်ဖို့ခြင်းရှိဘိ၏။

ထို့နောက် ...

'ဤသို့ဆိုပ၊ အကျွန်ုပ်၏လက်ကို ဆောင်လော့'

ဟူ၍ ကေရီလှတစ်ပါး ချောတမွတ်ခေါင်ထားအညီလှလင်ပျိုထွားအား ရည်လွဲရွှန်းစိုသော မျက်လုံးဖြင့်ကြည့်၍ဆိုလိုက်သည်။ လှလင်ပျိုသည် ကေရီရှင်၏ လက်နုနုကို သူ၏ လက်ကြမ်းကြမ်းကြီးဖြင့် ဆုပ်ကိုင်လိုက်သည်။

ကေရီအသုန်ဝန္နာဟူသော လှကေရီသည် သူမ၏လက်ကို ပြန်၍ရုတ်လိုက်သည်။ လှလင်ပျိုထွားသည် လ‌ေ‌ါ်ကိုသဘာက် လက်အောက်ထားလျက် ဆုပ်ကိုင်ပြီးလျှင် သူ၏ ရင်အုပ်သားကြီးနှင့် သူမ၏ လက်အားကပ်ထားလိုက်သည်။

အကြောင်းတစ်စုံရှိသော် ပညာနည်းအားဖြင့် သူမ၏လက်အား လိမ်ချိုးပြီးဖြစ်၏။ အကြောင်းညီသော် လက်နှုအား မွတ်ချေ၍ မြူဆွ၍ ချစ်ပလီနိုင်သည့် အနေအထား ဖြစ်သည်။

လှလင်ပျိုသည်လည်း ယောကျ်ားမာယာရှိသာလျှင် ဤ

www.burmeseclassic.com

www.burmeseclassic.com



တောတွင်း၏ မာယာကြီး၌ တောတွင်းသားအဖြစ် ရပ်တည်နိုင်မည် ဟု သဘောပေါက်သည်။

ဤတောတွင်း ကေရီ 'အသုန်ဝန္တာ' သည် ၎င်း၏အမည်ကိုသိနေပေ၏။ ထို့ကြောင့် လှုပ်ရှားလျှင် လက်တုန့်နှေးနေ၍မဖြစ် ဟု သဘောပေါက်ထားလိုက်လေသည်။

'အကျွန်ုပ်၏ အတွင်းဆောင်သို့ ရှစားကုန်သင့်လှသည်။ အသင်၏ တောတွင်းသားဖြစ်ရပ်အား 'ကျွန်ုပ်' ပြုလုပ်ပေးဆောင်ရန် တာဝန်ရှိသည်။ ကျွန်ုပ်ခေါ်ဆောင်ရာသို့ လျှောက်ငင်လော့'

ကေရီအသုန်ဝန္တာသည် လုလင်ပျို၏ မျက်နှာအား တစ်ချက်မျှ စိုက်ကြည့်ပြီးနောက် သူမ၏လက်ကိုပြန်၍ ရှုန်းလိုက်သော်လည်း လုလင်ပျိုထွားသည် လက်အားလွှတ်၍ မပေးချေ။

လုလင်ပျိုချောအား ကေရီ 'အသုန်ဝန္တာ' သည် လွန်စွာကြည်လင်တောက်ပသော မျက်လုံးအား မျက်နက်ဝန်းထောင့်သို့ ပို့ကာ ကြည့်လိုက်သည်။ သူမ၏ အသားနုနုအား လုလင်ပျိုထွား ရွှေရွက်လှဟူသော လုလင်သည် မွေ့ဖက်ထားသည်။

တောတွင်းကေရီသည် အသာအယာ ခြေလှမ်းလိုက်ပြီးလျှင် ရွှေရေးအနားကနုတ်ဆင်ထားသော လှေကားခုံထက်သို့ တက်လိုက်သည်။ နောက်ခံခန်းဆီးအား ဖယ်ရှားခြင်းပြုလိုက်သည်။

နန်းဆောင်တွင်း၌ မည်သူ၏ အစအနကိုမျှ တွေ့ရခြင်းမရှိပေ။ ပကတိဆိတ်ငြိမ်လျက်ရှိပြီး လုလင်ပျိုထွားသည် လှကေရီ 'အသုန်ဝန္တာ' နောက်သို့ လိုက်ပါခြင်းပြုရ၏။ သူမထံမှ မွှေးသင်းလှသော အမွှေးနံ့သည် လုလင်ပျို ရွှေရွက်လှအား မွေ့ပတ်လျက်ရှိ၏။



သူမ၏ ခန္ဓာကိုယ်နှင့်ထိတွေ့လျှင် နုနုမွမွရှိလှပြီးလျှင် သူမ၏ အသားအရေသည် လွန်စွာကောင်းလှရကား ရွှေရွက်လှ၏ ဖိုစိတ်သည် ယိုစိတ်ညွှတ်နူးလျက် ရှိတော့သည်။

လွန်စွာနူးညံ့ ချောမွတ်သော ကျောက်သားပြင်ကို လှမ်းလျှောက်ပြီးနောက် အတွင်းဆောင်သွားရာ လမ်းမြောင်တစ်ခုအား တွေ့ရလေသည်။ လုလင်ပျိုထွားသည် လမ်းမြောင်၌ မှောင်နေသည်ကို တွေ့ရ၏။

လုလင်ပျိုထွားဆုပ်ကိုင်ထားသော ကေရီ'အသုန်ဝန္တာ' သည် မရုန်းမဆန့်ရှိ၏။ သို့သော် သူမထံမှ ပူနွေးသော အသက်ရှူသံတစ်ခုသည် လုလင်ပျို၏ လက်မောင်းသားအား လာရောက်၍ အငွေ့ခတ်လျက် သွားပေ၏။

'လွှတ်သင့်လှပြီကော အသင့်အား ကျွန်ုပ်၌ ပေးဆက်ရန်ရှိအပ်သော ကိစ္စအား ပြုလုပ်ဆောင်ရွက်ရန်သာတည်း'

လုလင်ပျိုထွားအား ကေရီ 'အသုန်ဝန္တာ' သည် ပြောဆိုခြင်းပြုလိုက်သည်။ သူမ၏ အသံသည် ခပ်တိမ်တိမ်ရှိသည်။ သူမ၏ ရင်အိုးအစုံသည် လှိုက်ဖို လှိုက်သင်းရှိလှသည်။

လုလင်ပျိုထွားသည် သူမ၏လက်အား လွှတ်ပေးလိုက်သည်။

'အဘယ်ကြောင့် လက်ကမ်းဘိသနည်း။ အသင်၏လက်ကမ်းခြင်းသည် ချစ်စမှတ်နိုးကြွသည်ဟုသာ လုလင်ပျိုတို့ အောက်စတမ်းထားရှိ၏'

ကေရီ အသုန်ဝန္တာသည် တစ်စုံတစ်ရာ ပြောကြားခြင်းမရှိ

www.burmeseclassic.com

www.burmeseclassic.com



ချေ။ သူမ၏ဘယ်ဘက်၌ လုလင်ပျို ရွှေရွက်လှ၏ လက်ဝါးပြင် လက္ခဏာပါရှိသော ကြေးဝါလင်ပန်းကြီးကိုကိုင်လျက် ကျောက် မောင်းတံခါးတစ်ခု၏ အဝ၌ ရပ်လိုက်သည်။ သို့ရာတွင် ထိုကျောက် မောင်းတံခါးသည် ရွှေရေးတပ်အရစ်အဖောင်းရှိသည်။ အပေါ်ယံ၌ မီးတိုင်တစ်ခုချည်ထားသည်။ မှုန်ပျပျလင်းလျက်ရှိ၏။

ကျောက်မောင်းတံခါးကြီးသည် ဂျိမ်းခနဲ ပွင့်သွားရာ ကျယ် ဝန်းလှသော နန်းတွင်းဆောင်ကို တွေ့ရ၏။ ခပ်စောစောက ဖြတ် လျှောက်ခဲ့သည့် အဆောင်ကား နန်းမဆောင်ဖြစ်ဟန်ရှိလျက် ယခု အဆောင်သည်ကား ကေရီဘုရင်မ၏ နန်းတွင်းဆောင်တိုက်ဖြစ် ဟန်တူလေသည်။ ကေရီဘုရင်မ အသုန်ဝန္နာသည် အဆောင်တွင်း သို့ လှမ်း၍ဝင်လိုက်သည်။

အဆောင်အတွင်း၌ လှပသော မီးအိမ်များ စီရရီတွေ့ရပြီး လျှင် လွန်စွာခန့်ညားသော သလွန်ကြီးတစ်ခုကို တွေ့ရ၏။ ရွှေ သလွန်ကြီး၌ လွန်စွာလှပသော အစိမ်းနုရောင် ဇာခြည်ပန်းထိုးပန်း ကွက်များနှင့် ကော်ဇောမွေ့ရာများ တွေ့ရပေသည်။

သလွန်၏ မြေထောက်၌ သမင်ရုပ်များ တပ်ဆင်ထား လျက် ကြီးမားသော ရွှေခုတင်ကြီး ဖြစ်သည်ကိုတွေ့ရ၏။ ရွှေခုတင် ၏ဘေး၌ ရေတကောင်းတစ်လုံးနှင့် နန်းတွင်းသုံး ပစ္စည်းများကို တွေ့ရသည်။ ထို့ပြင် ခုတင်၏ဘေး၌လည်း ကေရီဘုရင်မ အသုန် ဝန္နာ၏ အလှထည်ပစ္စည်းများ တွေ့ရပြန်၏။

လုလင်ပျို ရွှေရွက်လှသည် အတွင်းရှိ နေရာအားလုံးအား မျက်စိဝေ့၍ အကဲခတ်သည်။ သူ၏ သိုရင်းအင်္ကျီရှည်ကြီးနှင့် ဓား



ကောက်ကြီးကို ဝတ်ဆင်ထားရသည်မှာလည်း ကြာမြင့်သည့် အလျောက် လွန်စွာယားယံ အနေခက်လျက် ရှိပေသည်။

ဤအတွင်းသို့ မည်သည့်အစွက်ပင် ရောက်ရှိစေကာမူ ပြန်၍ မထွက်ချင်လောက်အောင် ပြည့်စုံလှပလွန်းလျက် ရှိသည်ကို တွေ့ရပေသည်။

လုလင်ပျို ရွှေရွက်လှသည် ကေရီ အသုန်ဝန္နာနှင့် ဤကဲ့သို့ နှစ်ဦးတည်း အခန်းဆောင်အတွင်း၌ နေထိုင်ရသည်ကို လိုလားနှစ် သက်သယောင်ရှိလှသည်။ အသုန်ဝန္နာသည် ရွှေရွက်လှအား မျက်ရစ် မေးကို ဆောင်း၍ တစ်ချက်မျှ ကြည့်ရှုလိုက်သည်။ လုလင်ပျိုတွား ရွှေရွက်လှသည်လည်း အသုန်ဝန္နာအား စူးစူးထင်ထင် ကြည့်လိုက် သည်။

ဆူဖြိုးတင့်စေသော ရွှေရင်အစုံမှသည် ကျစ်သွယ်၍သွား သော ခါးအကျင်နှင့် ပြည့်တင်းမောက်မို့ထွားရှားရှိသော အသုန် ဝန္နာ၏ ခါးအထက် တင်ဝိုင်းဝိုင်းအစုံသည် ပြည့်တန်ပြည်ဖြိုးစွာဖြင့် အောက်သို့ပြေလျောစွာ သက်ဆင်းလျက်သွားပေ၏။

အဆင်းသဏ္ဌာန်သည် ဖွေးဖွေးလှလှဖြစ်လျက် ညက်ညက် ညောညော ဖြစ်သည်။

ဇာပဝါလွှမ်းသော ချပ်ရစ်အင်္ကျီမှသည် ဝတ်ရုံအထည်စ သည်လှအင်္ဂါစုအား ထွင်းဖောက်လျက် ပီသခြင်း ရှိလှစေသည်။

'ထိုင်ပါဦး ကိုလုလင်'

ကေရီဘုရင်မသည် သူမ၏ညောင်စောင်း သလွန်ကြီးနှင့် ခပ်လှမ်းလှမ်းတွင်ရှိသော ကျောက်စွန်းတပ်ကုလားထိုင်ကို လက်

www.burmeseclassic.com

www.burmeseclassic.com



ညီးဖြင့် ညွန်ပြကာ ဆိုလိုက်သည်။

သူမသည်ကား သူမ၏သလွန်ပေါ်သို့ တင်ပါးအားလွှဲပစ်ချလျက် ထိုင်လိုက်သည်။

မျှင်းကွေ့ကြောင်း ညီညာ၍ ဖြူလွှဘိသော တင်အလှကို တွေ့လိုက်ရသည်။ သူမသည် ခြေကိုမြှောက်၍ ခြေနင်းကိုချွတ်လိုက်၏။ ခြေနင်းတစ်ဘက်၌ သားရေနယ်ချပ်စီး သမင်ရုပ်တာပ် ခြေနင်းနှံဖြစ်သည်။

၎င်းအဆောင်၌ နန်းတွင်းသူ အစေအပါးများကို မတွေ့ရ။ ကေရီ၏ အမိန့်တော်အရ မလာရောက်ကြခြင်း ဖြစ်တန်ရာသည်။

ခြေနင်းကိုချွတ်လိုက်လျှင် ခြေဖဝါးနုနုသည် လျှင်းလျှင်း ပပေါ်၍လာသည်။

ကေရီ အသုန်ဝန္ဒာသည်ခြေတစ်လှမ်းချင်း လှမ်းလိုက်သည်။ ထို့နောက် သူမ၏အတွင်းကန့်လန့်ကာ နောက်ကွယ်သို့ ဝင်ရောက်၍ သွားသည်။

ဝတ်ရုံတော်လဲလှယ်ခြင်းပင် ဖြစ်၏။

ဝတ်ရုံတော် ဖြူလွှလွှ၊ ဓာပဝါဖြူလွှလွှသည် လုလင်ပျိုထွား မြင်သာသည့် ကန့်လန့်ကာ၏ အောက်ခြေ၌ ပုံကျ၍လာသည်။

လုလင်ပျိုထွား ရွှေရွက်လှသည် ခေါင်းနုပမ်း ကြီး၍သွားသည်။

ကြည့်ရကောင်းနိုး မကြည့်တန်ကောင်းနိုးဖြင့် တွေးဆခြင်း ပြုရသည်။

ကန့်လန့်ကာမှာ သစ်ထည်ဖြင့် ထွင်းထုထားသည့် ခေါက်



ကန့်လန့်ကာဖြစ်၏။ အဆင့်မြင့်မားသော နန်းတွင်းဆောင်သုံ့နန်းတွင်းသားများ၏ အတွင်းဆောင်သုံး ကန့်လန့်ကာမျိုး ဖြစ်လျက် နန်းတွင်းသူများ အလျင်အစော အဝတ်တန်ဆာလဲလှယ်ရာတွင် သုံးလေ့ရှိသည့် ကန့်လန့်ကာ ခန်းဆီးမျိုးဖြစ်သည်။

အသုန်ဝန္ဒာသည် ဝတ်ရုံကို လဲလှယ်၍ ဝတ်ဆင်လိုက်သည်။ ခေါင်းတွင်တပ်ဆင်ထားသော ရွှေသရဖူကိုလည်း ဖြုတ်လိုက်သည်။ ထို့နောက် သူမ၏အိပ်စက်ရာ သလွန်ဆီသို့ လျှောက်၍လာသည်။ ဝတ်စုံမှာ ခရမ်းနုရောင် ဓာခြည်ဝတ်စုံပင် ဖြစ်၏။ ခါး၌စည်းနှောင်ထားသော ရွှေရောင်ကြိုးစ ပန်းပွားတစ်ခုသာလျှင် တင်းရင်း၌ စည်းနှောင်၍ထား၏။

ရှည်လျားသော ဝတ်ရုံအောက်တွင် သူမ၏အကွေးညီသော အလှအပ အစုံအလင်သည် ပြယ်ပျောက်သွားခြင်းမရှိပေ။

လုလင်ပျိုထွား ရွှေရွက်လှသည် စူးစူးစိုက်စိုက်ပင် ကြည့်ရှုလျက် ရှိဘိ၏။

ကေရီဘုရင်မသည် လုလင်ပျိုထွား ရွှေရွက်လှအနီးသို့ ရောက်၍ လာ၏။ လုလင်ပျိုထွား ရွှေရွက်လှသည် ပသို့ဆက်ဆံရည်ကို မမှန်းဆတတ်တော့ပေ။ အသူရာချောက်လော၊ နန်းတွင်းသားလောဟူသည်မှာ ၎င်း၏ခန္ဓာ၌ ခွဲခြား၍ မရစကောင်းဖြစ်၏။

သို့အတွက် ကေရီ အသုန်ဝန္ဒာကို ကြည့်ရှုခြင်းသည်သာ အေးချမ်းခြင်းဖြစ်၏ဟု မျက်နှာမလွှဲဘဲ ခပ်ရဲရဲသာလျှင် ကြည့်ရှုလိုက်သည်။

ကေရီ အသုန်ဝန္ဒာသည် လုလင်ပျို၏အနီးသို့ ပြန်၍ကပ်

www.burmeseclassic.com

www.burmeseclassic.com



လျက် လုလင်ပျို၏လက်ကို ဆွဲကိုင်လိုက်သည်။ သူမ၏ လက်၌လည်း လုလင်ပျို၏ လက်ဝါးပြင်ပုံရိပ်ထင်လျက်ရှိသော ကြေးလင်ပန်းကို သူမ၏သလွန်ထက်၌ ဆောင်ယူလာသည်။ လုလင်ပျိုထွားရွှေရွက်လှ၏လက်ကြမ်းကြီးအား သူမသည် လက်ဖဝါးနုနုဖြင့် တစ်ချက်မျှပွတ်သပ်လိုက်ပြီးနောက် သူမ၏လက်ဝါးပြင်ကို ပြန်၍ကြည့်လိုက်သည်။

ထို့နောက် ကေရီအသုန်ဝန္နာသည် ပြုံးလိုက်သည်။

'အသင်သည် လူမျိုးအစစ်ပင် ဖြစ်ပါ၏ထင့်၊ ဟုတ်ဘိသလော'

ဟူ၍ မေးလိုက်သည်။

လုလင်ပျိုထွားသည်လည်း ကေရီ အသုန်ဝန္နာအား ပြုံးစပ်စပ်ဖြင့် ကြည့်လိုက်သည်။

'ဘောက်မဲ့ကြောင့် မေးသည်တုန်း၊ မချစ်ရသေးသော လူမျိုးယောကျ်ားသည် လူမျိုးအစစ်သား မဟုတ်လော'

'ကိစ္စရှိ၍ထင့်၊ အသင့်အား ကျွန်ုပ်က မောင်ကြီးအရာယား၍ ကျွန်းသင်း တောတွင်းသား အဆောင်တိုက်သို့ခေါ်ဆောင်သွားရမည်ပ။ ပေစာရှိလာအတိုင်း လုပ်ဆောင်ရမည်ပဲ။ အသင် ရွှေရွက်လှအား ခေါ်ဆောင်၍ မောင်တော်ဟု ကျွန်ုပ်၏ နှုတ်ခွန်းမှ ဆိုသရပါမည်။ ထိုသည်နောက်တွင် တောတွင်းသားအတတ် ပေပုရပိုက်ရှိရာသို့ ဆောင်ကြဉ်းယူဆောင်ရမည်။

'လူဝံမည်းနှင့် သတ်ပုတ်ပြီးလတ်သော် ကျွန်မအား ချစ်မယားပြုလိုက ပြုနိုင်သည်။ ရှင့် အမိန့်ပေစာရွက်အတိုင်းအစုန်အဆန်



ပြုကောင်း၍ အလိုအပိုမရှိရအောင် အကျွန်ုပ်အသုန်ဝန္နာ ဆောင်ရွက်လျှဉ်းရပေမည်'

တောတွင်းဘုရင်မ ကေရီအသုန်ဝန္နာသည် လုလင်ပျိုထွား၏ လက်ကို ခပ်ဖွဖွကိုင်ကာ ဆိုလိုက်ပြီး ၎င်း၏မျက်နှာအား အကဲခတ်သလို ကြည့်လိုက်သည်။

'ငါ့အဖို့၌ ပေစာရွက်တွေ နားမလည်၊ လုပ်လိုရာ လုပ်လိုသာပ။ အမင်းက ချစ်စဖွယ်ကောင်းတာသာ သိပ။ တောတွင်းသား လုပ်လိုတာ ကျဉ်းလည်းရှိသည်ပ။ ဤတောသို့ ငါ့ဆရာရသေ့ပို့လွှတ်သည်တည်း။ ဤ၌ မင်း အသုန်ဝန္နာ၏ အကြောင်းမပါလျှာ'

လုလင်ပျိုထွား ရွှေရွက်လှသည် ကေရီဖြူလှအား ခပ်ရွှေ့ရွှေ့ ခပ်စေ့စေ့ကြည့်ရင်း ၎င်းထိုင်ရာထက်မှ ထလိုက်သည်။ လုလင်ပျိုထွားသည် ကေရီလှတစ်ပါး တောတွင်းသူ၏ မျက်ဝန်းစိုစိုအား သေချာဂဏ ကြည့်လိုက်သည်။ မျက်ဝန်းစိုစိုသည် တစ်စုံတစ်ခုအား အလိုရှိပုံရလေသည်။

'အသုန်ဝန္နာ'သည် လုလင်ပျိုထွားအား ငေးငေးမှတ်မှတ် ကြည့်လိုက်သည်။ ထို့နောက် ပြုံးပြလိုက်ပြန်သည်။ ထိုအပြုံးကားသည်း ထန်သော လက်နက်ပုန်းတစ်ခုအား လျှို့ဝှက်သိပ်သည်းစွာ သည့် သွင်းထားသည့် အပြုံးတစ်မျိုး ဖြစ်ဖွယ်ရာရှိပေ၏။

လုလင်ပျိုထွားသည် 'အသုန်ဝန္နာ' ၏လက်အား ဆွဲ၍ဖျစ်ညှစ်လိုက်သည်။ ထို့နောက် ခါးအားသိမ်း၍ဖက်လိုက်သည်။

ထိုသို့ပြုလိုက်လျှင် 'ဒေါက်' ဟူသောအသံ ထွက်ပေါ်အောပြီး လုလင်ပျိုထွား ရွှေရွက်လှ၏ ညာဘက်ခါးသိမ်ကို လာ၍မှန်ရာ

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျို့ထွား ရွှေရွက်လှသည် နာကျင်လွန်း၍သွားသည်ကြောင့် ဖက်ထားသောလက်အား လွှတ်လိုက်ရလေသည်။

'ထိုသို့လွှတ်လိုက်စဉ် 'ဒေါက်'ခနဲ နောက်တစ်ကြိမ် အသံကြားရပြီးလျှင် ၎င်း၏ဦးခေါင်းအား လာရောက်ထိမှန်ရာ လုလင်ပျို့ထွားသည် ဒူးညွှတ်လျက် သွားလေသည်။

ဤတွင် 'အသုန်ဝန္နာ' သည် လုလင်ပျို့၏လက်ကို ဖမ်းယူဆွဲတင်လိုက်ရာ ပြန်၍ ကိုယ်မတ်သွားလေ၏။

'ကျွတ်...ကျွတ်...နာလှသငီး၊ ခက်သည်ပ၊ ဘယ်လိုပါလိမ့်။ မင်းရဲ့အလှအပကို ခေတ္တဖွက်ထားစမ်း အသုန်ဝန္နာ၊ မင်းအလှကြောင့် ငါ သည်သို့ဖြစ်ရတာ၊ မင်းအလှဟာ နှိပ်ကျဉ်းဆောင်ရွက်သလိုပဲ'

ဟူ၍ လုလင်ပျို့ထွားသည် ၎င်း၏ဦးခေါက်ကို နှိပ်နယ်ရင်း ဆိုလိုက်သည်။ ၎င်း၏ခါးဘေး၌လည်း အတော်ပင်အောင့်၍သွားပေသည်။ ကျောက်ခဲလုံးအား လေးတစ်၍ ခပ်ဖွဖွပစ်ခြင်းကို လုလင်ပျို့ထွားရွှေရွက်လှသည် ခံစားလိုက်ရခြင်းဖြစ်ပေ၏။

'ခါးမျက်သွားသည်လား မောင်တော်'

ဟူ၍ ဧကရီအရှင် တောတွင်းသခင်မသည် လုလင်ပျို့ထွားအား မေးလိုက်လေသည်။

'ခါးတင်မက ဒူးပါကျိုးမတတ်ဘဲ၊ ခက်သည် ဟင်း ဟင်း'

လုလင်ပျို့ထွားသည် သက်ပြင်းရှည်တစ်ချက်ချ၍ ညည်းလိုက်သည်။ အဆောင်တိုက်သည် ငြိမ်သက်လျက်ရှိသည်။ မှောင်ပျပျဖြစ်၍ အိမ်ခန်းဆောင်ဖြစ်လျက်ရှိရကား လုလင်ပျို့ထွားသည်



စိမ်းဆတ်ဆတ်ဖြစ်လျက် ရှိပေ၏။

ထိုအချိန်တွင် အိပ်ဆောင်တွင်းသို့ မည်သည့်နေရာ အပေါက်အကြားမှဟူ၍ မပြောနိုင်သည့်နေရာမှ အပျိုစင်နှစ်ဦးသည် ထွက်၍လာလေသည်။ ငွေလင်ပန်း ခပ်သေးသေးကို ကိုင်လျက် လင်ပန်းပေါ်၌ မည်းနက်သောအရာတစ်ခုပါ၍လာလေသည်။ ထိုအပျိုစင်နှစ်ဦးသည် တောတွင်းဧကရီအရှင်မရှေ့သို့ ရောက်သော် ဒူးညွှတ်လျက် အရိုအသေပြုလိုက်ပြီး ငွေလင်ပန်းအား အပေါ်သို့ မြှောက်တင်ပေးလိုက်သည်။

ဧကရီအရှင်မသည် လင်ပန်းအတွင်းမှ မည်းနက်သောအရာကို ကောက်ယူလိုက်သည်။ လက်ညှိုးသာသာခန့်ရှိမည်ဖြစ်သောသော့တန်ကြီး ဖြစ်ပေ၏။ ထိုသော့တန်၏ အဆင်းသဏ္ဌာန်သည် မဟူရာကျောက်သွားကဲ့သို့ မည်းနက်လျက်ရှိလေသည်။

ထိုသော့တန်အား ဧကရီအရှင်မသည် သူ၏ရင်အတွင်းသို့ ထည့်လိုက်သည်။ ထိုနေရာ၌ကြုတ်တစ်ခု သို့မဟုတ် အတွင်းဆောင်ကြီးလုံးအား စီခြယ်ထားပုံရလေသည်။ ထူးဆန်းသောလက်နက်များလည်း ဤကြုတ်အတွင်း၌ ရှိနိုင်ပေသေးသည်ဟူ၍ လုလင်ပျို့ရွှေရွက်လှက ယူဆလိုက်လေသည်။

တောတွင်းဧကရီ 'အသုန်ဝန္နာ'သည် လုလင်ပျို့၏ ညာလက်အားကိုင်လျက် သူမ၏အိမ်ခန်းဆောင်မှနေ၍ ရှေ့သို့ ဆက်၍ထွက်လိုက်သည်။ အဆောင်တံခါးသည် ဂျိမ်းခနဲပွင့်၍သွားပြီးနောက် ထူးခြားသော အဆောင်ကြီးတစ်ခုအား တွေ့လိုက်ပြန်သည်။ ထိုအဆောင်ကြီးကိုတွေ့လျှင် လုလင်ပျို့ထွားရွှေရွက်လှ

www.burmeseclassic.com

www.burmeseclassic.com



သည် ၎င်း၏ဘေး၌ရှိသော လှဒေဝီအသုန္ဒ၀န္တာအား မေ့လျော့၍သွား
တော့သည်။

'ထူးခြားစွ'

လှလင်ပျိုထွားရွှေရွက်လှသည် နှုတ်မှ ရေရွတ်မိသည်အထိ
လွန်စွာ အံ့သြလျက်သွားပေ၏။ မြင်ရသည့်မြင်ကွင်းအား မှင်တက်
ငေးမောခြင်း ရှိနေတော့၏။

မြင်ကွင်းကား ကျောက်ဂူတစ်ခု၏ မြင်ကွင်းပင်ဖြစ်၏
ထိုကျောက်ဂူ၏အပေါ်၌ ကြီးမားသော ကျောက်ဆောင်တိုက်ကြီး
တစ်ခုအားတွေ့ရပြီးလျှင် ထိုကျောက်ဂူအတွင်းကား လွန်စွာလင်း
လက်လျက်ရှိသည်ကို တွေ့ရပေ၏။

ထိုဂူကြီး၏အတွင်း၌ သပ္ပါယ်ခညောင်းလှသော ရုပ်ပွား
တော်တစ်ဆူအား တွေ့ရပြီးလျှင် ရတနာများစီခြယ်ထားခြင်းနှ
ထူးခြားသောကျောက်ဖြင့် ထုလုပ်ထားမှုကြောင့် ဝင်းလက်သော
ရောင်ခြည်သည် ဘုရားရှင်ကိုယ်တော်ကြီးထံမှ ထွက်လျက်ရှိ၏။

ထိုဘုရားသည်ကား ဂူ၏ ဦးခေါင်းတင်လုံးသာသာရှိသော
ကျောက်ပလ္လင်ကြီးပေါ်၌ သပ္ပာယ်စွာ စံမြန်းတော်မူလျက် ရှိပေ၏

ကျောက်ပလ္လင်၏အောက်တွင်ကား ကျောက်ဆစ်အိုးတစ်
လုံးရှိ၏။ ထိုကျောက်အိုးပေါ်တွင် ရသေ့ခေါက်ချာတစ်လုံးကို သေ
ချာစွာတင်လျက် ထားရှိပေ၏။ ထိုကျောက်အိုး၏ အောက်ခြေ
တွင်ကား ရွှေကလပ်ကြီးတစ်ခုကို တွေ့ရမည့်သည်။

ထိုရွှေကလပ်ပေါ်၌ ပေစာတစ်ထုပ် ရွှေကလပ်၏ဘေး၌
လေးနှင့်မြားတစ်စုံကို တွေ့ရပြီး နောက်ဘက်၌ ဓားတိုတစ်လက်



အား တွေ့ရပေ၏။ ဓားတိုဟုဆိုသော်လည်း အရိုး၌စီခြယ်ထား
သော ရတနာများကို တွေ့ရပြီးလျှင် သံလျက်ပုံစံမျိုးဖြစ်၏။ သို့ရာ
တွင် သံလျက်ကား မဟုတ်ချေ။

အသွားအမျှော့အားဖြင့် သေးငယ်၍ လွန်စွာထက်ဟန်
ရှိလေသည်။ ဓားသည်အပြင်၌ ဓားသွားထုတ်လျက်ထား၏။
ဓားအိမ်သည်ကား လှပသောသားမွေးဖြင့် ထူထပ်စွာ ပိတ်သပ်
ထားသောကြောင့် လှပသေသပ်စွာ ရှိလင့်သည်ကို တွေ့ရ၏။

ထိုရွှေကလပ်၏ အောက်ခြေ၌ ကျောက်သားမျက်နှာပြင်
အား သေချာစွာ ထွင်းထုထားသော လက်ဝါးပြင်ကြီး တစ်ခုအား
တွေ့ရလေရာ လှလင်ပျိုထွား ရွှေရွက်လှသည် လွန်စွာအံ့သြခြင်း
ဖြစ်ပြီးလျှင် ထိုလက်ဝါးပြင်၏ အောက်ခြေ၌ ကျောက်သားဖြင့်
ထွင်းထုထားသော စာလုံးအား ရွှေရည်များ လောင်းသွန်း၍ စာဖော်
ထားသည်ကို တွေ့ရပြန်၏။

ထိုစာမှာ လွန်စွာ ထင်း၏။ ထူးခြား၏ 'တောတွင်းသား
ရွှေရွက်လှ' ဟူသော စာလုံးကြီးပင်ဖြစ်ပေသည်။

လှလင်ပျိုထွားသည် ဆက်လက်၍ လေ့လာကြည့်ရှုရာ
၎င်း၏ လှံတိုမိန်းသည် ထိုလက်ဝါးပြင်အနီး၌ စနစ်တကျထောင်
လျက်ရှိသည်ကိုတွေ့ရပေ၏။ ၎င်း၏စိတ်၌ ဆူရှု၍သွားတော့သည်။
လက်ဝါးပြင်အရေးအကြောင်းများသည်လည်း ၎င်းလက်ဝါးပြင်၏
အမှတ်အသားများဖြစ်၍နေသည်ကို ထူးဆန်းစွာ တွေ့ရလေ၏။

"တောတွင်းသားအတတ်၏ မကိုင်မှုသရုပ္ပကွန်းခိုရာ ပေစာ
မူရင်းရှိသည့် တဝမှတ် ဂူဟောင်းဟူသည်ကား ဤဂူကြီးပဲ အရှင်

www.burmeseclassic.com

www.burmeseclassic.com



သား၊ ဤပေစာ ပုရပိုက်ဟာ ထိုက်သူစံရမည့် စံနန်းဖြစ်လျက် တောတွင်းသားအရာ၌ သူမတူအောင် ပြောင်မြောက် စွမ်းဆောင်ခြင်း ပြု နိုင်သူတစ်ဦးအဖြစ်ကို ဤပေစာ ပုရပိုက် ပညာညွှန်းကသာ ပြုပြင် လုပ်ကိုင်ဆောင်ရွက်နိုင်ပေတယ်။ အရှင့်သားရဲ့လက်ပုံရိပ်ဟာ ဤကျောက်တွင်းလက်ပုံရှင်နှင့် တစ်ထပ်တည်းသား ကျပေတယ်။ ရှေးနှစ်(၁၀၀၀)ခန့်ဆီက ဤတောတွင်းပုရပိုက်ကို ဆရာရသေ့ကြီး သမ္မုတိ စီရင်ပြီး ဤကျောက်ပုံရိပ် လက္ခဏာရှင်သည် တောတွင်းသားအတတ်ကို အပြီးဆောင်မည်ဟု ကမ္ပည်းထိုးထားရစ်ခဲ့ပေတယ်၊ အကျွန်ုပ် 'အသုန်ဝန္ဓာ'သည် ဤတောနှင့် ဤတောင်၏ စောရီဘုရင့်မအဖြစ် အုပ်ချုပ်ကာ ဤတောတွင်းသား ပေစာလာရောက်ယူနိုင်သူ လုလင်ပျိုနှင့် လက်ဆုံက်ခြင်း ပြုရပေဖွယ်လို့ အမိန့်အလွှာထိုးသခဲ့သည့်အတွက် ဆောင်ရွက်နေရခြင်း ဖြစ်ပေတယ် ...”

လုလင်ပျိုထွား ရွှေရွက်လှသည် ကျောက်ကပြင်၌ ထွင်းထုထားရစ်သော ကျောက်သားလက်ဝါးပြင်အား ကြည့်ကာ ကြက်သီးထလျက်သွားရ၏ ရသေ့ကြီး၏ဒေါက်ချာနှင့် ကျောက်အိုးကိုလည်း တအံ့တသြကြည့်ရှုမိ၏။ ထိုစဉ်ခဏ၌လည်း ကြောစိမ့်၍သွားသယောင် ဖြစ်ပေ၏။

“အင်း ... ထူးဆန်းစွတည်း မကြုံစကောင်း ကြုံစကောင်းတည်း၊ ငါ၏ လက်နှင့် ဤကျောက်သားလက်ဝါးပြင်သည် တစ်ချက်တစ်မှုန့်တည်းတူလွှန်းလှပေ၏။ အကြောင်းကားထူးစွ။ ငါတစ်မူကား ဘာမျှမဟုတ်လှကောင်း၊ သူငယ်စာအိမ်၊ စာဖူးတောင်းမျှသာတည်း ...”



ဟူ၍ လုလင်ပျိုထွား ရွှေရွက်လှသည် ဤတဝမုတ်ဂူအတွင်းမှ တွေ့ရှိရသော အရာများကို သုံးသပ်ကာ စိတ်တွင်း၌ ကောက်ချက်ပေးလိုက်သည်။

တောတွင်းဒေဝီအလှကေရီ၏ ထူးခြားသောစကား၌ လုလင်ပျိုထွား ရွှေရွက်လှသည် မှင်တက်လျက် သွားပေ၏။

တောတွင်းသူ လှဒေဝီကေရီသည် လုလင်ပျိုထွား၏ လက်မောင်းအား ခပ်ဖွဖွကိုင်လျက် ထိုရွှေကလပ်တွင်းမှ ပေစာပုရပိုက်ထုပ်အား ယူဆောင်ရန်ညွှန်ပြလိုက်သည်။ လုလင်ပျိုထွားသည် ကျောက်စွန်း၊ ကျောက်ခက်များစွာရှိသော ကျောက်ဂူ၏ အတွင်းဆောင်မုခ်ပေါ်သို့ တက်လိုက်သည်။

ထို့နောက် ရွှေကလပ်အနီးသို့ တိုး၍ သွား၏။ ပေစာထုပ်မှာ လက်သုံးဆုပ်စာမျှရှိ၍ ကတ္တီပါအိတ်ဖြင့် သုံးခန်းခွဲ၍ ထားပေ၏။ ထိုပုရပိုက်အား ယူဆောင်လိုက်ရာ လုလင်ပျိုထွားသည် လွန်စွာ ပီတိဖြစ်လျက်သွား၏။ ထို့နောက် ပုရပိုက်ကတ္တီပါ၏ အဖုံးကိုကြည့်လိုက်လျှင် ...

“သင့်ရာသည် အမြိတ်တည်း ...၊
မသင့်ရာသည် အဆိပ်တည်း ... ။
အဖိုးမတန်ကျောက်သည် သွေးသော်မှလည်း
အရောင်မထွက်သော်တည်း။
အဖိုးတန်ကျောက်သည် သွေးလျှင်လည်း
ကောင်းစွာ အရောင်ထွက်၏ ...”

ဟူသော လက်ရေးမင်စာကို တွေ့ရလေသည်။ လက်ရေး

www.burmeseclassic.com



မှာလည်း လှပသေသပ်လှသည်။

လုလင်ပျို့ထွားသည် စာဦ စိတ်နှစ်မျောလျက်ရှိ၏။

ဤတွင် အသုန်ဝန္တာသည် သူမ၏ လက်၌ကိုင်ဆောင်ထားဘိသော ကြေးဝါလင်ပန်းချပ်ကို ရွှေကာလပ်အနီးသို့ တက်ရောက်၍ ထောင်လိုက်သည်။

လုလင်ပျို့ထွားသည် တောတွင်းကေရီအား တစ်ချက်မျှလှမ်း၍ကြည့်လိုက်သည်။ အသုန်ဝန္တာသည် သူမ၏လှပသော နှုတ်ခမ်းလေးအား တွန့်ယောင်ပြုံး၍ပြလိုက်သည်။ နှစ်လိုဖွယ်အချင်းကိုဆောင်၍ ချစ်စဖွယ်အယောင်ကို ပြသခြင်း ဖြစ်ပေ၏။

"တောတွင်းဂမ္ဘီရအတတ်သခင်ဖြစ်အောင် ကြိုးစားပအရှင့်သားမောင်တော်၊ ဒေဝီ အတူဖက်ပါ့မယ် ... "

ဟူ၍ လုလင်ပျို့ထွားအား အသုန်ဝန္တာက ပြောဆိုလိုက်သည်။

လုလင်ပျို့ထွားသည် ကျောက်ဂူတွင်းမှ အပြင်သို့လှမ်း၍ထွက်လိုက်သည်။ ထို့နောက် ရင်းဝတ်ဆင်ထားသော သိုရင်းအင်္ကျီအား ချွတ်၍ချလိုက်သည်။

"အို ... "

အသုန်ဝန္တာသည် မျက်နှာလွှဲလျက်သွား၏။ ရွှေရွက်လှအား မကြည့်ရဲသကဲ့သို့ ဖြစ်၍သွားချေသည်။

လုလင်ပျို့ရွှေရွက်လှကား သားရေနယ် တောတွင်းသားကိုယ်ချပ်မောင်းဝတ် ဝတ်ဆင်ထားခြင်းကို သူမသည် သိရှိထားဟန်မတူ၍ အရှက်ပိုသွားဟန်တူပေ၏။



ထို့နောက် တစ်ဖက်လှည့်နေရာမှ ...

"ကုန်းရင်းစွ ... "

ဟူ၍ ဆိုလိုက်၏။

"မဟုတ်ပလေ ... သည်ဘက်လှည့်ပါဦး"

"မလှည့်လို၊ ရှင့်အင်္ကျီဝတ်သားပ"

ဟူ၍ ဆိုလိုက်သည်။

"ရော ... ခက်ကပြီ ... ပသို့မှ မဖြစ်သာပ ... အတွင်းခံမောင်းဝတ်သားရေချပ်ပါတယ် ... "

ဟူ၍ လုလင်ပျို့ထွားက ဆိုလိုက်သည်။

ဤတွင်မှ တောတွင်းကေရီမသည် တစ်ဖက်သို့ ပြန်၍လှည့်လိုက်လေသည်။

ဤတွင် လုလင်ပျို့ထွား၏လှပသော၊ ညီညာသော၊ ယောကျာ်းပီသသော အချိုးအဆစ်တို့ကို သာသာထင်းထင်း တွေ့လိုက်ရသည်။ လုလင်ပျို့ထွား၏ ကာယဗလသည် လှပကြေညက်စွာဖြင့် အကြောသားများ အပျိုင်းပျိုင်း၊ ဖုထစ်ရွလျက်ရှိသည်။ ရင်အုပ်သားများသည် လွန်စွာခန့်ထည်၏။ ပခုံးသားသည် မို့မောက်ကျစ်လျစ်၏။ ပေါင်သားနှင့် ခြေသလုံးသားများသည် ကျောက်ဆစ်ပန်းပုရုပ်နှင့် တူစွာလှပ၏။

ဆံရှည်အမြိတ်စသည် ဦးခေါင်းမှသည် ကုပ်စတိုင်ပုံကျလျက်ရှိပြီးလျှင် ပေါက္ကံပြည်သား စစ်ဗိုလ်ပါမှူးတို့၏ လက်ရုံးပုံမျိုးတည်း။

တောတွင်းသူ လှကေရီသည် လုလင်ပျို့ထွားအား ပြုံးစိစိ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ လုလင်ပျိုထွား ရွှေရွက်လှကမူ အလုပ်ရှုပ်လျက် ရှိတော့သည်။ ၎င်း၏ဆေးခါးပတ်တွင်းမှ စာချပ်အား ရှာဖွေခြင်း ပြုနေခြင်းဖြစ်ပေသည်။ ဆေးခါးပတ်တွင်း၌ ညှပ်၍ထားသော စာ ချပ်သည် ဤ၌အရေးတမျှကြီးသည်။ မည်သို့မည်ပုံပျောက်၍ ရှာမရ ဖြစ်လျက် သွားပေသည်ကို မမှန်းတတ်အောင် ဖြစ်၍သွားသည်။

"ဘာဖြစ် ရှာသည်တုန်း ..."

"စာလွှာပ၊ အညွှန်းစာလွှာ၊ ကျုပ်ရဲ့ဆရာရှင် ပေးစာညွှန်း လေ၊ ဤနေရာ၌ အရေးတကြီးရှိလှတောင်းသည် ..."

ဟူ၍ လုလင်ပျိုထွား ရွှေရွက်လှက ပြောဆိုလိုက်သည်။

"မရှာနှင့်တော့၊ ဤစာလွှာသည် 'တဝမှု'ယူဆောင်လျက် သွားချေပြီ ..."

လုလင်ပျိုထွားသည် တောတွင်းဧကရီအသုန်ဝန္ဒာအား ကြည့်လိုက်ပြီး မျှားစွာအံ့သြ၍သွားပြန်သည်။

"ခက်ရောပြီ၊ တဝမှု ဘယ်ရောက်သွားသည်တုန်း ..."

ဤမေးခွန်းအားတောတွင်းဒေဝီလှကေရီအသုန်ဝန္ဒာသည် ဖြေကြားခြင်းအလျဉ်းမရှိပေ။

လွှန်စွာနစ်သက်အားရစွာ ရယ်မောခြင်းပြုလိုက်ပြီးလျှင် သူမ၏ရင်နစ်မှာအတွင်းရှိ သော့တံကို ထုတ်ယူလိုက်သည်။

လုလင်ပျိုထွားသည် အသုန်ဝန္ဒာအား ငေးမောကြည့်ရှု လျက်ရှိ၏။ အသုန်ဝန္ဒာသည် လုပခြင်း၌ အဆတစ်ရာမတန် လှ တောင်းလှပသည်ဟု မှတ်ချက်တိကျစွာ ပြုလိုက်သည်။

သူမသည် သူမ၏ခါးအတွင်းသို့ ဝတ်ရုံကို လှန်လိုက်သည်။



ထို့နောက် သော့တံကို တွင်းသို့ထိုးသွင်း၍ တစ်စုံတစ်ခုသောအရာ ၌ လှည့်လိုက်သည်။ ထို့နောက် ဆွဲထုတ်လိုက်သည်။ ဤသည်၌ ရှည်လျားသော စာရွက်ခေါက်တစ်ခုသည် ထွက်၍လာလေသည်။ အသုန်ဝန္ဒာသည် ထိုစာရွက်ခေါက်ကို လုလင်ပျိုရွှေရွက်လှအား လှမ်း၍ပေးလိုက်သည်။

လုလင်ပျိုထွား ရွှေရွက်လှသည် ထိုစာရွက်ရှည်ကြီးအား ဖတ်ရှုလိုက်သည်။

"ငါ့ရှင်သည် ဤစာရွက်လွှာရသည့်နေ့တစ်မှု၌ တောတွင်းသား အတတ်ကို ယူဆောင်လေ့၊ တောတွင်းသားအတတ်သည် ငါ့ဆရာအရှင် ၏အတတ်တည်း။ သူပဲ အတတ်ထက်ခက်သည့် တောတွင်းသား အတတ်ကို တတ်မြောက်သောသူသည် ဤလောကမွေ့တည်း။

တောတွင်းသားအတတ်ကို တတ်သူအတွက်သည် တောင် သည် ၎င်း၏ မွေ့ရာတည်း၊ တောသည် ၎င်း၏ အမြိုက်ဆေးတည်း၊ စိမ့်စမ်း သည် ၎င်း၏ ရေကမ္ဘလာပင်တည်း။

ဤသို့နှင့်လျှင် မြို့ကြီးသားတို့၏ သူရဲအတတ်အား နှိုင်းယှဉ် နိုင်၏။ ငါသည် သားထစ် သားရဲ ဝက်ကြီး၊ ရှူးပျံတို့အား အနိုင်ဖြိုဖျက် နိုင်ခဲ့၏။

ထို့ကြောင့် ငါသည် 'ပြူစောထီး'ဟူ၍ ဖြစ်လတ်ကုန်ခဲ့၏။ ငါ ၏ဆရာသည်ကား သီလကြောင်မင်းတည်း။ သီလကြောင်မင်း၏ဆရာ သည်ကား ဤစာစ်ဝမုတ်ပု၏ အရှင်ဆရာရသေ့တည်း။ ရွှေရွက်လှ သည်ကား ငါ၏အမွေအနှစ်ပညာစစ်တို့ကို ရရှိအပ်သော သူဖြစ်မည် သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



ငါသည် ဤတောတွင်း၌ ချစ်သမီးတစ်ဦးအား မွေးဖွားရစ်ခဲ့သည်၊ သူသည်လည်း ကေရီဖြစ်ချိမ့်မည်တည်း။ သူမသည် မြေအောက်ထီးဆောင်း ကျောက်နန်းမြို့အား တည်ဆောက်ပြီးနောက် ဤတောတွင်းသား ပုရပိုက်ရွှေကလပ်အား ထိန်းသိမ်းရစ်မည်လျှင်တည်း။ ဤရွှေကလပ်သည်ကား ငါ၏ဆေးဆရာရှင်ရသေ့ကြီး ထိုးထွင်းခဲ့သော တောတွင်းသားအတတ်၏ ဘူမိအောင်ချာ နေစကြာတည်း။

သို့တစ်မူအားဖြင့် ဤပုရပိုက်အား ရဘီသော်က လက်ရုံးဆန့်လျက် ကြိုးဟာစ်ဝန်းဝါး သွားလာရင်ထွေးအနေတည်း။

'ပြူးစောထီး'

ဟူသော စာပုဒ်များပင် ဖြစ်၏။

လုလင်ပျိုထွားသည် စာပုဒ်များကို ဖတ်လျက် သဘောကျသွား၏။ သို့ရာတွင် ဤစာပုဒ်သည် တောတွင်းကေရီအသုန်ဝန္တာအတွက် အထူးမှာတမ်းလွှာဖြစ်၍ ဂူတွင်းရှိ ရွှေကလပ်တွင်းမှ ပေစာပုရပိုက်စာများရရှိလျှင် ပေးအပ်ရန်ဖြစ်သည့် စာများဟူ၍ လုလင်ပျိုထွား ရွှေရွက်လှ မှတ်ယူလိုက်သည်။ ၎င်း၏ ဆေးခါးပတ်အတွင်းမှ စာမှာ ဤကဲ့သို့ပုံစံမျိုး မဟုတ်တောင်း။

လုလင်ပျိုထွား၏ ဆေးပုရပိုက်ပါ စာလွှာစာသားမှာမူ ဤသို့ဆိုမှုသည်။

"အမောင်သည် ...

ဤပေါက္ကံရာမပြည်မှ အရှေ့တိုင် (၁၀၀)စုံးစုံးသို့သွားရန်သည် ရှိလတ်သော် ရွှေကမူတောတန်းကို တွေ့လတ္တံ၊ ဤတော၌ ဆေးပင်တို့သည် ပေါက်၏။



ထိုဆေးပင်၌ အတတ်မျိုးငါးပါးကို ပေးအပ်သော ဆေးပင်ရှိ၏။ အမောင် ရှာဖွေလော့။

ငါပေးအပ်သည့် လုံတိုမှိန်းသည် သင့်အား အရာမြောက်ခြင်းကို ပေးဆောင်အံ့'

ဟူသော စာတိုလေးသာလျှင်ဖြစ်၍ အတတ်မျိုးငါးပါးကို ပေးအပ်နိုင်သော 'ပတိဂက္ခရသံသုမနဆေးပင်'အား ရှာဖွေနိုင်းခြင်းပင် ဖြစ်ပေ၏။

ထို့ကြောင့် လုလင်ပျိုထွားသည် ဆရာရှင်ရသေ့၏ အလိုအရ ဤရွှေကမူတောသို့ အရောက်လှမ်းခဲ့ခြင်းဖြစ်၏။ ရွှေကမူတော၌ တစ်ခါတစ်ရံ လှပသောမိန်းမပျိုများ လာရောက်ကျက်စားတတ်ကြောင်းနှင့် လွန်စွာချောမွတ်လှပကြောင်း သတင်းစကားကိုမူ အရပ်သတင်းစကားညင်း စကားကွက်တစ်ရပ်အဖြစ် ကြားသိခဲ့ရပေ၏။ သို့ရာတွင် ဤဒေဝီကေရီနှင့် ပတ်သက်၍လည်းကောင်း၊ တောတွင်းသား ပုရပိုက်နှင့်သော်လည်းကောင်း၊ တစ်စွန်းတစ်စ ကြားဖူးခြင်းမရှိခဲ့ချေ။

သို့စေကာမူ ယခုကား တောတွင်းသာမက မြေအောက်ကျောက်ဂူနန်းသို့ပင် ရောက်ရှိခြင်းဖြစ်ခဲ့လေသည်။

လုလင်ပျိုထွားသည် အမှတ်ရရပင် ၎င်း၏စာပုဒ်များကို သတိတရရှိလိုက်သည်။ ၎င်းကိုယ်တိုင်ကား ဆေးရွက်များကို ရှာဖွေရာ၌ တစ်စတစ်လျှင်းမှ မတွေ့ရှိခဲ့ချေ။ သို့ရာတွင် ရွှေကမူတောအပ်မှ ကျောက်ဆည်ဘက်တောတန်းဆီသို့ ကူးပြောင်းခဲ့၍ ကျောက်သမ္ဘန်စည်တောင်၏ အရှေ့ဘက်တောစပ်သို့ အဝင်၌ တာဝမူနှင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရခြင်းဖြစ်သည်။

လုလင်ပျိုထွားသည် ကတ္တီပါအိတ်ကြီးကို စလွယ်သိုင်းလိုက်သည်။ ငါတစ်မူကား ထူးစွတည်း။ မည်သို့မည်ပုံ ထူးသည်ကိုမူ မဆိုစကောင်းနိုင်ချေ။ သို့သော် ထူးတန်သည်ကား အကယ်ပင်တည်း။

ငါ၏လက်ဝါးပြင်သည် ဤတံဆိပ်ပတ္တမြားကျောက်သားပြင်၌ ချောမွတ်စွာ တင်ရှိသည်မှာလည်း ထူးစွတည်းဟု အောက်မေ့လျက် တောတွင်းဒေဝီလုံ့ကေရီအား ကြည့်လိုက်သည်။

ကေရီဘုရင်မသည် လုလင်ပျို၏ သိုရင်းအကျီကို ကောက်လျက် ...

"အရှင့်သား ရွှေရွက်လှ၊ ဤဝတ်စုံကို မနှစ်မြို့တော့သည်လော ... "

ဟူ၍ အမေးပြုလိုက်သည်။

"ဟုတ်စွ၊ ဤဝတ်စုံသည် တောတွင်းသား၏ အထည်ကိုယ်မဟုတ်၊ တောတွင်းသား၌ ကိုယ်ရုံမွေ့လျော်ရာ မရှိချေ"

ဟူ၍ လုလင်ပျို ရွှေရွက်လှသည် ကေရီမ အသုန်ဝန္တာအား ဆိုလိုက်သည်။

လုလင်ပျိုထွားသည် မည်သည့်အတွက်မှန်းမသိ၊လန်းဆန်းတက်ကြွလျက်ရှိပြီးလျှင် ဤပုရပိုက်ပါ ပညာရပ်များအတွက် လွန်စွာစိတ်အားထက်သန်လျက်ရှိတော့သည်။

မြေအောက်ဂူကြီး၏ရှေ့၌ မှိန်ပျပျအလင်းရောင်သာလျှင်ရှိ၏။ ဂူတွင်း၌ကား လင်းလျက်ရှိပေ၏။ ဂူဝ၌ ကညင်ဆီမီးတိုင်သာ



လျှင် ရှိဘိ၏။

ကေရီအသုန်ဝန္တာသည် လေးတွဲစွာ အသက်ကို ရှူရှိုက်ခြင်းပြုလိုက်သည်။ ထို့နောက် တစ်စုံတစ်ရာကို ပြောဆိုခြင်း မပြုပေ။

သို့ရာတွင် မှောင်မိုက်နေသော နေရာတစ်နေရာဆီသို့ သူမ၏ မျက်လုံးအစုံအား စူးစိုက်ကြည့်ရှုလိုက်သည်။

လုလင်ပျိုထွား ရွှေရွက်လှသည် ထိုမှောင်နေသောနေရာ၌ တစ်စုံတစ်ရာ ထူးထူးခြားခြားမမြင်ရချေ။ သို့ရာတွင် ကေရီအသုန်ဝန္တာသည် ထိုနေရာသို့သာလျှင် ထူးထူးခြားခြားစိုက်ကြည့်လျက်ရှိပေ၏။

ထူးဆန်းသော ဤနေရာ၌ မည်သည့်အရာမျှ မမြင်ရသော မှောင်မည်းမည်း အမှောင်ထုထဲသို့ ကေရီအသုန်ဝန္တာသည် မလှုပ်မယှက်စိုက်ကြည့်နေရာမှ ဒူးထောက်လျက် ထိုင်ချခြင်းပြုလိုက်ရာ လုလင်ပျိုရွှေရွက်လှသည် အနည်းငယ်အံ့ဩလျက် သွားသည်။

ထို့ကြောင့် ထိုနေရာသို့ စိုက်လျက်သား ထပ်မံ၍ကြည့်လိုက်မိသည်။

ထိုမှောင်မည်းမည်း၌ တစ်စုံတစ်ဦး၏ လှုပ်ရှားမှုသည် တိုးတိုးလာကာ တွေ့လိုက်ရသည်။ အတန်လှမ်းသောနေရာမှနေ၍ တစ်စုံတစ်ဦးသည် လှုပ်ရှားခြင်းပြုနေသယောင် လုလင်ပျိုထွား ရွှေရွက်လှ တွေ့ရှိခြင်းဖြစ်လေသည်။

"အရှင့်သား မောင်တော် ... ထိုင်ဘိလော့၊ ဆရာအရှင်ရောက်လတ္တံ့ ... "

ဟူ၍ ကေရီအသုန်ဝန္တာသည် လုလင်ပျိုထွား ရွှေရွက်လှ

www.burmeseclassic.com

www.burmeseclassic.com



၏ လက်ကိုဆွဲလျက် သူမ ဒူးညွတ်သကဲ့သို့ ဆွဲချညွတ်စေလိုက်သည်။ ရွှေရွက်လှသည်ပုရပိုက်စလွယ်ကြီးအား သိုင်းချည်လျက်သားဖြင့်ပင် ဒူးထောက်ထိုင်ချလိုက်သည်။

ဂူ၏ပတ်ဝန်းကျင်၌ လေပြင်းတိုက်သည်ကဲ့သို့အသံအလျှင်များ များစွာရိုက်ခတ်လျက်ရှိ၏။ မြေအောက်ဖြစ်သည့်အတွက် အဘယ်ကြောင့် လေသံများကြားဘိရနည်းဟု ရွှေရွက်လှသည် စဉ်းစားလိုက်မိလေသည်။ ထို့ပြင် ရေစီးသံနှင့်တူသော စမ်းချောင်းသံများကိုပါ ကြားရ၏။

သို့ရာတွင် အနီးအနား၌ ဖြုတ်ခနဲ တစ်စုံတစ်ဦးရောက်ရှိလာသည်ကို ရွှေရွက်လှ တွေ့လိုက်ရသည်။ ရုတ်တရက်သော် ၎င်း၏ သိုရင်းအင်္ကျီအေား၌ရှိသော ဓားကောက်ကို ဆွဲ၍ ထုတ်လိုက်သည်။ အကြောင်းမူကား ရွှေရွက်လှသည် လန့်ထိတ်လျက်သွားသောကြောင့်ဖြစ်၏။

တောတွင်းဧကရီမ အသုန္ဓဝန္တာသည်ကား ဒူးတုပ်လက်တင်လျက် ငြိမ်သက်စွာ ရှိလျက်နေ၏။ ရွှေရွက်လှသည် ထိုပုဂ္ဂိုလ်အား လှမ်း၍ကြည့်လိုက်သည်။

ထိုပုဂ္ဂိုလ်သည် ရွှေရွက်လှအား သေချာကြည့်ရှုလျက် ရှိပေ၏။

ရွှေရွက်လှသည် ထူးဆန်းစွာဟု၍ စိတ်၌မှတ်လိုက်ရပြန်လေသည်။

အကြောင်းမူကား ထိုပုဂ္ဂိုလ်ကြီး၏ဆံပင်မှာ များစွာရှည်လျားလှပြီးလျှင် ဆံပင်ရှည်အား ကျစ်ထားခြင်းမရှိ၊ ဆံပင်ကို ဖြန့်



လျက်သားပင်ရှိပေရာ ဒူးဆစ်ထိမျှအောင် ရှည်လျားခြင်းရှိသည်ကို တွေ့ရသောကြောင့်ဖြစ်ပေ၏။

ထိုပုဂ္ဂိုလ်မှာ အသက်ကြီးရင့်ပြီး ပါးမြိုင်းမွေးနှင့် မုတ်ဆိတ်မွေးရှည်လျားလျားတို့သည် တစ်ဆက်တည်းရှိကြပေ၏။ ဝတ်ရုံနက်ကြီးတစ်ခုကို ရှည်လျားစွာ ခြုံ၍ထား၏။ ထိုဝတ်ရုံနက်ကြီးပေါ်၌လည်း ကြိုးများရှုပ်ပွေလျက်ရှိပြီး လွန်စွာများပြားသော လက်စွပ်များကိုလည်း ဝတ်ဆင်ထား၏။

ခြေထောက်နှစ်ဖက်၌လည်း ငွေရောင်ကွင်းကြီးနှစ်ကွင်းကို ဝတ်ဆင်ထား၏။ လက်၌လည်း လွန်စွာကောက်ကွေ့လျက် ဖုထစ်များလှသော တောင်ဝှေးတစ်ချောင်းကို လက်ယာလက်ဖြင့် ကိုင်ဆောင်လျက် ပယင်းပုတီးကုံးရှည်ကြီးကိုလည်း လက်တွင် တွေ့ရပေ၏။

အထူးခြားဆုံးမှာ ထိုပုဂ္ဂိုလ်၏မျက်လုံးများပင် ဖြစ်ပေ၏။ သူငယ်အိမ်မှာ လွန်စွာနက်မှောင်ပြီးလျှင် မျက်တောင်ခတ်ခြင်းနည်းသည်ကို တွေ့ရပေ၏။ စကားပြောရာ၌ မည်သို့မည်ပုံပြောဆိုမည် မသိသော်လည်း ပုံသဏ္ဌာန်အားဖြင့်မူ တိုးတိုးညင်သာပြောဆိုမည့် ဟန်ပံန်အနေအထားပင်ဖြစ်၏။

အသက်ရွယ်အားဖြင့် ရှစ်ဆယ်ကျော်ရုပ်မျိုးပင်ဖြစ်ပေ၏။ ဆံပင်ရှည်ခြင်းနှင့် မျက်လုံးအနေအထားသည် ထိုပုဂ္ဂိုလ်၏ အထူးခြားဆုံးပုံသဏ္ဌာန်ပင်ဖြစ်သည်ကို တွေ့ရသည်။

"ဆရာအရှင် မိန့်တော်မူပါ ..."

ဧကရီအသုန္ဓဝန္တာသည် ထိုပုဂ္ဂိုလ်ကြီးအား လေးစားစွာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လက်အုပ်ချီလျက် ပြောဆိုခြင်းပြုလိုက်သည်။

ထိုပုဂ္ဂိုလ်ကြီးသည် မည်သို့မျှ ပြန်လည်ပြောဆိုခြင်းမပြု သေးဘဲ လုလင်ပျို ရွှေရွက်လှအားသာလျှင် စိုက်၍ကြည့်၏။

ရွှေရွက်လှသည်လည်း ထိုပုဂ္ဂိုလ်အား ပြန်လည်၍ကြည့် လိုက်သည်။ ထိုခဏ၌ ရွှေရွက်လှသည် ဦးခေါင်းတွင် မူးဝေသကဲ့သို့ ခံစားလိုက်ရ၏။ မိုက်ခနဲဖြစ်လျက် ငိုက်မြည်းသလို ဖြစ်၍သွား၏။

ထိုပုဂ္ဂိုလ်ကြီးသည် ရွှေရွက်လှအားကြည့်လျက် ပြုံးနေ၏။

ရွှေရွက်လှ၏ခေါင်းသည် တစ်ဖန် ပြန်လည်၍ ကြည်လင် လာပေ၏။

"ရွှေရွက်လှ ... မင်း ငါ့ကို သိသရဲ့လား ..."

လုလင်ပျိုထွားသည် ထိုပုဂ္ဂိုလ်ကိုကြည့်လျက် မည်သို့မျှ မသိကြောင်းကို ခေါင်းယမ်းလျက်ပြလိုက်သည်။ ဤပုဂ္ဂိုလ်၏ မျက်နှာသည် ပြုံးတိကြောင်တက်ရှိ၍ မော်ဆရာနှင့်သာ တူ၏။ သို့ အတွက် လေးစားထိုက်သူမဟုတ်ဟု ထင်မှတ်ယူဆသည်။

"ကျောက်ဂူတွင်း နဂါးငွေပွက်အိုင်ထဲမှာ မင်းနစ်နေစဉ် ကာလက ကယ်တင်ခဲ့သူဟာ ဘယ်သူတုန်း ... မင်းမှတ်မိရဲ့လား မည်သူကော ဖြစ်နိုင်သည်ဟူ၍ မဆင်ခြင်မိပေဘူးလား"

လုလင်ပျိုထွားသည် ရှိန်းဖိန်း၍သွားသည်။ ၎င်းသည် သက်တစ်ငင်ဖြစ်လျက် သေတွင်းမှ လွတ်ခဲ့ရသည်ကိုကား မေ့မေ့ တော့ဖြစ်လျက်ရှိပြီဖြစ်ရာ လောကစည်းစိမ်၏သဘောတရားကိုသာ လျှင် ရှေ့တင်စဉ်းစားမိခြင်းကြောင့်ဖြစ်၍ ကေရီအသုန်ဝန္နာအား စကားစပ်၍ပင် မမေးမြန်းခဲ့ပေ။



"မှန်ပါ ... ဤကိစ္စက လျှို့ဝှက်နက်နဲတဲ့အကြောင်းချင်း ရာဖြစ်ပြီး အင်မတန် အင်အားကြီးသူတစ်ဦးက ဆွဲယူခဲ့တယ်လို့ပဲ သဘောပေါက်ပါတယ် ... ကယ်တင်ခဲ့တဲ့ ပုဂ္ဂိုလ်ကိုလည်း ရှာဖွေ လို့ မရသည်ဟာကြောင့် ... ဤလူတွင် မျက်ကန်းဆန်တောတိုး သလို တိုးဝင်ခဲ့ခြင်းပဲ ဖြစ်ပါတယ် ..."

လုလင်ပျိုထွား၏စကားကိုကြားလျှင် ထိုပုဂ္ဂိုလ်ကြီးသည် ပြုံးလိုက်သည်။ ကေရီဘုရင်မအား ပြန်၍အကဲခတ်သလို ကြည့်လိုက် သည်။ ကေရီအသုန်ဝန္နာသည် လုလင်ပျိုအား နွေးထွေးစွာ ကြည့်ရှု ခြင်းပြု၏။

သူမ၏ သောက်ရှုးကြွယ်ညီနောင်ကဲ့သို့ လှပသော မျက် ဝန်းအစုံ၌ ကြင်နာမှုအရိပ်အရောင်နှင့် လုလင်ပျိုထွား ရွှေရွက်လှ အား ချစ်ခင်မြတ်နိုးသော အမူအရာများ ခိုအောင်း၍လာသည်ကို တွေ့ရ၏။

ကေရီဘုရင်မ အသုန်ဝန္နာသည် သူမ၏လက်ဖြင့် ရွှေရွက် လှ၏ခြေဖမိုးအား အသာဆုပ်ကိုင်လိုက်သည်။ လုလင်ပျိုရွှေရွက်လှ သည် သဘောပေါက်၍သွား၏။

"အရှင့်အား အကျွန်ုပ်၏ကျေးဇူးရှင်အဖြစ် သတ်မှတ်ပါ သည် ... အရှင်၏မေတ္တာအေးရိပ်အား ခိုးမြှင့်တော်မူပါ ..."

ဟူ၍ လုလင်ပျိုထွားရွှေရွက်လှသည် သာယာပြေပြစ် သောစကားဖြင့် ထိုပုဂ္ဂိုလ်ကြီးအား လျှောက်ထားလိုက်သည်။

ထိုအခိုက် ပုဂ္ဂိုလ်ကြီးသည် သူ၏ဝတ်ရုံအတွင်းသို့ လက် နှိုက်ခြင်းပြုလိုက်သည်။ ကတ္တီပါအိတ်ငယ်တစ်ခုအား ထုတ်ယူလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် ရွှေရောင်ကဲ့သို့ အရောင်လက်၍ တောင်ပို့ယံ ပုံသဏ္ဌာန်ရှိသော အလုံးလေးတစ်လုံးအား ထုတ်လိုက်သည်။

"ငါတစ်မှုကား သမထီးတပည့် ပညာရှင်ဇေတဝဖြစ်ပေတယ်။ ဤမည်သော အတတ်ပညာ၌ ဤမည်သော ဓာတ်ဖို့သည် ရှိ၏။ အင်အား၏အဆုံးသည် အာကာသ၌ တည်၏။ မဟာပထဝီမြေ၏ လှိုင်းဓာတ်သည် အာပေါ်၌ သက်ဝင်၏။ အာပေါ်၏ ဝတ္ထုတာရုံသည် ဝါယော၌ တည်ရှိ၏။ ဝါယောသည် အရှင်သခင်ဖြစ်၏။ ဓာတ်ပေါင်းဖိုအားလုံး၌ ဂဠုန်မင်းသည် တောင်ပံအုပ်ဖြစ်၏။ ပညာလုပ်ရပ်သည် ခက်၏။ ပညာရှင်ရေတစသည် ဤတောတောင်၌ တရားထူးကျင့်ဆောင်သည့် အရညစူတမဟိန္ဒဇေတပုဂ္ဂိုလ်ပင်ဖြစ်၏။ ရောက်သောအရပ်၌ ပေါက်သောအရာကို ရရှိရန် သခင်တောတွင်းသား ရွှေရှက်လှသည် ကြိုးစားအပ်လှပေ၏ ..."

"မှန်ပါ ... ပညာဆိုသည်ကား မုဆိုးသင်စ သမင်ချာရှုပ် နောက်ချေးကောက်မှုရှိပါသည်။ အဆုံးအမကို ခံယူပါမည် ..."

ဟူ၍ ရွှေရှက်လှသည် လိမ္မာသလို ကြည့်၍လျှောက်တင်လိုက်လေ၏။ ထိုပုဂ္ဂိုလ်၏ ရွှေရောင်အလုံးအား ညာလက်ဖြင့်ခံယူလျက် သူ၏လက်၌ ဆုပ်တင်၍ထားလိုက်သည်။ ထိုသည့်တိုင် ရွှေရောင်အဆင်းသည် လက်ကြားမှ ထွက်၍လာသည်။

"လိုရာသုံးလို့ရတဲ့ ပညာ့ဓာတ တောဓာတ်တည်လုံးပေပဲ ရွှေရှက်လှ...ဓာတ်၏ မူလပန္နက်အချက်အချာကို တောတွင်းသားပုရပိုက်၌ ဆောင်ယူပေလော့ ..."

ဟူ၍ ပညာရှင်ဇေတဝသည် လုလင်ပျိုထွားအား ပြောဆို



ပြီးလျှင် ကေရီဘုရင်မ အသုန်ဝန္ဓာအား ...

"အရှင်ကြီးရဲ့တာဝန်အရ မြေအောက်ဂူနန်းရဲ့ အရေးအရာ ရှေးနိမိတ်ကျမ်းများကို မမေ့နဲ့ သမီး ... အဘအနေနဲ့ အမြဲတစေ စောင့်ရှောက်ဖို့ မလာနိုင်ပေဘူး၊ တရားပျက်ယွင်းလှတယ်။ မင်းနေရာ ဌာနကလည်း ငါနဲ့အဝေးသားပဲ ... လာရတာ မောသကွယ်"

ဟူ၍ ပညာရှင်ဇေတဝသည် အသုန်ဝန္ဓာအား ပြောဆိုလိုက်လေသည်။

အသုန်ဝန္ဓာသည် ခေါင်းညိတ်လိုက်သည်။ ကစ်စုံတစ်ရာ ထပ်မံ၍ ပြောကြားခြင်း မပြုဘဲနေလိုက်သည်။

လုလင်ပျိုသည် ပညာရှင်ဇေတဝအား ခေါင်းငုံ့ ဦးတင်လျက်ရှိနေရာမှ မော့၍ကြည့်လိုက်သည်။

ပညာရှင်ဇေတဝသည် ကျောက်ဂူလမ်းမှောင်ကြားသို့ ခပ်ရွေ့ရွေ့လျှောက်သွားသည်။ ၎င်းလျှောက်သွားသောနေရာ၌ မီးခိုးငွေ့သဖွယ် အခိုးအငွေ့တစ်မျိုးကို တွေ့ရ၏။

လုလင်ပျိုထွားသည် ကျောက်ဆောင်ကြား၌ ထွက်ရှိလာသော ကျောက်ငွေ့တန်းဟူ၍သာလျှင် မှတ်ယူခြင်းပြုလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်မီကျောင်းဂူပွဲတော်

တောစပ်အနီးမှ ရေအိုင်သည် စိမ်းနက်ရောင်ပြေးလျက်ရှိပေသည်။ ပတ်ဝန်းကျင်၌လည်း မှိုင်းနက်သော တောနက်တန်းသည် ပတ်ချာလည်ရှိလျက်နေရာ တော၏အရိပ်သည် ရေအိုင်၌ လာရောက်၍ ထင်တတ်၏။ ရေအိုင်ကြီးသည် အတန်ကျယ်ဝန်းပြီး ညီညာ၏။ ညဥ့်အမှောင်ထုကြောင့် ရေအိုင်၏ပတ်လည်ကို မြင်တွေ့နိုင်ခြင်းမရှိ။

မည်းမည်းမှောင်ဖနေသော တောချုံပုတ်များသာလျှင် တွေ့မြင်ရလျက်ရှိ၏။ သို့ရာတွင် တောင်ကုန်းအမြင့်ရှိသော တောခြေဝိုင်းမှကြည့်လျှင် လွန်စွာစိမ်းနက်သော ရေအိုင်ကြီး၏ အလယ်သို့ မီးရောင်တန်းလေးများသည် လှုပ်ရှားဦးတည်လျက်ရှိသည်ကို တွေ့ရပေ၏။



မီးရောင်တန်းမှာ လွန်စွာရှည်လျားခြင်း ရှိပေ၏။ တလက်လက်ဖြင့် အဝေးမှကြည့်လျှင် လှပ၏။

ထို့ပြင် တစ်စုံတစ်ခုသော အသံစဉ်သည် မီးရောင်တန်းများဆီမှ တောင်ခြေသို့ ပတ်ဝိုင်းလျက် ပဲ့တင်ထပ်၍ လာပေ၏။ အသံများမှာ ညီညာ၏။ ရူးရူးဝါးဝါးမရှိ။

သို့ရာတွင် ၎င်းတို့အော်ဟစ်ညီညာစွာပြုသော အသံများမှာ မည်သည့်အသံများဟူ၍ ခွဲခြားရခက်ပေ၏။ ထိုအသံများမှာ မြန်မာဘာသာစကားဖြင့် နားလည်နိုင်စွမ်းမရှိသော စကားများသာလျှင် ဖြစ်ပေ၏။ အချို့၌ ကုလားသံကဲ့သို့သော မာဂဓစကားများသာလျှင် ဖြစ်၏။

အလင်းရောင်တန်းများမှာ မီးတုတ်ကိုင်လျက်သွားကြသော လူတန်းကြီးဖြစ်ပေ၏။ ရှည်လျား၍တစ်ဦးစီ၌မီးတုတ်အသေးများကိုင်လျက် သွားလာခြင်းပင်ဖြစ်၏။

ရေပြင်သည်လည်း တည်ငြိမ်လျက်ရှိရာမှ ပွတ်ခတ်လျက် စိမ်းနက်သောရေပြင်၌ အလင်းရောင်အရိပ်များသည် ထင်ဟပ်၍ လာပေ၏။

ရေအိုင်ကြီး၏ရှေ့ဆုံး၌ လှပသော လှေတစ်စီးသည် ကမ်းဦး၌ ရပ်လျက်ရှိ၏။ လှေ၌ ရွှေရောင်အနားကွပ် အရေးများနှင့် လှေကြီးမှာလည်း အတန်ပင်ကြီးမားသော လောင်းပုံစံမျိုးဖြစ်၍ လှေလုံးနက်ပေ၏။ လှေဦးနှင့် လှေပဲ့နင်းနေရာ၌ ရွှေရောင်ပိန်းချလျက် လှေပေါ်တွင် ထိုင်စရာခုံနေရာ၌လည်း ရွှေရေးစည်ခုံများစီ၍ထား၏။ ခုံကြီးတစ်ခုံမှာ အလယ်တည့်တည့်တွင် ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်သို့ လွန်စွာပါးလျားသော ဖာချည်ဝတ်ရုံနှင့် ဆံပင်ဆံထုံး၌ ရွှေစည်းတပ်ထားသော လှပသော မိန်းမပျိုတစ်ဦးသည် နောက်၌ ဓားလွတ်ကိုင်ဆောင်ထားသည့် တောင့်တင်းသော စစ်သည်နှစ်ဦးခြံရံလျက် လှေပေါ်သို့ တက်၍လာ၏။ မီးတိုင်ပြတစ်ဦးသည် ရှေ့မှတက်၏။ ထို့နောက် လှေဦးရှိ မီးတိုင်စင်၌သွားရောက်၍ စိုက်ထိုးလိုက်၏။

ဓားကိုင်နှစ်ဦးသည် လှေ၏နောက် ပဲ့နင်း၌ မတ်တတ်ရပ်လျက် လိုက်ပါခြင်းရှိပေ၏။ လှေဦးစီးပဲ့နင်းသည် လှေပေါ်၌ရှိနှင့်နေပြီးဖြစ်၍ ရွှေရေးကနုတ်ပန်း တပ်လျက်ရှိသော လှော်တက်နှစ်ချောင်းကို ခပ်ဖွဖွကိုင်လျက်ထား၏။

ထိုလှေကြီး၏ ပတ်ဝန်းကျင်၌ လှေငယ်ငါးစင်းသည် အရန်သင့် လူများဖြည့်စုံလျက်ရှိပြီး ဖြစ်ပေ၏။ ထိုလှေများပေါ်တွင် သံချပ်ဝတ်စစ်သည်တော်များသည် အသင့်အနေအထားဖြင့်ရှိနေကြသည်။

ဓားလွတ်ကိုင်ထားသော စစ်လှေသုံးစင်းနှင့် လေးမြားကိုင်တွယ်ထားသော စစ်သည်လှေနှစ်စင်းတို့သည် ကမ်းဦးရေစပ်၌ အသင့်အနေအထားဖြင့်ရှိပြီး အလယ်မှလှေကြီးအား အာရုံစူးစိုက်လျက် ရှိကြလေသည်။

အလယ်လှေ၌ လွန်စွာလှပသော လှဒေဝီသည် ကျောရှင်းသော ကေသာကိုဖြန့်၍ ကျောတစ်ပြင်လုံး၌ ချလျက်ထားပြီးလျှင် အလယ်ဆံစုအား 'တုမဲ့တိမ်ရောင်၊ တိမ်တောင်တက်တက်' ဟူသော ဆံထုံးဖွဲ့ချည်နည်းဖြင့် ထုံးချည်ဖွဲ့စည်းလျက် ရှိရာ မျက်သားပြင်နှင့်



မျက်ပြင်နုနုထွေးထွေးသည် အလင်းရောင်မှိန်လဲ့လဲ့တွင် မွတ်မွတ်စင်း လှပချောကြည်လျက် ရှိလေသည်။

သူမ၏ဘေး၌ ငွေရောင်သုတ်လိမ်း၍ထားသော ဓားအိမ်ဖြူကြီးကို ညာလက်ဖြင့် ကိုင်လျက် သူမ၏နေရာ အခင်းတိုင်ခုံရှေ့၌ စိုက်၍ထားလေသည်။ လှေဦးတွင် ညာဘက်၌ ဗိတ်ပါးရောင်တံခွန်အလံဖြူကို တပ်ဆင်လိုက်သည်။

ကမ်းခြေတွင် လှေငယ်များ များလှဘိသည်။ ထိုလှေငယ်များသို့ မီးတုတ်ကိုင်ထားသော လုံမပျိုတို့သည် သူ့ထက်ငါ တိုးဝှေ့ရင်း တက်ရောက်ကြလေသည်။ တံ့ဆိုင်းလေးကန်ခြင်းမရှိ၊ ဖာပဝါနုအောက်တွင် ပေါင်တံဖွေးဖွေး ရေးရေးအလှနုများသည် လှုပ်လှုပ်ရက်ရက်ဖြင့် လှေများပေါ်သို့ နောက်ကျ၍ ကျန်ရစ်မည်ကို စိုးရိမ်တကြီးဖြစ်ကာ ပြေးလွှားတက်ရောက်ကြလေသည်။

"လှေလူစုံပြီလော ..."

လွန်စွာလှပသော ရွှေရေးကနုတ်ပန်းခက်များ တပ်သည့် ငှက်ကျားပုံလှေ၏အလယ်မှ လှပျိုဖြူယမင်းလှသည် သူ၏နောက်ကျောမှ စစ်သည်မှူးဖြစ်ဟန်တူသော မောင်းချပ်ဝတ် ငှက်အိုးတပ်သံချပ်ရွှေရောင်ခမောက်ကို ဆောင်းထားသည့် စစ်သည်မှူးအား မေးလိုက်သည်။

"မစုံလှသေး သခင်မဘုရား၊ တောတွင်းသား ရွှေရွက်လှ ကျန်ရစ်လျက်ရှိပါသေး၏ ..."

ဟူ၍ ဖြေဆိုလိုက်သည်။

ထို 'တုမဲ့တိမ်ရောင်' ဆံထုံးကို ထုံးဖွဲ့ထားသည့် လှသူမာ

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီသည် ဟင်းခနဲ တစ်ချက်မျှ သက်ပြင်းချလိုက်ပြီးလျှင် ဝဲယာသို့ ဝှာဖြွေပြည့်စွာဖြင့် အကဲခတ်လိုက်၏။

"ဟော ... ရေလယ်ကို ရောက်သွားပြီ သခင်မလေး"

ဟူ၍ ရေလယ်၌ မီးရောင်မှိန်ပျပျနှင့် ကူးခတ်နေသော လှေငယ်တစ်စင်းကို လက်ညှိုးထိုး၍ စစ်သည်ချုပ်သည် ဧကရီလှ ဒေဝီ 'အသုန်ဝန္တာ'အား ပြောဆိုလိုက်သည်။

"ကိုင်း ... ဒါဖြင့်ထွက်၊ သည်တောတွင်းသားလည်း စိတ်တစ်မှောင့် စိုးနှောင့်စရာပ ... ဟင်း ... "

ဟူ၍ လှသူဇာသည် သူမ၏မို့မို့မွားမွား ရင်နှစ်လွှာကြား တွင် ချထားသော ဇာပဝါပါးအား လည်ပင်းသို့ပတ်ချည်လိုက်ရင်း ပြောဆိုလိုက်သည်။

လှေဦး၌ ခရုသင်းတင်လျက် မှုတ်ကြသည့် လှေငယ်တစ် စင်းသည် အလျှင်ထွက်၍သွားသည်။ ထို့နောက် ညာသံပေးသံများ ပေါ်ထွက်လာပြီးလျှင် နန်းဦးငှက်ကျားလှေကြီးသည် စိမ်းနက် သော ရေအိုင်၏ ငြိမ်သက်သော ရေမျှားများကို ဖြစ်ပေါ်စေပြီးလျှင် ညင်သာစွာ ထွက်လိုက်သည်။ ဘေးလှေစုငါးစင်း၊ နောက် လှေစု လေးစင်းနှင့် ပစောက်ပုံလှေအစီးနှစ်ဆယ်ခန့် ထိုရေအိုင်ကြီး၏ ရေ ဆိပ်မှ တစ်ပြိုင်နက်တည်း လော်ထွက်ကြလေသည်။

အိမ်ကြီးပေါ်၌ ပတ်လည်၍ နေသည်ကဲ့သို့ အဝေးမှကြည့် ခဲ့သော မြင်စွကောင်းလှပေ၏။

တအိအိဖြင့် လော်ခတ်သံများကို ရေအိုင်တွင်းဝယ်ကြား ရလျက်ရှိပေ၏။



ဤရေအိုင်ကြီးမှာ ရွှေဂမူတော၏ အတွင်းနက်ဆုံး ကျောက်ဆစ်ပိုင်းတောင်တန်း၏ အရှေ့တစ်ခြမ်း ကျောက်ဆည်မင်း တောင်၏ အရှေ့တစ်ခြမ်းကမ်းမှ သည်တောတွင်းလေးတာမျှရှိ သော ရေအိုင်ကြီးဖြစ်၍ လွှမ်းစွာကျယ်ဝန်း၏။ ရေသည် လွှမ်းစွာ စောက်နက်၍ ငါးလိပ်ပေါ၏။

ထိုရေအိုင်တဝိုက် ဘေးတောတစ်ခိုင်၌၊ ငှက်ကျား၊ ငှက် မင်းဇာမနီ၊ ဒီးဒုတ်၊ တောင်ပျံ၊ ငှက်ဆီလူး၊ ငှက်သူငယ်၊ ဇာဘူး၊ ငှက်ပေါက်သည်၊ ငှက်ဝံသာ၊ ငှက်စုန်းသစ်တော၊ ဗျိုင်းအောက်ဗျိုင်း နက်၊ ကြိုးကြာ၊ ငှက်ဝစ်၊ ဝံပိုငှက်ကြီးတို့သည် ပတ်လည်၌ ကျက် စားလျက်ရှိ၏။

အထူးသဖြင့် ငါးပေါသည့် ရေအိုင်ကြီးဖြစ်၍ ငါးကိုနှစ်သက် သောငှက်မျိုးသည် သောင်းသောင်းဖျဖျ အိပ်တန်းတက်ကြသည့် နေရာဖြစ်ပေ၏။ ဘေးကမ်းနဖူး၌လည်း သန္တာကျောက်နီများ အချို့ တစ်ဝက် ယှက်သွယ်လျက် ထုံးဟောင်းကျောက်မြေနှင့် ရောစပ် ကာ တင်ကူးလျက် ကျောက်သမ္ဘန်ဝင်းကြီးများပင် ထွင်းထုခြင်း ပြုလောက်အောင် ကျောက်ထုထည်ကြီးမားသည့် ကျောက်တုံးကြီး များရှိပေ၏။

ကျောက်ထုထည်ကြီးလျှင် ရေသည်ကြည်လင်၏။ ကျောက်စက်ရေသည် ရေအပေါင်းတွင် အအေးမြဆုံးနှင့် အကြည် လင်ဆုံးဖြစ်ရကား ဤရေအိုင်ကြီးသည် နေ့အခါညအခါ လွှမ်းစွာ ကြည်လင်သော ရေအိုင်ကြီးအဖြစ် မှတ်တမ်း ဘင်ရပေသည်။

သို့တမူကား ရေအိုင်တွင်းသို့ ရောက်ဖူးခြင်းသည် မရှိလှ ကောင်း။ ကြားဖူးစဝမျှသာလျှင် ပေါက္ကံရာမရွှေပြည်သို့ ရောက်ကြ

www.burmeseclassic.com

www.burmeseclassic.com



၌ တစ်ခါတစ်ရံ တောမုဆိုးကျော်များသာလျှင် အတွင်း၌ သစ်အိမ်ဆောက်ကာ တောကျား၊ တောဆင်များကို ခြောင့်တင်ရင်း ရောက်ရှိလာတတ်ပေသည်။

ထိုပြင် ဤရေအိုင်ကြီးသည် လွန်စွာနတ်ကြီးသည်ဟူ၍လည်း သတင်းစကားတစ်ဆင့်ကြားပေသဖြင့် အရှာအဖွေရောက်၍ မလာကြသည့်သာလျှင် များပေ၏။

ကမ်းစပ်မှ လှေကြီးများသည် တအိအိလှော်ခတ်ရင်း ရေလယ်ရေနက်ရာသို့ ရောက်၍လာကြပေ၏။ ထို့ပြင် ဂီတသံအချို့သည်လည်း ပေါ်ထွက်၍လာ၏။ ရေလယ်၌ ငြိမ့်ညောင်းသော ဂီတသံစဉ်နှင့်အတူ တစ်ပြေးညီ လှော်ခတ်လျက်ရှိသည့် လှေများပေါ်မှ လှော်တော်သားများသည် လွန်စွာပျော်ရွှင်လျက် ရှိပုံရကြလေသည်။

"ဟစ်ကြွေးသံပြိုင်လေ သံပြိုင်လော၊ မောင်းတော၊ ခတ်ညီလော ခတ်ညီလော၊ ပွဲတော်မစည်လော၊ မစည်လော"

ဟူသော လှေလှော်သံများနှင့် လက်ခတ်တူရိယာသံ တစ်ချက်တစ်ချက်တွင် ပလွေသံခပ်စင်းစင်းကိုပင် ရေလယ်ဂီတသံဖြင့် ခြိမ့်ခြိမ့်မွန်းလျက် ရှိကြပေ၏။

ရေနက်ရာသို့ ရောက်လျက်ရှိသည့်တစ်ယောက်စီး လှေငယ်သည်ကား နက်ရောင်ပြေးသော ရေပြင်ထက်၌ပျောက်ချည်တစ်လက် ပေါ်ချည်တစ်ခါဖြစ်လျက် နောက်ပါးထက်ဆီမှ မီးရောင်ပျပျနှင့်တူညီသော လှော်တက်သံများနှင့် ဝေးကွာစွာရှိဘိ၏။

အမှောင်ထဲ၌ တစ်စင်းတည်း လှော်နေသူကား ကိုယ်လုံးထည်ထွားကျိုင်း ခန့်ညားလှသည့် ရွှေရွက်လှပင် ဖြစ်ပေသည်။ ရွှေရွက်လှသည် ခရီးကိုသာအရှုနှင့်လျက် ဘယ်တက်နှင့်ညာတက်ကို အညာမပေးဘဲ ခပ်သွက်သွက်ပင် လှော်ခတ်နေလေသည်။



ရှေ့၌မီးတိုင်သည် လေတိုးသောကြောင့် ငြိမ်လျက်သွားပေရာ ထပ်မံတွန်းညှိခြင်း မရှိဘဲ ဆက်လက်၍ လှော်ခြင်းပြုလေသည်။

မကြာမတင်ပင် ရွှေရွက်လှသည် ရေလယ်ခေါင်စပ်ဝေးဝေး၌ လွန်စွာကြီးသောကျောက်ဆောင်ကျောက်ဖွေးကြီးတစ်ခုအား တွေ့ရလေ၏။

"အင်း ... ဟုတ်ရို့မှ ဟုတ်စ၊ ဟုတ်ကောင်းလှသည်လေ"

ဟူ၍ တစ်ဦးတည်း ပြောဆိုပြီးလျှင် လှော်တက်ကို လက်စုံပစ်လေသည်။

လှေငယ်သည် ရှူးခနဲ မြားပြေးသကဲ့သို့သွားလေရာ အနီးသို့ ရောက်လျှင် ထိုကျောက်ဆောင်ထီးထီးမားမားကြီး၏ ကိုယ်ထည်ကို မြင်ရလေ၏။ ထိုအရာကား လွန်စွာကြီးမားသော ကျောက်မိကျောင်းကြီးဖြစ်လေသည်။

ရွှေရွက်လှသည် ကျောက်မိကျောင်းကြီး၏ အမြီးပိုင်းကို တွေ့ရပေ၏။ မိကျောင်း၏အမြီးပိုင်း အဖုအထစ်ကြောရွက်မြီးတိုကို စတင်၍တွေ့ရှိပေ၏။

ထို့ကြောင့် လှေကို ရေစီးလှော်ခတ်အား မပြုဘဲ ရပ်လိုက်ပြီးလျှင် ရေပေါ်၌ လှေကိုလိုသလို ထိန်းနိုင်ရန်သာလျှင် အားပြုလိုက်ခြင်း ဖြစ်၏။ အမြီးပိုင်းသည်ပင် အိမ်ကြီးတစ်ဆောင်နီးပါးမျှ မြင့်မားသည်ကို တွေ့ရ၏။ ရွှေရွက်လှသည် ထိုကျောက်မိကျောင်း၏ဘေးမှပန်း၍ လှေကိုမှောချရင်း ကျောက်မိကျောင်းကြီး၏ လက်နှင့် ကိုယ်ဘေးတစ်ဖက် ရေကြောင်းအတိုင်း လှော်ခတ်ပိုက်သည်။

www.burmeseclassic.com



ကျောက်မိကျောင်းကြီးမှာ လွန်စွာကြီးသော တကယ့်မိကျောင်းကြီးသဖွယ် ရေလယ်၌ တဟဲဟဲရပ်တည်ခြင်း ရှိဘိ၏။ ကျောကုန်း၊ ကျောလိပ်ကြီးကိုမူ လှမ်း၍ မမြင်နိုင်လောက်အောင်ပင် ကျောက်မိကျောင်းကြီးသည် ကြီးမားခြင်းရှိလေသည်။

ရွှေရွက်လှသည် လှေကို ကျောက်မိကျောင်းကြီး၏ ဦးခေါင်းပိုင်းဘက်ဆီသို့ ဦးတည်၍ လှော်ခတ်လိုက်သည်။ ကျောက်မိကျောင်းကြီး အောက်ခြေသွားသည်ပင် လှေဦးနှင့် တစ်တန်းတည်းဖြစ်လျက်ရှိပေ၏။ ပတ်၍ကြည့်လျှင် ကျောက်မိကျောင်း၌ နီရဲလျက်ရှိသော ကျောက်နှစ်လုံးအား သေချာစွာတပ်ဆင်ထားသည်ကို တွေ့ရပေ၏။

ထူးပေစွ။ ဤမျှနက်သော ရေအိုင်ကြီးအတွင်း၌ ဤသို့ကြီးမားသော ကျောက်မိကျောင်းရုပ်ကြီးအား မည်သည့်ဗိသုကာဆရာနှင့် လာရောက်၍ပြုလုပ်ဘိသနည်းဟု ရွှေရွက်လှသည် ဆန်းစစ်လိုက်သည်။

လှေသည် လှေတက်ခွေယက်သည့်အတိုင်း ညင်သာစွာသွား၏။ ရွှေရွက်လှသည် လှေပေါ်မှ ကြိုးစတစ်စကို ကျောက်မိကျောင်းကြီး၏ လက်ရှိကြေးခွံလွှာထိပ်၌ ချည်နှောင်ပြီးလျှင် ထိုခြေထောက်ထက်သို့ ခုန်၍တက်လိုက်သည်။

လှလင်ပျိုထွားသည် ၎င်း၏လက်၌ လက်စွဲတော်လှံတိုမှိန်းအား ယူဆောင်ခြင်းပြုခဲ့၏။ လှဒေဝီ ဧကရီအသုန်ဝန္ဒာအား ဆွဲငင်ကာ ၎င်း၏လှံတိုမှိန်းကိုသာ သဘောကျသည်၌ လှံတိုမှိန်းကို ၎င်း၏ အဆောင်အဖြစ်ယူဆောင်ရန် ခွင့်ပြုထားလိုက်ခြင်း ဖြစ်သည်။ လှလင်ပျိုထွားသည် တောတွင်းသား ပုရပိုက်ကိုယူပြီးသည်



၌ သစ်ဆာက်ခွပင်ရင်း၌ တဲနန်းဆောက်ကာ တစ်ဦးတည်း နေထိုင်ခွင့်ကို ပညာယူစဉ်ကာလအတွင်းဝယ် နေထိုင်မည်ဟု ဒေဝီအသုန်ဝန္ဒာအား ပြောကြားကာ တဲစံနန်း၌ သင်မှေ့လျော်လျက် 'တောတွင်းသားအတတ်' ကို ပုရပိုက်စာစဉ်အတိုင်း ကျင့်ဆောင်လျက်ရှိပေ၏။

တောတွင်းသားအတတ်၌ 'ဘူးနက်' ဟူသောအရာသည် ပါရှိ၏။ ထိုဘူးနက်သည် တစ်တောင်မျှသော အရှည်အလျားရှိ၍ ကြိုးဖြင့် ရစ်ပတ်ခွေ၍ထား၏။ ထိုရစ်ခွေထားအပ်သော ကြိုးစများသည် ရေတွင်းသတ္တဝါများအား ချိတ်ဆွဲငင်ယူ၍ ရှာဖွေစားသောက်နိုင်ရန်ဖြစ်သည်။

ရေယက်ကြသော နေရာ၌ ငါးမြင်းများကို ဖမ်းဆီးရာ၌ ဘူးနက်ကို ပိုက်သဖွယ် ကြိုးစည်းချ၍ ရေပေါ်၌ပစ်တင်၍ ဖမ်းဆီးနိုင်၏။ ဘူးနက်သည် ဝါးဆစ်နက်ကို ဘူးထိုးလျက် ပြုလုပ်ထားခြင်းဖြစ်သည်။ ထိုဘူးနက်သည် ငါးမျှားခြင်းအရာသာမက ရေအောက်ရှိ သတ္တဝါအချို့ကို ရှာဖွေရာ၌ ထူးဆန်းသောလှုပ်ရှားမှုကို ပြုလုပ်ပေးသည့် အနေအထားရှိသည်ကို ဆိုညွှန်းထားသည်။

ထိုဘူးနက်၏ ဝါးဆစ်ပေါက်၌ ကြိုးငယ်များစွာပါရှိသည်။ ထိုကြိုးငယ်များ၌ ချိတ်နှင့်ခဲလုံးများတပ်လျက် ထိုခဲလုံးများသည် ရေအောက်သတ္တဝါများ မနေနိုင်အောင် ရေ၏လှိုင်းပုတ်ချက်နှင့် ဆီလျော်သော 'သမန်းဆီ' တစ်မျိုးအား သုတ်လိမ်းထားခြင်းကြောင့်ဖြစ်လေသည်။

လှလင်ပျိုထွားသည် ထိုဘူးနက်ကိုဆောင်လျက် ပါလာသည်။ ထိုဘူးနက်အား လုံချည်တိုင်ကြိုးဖြင့် ချည်၍ထားပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မီကျောင်းပေါ်၌ လက်တစ်ဆန့်ကွာတွင် ပစ်၍ထားလိုက်သည်။ ဘူးနက်လုံးသည် ရေပေါ်၌ပေါ်ကာ ငြိမ်သက်လျက်ရှိ၏။

ထိုသို့ငြိမ်သက်လျက် ရှိစေရန်လည်း ဘူးနက်၏ဘေး၌ခဲသီးလုံး လေးလုံးအား တွဲ၍ချည်ပေးထားရာ အလေးချိန်မျှ စီးသဖြင့် ဝါးဆစ်နက်ဘူးသည် ရေပေါ်တွင် ပေါလောပေါ်လေတော့သည်။

ရွှေရွက်လှသည် ကျောက်မီကျောင်း၏ ခြေထောက်ပေါ်သို့ တက်လိုက်သည်။ ခြေထောက်မှာ လူနှစ်ယောက်၏ ကိုယ်ထည်လုံးစာမျှ ကြီး၏။

ရွှေရွက်လှသည် ကျောက်မီကျောင်း၏ ခြေထောက်မှ ပခုံးပေါ်သို့ တွား၍တက်လိုက်သည်။ ဤနေရာ၌ ၎င်းသည် အတော်အတန်လေ့ကျင့်အောင်မြင်ပြီးဖြစ်သော တောမျောက်တက်ခြင်းကဲ့သို့သော လက်ဖြင့်လည်းကောင်း၊ ခြေဖြင့်လည်းကောင်း ချိတ်တွယ်၍တက်ခြင်းကို ပြုလိုက်သည်။

"တောမျောက်ခွင်၊ လက်ပြင်ကျောက်၊ ဆင်တစ်
ပေါက် ခွဆုံ၊ အကြောတွင်၊ သူလျှင်ပ၊ လျှင်သမျှ
ပတ်ဆုံမွေး၊ လေရှုလျှင် ခုတ်ဆွဲလို့၊ ကုတ်ဆွဲကို
တက်ပေး သစ်ကြီးပင်သူ့ဖဝါး လက်ယားအညောင်း
ပြေ"

ဟူသော တောမျောက်၏ စိတ်သဏ္ဍာန်ကိုသွင်းကာ ၎င်း၏ ထွားကျိုင်းသန်မာသော ခန္ဓာကိုယ်ပေါက် မျောက်ကဲ့သို့ လျင်မြန်အောင် စိတ်ကိုသွင်းလျက် ဖျတ်ခနဲကုတ်ဆွဲ၍ ကျောက်မီကျောင်း၏ကျောက်ကုန်းထက်သို့ တက်လိုက်လေ၏။ ကျောက်မီကျောင်း၏ဦးခေါင်းထိပ်၌ အတန်အသင့်ကြီးသော အဆောင်ငယ်တစ်ခုကို



တွေ့ရပြီးလျှင် ကျောက်သားတံခါးများဖြင့် ပိတ်လျက်ထား၏။ ထိပ်၌ချွန်လျက်ထား၏။ ထို့ကြောင့် စေတီအိမ်ဖြစ်ဟန်တူ၏ဟု ညွှန်း၏။ အထက်ကျောက်ကုန်းထက်၌ပင် စုလစ် မွန်းချွန်းနှင့် ကနုတ်ကြာဖူးတိုင်များရှိသည်ကို တွေ့ရ၏။

လုလင်ပျိုထွားသည် မိကျောင်း၏ ကျောက်ကုန်းထက်မှနေ၍ ရေပြင်အခြေအနေကို လှေ့လာကြည့်ရှုလိုက်သည်။ ၎င်းပစ်ချထားခဲ့သောဘူးနက်သည် လှုပ်ယမ်း၍သွားပြီးလျှင် ဖြုတ်ခနဲ မြုပ်သွား၏။ ရွှေရွက်လှသည် မျက်လုံးပြူးလျက်သွားသည်။

ထို့ပြင် ၎င်းချထားသော ကြိုးစကြိုးနများသည် မြောက်၍သွားပြီးလျှင် ၎င်း၏ လှေငယ်သည်လည်း လှုပ်ယမ်း၍သွားတော့သည်။ ထို့နောက် လှေငယ်အား ချည်ထားသောကြိုးစကို ဖြုတ်လိုက်ပြီးလျှင် ကြိုးစကိုဆွဲလျက် မိကျောင်း၏သွားတွင်းတွင် သွားရောက်ချည်နှောင်ထားလိုက်သည်။

ကျောက်မိကျောင်းကြီး၏ ပါးစပ်သည် ဟလျက်သားရှိပြီး မိကျောင်း၏ သွားပုံသဏ္ဌာန်များနှင့် လျှာမှအစအဆုံး လွန်စွာတူအောင် ပြုလုပ်၍ထားသည်။ လူလေးငါးယောက်စာခန့် ကောင်းစွာသွားနိုင်သော လျှာကြီးကို ကျောက်လမ်းပုံသဏ္ဌာန်ခင်းထားပြီး ဝမ်းဗိုက်အတွင်းသို့ဝင်ရန် လမ်းကို သေချာစွာ ပြုလုပ်ချောကိုင်ထားခြင်းဖြစ်သည်။

ကျောက်မိကျောင်း၏ ပါးစပ်ပေါက်မှနေ၍ဝင်ကြည့်သည်။ ကျောက်မိကျောင်းကြီး၏ အရှည်အလျားမှာ အလျားအတောင်သုံးရာခန့်ရှိ၍ လုံးပတ်သည် အတောင်တစ်ရာခန့်ရှိမည်ဟူ၍ ခန့်မှန်းရသည်။ လွန်စွာကြီးမားပြီး ရေထဲတွင်ရှိသော ကျောက်ဂွန်းဂူ သို့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် မြေသားတောင်ကုန်းတစ်ခုအား အမှီပြု၍ တည်ဆောက်ထားခြင်းဖြစ်လေသည်။

လုလင်ပျိုထွားသည် လွန်စွာ မှောင်ပိန်းလျက် ရှိခြင်းကြောင့် အထဲသို့ဝင်ရန် အခက်အခဲတွေ့ရလေသည်။ ထို့ပြင်မိကျောင်း၏ ဝမ်းဗိုက် ကျောက်ခေါင်းကြီးအတွင်းမှ အခိုးအငွေ့များထွက်လျက် ပူစပ်စပ်အငွေ့အသက်များကို တွေ့ရလေသည်။ လူနေမှုမရှိလှသောနေရာတို့မှ ဖြစ်တတ်သော အငွေ့အသက်မျိုးဟုယူဆနိုင်ပေသည်။

လုလင်ပျိုထွားသည် ကျောက်မိကျောင်း၏ ပါးစပ်အတွင်းသို့ လျှောက်၍လာ၏။ ရေလှိုင်းပုတ်သံများကို ကြားရပြီးလျှင် နောက်ဘက်နီးကပ်လျက်ရှိသောနေရာ ရေပြင်တစ်ဝိုက်မှ ဟေးဟေး ... ဟူသော အော်သံများကို ကြားရပေ၏။

ထိုလေမျှားသည် လျင်မြန်စွာ လော်ခတ်ခြင်းမျိုးမဟုတ်ဘဲ မှန်ကန်စွာ လှုပ်ရှားလော်ခတ်ခြင်းမျိုးသာလျှင် ဖြစ်ပေရာ စည်းချက်ညီသော တက်ခတ်သံများကိုပင် ကြားရလျက်ရှိပေ၏။

ရွှေရွက်လှသည် ကျောက်မိကျောင်း၏ ပါးစပ်မှနေ၍ ရေပြင်အားကြည့်သော် ၎င်း၏လှေငယ်သည် လှုံးဆန်ပျံခတ်လျက်ရှိပြီးလျှင် ကြိုးမှာ ချည်တိုင်ဖြစ်သော ကျောက်မိကျောင်းကြီး ၏သွားလှုပ်လှုပ်ရှားရှားဖြစ်လျက်ရှိ၏။ ကြိုးမှာ လွန်စွာခိုင်ခံ့သောနွယ်ကြိုးရှည်ကို ထပ်မံကျစ်၍လုပ်ဆောင်ထားပေရာ အတော်ပင်ခိုင်ခံ့ပြီး ထိုလှေနှင့် ရေလှိုင်းပုတ်ခြင်း၏ ဆွဲအားကို ထိန်းနိုင်စွမ်းသော အခြေအနေမျိုးဖြစ်၏။

သို့သော် ၎င်းလှေမှ ကြိုးမှာ မူလချည်ထားသည်ထက်



လွန်စွာ လျော့တိလျော့ရဲဖြစ်လျက် ကြိုးမှာ တကျိုကျိုဖြစ်လျက်ရှိပေခြင်းကြောင့် စဉ်းစားရကျပ်လျက်ရှိလေသည်။

လုလင်ပျိုထွားသည် ၎င်း၏လက်စွဲတော် လှံတိုမိန်းကိုသေချာစွာ ကိုင်တွယ်လျက် ၎င်း၏ မှတ်ပြောင်းအဖြစ် အသုံးပြုနိုင်သည့် အဆိပ်မြားများကိုလည်း ဆေးခါးပတ်တွင်း၌ သေချာစွာရှိမရှိကို ပြန်လည်စစ်ဆေးခြင်းပြုလိုက်သည်။

ဆေးခါးပတ်၏ ညာဘက်ထောင့်တွင် အဆိပ်မြားသုံးချောင်းနှင့် အဆိပ်အပ်ဆယ်ချောင်းသည် နေရာတကျရှိ၍နေသည်ကိုတွေ့လျှင် စိတ်အေးသွား၏။ ထိုအချိန်တွင် လှိုင်းပုတ်သံတစ်ချက်သည် ကျောက်မိကျောင်း၏ ဘေးဘက်ရေမျက်နှာပြင်၌ ဗွမ်းခနဲဖြစ်လျက် ရေပွက်တစ်ခုသည် ထလျှက်သွား၏။ ရွှေရွက်လှ၏ လှေငယ်သည် ထိုရေပွက်မှ လှိုင်းပုတ်ချက်ကြောင့် ဒိုင်းခနဲကျောက်မိကျောင်း၏ လက်နှင့် ပြေး၍ ရိုက်လိုက်ရာ လှေရှေ့မှမိုးတိုင်စင်သည် ကျိုး၍ထွက်သွား၏။ လှေလုံးသည်လည်း ခါယမ်း၍သွားလေ၏။

ရွှေရွက်လှသည် အံ့သြလျက် ရေပွက်အား စူးစိုက်ကြည့်ရှုလျက်ရှိရာ ရေပြင်သည် ပြန်လည်၍ ငြိမ်သက်သွားပြန်၏။

နောက်မှ မီးတုတ်ကိုင်လျက် တဟေးဟေးဖြင့် ညီညာစွာရောက်ရှိလာသော တောတွင်းဧကရီ၏ ရေနန်းတပ်ဖွဲ့ကြီးနှင့် ဣန္ဒြိယနန်းတော်မှ အပျိုစင်တို့သည် ကျောက်မိကျောင်းကြီး၏ အနီးသို့ရောက်ရှိလာ၏။ ကျောက်မိကျောင်းကြီး၏ ဝဲယာကို အမြီးဖျားပိုင်းမှနေ၍ ပဇောက်ပုံလှေများကို ဝိုင်းကြပေ၏။ ထို့ပြင် နောက်ဆုံးမှ တစ်တန်းနှင့် ရှေ့မှ တစ်တန်းအား ခက်ရင်းခွပုံ သဏ္ဍာန်လှေတန်း

www.burmeseclassic.com

www.burmeseclassic.com



ကို တန်းလိုက်ကြ၏။ မီးတိုင်များမှာ ပြိုးပြိုးပြက်ပြက်ရှိနေ၍ လှေဝိုင်းသည် မီးဝိုင်းသဏ္ဍာန်ရှိသည်။ သို့သော် မီးကွင်း မီးကွက်သည် ရေပြင်၌ မျှောချသကဲ့သို့ရှိလေရာ လွန်စွာမည်းမှောင်စိမ်းနက်နေသော ရေပြင်၌ တစ်မျိုးတစ်ဖုံ လှပလျက်ရှိသည်ကိုတွေ့ရ၏။

ထိုပြင် တူရိယာသံများသည် ပို၍ထွက်လာ၏။ ရှေ့ဆုံး၌ ကေရီဘုရင်မ အသုန်ဝန္နာသည် လှေဦး၌ ဓားကိုကိုင်လျက် ၎င်း၏ ဟင်္သာတောင်ပံ တပ်ဆင်ထားသော ရွှေကုလားထိုင်ကြီးပေါ်တွင် ထိုင်ကာ ရှေ့တူရူသို့ ငေးစိုက်လျက် မလှမ်းမကမ်းတွင်ရှိသော ကျောက်မိကျောင်း၏ ကျောကုန်းထက်သို့ ကြည့်လျက်ရှိပေ၏။

ခပ်မှေးမှေး မြင်နေရသော ကျောက်မိကျောင်းရုပ်ကြီး၏ ဘေးဘက်အနားမှ လှုပ်လှုပ်ရှုရှုဖြစ်လျက်ရှိသော လှေငယ်လေးကိုလည်း စိုက်ကြည့်လျက်ရှိ၏။

ကေရီဘုရင်မ၏ ပဲ့ကိုင်သမားသည် လှေကိုဆက်၍ မလှော်သေးဘဲ ငြိမ်သက်စွာ ရေလယ်၌ ရပ်လျက်ရှိရာ အခြားသော လှေများသည်လည်း ရပ်လျက် ပစောက်ပုံ၌ ခက်ရင်းခွပုံသဏ္ဍာန် ဆင့်ကာ လှေများသည် ရပ်တန့်လျက်ရှိပေ၏။

နောက်ဘက်မှလိုက်၍ မျဉ်းပြေးတစ်ပြိုင်တည်း ချီလာသောလှေတန်းကြီးတစ်ခုအား စောင့်ဆိုင်းနေကြခြင်း ဖြစ်လေသည်။

နောက်လှေတန်းကြီးမှ လှပျိုဖြူများသည် ငွေဖလား ငွေပန်းအိုးများ ကိုင်ဆောင်လျက် ရှိကြသည်။ အချို့သည် ပွဲတိုင်သွားရန် အထူးပြင်ဆင်မွမ်းမံလာကြသော ပုံသဏ္ဍာန်မျိုးဖြစ်သည်။ သို့သော် ၎င်းတို့သည် တောတွင်းသူမများ ဖြစ်ကြ၍ ဝတ်ဆင်မှုများ



မှာ လွန်စွာလွတ်လပ်ခြင်း ရှိကြလေသည်။ ထူးခြားသည်မှာ အလှအပအရာ၌ ပင်ကိုသဘာဝအလှအား အလွန်အမင်း တန်းတင်ထားခြင်းဖြစ်ပေ၏။ ထိုလှေတန်းကြီးသည်လည်း ရှေ့မှ လှေဝိုင်းကြီးအား အမီလှော်ခတ်ခြင်း ပြုကြသည်။

ရွှေရွက်လှသည် ဟီးလေးဟီးလေးဖြင့် ရောက်ရှိလာသော ဣတ္ထိယနန်းတော် မြေအောက်ကျောက်ဂူနန်းမှ ကေရီအသုန်ဝန္နာနှင့် နန်းတွင်းသူများကို မိကျောင်းပါးစပ်တွင်းမှ လှမ်း၍ကြည့်လိုက်သည်။ ထိုအချိန်တွင် မိကျောင်း၏ပါးစပ်ထိပ်မှ ဗွက်ခနဲ ရေဗွက်သံတစ်ခုကို ကြားလိုက်ရပြန်သည်။

ရေဗွက်တွင်းမှ ထိုးထိုးထောင်ထောင်တစ်ခုအား တွေ့ရပြီးလျှင် ရေအောက်သို့ ရောက်ရှိသွားပြန်သည်။ ရေပြင်သည် ပြန်လည်၍ ငြိမ်သက်၍သွားပြန်သည်။ လှိုင်းငယ်လေးများသည် ကျောက်မိကျောင်းရုပ်ကြီးအား လာရောက်ပုတ်ခတ်ကြ၏။ ရွှေရွက်လှသည် လှုပ်၍သွား၏။ ထို့နောက် ကျောက်မိကျောင်းရုပ်ကြီး၏ အောက်ခြေမှ 'ဂရိ ဂရဲ၊ ဂရဲ ကရဲ' ဟူသော အသံကြီးနှင့် ဒိန်းခနဲ အသံကြီးတစ်ခုသည် မြည်၍သွားသည်။

ကျောက်မိကျောင်းရုပ်ကြီးသည် အနည်းငယ် လှုပ်သွားသည်ကို တွေ့လိုက်ရသည်။ ရေပြင်သည် ပကတိငြိမ်သက်လျက်ရှိပေသည်။ နက်ပြောင်ခြင်းနှင့် စိမ်းလဲ့ပြေးရောင်ထနေသည်။ အဝေးမှ မီးရောင်များကို ရေအောက်၌မြင်ရသည်။ ရေအောက်၌ ငြိမ်ထိုးလျက် ရှိခြင်းကြောင့် ထိုအရောင်လဲ့လဲ့တို့သည် အနီးသို့ချဉ်း၍လာကြသည်။

အလယ်မှရပ်လျက် ကျောက်မိကျောင်းရုပ်ကြီးအား

www.burmeseclassic.com

www.burmeseclassic.com



သေချာစွာကြည့်လျက်ရှိသော ကျောက်ဂူနန်း ဣတ္ထိယနန်းတော်၏သခင်မ ဧကရီအသုန်ဝန္ဒာသည် လက်ညှိုးထိုးလျက် လှေကို ကျောက်မိကျောင်းကြီးရှိရာသို့ သွားရန်ညွှန်းဆိုလိုက်သည်။

လှေပဲ့နင်းနှင့် လှေမှစစ်သူကြီးနှစ်ဦးသည် ပစောက်ပုံနှင့် ခက်ရင်းခွပုံသဏ္ဌာန် ဝိုင်းလျက်ရှိသည့် အခြားလှေများကို ထွက်ခွာရန် ညွှန်ကြားလိုက်သည်။ စုစုပေါင်း လှေတစ်ရာနီးပါးသည် ကျောက်မိကျောင်းရုပ်ကြီး၏ အနီးသို့ ချဉ်းကပ်၍လာကြပေသည်။ ရှေ့ဆုံးမှ ချပ်ဝတ်သုံးဦးသည် ကျောက်မိကျောင်းရုပ်ကြီးပေါ်သို့ လွှားခနဲ ခုန်၍တက်လာကြ၏။ ထို့နောက် ထိုသုံးဦးသည် နောက်လှေများကို နေရာချထားပေးလေသည်။

မီးတုတ်နှင့်မီးခွက်များကိုင်ဆောင်ထားကြသော ဣတ္ထိယပျိုဖြူတစ်စုနှင့် ငွေဖလားနှင့် ငွေပန်းအိုးကိုင်ဆောင်ထားသော အပျိုစင်ဆယ့်တစ်ဦးသည်လည်း လှေပေါ်မှ ဆင်း၍လာကြသည်။

ရှေ့ပြေးအပျိုရံနှင့် ကိုယ်ရံစစ်သည်များဖြစ်၏။ လေးမြားကိုင်ဆောင်သော စစ်သူရဲအမျိုးသမီးတစ်ကျိပ်သည်လည်း လှေပေါ်တွင် မတ်တတ်ရပ်နေရာယူပြီးလျှင် တစ်ဦးစီ မိချောင်း၏ခြေထောက်ပေါ်မှတစ်ဆင့် လှေပေါ်သို့တက်၍ လာကြ၏။ ရွှေရွက်လှသည် ခမ်းနားလှသော အစီအမံများကို ကြည့်၍နေ၏။

ဧကရီအသုန်ဝန္ဒာ၏ လှေသည် ကျောက်မိချောင်းရုပ်ကြီး၏ ဦးခေါင်းတည့်တည့်၌ ရပ်လိုက်သည်။ လှေဦးသည် မိချောင်း၏ ပါးစပ်ဝနှင့် ထိပ်တိုက်ထိလျက်ထား၏။

တီးမှုတ်သောဂီတသံသည် ရပ်လျက်သွားပေ၏။

လှေပေါ်မှ ရွှေရောင်တပ်ထားသော သစ်သားချွန်လှေကားတစ်ခုအား ကျောက်မိချောင်းရုပ်ကြီး၏ အောက်လျှာလမ်းပေါ်သို့ ထိုးတင်လိုက်သည်။ ထိုသို့ ထိုးတင်လိုက်လျှင် ကုန်းဘောင်လှေကားပေါ်သို့ သခင်မ ဧကရီအသုန်ဝန္ဒာသည် လှုပ်လီလှုပ်လဲ့ ဖွင့်ငင်ညက်ညောသော ခြေလှမ်းအစုံဖြင့် တဖြည်းဖြည်းလှမ်း၍လာ၏။ ကုန်းဘောင်ရွှေလှေကားထိပ်၌ မီးတိုင်ပြလေးယောက်သည် စီရီလျက် သတိချပ်သောအနေအထားဖြင့် မီးတိုင်ပြခြင်းကို ပြုလျက်ရှိကြသည်။

ဧကရီ အသုန်ဝန္ဒာ၏နောက်မှ ကိုယ်ရံတော်စစ်မှူးနှစ်ဦးသည် ခြံရံလျက် လိုက်ပါလာလေ၏။ ကိုယ်ရံတော်နှစ်ဦးမှာ ရှေ့တည့်တည့်နှင့် ဘေးသို့ စူးစမ်းစွာကြည့်လျက်ရှိ၏။

ကျောက်မိချောင်းကြီး၏ ဝမ်းဗိုက်အတွင်းသို့ ရှေ့ပြေးအပျိုစင်အဖွဲ့သည် အလျင်တစော သွားရောက်ကြလျက် ကျောက်မိချောင်းဝမ်းဗိုက်အတွင်း၌ အထူးလျှို့ဝှက်ပြုလုပ်ထားသော မီးတိုင်များ၌ မီးများကို ထွန်းညှိလိုက်ကြသည်။ ထို့ကြောင့် အတွင်းပိုင်းတစ်လျှောက်တွင် ခြေသံများ တရှပ်ရှပ်ကြားရပြီးလျှင် မီးများသည် လင်းလက်လျက် ရှိလေသည်။ ရွှေရွက်လှ ကျောက်ဂူနန်းသခင် ဧကရီဘုရင်မ အသုန်ဝန္ဒာအား ကြည့်လိုက်သည်။

အသုန်ဝန္ဒာသည် ရွှေရွက်လှအနားသို့ရောက်သော် ရှေ့သို့ ဆက်လက်၍ သွားရောက်ခြင်း မပြုသေးဘဲ ခေတ္တရပ်လိုက်သည်။

"အရှင့်သား ... အကျွန်ုပ်နှင့်မလိုက်ဘဲ ဘာကြောင့် ထပ်ဦးတည်း ထွက်သွားရသလဲ ... ရက်တော်မူလို့လား"

အသုန်ဝန္ဒာ၏ မျက်လုံးအရောင်သည် တောက်ပြောင်ရွှန်းပခြင်း၊ လိုလားခြင်းနှင့် တပ်မက်ခြင်း ရောထွေးလျက်ရှိပေ၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက် ရွှေရွက်လှ၏ ရင်အုပ်ကျယ်ကြီးကို ကြည့်လိုက်သည်။ ထို့နောက် လက်မောင်းသားဖုထစ်ကြီးအား ကြည့်လိုက်သည်။ တောတွင်းသားအတတ်ကို ရွှေကလပ်ပုရပိုက်ပါ ကျင့်စဉ်များအတိုင်း ဆောင်လျက်ရှိသဖြင့် ရွှေရွက်လှ၏ခန္ဓာကိုယ်သည် ရှေးကထက်ပို၍ ခိုင်ကျည်လျက်ရှိ၏။ ပို၍ထွားကျိုင်းထည်ဝါလျက်ရှိ၏။ ရွှေရွက်လှ၏ မျက်နှာ၌ နှုတ်ခမ်းမွေးရေးရေးသည် စိမ်းဖန့်ဖန့်ထလျက် ရှိသည်ကို ကညင်ဆီမီးတိုင်များကြားမှ အသုန်ဝန္နာ တွေ့ရသည်။

ရွှေရွက်လှသည် ကျောက်ပွနန်းကြီးရှင် သခင်မအား ပြုံးလျက် ခေါင်းယမ်းပြလိုက်သည်။

ထို့နောက် ခွန်းဆိုခြင်းပြုလိုက်သည်။

“မောင်တော် ... အရာမမြောက်ခင် ခံစားခြင်းဟာ ဗွက်သည့်ထဲ ခြေခွက်ထည်းသလိုပဲ”

ဟူ၍ ပြောလိုက်သည်။

ကေရီအသုန်ဝန္နာ၏ သက်တော်စောင့် ကိုယ်ရံတပ်မှူးနှစ်ဦးသည် ရွှေရွက်လှအား လှည့်ကြည့်လိုက်သည်။ ခပ်စူးစူး ကြည့်ခြင်းဖြစ်သည်။

“ညှိသည်ဆိုတာ ညှိခန်းဆောင်မှာနေတာပဲ ကောင်းပါတယ် ...။ အခုလိုပြုစုကျွေးမွေးထားတာသည်ပင် ကျေးဇူးကြီးပ”

ကေရီ အသုန်ဝန္နာသည် ‘ဟင်း’ ခနဲ သက်ပြင်းတစ်ချက်ချလိုက်သည်။ အတော်ခက်သည်ပဲ ဟူ၍လည်း သတ်မှတ်ပုံရလိုက်သည်။ ရွှေရွက်လှသည် တွေ့စက ဖက်ရေးတငေါ်၊ လင်ရေးသူလုပ်မည့်ဟန်ရှိသော်လည်း ပုရပိုက်ရသည့်နေ့မှစ၍ ရှောင်ခွာခွာလုပ်လျက် ရှိပေသည်။



“သခင်မ ... အချိန်တော်လင့်ပါတယ် ...။ ခရီးဆက်၍ ရွှေလက်ဖြင့် ကွမ်းအုပ်ကို ပသသင့်လှပါပြီ”

နောက်ပါးတွင် ကပ်လျက်ပါရှိသော ကွမ်းအစ်ကြီးတစ်ခုအား ကိုင်ဆောင်ထားသော နန်းတွင်းသူပျိုထွတ်ထွတ် လှမွတ်မွတ်တစ်ဦးသည် ကေရီအသုန်ဝန္နာအား သတိပေးခြင်း ပြုလိုက်သည်။

ကေရီအသုန်ဝန္နာသည် ရွှေရွက်လှအား တစ်ချက်မျှ ယစ်မူးမူးမျက်လုံးဖြင့် စိုက်လျက်ကြည့်ကာ ရှေ့သို့ ဆက်၍ လျှောက်လိုက်သည်။ ကျန်သော ကိုယ်ရံတော်မှူးများနှင့် အပျိုစင်များသည် ရွှေရွက်လှအား ယခုမှတွေ့ဖူးဟန်ဖြင့် ငေးမောကြည့်ရှုရင်း စီတန်းလျက်ဝင်၍သွား၏။ အချို့နန်းတွင်းသူများသည် ရွှေရွက်လှအား ကြည့်၍ အချင်းချင်း တီးတိုးပြောဆို၍ မျက်လုံးများဝေ့လျက်သွားကြသည်။ အချို့နန်းတွင်းသူများသည် ခစ်ခနဲခွိခနဲ ရယ်လျက်သွား၏။

ရွှေရွက်လှ၏ ကိုယ်ပေါ်၌ အဝတ်အဆောင်းအကာအရံမရှိ ခါး၌သာလျှင် သားရေနယ်ချပ်တစ်ခုအား အရှက်လုံဖုံးလွှမ်း၍ထား၏။ သို့ရာတွင် ခြေထောက်၌မူ သားမွေးကြိုးသိုင်းဖိနပ်ကို ဝတ်ဆင်လျက် ဆေးခါးပတ်သည်ကား သေချာစွာ စည်းနှောင်၍ထားခြင်းရှိလေသည်။

ရွှေရွက်လှ၏ ဝမ်းဗိုက်၌ အရစ်ထလျက်ရှိသော ဝမ်းသားမျှောင်ကြီးသည်ရှိ၏။ ပေါင်ကြား ပေါင်တန်း၌လည်း ကြွက်သားမျှောင်ကြီးသည် ကွဲအက်လျက် အတွင်းအမွေးသား အကြောအချဉ်များသည် လျပ်ထဖုထစ်လျက် ရှိပေသည်။

ဤသည်မှာလည်း ကျောက်တုံးကျောက်ပြားများနှင့်

www.burmeseclassic.com

www.burmeseclassic.com



သစ်လုံး၊ သစ်ပင်များကို တွန်းခြင်းမခြင်း လက်ဝါးဖြင့် ရွက်ပုတ်ဆော့ကစားခြင်း ဟူသော တောတွင်းသား၏ အားကိုပြု၍ ကျင့်ဆောင်ခြင်းကြောင့် ရရှိထားသည့် ထွားကြိုင်းမှုပင် ဖြစ်ပေ၏။

ရွှေရွက်လှသည် အပျိုစင်တန်းကြီး ဆုံးသည်အထိ ကြည့်ရှုလိုက်သည်။ ကျောက်မိကျောင်းကြီး၏ ပတ်လည်၌ လှေများသည် စနစ်တကျရပ်လျက်၊ ၄က်ရုပ်ဦးခေါင်းတပ် ရွှေလှေကြီးသည် ရှေ့ဆုံး ကျောက်မိကျောင်းထိပ်၌ တည်လျက်ရှိ၏။ လှေပေါ်၌ အချို့မီးတိုင်များသည် လင်းလျက်သား ကျန်ရစ်ခဲ့သည်ကိုလည်း တွေ့ရလေ၏။

ရွှေရွက်လှသည် လှေငယ်များကို လှေလာပြီးလျှင် ၎င်း၏ လှေငယ်ချည်ထားသော ကြိုးအား စစ်ဆေးခြင်း ပြုလိုက်သည်။ ကန်ရေပြင်သည် လွန်စွာငြိမ်သက်လျက်ရှိပေရာ လုလင်ပျိုထွားရွှေရွက်လှသည် ကျောက်မိကျောင်းကြီး၏ ဝမ်းဗိုက်အတွင်းသို့ လိုက်ဝါဝင်လျက် သွားပေ၏။

အတွင်း၌ ခပ်စောစောက ထွက်သော အငွေ့များသည် လူငွေ့လူသက်များကြောင့် ပျောက်ကွယ်သွား၏။

အလင်းရောင်တန်းများမှာ ကျောက်မိကျောင်း ဝမ်းဗိုက်လိုဏ်ကြီးအတွင်း၌ နေရာအစိပ်အကျဲညီမျှစွာ လင်းလျက်ရှိပေ၏။

ကျောက်မိကျောင်း၏ ဝမ်းဗိုက်နံရံကြီးမှာလည်း နန်းတော်ကြီးကဲ့သို့ပင် လှပ၏။ ဆေးရေးမင်ရုပ်များနှင့် ကျောက်ထွင်းပန်းပုများကို တွေ့ရ၏။

ထို့ပြင် အနိမ့်အလျော ပြေလျော၍ အဆင်းအတက်ရှိသော လှေကားထစ်ခုံများလည်း ရှိလေသည်။ လုလင်ပျိုထွားသည် ဆက်၍လျှောက်လိုက်သည်။ ကျယ်ဝန်းသောနေရာကြီးတစ်ခုအား



တွေ့ရ၏။ အောက်ခြေ ကျောက်ပြားတွင်လည်း ထူးဆန်းသော အက္ခရာများနှင့် စက်ဝိုင်းချပ်များ၊ မြွေလိမ်မြွေကောက်များကို တွေ့ရ၏။

မြွေလိမ်မြွေကောက်မျဉ်းကြောင်းများ၌ အက္ခရာများနှင့် စာလုံးများကို တွေ့ရသည်။ စာလုံးများမှာ မြန်မာဘာသာ အက္ခရာများ မဟုတ်ပေ။ အိန္ဒိယတိုင်းသားများ တစ်ခါတစ်ရံ ရောက်စဉ် ပြောဆိုရေးသားသော အက္ခရာများဖြစ်သည်ကို တွေ့ရ ၏။

ရွှေရွက်လှသည် ထိုနေရာမှ ကျော်လွန်လျှင် ကျောက်မိကျောင်းခန်းမကြီး၏ အပေါ်ထပ်သို့တက်ရာ လှေကားတစ်ခုကို တွေ့ရ၏။ လှေခါးထိပ်တွင် ဂူပေါက်ငယ်များနှစ်ခုနှင့် ကျောက်တံခါးကြီးတစ်ခုကို တွေ့ရ၏။ ကျောက်တံခါးများ၏ သဘောတရားကို ရွှေရွက်လှသည် အတော်အတန် နားလည် ထားပြီး ဖြစ်နေလေသည်။ ထိုနေရာတစ်ဝိုက်၌လည်း အစောင့်စစ်သား တစ်ဦးအား တွေ့ရ၏။

ကျန်နေရာများ၌မူ နန်းတွင်းသူနှင့် ဧကရီအသုန်ဝန္တာ၏ အရိပ်အယောင်မျှ မတွေ့ရပေ။ အသုန်ဝန္တာနှင့်နန်းတွင်းသူများသည် ကျောက်မိကျောင်းကြီး၏ အပေါ်ထပ်သို့ ရောက်လျက်ရှိပြီးဖြစ်သည်ကို အသံများကြားရခြင်းအားဖြင့် သိသာလေသည်။

အသံဗလံများမှာ ရွှတ်ဆိုသံများ ဖြစ်ကြပေ၏။ လုလင်ပျိုထွားသည် ကျောက်လှေကားကြီးပေါ်သို့ တက်လိုက်ပြီးလျှင် ကျောက်မိကျောင်းရုပ်ကြီး၏ အထက်ထပ်သို့ တက်လိုက်သည်။ လှေကားမှာ လိမ်ကွေ့ပတ်၍ လှပစွာ ဆောက်လုပ်ထားသည်။ ကောင်းမွန်သောအနေအထားဖြစ်၍ သေသပ်စွာ ပြုလုပ်ထား၏။

ရွှေရွက်လှသည် လှေကားပတ်လည်သို့ တစ်ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တက်၍ လေ့လာကြည့်ရှုရင်း အပေါ်သို့ ရောက်လျက် သွားပေ၏။ ကေရီဘုရင်မသည် ကျယ်ပြန့်သော အခန်းဆောင်ကြီး၏ အပေါ်ထပ်ရှိ ရွှေခုံမြင့် တစ်နေရာသို့ တက်ရောက်လျက် မီးတိုင်ကြီးတစ်ခုကို ထွန်းညှိလျက်ရှိ၏။ ထို့နောက် ကြေးခွက်ငယ်များဖြင့် ပြုလုပ်ထားသော ဆီမီးခွက်ငယ်များ၌ အခြားအပျိုရံနှင့် နန်းတွင်းသူအချို့က ထွန်းညှိလျက် ရှိလေသည်။

ထိုနေရာတစ်ဝိုက်ကို သံချပ်အင်္ကျီဝတ်ဆင်ထားသော ကိုယ်ရံတော်များသည် စောင့်ကြပ်လျက် ရှိပေ၏။ ခန်းမကျယ်ကြီးအဖြစ် လုပ်ဆောင်ထားသောနေရာ၌ လေသာပြတင်းငယ်များကိုလည်း စနစ်တကျ ဖောက်လုပ်ထားသည်ကို တွေ့ရပေ၏။

ထိုပြတင်းပေါက်၌ရပ်လျက် ရွှေရှက်လှသည် ရှေ့ပြင်တစ်ဝိုက်ကို ကြည့်လိုက်မိလေ၏။ ဦးခေါင်းထိပ်ရှိ ကျောင်းဆောင်တွင်း၌ ကိန်းဝပ်လျက်ရှိသော ကျောက်ဆင်းတု တစ်ဆူအား ပန်းနံ့သာများဖြင့် ပူဇော်ထားသည်ကို တွေ့ရလေ၏။

လုလင်ပျို့ထွားသည်အထက်ခန်းမ၌ထူးခြားသောကျောက်ဆင်းတုအား ပူဇော်လျက်ရှိသော နန်းတွင်းသူများအား ကြည့်လျက် ၎င်း၏အဖြစ်ကို စဉ်းစားမိ၏။ နောက်ပိုင်းမှ ဘုရားဝတ်ပြုလျက်ရှိသောအပျိုစင်တစ်ထွေးတစ်ဝိုက်သည် ပြတင်းဝ၌ ရပ်တန့်၍ ကန်ရေပြင်ကို ငေးမောလျက်ရှိသည်။ ၎င်းအား လှည့်ကြည့်ခြင်း၊ ရပ်တန့်ငေးမောခြင်းများ ပြုလုပ်ကြကုန်သည်ကို တွေ့ရ၏။

မကြာမီ ခရာသင်းမှုတ်သံကြားရပြီးလျှင် ငွေမောင်းတစ်ချက် ထုသံကြားရပြီးနောက် ငြိမ်သက်လျက်ရှိသော ကျောက်မိကျောင်းခန်းမဆောင်၌ ဆူညံစွာ စကားပြောဆိုရယ်မောပျော်ရွှင်



သောအသံများ ကြားလာရသည်။

ဣတ္ထိယနန်းတွင်းသူများသည် အသီးသီး အတွဲလိုက်ပြန့်၍ ထွက်လာကြ၏။ ချပ်ဝတ်တန်ဆာနှင့် ကိုယ်ရံတော်များသည်သာလျှင် ကေရီအသုန်ဝန္နာနား၌ ရပ်ကာ စောင့်ကြပ်လျက်ရှိကြလေသည်။

အသုန်ဝန္နာသည် လုလင်ပျို့ထွားတောတွင်းသား ရွှေရှက်လှအား လက်ယပ်၍ခေါ်လိုက်၏။အသုန်ဝန္နာ၏ အလှအပသည် လွန်စွာလှပလျက် လွန်စွာကျက်သရေ ပြည့်ဖြိုးလှသည်။ လည်ပင်း၌ ဘယက်ကြီးသည် စိန်ရောင်တဖိတ်ဖိတ်လက်လျက်ရှိပေ၏။

ရွှေရှက်လှသည် အလယ်အူလမ်းမကြီးလျှောက်၍ ကေရီ၏ထံပါးသို့ သွား၏။ နန်းတွင်းသူများသည် ရွှေရှက်လှအား လမ်းဖယ်၍ ပေးကြပေ၏။ အချို့သော နန်းတွင်းသူများသည် ရုတ်တရက် ရွှေရှက်လှ၏ ပခုံးသားကိုကိုင်၍ ကြည့်လိုက်၏။ အချို့က ဘေးချင်းယှဉ်၍တိုက်၏။ အချို့က မျက်လွှာပင့်မှုကြည့်၏။ အချို့က အနားသို့ရောက်ကာမှ 'ဟင်း ဟင်း ...' ဟူ၍ ရယ်မောခြင်းပြု၏။ ခက်စွတောင်း။

လမ်းဖယ်ပေးသောအုပ်စုနှင့် မထိခလုတ်ပြုကြသောအုပ်စုကြောင့် လုလင်ပျို့ထွားသည် ကေရီအသုန်ဝန္နာဆီသို့ အရောက်နှေးလျက်ရှိ၏။ အသုန်ဝန္နာသည် သေချာစွာ ရွှေရှက်လှ၏ လာလမ်းကို ကြည့်လျက်ရှိ၏။

လုလင်ပျို့ထွား တောတွင်းသားသည် ဣတ္ထိယများကို ကွေ့ပတ်ရှောင်၍ ကေရီအသုန်ဝန္နာ၏အနီးသို့ ရောက်ရှိပါလေ၏။ အသုန်ဝန္နာသည် မည်သည့်နေရာမှ ရွေ့လျားခြင်းမပြုဘဲ ရွှေရှက်လှ

www.burmeseclassic.com

www.burmeseclassic.com



အားသာလျှင် ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လျက်ရှိပေ၏။

"ဘာဓာတွေ လုပ်နေတာလဲ ...၊ ဤနေရာဟာ မွန်မြတ်သည့်နေရာအဖြစ် ဝဿနန္ဒိကုဏ္ဍိယနန်းတော်က သတ်မှတ်တယ် အရှင့် သား ...၊ ဤနေရာဟာ ကျောက်မီကျောင်းမင်းရဲ့နေရာဟူဘိတယ် ...၊ အခု ရကျောက်မီကျောင်းပွဲတော် လုပ်ဖို့အတွက် ချီတက်လာခြင်း ဖြစ်ပေတယ် ...။ အရှင့်သားလို တောတွင်းသားအတတ်ကို ဆောင်မည့်သူဟာလည်း ကျောက်မီကျောင်းပွဲကို ဆင်နွှဲဖို့လိုပေတယ် ... "

လုလင်ပျိုထွား ရွှေရွက်လှသည် မည်သည့်စကားမျှ ပြန်လှန်ဖြေကြားခြင်းမရှိဘဲ အတန်ကြာ စဉ်းစားခြင်းပြုဟန်ဖြင့် နေလိုက်ပြီးနောက် ကေရီအသုန်ဝန္တာအား စိုက်ကြည့်လိုက်သည်။

ထို့နောက် လည်တိုင်ဆီသို့ကြည့်ကာ မထုံတက်တေး ပြောလိုက်သည်။

"ကျောက်မီကျောင်းရုပ်ကြီးရဲ့ ဗိသုကာ လက်ရာတွေက ပြောင်မြောက်လွန်းလို့ ငေးမောနေမိတာပါ။ ကျောက်မီကျောင်း ပွဲတော်ကိုလည်း လေ့လာသူ တစ်ဦးအနေနဲ့သာ နေချင်ပါတယ်။ တောတောင်ရဲ့ကို အလှအပနဲ့ ဒီရေအိုင်ကြီးနဲ့ ဒီကျောက်မီကျောင်းတို့ရဲ့ သဘာဝနဲ့ အတတ်ပညာကို အံ့ဩနေမိတယ် ... "

ဤအချိန်တွင် နန်းတွင်းသူတို့သည် အောက်ခန်းမဆောင်သို့ ရွေ့လျား၍သွားကြပြီဖြစ်၏။ ကေရီအသုန်ဝန္တာသည် သူ၏ ကိုယ်ရံတော်တပ်မှူးများအား မျက်ရိပ်ပြုလိုက်သည်။ ကိုယ်ရံတော်များသည် အနီးအပါးမှ ထွက်၍သွားကြ၏။ စစ်ဖိနပ်သံပေးလျက်သွားကြ၏။ တစ်ကျိပ်ခန့်မျှရှိပေမည်။



ကေရီအသုန်ဝန္တာနှင့် ရွှေရွက်လှသည် ဘုရားကျောင်းဆောင်အနီး၌ နှစ်ဦးတည်း ကျန်ရစ်ခဲ့လေသည်။

"အခြားသော အလှအပတွေသာ စိတ်ဝင်တစားရှိဖို့ပ ...၊ ကေရီကိုတော့ စိတ်မဝင်စားဘူး မဟုတ်လား"

ကေရီအသုန်ဝန္တာသည် ခပ်စူးစူးကြည့်ရင်း ရွှေရွက်လှအား ပြောလိုက်သည်။ မွတ်သိပ်သော အကြည့်တစ်မျိုးသို့လည်း ပြောင်း၍သွား၏။ ရွှေရွက်လှသည် 'အဟဲ'ခနဲ ရယ်လိုက်သည်။

"ဘာဓာကို ရယ်တာလဲ ... "

အသုန်ဝန္တာသည် စိတ်နှိုးဆွဖွယ်ဖြင့် ရွှေရွက်လှအား မေးလိုက်သည်။

"လှသော ကေရီပျိုစင်နုကို စိတ်မဝင်စားသော ဖိုဘာဝ ယောကျ်ားသားသည် မရှိ။ စိတ်ဝင်စားကြီးလွန်းလှသည်သာ"

"ပသို့ဆိုလျှင် အမေးစကားကို ဘာလို့ တိုက်ရိုက်မဖြေသည်သာလဲ ... "

"ချစ်စိတ်၊ ကြိုက်စိတ် ပျို့တက်လာမှာစိုးလို့ မဆိုချင်တာပ"

ကေရီအသုန်ဝန္တာသည် ပါးချိုင့် ပါးခွက်ပေါ်အောင်ပင် ပြုံးခြင်းပြုလိုက်သည်။ ဖြူဖွေးသော သွားအစုံသည် ပေါ်လာသည်။ လည်တိုင်မှ သွေးကြောရှိန်းမြစိမ်းစိမ်းသည် တွေ့လျက်နေရသည်။

ကေရီအသုန်ဝန္တာသည် စကားစရှာမတွေ့သလို ဖြစ်လျက်သွား၏။ ရွှေရွက်လှသည် တောသားလူလည်ဖြစ်၏။ စကားချိုးစကားဝှက် နှံ့စပ်သည်။ အကြည့်အမျိုးမျိုးလည်း ကြည့်တတ်သည်။ အသုန်ဝန္တာသည် မျက်နှာလွှဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်က အနားမှာနေပါ ...၊ အောက်ထပ်မှာ ပျော်ပွဲအတွက် ပြင်ဆင်နေကြမယ် ...။ အမိန့်တစ်ရပ် မချမှတ်လိုဘူး ...။ သည်က အသုန်ဝန္ဒာသည် တာဝန်ရှိသူတစ်ဦး ဖြစ်တယ် ...။ အမိန့်ချုပ်ရလျှင် ကိုရင်ရွှေရွက်လှ အနေကျပ်သွားမယ် ...။ လွှတ်ထားပြန်တော့လည်း ပေါက်ကရ ထင်ရာသွားလိုပ။ အနားမှုမသီ၊ စွန့်မှုမဆို။ သတိပြုနေပ"

အသုန်ဝန္ဒာသည် သူမ၏မျက်လုံးဖြင့် ဝေ့ဝိုက်၍ ရွှေရွက်လှအားကြည့်ပြီး ဆိုခြင်းပြုလိုက်သည်။ ထို့နောက် ရှေ့တူရူသို့ မျက်နှာမူ၍ နေလိုက်သည်။

ရွှေရွက်လှသည် အသုန်ဝန္ဒာ၏ ပါးပြင်သို့ မွှေးလိုက်သည်။ ထို့နောက် ခပ်ကြမ်းကြမ်းနမ်းရှုပ်လိုက်သည်။ ထို့နောက် အသုန်ဝန္ဒာ၏ နှုတ်သားဖွဖွအားကို ထိတွေ့စုပ်မျှိုခြင်း ပြုလိုက်သည်။

ရွှေရွက်လှသည် အသုန်ဝန္ဒာအား အားဖြင့်ညှစ်၍ ပွေ့ဖက်ထားလိုက်ပြီး အားအင်ဖြင့် နမ်းရှုပ်ခြင်းကို ပြုလိုက်သည်။

ကြမ်းတိကြမ်းတောင်း ခိုင်မာခိုင်ခက်။ နွယ်ပတ်ရစ်ခွေသည်သို့ ...။ ကျစ်လျစ်သိပ်သည်းခြင်းသဘောသည် ဖြစ်ပေါ်၍ သွား၏။

"အို ... သွားရော လူကြမ်း ... "

အသုန်ဝန္ဒာသည် ရွှေရွက်လှအား ရင်ဘတ်ကြီးကို တွန်းဖယ်လိုက်သည်။ လုလင်ပျို့ထွား ရွှေရွက်လှသည် အင်အားကြီးသူဖြစ်လေရာ တွန်းဖယ်၍မရ။ စပါးကြီးမြွေနှင့်တူသော လက်ရုံးများကား ရွှေရွက်လှ၏ လက်ရုံးများသာတည်း။

"တော်ရော့ပြီ ၊ ဣန္ဒြေမရ၊ သည်သို့ပြုသည်မှာ ရာဇဝတ်



ဒဏ်သင့်တတ်၏။ မကြောက်ရွံ့လော ... "

ဟူ၍ ညင်သာနူးညံ့သော အသံဖြင့် ရွှေရွက်လှ၏ ရင်ဘတ်အား သူမ၏ လက်ဖဝါးနုနုဖြင့် တွန်းဖယ်ရင်း ပြောလိုက်၏။ အင်နှင့် အားနှင့် ရုန်းကန်မှု ဖျော့တော့၍သွားသည်။

"မကြောက်လို့ ဤတောတွင်းသို့ တစ်ဦးတည်းလာခဲ့တာပေါ့၊ ချစ်မိလျှင် ပို၍မကြောက်ရော့၊ အချစ်မှုသည် လူသား၏ မဟာရဲဆေးတစ်မျိုးပ၊ မဟုတ်ရောလား ... "

ထိုသို့ ပြောဆိုလိုက်ပြီး ကေရီအသုန်ဝန္ဒာ၏ ခါးအား ဖျစ်ညှစ်လိုက်ပြန်၏။

အသုန်ဝန္ဒာသည် တံတောင်ဖြင့် ထောက်ကာ အနည်းငယ်အားစိုက်ပြီး ရုန်းလိုက်၏။

"လူကြမ်း ဣန္ဒြေမရ၊ သည်ကအရှက်ကို ငဲ့ကွက်ဖို့ သတိမရှိကောင်း"

ဟူ၍ ဆိုပြီးလျှင်၊ ထပ်မံ၍ ရုန်းလိုက်၏။

"တောတွင်း၌ အရှက်မလိုပြီ၊ မြို့ပေါ်၌သာ အရှက်လို၏"

ရွှေရွက်လှသည် ထိုသို့ပြောဆိုပြီးလျှင် အသုန်ဝန္ဒာ၏ ပါးပြင်အား ခပ်ဖွဖွမွှေးလိုက်ပြီး လွှတ်လိုက်လေ၏။

အပူငွေ့ ထင်ဟပ်သွားသော ပါးပြင်ကို ပွတ်လျက် အသုန်ဝန္ဒာသည် လုလင်ပျို့ထွား ရွှေရွက်လှအား ကြည့်လိုက်သည်။ ရိုးရိုးကြည့်ခြင်းမျိုးမဟုတ်၊ မျက်စောင်းထိုး၍ ကြည့်လိုက်ခြင်းဖြစ်သည်။ ထိုမျက်စောင်း၌ အရည်တစ်မျိုး သက်ဝင်ခိုအောင်းလျက်ရှိသည်ဟူ၍ တွေးထင်ရ၏။ ဆိုနိုင်က အချစ်မျက်စောင်းတစ်မျိုးဟူ၍ ဆိုနိုင်အပ်ပေ၏။ အနည်းငယ် ရှက်သွေးမွှန်လျက်လည်း ရှိပုံရ

www.burmeseclassic.com

www.burmeseclassic.com



ပေ၏။ တောတွင်း၏အလှသည် ရှက်သွေးနှင့် ပို၍လှထည်၍နေ၏။

"အောက်မှာ နန်းတွင်းသူတွေ မျှော်နေရစ်မယ် ...၊ သွားတန်ပြီ၊ လိုက်တာမှုခဲ့။ အပါး၌ ငြိမ်ငြိမ်နေရစ်။ ရာဇဏ္ဍေန္ဒြေမပျက်စီးစေရန် အရှင့်သား စောင့်ရှောက်ရစ်ပါ၊ အချစ်ဟူမျိုး ဤသို့မပေါ်ခဲတန်ကောင်း၊ ချစ်သည်သို့ဆိုလျှင်လည်း နန်းဆောင်သို့ ရောက်သမှချစ်သပါ ..."

ကေရီအသုန်ဝန္တာသည် တိုးတိုးညင်သာစွာ ပြောဆိုလိုက်၏။ အသံမျှင်တန်းမှာ လှိုက်လှိုက်ဖိုဖိုရှိ၏။ နူးညံ့ပြေပြော၏။

ရွှေရွက်လှသည် ကေရီ၏ မျက်နှာအား သိမ်မွေ့စွာ ကြည့်ပြီးလျှင် မိမိ၏ ပြုမူချက်သည် မှန်သလော မှားတည့်သွားလေသလောဟူသော ဒွိဟစိတ်ဖြင့် စိတ်တွင်း၌ တွေဝေလျက်သွား၏။ ချစ်မေတ္တာစိတ်၏ နှိုးကြွားမှုကြောင့်လော၊ ရာဂစိတ်မှန်တိုင်း ဝင်ရောက်သွားလေသလော ဟူသော အချက်တို့ကို ဖြေရှင်းရန် ခက်သည်ကဲ့သို့ ဖြစ်၍သွား၏။

ကေရီအသုန်ဝန္တာ၏ ပါးပြင်မှ နံ့သာမှုန့်အချို့နှင့် ကိုယ်သင်းနံ့အချို့သည် ရွှေရွက်လှ၏ ရင်အုပ်ကျယ်ကြီး၌ စွဲထင်ကျန်ရစ်ခဲ့၏။ စိတ်အဟုန်သည်လည်း လှိုင်းထန်သော ရေပြင်ကဲ့သို့ မငြိမ်မသက်ဖြစ်လျက်ရှိ၏။ ပူနွေးနူးညံ့သော အာရုံတို့၏ အငွေ့အလျှံသည် ခန္ဓာကိုယ်၌ ရှိန်းမြမြ ကျန်ခဲ့ကုန်၏။ တစ်ကြိမ်မျှ နမ်းရှုံ့ခဲ့ဖူးခြင်း မရှိသော ရွှေရွက်လှ၏ လူသားသဘာဝသည် တစ်ခုသော အရာကို တစ်ရှိုက်မက်မက် တမ်းတမ်းတတ ရှိ၍သွားသယောင် ထင်မှတ်လိုက်ရပေ၏။

ကေရီအသုန်ဝန္တာသည် ရွှေရွက်လှအား ချစ်စိတ်နိုးသော



မျက်စိဖြင့် မျက်လွှာပင့်၍ ကြည့်ရှုပြီးလျှင် ရှေ့မှလျှောက်၍ သွားတော့သည်။

လုလင်ပျိုထွားသည် နောက်မှလိုက်၏။

ထို့နောက် ကေရီအသုန်ဝန္တာ၏လက်မောင်းအား ဆွဲကိုင်ပြီးလျှင် ...

"နန်းဆောင်သို့ပြန်လျှင် ကောင်းအံ့ အသုန်ဝန္တာ"

ကေရီမသည် အံ့ဩဟန်ဖြင့် လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ ..."

"ဤရေပြင်မှာ အန္တရာယ်ရှိနေတယ်"

ကေရီအသုန်ဝန္တာသည် ပါးခွက်ပေါ်အောင် ပြုံးလိုက်သည်။ ထို့နောက် ရယ်ရယ်မောမော ပြုလိုက်သည်။

"ဤတော ဤတောင်မှာ အမောင်က အသုန်ဝန္တာထက် ပိုကျွမ်းရောထင့် ...။ အန္တရာယ်မရှိလှပါ။ ဤနေရာတစ်ဝိုက်ဟာ ဣတ္ထိယနန်းတော်ရဲ့ နယ်မြေအဝန်းအဝိုက်ပဲ ...။ ကေရီစစ်သည်တော်တွေဟာ မိန်းမသားတွေပေမယ့် သူရဲများ မယှဉ်တောင်းလှအောင် ကျွမ်းသသူတွေသာ ဖြစ်ပေတယ်။ ဒီကျောက်မိကျောင်းပွဲတော်ကို နှစ်စဉ်ကျင်းပတယ်။ ဒီတစ်ည ဒီမှာခိုနားပြီး ကျောက်မိကျောင်းကြီးရဲ့ ပတ်လည်မှာ တူရိယာတီးမှုတ်ပြီး ပန်းပေါင်းကြဲမှာဖြစ်တယ် ...။ အလှနတ်သမီးကိုလည်း တမ်းတသီကျူးပြီး ဂုဏ်ဖော်ကြဦးမှာဖြစ်တယ် ...။ အမောင်လည်း ပျော်ကျူးမှာပါ ..."

ဟူ၍ ကေရီအသုန်ဝန္တာက ဆိုလိုက်သည်။

"မဟုတ်ပလေ ...၊ ဤရေတစ်ကြောမှာ အန္တရာယ်ဆောင်ရောက်နေတယ်လို့ ယူဆတိတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရွှေရွက်လှသည် မိမိကိုယ်မိမိ မည်သို့ညွှန်းဆိုခေါ်ဝေါ်ရမည်နေရာ၌ စကားထစ်၍ သွား၏။ အသုန်ဝန္နာသည် အမောင်ဟူ၍ ခေါ်တွင်လိုက်၏။ အရှင်သား ... မောင်တော်မှ အမောင်ဟူသော အသုံးအနှုန်းအတိုင်းပင် ညွှန်းရလေမည်လော။ ရည်းစားသည်ဘဝ ရောက်သသွားလေပြီလောဟု၍ စဉ်းစားခက်၍ သွား၏။

"ချည်ကဘူးနက် ချရစ်ခဲ့တယ် ...။ ဘူးနက်မြုပ်၍ သွားချေပြီ။ အန္တရာယ်ကောင် ငုပ်လျှိုးနေတာပ။ စဉ်းစားချိန်သင့်ပြီ"

ဟူ၍ ရွှေရွက်လှသည် စိုးရိမ်သော မျက်နှာထားဖြင့် ပြောဆိုလိုက်သည်။

"မပလီပါနှင့်၊ နန်းဆောင်ရောက်လျှင် သူညဦးဆဲချင်၍ ဆိုအပ်သည်"

ဟူ၍ လုလင်ပျိုထွား ရွှေရွက်လှ၏စကားကို ရယ်သွမ်းကာ ကေရီအသုန်ဝန္နာသည် ခပ်သွက်သွက်ထွက်၍ သွားပြီးလျှင် လှေကားထစ်၌ အောက်သို့ဆင်းလျက် သွားပေတော့၏။

ရွှေရွက်လှသည် ဟင်းခနဲ သက်ပြင်းတစ်ချက် ချပြီးလျှင် အောက်သို့မဆင်းသေးဘဲ ကျောက်မိကျောင်းကြီး၏ အထက်ဆောင် လသာပြတင်းမှ အပြင်ဘက်ရေပြင်သို့ ကြည့်ရှုလိုက်သည်။ ရေပြင်သည် စိမ်းနက်ရောင်ပြေးလျက်ရှိပြီးလျှင် ခပ်လှမ်းလှမ်းဆီမှ ရေပြင်သည် ခုံးထက်ထက် ဖြစ်လျက်ရှိသည်ကို တွေ့ရ၏။ ရွှေရွက်လှသည် အံ့ဩလျက် သွားရပေ၏။ ထို့ကြောင့် အတန်ကြာ စိုက်ကြည့်လျက်ရှိသည်။ ထိုစဉ်ခဏ၌ ထိုနေရာသည် မူလပကတိရေပြင်သို့ ပြန်လည်၍ လျော့ကျတည်ငြိမ်၍သွားပြီးလျှင် ထိုနေရာထက်ဆီ



မှ ပလုံစီထနေသော ရေဗွက်စုလေးများသည် ကျောက်မိကျောင်းကြီးဆီသို့ ဇော်၍ စီတန်းကာရောက်လာ၏။ လုလင်ပျိုထွား တောတွင်းသား ရွှေရွက်လှသည် ကျောက်မိကျောင်းပွဲတော်၏ လှုပ်ရှားမှုများကို စိတ်မဝင်စား။ ရေပြင်ထက်၌ရှိနေသည့်အရာကြောင့် စိတ်မအေးလှဘဲ ရှိပေ၏။

ထို့ကြောင့် လုလင်ပျိုထွားသည် ကျောက်လှေကားထက်မှ အောက်သို့ဆင်းလိုက်သည်။ အောက်ထပ်၌ အဆောင်များရှိသည်။ ထိုအဆောင်ထက်၌လည်း မီးတိုင်များ အမွှေးနံ့သာတိုင်များဖြင့် ဝင်းဝင်းပပရှိ၏။

နန်းတွင်းသူများသည် လွန်စွာ အလုပ်ရှုပ်လျက်ရှိကြ၏။ နံရံဘေးအသီးသီး၌လည်း စစ်သူရဲများသည် ချပ်ဝတ်စုံလင်စွာဖြင့် အစောင့်အနေအားဖြင့် ရှိ၏။ နန်းတွင်းသူများသည် ကျောက်မိကျောင်း၏ အမြီးပိုင်းတစ်ဝိုက်၌ အဆောင်တိုက်ရှိသည့် မီးလင်းဖိုများဖြင့် မြေဒယ်အိုးများကို တည်လျက်ရှိကြ၏။ အချို့သည် ပန်းကုံးပန်းတွဲများကို သီကုံးလျက်ရှိကြပေ၏။

ဇကရီအသုန်ဝန္နာသည် အဆောင်တစ်ခု၌ ယာယီစံနေဟန် တူ၏။ အရိပ်အငွေ့မျှပင်မတွေ့။ အခြားနန်းတွင်းသူများသာလျှင် လှုပ်ရှားလျက်ရှိကြပေသည်။

ရွှေရွက်လှသည် ရဲမက်တစ်ဦးထံသို့ ချဉ်းကပ်၍သွား၏။

လုလင်ပျိုထွားရွှေရွက်လှ၏ ရှေ့တည့်တည့်သို့ လုံမျှား တစ်ခုသည် ရောက်၍လာ၏။

"ဇကရီ သခင်မကို တွေ့လိုတယ် ..."

ဟူ၍ ရွှေရွက်လှသည် ခပ်တည်တည်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်မ နားနေတော်မူတယ် ...၊ အသင်တောတွင်းသား အား တွေ့ခွင့်မပေးနိုင်"

ရွှေရွက်လှသည် လှံတံကို ဆွဲဖယ်လိုက်၏။ ၎င်း၏ လှံတို မှိန်းသည် ခါးကြား၌ ညှပ်ထားခြင်းဖြစ်ရာ ရွှေရွက်လှသည် လှံတိုမှိန်း အား ဆွဲယူခြင်းပြုလိုက်သည်။

ရဲမက်သည်နှစ်ဦး ဖြစ်လျက်ရှိရာ ကျောက်တံခါးဝ၌ လှံတံ နှစ်ချောင်း ကြက်ခြေခတ်ပုံသဏ္ဍာန် တံခါးဝ၌ ပြလိုက်သည်။

ရဲမက်နှစ်ဦးသည် ရှေ့သို့ ဆတ်ခနဲ ရောက်၍လာ၏။ လု လင်ပျို့ထွား ရွှေရွက်လှနှင့် အရပ်အမောင်းမတိမ်းမယိမ်းခန့်ပင်ရှိ မည်ဖြစ်သော ရဲမက်နှစ်ဦးသည် ရွှေရွက်လှ၏ ပခုံးသားအား ကိုင် လိုက်သည်။ လက်များသည် နူးညံ့သော်လည်း အားပြည့်ပုံရလေ၏။ ထို့နောက် လှံတိုမှိန်းနှစ်ချောင်းဖြင့် ၎င်း၏နံရိုးကြားသို့ ထောက်၍ ထားလိုက်သည်။

"သခင်မ ... အမိန့်မရှိပ၊ ပြန်လှည့်၍သင့် ထိုက်ရာသို့သွား ပါ။ တောတွင်းသားဟူဘိ ဧကရီမ၏ အခွင့်မရှိဘဲ ဝင်ခွင့်မတောင်းရ"

အသံများသည် ဣတ္ထိယမိန်းမသားအသံ ဖြစ်သော်လည်း သေးမျှင်ပြတ်သားခြင်း ရှိဘိ၏။ သတ်ပုတ်ခြင်းကို ကောင်းစွာပြုမည့် ပုံဟန်ဆောင်၏။ အေးတိအေးစက်ပုံသဏ္ဍာန်များ ရှိကြ၏။ အတန် ပင် လေ့ကျင့်ထားပုံရသော ရဲမက်တံခါးမှူးများ ဖြစ်ကြပုံရ၏။

ရွှေရွက်လှသည် အချည်းနှီးသတ်ပုတ်ခြင်း မပြုလိုဟု စိတ် ဖြတ်ကာ လှည့်၍ထွက်လိုက်သည်။ လှံဆောင့်သံကို ကြားလိုက် ရ၏။

ရွှေရွက်လှသည် ကျောက်မိဖကျောင်းကြီး၏ ခြေထောက်



အနီး ကြိုးဖြင့်ချိတ်ဆွဲထားသော ၎င်း၏ လှေငယ်ဆီသို့ ကျောက် မိကျောင်း၏ ခြေထောက်ခုံပေါ်မှ တက်၍ကြည့်လိုက်သည်။ လှေကို ရေပြင်ပေါ်သို့ တွဲလွဲဖြစ်ရန် ချည်ထားရာ လှေ၏ပဲ့နင်းပိုင်းသည် ကျိုးပဲ့လျက်ရှိပြီးလျှင် ကြေမွသည့်သဏ္ဍာန်အား တွေ့ရ၏။

ရွှေရွက်လှသည် ချောက်ချား၍သွား၏။ အချို့နေရာများ၌ သွားရာကဲ့သို့သော ခြစ်ရာများကို တွေ့ရ၏။ လွန်စွာသည်းထိတ် စဖွယ်ပင်ဖြစ်၏။ အန္တရာယ်ဆိုးသည် ချဉ်းနင်း၍ ဝင်ရောက်လာနိုင် သည်ဟု မှတ်ယူလိုက်သည်။

ထို့ကြောင့် ခြေထောက်ပေါ်မှနေ၍ မျောက်သတ္တဝါတို့၏ တက်ခြင်းမျိုးဖြင့် ကျောက်မိကျောင်းကြီး၏ ကျောကုန်းထက်သို့ တက်လိုက်သည်။ အကြောအချဉ်ကို လျှော့လျက် လှံတိုမှိန်းအား သူ၏လက်ဖျံ၌ ချိတ်၍ထားလိုက်သည်။

တောတွင်းသားအတတ်၏ ပဥ္စမဆင့် အတတ်မျိုး၌ရှိ သော ဂတ္တဗန္ဓသာရ သားပျိုးစဉ်ဆွဲခြင်း အတတ်ကို လုလင်ပျို့ထွား သည် ခွဲခြမ်းစိတ်ဖြာထားလျက်ရှိပြီး နှုတ်တက်ရွရွ အာဂုံဆောင် လျက်ထားခြင်းနှင့် သင်ကြားလေ့လာမှု အားလုံးအား ကျေပွန်ထား ပြီဖြစ်သည်။ ကျန်လေးခုကိုကား လေ့လာနိုင်ရန် အားထုတ်မှုပြုရ ဆဲဖြစ်၏။

ရေတွင်းနက်သော် ရေကြည်၏။ ပေါက်ပွင့်ငုံတို့ ပေါက် သောအချက်၌ သာရကာငှက်သည် မြူးကြွ၏။ ရေယက်ခွဲထွက် သော ရေသတ္တဝါကြီးတို့သည် သားစိမ်းရှာ၏။

ရေနက်ရာကန်၏ လှိုင်းပုတ်ချက်သည် ပွက်ပွက်ထင် သော် သတ္တဝါကြီး၏ အရပ်နေရာသည် ရှေ့ခိုအေး၏။ ထို့နီ

www.burmeseclassic.com

www.burmeseclassic.com



အောင်းသော အရပ်သည် ရေသည်ပို၍ ငြိမ်သက်ဘိ၏။

လုလင်ပျိုတောတွင်းသား ရွှေရွက်လှသည် ဤအချက်တို့ကို တောတွင်းသားအတတ် ရွှေပုရပိုက်မှ အာဂုံကျက်ယူထားပေသဖြင့် ရေ၏ အလျဉ်အသွားအနက်အဝန်းကို ခန့်ကျက်မိ၏။ ထို့ပြင် ၎င်း၏ လှေငယ်ပဲ့ကိုင်နေရာ၌ ကျိုးပဲ့ကြေမွ၍ သွားသည်၌လည်း မသက်ာဖွယ်ရာဖြစ်၏။

ထို့ကြောင့် ရွှေရွက်လှသည် ကျောက်မိကျောင်း၏ ကျောကုန်းပေါ်သို့ တွားလျက်တက်ပြီးလျှင် ပတ်လည်သို့ ရှုကြည့်ခန့်မှန်းရန် မိကျောင်း၏ ဝမ်းဗိုက်ကိုယ်တည့်တည့် အမြင့်ဆုံးပိုင်းသို့ တက်လိုက်သည်။ ထို့နောက် ရေပြင်ကျယ်ဆီသို့ ပတ်လည် ရှုကြည့်လိုက်သည်။

ရေပြင်ကျယ်သည် နက်စိမ်းလျက် ငြိမ်သက်စွာရှိ၏။ တစ်စုံတစ်ရာသော အရိပ်အဝါပြသခြင်း အလျဉ်းမရှိ။ ပကတိအေးချမ်းလျက် ဣတ္ထိယနန်းတော်သူများ၏ လှေငယ်များမှ အချို့သော မီးရောင်များသည် ရေပြင်၌ အရိပ်ထင်လျက် ရေပြင်၏ ကျက်သရေကိုပင် ဆောင်လျက်သား ရှိသေးတော့သည်။

အတန်ကြာအောင်ပင် ရွှေရွက်လှသည် မှဆိုးဒူးထောက် အနေအထားဖြင့်ထိုင်လျက် မလှုပ်မယှက် ငြိမ်သက်စွာ အကဲခတ်ခြင်းပြုလေသည်။

ထိုစဉ်ကြိုက်ဝယ် ထူးဆန်းသောအရာတစ်ခုအား တွေ့ရလေ၏။ ကျောက်မိကျောင်းကြီးဆီသို့ မျှောဆင်း၍လာသော ဖောင်ငယ်တစ်ခုကို တွေ့ရခြင်းဖြစ်သည်။ ထိုဖောင်ငယ်၌ မှိတ်တုတ် မှိတ်တုတ် အလင်းရောင်လေးသည် လင်းလင်လျက်ရှိပေ၏။ ထိုဖောင်



သည် ဆက်တိုက်မျော၍ လာခြင်းမဟုတ်၊ တစ်ခါတစ်ရံ ပတ်ချာလည်လျက်သားရှိသည်ကို တွေ့ရ၏။ ထိုသို့ ပတ်ချာလည်ပြီးနောက် ဆက်လက်၍ မျောပြန်လေ၏။

လုလင်ပျိုရွှေရွက်လှသည် ထိုအချင်းအရာအား သေချာစွာကြည့်ရှုခြင်းပြုလေသည်။

ထိုအရာမှာ ဖောင်ဖြစ်သော်လည်း လွန်စွာကြီးမားလှသောဖောင်မဟုတ်။ ဖောင်ခပ်သေးသေးမျှသာဖြစ်ပြီးလျှင် ထိုဖောင်ပေါ်၌ ပက်လက်မျောလျက်ရှိသော လူတစ်ဦးအားတွေ့ရှိရလေ၏။ မည်သူတစ်စုံတစ်ဦးသည် ပက်လက်ဖောင်မျောလျက်လာပေသနည်းဟု တွေးဆကြည့်လိုက်သည်။

ထိုအချိန်တွင် ကျောက်မိကျောင်း၏ ဝမ်းဗိုက်အတွင်း၌ရှိကြကုန်သော ဣတ္ထိယနန်းတွင်းသူတစ်သိုက်သည် ကျောက်မိကျောင်း၏ ပါးစပ်ဝသို့ ထွက်လာ၍ ဝမ်းမြောက်ခြင်း အမူအရာများဖြင့် ထခုန်ကြသည်ကို တွေ့ရလေ၏။ အမျိုးသမီးဣတ္ထိယအပျိုစင်အချို့သည် အနီးရှိလှေပေါ်သို့ ခုန်၍တက်ပြီးလျှင် ကျောက်မိကျောင်း၏ ပါးစပ်အတွင်းသို့ ပန်းပေါက်များ ကြဲချကြလေ၏။ အချို့လည်း ပန်းစည်းကြီးများကို ကိုင်ဆောင်လျက် မိကျောင်းကြီး၏ မျက်စိဘက်ဆီသို့ လှေပေါ်မှနေ၍ ပေါက်ကြဲချကြလေ၏။

ဤအချိန်တွင် တူရိယာသံသည် ပေါ်ထွက်၍လာ၏။ သံပြောင်းညွှင်းညံ့သာယာစွာ သီကျူးခြင်းပြုကြလေသည်တမုံ။

အချို့အပျိုစင်တို့သည်လှော်တက်များဖြင့်ကျောက်မိကျောင်းကြီး၏ အမြီးဖျားဆီသို့ လှော်ခတ်၍သွားကြ၏။ ထိုနေရာမှနေ၍ ကျောက်မိကျောင်းကြီး၏ အမြီးများပေါ်သို့ ပန်းပေါက်ပန်းပွင့်များ

www.burmeseclassic.com

www.burmeseclassic.com



ကြွချခြင်းပြု၏။ အချို့အပျိုစင်တို့သည် ကျောက်မိကျောင်းကြီး၏ ကျောက်သားအမြီးတောင်ကြားရှိ ကွက်လပ်တွင်းသို့ ခန္ဓာကိုယ်များကို လှဲပစ်ချ၍ အားလျားမှောက်လျက် မြူးတူးခြင်းပြုကြ၏။

အတွင်း၌ မိကျောင်းပတ္တလားသံနှင့် မိကျောင်းရုပ်တပ်ဆင်သော ဝါးပရလွေကို သံပြိုင်တီးမှုတ်ခြင်း ပြုကြပေ၏။ ထူးပေဆန်းပေစွ။

တူရိယာသံများသည် ပျော့ချောညှင်းညှင်း တီးခတ်လျက်ရှိရာမှ ပြန်လည်ဆူညံစွာ တီးမှုတ်၍လာလေသည်။ နန်းတွင်းသူအပျိုစင်တို့မှာလည်း လှုပ်လှုပ်ရွရွဖြစ်လျက် လာကြပေ၏။ သို့ရာတွင် လှကေရီအသုန်ဝန္နာသည် အပြင်သို့ထွက်လာခြင်း မရှိပေ။

ရွှေရွက်လှသည် ကျောက်မိကျောင်းရုပ်ကြီး၏ ပါးစပ်တည့်တည့်တွင်ရှိသော ကေရီသခင်မ၏ ရွှေလှေကြီးကို ကြည့်ရှုလိုက်ပြန်၏။ ရွှေလှေကြီးပေါ်၌ မည်သူတစ်ဦးတစ်ယောက်မျှ တက်ခြင်း မရှိပေ။ ပကတိငြိမ်သက်လျက်ပင် ရှိ၏။ နန်းတွင်းသူများသာလျှင် မြူးထူးလျက်နေခြင်းဖြစ်သည်။

ကျောက်မိကျောင်း၏ ကျောကုန်းထက်တွင်ကားအလင်းရောင်သည် ပိန်းပိတ်မှောင်လျက် ဘေးတစ်ဝိုက်သာလျှင် လှေပေါ်မှ မီးတိုင်များကြောင့် လင်းလက်လျက်ရှိပေရာ ရွှေရွက်လှသည် အေးချမ်းစွာကြည့်လျက် အကဲခတ်နိုင်ပေ၏။

ခပ်ဝေးဝေးမှ ဖောင်သည် ချာရပတ်လည်လိုက် မျောပါလိုက်ဖြင့် တဖြည်းဖြည်းနီးလျက်လာပေ၏။ ထိုဖောင်ငယ်သည် ကျောက်မိကျောင်းကြီး၏ ပါးစပ်တည့်တည့်သို့ မျောလျက်လာလေ၏။



ရွှေရွက်လှသည် ကျောက်မိကျောင်းကြီး၏ အပေါ်ဆုံးမှနေ၍ အကဲခတ်လျက်ရှိရာ ထိုဖောင်အနီးသို့ရောက်လျှင် ပို၍အံ့သြသင့်လျက် သွားပေ၏။ ဖောင်ထက်၌ အမျိုးသမီးတစ်ဦးသည် ပက်လက်မှေ့မျောနေဟန်သော်လည်းကောင်း၊ တစ်စုံတစ်ခုဖြင့် ချည်နှောင်ထားလျက်သော်လည်းကောင်း ရှိတန်ရာသည်ကို တွေ့ရပေ၏။

ထို့ကြောင့် ရွှေရွက်လှသည် အောက်သို့ပြေးလွှား၍ ဆင်းသက်လာ၏။ ကျောက်မိကျောင်း ကုန်းထက်မှ အမြီးများသို့ခုန်၍ဆင်းလိုက်၏။ ထို့နောက် အမြီးပိုင်းမှ ခြေခုံသို့တက်ပြီးလျှင် ကျောက်မိကျောင်းကြီး၏ ဆူးတောင်များကြားသို့ ကုတ်တက်ကာ ရှေ့ခြေထောက်ဆီသို့ အမြန်ဆုံး ကူးပြောင်းပြေးလွှားခြင်း ပြုလိုက်သည်။

အရှေ့ခြေနှစ်ချောင်းအနီးတွင်သာ အတွင်းသို့ဝင်ရန်ကျောက်တံခါးပေါက်ရှိ၏။ ထိုနေရာမှလွဲလျှင် ကျန်နေရာများသည် ရေအတွင်း၌သာလျှင် ဖြစ်ပေ၏။ ကျောက်မိကျောင်းကြီး၏ တည်ဆောက်ပုံမှ ရေပေါ်တွင် မူလအကောင်အတိုင်း ပေါ်နေအောင်ပြုလုပ်တည်ဆောက် စီမံ၍ထားခြင်း ဖြစ်လေရာ ရေနက်သော ရေလယ်ခေါင် တည့်တည့်ဖြစ်၍ အောက်သို့ရောက်ရန် ရေနက်တွင်းသို့သာလျှင် ဆင်းရမည်ဖြစ်ပေသည်။

ထို့ကြောင့် ရွှေရွက်လှသည် ကျောက်မိကျောင်း၏ ခြေထောက်များပေါ်သို့သာလျှင် အရအမိကူးရခြင်း ဖြစ်ပေသည်။

ရွှေရွက်လှသည် ကျောက်မိကျောင်း၏ တံခါးပေါက်တွင်းသို့ လှမ်း၍ဝင်လိုက်သည်။ ထိုအချိန်တွင်ပင်။ 'ဟား ... ဟေး' ဟူ

www.burmeseclassic.com

www.burmeseclassic.com



သော အသံနက်ကြီးတစ်ခု ကြားလိုက်ရ၏။

ရွှေရွက်လှသည် လှမ်း၍ကြည့်လိုက်သည်။ ကျောက်မီကျောင်း၏ ပါးစပ်ပေါက်ဝအနီးသို့ လှေငယ်များသည် စုပြုံလျက်ရောက်ရှိလာသည်။

"ဟေး ... ဟေး' ဟူသော အသံကြီးသည် ဆက်လက်ထွက်ပေါ်၍လာသည်။

ရွှေရွက်လှသည် ဧကရီအသုန်ဝန္တာ၏ ရွှေလှေကြီး၏ ဟိုဘက်ဆီသို့ လှမ်းမျှော်ကြည့်၍မရ။ လှေများစုပြုံလျက်ရှိ၏။ သို့ရာတွင် တောတွင်းသား ရွှေရွက်လှသည် သဘောပေါက်လိုက်သည်၊ မျှော်၍လာသော ဖောင်သည် ဤနေရာသို့ ရောက်ရှိ၍လာပြီဟု သိလိုက်သည်။

အသုန်ဝန္တာသည် ရွှေရွက်လှအား တွေ့ရှိလိုက်လျှင် မျက်လွှာချလိုက်ပြီး စိတ်ကိုပြန်၍ ထိန်းလိုက်ခဲ့၏။ ထို့နောက် ကျောက်မီကျောင်း၏ပါးစပ်တည့်တည့်တွင် ရပ်လျက် အချင်းနေရာသို့ ခေါ်ကြား မျှ စူးစိုက်၏။

"သခင်မလေး ကြွလာတယ် ... နေရာဖယ်"

ဟူသောအသံများသည် ပေါ်၍လာပြီးနောက်၊ ထိုဆူညံဟစ်အော်ခြင်း လှုပ်လှုပ်ရှရှဖြစ်ခြင်းသည် ငြိမ်သက်၍သွားကြပေ၏။

"ရှေ့တော်သို့သွင်းလိုက်ကြစမ်း"

ဟူ၍ တင်းမာသော လေသံဖြင့် အမိန့်ပေးလိုက်သည်။ စစ်သည်အချို့သည် လှေပေါ်သို့ခုန်တက်လိုက်ကြ၏။ လှေပေါ်သို့ခုန်၍ တက်ခြင်းမှာ လွန်စွာလျင်မြန်ကြ၏။ လှေ၏နံရံဘောင်ပေါ်



သို့ ဖျတ်ခနဲတက်၍ မယိမ်းမယိုင် ရပ်လိုက်နိုင်ကြသည်ကို တွေ့ရ၏။ ကြေးခွက်ကပ်လှေငယ်များဖြစ်၍ ကိုယ်ရံတော်တပ်၏ လှေများဖြစ်ကြပေ၏။

ကိုယ်ရံတော်တပ်မှူးနှစ်ဦးသည် လှေပေါ်မှနေလျက် ရှေ့လှေအုပ်စုအား အမိန့်ပေးလိုက်သည်။

ဧကရီအသုန်ဝန္တာသည် စောင့်ကြည့်လျက် ရှိ၏။

အုပ်စုံလှေများသည် ရှဲ၍သွားပြီးလျှင် ကိုယ်ရံတော် စစ်သည်မှူး၏ လှေများသာလျှင် ဧကရီအသုန်ဝန္တာ၏ လှေအနီးတွင် ရှိတော့သည်။

ရွှေရွက်လှသည် ဧကရီအသုန်ဝန္တာ၏ အနားသို့ကပ်လိုက်၏။ ဧကရီမသည် တစ်ချက်မျှ လှည့်၍ကြည့်လိုက်သည်။ ချစ်ရည်ချစ်ငွေ့များ ရိပ်သန်းယှက်ခိုလျက် ရှိပေ၏။

"ဘာကြောင့် လာတွေ့ရတာလဲ ...။ ကိုယ့်ဘာသာ ကိုယ်သင့်ရာမှာ နေသည်ပေါ့ ..."

အသုန်ဝန္တာသည် ရှေ့သို့စူးစိုက်ရင်း ရွှေရွက်လှအား တိုးတိုးညင်သာစွာ ပြောဆိုခြင်း ပြုလိုက်သည်။

"အန္တရာယ်ရှိနေတယ် ... ဒီကအမြန်ပြန်ပြီး နန်းတော်ကို အရောက်နှင်သင့်ပြီ ...။ အသုန်ဝန္တာ။ ချစ်စိတ်ကြောင့် ပြောရခြင်း"

အသုန်ဝန္တာသည် တစ်ချက်မျှလှည့်ကြည့်ပြီး ပြုံးလိုက်သည်။

"သွားနှင့်ရော့ ... သို့တည်းမဟုတ် ... အဆောင်၌ညဦး အိပ်မည်လော သည်နှစ်ခုပဲ ရွေးပါအမောင်။ ကျောက်မီကျောင်းပွဲဟာ နှစ်စဉ်အထာဝတ္တ ကျင်းပရတဲ့ပွဲမို့ ပယ်ဖျက်လို့ မရတန်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည့်ဓလေ့ အယူအဆရှိသည်မို့လား ... ”

ကေရီမသည် ထိုသို့ပြောပြီး ဆက်၍မဆိုနိုင်။ ရှေ့တူရူမှ ရောက်၍လာသော ရဲမက်ဗိုလ်မှူးနှစ်ဦးအား ကြည့်လိုက်၏။

စစ်သည်မှူး နှစ်ဦးသည် ဒူးထောက်လျက် အရိုအသေ ပေးလိုက်ပြီးလျှင် အစီရင်ခံလိုက်သည်။

“ကြီးတုပ်နှင်လျက် အသက်မသေ လုံမပျိုတစ်ဦး ဖောင်နှင့် မျောဆင်းလာကြောင်းပါ သခင်မလေး။ အသို့စီရင်ရမည်ကို လျှောက်တင်အံ့”

ရွှေရွက်လှသည် ရှေ့တစ်ခိုသို့ လှမ်းမျှော်၍ကြည့်လိုက်သည်။ ဖောင်သည် ရွှေလှေကြီးအနီးသို့ပင် ဆိုက်ရောက်လျက် ရှိ၏။ ပက်လက်မျောနေသော ကလျာဏီယတစ်ဦးကို တွေ့ရ၏။ အလင်းရောင်သည် မလင်းတလင်း ရှိပေသဖြင့် မသဲကွဲလှပေ။

“မျောက်မည်းညိုတစ်ကောင် ပါလာသည် သခင်မလေး။ မျောက်မည်းညိုကမူ ဖောင်ခွဆုံ၌ ကြောကပ်လျက်ရှိပါ၏။

“ငါ ကိုယ်တိုင်ကြည့်မည်။ ရှေ့ဆောင်ယူခဲ့”

ရွှေရွက်လှသည် လျှပ်ခနဲ ရင်ထိတ်၍သွားသည်။ တဝမူ ဖြစ်နိုင်သည်။ တဝမူပျောက်ခြင်း အစအနသည်မသိရှိသေးတော်။

စစ်သည်ရဲမက်နှစ်ဦးသည် လှေပေါ်မှ ဖောင်အား ကျောက်မီကျောင်းရုပ်ကြီး ပါးစပ်ဝအနားသို့ ဝါးဖြင့်ထိုးကပ်၍ [illegible] လိုက်သည်။

ကေရီအသုန်ဝန္နာသည် ကျောက်မီကျောင်း၏ ပါးစပ်ထိပ် [illegible] ဝဘက်ဆီသို့ လှမ်းကြွ၍ ဖောင်ထိပ်ကို ကြည့်လိုက်သည်။ ရဲမက် [illegible] များသည် မီးတိုင်များကို မြှင့်လျှက်ပြလိုက်သည်။ မီးတိုင်စင်ဆယ်[illegible]



မျှ ပိုင်းထိုး၍ ပြသလျှဦးသည်ကြောင့် ဖောင်တွင်းကို အထင်းသား မြင်နိုင်သည်။

ရွှေရွက်လှသည် ကေရီအသုန်ဝန္နာ၏ အနီးသို့ကပ်လျှက် သွား၏။ စစ်သည်မှူးနှစ်ဦးသည် ရွှေရွက်လှအား လှမ်း၍တားလိုက်သည်။ ကေရီအသုန်ဝန္နာသည် ဖောင်အား ရုတ်တရက် စိတ်မဝင်ဘဲ စစ်သည်မှူးအား လေသံမာဖြင့် ...

“မတားလင့် ... ငါ၏အမောင်”

ဟု လှည့်၍ ပြောလိုက်သည်။ စစ်သည်မှူးနှစ်ဦးသည် တွန့်ခနဲဖြစ်၍ ရွှေရွက်လှအား လန့်၍သွား၏။ ထို့ကြောင့် နောက်သို့ခပ်ကျဲကျဲနေရာပေး ဆုတ်လိုက်ကြပေ၏။ ရွှေရွက်လှသည် ကေရီ၏ အပါးသို့ ကပ်ကာ ဖောင်တွင်းသို့ ကြည့်လိုက် သည်။

“ဟင်း ... တဝမူ ... ”

ရွှေရွက်လှ၏ ရုတ်တရက်ထွက်ပေါ်လာသော အာမေဍိတ် ပြသံသည် အနီးအပါးသို့ပင် ပဲ့တင်ခတ်၍ သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်မီးကျောင်း အန္တရာယ်

'တဝမှု' သည် ပက်လက်မျောလျက်ရှိ၏။ ကြိုးများချည်နှောင်တုပ်ဆွဲခြင်း ခံထားရသဖြင့် ကြိုးများ၏ဒဏ်ချက်များကို တွေ့ရ၏။ ဖောင်ပေါ်၌ ငြိမ်သက်လျက်ရှိ၏။ မျောက်မည်းညိုမှာမူ အေးပတ်ဝန်းကျင်မှ လူများကို ပြူးကြောင်သောမျက်လုံးအစုံဖြင့် ကြည့်လျက်ရှိပေ၏။

တစ်ချက်တစ်ချက်တွင် အင့်ခနဲ ညည်းညူလိုက်သည့် အသံသည် တဝမှု၏နှုတ်ဖျားမှ ထွက်၍လာသည်။

ရွှေရွက်လှသည် ရှေ့သို့တိုး၍ ထွက်လိုက်သည်။ ခါးကြားဆေးခါးပတ်၌ ထိုးထောင်၍ ထည့်ထားသော လှံတိုမြှိန်းကို ဆွဲထုတ်လိုက်သည်။ အသုန်ဝန္နာသည် ရွှေရွက်လှအား လှမ်း၍ ဆွဲထားလိုက်သည်။

ရွှေရွက်လှသည် အသုန်ဝန္နာအား ကြည့်လိုက်သည်။ အသုန်ဝန္နာသည်လည်း ရွှေရွက်လှအား ကြည့်လိုက်သည်။



"အမောင့်အလုပ် မဟုတ်ပ ... ရှောင်ရာ"

ရွှေရွက်လှနှင့် အသုန်ဝန္နာ၏ အကြည့်နှစ်ခုသည် အားပြိုင်လျက် ရှိ၍သွားသည်။ ထိုမျက်လုံးများ၌ ထူးခြားသော ရုပ်ထင်ပြချက်များသည် ခိုလျက်ပါ၍သွားလေသည်။

ရွှေရွက်လှသည် မျက်နှာလွှဲလျက် ရှေ့သို့တိုး၍ ထွက်လိုက်သည်။ စစ်သည်မှူးတစ်ဦးသည် ရွှေရွက်လှ၏အနားသို့ ရုတ်တရက် ခုန်၍ကပ်လိုက်သည်။ သို့သော် နောက်ကျလျက်သွားချေ၏။ ရွှေရွက်လှသည် တဝမှု၏ဖောင်ပေါ်သို့ ခုန်တက်ရောက်နှင့်ပြီးဖြစ်သောကြောင့်တည်း။

ကေရီအသုန်ဝန္နာသည် ရွှေရွက်လှအား တစ်ချက်မျှ တွေတွေငေးငေး စိုက်ကြည့်ပြီးနောက် သူ၏ရဲမက်များအား လက်ဖြင့်ကာ၍ ရပ်တန့်နေကြရန် အမိန့်ပြုလိုက်၏။ ထို့နောက် သူမသည် အေးဆေးစွာရပ်၍ ကြည့်လိုက်သည်။ သို့ရာတွင် မျက်လုံးအစုံသည် ညို့၍တက်လာသည်။ မျက်ဝန်းသည် စိုစွတ်ရွှန်းလဲ့၍ လာသည်။

လုလင်ပျိုထွား ရွှေရွက်လှသည် လှံတိုမြှိန်း၏ လှံသွားဖြင့် တုပ်နှောင်ချည်ငင်ထားသော ကြိုးများကို ထိုးခွဲဖြတ်တောက်ပစ်လိုက်သည်။ ကြိုးရစ်ဒဏ်ရာများသည် တဝမှု၏ခန္ဓာကိုယ်ပေါ်၌ ထင်းလျက်ကျန်ရစ်သည်။ တဝမှုသည် တအင့်အင့် အသံထွက်လျက်ရှိ၏။

တဝမှု၏ ခန္ဓာကိုယ်မှာ ရေများစိုစွတ်လျက် လွန်စွာအေးစက်၍နေသည်။ နှုတ်ခမ်းများမှာ ပြာနှမ်းလျက် ဆံပင်တစ်ခြမ်းမှာလည်း ရေတွင်း၌ နစ်လျက်ရှိရာ ဆွဲတင်လိုက်သည်။ တဝမှု၌ အခြားဒဏ်ရာဒဏ်ချက်များ မရှိပေ။

ရွှေရွက်လှသည် ဆေးခါးပတ်ကို စမ်းလိုက်သည်။ ညာဘက်သို့ စမ်းလျက် အိတ်နှိုက်ပြီးလျှင် အမည်းရောင်ဆေးလုံးတစ်

www.burmeseclassic.com

www.burmeseclassic.com



လုံးအား ထုတ်ယူလိုက်သည်။ ထို့နောက် ထိုဆေးလုံးအား လက်ဖြင့် ဖျစ်ညှစ်လိုက်ရာ အမှုန့်ဖြစ်လျက်သွားသည်။ ထိုအမှုန့်အား လက်ဖြင့်ကော်လျက် တဝမှု၏အာခေါင်ရင်းသို့ ရွှေရွက်လှသည် နှိုက်သွင်းပွတ်ချလိုက်သည်။ သွားများသည် စေ့နေသဖြင့် ဘယ်လက်ဖြင့် ပါးချိုင့်နှစ်ဖက်အား ဖျစ်ပြီး ပါးစပ်ကိုဆွဲ၍ ဖြဲလိုက်ရသည်။

သေတမူး လူနာသည်အား ပြုစုဆေးတိုက်ကျွေးလျှင် စောလျင်စွာနိုင်ရသည်။ သို့မဟုတ်က သေမင်းသည် လက်ငင်းမွေ့ ငင် ခေါ်ယူတတ်ချေသည်။ ဆေးသမားကောင်းဟူက သေမင်းကို လူနာအတွက် ဖက်ပြိုင်အံတုရသည်။

သို့မှသာလျှင် သမားကောင်းမည်၏။ သွေးတုံ့လေတုံ့ အဖျင်းကျ၍ သေတမူးရှိသော ဆေးသမားသည် အသာစည်းရ၏။ သွေးဆုတ် လေဆုတ်သော်မှသာလျှင် ဆေးသမားသည် လက်လျှော့ရ၏။ ဤအထိရွှေရွက်လှသည် ဆေးအတတ်ကျွမ်းလျက်ရှိ၏။

ထိုစဉ်ကာလ၌ မျောက်မည်းညိုသည် ရွှေရွက်လှ၏ ကျောကုန်းထက်သို့ ခုန်၍တက်လိုက်ပြီး ဇက်၌ပု၍ ဝပ်လိုက်သည်။ ကျွမ်းရင်းစွဲရှိဟန်တည်း။

ကေရီအသုန်ဝန္နာက ရွှေရွက်လှအား စိုက်ကြည့်လျက်ရှိသော မျက်လုံးအစုံသည် ပြုံးရိပ်သန်း၍လာသည်။

ရွှေရွက်လှကား မည်သူ့အားမျှ ဂရုမစိုက်နိုင်၊ ဆေးခါးပင် တစ်ခုနှင့် တဝမှုအား ပြုစုယုယလျက်ရှိပေသည်။

တဝမှု၏ အသက်ရှင်သန်ရေးနှင့် သွေးကြောများ ပြန်လည်လှည့်ပတ်၍ ကောင်းမွန်ရေးသည့်သာလျှင်ရှိ၏။ ဆေးသမား တစ်ဦးအဖို့ အကြားအသို့ အရှက်ပိုသည် ဟူသော လိုအပ်ချက်မျိုး မမြင်မထိအပ်သော အရာသည် ဆေးသမား၌ မရှိတုန်ရာ။



ခေတ္တမျှကြာလျှင် တဝမှုသည် လှုးလွန့်ခြင်း ရှိ၍လာသည်။ တအင့်အင့် ညည်းညူသံသည်လည်း ပေါ်ထွက်၍လာသည်။ ရွှေရွက်လှသည် တဝမှုအား ပွေ့ချီလိုက်၏။ ထို့နောက် ငါးဖောင်ပေါ်မှ မိကျောင်းပါးစပ်တွင်းသို့ ခုန်၍ ကူးလိုက်သည်။ ရွှေရွက်လှသည် ထွားကျိုင်းခြင်း၊ သန်မာခြင်းနှင့် လျင်မြန်ခြင်းရှိရကား တဝမှုအား ပွေ့လျက်ခုန်လိုက်နိုင်ခြင်း ဖြစ်သည်။ တဝမှု၏ အသက်ရှူဖိုလှိုက်သောအသံသည် ပေါ်၍လာ၏။

"အဆောင်တိုက်သို့ ပို့ဆောင်ရန်စီစဉ်သမှုပြုပါ"

ရွှေရွက်လှသည် ကေရီအသုန်ဝန္နာအား တဝမှု၏ခန္ဓာကိုယ်ကြီးအား ပွေ့ပိုက်ထားရင်းပင် ပြောဆိုခြင်းပြုလိုက်သည်။

ကေရီအသုန်ဝန္နာသည် မလှုပ်မယှက် ရပ်တည်လျက်သာ ရှိပြီး ရွှေရွက်လှ၏ မျက်နှာအားသာလျှင် စူးစူးစိုက်စိုက် ကြည့်ရှုလိုက်သည်။ အသုန်ဝန္နာသည် တဝမှုအား လုံးဝကြည့်ရှုခြင်း မရှိပေ။

"ဘဇာရို့ စိတ်ပူမှုဖြစ်နေရတာတုန်း။ သည်တောရိုင်းသူမကို ဘဇာကြောင့် ဂရုမှုချင်ရသည်တုန်း အမောင် ...။ အမောင်ဟာ အသုန်ဝန္နာ အနီးအပါး၌ နေစဖွယ်ရှိလောက်ပြီဟူရဲ့ ..."

ဟူ၍ အသုန်ဝန္နာသည် ရွှေရွက်လှအား ပြောလိုက်သည်။

ရွှေရွက်လှ၏ ဆေးစွမ်းသည် ပြ၍လာဖြီထင့်။ တဝမှုသည် နိုးကြွ၍လာသည်။ မျက်လုံးအစုံကို ဖွင့်ကြည့်လတ်သည်။ အေးစက်နေသော အသားစိုင်တို့သည် နွေးလျက်သားရှိ၍လာသည်။ ရွှေရွက်လှ၏ ရင်ခွေ့သည် အေးစက်လျက်ရှိသော တဝမှု ခန္ဓာကိုသို့ ကူးစက်၍သွားဟန် တူလေသည်။

တဝမှု၏ ခန္ဓာကိုယ်ပေါ်မှ ကြိုးချည်ခံထားရသော ဒဏ်ရာများမှာ အံတော်ပင် တင်းကျပ်စွာ ချည်နှောင်၍ ထားသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



၉

ကြီးစည်းရာကြီးသည် အစင်းကြောင်းအတိုင်း ချိုင့်ဝင်လျက်ရှိပေသည်။ ခန္ဓာကိုယ်မှာမူ ပိန်ချုံးကျဆင်းသွားခြင်းမရှိ မူလအနေအထားအတိုင်းပင် ဖြစ်ပေ၏။ မျက်နှာငယ်ငယ်၌သာလျှင် မျက်ကွင်းညိုလျက်ရှိသည်ကို တွေ့ရလေသည်။

ရွှေရွက်လှသည် အသုန်ဝန္နာအား ကြည့်လိုက်သည်။ မည်သို့မည်ပုံ ပြန်လှန်ပြောပြခြင်းထက် တဝမှူအား ဆေးဝါးကုသခြင်း ပြုလုပ်ရန်သာလျှင် အထူးအရေးကြီး၏။

စစ်သည်မှူးနှင့် နန်းတွင်းသူများသည် ထူးခြားသော ဤအဖြစ်အပျက်ကြောင့် မည်သို့မည်ပုံ ပြုလုပ်ဆောင်ရွက်လိုက်နာရမည်ကို မသိဖြစ်လျက် ရှိကြပေ၏။

ရွှေရွက်လှသည် အသုန်ဝန္နာအား သေချာစွာစိုက်ကြည့်၏။ အသုန်ဝန္နာသည် ရွှေရွက်လှအား ...

"ချစ်သော အမောင် ...၊ ဤရွာပျက် အိမ်ပျက် ရွာကောစက အရိုင်းသည်မ တဝမှူအား ဖောင်တွင် တင်၍မျောပစ်လိုက်ပါ ချစ်သော အမောင်၊ ရွာကောစသည် ဤဏ္ဍတ္တိယနန်းတော်၏ အသုရန်တစ်မြို့ ဖြစ်လျှဦးပေသည်။ ရွာအိမ်ပျက်မှ ရွာခေါင်းကြီး ဗျူဟတောသည် ဏ္ဍတ္တိယနန်းတော်မှ နန်းတွင်းသူတစ်ဦးအား လုယက်ခိုးယူ၍ 'ရွာကောစ'တို့ ဤတောခြေ၏ ဟိုဘက်တောင်ကမူ ချိုင့်ဝှမ်း တစ်လှူတစ်မင်း ဗိုလ်မင်း လုပ်ခဲ့သည်။ တဝမှူသည် ဤသူယုတ်၏ အဆက်အနွယ်တည်း"

လုလင်ပျိုရွှေရွက်လှသည် အသုန်ဝန္နာ၏ ပြောဆိုချက်ကို နားစိုက်ထောင်လိုက်ပြီး ဟင်းခနဲ သက်ပြင်းတစ်ခုချလိုက်သည်။

ဤကိစ္စရပ်များသည် ၎င်းမသိရှိချေ။ သို့စေကာမူ ၎င်း၏ ခရီးဖော်ဖြစ်ခဲ့ဖူးသူ တဝမှူအား ပသို့ ပစ်ရက်မည်နည်း။ စဉ်းစား



ကျပ်ဘိသည်။

ထို့ကြောင့် ရွှေရွက်လှသည် ဆေးခါးပတ်တွင်းမှ ဆေးညိုတစ်လုံးအား နှုတ်ယူလိုက်ကာ တဝမှူ၏ ပါးစပ်တွင်းသို့ ထပ်၍ခွံ့လိုက်သည်။ အာယုမက္ခ သူယောင်ဆေးဖြစ်သည်။ အစာအာဟာရ ပြတ်လပ်သူများအတွက် ချက်ချင်း လန်းဆန်းလျက်သွားနိုင်သည့် ဆေးကြီးတစ်လက်ဖြစ်သည်။

ထိုသို့ခွံ့ပြီးနောက် ရွှေရွက်လှသည် တဝမှူအား ကျောက်မိကျောင်းကြီး၏ လျှာပေါ်ရှိ မြေသင်းခုံခင်းပေါ်သို့ အသာအယာတင်၍ ထားလိုက်သည်။ ထို့နောက် တဝမှူ၏ အခြေအနေကို ဆက်၍ အကဲခတ်စူးစမ်းခြင်းပြုလိုက်သည်။ တဝမှူသည် နှီးကြားသိစိတ်ပေါ်၍ လာဟန်ရှိသော်လည်း အိပ်စက်ဘိသကဲ့သို့ ပြောင်းလဲ၍သွားသည်။ သို့ရာတွင် နှုတ်ခမ်းနှစ်လွှာမှ ရေရွတ်သံတစ်ခုသည် ထူးခြားစွာ ထွက်၍လာသည်။

"မောင်ကြီး ...၊ ချမ်းတုန်လတ်ဘိ ..."

ဟူသော အသံပင်ဖြစ်၏။ တိုးတိုးရှရှ အင်အားနှဲ့နဲ့သော အသံဖြင့် ထွက်ဆိုခြင်းဖြစ်သည်။

"တဝမှူ ... နိုးထ"

ဟူ၍ ရွှေရွက်လှသည် တဝမှူ၏ ပခုံးအား ကိုင်လှုပ်၍ အသံပြုလိုက်သည်။ တဝမှူသည် အားနည်းစွာဖြင့် မျက်လုံးဖွင့်၍လာသည်။ တဝမှူသည် ဒူးထောက်လျက်ထိုင်ကာ ၎င်းအား ကြည့်ရှုလျက်ရှိသော ရွှေရွက်လှအား တွေ့လျှင် အားရှိစွာဖြင့် ပြုံးလိုက်သည်။

ရွှေရွက်လှသည် တဝမှူ၏ လက်ကောက်ဝတ်ကို သွေးစမ်းခြင်း ပြုလိုက်သည်။ သွေးသည် ဖားခုန်နှုန်း ပြေးလျက်ရှိသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။ ထို့ကြောင့် တော်သေးရဲ့ မသေပြီ၊ စိုးရိမ်သောက မလိုတော့ဟု တွက်လိုက်သည်။ သွေးသည် ကျိုးခုန်သကဲ့သို့ ပြေးမှု ဤသူသည် ရောဂါအန္တရာယ်ဖြင့် သေမင်းနိုင်ငံသို့ သွားရောက်နိုင်၏။

ရွှေရွက်လှသည် ၎င်း၏ ဆေးခါးပတ်ကို စမ်းလိုက်ပြန်၏။ ဆေးပေါင်း (၁၂)ပါးရှိရာ အိတ် (၁၂)အိတ်သို့ နှိုက်ခြင်းဖြစ်၏။ အစွန်ဆုံးအိတ်မှ ဆေးအိတ်ကို ဖွင့်လိုက်သည်။ ဆေးအိတ်တွင်းရွှေကြုတ်ကို ထုတ်လိုက်သည်။ အရစ်ဖြင့်ဖွင့်ရသော ဆေးကြုတ်ဖြစ်၍ လက်တစ်ညိုးသာသာခန့် ရှိလေသည်။ ထိုကြုတ်တွင်းမှ အရည်မည်းညို့ညို့ပျစ်ပျစ် တစ်စက်မျှ တဝမူ၏ပါးစပ်တွင်းသို့ လောင်းထည့်လိုက်သည်။ တဝမူ၏ မျက်လုံးအစုံသည် ပို၍လန်းဆန်းကြည်လင်လာလေသည်။ ဆေးတန်ခိုးကြောင့်ဟု ဆိုနိုင်သည်။

ဆေးများမှာ ရခဲသည့်ဆေးကျော်များဖြစ်၍ ပုဂံဆရာရခဲသော၏ဆေးကျမ်းအတိုင်း ဆေးများကို သေချာစွာ ဖော်စပ်နိုင်အောင် လက်ထပ်သင်ကြားခြင်းရှိခဲ့၏။ ထို့ကြောင့် လွန်စွာစွမ်းပကား ထက်မြက်ခြင်းရှိလှပေသည်။

တဝမူသည် အားယူ၍ ထရန် ကြိုးစားခြင်း ပြုလိုက်သည်။ ကေရီအသုန်ဝန္နာသည် တဝမူအား ယခုမှ တစ်ချက်မျှ ကြည့်လိုက်သည်။ တဝမူသည် ပက်လက် အားပျော့ပျော့အနေအထားတွင် ၎င်းဘေး၌ ဝိုင်းလျက်ရှိသည့်လူများကို သိရှိခြင်းမရှိ။ ဝိုးဝါးလျက်ရှိသည်။ သို့ရာတွင် ဆေး၏ အာနိသင်တန်ခိုးကြောင့် ပြန်၍ ပြည့်တင်းလာသော အင်အားကြောင့် အားလုံးအား ထင်ထင်ရှားရှားအဖြစ်ရှိလာသည်။ တဝမူသည် ကေရီအသုန်ဝန္နာအား တစ်ချက်မျှကြည့်ပြီးနောက် ရွှေရွက်လှအား အကဲခတ်လိုက်သည်။

ရွှေရွက်လှသည် ဒူးထောက်ထိုင်လျက်သားမှ မတ်တတ်



ရပ်လိုက်သည်။ ထို့နောက် အသုန်ဝန္နာ၏ မျက်နှာကို သေချာကြည့်လိုက်သည်။ ၎င်း ရုတ်တရက် စိတ်မထိန်းနိုင်၍ မွေးကြူလိုက်သောကြောင့် ထင်ကျန်ရစ်၍ လွန်စွာ နုနယ်အိထွေးလှပသော ကေရီအသုန်ဝန္နာ၏ ပါးပြင်သည် နီစင်းစင်းပင် ဖြစ်လျက်ရှိသေးသည်ကို တွေ့ရ၏။

"လှေတစ်စင်း စီစဉ်ပေးပါ၊ ဒီက သူ့ဒေသကိုပြန်ပို့ဖို့တာဝန်ရှိလေသည်။ ဘယ်လိုအန္တရာယ်မျိုးကို ဘာကြောင့် ကြုံခဲ့ရသည်ကိုလည်း မသိလျှင်း၊ ဤတောတွင်း ဤဂူတွင်းသို့ ဤတဝမူသည် ခေါ်ဆောင်ခဲ့ရင်တောင်းရှိခဲ့သည်။ ကေရီအသုန်ဝန္နာ အမျက်မထားလင့်"

ရွှေရွက်လှသည် အသုန်ဝန္နာအား အေးဆေးစွာကြည့်ရင်း ပြောဆိုလိုက်သည်။ ၎င်း၏ စိတ်တွင်း၌မူ ဘလောင်ဆူလျက် ရှိသည်။ အသုန်ဝန္နာနှင့် တဝမူ၏ အကြား၌ မည်သို့ စီစဉ်ဆောင်ရွက်ရမည်၊ ဆုံးဖြတ်ရမည်မှာ ရှည်လျားသော ပေစာထုပ်ကြီးအား တစ်နေ့လျှင် တစ်ဂါထာမျှဖတ်ရသည်ထက်ပင် ပို၍ရှည်လျားတန်ကောင်း၏။

သို့ရာတွင် ၎င်း၏တကယ့်အဖြစ်ကား ကျောက်ဒီကျောင်း၏အတွင်းမှ မုဆိုးကောင်လေ၊ သားကောင်လေ၊ ကေရီမင်းမျိုး၏ချစ်သူ ရာဇာမင်းလော၊ သို့တည်းမဟုတ် ကေရီဘုရင်မ၏ မွေးစားလျက်ရှိသော ကြွက်မင်းလောဟူ၍လည်း ခွဲခြားမတတ်နိုင်ဖြစ်လျက်ရှိသည့် အခြေမျိုးပင် ဖြစ်ချေသည်။ တဝမူသည် အားယူ၍ မတ်တတ်ရပ်လိုက်သည်။ ခွန်းမာန်ရှိသော်လည်း ဆေးတန်ခိုးကြောင့် မျက်နှာသည် လူကောင်းပကတိကဲ့သို့ပင် ကြည်လင်လျက်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မလိုက်လျှောနိုင်ပ ...၊ သည်ကနေ့ ထွက်ခွာခွင့်တောင်မှ ပေးနိုင်တာ မဟုတ်ပ ...၊ ရန်သူ့အားပေးအလုပ်ကိုလည်း မလုပ်လို ပြီ ...၊ ချစ်သော အမောင်၊ မကြီးစားနှင့်။"

ဧကရီအသုန်ဝန္နာသည် ရွှေရွက်လှအား သေချာစွာကြည့်ရှုလျက် မျက်နှာထားအနေမှန်ဖြင့် မရယ်မကြည် ခပ်တည်တည်ပင် ပြောကြားခြင်းပြုသည်။

တဝမူသည် ဧကရီအသုန်ဝန္နာ၏မျက်နှာသို့သာ ငေးကြည့်လျက်ရှိသည်။ ရွှေရွက်လှ၏ ခန္ဓာကိုယ်ပေါ်မှရှိသော မျောက်ညိုသည် တဝမူ၏ ကိုယ်ပေါ်သို့ ပြောင်းခုန်၍တက်လိုက်သည်။ ဧကရီအသုန်ဝန္နာ၏ဘေးတွင် ကိုယ်ကျပ်ဝတ် ဣတ္ထိယ စစ်သည်ကိုယ်ရံခုနစ်ဦးနှင့် စစ်သည်တစ်ကျိပ်သည် နောက်ဘက်နား၌ အသင့်ရံထားလျက် ရှိကြပေ၏။ ထိုအချိန်တွင် ဖျန်းခနဲ ရေစက်ရေမွှားတချို့သည် ကျောက်မိကျောင်းကြီး၏အတွင်းသို့ ရောက်၍လာ၏။ ရေမွှားမှာ အတော်ကြီး၏။ ထို့ကြောင့် ဧကရီမ၏ မျက်နှာတစ်ဝိုက်နှင့် ကိုယ်ပေါ်သို့ ကျ၍သွား၏။

ရွှေရွက်လှသည် ဖြုန်းခနဲ သူ၏လုံတိုမိုန်းအား ကျောမှဖြုတ်ယူလိုက်၏။ ထို့နောက် လုံသွားကိုဖြုတ်လျက် သူ၏ ဆေးခါးပတ်တွင်း၌ထားသော အဆိပ်မြားသုံးချောင်းကိုယူ၍ လုံ့ရိုးတွင်းသို့ ထည့်လိုက်၏။ အဝေး၌ ရန်သူအား ပစ်လွှတ်ရန် ဖြစ်၏။

"အခြေအနေဆိုးပြီ အသုန်ဝန္နာ ...၊ အမင်း ငါ့စကားရှုတ်မပန်ဆင် နားမဝင်ဘူး ...၊ အန္တရာယ်ကောင် လာတော့မယ်"

ဟူ၍ ရွှေရွက်လှသည် အသုန်ဝန္နာအား ပြောလိုက်သည်။ တဝမူသည် ရွှေရွက်လှ၏ စကား၌ ပြူးပြူးကြောင်ကြောင်ဖြစ်လျက်နားလည်နိုင်မှုမရှိသော ပုံစံဖြင့် ကြည့်လျက်ရှိ၏။ မျောက်ညိုသည်



ကား တဝမူ၏ ကျော၌ ခုန်ဆွလျက်ရှိပေသည်။

ထိုသို့ရှိစဉ် ရှေ့တစ်မှို၌မြင့်ရသော မြင်ကွင်းကား ကြောက်ဖွယ်အတိဖြစ်လျက်ရှိတော့သည်။ ရွှေလှေကြီးအပါး၌ ရပ်ထားကြကာ ကျောက်မိကျောင်းပွဲလှည့်လျက် ရှိကြသော နန်းတွင်းသူများ၏ လှေများသည် ကျွမ်းထိုးမှောက်ခုံ ဖြစ်လျက်သွားကြပေ၏။ လှေတွင်း၌ ရပ်လျက်ရှိကြကုန်သော ဣတ္ထိယနန်းသူတစ်သိုက်သည်လည်း ရေတွင်းသို့ စောင်းလျက်၊ မှောက်လျက် ကျွမ်းထိုးမှောက်ခုံ ကျ၍သွားကြ၏။ နန်းတွင်းသူများ၏ အော်သံဟာစ်သံများသည် ပွက်လောရိုက်၍သွား၏။

အသုန်ဝန္နာသည် သူမ၏ ညာဘက်ဘေးရှိသော ရွှေရောင်ဓားအိမ်အတွင်းမှ ဓားကိုထုတ်၍ ၎င်း၏ စစ်သည်မှူးတစ်ဦးကို ခေါ်လိုက်၏။

"အချင်း ... အသို့ဖြစ်သနည်း၊ လေးသည်မှူး ကုန္တဝက္ကသူအား အမှုတော်ရွက်စေ ..."

ဟူ၍ဆိုလိုက်သည်။ အနီးအပါးမှ စစ်သည်မှူးတစ်ဦးသည် ကျောက်မိကျောင်းရုပ်ကြီး၏ ဘေးပတ်လည်သို့ထွက်၍ ဘာသာစကားတစ်မျိုးဖြင့် အော်ဟစ်လျက် ပြောဆိုလိုက်သည်။

ရွှေရွက်လှသည် ဖြုန်းခနဲ ကျောက်မိကျောင်း၏ ကျောကုန်းပေါ်သို့ တက်လိုက်သည်။ ကျောက်မိကျောင်း၏ ကျောကုန်းထက်မှ ပတ်ဝန်းကျင် ရေပြင်သို့ကြည့်လိုက်သည်။ ကျောက်မိကျောင်း၏ ဝန်းကျင်ရှိရေပြင်သည် ပွက်စီထိုးလျက်ရှိ၏။ အမြှုပ်စီစီထလျက်ရှိပေ၏။ ထို့ပြင် မည်းမည်းလှုပ်လှုပ် သတ္တဝါများကို တွေ့ရပေ၏။ နည်းလှသည်မဟုတ်၊ ပတ်ချာပြည့်လုခမန်းပင် ဖြစ်၏။

"ရော ... ခက်ကာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေရွက်လှသည် အောက်သို့ ပြန်၍ ပြေးဆင်းလာ၏။

ဇကာရီအသုန်ဝန္နာသည် နေရာရွှေ့ပြောင်းခြင်းမရှိ ပကတိငြိမ်သက်စွာဖြင့် ရှေ့တူရူသို့ ကြည့်ရှုလျက်ရှိဘိ၏။ သူမ၏ မျက်နှာသည် လွန်စွာငြိမ်သက်တည်ငြိမ်ခြင်း ရှိလေသည်။

တရှိရှိ မည်း၍သွားသော လေးတင်မြားနှင့် လေးမြားသံများသည် ပေါ်၍လာ၏။ သို့ရာတွင် ငယ်သံပါအောင် အော်သော အသံများပေါ်ထွက်လာပြီးလျှင် ရေလှိုင်းပွက်ခြင်းသည် ပို၍ ပြင်းထန်ခြင်းရှိလေသည်။ ကျောက်မိကျောင်းအနီး၌ ရပ်လျက်ရှိသော လှေများသည် အားလုံးပင် မြုပ်၍ ရေပြင်၌ နန်းတွင်းသူအချို့သည် တလူပ်လူပ်ပြေးလွှားကူးခတ်ခြင်းကို တွေ့ရ၏။ အချို့သည် စုန်းစုန်းမြုပ်လျက် သွားကြပေသည်။

ရေလှိုင်းတစ်ချက်မှတ်လျှင် ရေစီးကြောင်းလှိုင်းချက်တစ်ခုသည် ကျောက်မိကျောင်း ဝါးစပ်တွင်းသို့ ရောက်၍လာပေ၏။ ထိုရေလှိုင်းတွင် သွေးများသည် ရော၍ပါလာပေသည်။ ထို့ကြောင့် ကျောက်မိကျောင်းကြီး၏ ကျောက်သွား၌ သွေးညှီနံ့ သွေးစ သွေးနများသည် စွန်းထင်း၍ သွားပေတော့၏။

ကျောက်မိကျောင်းအတွင်း၌ရှိသော ဣတ္ထိယနန်းတော်၏စစ်သည်အချို့သည် ကျောက်မိကျောင်းအတွင်းမှ ပြေးထွက်လာပေ၏။ သို့ရာတွင် များသောအားဖြင့် စစ်သည်များသည် စစ်လှေများသို့ ရောက်ရှိပြီးဖြစ်သည်။ မြားသံများကို ကြားရ၏။ ထို့ပြင် ရှည်အော်ဟစ်သံများသည် ထပ်မစဲပင်ဖြစ်၏။

မည်းမည်းလှုပ်လှုပ် သတ္တဝါများကိုသာလျှင် ရိပ်ခနဲတွေ့လိုက်သည်။ လှေများသည် မှောက်ကုန်သဖြင့် မီးတိုင်များသည်လည်း ရေတွင်းသို့ ပြုတ်ကျငြိမ်းသက်ကုန်တော့သည်။ ထို့ကြောင့်



မှောင်လျက်သွား၏။ အချို့နေရာ၌ လင်းလျက်ရှိပေသေးသည်လည်းရှိ၏။

ကျောက်မိကျောင်းရုပ်ကြီး၌ရှိသော ကညင်ဆီမီးတိုင်များမှာမူ လင်းလျက်သားပင်ရှိသေးသည်။

ထိုစဉ် စစ်သည်မှူးကြီး ဖြစ်ဟန်တူသော ရွှေရစ်ခမောက်သံချပ်ကိုယ်ဝတ်နှင့် မျက်နှာ၌ ရွှေပိန်းတပ်မျက်လုံးအိမ်ကို ဝတ်ဆင်ထားသူတစ်ဦးသည် ဇကာရီအသုန်ဝန္နာ ရပ်လျက်ရှိသော ကျောက်မိကျောင်းပါးစပ်တွင်းသို့ လှေတစ်စင်းပေါ်မှ ခုန်၍တက်လာ၏။ မျက်နှာ၌လည်း သွေးဆုတ်ဟန်ရှိလေသည်။ ...

"သခင်မလေး ... အန္တရာယ်ကောင်တွေက အလွန်များပြားပြီး လွန်စွာကြီးမားလှတဲ့ မိကျောင်းကောင်ကြီးက ဦးဆောင်လျက် ဤတစ်ဝိုက်မှာ ရန်မူလျက်ရှိပါသည်။ လေးသည်တော်အဖွဲ့လည်း နှိမ်နင်းလျက်ရှိပေရာ အချို့လှေများမှာ မိကျောင်းများက ဝါးမျိုလျက်သွားပါသည်။ သခင်မလေး လွတ်ရာသို့ ပြေးသင့်လှပေပြီ ...။ သို့တည်းမဟုတ် ဤကျောက်မိကျောင်းအတွင်းဆောင်၌ နေတော်မူပါ"

ဟူ၍ စစ်သည်မှူးကြီးဟု ယူဆရန်ရှိသော စစ်သည်ကြီးက ပြောလိုက်သည်။

ထိုအချိန်တွင် လွန်စွာကြီးသော အမြီးကြီးတစ်ခုကို မြင်လိုက်ရသည်။ ထို့ပြင် ဖြန်းခနဲမြည်၍သွားပြီး ဇကာရီအသုန်ဝန္နာ၏ လှေဦးကို ရိုက်ထည့်လိုက်သည်။ လှေ၏ဦးသည် ပဲ့လျှိုးကျွံကာသွားပြီး လှေကိုယ်သည် စောင်းလျက်သွား၏။ တစ်ဆက်တည်းလိုလိုပင် ကျောက်မိကျောင်းရုပ်ကြီးသည် ခါလှုပ်သွား၍ ဆင်တေအစအနအချို့သည်ပင် အောက်သို့ ဆင်း၍လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသောအမြီးကြီးသည် ထပ်မံ၍ ဖြန်းခနဲရိုက်လေရာ ရွှေလှေကြီးအနီး၌ရှိသော လှေသုံးစင်းသည်လည်း ဟက်ပက်ကွဲလျက် သွားပေသည်။

ရွှေရွက်လှသည် တဝမူ၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ဤသည်ကို အသုန်ဝန္နာသည် စူးစိုက်ကြည့်လိုက်သည်။ အမှန်အားဖြင့်မူ တဝမူသည် ရွှေရွက်လှ၏ အနီး၌ လွန်စွာ နီးကပ်လျက်ရှိသောကြောင့်ဖြစ်ပေသည်။

ရွှေရွက်လှသည် အသုန်ဝန္နာအနီးသို့တိုင် ချဉ်းကပ်၍ အသုန်ဝန္နာ၏ လက်မောင်းအား သူ၏ညာလက်ဖြင့် ဆုပ်ကိုင်လိုက်၏။ အသုန်ဝန္နာသည် လက်ကို ဆတ်ခနဲရုန်း၍ ရွှေရွက်လှ၏လက်ကို ဖယ်ချလိုက်သည်။

သွေးညီနုံသည် ထိုးတက်၍လာသည်။

"အခြေအနေ အတန်ဆိုးရွားနေပါတယ် သခင်မလေး ...၊ ဤမိကျောင်းသည် 'ပစ္စပဏ္ဏနဝစ' မည်သော ကျောက်မိကျောင်းမျိုးနွယ်ဖြစ်ပါ၍ ဤပုံဆောင် ကျောက်ရုပ်နီးပါးမျှ ကြီးမားပါသည်။ ရေအောက်ခင်းပြင်၌ ဝပ်စင်းလျက်နေတတ်၍ ဆယ့်လေးနှစ်လျှင် တစ်ကြိမ်မျှသာ သမုဒ္ဒရာအောက်ခင်းပြင်မှ ထကြွလာတတ်သည့် သဘောရှိပါသည်။

၎င်းသည် ပစ္စပဏ္ဏနဝစ မျိုးနွယ် ကျောက်မိကျောင်းအုပ်များကို ဦးဆောင်လျက် အရှေ့သမုဒ္ဒရာ၏ အနောက်မြောက်ဆီသို့ ကူးလူးကျက်စားပါသည်။ ဤအမျိုးအနွယ် အသိုက်အအုံသည် ရေအိုင်ကြီးတွင်းသို့ ထနောက်ရွာမှာ ပညာရှင် 'မုဒ္ဒရ' လုလင်က အမျိုးအနွယ်ဆက် အဖိုအမကောင်ငယ်နှစ်ကောင်အား ယူဆောင်ပြီး မွေးမြူထားကြောင်း ယခုမှသိရပါသည် သခင်မလေး"



ဤကြောက်မက်ဖွယ် ကျောက်မိကျောင်းကြီး၏ရန်မှ လွတ်ရန် မြန်စောလျှင်စွာ ပုန်းခိုလှုပ်ရှားသွားလာမှ သင့်လျော်မည် ဖြစ်ပါ၏။ သတိပြုအပ်တော်မူလှပါပေ၏ သခင်မဘုရား"

ဟူ၍ စစ်သည်မှူးကြီးသည် ၎င်းတို့၏ အရှင်သခင်မအတွက် စိုးရိမ်ပူပန်သောကဖြင့် လျှောက်ထားလိုက်သည်။

ရွှေရွက်လှသည် တဝမူအား ဆုပ်ကိုင်ထားလျက်မှ အသုန်ဝန္နာအား ဆုပ်ကိုင်မရအောင် ဖြစ်လျက်ရှိရာ တဝမူအား လွှတ်လိုက်ပြီး အသုန်ဝန္နာအနီးသို့ ကပ်၍လာ၏။

"အမောင့် ... နောက်ကလိုက်လှည့်၊ အမောင်စီစဉ်လျက် လွတ်ရာသို့ရုန်းမည်။ စောစောကပင် သတိပြုမိလို့ အပြောအဆိုရှိသည်ကို အမယ်က ရယ်ပွဲအောက်မေ့သရို့။ အခု ဖြစ်လျဉ်းပြီ ...။ အမောင့်ကိုအထင်သေးလှရှေ့၊ အမောင်က တောတွင်းသားအတတ်ကို တစ်ကြိုက်တစ်မျိုး တစ်ခွက်တစ် လှန်မျှသောက်စို့ ကျေပွန်ပြီးပြီ။ လိုက်ခဲ့လတ် ... "

ရွှေရွက်လှက ထိုသို့ပြောဆိုချိန်တွင်ပင် ကျောက်မိကျောင်းရုပ်ကြီးသည် တုန်ခါ၍သွားပြန်ပေ၏။ ကျောက်တံခါးချပ်ကြီးအချို့သည် ပွင့်၍ထွက်လာကြပေ၏။

စစ်သည်မှူးကြီး၏ မျက်နှာသည်လည်း သွေးဆုတ်ဖြူရော်လျက်ရှိသည်။ ထွက်ပြေး၍ ကျောက်မိကျောင်းအတွင်းသို့ ဝင်လာရန် ကြိုးစားကြသောသူအချို့သည် ဖြန်းခနဲ လှေမှောက်လျက် ရေပြင်တွင် မျောပါကာ မိကျောင်းစာများဖြစ်ကြလျက်ရှိပေ၏။ ထိုအချိန်တွင် ဝေါခနဲဇော်ပြင်းတစ်ချက်သည် အားသွန် တိုက်ခတ်လာပေ၏။ မိုးမှာလည်းတစ်ခါတည်းပါ၍လာလေရာ သင်္ဘောသည်းလှုပ်လျက်ရှိတော့သည်။ လေ၏အရှိန်အဟုန်ကြောင့် ရေတွင်းသတ္တဝါ

www.burmeseclassic.com

www.burmeseclassic.com



များသည် အားပို၍တောင့်စေသကဲ့သို့ ဖြစ်လေ၏။

ဣတ္တိယနန်းတွင်းမှ လေးသည်တော် အများအပြားသည် လှိုင်းလေထဲတွင် မိကျောင်းများကို လေးဖြင့်ခွင်းဖြိုတိုက်ဖျက်လျှက် ရှိပေရာ မိုးလေဒဏ်ကြောင့် လှေအစီးဆယ်စီးခန့်သည် မိကျောင်းစာဖြစ်၍ သွားရသည်။ လှေထန်လျက်ရှိခြင်းကြောင့် ပစ်ကွင်းချိန်ဆ၍ မရနိုင်ဘဲရှိခိုက်တွင် မိကျောင်းများက နိုင်း၍သွားခြင်း ဖြစ်လေသည်။

ကျောက်မိကျောင်းရုပ်ကြီး၏ ကိုယ်ခြုပ်သည် လွန်စွာ ကြီးမားခိုင်ခံ့သော်လည်း အန္တရာယ်ကောင်မှာလည်း ထပ်တူထပ်မျှ ကြီးမားသယောင်ရှိသည်ကို တွေ့လိုက်ရသဖြင့် ကေရီအသုန်ဝန္တာသည် မျက်မှောင်ကြုတ်လျှက် ခပ်တည်တည်ကြီးသာလျှင်ရှိပြီးနောက် တုန်လှုပ်ခြင်းကင်းသော မျက်နှာဖြင့် ရပ်လျက်ရှိပေ၏။ သို့ရာတွင် အသုန်ဝန္တာ၏ဆံစခွေ ရွှေးစလေးများသည် လိမ့်ခိုလျက် ရှိပေ၏။

ထိုစဉ် မိုးလေတစ်ချက်သည် ပြင်းထန်စွာဖြင့် ကျောက်မိကျောင်းရုပ်ကြီး၏ အနီးသို့ ပင့်တင်ရိုက်ခတ်ဆော်သွင်းလိုက်ရာ ရေလုံးကြီးတစ်ခုသည် ဝုန်းခနဲ ကျောက်မိကျောင်းကြီး၏ ပါးစပ်တွင်းသို့ အလုံးအခဲလိုက်ဝင်၍ ရိုက်လိုက်သည်။ ရွှေရှက်လှနှင့်တကွ ထိုအပေါက်ဝတွင် ရပ်နေသူအားလုံးအား ကြီးမားသောရေလုံးက လွှမ်း၍သွားသည်။ ရွှေရှက်လှသည်လည်း ရေနှင့်အတူ မျော၍ ကျောက်နံရံဖြင့် ပြေး၍ဆောင့်မိသည်။

ရွှေရှက်လှသည် ရေလုံးနှင့်မျော၍ လိုက်ပြီးလျှင် ကေရီအသုန်ဝန္တာအား ဆတ်ခနဲဆွဲ၍ ရင်ခွင်တွင်းခွဲ ဆွဲသွင်းလျက် မျော လိုက်သည်။ တဝမူသည်ကား ဤနေရာ၌ ကျွမ်း၏။ မှောက်လျက် ကျောက်သားပြင်သို့ ဝပ်ချ၍ မျက်နှာနှင့် အပ်၍ထား လိုက်၏



အသံကိုထွက်ပေါ်နိုင်ရုံ လောက်သာလျှင် လေတိုက်နှုန်းမှာ ပြင်းထန်လျက်ရှိ၏။

အသုန်ဝန္တာသည် မတ်တတ်ရပ်လျက်ရှိ၏။ ရွှေရှက်လှကို တွေ့လျှင် ပြုံးလိုက်သည်။ တဝမူသည် ကေရီအသုန်ဝန္တာ၏ အပြုံးကို ကြည့်လိုက်သည်။ ထို့နောက် သေလျက်ရှိသော မိကျောင်းကို ကြည့်လိုက်ပြီးလျှင် သူမ၏ မျောက်ညိုအား လက်ဖျောက်တီး၍ ခေါ်လိုက်သည်။ မျောက်ကလေးသည် ကျောက်နံရံကို ကုပ်ခြစ်ဖွဲ့ရွဲ့လျက်တက်ရင်း သူမ၏ ကျောပေါ်သို့ ဖုတ်ခနဲ ခုန်ချလိုက်၏။

"အရှိ့ ပြေးကြစို့ကွယ် ပြေးဖို့တော်သင့်ပြီ ...၊ လှေရောက်ပြီ ... "

ဟူ၍ ရွှေရှက်လှက ကေရီအသုန်ဝန္တာအား ပြောလိုက်သည်။

ထိုစဉ် လွန်စွာမည်းနက်သော အရေထူကြီးသည်ကျောက်မိကျောင်း၏ ပါးစပ်ဝတွင် ပေါ်လာပြီးလျှင် ကြီးမားသော သွားတန်းကြီးတစ်ခုကို ကျောက်မိကျောင်း၏ ဂူဝတွင် တွေ့လိုက်ရပြီးနောက် မည်းမည်းပျစ်ပျစ်အရည်များနှင့်သွေးစီးများသည် ကျောက်မိကျောင်း၏အတွင်းပိုင်းသို့ တိုက်ရိုက်စီး၍ကျလာ၏။

ထို့ကြောင့် ကျောက်မိကျောင်း၏ ပါးစပ်ပေါက် တစ်ခြမ်းသည် ထိုမည်းမည်းရှည်ရှည် သဏ္ဍာန်ကြီးကြောင့် ပိတ်ဆီး၍ သွားသည်ကိုတွေ့ရပြီး ပို၍မှောင်ပိန်းလျက် တစ်ဦးနှင့်တစ်ဦး မမြင်သာအောင်ရှိသွား၏။ ကျောက်မိကျောင်းပါးစပ်၏အပေါ်ဘက် ကျောက်နံရံတွင် ချိတ်ထားသော ကညင်ဆီမီးတိုင်တစ်ဖက်သည် ငြိမ်းလျက်သွားလေသည်။ အန္တရာယ်သည် လွန်စွာကြီးမားလျက်ရှိချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအား အဆိပ်မြားမှန်ထားသော ကျောက်မိကျောင်းသည် ရန်မူရန် အနီးသို့ ချဉ်းကပ်လျက် လာချေပြီ။

ရွှေရွက်လှသည် အသုန်ဝန္နာအနီးသို့ ချဉ်းကပ်လိုက်ပြီးလျှင် လွှတ်နေသော ကျောက်မိကျောင်း ပါးစပ်ပေါက်တစ်ဖက်မှ ထွက်ပြေးရန် တာစူလိုက်သည်။

အသုန်ဝန္နာသည် ဓားအိမ်တွင်းမှ ဓားကိုထုတ်လျက် ရွှေရွက်လှ၏ ဝမ်းဗိုက်ဆီသို့ ချိန်၍ထားလိုက်သည်။ အသုန်ဝန္နာ၏ မျက်နှာ၌ မျက်ရည်စတို့သည် ကွန်းခိုလျက် ရှိပေ၏။ မျက်ရည်ဥလေးများသည် တလိမ့်လိမ့်စီးဆင်းလျက် လှပသော အကြောနုနု ပါးပြင်ဥဥလေးပေါ်သို့ လိမ့်ဆင်း၍ ကျလာလေ၏။

"အမောင် အသုန်ဝန္နာကို တကယ်မချစ်ပ ...၊ အမောင်နမ်းသော အနမ်းမှာ ချစ်စုံမက်မြတ်နိုးဘိသော အနမ်းမဟုတ် ...၊ ရာဂသွေးမွှန်ပြီးနမ်းတဲ့အနမ်း၊ ဒါကြောင့် မချစ်သက်သောသူ၏ ကယ်တင်ခြင်းကို အသုန်ဝန္နာ မလိုက်လို၊ ဣတ္ထိယနန်းတွင်းသူများသည်လည်း သေကြေလေပြီ...။ သူတို့သေရွေ့၍ အသုန်ဝန္နာ အသက်ရှင်လျှင်လည်း ဤလောကမှာ နေ၍မကောင်းလှ။သေခြင်းသည်မူ သည်မှာလည်း အဆန်းတကြယ် မဟုတ်လှတောင်း။ အမောင်လွှတ်ရာသို့ ပြေးလေဘိ၊ လွှတ်အောင်သာ ကြိုးဆောင်ဘိ၊ 'တဝမူ' အား ချစ်လေဘိ၊ သူတည်းလည်း ချောလှသားပေပဲ ..."

အသုန်ဝန္နာသည် ထိုသို့ပြောဆိုပြီးလျှင် ကျောက်မိကျောင်း၏ အတွင်းပိုင်းသို့ နောက်ဆုတ်လျက် ဝင်၍သွား၏။ ဓားဦးကိုရွှေ့ထုတ်လျက် နောက်သို့လိုက်၍ မလာရန် တားဆီး၍ထားလေ၏။



ရွှေရွက်လှ တစ်ကိုယ်လုံးသည် ပူထူလျက်သွားပေ၏။ ချွေးပေါက်တို့သည် နဖူးမှလိမ့်၍ ဆင်းလာပေ၏။ တစ်ကိုယ်လုံး၌ရှိသော အားအင်တို့ကို ဆုတ်ယူ၍ သွားဘိသကဲ့သို့ ခံစားလိုက်ရပြီးလျှင် ရုတ်တရက် မည်သို့မည်ပုံ ရွေ့ဆက်ရမည်ကို စဉ်းစားတွေးတော၍မရအောင် ဖြစ်သွား၏။

တဝမူသည် ဤအချင်းအရာအား စောင့်လျက် ငေးမောကြည့်ရှု၍နေမိ၏။ သူမသည် မည်သို့မျှမဝေခွဲနိုင်။ ရွှေရွက်လှသည်လည်း သူမ၏ချစ်သူမဟုတ်၊ သေရေးရှင်ရေး ပြဿနာသည်သာလျှင် သူမ၏ခေါင်းထဲတွင် ရှိ၏။

ထိုအချိန်တွင် ရွှေရွက်လှသည် မည်သို့မည်ပုံ ပြုလုပ်ရမည်ကို မသိတတ်အောင်ပင် ဖြစ်၍သွား၏။ အသုန်ဝန္နာ၏ ဓားဖျားသည် လုံးဝအောက်သို့ရွေ့လျားခြင်း အလျဉ်းမရှိ။ ရွေ့တိုးလျှင် ဓားကို လျင်မြန်စွာအသုံးချမည့်ပုံ ပေါ်လျက်ရှိပေ၏။ မိကျောင်းသတ္တဝါ အစစ်သည် ဤကျောက်မိကျောင်းရုပ်၏ ဘေး၌ပတ်ကာ ဤနေရာသို့ အန္တရာယ်ပြုလျက် ရှိနေပေပြီ။

သို့ရာတွင် အသုန်ဝန္နာသည် မျက်ရည်သွယ်သွယ် စီးကျလျက် ၎င်း၏ရင်၌ ဆွဲ၍ထားသော ဘယက်မှဆွဲသီးတစ်ခုကို ဆတ်ခနဲ ဖြုတ်ယူလိုက်ကာ ရွှေရွက်လှအား လှမ်း၍ ပေးလိုက်သည်။ ရွှေရွက်လှသည် ဆွဲသီးကိုဖမ်းယူ၍ လက်တွင်ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။ လှပသော အဖိုးတန်ပတ္တမြားဖြင့် ပြုလုပ်ထားသည့် လိပ်ပြာရုပ်လေးတစ်ခု ဖြစ်ပေ၏။

အသုန်ဝန္နာသည် နောက်သို့ဆုတ်ကာ ကျောက်မိကျောင်း၏ အမြီးပိုင်းသို့ လှစ်ခနဲ ပြေးဝင်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အသုန်ဝန္နာ၏နေရာသို့ ကျောက်မိကျောင်းရုပ်ကြီး၏ နံရံမှကျောက်သားများသည် ပြိုဆင်း၍ ကျောက်တုံးများ ပိလျက်သွား၏။

ရွှေရှက်လှသည် ကြောက်သွေးတစ်ငင်တစ်စက်မျှမရှိအောင် စိတ်ကိုထိန်းလိုက်၏။ ဘယ်လက်မှ လိပ်ပြာဆွဲသီးကြိုးအား ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ကျောက်မိကျောင်း၏ ပါးစပ်ပေါက်အနီးသို့ စောလျှင်စွာပြေးလိုက်သည်။ တဝမူ၏လက်ကိုဆွဲလိုက်သည်။

လိပ်ပြာဆွဲသီးကို သူ၏ဆေးခါးပတ်တွင်းသို့ ထည့်လိုက်ပြီး ညာဘက်အိတ်၌ ရွှံကြိုးဖြင့် ချည်၍ထားသော အိတ်ကိုဖြုတ်ပြီးလျှင် အဝါရောင်ပိတ်သားထူထူဖြင့် ပတ်၍ထားသော အိတ်ကိုဖြုတ်လိုက်ပြီး ညာလက်တွင်း၌ ထည့်လိုက်သည်။ ၎င်း၏ လှံတိုမိန်းကို ကျောရိုး၌ ကန့်လန့်ဖြတ် စိုက်ထိုးထား၏။ ကျောက်မိကျောင်းရုပ်ကြီး၏ ပါးစပ်တစ်ခြမ်း၌ မိကျောင်းကြီး၏ အစွယ်ကို ထင်းထင်းကြီးမြင်ရသည်။ ထိုမိကျောင်းကြီးသည် ၎င်း၏အမြီးပိုင်းဖြင့် ကျောက်မိကျောင်းရုပ်ကြီး၏ အလယ်ဆင့်သို့ ရိုက်လိုက်ဟန်တူ၏။ ထို့ကြောင့် အလယ်ပိုင်းသည် ကွဲအက်လျက်ရှိပုံ ရလေသည်။

ညာဘက် ပါးစပ်ပေါက်အနီး အပေါက်မှာမူ လွတ်ကင်းလျက် ထွက်သာဝင်သာ ရှိပေ၏။ ထိုအနီး၌ ရွှေရှက်လှ၏လှေသည် ကြိုးဖြင့်ချည်ငင်၍ထားသည်မှာ ကံမ,သေးသည် ဟူ၍ပင် ဆိုရပေမည်။

ရွှေရှက်လှသည် လှေ၏ကြိုးကို ကပျာကယာ ဖြုတ်၍ လှေငယ်ပေါ်သို့ ပစ်ချလိုက်သည်။ လှေသည် တဝမူ၏ခန္ဓာကို



ကြောင့် လူးလှိမ့်လျက်သွား၏။ တဝမူ၏ ကျောပေါ်မှ မျောက်ညိုသည် မိကျောင်းနံ့ရ၍ ကြောက်လွန်းပေသောကြောင့် တဝမူအား အတင်းကုပ်လျက်ဖက်ထား၏။ ရွှေရှက်လှသည် လှေဦးကို ခြေနှင့်ထိုးလျက် ရေပေါ်သို့ ထိုးတင်ပြီးလျှင် လှေနံရံ ဦးခေါင်းပိုင်းအား တက်ပြီး လှေဝမ်းအတွင်းသို့ လျှောက်လိုက်ပြီးလျှင် ၎င်း၏ ညာဘက်လက်၌ ကိုင်၍ထားသော အဝါရောင် ဆေးထုပ်လေးကို ရေထဲသို့ ဖြည်လျက်ချလိုက်၏။ ထို့နောက် တက်ကိုကိုင်လျက် ထိုနေရာမှ ခပ်သွက်သွက်လှော်၍ ထွက်လိုက်သည်။

ထိုအချိန်တွင် ကြောက်မက်ဖွယ်ကောင်းသော မိကျောင်းကြီးသည် ကျောက်မိကျောင်း၏ ပါးစပ်တွင်းသို့ တွန်းထိုးကိုက်ဖဲ့ခြင်းပြုလိုက်လေရာ ကျောက်မိကျောင်း၏ အင်္ဂါတောစများသည် ပဲ့၍ကျသွားလေ၏။

ရွှေရှက်လှသည် လှေကိုအားစိုက်လျက် ကျောက်မိကျောင်းကြီး၏ ပါးစပ်နေရာမှ ပစောက်ကွေ့ကွေ့၍ လှော်ပြီးလျှင် အားတက်မောင်းခွန် လှော်လိုက်ခြင်းပြုလေသည်။

ရွှေရှက်လှ ပစ်ချခဲ့သော အဝါရောင်အထုပ်ထဲမှ အမှုန့်များကား အလွန်ပြင်းထန်သော လုဒ္ဒါကာတ အဆိပ်မှုန့်များပင် ဖြစ်၏ ထိုနေရာတစ်ဝိုက်ရှိ သားကောင်ဟူသမျှ သေကြေပျက်ပြုန်းစေနိုင်သော အဆိပ်မှုန့်များဖြစ်ပေ၏။

လွန်စွာပြင်းထန်သော လုဒ္ဒါကာတ အဆိပ်မှုန့်သည် မိကျောင်းများကို ရေပြင်ပေါ်၌ ဒုက္ခပေးပေလိမ့်မည်။ ပထမအကြိမ် မိကျောင်းကြီးသည် ရွှေရှက်လှ၏ အဆိပ်လုံးဒဏ်ကြောင့် တစ်ချက်မျှပင် မလှုပ်ရှားနိုင်လျက် သွားရပေ၏။

BURMESE CLASSIC .com
www.burmeseclassic.com

တို့ကြောင့် ရွှေရွက်လှသည် စိတ်ချလက်ချ ကူးခတ်ခြင်း ပြုလိုက်လေ၏။

"ဟင် ... အစ်ကိုရင်၊ ဟိုမှာ ကြည့်စမ်း ... "

ဟူ၍ တဝမှုက အလန့်တကြားအော်၍ ပြောလိုက်သည်။ မြင်ရသော မြင်ကွင်းကား သည်းကုန် ရင်ထိတ်ဖွယ်ရှိလှသည်။ ကျောက်မိကျောင်းရုပ်ကြီးသည် အက်ကွဲကာ ရေအောက် သို့ ဖြည်းဖြည်းချင်း မြုပ်ဆင်း၍သွားသည်ကို တောကွင်းသား ရွှေရွက်လှ တွေ့ရှိလိုက်ရပေသည်။ ထို့ပြင် မိကျောင်းမည်းမည်းကြီးသည်လည်း ထိုနေရာတစ်ဝိုက်တွင် ကူးခတ်လျက် လှုပ်လှုပ်ရွရွရှိလျက်ရှိခြင်းပင် ဖြစ်လေသည်။

ဝေလငါးကြီးအနန္တာနီးပါးမျှရှိသော မိကျောင်းအုပ်ကြီးရှိရာသို့ လှုပ်ရှားစွာ ကူးခတ်လျက်ရှိခြင်းပင် ဖြစ်လေသည်။

မိကျောင်းကြီးမှာ ရေပေါ်တွင် တစ်ပိုင်းမြုပ်၊ တစ်ပိုင်းပေါ်လျက် ကူးခတ်လျက်ရှိသည်။

ရွှေရွက်လှသည် မိကျောင်းကြီး၏ အန္တရာယ်နှင့် ဝေးစွာသို့ ရောက်ရှိ၏။ ကျောက်မိကျောင်းရုပ်ကြီးထံမှလည်း အတန်ဝေးသော နေရာသို့ ရောက်ရှိခဲ့ပြီဖြစ်ပေ၏။

ရေပြင်သည် စိမ်းလဲ့ကြည်လင်လျက်ရှိပြီး နက်မှောင်လျက်ရှိသည်။

ရွှေရွက်လှသည် ဖြည်းဖြည်းချင်းမြုပ်၍သွားလျက်ရှိသော ကျောက်မိကျောင်းရုပ်ကြီးကို ကြည့်လျက် ၎င်း၏ခါးကြားမှောင်တွင် ထည့်၍ထားသော ပတ္တမြားလိပ်ပြာရုပ်ကို ညာလက်တွင် ကိုင်ပြီး တင်းတင်းပါအောင် ဆုပ်ထားလိုက်မိသည်။ ထို့နောက်



လွန်စွာစိတ်မကောင်းသော မျက်နှာပေးဖြင့် ထိုနေရာဘက်ဆီသို့ ကြည့်လိုက်ပြန်သည်။

လှေငယ်သည် တက်လွှတ်လိုက်သဖြင့် အပြောကျယ်သောရေကန်ကြီး၏အလယ်၌ မျောလျက်ရှိ၏။

တောတွင်းသား ရွှေရွက်လှသည် အံကိုတင်းတင်းကြိတ်လိုက်၏။

ထိုအချိန်တွင် မိုးသည် သောသောသည်းသည်း လှုပ်လျက်ရွာခြင်း ပြုလိုက်လေသည်။

ရွှေရွက်လှ၏ စိတ်တွင်ကား ဤတောကြီးသို့မအား ပေါက္ကံမြို့ထဲသို့ ခေါ်ရမည်လော။ စောင့်ကြိုနေမည့် ရသေ့ကြီးနှစ်ပါးထံသို့ ဆေးရွက်မပါ၊ ဤသူငယ်မသာလျှင် ပါ၍လာကြောင်း ပြောဆိုရမည်လော ဆိုသည်ကို စဉ်းစားရကျပ်လျက် လှေ၏တက်ကိုကိုင်ရင်း မမြင်ရသော ရေပြင်အဆုံးဆီသို့ လှမ်းမျှော်လိုက်လေတော့သည်။

* * *

တောတွင်း၌ ပဉ္စစုအတတ်ငါးရပ်ကို ကောင်းစွာကျွမ်းနိုင်လျက် ပြန်ရောက်လာသော ရွှေရွက်လှကို မြို့ဝန်ကြီးသည် ဆီးကြိုလျက် ရှိပုံရလေ၏။ သူ၏လက်၌ မင်္ဂလာတူရှင်းကို ကိုင်ဆောင်ကာ ဟသ်ာရွှေရေးရုပ်တပ်စာလွှာကို ကိုင်သဲထားလျက်ရှိသည်ကို တွေ့ရပေ၏။

ပေါက်ကယ်ပြည်သား ရွှေရွက်လှသည် ပျော်ကျားလူသော်တို့၏ အတတ်အကြေကို ကောင်းစွာ တက်မြောက်လျက်

www.burmeseclassic.com



ပေါက်ကယ်ပြည်ညွန့်သူရဲသူဘက်တို့၏ အတတ်မှန်လည်းတစ်နည်း၊ ဆင်စီး မြင်းထိုး၊ လူကြမ်းလှူလော်၊ ရိုက်ပုတ်၊ လှော်တင်း၊ ဆင်ဦးကင်းမှနေ၍ သူရဲတောင်ဆုပ်တို့နှင့် ရင်ဆိုင်ဘိနိုင်သော စီးချင်းထိုးခြင်း အတတ်နှင့် တောရဲတိရစ္ဆာန်တို့၏ မုက္ကဥသိတဇယဟူသော တိုက်ခိုက်ဖျက်သိမ်းခြင်းအတတ်ကို တတ်မြောက်ကျေပွန်လျက်ရှိသော မြို့နန်းကြီး၌ ထူးဆန်းစွာ ပျော်ကြီးပျော်သော အသုန်ဝန္တာ၏ နန်းမြို့ကြီးထိ ရောက်ရှိကာ သူစွမ်းကောင်းဖြစ်သွားသည်ကို ပေါက်ကယ်သားတို့သည် သတင်းစုံကိုရရှိခဲ့သည်။ ဤ၌ ရွှေရှက်လှသည် မင်းထီးရွှေနန်းရှင်ထံ ပေါက်ကြားခဲ့၍ မင်းထီး ရွှေနန်းရှင်သည် ရွှေရှက်လှအား အမှုတော်ထမ်းရန် လက်ကမ်းကြိုဆိုလျက် ပြည့်သားကောင်းအဖြစ် ချီးပမြှောက်တင်လျက် သတ္တိဝံ့သည့် ယောကျ်ားကောင်းအား ပေါက်ကယ်ရွှေပြည်အတွက် အမှုတော်ထမ်းရန် နန်းတွင်းရွှေပြည်ဝန်စဉ် သူရစစ်ဦးခေါင်းအား သတင်းနှံ့ခံကာ ဝန်ထုပ်နှင့်ကြိုဆိုလျက် သူရဲတံဆိပ်ခတ်နှိပ်ကာ နေပြည်တော်သို့ ခေါ်ရန် ဆင့်၍ထားလိုက်ခြင်းပင် ဖြစ်ပေသည်။

"မင်းနေပြည်အထိုက်စံ၌ သူရဲဗိုလ်တပ်သားတပ်သည် ကျော်ဟူသမျှတို့သည်တည်း ... သူရသတ္တိနှင့် ပြည့်စုံရသည့်လျှော်စွာလည်းကောင်း၊ ထိုသူရဲ၌ စွန့်စားသွားလာလိုစိတ်ရှိရမည်မှာ လည်းကောင်း၊ အန္တရာယ်ဟူသမျှ၌ တည်းလည်း မြူစင်မျှလောက်သာ အရေးမထားသည့် တမူလည်း၊ လည်းကောင်း၊ မိမိအသက်ကိုမျှ ချစ်နှစ်သက်ခြင်းမရှိဘဲလျက် အမိန့်ဆင်၍ တာဝန်ရှက်ခြင်းပြုရကာ ဦးလည်းမသုန်လည်းရှိမည်ဟုတည်း လည်းကောင်း၊ အများဗိုလ်ခြေ ရှိပါစေလည်း တွန်းလှန်ဖျက်ဝံ့သည့် လူစွန့်စားစိတ်သည်လည်း ရှိတန်သင့်သည်သာ



ကောင်း၊ ဤသည်မှာ တိုင်းပြည်အတွက် ရှက်ဆောင်မည့် သူရဲဗိုလ်တပ်သည်ကျော် ဖြစ်သင့်လှျင်းသည်၊ ဤသည် အမှုမျိုးကို ပြုဆောင်ရှက်နိုင်စွမ်းရှိလျှင် ငါ၏ မင်းနေပြည်၌ သစ္စာခံ ဓားဖက်၊ သူရဲ၊ ဓားလွှဲ၊ ဓားပေါက်၊ လက်ရုံးသွေးမ၍ အမှုထပ်ဖွင့်ကာ စစ်ဝန်ကို ထမ်းစေသတည်း။

မင်းတရားရွှေထီးအမိန့်

ပေါက်ကယ်ပြည်မင်းတရားကြီးသည် ဤသို့ အမိန့်ဆင်လျက် နေပြည်အဝှမ်း၌ စစ်ဝန်ချီတပ်သည်ကျော် အရွေးလွှတ်ဝံ့လျှင် ရွှေရှက်လှသည် အခန့်အနေသင့်သူဖြစ်သည်ကို သူစုစပ်ဦးခေါင်းသည်၊ တောတွင်းသားမည်တဘက်ရသည့် ရွှေရှက်လှအား အခေါ်အမင့်ရောက်ရသည်။

ကုန်းတစ်စောင်းတွင် ထိုင်လျက်ရှိသည့် လောကနန္ဒာ အရပ်သူ အရပ်သားအချို့နှင့် သူဌေးသားရွှေမှံသည် လှေပေါ်မှ တက်လာသော ရွှေရှက်လှနှင့် တဝမူတို့ကို ကြည့်လိုက်သည်။

ရွှေပြည်ဝန့် သူရစစ်ဦးခေါင်း၏ အမိန့်သံသည် ရွှေရှက်လှ ကမ်းနဖူးထိပ် ကုန်းထက်ပေါ်သို့ တက်ချိန်နှင့် တစ်အံကိုက်တည်း ဖြစ်လျက်သွား၏။

ရွှေရှက်လှ၏ အရစ်အရစ်လှိုင်းထလျက် အဆုပ်အပွင့်ကြီးနှယ် ကျယ်ပြန့်လှပသော တောတွင်းသားရွှေရှက်လှ၏ ရွှေရင်စုံအလှကို ပေါက်ကယ်ပြည်သားတို့သည် ပိုင်းချီးပလျက် စုပ်သပ်အံ့သြမဆုံးရှိကြ၏။

တဝမူသည် ရွှေရှက်လှ၏ဘေးမှ ရွှေရှက်လှ၏ လက်မောင်းသား ဖုထွေးထွေးကို လက်ဖြင့် ချိတ်ဆွဲလျက် ပေါက်ကယ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



သားတို့အား ကြည့်ရှု၍ အံ့ဩဘနန်းရှိ၏။ သူမ၏ ကိုယ်ကာယ အလှအပအားလည်း ပေါက်ကယ်သူတို့က အားကျလျက် အံ့ချီး လျက်ရှိဖွယ် ဖြစ်လျက်ရှိပေ၏။ သူမ၏ အလှအပသည် ရွှေရင် မစည်း မသိမ်းမရှိလှာပြီးစီးခြင်းမရှိသည့် တောတွင်း သရက်သီးပမာ ဖြစ်လျက် ရှိပေခြင်းကြောင့် အလှထပ်လျက်ပင် ရှိပေ၏။

ထိုစဉ် ဖောင်းဝတ်ညိုကသော အလုံးအထည်ကောင်း သည့် မြင်းညိုတစ်စီးသည် ရောက်လျက်လာ၏။ မြင်းသည်တော် တစ်ဦးသည် ထိုမြင်းညိုကြီး၏ ကကြိုးကို ကိုင်ကာ အသင့်စောင့် လျက် ရပ်ချီလျက်ရှိပေ၏။

"ဟေး … ကောင်းစွဟေး … ဟေး ကောင်းစွာ…ဟေး"

ရွှေရွက်လှနှင့် တဝမူတို့အား ပေါက်ကယ်ပြည်သူတို့က လက်ခုပ်သံများဖြင့် ကြိုဆိုကြသည်။

သူဌေးသား မောင်ရွှေမှုံသည် မှန်တေတေမျက်နှာထား ဖြင့် ပါးစောင်တွင်းမှ အံသွားများကို ကျိတ်လျက် တောတွင်းသား ရွှေရွက်လှအား ကြည့်လိုက်သည်။ ရွှေရွက်လှသည် မောင်ရွှေမှုံအား ခပ်ပြုံးပြုံးမျက်နှာထားဖြင့် အေးဆေးစွာ စိုက်ကြည့်လိုက်သည်။

ရွှေပြည်မြို့ဝန်သူရစစ်ဦးဒေါင်းသည် ရဲမက်အလံနှင့် တံဆိပ် ကို ရွှေရွက်လှအား ပေးလျက် မြင်းညိုကြီးအား လက်ညှိုးညွှန်ကာ အချက်ပြလိုက်သည်။

ရွှေရွက်လှသည် ဖောင်းဝတ်လှ မြင်းညိုကြီးပေါ်သို့ လွှား ခနဲ တက်သွားရာ တဝမူလည်း မြင်းညိုကြီး၏ ကုန်းနှီးနောက်ဘက် သို့ ရောက်လျက် တစ်ပါတည်းပါသွားပေ၏။

"ဟေး … ကောင်းစွတေး … ကောင်းစွတေး"



ထိုအချင်းအရာများကို ရွှေပြည်မြို့ဝန်ကြီးသည် ၎င်း၏ မုတ်ဆိတ်မွေး တိုနံ့နံ့လေးကို လက်ဖြင့်ကိုင်ကာ ခပ်ပြုံးပြုံးကြည့် လိုက်သည်။

ထိုစဉ် လောကနန္ဒာအရပ်ရှိ ကမ်းနဖူးအနီးမှ တဲကျောင်း အတွင်းမှ မုတ်ဆိတ်ဖြူနှင့် ရသေ့အိုကြီးသည် ကမ်းနဖူးပေါ်မှ ပေါက် ကယ်ပြည်သူများ၏ အသံဗလံများကို ၎င်း၏ တဲငယ်အတွင်းမှ လှမ်းကြည့် နားထောင်လိုက်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ၏ရှေ့သို့ အဖန်ရေအိုးကို ကိုင်ကာ တစ်ခွက်မျှ လောင်း၍ ထည့် လိုက်ပေသတည်း။

* * *

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကတ္တီပါဖုံး စာအုပ်ရှည်မျောမျောလေးကို ဖတ်ရှုပြီးလျှင် ဆက်၍ဖတ်ရှုရန် မကျန်တော့သည်ကို တွေ့ရှိရသည်၌ လက်ပျင်းဆန့်လိုက်ပြီး တပည့်ကျော်မောင်ဘကြီးအား 'တောသားကြီး'ဟူသော လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်တစ်ခွက်ကို သွားရောက် ဝယ်ယူစေလိုက်သည်။ စာကိုအစဉ်တစိုက် ဖတ်ရှု၍လာရာ စာမှာ အရေးအသား ကောင်းမွန်သည့်ပြင် ပြေပြစ်ချောမွေ့သဖြင့် အတန်ကြာညောင်း၍ ပြီးသည့်အထိ ထိုင်ကာ ဖတ်ရှုလိုက်မိခြင်း ဖြစ်ပေ၏။ တစ်လက်စတည်း ဖတ်ပစ်လိုက်ခြင်းဖြစ်၏။

ကျွန်ုပ်သည် တောတွင်းသား ရွှေရွက်လှ၏ ဇာတ်လမ်းကို ဖတ်ရှုပြီးသွားလျှင် ကျွန်ုပ်၏စိတ်သည် တောတွင်း၌ ကျန်ရှိသော ရွှေရွက်လှသည် မည်သို့မည်ပုံ ရှိနေသေးသည်ကို ဆက် လက်၍ သိလိုပေသေးသည်။ အထူးအားဖြင့် ကျွန်ုပ်၏စိတ်အား ဆွဲနစ်စေခဲ့သော 'အသုန်ဝန္နာ'၏ အလှအပသည် ကျောက်မိကျောင်းကြီးနှင့်အတူ ပျောက်ဆုံး၍သွားပြီလောဟူသောအချက်ကို လွန်စွာသိရှိလိုပေသေးသည်၌ ကျွန်ုပ်၏ရင်၌ မရှင်းလင်း မပြတ်သားသေးသော အချက်တို့သည် ကျန်ရစ်ခဲ့ပေသည်ဖြစ်ရာ ကျွန်ုပ်သည် ကျွန်ုပ်ကိုင်ဆောင်နေကျ ကျွန်းသားမာကျစ်ကျစ် တုတ်တစ်ချောင်းနှင့် ရှမ်းလွယ်အိတ်စုတ်ကို လွယ်လျက်၊ ချည်ချောခေါင်းစွပ်ကို စွပ်ပြီးလျှင် အိမ်မှထွက်လာခဲ့လေသည်။



လမ်းထိပ် ဘတ်(စ်)ကားမှတ်တိုင်သို့ ရောက်ရှိသောအခါ ကျမှပင် ကျွန်ုပ်သည် ကျွန်ုပ်၏တပည့်ကျော် မောင်ဘကြီးအား တောသားကြီး လက်ဖက်ရည်ကို ဝယ်ယူခိုင်းထားကြောင်းကို သတိရလိုက်ပေသည်။

ကျွန်ုပ်သည် ဦးမြဖူးအိမ်သို့ ရောက်သောအခါတွင် ညဦး (၁၁)နာရီ ထိုးလျက်ရှိပေပြီ။ လမ်းရှိမီးတိုင်များသည့် မလင်းတလင်းသာလျှင်ရှိပြီး မိုးရွာပြီးစဖြစ်သဖြင့် လမ်းသည် ရေများစိုစွတ်လျက်ရှိ၏။

ဦးမြဖူး အိမ်ဝ၌ ခြံဝင်းတံခါးသည် ရှေးယခင်ကကဲ့သို့ သော့ခတ်ထားခြင်းမရှိသည်မှာ အနည်းငယ် ထူးဆန်းလျက်ရှိပေ၏။

ကျွန်ုပ်သည် အတွင်းသို့ဝင်လိုက်ရာ ရှေးယခင် ကျွန်ုပ်အိမ်တွင်းသို့ ဝင်လိုက်လျှင် မြည်နေကျ လူခေါ်ဘဲလ်များသည်လည်း မြည်ခြင်းမရှိချေ။ အိမ်ကြီးသည် မိုးရေစက်များ ရွှာသွန်းပက်ဖြန်း၍ ထားခြင်းကြောင့် ရွှဲစိုလျက် ရှိပေ၏။ အိမ်ကြီး၏ အတွင်း၌သာလျှင် မီးရောင်လင်းလက်လက်လေး ရှိပေသည်။

ကျွန်ုပ်သည် အပေါ်ထပ်သို့ ထုံးစံအတိုင်း တက်ရောက်ပြီးလျှင် တံခါးချပ်အား တွန်း၍ဖွင့်လိုက်သည်။ ကျွိခနဲမြည်သံနှင့်အတူ တံခါးချပ်သည် ပွင့်၍သွားပြီးနောက် ကျွန်ုပ်သည် အောက်လင်းမှန်အိမ်လေး ဘေးချလျက် လွန်စွာထူထဲလှသော 'သစ်ပင်' စာအုပ်တစ်အုပ်ကို မှန်ဘီလူး သေးသေးလေးဖြင့် ကြည့်ရှုလျက်ရှိသော ဦးမြဖူးကို တွေ့ရလေသည်။

"လာဗျို့ … ထိုင်၊ မိုးအေးလှသဗျာ၊ မိုးအေးတော့ ချမ်းစိမ့်သဗျို့၊ ကျုပ်လို တစ်ကိုယ်တည်းသမားအဖို့တော့ စာအုပ်ဟာ အခုလိုအချိန်မှာ အပူနွေးဆုံး မိတ်ဆွေပဲဗျ …

www.burmeseclassic.com



ဟူ၍ ခရီးရောက်မဆိုက် ဦးမြဖူးသည် ပြောကြားလိုက်ပြီးလျှင် ၎င်း၏အနီး၌ရှိသော မတ်ခွက်ကြီးကို မော့၍ချလိုက်လေသည်။

"ခင်ဗျား လာမယ်ဆိုတာ ကျုပ်သိလို့ မအိပ်သေးဘဲ ထိုင်စောင့်နေတာဗျ၊ ဟဲ ... ဟဲ ..."

ကျွန်ုပ်သည် တကျိုကျို တကြော်ကြော် မြည်လျက်ရှိသော ကုလားထိုင်ကြီးတစ်လုံးတွင် ဝင်၍ထိုင်လိုက်သည်။

"ကိုင်း ... ဆိုစမ်းပါဦး၊ ကျုပ်ထင်တဲ့ အတိုင်းပဲ မဟုတ်လား ..."

ဦးမြဖူးသည် ကျွန်ုပ်အား ထိုကဲ့သို့ ပြောလိုက်သည်။

"ဘာထင်တာလဲဗျ ..."

ကျွန်ုပ်သည် ၎င်းအား ခပ်ကြမ်းကြမ်းပင် ပြန်၍မေးလိုက်သည်။

"ကျုပ်ထင်တဲ့အတိုင်းဆိုတာ ခင်ဗျား ရွှေရွက်လှရဲ့အတ္ထုပ္ပတ္တိ လက်ရေးစာလုံးလေးတွေကို ဖတ်ရှုပြီးတဲ့အခါမှာ ခင်ဗျား ရင်ထဲမှာ ဖြစ်ပျက်ပြီး ကျန်ရစ်တဲ့အချက်၊ အဲဒီအချက်နဲ့အတူ ကျုပ်က ပေးလိုက်တဲ့ ယွန်းသေတ္တာထဲမှ ပေလွှာအတ္ထုပ္ပတ္တိစာ မပြီးဆုံးသေးဘူးလို့ ထင်တဲ့အချက်၊ အဲဒါပြောတာ"

"ဟုတ်တာပေါ့၊ ရွှေရွက်လှက ဘယ်ရောက်သွားတာလဲ— တဝမှုနဲ့ ရသွားသလား ...၊ ဓကရီအသုန်ဝန္တာဟာလည်း သေပြီလား ဆိုတာကို ထည့်ပြီးရေးသင့်တာပေါ့၊ ကျုပ်က စာရေးဆရာဆိုတော့ ဇာတ်စ၊ ဇာတ်လယ်၊ ဇာတ်သိမ်းနိဂုံးကမှတ် အဆုံးသတ်ရတဲ့ သဘောရှိပေတယ်ဗျ"

"ဟင်း ... ခင်ဗျား တော်တော်ရှော်သေးတာပဲ"

BURMESE CLASSIC .com



"ဘာကြောင့်တုန်း ..."

"အဲဒါ ... ခင်ဗျားက ခင်ဗျားရေးတဲ့ လူ့သူတော်သျှောင် တစောင်းဆိုတဲ့ ပုဂ္ဂိုလ်ကြီးလောက်သာ အထင်ဆိပ်ကြီးပြီး၊ သူ့ရဲ့စွန့်စားခန်းတွေက ရေးမကုန်အောင် ရှိတယ်လို့ တွေးထင်နေတာကိုး၊ ကျုပ်ရဲ့ တောတွင်းသား ရွှေရွက်လှဆိုတာလည်း တောထဲက ရောမ ပုဂ္ဂိုလ်ကြီးဗျ ..."

"အင်း ... ဆိုစမ်းပါဦး"

"အင်း ဒီတော့ ဒီပုဂ္ဂိုလ်ကြီးဆိုတာလည်း စွန့်စားခန်းတွေ၊ ကြောက်စရာ၊ သည်းထိတ်စရာ၊ လျှို့ဝှက်သည်းဖိုပညာရပ်တွေနဲ့ လွန်စွာတွေ့ကြုံခဲ့ရတဲ့ ပုဂ္ဂိုလ်ပေပဲပေါ့ဗျာ ..."

"အင်း အဲဒါတော့ဟုတ်ပါပြီ ...၊ ကျုပ်က ဒီပုဂ္ဂိုလ်ရဲ့ အကြောင်းကို စူးစမ်းလေ့လာနေတာဆိုတော့ ဒီတင်ဘယ်ကျေနပ်လိမ့်မလည်းဗျာ ...၊ ကျုပ်က ခင်ဗျားပေးလိုက်တဲ့ ယွန်းဘူးသေတ္တာထဲမှာ အားလုံး အပြည့်အစုံပါပြီ မှတ်နေတာ"

"ဟဲ ... ဟဲ၊ ပညာရှိဆိုတာ စကားကိုအကုန်မပြောဘူးဗျ၊ ဆရာဆိုတာလည်း တပည့်ကိုပညာပေးတဲ့ နေရာမှာ အခြေအနေကို လေ့လာပြီးမှ ပေးရတာ၊ ရည်းစားစကား ပြောကြတာတောင် တစ်ဦးရဲ့မျက်နှာ တစ်ဦးအရိပ်အကဲကြည့်ပြီးမှ ကျိုစယ်ကြရတယ် မဟုတ်လား ... အင်း ခင်ဗျားတို့ စာရေးဆရာတွေသာ စာကို အကုန်ရေးချင်နေကြတာ ဟဲ ဟဲ ..."

"ဒါက ကျုပ်ပရိသတ်အတွက် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ပဲဗျ"

"အင်း ဒါကြောင့် ကျုပ်က ပြောတာပေါ့။ တောတွင်းသား ရွှေရွက်လှဆိုတာလည်း သူကျေနပ်တဲ့အချိန်မှာ ခင်ဗျားကိုပေးခိုင်းတဲ့အတိုင်း ကျုပ်ဟာလည်း ခင်ဗျားကို ပေးရမှာပေါ့ဗျာ၊ ကိုင်း ..."

www.burmeseclassic.com

www.burmeseclassic.com



စိတ်မညစ်ပါနဲ့ဗျာ၊ ကော်ဖီကြွမ်းတော့ ခရားအိုးထဲမှာ ရှိလေရဲ့ဗျာ...၊ အချမ်းပြေလေး သောက်သွားဦး ဟဲ ဟဲ ... ”

“မသောက်ချင်ဘူးဗျ ...၊ ခင်ဗျားကော်ဖီကြွမ်း အေးစက်စက်ကြီးကို ... ”

“အင်း ဒါဆိုလျှင်လည်း ပြန်တော့ဗျာ ကျုပ်အိပ်ချင်ပြီ”

ထိုသို့စကား ပြောဆိုပြီး ကျွန်ုပ်သည် ‘ဟင်း’ခနဲ သက်ပြင်းတစ်ချက်ချကာ ဦးမြဖူး၏အိမ်မှ ပြန်၍ ထွက်ခဲ့လေသတည်း။

ကျွန်ုပ်ပြန်အထွက် ခြံဝအရောက်တွင် ဦးမြဖူး၏ ခြံဝင်းအတွင်းရှိ ဘဲလ်များသည် တတင်တင်ဖြင့်မြည်လျက် ကျန်ရစ်ခဲ့သည်ကို ကျွန်ုပ်သည် လှည့်မကြည့်ဖြစ်ခဲ့ပေ။

ကျွန်ုပ်၏ ဦးခေါင်းထဲတွင် ဤသို့ဆက်ဆံရကျပ်လှသော ဦးမြဖူးထံသို့ နောက်တစ်ခေါက် ပြန်သွားရမည့်အရေးကို တွေးမိလိုက်သောကြောင့်ပင် ဖြစ်လေသတည်း။

BURMESE CLASSIC .com

ပြီး၏။

သဗ္ဗေသတ္တာသုခိတာ

ရာဇဂဏ်

www.burmeseclassic.com